www.burmeseclassic.com




# မောင်မိုးသူ

ပစ်မသွားနဲ့ အချစ်ရယ် (ဒုတိယအကြိမ်)

**HAROLD ROBBINS**

never leave me

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၆၇၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၆၀၃၀၇

▢

ပုံနှိပ်ခြင်း
ပထမအကြိမ် - ၁၉၈၆ ခုနှစ်၊ မြဝတ်ရည်စာပေ
ဒုတိယအကြိမ် - သြဂုတ်လ၊ ၂၀၀၇ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - (၅၀၀)

▢

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

▢

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

▢

မျက်နှာဖုံးပန်းချီ
ဝင်းမြင့်ဦး

▢

တန်ဖိုး
၂၆၀၀ ကျပ်


BURMESE CLASSIC .com

## ပထမအကြိမ်ပုံနှိပ်ခြင်းမှ
## မြန်မာပြန်သူ၏ အမှာ

ဤစာအုပ်သည် ကမ္ဘာပေါ်တွင် အရောင်းရဆုံး စာရေးဆရာဟု အသိအမှတ်ပြုထားသော **Harold Robbins.** ၏ **Never Leave Me.** စာအုပ်ကို မြန်မာပြန်ထားခြင်း ဖြစ်ပါသည်။

ဟာရိုးရော်ဘင်သည် (၁၉၁၆) ခုနှစ်တွင် မိဘမဲ့ဂေဟာတစ်ခုတွင် မွေးဖွားခဲ့ပြီး ရှူးမိသားစုတစ်ခုမှ မွေးစားခံခဲ့ရပါသည်။ အသက် (၁၅) နှစ်အရွယ်တွင် အိမ်မှထွက်ပြေးကာ ဘဝမျိုးစုံ၌ အလုပ်မျိုးစုံကို လုပ်ကိုင်ပြီး ဘဝကိုရင်ဆိုင်ခဲ့သူ ဖြစ်ပါသည်။ (၁၉၄၈) ခုနှစ်တွင် **Never Love a Stranger** အမည်ရှိ အဖေမိဘအမည်မသိဘဲ မွေးဖွားကာ မိဘမဲ့ကျောင်းတွင် ကြီးပြင်းလာခဲ့ရသူ ဖရင်ဘီကိန်းဆိုသည့် လူငယ်တစ်ဦး၏ ဘဝ၊ တိုက်ပွဲ၊ အကောင်းအဆိုးများနှင့် လူမိုက်လောကီအကြောင်း စာအုပ်ရေးသားကာ စာပေလောကသို့ ဝင်ရောက်ခဲ့ပါသည်။ ရုပ်ရှင်လောကအခြေပြု **Dream Merchants.** ,**The Carpetbaggers.** ဝတ္ထုများ ရေးသားပြီး ကမ္ဘာကျော် စာရေးဆရာဖြစ်လာပါသည်။ (၁၉၄၈) ခုနှစ်မှ (၁၉၈၆) ခုနှစ် နှစ်ပေါင်း (၃၈) နှစ်အတွင်း စာအုပ်ပေါင်း (၁၈) အုပ် ရေးသားထုတ်ဝေခဲ့ပြီး ယနေ့တိုင် အရောင်းရဆုံး စာရေးဆရာအဖြစ် စံချိန်တင်ထားသူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဝတ္ထုများမှာ ညစ်ညမ်းသောလိင်ကိစ္စ၊ အာဏာလုယက်တိုက်ခိုက် စွန့်စားခြင်းများနှင့် မိမိတို့ကိုယ်တိုင် မကြုံတွေ့နိုင်သော ဘဝ၏ အောင်မြင်ချမ်းသာကြွယ်ဝမှုများတို့ကို ရောထွေးသမပြီး ရေးသားလေ့ရှိသူအဖြစ် စာပေလေ့လာသူများက ဝေဖန်ကြကာ သရုပ်မှန် စာရေးဆရာ၊ ဂန္ထဝင် စာရေးဆရာဟု မည်သည့် စာပေသုတေသီကမှ အသိအမှတ် မပြုကြပါ။

သို့သော် စာပေသုတေသီအားလုံး မငြင်းနိုင်သည့်အချက်မှာ ဟာရိုးရော်ဘင်သည် စာရေးသားမှု အတတ်ပညာ၌ကား ဆွဲဆောင်မှုရှိအောင်၊ လက်မှမချနိုင်အောင် ရေးသားနိုင်သည့် စာရေးဆရာတစ်ဦး ဖြစ်သည်ဆိုသော အချက်ပင် ဖြစ်ပါသည်။

ဟာရိုးရော်ဘင်သည် အရေးအသား ပြေပြစ်ရှင်းလင်းအောင် ရေးသားနိုင်သူဖြစ်ရုံမက ဇာတ်အိမ်ဇာတ်လမ်း ဖွဲ့စည်းပုံလည်း အလွန်အကွက်စေ့သူ၊ လိမ္မာသူ ဖြစ်ပါသည်။

ဟာရိုးရော်ဘင်သည် မူလ စာစတင်ရေးသားခါစက သရုပ်မှန်စာပေ၊ ဂန္ထဝင်စာပေရေးသားလိုစိတ်ရှိကြောင်းကို သူ၏ အစောပိုင်းဝတ္ထုများတွင် တွေ့နိုင်ပါသည်။ သို့သော် အောင်မြင်မှု အလွန်အင်မတန် ကြီးမားလာခဲ့ပြီး နောက်ပိုင်းတွင် အောင်မြင်မှုနောက်သို့ လိုက်ပါယင်း ပေါ်ပင်အကြောင်းအရာများကို ရေးသားကာ သူ၏ဝတ္ထုများ ညံ့လာကြသည်ဟု စာဖတ်သူများက ဆိုကြပါသည်။

သူ နောက်ဆုံးရေးသားခဲ့သော စာအုပ်သုံးအုပ်ကို စာဖတ်သူများက နာမည်ကြီး၍ ဝယ်နေကြသဖြင့် ရောင်းရသည်မှန်သော်လည်း မည်သူမျှ ရှေးယခင်က ဝတ္ထုများကဲ့သို့ စွဲစွဲလမ်းလမ်း မရှိကြတော့ပါ။

သူတို့နိုင်ငံတွင် ဘာသာရေးဂိုဏ်းများ၊ ပေါက်တတ်ကရ လုပ်နေကြချိန်၊ တရားဟောဆရာ ဂျိန်းဂျုံးဆိုသူက ရာပေါင်းများစွာကို အဆိပ်သောက်သေစေမှု ဖြစ်လာချိန်တွင် ဟာရိုးရော်ဘင်က **The Spell Binder.** ဝတ္ထုကို ရေးပါသည်။ လူကြိုက်မများလှပါ။

သူတို့နိုင်ငံတွင် လူများ မိမိတို့သက်တမ်းထက် အသက်ရှည်ရှည် နေလိုကြချိန်တွင် ဟာရိုးရော်ဘင်က **The Man From Zanadu.** ဝတ္ထုကိုရေးပါသည်။ လူ သိပ်မကြိုက်ကြပါ။

ယခု (၁၉၈၆) ခုနှစ်တွင် ဟာရိုးရော်ဘင်က **The Story Teller** ဝတ္ထုထွက်လာပါသည်။ သူ့ပရိသတ်များက စွဲမက်စရာမရှိဟု ဆိုကြပြန်ပါသည်။

သို့သော် သူ့ဝတ္ထုဟောင်းများကမူ စာဖတ်သူများကို စွဲလမ်းနေစေဆဲ၊ ဖမ်းစားနေဆဲ ဖြစ်ပါသည်။

ယခု စာအုပ် **Never Leave Me** စာအုပ်သည် ဟာရိုးရော်ဘင် (၁၉၅၆)



ခုနှစ်က ရေးသားခဲ့သော စာအုပ်ဖြစ်ရာ ယခုအချိန်တွင် နှစ်ပေါင်း (၃၀) ရှိခဲ့ပြီ ဖြစ်ပါသည်။

၎င်းစာအုပ်ကို ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက ဖတ်ဖူး၍ အလွန်နှစ်မြို့က်ခဲ့ဖူးပါသည်။

(၁၉၇၀) တစ်ဝိုက် ကျွန်တော် ရုပ်ရှင်ဒါရိုက်တာအဖြစ် လုပ်ကိုင်နေစဉ်က ၎င်းဝတ္ထုကို ရုပ်ရှင်ရိုက်ရန် ပြန်လည်ဖတ်ရှုရာ အလွန်နှစ်မြို့က်ခဲ့သော်လည်း မြန်မာဇာတ်အိမ်တည်၍ အထာမကျဘဲ ဖြစ်နေခဲ့ပါသည်။ မူရင်းအရသာကို မီနိုင်မည်မဟုတ်သောကြောင့် မရိုက်ဘဲ လက်မြှောက်ခဲ့ရသော စာအုပ်ဖြစ်ပါသည်။

ယခုအချိန် နိုင်ငံခြားဝတ္ထုများကို ဆက်တိုက်ဘာသာပြန်နေချိန်တွင် စာရေးသားမှု အတတ်ပညာနှင့် ပတ်သက်၍ ဟာရိုးရော်ဘင်၏ ရေးဟန်၊ သူ၏ ဇာတ်ဖွဲ့ဟန် အချိတ်အဆက်၊ ဖမ်းကွက်၊ စရိုက်များနှင့် ပတ်သက်၍ သိလိုစိတ်ဖြင့် **Never Leave Me** ကို ပြန်ဖတ်ရာ စိတ်ထဲမှာ စွဲငြိခံစားနေရဆဲ ဖြစ်သည်ကို တွေ့ရပါသည်။ ယခုတလော ကျွန်တော် ပြန်ဆိုရသော ဝတ္ထုများမှာ လှုပ်ရှားမှုများ၊ ကမ္ဘာ့အရေးအခင်း နောက်ခံပြု ဝတ္ထုများသာ ဖြစ်နေပေရာ 'ခံစားမှု'ကိုပေးနိုင်သည့် စာမျိုးကို ဖတ်ချင်စိတ် ပေါ်နေပါသည်။ ကျွန်တော့်နည်းတူ ကျွန်တော်၏ စာဖတ်သူများကို 'ခံစားမှု'ရသကို ရရှိစေမည့် စာအုပ်မျိုး ဘာသာပြန်ပေးချင်စိတ် ဖြစ်ပေါ်ပါသည်။

ဤသို့သော အကြောင်းပြုမှုဖြင့် **Never Leave Me** စာအုပ်ကို ကျွန်တော် မြန်မာပြန်ဆိုပါသည်။

ဤစာအုပ်ကို ပြန်ဆိုရာ၌-

ထုတ်ဝေရန် သဘောတူသော 'မြဝတ်ရည်' စာပေကိုလည်းကောင်း၊

အလွန်ပူပြင်းသော ရက်များတွင် မေမြို့သို့ ကျွန်တော်နှင့် အတူလိုက်ပါကာ နံဘေးမှထိုင်ပြီး သူတစ်အုပ် ကိုယ်တစ်အုပ် စိတ်ရှည်လက်ရှည် အတူဘာသာပြန်ခဲ့သော စာရေးဆရာ မောင်ပေါ်ထွန်းအား လည်းကောင်း၊

ကျွန်တော်တို့နှစ်ယောက် ဘာသာပြန်နေကြသည်ကို နံဘေးမှထိုင်စောင့်ပြီး တွန်းအားပေးခဲ့ကြသော မောင်နေဝင်း (ဘဝတက္ကသိုလ်) နှင့် ဝင်းခက် (စာမော်တွန်း) တို့အား လည်းကောင်း ကျေးဇူးအထူးတင်ပါသည်။

ဘာသာပြန် စာဖတ်ပရိသတ်များ ကျေနပ်နှစ်သက်ကြမည်ဟု လေးစားယုံကြည်လျက်. . .

မောင်မိုးသူ

www.burmeseclassic.com

www.burmeseclassic.com

# 'နိဂုံး' ကို 'အစ' အဖြစ်နှင့်

နေ့လည်စာစားအပြီး ကျွန်တော် ရုံးခန်းသို့ ပြန်ရောက်လာချိန်မှာ နေ့ခင်း နှစ်နာရီခွဲရှိနေပြီ ဖြစ်၏။ ရုံးခန်းတံခါးပေါက်ကိုဖွင့်ပြီး အထဲကိုဝင်လိုက်သည်နှင့် ကျွန်တော်၏ အတွင်းရေးမှူးမလေးက မော့၍ကြည့်သည်။

ကျွန်တော်က-

"ဟို ကန်ထရိုက်စာချုပ်တွေ ရှေ့နေဆီက ရောက်မလာကြသေးဘူးလား"

အတွင်းရေးမှူးမကလေးက ခေါင်းညိတ်ပြ၍-

"ရောက်လာပါပြီ၊ ကျွန်မ ရှင့်ရဲ့စားပွဲပေါ်မှာ တင်ထားပါတယ် ဘရက်ဒ်"

ကျွန်တော်သည် အတွင်းရေးမှူးမလေးထိုင်သော အပြင်ရုံးခန်းကို ဖြတ်ကျော်၍ ကျွန်တော်၏ သီးသန့်ရုံးခန်းထဲသို့ ဝင်လိုက်ကာ ရုံးစားပွဲမှာ ထိုင်လိုက်သည်။ နောက် စောစောက ကျွန်တော်မေးခဲ့သော ကန်ထရိုက်စာချုပ်များကို စားပွဲပေါ်မှ ကောက်ယူကာ ကြည့်လိုက်၏။ ကျွန်တော်သည် ထူထဲများပြားလှသော စာရွက်ထပ်များကို လှန်လှော၍ ကြည့်လိုက်ပါ၏။

နေသသပ်ကျနစွာ လက်နှိပ်စက်ဖြင့် ရိုက်ကူးထားသော စာရွက်များမှာ ဘယ်နေရာ၊ ဘယ်ဒေသတွင် ဘာများရှိကြောင်း၊ ဘာလုပ်မည်ဖြစ်ကြောင်း တိတိကျကျ



ဘယနကာ ဖော်ပြပါရှိ၏။ တကယ်ကြီးမားသော လုပ်ငန်းကြီးတစ်ခု ဖြစ်ပါသည်။

၎င်းစာရွက်များကို စတင်၍ ဖတ်ရှုလိုက်သည်နှင့် ကျွန်တော်၏ရင်ထဲတွင် ကျေနပ်ပီတိအဟုန်များ လွှမ်းခြုံ၍ လာပါတော့သည်။ ထိုသို့ ပီတိများဖြစ်လာခြင်းမှာ အလိုအလျောက် သဘာဝသာဖြစ်လာခြင်းဖြစ်၍ ကျွန်တော်ကိုယ်တိုင်လည်း မည်သို့မျှ တားဆီးနိုင်ခြင်းမရှိပါ။ ၎င်းအရသာမှာ ကောင်းမွန်မြိန်ရှက်စွာ ညစာစားသောက်ပြီး နောက် အကောင်းစားဘရန်ဒီဖြင့် အစားပိတ် သောက်လိုက်ရခြင်းထက်ပင် ချိုမြိန်လှသည်ဟု ကျွန်တော်ထင်ပါသည်။

ထိုစဉ် ကျွန်တော့်အတွက် တယ်လီဖုန်းလာနေကြောင်း အတွင်းရေးမှူးမကလေးက လှမ်း၍အသိပေးသောမြည်သံ ထွက်ပေါ်၍လာပါသည်။ ကျွန်တော်သည် တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်ပါသည်။ သို့သော် မျက်စိအာရုံကမူ လက်ထဲမှ ဖတ်ရှုဆဲ စာချုပ်အပေါ်သို့ ရှိနေဆဲဖြစ်ပါသည်။

ကျွန်တော်၏ အတွင်းရေးမှူးမကလေးက တိုးတိတ်ညင်သာသော လေသံဖြင့်-

"လိုင်းခွဲ (၂) မှာ၊ ဝါရှင်တန်မြို့ကနေပြီး ပေါလ်ရမ်မီ ဖုန်းဆက်နေပါတယ်"

"ဟုတ်လား၊ ကောင်းပြီလေ"

ကျွန်တော်သည် လိုင်းခွဲနှစ်ခလုတ်ကို နှိပ်လိုက်ပါသည်။ ဖုန်းခွက်ထဲသို့ နှုတ်ဆက်စကား ပြောလိုက်ပါသည်။ ကျွန်တော့်အသံထဲတွင် နှစ်သိမ့်ကျေနပ်မှုများ စိမ့်ဝင်နေမည်မှာ သေချာပါသည်။ ကျွန်တော်က-

"ပေါလ်လား. . . ကျုပ်လက်ထဲမှာ အခုပဲ ကန်ထရိုက်စာချုပ် ကိုင်ထားတာဗျ"

ကျွန်တော်၏စကား မဆုံးလိုက်ရပါ။ ပေါလ်ကဖြတ်၍-

"ဘရက်ဒ်"

ပေါလ်၏အသံမှာ မာကျော၍ ရှတတဖြစ်နေပါသည်။ အနှောင့်အယှက်တစ်စုံတရာပါကြောင်း အရိပ်အငွေ့များ လွှမ်းခြုံနေပါသည်။ သူ့လေသံမှာ ပါဝင်နေသော အရိပ်နိမိတ်များကြောင့် ကျွန်တော်၏ နှလုံးသားအစုံမှာ ကြောက်လန့်စိုးရိမ်စိတ်များ ဖြစ်ပေါ်လာမိပါသည်။

ကျွန်တော်က စိတ်ကိုထိန်း၍-

"ဘာများလဲ ပေါလ်၊ ပြောလေ"

ပေါလ်က-

"အယ်လိန်းတစ်ယောက် သူ့ကိုယ်သူ သတ်သေသွားရှာတယ်"

ပေါလ်၏ စကားလုံးများသည် ကျွန်တော်၏နားထဲသို့ ငရဲမီးပူပူများ ပေါင်းထည့်လိုက်သလို ခံစားလိုက်ရပါသည်။

www.burmeseclassic.com



ကျွန်တော့်လက်ထဲမှ ကိုင်ထားသော စာချုပ်စာရွက်များသည် ရုတ်တရက် ပြုတ်ကျသွားပါတော့သည်။

ကျွန်တော်က-

"မဖြစ်နိုင်ပါဘူး ပေါလ်ရယ်. . ."

ကန်ထရိုက်စာချုပ် စာရွက်ဖြူဖြူများသည် စားပွဲပေါ်နှင့် ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲလွင့်စဉ်၍ ကျသွားပါသည်။ ကျွန်တော်၏ ရင်အစုံလုံးမှာ တစ်စုံတစ်ယောက် တစ်စုံတရာက တင်းတင်းကြီး ကိုင်ဆုပ်ထားသလို တင်းကျပ်ကျပ်ကြီး ဖြစ်လာပါတော့သည်။ နှစ်ကြိမ်တိုင်တိုင် ကျွန်တော်သည် တယ်လီဖုန်းခွက်ထဲသို့ စကားပြောရန် ကြိုးစားပါသည်။ နှစ်ကြိမ်စလုံး ကျွန်တော့်ပါးစပ်မှ စကားလုံးများ ထွက်၍မလာပါ။

ကျွန်တော်သည် ထိုင်ခုံပေါ်သို့ ပစ်လှဲထိုင်ချလိုက်ပါသည်။ ကျွန်တော်သည် ဘယ်အချိန်မှာ ထိုင်နေရာမှ မတ်တတ်ရပ်လိုက်မိသည်ကို ကျွန်တော် မသိပါ။ ကျွန်တော်၏ နှုံခန်းတစ်ခုလုံး ချားရဟတ်လို လည်ပတ်သွားသည်ဟု စိတ်ထဲမှ ထင်လာမိပါသည်။ ကျွန်တော်သည် မျက်စိအစုံကို မှိတ်လိုက်ပါ၏။

"အယ်လိန်းရယ်. . ."

ကျွန်တော်သည် ရင်ထဲမှကျိတ်ပြီး တိတ်တိတ်ကလေး ငိုကြွေးတမ်းတရင်း အယ်လိန်း၏အမည်ကို ထပ်ခါထပ်ခါ ရေရွတ်နေမိပါ၏။

"အယ်လိန်းရယ်. . . အယ်လိန်းရယ်. . ."

နောက်ဆုံးမှ အတတ်နိုင်ဆုံးကြိုးစား၍ တယ်လီဖုန်းခွက်ထဲသို့ စကားပြောလိုက်ရပါသည်။

"ဘယ်တုန်းကလဲ ပေါလ်ရယ်၊ ဘယ်လိုများ ဖြစ်ရတာလဲ"

ကျွန်တော့်အသံမှာ ခြောက်ကပ်ကွဲရှနေရာ ကိုယ့်အသံကိုကိုယ် မမှတ်မိနိုင်အောင် ဖြစ်နေပါ၏။

ပေါလ်က-

"မနေ့ညကပဲ အိပ်ဆေးသောက်သွားတာပဲ"

ကျွန်တော်သည် သက်ပြင်းတစ်ချက် ချလိုက်မိပါ၏။ ကျွန်တော်သည် မိမိကိုယ်မိမိ ပြန်လည်ထိန်းသိမ်းနိုင်စပြုလာပြီ ဖြစ်ပါသည်။

"ဘာဖြစ်လို့များပါလိမ့် ပေါလ်ရယ်"

ကျွန်တော်သည် မေးခွန်းတစ်ခုကို ကြိုးစား၍ ထုတ်မေးလိုက်ပါ၏။ သို့သော် အဖြေကို ကျွန်တော့်ရင်ထဲမှ သိပြီးဖြစ်နေပါသည်။

ကျွန်တော်က ဆက်၍-

"စာလေး ဘာလေး. . . ရေးထားပြီး မချန်ရစ်ဘူးလား"



"ဘာစာမှ ချန်မထားခဲ့ဘူး၊ ဘာမှလဲ မမှာခဲ့ဘူး၊ ဘယ်သူမှလဲ ဘာကြောင့်ဆိုတာ မသိနိုင်ကြဘူး"

ကျွန်တော့်ရင်ထဲမှာ စိတ်သက်သာရာ ရသွားပါသည်။ မိန်းကလေးသည် သူ့ဇာတ်ကို သူဘာသာနိုင်အောင်၊ ပြီးဆုံးအောင် က,သွားခဲ့ပြီ ဖြစ်ပါ၏။ ယခုတော့ ကျွန်တော်၏ လေသံမှာ ခိုင်ခိုင်မာမာ ဖြစ်၍လာပါပြီ။ ကျွန်တော်က-

"တကယ်တုန်လှုပ်စရာကောင်းတဲ့ သတင်းပါပဲ ပေါလ်"

ပေါလ်က-

"ကျုပ်တို့လဲ အားလုံး အံ့ဩတုန်လှုပ်သွားရတာပဲ ဘရက်ဒ်၊ အားလုံး အစစအရာရာ အယ်လိန်းအတွက် ချောချောမောမော ပြေပြေပြစ်ပြစ်ရှိတော့မယ်လို့ အခြေအနေရောက်လာမှပဲ၊ လွန်ခဲ့တဲ့ သုံးလေးပတ်ကတောင် အီဒစ်က ပြောသေးတယ်၊ အယ်လိန်းကြည့်ရတာ သိပ်ပြီးဝမ်းသာနေပုံ ရတာပဲတဲ့၊ လန်းလန်းဆန်းဆန်းလဲ ဖြစ်လာသတဲ့၊ အဲဒါကလဲ ခင်ဗျားက အယ်လိန်းအတွက် လုပ်စရာအလုပ်ကို လုပ်ဆောင်ဖို့ ကူညီခဲ့လို့၊ အယ်လိန်းဟာ ဘဝမှာ လူတကာတွေရဲ့အကျိုးကို သယ်ပိုးလုပ်ဆောင် ကူညီနိုင်ဖို့ အလုပ်ရှိသေးတယ်ဆိုတာကို ပြသနိုင်လို့ပဲ၊ ဆိုပြီး ပြောနေသေးတယ်"

ကျွန်တော်၏ ရင်အစုံမှာ ကတုန်ကယင် ဖြစ်လာပါသည်။

"ကျုပ် သိပါတယ်ဗျာ. . . ကျုပ်သိပါတယ်"

ပေါလ်က-

"ဒါကြောင့် ခင်ဗျားဆီကို ဖုန်းဆက်ရတာပေါ့ ဘရက်ဒ်ရယ်၊ အယ်လိန်းဟာ ခင်ဗျားအပေါ်မှာ အလွန်သံယောဇဉ်ကြီးတာ၊ ခင်ဗျားကို အတော်ဆုံးလူတစ်ယောက်ပဲလို့ ယုံကြည်ထားတာလေ၊ အယ်လိန်းက အီဒစ်ကို အမြဲပြောပြောနေတာ၊ ခင်ဗျားဟာ သူ့အပေါ်မှာ အလွန်ကောင်းတဲ့ လူတစ်ယောက်ပါပဲတဲ့"

ပေါလ်၏ စကားလုံးများထဲတွင် ထိခိုက်နာကျင်သော ခံစားမှုဝေဒနာအရိပ်များ စွန်းထင်းပါဝင်၍ လာပါသည်။ ကျွန်တော်သည် ပေါလ်က ဤသို့ဤနှယ် ထိခိုက်ဖွယ်စကားများ ပြောဆိုနေခြင်းကို ရပ်တန့်ပစ်မှုဖြစ်ပါမည်။ သို့မဟုတ်ပါက ပေါလ်၏ စကားလုံးများသည် ကျွန်တော်၏ အသည်းနှလုံးများကို နှုပ်နှုပ်စဉ်းသလို ဖြစ်လာပါတော့မည်။ ကျွန်တော်က. . .

"ကျုပ်ကလဲ အယ်လိန်းဟာ အင်မတန်တော်တဲ့ မိန်းကလေးတစ်ဦးလို့ ယူဆယုံကြည်ပါတယ်ဗျာ"

ထိုသို့ပြောလိုက်သော ကျွန်တော်၏အသံမှာ အက်ကွဲ၍နေပါသည်။ ဘာမျှ ရိပ်မိပုံမရသော ပေါလ်ကမူ-

"ကျုပ်တို့အားလုံးကလဲ အဲဒီလိုပဲ ယူဆကြပါတယ် ဘရက်ဒ်၊ ကျုပ်တို့အကုန်

www.burmeseclassic.com



လုံးက အယ်လိန်းကိုကြည့်ပြီး တအံ့တသြဖြစ်နေကြရတာ၊ အယ်လိန်း ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံဆိုးကြီးတွေကို အယ်လိန်း ဘယ်လိုများ ကြံ့ကြံ့ခိုင် ရင်ဆိုင်ခဲ့ပါလိမ့်၊ ဘယ်လိုများ သတ္တိတွေမွေးပြီး လောကကြီးကို အသစ်တစ်ဖန် တည်ဆောက်နိုင်ပါလိမ့် ဆိုပြီး အံ့သြနေရတာ၊ ခုကျတော့လဲ ကျုပ်တို့တွေ နားမလည်နိုင်အောင် ဖြစ်ရတာပဲဗျာ"

ကျွန်တော်သည် မျက်စိအစုံကို မှိတ်လိုက်ရပြန်ပါသည်။

ဟုတ်သည်။ အယ်လိန်းကို သူတို့ မည်သို့မျှ နားလည်နိုင်ကြမည် မဟုတ်ပါ။

သို့သော် ကျွန်တော် သိပါသည်။ သိသမှ အများကြီး အများကြီးကို သိပါသည်။ ကျွန်တော်က-

"အသုဘကိစ္စကို ဘယ်တော့လုပ်ကြမှာလဲ"

ကြည့်. . . ကျွန်တော်သည် သမားရိုးကျ ထုံးတမ်းစဉ်လာ အမေးစကားများတို့ အလိုအလျောက် မေးနေမိပြန်ပါသည်။ ပေါလ်က-

"သန်ဘက်ခါ အသုဘချမယ်"

ပေါလ်သည် သရဏဂုံတင်မည့် ဘုရားကျောင်း၏အမည်ကို ပြောပါသည်။ ပြီးမှ ဆက်၍. . .

"ဆယ့်တစ်နာရီမှ ကျင်းပမယ်၊ အယ်လိန်းရဲ့ ရုပ်အလောင်းကို သူ့ခင်ပွန်းနဲ့ သူ့ကလေးရဲ့ သချိုင်းဂူနံဘေးမှာပဲ မြှုပ်နှံကြမယ်လေ"

ကျွန်တော်၏ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်လာပြန်ပါသည်။

ကျွန်တော်က-

"ကျုပ် အရောက်လာခဲ့မယ်လေ၊ အဲဒီကျတော့ ဆုံကြတာပေါ့၊ ဒါထက် လောလောလတ်လတ် ကျုပ် အယ်လိန်းအတွက် ဘာများလုပ်ပေးနိုင်တာ ရှိသေးသလဲဟင်"

"မရှိပါဘူး ဘရက်ဒ်၊ အားလုံး လုပ်စရာကိုင်စရာရှိတာကို စီစဉ်ပြီးကြပါပြီ၊ ခုမှတော့ ကျုပ်တို့အားလုံး အယ်လိန်းအတွက် ဘာမှလုပ်ပေးနိုင်တာ မရှိတော့ပါဘူး"

ကျွန်တော်သည် ဖုန်းခွက်ကို ချလိုက်၏။

ကျွန်တော်၏နားထဲတွင် ပေါလ် ပြောကြားလိုက်သော စကားလုံးများ၏ အသံမှာ ပဲ့တင်ထပ်ရိုက်ခတ်၍ ကျန်ရစ်ပါသည်။ ပြီးမှ ရှေ့မှာရှိသော ပကတိလောကကို ကြည့်လိုက်ရာ စာချုပ်စာရွက်များ စားပွဲအနှံ့၊ ကြမ်းပြင်ပေါ်အနှံ့ ပြန့်ကြနေသည်ကို မြင်ရပါသည်။ ကျွန်တော်သည် စက်ရုပ်တစ်ရုပ်ပမာ အလုပ်မရှိ အလုပ်ရှာပြီး ပြန့်ကြနေသော စာရွက်များကို တစ်ရွက်ချင်း ကောက်ယူစုနေမိပါသည်။

သည်အချိန်တွင် ရုတ်တရက်ပင် ကျွန်တော်၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်



များ ယိုဖိတ်ကျဆင်းလာပါ၏။

ထိုစဉ် အခန်းတံခါးဖွင့်သံ ကြားရပါသည်။

ကျွန်တော်သည် မော့၍ပင် မကြည့်ပါ။

ကျွန်တော်၏ အတွင်းရေးမှူးမလေး မစ်ကီသည် ကျွန်တော့်ရှေ့မှာရပ်နေကြောင်း ခြေထောက်အစုံကိုမြင်ရ၍ သိပါသည်။ ကျွန်တော်၏ ပခုံးပေါ်သို့ မစ်ကီ၏ ကြင်နာနှစ်သိမ့်လိုစိတ်ဖြင့် လက်တစ်ဘက် တင်လာပါသည်။ မစ်ကီက-

"ကျွန်မလဲ စိတ်မကောင်းပါဘူး ဘရက်ဒ်ရယ်"

ကျွန်တော်သည် ခါးကိုမတ်၍ မစ်ကီကို ကြည့်လိုက်ပါသည်။ ပြီးမှ-

"မင်းလဲ သိတယ်ဟုတ်လား"

မစ်ကီက ခေါင်းညိတ်၍ ပြပါသည်။ ပြီးမှ-

"ပေါလ်က ရှင့်ဆီကို ဖုန်းဆက်မပေးခင်မှာ ကျွန်မကို အကျိုးအကြောင်း ပြောပြပါတယ်၊ တကယ်စိတ်ထိခိုက်စရာကောင်းတဲ့ သတင်းပါပဲရှင်"

မစ်ကီ၏ တခြားလက်တစ်ဘက်သည် ရှေ့သို့ကမ်းလာပါသည်။ မစ်ကီ၏ လက်ထဲတွင်ကား အရက်ဖန်ခွက် တစ်ခွက်။

ကျွန်တော်သည် အရက်ခွက်ကိုယူ၍ နှုတ်ခမ်းမှာ တေ့လိုက်ပါသည်။ မစ်ကီသည် ကျွန်တော် ကောက်ယူခဲ့သော စာရွက်များကို လိုက်လံကောက်ယူပါသည်။ မစ်ကီ စာရွက်များ ကောက်ယူပြီးစီးချိန်တွင် ကျွန်တော်သည် အရက်ခွက်ကို တရှိန်ထိုး သောက်လိုက်ပြီးသား ဖြစ်နေပါသည်။ မစ်ကီက ဘာလုပ်ပေးရဦးမည်လဲဆိုသည့် အကြည့်ဖြင့် ကျွန်တော့်ကို မော့၍ကြည့်ပါသည်။

ကျွန်တော်သည် သွားဖြဲ၍ ပြလိုက်ပါသည်။ အမှန်အားဖြင့် ပြုံးပြခြင်းသာ ဖြစ်ပါသည်။ သို့သော် ကျွန်တော့်မျက်နှာပေါ်တွင် အပြုံးသည် ထင်နိုင်မည်၊ ပေါ်နိုင်မည် မဟုတ်၍၊ သွားဖြဲပြခြင်းမျှသာ ဖြစ်နိုင်လောက်ပါသည်။

"ကျုပ် ဘာမှမဖြစ်တော့ပါဘူး၊ အဲဒါတွေ ဒီမှာပဲထားပါတော့၊ နောက်တော့ တဖြည်းဖြည်း ဖတ်ထားလိုက်ပါ့မယ်"

မစ်ကီ တံခါးပေါက်နားလောက်ရောက်မှ ကျွန်တော်က-

"မစ်ကီ၊ ဘယ်က တယ်လီဖုန်းလာလာ အထဲကို ဆက်မပေးနဲ့တော့၊ ဘယ်သူလာလာ မတွေ့ချင်ဘူး၊ ကျုပ်မရှိဘူးလို့သာ ပြောထားလိုက်၊ ဟုတ်လား"

မစ်ကီသည် ခေါင်းညိတ်ပြပြီး အခန်းထဲမှထွက်သွားကာ အပြင်မှတံခါးကို အသာအယာ ပြန်ပိတ်ထားခဲ့ပါသည်။

ကျွန်တော်သည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားမိပြီး အပြင်မှ လောကကြီးကို လှမ်းကြည့်လိုက်မိပါသည်။

www.burmeseclassic.com



ကောင်းကင်တစ်ပြင်လုံးမှာ ဆောင်းဥတုဖြစ်သည့်အတိုင်း ပြာလဲ့၍နေ၏။ အပြုံရောင် ထိုးထိုးထောင်ထောင် အဆောက်အအုံများသည် အပြာရောင်ကောင်းကင်ကို ဖောက်ထွင်းထိုးဖောက်တက်ရောက်ရန် အပြိုင်အဆိုင် ကြိုးစားနေကြသလို ဖြစ်နေ၏။ စတုရန်းပေပေါင်း သန်းဝက်ခန့်ရှိမည့် မက်ဒီဆင်စကွဲယားရှိ အဆောက်အအုံအသစ်အသစ်တို့သည် ပန်းရွက်အုံများသဖွယ် စုပြုံတိုးဝှေ့ တိုးတက်နေကြ၏။ ဤကား တကယ့်နေရာ. . . တကယ့်နေရာ၊ တကယ်ကြီးကျယ်သော ဖြစ်ပေါ်မှုကြီး တစ်ခုပေတည်း။ ကျွန်တော်သည်လည်း ကြီးကျယ်သော အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါ၏။

ဤကဲ့သို့ ကြီးကျယ်အောင်မြင်မှုမျိုးကို သိတတ်စအရွယ်ကပင် ကျွန်တော်မျှော်မှန်းတမ်းတ အိပ်မက်မက်ခဲ့ရသည့် အကြီးဆုံး အပြင်းထန်ဆုံး ဆန္ဒပင်ဖြစ်ပါ၏။ ယခုတော့ ဤကြီးကျယ် အောင်မြင်မှုမျိုး၏ တန်ဖိုးသည် မည်မျှရှိကြောင်း ကျွန်တော် သိရပြီဖြစ်ပါ၏။ ဘာမှ အဖိုးမတန်ပါကလား၊ ဘာဆိုဘာမှ တန်ဖိုးမရှိပါတလား၊ ဟိုလမ်းမပေါ်မှ တရွေ့ရွေ့တိုးဝှေ့ လျှောက်သွားနေသည့် လူသားကလေးတစ်ဦးသည် ဤမြို့တော်ကြီးတစ်ခုလုံး ပေါင်းစပ်ထားသည်ထက် တန်ဖိုးပိုမိုကြီးမားလှပါတလား။

အယ်လိန်းကား သေလေပြီ။

သို့သော် ကျွန်တော့်စိတ်ထဲတွင် ယုံကြည်၍မရဘဲ ဖြစ်နေ၏။

ကျွန်တော့်စိတ်ထဲတွင် အယ်လိန်း၏ ပွေ့နွေးချိုမြိန်သော နှင်းဆီဖူးနှုတ်ခမ်းလွှာတို့နှင့် မကြာမတင်ကပင် ထိတွေ့နမ်းရှုံ့ မွေ့မြခဲ့သည်ဟု ထင်ယောင်မြင်ယောင် ဖြစ်နေ၏။ အယ်လိန်း၏ ကြည်လွင်ချိုအေးသော စကားလှလှကလေးများကိုလည်း ခုလေးကပင် ပြောကြားခဲ့သည့်အလား နားထဲမှာ ကြားယောင်လျက်ရှိ၏။

"အယ်လိန်းရယ်. . ."

ကျွန်တော်သည် အယ်လိန်း၏ နာမည်ကလေးကို ပါးစပ်မှ အသံထွက်၍ ရေရွတ်လိုက်မိ၏။ အရင့်အရင်၊ ယခင့်ယခင်က နူးညံ့ချိုသာလှသည့် ထိုနာမည်အသံကလေးမှာ ယခုတော့ အသည်းနှလုံးထဲကို ဓားနှင့်ထိုးစိုက်လိုက်သကဲ့သို့ စူးဝင်၍ သွားကြပါသည်။

ဘာဖြစ်လို့များ ဒီလိုလုပ်လိုက်ရတာလဲ အယ်လိန်းရယ်. . .။

အခန်းတွင်းသို့ ဖုန်းဆက်သွယ်လာကြောင်း မြည်သံသည် စားပွဲပေါ်မှ ဆောင့်ကြီးအောင့်ကြီးဖြင့် မြည်လာ၏။

ကျွန်တော်သည် စားပွဲရှိရာသို့ ပြန်လျှောက်သွားပြီး ဖုန်းခွက်ကို ဒေါသတကြီး ကောက်ကိုင်လိုက်ပြီး-

"အထဲကို ဖုန်းဆက်သွယ်တာ လက်မခံပါနဲ့လို့ ပြောထားတယ် မဟုတ်လား"



ကျွန်တော်၏ အတွင်းရေးမှူးမလေး မစ်ကီက တိုးတိတ်ညင်သာသော လေသံဖြင့်-

"အပြင်မှာ ရှင့်ဖေဖေရောက်နေပါတယ် ဘရက်ဒ်"

"ဟုတ်လား၊ ဒါဆိုလဲ ဝင်ခဲ့ပါစေတော့ပေါ့"

ကျွန်တော်သည် တံခါးပေါက်ရှိရာသို့ မျက်နှာမူကာ စောင့်နေလိုက်မိပါသည်။

ဖေဖေသည် အခန်းထဲသို့ ထော့နင်းထော့နင်းနှင့် ဝင်၍လာ၏။ ဖေဖေသည် လမ်းလျှောက်သည့်အခါတိုင်း ဤကဲ့သို့ပင် ထော့နင်းထော့နင်း ဖြစ်တတ်စမြဲပင်။ ဖေဖေ့ကို ခန့်ညားကျက်သရေရှိစွာ မြင်ရသည့်အကြိမ်များမှာ ဖေဖေတစ်ယောက် သူ၏ တွန်းလှည်းကုလားထိုင်ပေါ်တွင် မိန့်မိန့်ကြီးထိုင်နေသော အခါမျိုးမှာသာ ဖြစ်ပါ၏။ ဖေဖေ၏ ညိုမှောင်သော မျက်လုံးအစုံက ကျွန်တော်၏ မျက်နှာပြင်ပေါ်မှ ခံစားမှုအရိပ်အရောင်များကို ရှာဖွေကြည့်ရှုနေ၏။ ပြီးမှ ဖေဖေက-

"သတင်းကြားပြီးပြီလား"

ကျွန်တော်သည် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့၊ ပေါလ်က ခုပဲ ဖုန်းဆက်ပြောပါတယ်"

ဖေဖေက ကျွန်တော့်ကိုကြည့်၍-

"ဖေဖေလဲ မော်တော်ကားစီးနေတုန်း မော်တော်ကားရေဒီယိုက အဲဒီသတင်းကြားတာနဲ့ ချက်ချင်း မင်းဆီကို ပြေးခဲ့ရတာပဲ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

ကျွန်တော်သည် အရက်ပုလင်းများထားရာ ကောင်တာရှိရာသို့ လမ်းလျှောက်သွားပြီး တွေ့ရာပုလင်းတစ်လုံးကို ဆွဲယူလိုက်ပါသည်။

"ကျွန်တော် တဖြည်းဖြည်းတော့ နေသာသွားမှာပါ ဖေဖေ"

ပြောပြောဆိုဆိုပင် ဖန်ခွက်နှစ်လုံးထဲသို့ အရက်နှစ်ပက်ခန့်စီ ငှဲ့ထည့်လိုက်ပါသည်။ ပြီးနောက် ဖေဖေ့ကို တစ်ခွက်ကမ်းပေးလိုက်ပါ၏။

ကျွန်တော်သည် လက်ထဲမှာရှိသော အရက်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပါသည်။

ဖေဖေကမူ သူ့အရက်ခွက်ကို ကိုင်ထားဆဲ ဖြစ်သည်။ ဖေဖေက-

"မင်း ဘာလုပ်မယ် စိတ်ကူးထားသလဲ"

ကျွန်တော်သည် ခေါင်းကို ခါယမ်းပြလိုက်၏။

"ကျွန်တော်လည်း မသိတော့ဘူး ဖေဖေရယ်၊ ပေါလ်နဲ့ ဖုန်းဆက်တုန်းကတော့ ကျွန်တော် ဝါရှင်တန်ကို လာခဲ့မယ်လို့ ပြောလိုက်မိတာပဲ၊ ခုတော့ ကျွန်တော် မပြောတတ်တော့ဘူး ဖေဖေ၊ ကျွန်တော် သွားကော သွားနိုင်ပါ့မလား မသိတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အယ်လိန်းရဲ့ ရုပ်ကလာပ်နဲ့တောင်မှ မျက်နှာချင်းဆိုင်ရဲတဲ့ သတ္တိရှိပါ့မလား မပြောတတ်တော့ဘူး ဖေဖေ"

ဖေဖေ၏မျက်လုံးများသည် ကျွန်တော့်ကို စူးစမ်းသည့်အကြည့်ဖြင့် ကြည့်နေဆဲ ဖြစ်ပါသည်။ ဖေဖေက-

"ဘာဖြစ်လို့. . ."

ကျွန်တော်သည် ဖေဖေ့မျက်နှာကို တည့်တည့်ပြန်၍ ရင်ဆိုင်ကြည့်လိုက်ပါသည်။ ထို့နောက်တော့ ကျွန်တော့်ရင်အစုံသည် ပေါက်ကွဲ၍ သွားပါသည်။

"ဘာဖြစ်လို့. . . ဘာဖြစ်လို့ ဟုတ်လားဖေဖေ၊ ဖေဖေမို့ မေးရက်တယ် ဖေဖေရယ်၊ အကျိုးအကြောင်း အစအဆုံးကို ကျွန်တော်သိသလို ဖေဖေလဲ သိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အယ်လိန်းကို သတ်လိုက်လို့ပဲပေါ့ ဖေဖေ၊ တကယ်ပဲ အယ်လိန်းရဲ့ အသည်းနှလုံးတည့်တည့်ကို သေနတ်နဲ့ချိန်ပြီး ခလုတ်ဖြုတ်လိုက်တာနဲ့ အတူတူပဲ ဖေဖေ၊ ကျွန်တော် ဒီ့ထက် ဆိုးဆိုးရွားရွား လုပ်နိုင်စရာ ဘာဆိုဘာမှ မရှိတော့ဘူးဗျ"

ကျွန်တော်သည် ထိုစကားပြောပြီးနောက် အရက်ကောင်တာနံဘေးရှိ ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ် ပုံလျက်သား ထိုင်ချလိုက်မိပါသည်။ လက်ဝါးအစုံဖြင့် မျက်နှာကိုအုပ်၍ ထားလိုက်မိပါ၏။

ဖေဖေသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် လာ၍ထိုင်ပါသည်။

"အဲဒီလိုဖြစ်တယ်ဆိုတာ မင်း ဘယ်လို တိတိကျကျ သိနိုင်ရတာလဲ"

ဖေဖေ၏မေးခွန်းကို ဖြေဆိုရန် ဖေဖေ့ကို မော့်ကြည့်လိုက်ရာ ကျွန်တော်၏ မျက်လုံးများမှာ မီးဝင်းဝင်းတောက်နေမည် ဖြစ်ပါသည်။

ကျွန်တော်က-

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ အယ်လိန်းနဲ့ အတူတူချစ်ခဲ့လို့၊ အယ်-လိန်းနဲ့တူတူအိပ်ခဲ့လို့၊ ပြီးတော့ အယ်လိန်းကို ညာခဲ့လို့၊ ကျွန်တော်ကိုယ်တိုင် တတ်နိုင်မှာ မဟုတ်ဘူးဆိုတာ အတပ်သိနေတဲ့ကတိမျိုး ပေးခဲ့မိလို့လေ၊ ဘာဖြစ်လို့လဲဆိုတော့ အယ်လိန်းက ကျွန်တော့်ကို ယုံကြည်ခဲ့လို့၊ ကျွန်တော့်ကိုချစ်ခဲ့လို့. . . ကျွန်တော့်ကို ချစ်ခဲ့လို့၊ ကျွန်တော်ဟာ သူ့ကို ဘယ်တော့မှ ပစ်ပြေးမယ့်လူမျိုး မဟုတ်ဘူးလို့ ယုံစားခဲ့လို့လေ၊ အဲဒီကတိကို ကျွန်တော်က ဖောက်ဖျက်ပစ်လိုက်တော့ အယ်လိန်းရဲ့ ဘဝမှာ ဘာများကျန်တော့မှာလဲ ဖေဖေရယ်၊ ကျွန်တော်ဟာ အယ်လိန်းရဲ့ဘဝ၊ ကျွန်-တော်ဟာ အယ်လိန်းရဲ့ကမ္ဘာ ဖြစ်ခဲ့ပြီကိုး. . ."

ဖေဖေသည် သူ၏အရက်ခွက်ထဲမှ အရက်ကို တဖြည်းဖြည်းချင်း စုပ်ယူသောက်လိုက်ပါသည်။ ပြီးမှ ကျွန်တော့်မျက်နှာကို တည့်တည့်ကြီး အတန်ကြာ ကြည့်နေလိုက်ပါသည်။ နောက်ဆုံးမှ ဖေဖေက-

"မင်း အခုပြောသလို တကယ်ပဲ နှစ်နှစ်ကာကာ ယုံကြည်သလားဟင်"

ကျွန်တော်သည် ခေါင်းညိတ်ပြလိုက်ပါ၏။

ကျွန်တော်သည် ပါးစပ်မှပြန်ဖြေရန် အားမရှိတော့ပါ။ ဖေဖေသည် အတန်ကြာ စဉ်းစားနေလိုက်၏။ ပြီးမှ-

"ဒါဆိုရင်တော့ မင်း ဟိုကို လိုက်သွားမှဖြစ်တော့မယ်၊ အယ်လိန်းရဲ့ ကြွင်းကျန်ခဲ့တဲ့ ရုပ်အလောင်းကိုကြည့်ပြီး စိတ်ငြိမ်းချမ်းမှုရအောင် လုပ်မှဖြစ်တော့မယ်၊ အဲဒီလိုမှ မင်းမလုပ်ခဲ့မိရင် မင်းဘဝတစ်လျှောက်လုံး တစ်နေ့တစ်ရက်မှ စိတ်ရဲ့ငြိမ်းချမ်းမှုကို ရမှာမဟုတ်တော့ဘူး"

ကျွန်တော်သည် မျက်ရည်များ တွေတွေကျနေပြီဖြစ်ပါ၏။ ကျွန်တော်သည် ငိုကြွေးရင်းဖြင့်ပင်-

"ဒါပေမယ့် ကျွန်တော် ဘယ်လိုလုပ်ပြီး ရင်ဆိုင်ရမှာလဲ ဖေဖေရယ်၊ ရင်မဆိုင်နိုင်ဘူး"

ဖေဖေက ထိုင်ရာမှ ထ,လိုက်၏။

"ဘာဖြစ်လို့ ရင်မဆိုင်ရဲရမှာလဲကွ၊ မင်း ရင်ဆိုင်ကို ရင်ဆိုင်ရဲရမယ်"

ဖေဖေ၏အသံသည် ယုံကြည်မှုအပြည့် ရှိနေ၏။ ဖေဖေက ဆက်၍-

"ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ငါ့သားဖြစ်လို့ပဲ၊ မင်းဟာ 'ဘားနတ်မျိုးနွယ်' တစ်ယောက် ဖြစ်လို့ပဲ၊ မင်းဟာ ငါ့သားဖြစ်လို့၊ ငါ့ရဲ့အားနည်းချက်တွေ၊ ငါ့ရဲ့ပျော့ညံ့မှုတွေ ရနေမှာပဲ၊ ရှိနေမှာပဲ၊ ဒါပေမယ့် မင်းဟာ လူကြောက်တစ်ယောက်တော့ မဟုတ်ဘူး သူရဲဘောနည်းတဲ့ လူတစ်ယောက်တော့ မဟုတ်ဘူးကွ၊ ခုကိစ္စဟာ ခက်ခဲတဲ့အလုပ်၊ ခံနိုင်ရည်လိုတဲ့ အလုပ်တစ်ခုတော့ဖြစ်တယ်၊ ဒါပေမယ့် မင်းကိုယ်တိုင် အယ်လိန်းရဲ့ ရုပ်အလောင်းရှိရာကိုသွားပြီး စိတ်ရဲ့ငြိမ်းချမ်းမှုကို ရှာဖွေယူရမယ်"

ဖေဖေ ထွက်သွားသောအခါ အခန်းတံခါးသည် ဖေဖေ၏ နောက်ကျောတွင် ပြန်၍ ပိတ်သွားပါသည်။

ကျွန်တော်သည် အခန်းထဲတွင် တစ်ကိုယ်ထီးတည်း တစ်ယောက်တည်း ကျန်ရစ်ပြန်ပါသည်။ ဆောင်းဥတု၏ ညနေပိုင်းသည် အပြာရောင်မှိုင်းကောင်းကင်ကို ဖြန့်ခင်းခဲ့ပြန်နေပြီ ဖြစ်ပါ၏။

အယ်လိန်းကို ကျွန်တော် ပထမဆုံး စတွေ့သည့်နေ့မှာ ညည်လိုနေ့မျိုး၊ ယခုလို ရာသီဥတုမျိုးမှာပင် ဖြစ်ပါသည်။ ထိုသို့ အယ်လိန်းနှင့် ပထမဆုံး ကြုံဆုံတွေ့ခဲ့သည်မှာလည်း ဘယ်လောက်မှ မကြာလှသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သက်ပြင်းချလိုက်၏။

မည်သို့ပင်ဖြစ်စေ၊ ထိုအချိန်ကလေးနှင့် ယခုအချိန်အတောအတွင်း ကျွန်တော် အဖြေတစ်ခုကို ရှာရမည်ဖြစ်ပါ၏။

□□□

## အခန်း (၁)

ကျွန်တော်သည် မှတ်ဆိတ်ရိတ်ရင်း ကြည့်မှန်ထောင့်စွန်းထဲမှ တစ်ဆင့်မြင်ရသော ဇနီးသည် မာဂရက် (မာဂီ) ကို တစေ့တစောင်း လှမ်းကြည့်လိုက်မိပါသည်။ ရေချိုးခန်းတံခါးမှာ ဖွင့်ထားသည်ဖြစ်၍ မာဂီတစ်ယောက် ခုတင်ပေါ်တွင်ထိုင်နေသည်ကို ကောင်းကောင်း မြင်ရပါသည်။

မာဂီ၏ ရှည်လျားသွယ်ပြောင်းသော နီညိုရောင်ဆံပင်များမှာ သွယ်လျသော ခေါင်းထက်မှာ ဖွာကျလျက် သူမ၏ ညဝတ်အင်္ကျီအောက်မှာ စွန်းထွက်နေကြပါသည်။ မာဂီသည် ဘာကိုပဲဝတ်ဝတ် ကျကျနန ကောင်းကောင်းမွန်မွန် ဝတ်စားတတ်သူတစ်ဦး ဖြစ်ပါသည်။ သူမ၏ ကိုယ်ခန္ဓာကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းထားတတ်သူဖြစ်ကြောင်း ကျွန်တော်သည် ဂုဏ်ယူစွာ တွေးလိုက်မိပါသည်။

မာဂီကို တွေ့မြင်ဖူးသူလူတိုင်းက နောက်ထပ် ရက်သတ္တပတ်သုံးပတ်အကြာတွင် ကျွန်တော်တို့လင်မယား၏ အိမ်ထောင်သက်သည် အနှစ်နှစ်ဆယ်တင်းတင်း ပြည့်တော့မည်ဖြစ်ကြောင်း ပြောပြလျှင် ယုံကြမည်မဟုတ်ပါ။ ယုံနိုင်စရာလည်း မရှိပါ။

ကျွန်တော်တို့၏ အိမ်ထောင်သက်သည် အနှစ်နှစ်ဆယ်ရှိခဲ့ပြီ ဖြစ်ပါသည်။ သားသမီးနှစ်ယောက် ထွန်းကားခဲ့ပြီဖြစ်သည်။ အကြီးကောင်က ယောကျ်ားလေး။ (၁၉) နှစ်ရှိပြီ။ အငယ်မကား မိန်းကလေး။ (၁၆) နှစ်။ ဤရွေ့ဤမျှ သားကြီးသမီးကြီးများ၏ မိခင်ဖြစ်သော မာဂီသည် ယခုတိုင် နုပျိုလှပဆဲ၊ ပကတိ ကောင်မလေးတစ်ယောက် အတိုင်းသာ ရှိသည်ဟု ထင်ရအောင် အရွယ်တင်လှသူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မာဂီ၏ ကိုယ်လုံးကိုယ်ထည်သည် သေးသေးသွယ်သွယ်ရှိပြီး အရိုးအဆစ်က လည်း ညှက်ညှက်သေးသေးသာ ဖြစ်ပါ၏။ မာဂီသည် ယခုတိုင် အဝတ်အစား အရွယ်အစား (၁၂) ကို ဝတ်ဆင်ဆဲဖြစ်ပါသည်။ ၎င်းအရွယ်အစား (၁၂) သည် ကျွန်တော်နှင့် လက်ထပ်ခါစက မာဂီဝတ်ခဲ့သော အရွယ်အစားပင် ဖြစ်ပါသည်။

မာဂီ၏ အညိုရောင် မျက်လုံးအစုံမှာ ရှေးယခင်ကကဲ့သို့ပင် တောက်ပြောင်လန်းဆန်းဆဲ ရှိနေပါ၏။ မာဂီ၏နှုတ်ခမ်းများမှာ ပြည့်ဖြိုးနူးညံ့လှပါသည်။ နှုတ်ခမ်းနီ ဆေးဆိုးမထားသော မာဂီ၏ နှုတ်ခမ်းများသည်ပင် ချိုမြိန်မြဲဖြစ်ပါသည်။ မာဂီ၏နှုတ်ခမ်းမှာ လန်းဆတ်ပူနွေးမြဲပင် ဖြစ်သည်။ မာဂီ၏မေးစေ့မှာ လုံးဝန်းစွာရှိသော်လည်း နည်းနည်းကလေး လေးထောင့်ကျသည့်ဘက်သို့ ယိမ်းပါသည်။ ဤသို့ လေးထောင့်ဘက်နွယ်သော မေးရိုးရှိခြင်းကပင် မာဂီ၏ ရိုးသားကြံ့ခိုင်မှုကို ဖော်ပြနေပါ၏။

ကျွန်တော် မှန်ထောင့်စွန်းမှမြင်နေရသော မာဂီသည် အိပ်ရာထဲမှထပြီး ဝတ်ရုံတစ်ခုကို ကောက်၍ဝတ်ပါသည်။ မာဂီ၏ ကိုယ်ကာယအလှမှာ အမြဲတမ်း ဤကဲ့သို့ပင် ပြေပြစ်မြဲ ဖြစ်ပါသည်။ ငယ်ရွယ်နုဖျိုပုံရ၍ စိတ်လှုပ်ရှားစေနိုင်မြဲပင် ဖြစ်ပါသည်။

ကျွန်တော်သည် မှန်ထောင့်စွန်းထဲမှ မြင်ကွင်းအပြင်ဘက်သို့ မာဂီထွက်သွားသည်အထိ စောင့်ကြည့်နေလိုက်ပါသည်။ ပြီးမှ ရိတ်လက်စ မုတ်ဆိတ်ကို ကျကျနန ဆက်၍ရိတ်လိုက်ပါသည်။ ရိတ်ပြီးသည်နှင့် ရိတ်ပြီးသား မေးရိုးမေးဖျားများကို လက်ဖြင့် ပွတ်သပ်ကြည့်လိုက်ပါ၏။

မေးရိုးဖျားများမှာ ကြမ်းတမ်းဆဲပင် ရှိပါသည်။ ကျွန်တော်သည် ဤကဲ့သို့ လူစားမျိုး (ဝါ) အမွေးအမှင် သန်စွမ်းသော လူစားမျိုးဖြစ်ပါသည်။ ကျွန်တော် မုတ်ဆိတ်ရိတ်တိုင်း နှစ်ကြိမ်နှစ်ခါ ပြန်၍ရိတ်ပါမှ ပြောင်စင်ချောမွေ့သွားလေ့ ရှိပါသည်။

ကျွန်တော်သည် ဆပ်ပြာသုတ်ထားသော ဘရပ်ရှ်ဖြင့် နောက်တစ်ကြိမ် ကျွန်တော့်မျက်နှာပေါ်သို့ ဆပ်ပြာမြှုပ်များ သုတ်လိမ်းလိုက်ရပြန်ပါသည်။ ရုတ်တရက်ပင် ကျွန်တော်သည် ဤသို့မုတ်ဆိတ်ရိတ်ရင်း တေးသီချင်းတစ်ပုဒ် အသံထွက်၍ ညည်းနေသည်ကို သတိထားမိသွားပါသည်။

ကျွန်တော်သည် မှန်ထဲမှမြင်နေရသော ကျွန်တော်၏ရုပ်သွင်ကို စေ့စေ့ကြည့်ရင်း တအံ့တဩ ဖြစ်သွားမိပါသည်။ ကျွန်တော်သည် ထုံးစံအတိုင်းဆိုပါက ဤကဲ့သို့ မုတ်ဆိတ်ရိတ်ရင်း ပါးစပ်မှ သီချင်းဆိုညည်းတတ်သော အလေ့အကျင့်မရှိပါ။ ကျွန်တော်သည် မုတ်ဆိတ်ရိတ်ရခြင်းအလုပ်ကို ကျေနပ်ပျော်ရွှင်တတ်သူတစ်ဦး မဟုတ်ပါ။ အကြောင်းမှာ ကျွန်တော်သည် မုတ်ဆိတ်ရိတ်ရန် ပျင်းလည်းပျင်း၊ မုန်းလည်းမုန်းသူတစ်ဦး ဖြစ်သောကြောင့်ပင်။ အကယ်၍ ကျွန်တော်၏ စိတ်ဆန္ဒအတိုင်းသာ နေထိုင်ရပါက ကျွန်တော်သည် မုတ်ဆိတ်ကျင်စွယ်များကို မရိတ်ဘဲ သည်အတိုင်း အရှည်ကြီးထားသွား



ချည်သာ ဖြစ်ပါသည်။

ကျွန်တော်က ဤကဲ့သို့ မုတ်ဆိတ်ရိတ်ရတိုင်း ညည်းတွားတတ်သည်ကို မာဂီက အမြဲရယ်မောလေ့ရှိပါသည်။

မာဂီက-

"ရှင်ဟာလေ တွင်းတူးမြောင်းတူး တူးတဲ့အလုပ်ကို ဘာ့ကြောင့် မလုပ်ရတာတုံး။ တကယ်တော့ ရှင့်ရဲ့ကိုယ်ခန္ဓာ အဆက်အပေါက်ဟာ မြေတူးသမားအတိုင်းပဲ"

မာဂီသည် ကျွန်တော်၏ ကိုယ်ခန္ဓာကိုသာကြည့်၍ ထိုကဲ့သို့ ဝေဖန်ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။ တကယ့်တကယ်တွင်ကား ကျွန်တော်၏ မျက်နှာပုံပန်းသည်လည်း အလုပ်ကြမ်းသမားတစ်ဦး၏ မျက်နှာပုံပန်းမျိုးပင် ဖြစ်ပါသည်။ ဤအချက်ကို အကြောင်းပြု၍ လူတစ်ယောက်၏ အလုပ်အကိုင်ကို သူ၏ကိုယ်ခန္ဓာ အဆက်အပေါက်၊ သူ၏ မျက်နှာပုံပန်းကို ကြည့်ရုံမျှနှင့် ဆုံးဖြတ်၍မဖြစ်နိုင်ကြောင်း ကျွန်တော် သေသေချာချာ ယုံကြည်သွားပါသည်။ ကျွန်တော်၏ မျက်နှာကျ မျက်နှာပေါက်မှာ မိုးထဲလေထဲ အိမ်ပြင်ဘက်များတွင် အလုပ်ကြမ်းလုပ်ရသည့် လူမျိုးတစ်ယောက်၏ မျက်နှာပုံပန်းမျိုး ဖြစ်ပါသည်။ နဖူးကချွေး ခြေမသို့ကျအောင် ပင်ပင်ပန်းပန်းလုပ်ရသည့် အလုပ်ကြမ်းသမားတစ်ဦးနှင့် တူလှပါသည်။

သို့သော် ကျွန်တော်သည် ဘယ်တုန်းဘယ်အခါကမျှ အလုပ်ကြမ်းကိုထား၍ အိမ်ပြင်ဘက် မိုးထဲလေထဲတွင် အလုပ်လုပ်ခဲ့ဖူးသည်ဆိုခြင်းကိုပင် စဉ်းစား၍မရပါ။ ကျွန်တော်သည် ကျွန်တော်၏အိမ်ရှိ ပန်းခြံဥယျာဉ်ထဲမှာ ဆင်း၍ တူးခြင်းဆွခြင်း အလုပ်မျိုးကိုပင် လက်ဖျားနှင့် မတို့ဖူးပါ။

ကျွန်တော်သည် ဒုတိယအကြိမ်မြောက် မုတ်ဆိတ်ရိတ်လိုက်ရပြန်ပါသည်။ ခေါင်းပေါ်ကမူ ဘာမှန်းမသိသော တေးတစ်ပိုင်းတစ်စကို ဆိုညည်းလျက်ပင် ရှိနေဆဲဖြစ်ပါ၏။ စင်စစ် ကျွန်တော်သည် ပျော်ရွှင်၍နေပါသည်။ ထိုပျော်ရွှင်နေခြင်း ခံစားမှုကို ဘာ့ကြောင့် တိုက်ခိုက်ပစ်ဖို့ ကြိုးစားပါတော့မည်နည်း။ ဤကဲ့သို့ ပျော်ရွှင်မှုမျိုးကို ကျွန်တော့်လို အိမ်ထောင်သက် နှစ်ဆယ်ရှိလာပြီဖြစ်သည့် လူတစ်ယောက်က ခံစားနေခြင်းသည် ဘယ်လောက်များ ထူးခြားအံ့ဩစရာပင် ကောင်းနေသည်မဟုတ်ပါလား။

ကျွန်တော်သည် မျက်နှာပြင်ပေါ်သို့ မုတ်ဆိတ်ရိတ်သင်ပြီးသောအခါ သုံးသည့် အမွှေးရည်ကြည်များ ပက်ဖျန်းလိုက်ပါသည်။ နောက် သင်ဓုန်းဓားဖွဲ့ ရေဆေး၍ အဝတ်ဖြင့်သုတ်ကာ ထားလိုက်ပါသည်။ ပြီးမှ ခေါင်းကို စတင်ဖြီးလိုက်၏။ သည်အချက်ကား ကျွန်တော့်ဘက်မှ အသာရထားသော အချက်ဖြစ်ပါသည်။ ကျွန်တော်၏ ခေါင်းပေါ်တွင် ဆံပင်များ ထူထပ်စွာ ပေါက်နေဆဲပင် ဖြစ်ပါ၏။ တစ်ခုပဲရှိသည်။ လွန်ခဲ့သော နှစ်နှစ်လောက်မှစ၍ ဆံပင်များသည် တဖြည်းဖြည်းနှင့် တော်တော်ဖြူလာခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိပါ၏။

ကျွန်တော် အိပ်ခန်းတွင်းသို့ ပြန်ဝင်လာသောအခါ အခန်းထဲတွင် ဘယ်သူမှ မရှိတော့။ သို့သော် ရှပ်အင်္ကျီအသစ်တစ်ထည်၊ နက္ကတိုင်၊ ခြေအိတ်၊ အောက်ခံဘောင်းဘီနှင့် ဝတ်စုံတစ်စုံ အသင့် အိပ်ရာပေါ်တွင် ဖြန့်တင်လျက်ထားသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် ကျေနပ်စွာ ပြုံးလိုက်ပါသည်။

မာဂီသည် ကျွန်တော်၏စိတ်ကြိုက် ဝတ်ဆင်ချင်သည့် ဆန္ဒအတိုင်း ဝတ်ဆင်ရန် သဘောမတူပါ။ ကျွန်တော်က လွတ်လွတ်လပ်လပ် ပစ်စလက်ခတ် ဝတ်စားဆင်ယင်လိုသူတစ်ဦး ဖြစ်ပါသည်။ သို့သော် မာဂီက ကျွန်တော်၏ အလုပ်အကိုင်နှင့် လိုက်လျောညီထွေမှုမရှိ၊ လူသူလေးပါး လေးစားနိုင်ခြင်းမရှိဟုဆိုကာ အကျအန ဝတ်ဆင်စေပါသည်။

ဤကဲ့သို့ နေထိုင်ဝတ်စားရခြင်းမှာ အမြဲတမ်းတော့ မဟုတ်ခဲ့ပါ။ လွန်ခဲ့သော ရှစ်နှစ် ကိုးနှစ်ခန့်ကမှ စ,ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအရင်ကဆိုလျှင်မူ ကျွန်တော့်ဘာသာ ဘာပဲဝတ်ဝတ် ပြဿနာမရှိ။ မာဂီကလည်း ဘာမှ ပြောဆိုကန့်ကွက်ခြင်း မရှိခဲ့။ ထိုစဉ်ကမူ ကျွန်တော်သည် သာမန်သတင်းကိုယ်စားလှယ် တစ်ဦးမျှသာ ဖြစ်ခဲ့သည် မဟုတ်ပါလား။

ယခုသော်ကား ကျွန်တော်သည် ပြည်သူ့ဆက်ဆံရေး အတိုင်ပင်ခံတစ်ဦး ဖြစ်နေပြီ ဖြစ်ပါ၏။ လခကလည်း သတင်းသမားအဖြစ်ရခဲ့သည့် တစ်နှစ်သုံးသောင်း မဟုတ်တော့။ တစ်နှစ် သုံးသိန်းရလာပြီ ဖြစ်၏။ ရုံးခန်းသည်လည်း ယခင်ကကဲ့သို့ တယ်လီဖုန်းရုံ ခိုအိမ်ကလေးမျိုး မဟုတ်တော့ဘဲ မက်ဒီဆင်စကွဲယားရှိ အဆောက်အအုံကြီးပေါ်တွင် ခမ်းနားကြီးကျယ်သော သီးသန့်ရုံးခန်းကြီးနှင့် ဖြစ်လာခဲ့ပြီ ဖြစ်ပါ၏။

သို့ဖြစ်သည့်တိုင် မာဂီ အသင့်စီစဉ်ပေးထားသော အဝတ်အစားများ အပြည့်အစုံကို ဝတ်ဆင်ပြီးနောက် မှန်ရှေ့တွင်ရပ်ခါ မိမိကိုယ်ကိုမိမိ ပြန်ကြည့်လိုက်သောအခါ မာဂီ၏စကားသည် မှန်ကန်ကြောင်း ကျွန်တော်ဝန်ခံရမည် ဖြစ်ပါသည်။

မှန်ထဲမှာ ကျွန်တော်၏ ရုပ်ပုံလွှာမှာ ကြီးမားကြံ့ခိုင်လျက် ရှိသည်။ လူမှာအဝတ်၊ တောင်းမှာအကွပ် ဆိုသကဲ့သို့ မာဂီဆင်ထားသည့် အကောင်းစားဝတ်စုံသည် ထိုက်တန်သလောက်တော့ ကျွန်တော်၏ ပင်ကိုယ်စရိုက် ရုပ်ဟန်ကို ပြောင်းလဲစေပါသည်။ ဤသို့ ဝတ်စားထားသဖြင့် ကျွန်တော်၏ မျက်နှာပေါ်မှ မာကျောမှုများ ထိုက်တန်သလောက် နူးညံ့စေကာ ယုံကြည်စိတ်ချနိုင်သည့် ပုဂ္ဂိုလ်တစ်ဦး၏ ဟန်ပန်မျိုး အထိုက်အလျောက် ပေါ်လာစေသည်ကား အမှန်ပင် ဖြစ်ပါ၏။

နံနက်စာစားပွဲသို့ ကျွန်တော်ရောက်သောအခါ မာဂီသည် သူမ၏ ကုလားထိုင်တွင်ထိုင်လျက် စာတစ်စောင်ဖတ်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည်



မာဂီအနားသို့ တိုးကပ်သွားပြီး ပါးပြင်ကလေးကို အသာမွှေးလိုက်ပြီး-

"ဂွတ်မောနင်း အချစ်"

"မောနင်း ဘရက်ဒ်"

မာဂီသည် ကျွန်တော့်ကို ပြန်လည်နှုတ်ဆက်စကား ပြောကြားလိုက်သော်လည်း မျက်လုံးများကမူ မော့မကြည့်ပါ။ ဖတ်လက်စ,စာကို ဆက်ဖတ်နေပါ၏။

ကျွန်တော်သည် မာဂီ၏ ပခုံးပေါ်မှကျော်၍ မာဂီလက်ထဲမှစာကို လှမ်းကြည့်လိုက်ပါသည်။ စာထဲမှလက်ရေးမှာ ကျွန်တော်မြင်နေကျ လက်ရေးဖြစ်ပါသည်။ ကျွန်တော်က-

"ဘရက်ဒ်ဆီကလား"

ကျွန်တော်ဆိုလိုသော ဘရက်ဒ်မှာ ကျွန်တော်၏သားကြီး ဘရက်ဒ်ဂိုဝန်ဂျူနီယာ ဖြစ်ပါသည်။ ဘရက်ဒ်ဂျူနီယာသည် ကောလိပ်ပထမနှစ် ကျောင်းသားဖြစ်ပြီး တစ်ပတ်တစ်ခါပင် စာမှန်မှန်ရေးခဲ့သူ ဖြစ်ပါသည်။

မာဂီက ခေါင်းညိတ်ပြ၏။

ကျွန်တော်သည် စားပွဲကိုပတ်၍ ကျွန်တော်၏ ကုလားထိုင်မှာ ပြန်လာ၍ ထိုင်လိုက်ပါသည်။ စားပွဲပေါ်မှာ အသင့်တင်ထားသော လိမ္မော်ရည်ဖန်ခွက်ကို ကောက်ကိုင်လိုက်ပြီး-

"သားကြီးက ဘာတဲ့တုံး"

မာဂီသည် သူမ၏ ညိုဝန်းသောမျက်လုံးများဖြင့် ကျွန်တော့်ကိုမော့်၍-

"သားကြီးက စာမေးပွဲမှာ ဘာသာတိုင်း ရှစ်ဆယ်တစ်ဝိုက်တော့ ရတယ်တဲ့၊ အဲ. . . ဒုက္ခပေးတဲ့ဘာသာကတော့ သင်္ချာတစ်ခုပဲတဲ့"

ကျွန်တော်သည် မာဂီကို ပြုံးပြလိုက်ပါသည်။

"ဒါကတော့ ပူစရာမလိုပါဘူးကွာ၊ ကိုယ်လဲ ကောလိပ်တက်ရမယ်ဆိုရင် သင်္ချာတော့ ညံ့မှာသေချာတယ်"

ကျွန်တော်သည် လက်ထဲမှလိမ္မော်ရည်ကို လက်စသတ်လိုက်သောအခါ ကျွန်တော်တို့၏ အိမ်ဖော်ဆယ်လီသည် နံနက်စာများကို ယူလာပြီဖြစ်ပါသည်။ နံနက်စာမှာ ဘေကွန်နှင့် ကြက်ဥဖြစ်ပါ၏။

ကျွန်တော်သည် အမြဲတမ်း ကျေကျေနပ်နပ် နှစ်ခြိုက်သော အချက်နှစ်ချက် ရှိပါသည်။ နံနက်အိပ်ရာထတွင် ရေပန်းဖြင့် ရေချိုးရခြင်းနှင့် နံနက်စာတွင် ကြက်ဥစားရခြင်းတို့ ဖြစ်ပါသည်။ နှစ်ခုစလုံးမှာ-

ကျွန်တော်ငယ်စဉ် ကလေးဘဝက မတတ်နိုင်ခဲ့သော ဇိမ်ခံပစ္စည်းများ ဖြစ်နေပါသည်။ ကျွန်တော်၏ဖခင်သည် နယူးယောက်မြို့တွင် အငှားကားမောင်းသူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ယခု အသက် (၆၄) နှစ်ရှိပြီဖြစ်သော်လည်း မောင်းနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ မိသားစုသည် ချောင်ချောင်လည်လည် သိပ်မရှိပါ။ ဖေဖေသည် လူထူးလူဆန်းတစ်ဦး ဖြစ်ပါသည်။ နေရာတော်တော်များများတွင် ဖေဖေလုပ်ကိုင်ဆောင်ရွက်ပုံများသည် သူတကာနှင့် မတူတတ်ပါ။ မေမေ ဆုံးပါးသွားသောအခါတွင် ကျွန်တော်တို့နှင့်အတူ ဖေဖေ လာနေပါရန် ကျွန်တော်တို့က ခေါ်ပါသည်။ ဖေဖေက အေးဆေးစွာပင် ခေါင်းရမ်း၍-

"မဖြစ်ပါဘူးကွာ၊ ဖေဖေ နေနေကျဖြစ်တဲ့ ဒီ တတိယအဲဗင်းနယူးကလွဲပြီး တခြားမှာ နေတတ်မယ် မဟုတ်ပါဘူး"

အမှန်စင်စစ် ဖေဖေ့တွင် ထိုထက်ပိုသော အကြောင်းပြချက်များစွာ ရှိဦးမည်သာ ဖြစ်ပါသည်။ ဖေဖေသည် မေမေခေါင်းချနေထိုင်သွားသော ထိုအခန်းကလေးမှ မခွာလိုခြင်းလည်း အကြောင်းတစ်ကြောင်းအဖြစ် ပါမည်။ ဖေဖေ၏ အခန်းဟောင်းတလေးတွင် မေမေ၏အရိပ်၊ မေမေ၏ လှုပ်ရှားပုံများ၊ မေမေ့ကို တမ်းတ လွမ်းရစရာလေးများနှင့် ပြည့်နှက်နေမည်မှာ အမှန်ပင်ဖြစ်ပါ၏။ ဖေဖေ ဘယ်လိုခံစားရမည်ကို ကျွန်တော် နားလည်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် ဖေဖေ့ဆန္ဒ အတိုင်း ကျွန်တော်တို့နှင့်အတူနေရန် အတင်းအဓမ္မခေါ်ခြင်း မလုပ်တော့ပါ။

ကျွန်တော်က မာဂရီနှင့် သူမလက်ထဲက စာကိုကြည့်၍-

"သားက တခြား ဘာများရေးထားသေးသလဲ"

ကျွန်တော့်စိတ်ထဲတွင် ကောလိပ်ကျောင်းသားဆိုသည်မှာ အိမ်ကို အမြဲစာရေးပြီး အကြောင်းအမျိုးမျိုးပြ၍ ပိုက်ဆံတောင်းတတ်သည်ဟု နားလည်ယုံကြည်ထားပါသည်။ ကျွန်တော့်ရင်ထဲမှာ ဒိုးလိုးခုလုဖြစ်နေသည့် အချက်မှာ သားကြီး ဘရက်ဒ်ကျူနီယာသည် ပို့မြဲပိုက်ဆံထက် ဘယ်တော့မှ ပိုက်ဆံအပိုမတောင်းခြင်း ဖြစ်ပါသည်။

မာဂရီသည် စာကို အစအဆုံး ဖတ်ပြီးသွားတော့မှ ကျွန်တော့်ကို မော့၍ကြည့်လိုက်ပါသည်။ မာဂရီသည် လက်ထဲကစာရွက်ကို လက်ချောင်းကလေးဖြင့် တဖျတ်ဖျတ်တောက်ယင်း-

"စာရဲ့အဆုံးနားမှာ သားကြီးဟာ စာမေးပွဲမဖြေမီ တစ်ပတ်အလိုလောက်ကတည်းက အအေးမိနေခဲ့တာ ခုထိ ကောင်းကောင်း မပျောက်သေးဘူးတဲ့၊ အအေးမိတာတော့ ပျောက်သွားပါရဲ့၊ ချောင်းဆိုးတာတော့ ခုထိတောင် ကျန်နေသေးတယ်တဲ့"

မာဂရီ၏အသံမှာ စိုးရိမ်ပူပန်မှု ပါဝင်နေပါသည်။

ကျွန်တော်သည် မာဂရီကို ပြုံးပြလိုက်ပါ၏။

"ကောင်းသွားမှာပါကွာ"

ကျွန်တော်သည် မာဂရီကို နှစ်သိမ့်လိုက်ရပါသည်။ ပြီးမှ ဆက်၍-



"ပြီးတော့ သားဆီကို စာရေးလိုက်ပေါ့၊ အဲဒီမှာရှိတဲ့ ဆရာဝန်တစ်ယောက်ယောက်ဆီ သွားပြပါလို့"

မာဂရီက မကျေမနပ်နှင့်-

"ရှင်လဲ သိသားနဲ့၊ သားကြီးက အဲဒီလိုလုပ်မယ့် လူစားမဟုတ်ဘူး ဘရက်ဒ်၊ သားကြီးအကြောင်း ရှင် ကောင်းကောင်းသိပါတယ်"

ကျွန်တော်သည် ပါးစပ်ထဲမှ အစာများကိုဝါးယင်း-

"ဟုတ်ပါတယ်ကွာ၊ လူငယ်တွေဆိုတာ ဒီလိုချည်းပါပဲ၊ ဒါပေမယ့် အအေးမိတယ်ဆိုတာ အသေးအဖွဲပါ၊ အချိန်တန်တော့ ပျောက်သွားမှာပါ၊ မင်းရဲ့သားကြီးက လူကောင်အကြီးကြီးပါ"

ထိုစဉ် အခန်းထဲသို့ ဂျင်နီ အပြေးအလွှား ဝင်လာပါသည်။ ထုံးစံအတိုင်း ဂျင်နီသည် ကပျာကယာ ရှိနေပါသည်။ ဂျင်နီက-

"ဖေဖေ နံနက်စာစားလို့ မပြီးသေးဘူးလား"

ကျွန်တော်သည် စားနေရာမှ မော့ကြည့်လိုက်ပါသည်။ နောက် ပြုံးလိုက်မိပါသည်။ ဂျင်နီကား ကျွန်တော့်သမီး ဖြစ်ပါသည်။ ဖခင်များသည် သမီးကို ပို၍ချစ်တတ်သည်ဆိုသည့် သဘောတရားကြောင့်လား၊ အငယ်ဆုံးဖြစ်နေ၍လား မသိ၊ သမီးသည် အကဲဆုံးဖြစ်၍ နေပါသည်။

ကျွန်တော်က-

"ဘာတွေများ အလောတကြီး ဖြစ်နေရတာလဲ သမီးရယ်၊ ဖေဖေ ကော်ဖီတောင် မသောက်ရသေးဘူး"

သမီးက မကျေမနပ်နှင့်-

"သမီး ကျောင်းနောက်ကျနေပြီ ဖေဖေရဲ့"

ကျွန်တော်သည် သမီးလေးကို တွယ်တာလွန်းသောအကြည့်ဖြင့် ကြည့်မိလိုက်ပါသည်။ သမီးလေးကား အကဲဆုံး အဆိုးဆုံးဖြစ်နေသည်မှာ ရှင်းနေပါသည်။ ထိုကဲ့သို့ဖြစ်လာအောင် လုပ်လာခဲ့သူမှာ တခြားလူမဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်ပါ၏။ ကျွန်တော်က-

"ဘတ်စ်ကားတွေ တစ်နေကုန်ပြေးနေတာပဲ သမီးရယ်၊ ဘာဖြစ်လို့ ဖေဖေ့ကို စောင့်နေဦးမှာလဲ"

သမီးသည် ဘာမျှမပြောမဆိုဖြင့် ကျွန်တော့်ပခုံးကိုဖက်၍ ပါးပြင်ကို နမ်းလိုက်ပါသည်။ (၁၆) နှစ်အရွယ် သမီးဖြစ်သူက ဖခင်ဖြစ်သူ၏ပါးပြင်ကို နမ်းလိုက်ခြင်းသည် လောက၌ ဘာနှင့်မျှ နှိုင်းနှိုင်းဖွယ်ရာမရှိသော အရသာမျိုးဟု ကျွန်တော် ယူဆပါသည်။

သမီးက-

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလဲ၊ သမီးက ဖေဖေနဲ့အတူတူ ကျောင်းသွားချင်တာ"

ကျွန်တော်သည် သမီးက ကျွန်တော့်ကိုညာနေမှန်း သိလျက်နှင့်ပင် ကျေကျေနပ်နပ်ကြီး ခံနေမိပါသည်။ ကျွန်တော်က ပြုံးပြုံးကြီးဖြင့်-

"သမီးက ဖေဖေနဲ့အတူတူ ကျောင်းသွားချင်တာက ဖေဖေ့ရဲ့ကားကို သမီး မောင်းချင်လို့ မဟုတ်လား"

သမီး၏ မျက်လုံးညိုညိုများသည် ကျွန်တော့်ကို ရယ်မောရဲ့ ကြည့်နေပါသည်။

သမီးက-

"ဖေဖေကလဲ၊ သမီးက ဖေဖေ့ရဲ့ကားကြီးကို သဘောကျတယ်ဆိုတာ သိသားနဲ့"

ကျွန်တော်သည် မာဂီကို ကြည့်လိုက်ပါသည်။

မာဂီသည် ကျွန်တော်တို့သားအဖ ပြုမူပြောဆိုနေသည်များကို ခပ်ပြုံးပြုံး ကြည့်၍နေပါသည်။ မာဂီသည် ကျွန်တော်တို့သားအဖ ဘာတွေလုပ်၍ ဘာတွေဖြစ်နေကြောင်း ကောင်းကောင်း သိပါသည်။

ကျွန်တော်က ဘာမှမတတ်နိုင်တော့ပါဟူသော အမူအရာဖြင့် မာဂီကိုကြည့်ယင်း-

"အမေကြီးရယ်၊ သည်ကောင်မလေးကို အဖေကြီး ဘာလုပ်ရမှာလဲဟင်"

မာဂီမျက်နှာပေါ်တွင် အပြုံးသည် ရှိနေဆဲဖြစ်ပါသည်။ မာဂီက-

"ခုမှတော့ ဘာမှလုပ်မနေပါနဲ့တော့ အဖေကြီးရယ်. . .၊ နောက်ကျသွားပါပြီ"

မာဂီသည် ပြောယင်း သဘောကျပြီး အသံထွက် ရယ်မောလိုက်၏။ ပြီးမှ-

"ကဲပါ. . . မထူးတော့ပါဘူး၊ သမီးကို ကျောင်းပို့လိုက်ပါတော့ ရှင်ရယ်"

ကျွန်တော်သည် စားပွဲပေါ်မှ ကော်ဖီခွက်ကို လက်စသတ်လိုက်ပါသည်။ ပြီးမှ-

"အိုကေဗျာ၊ အိုကေ"

ဂျင်နီက ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်ပါသည်။

"သမီး ဖေဖေ့ရဲ့ ကုတ်အင်္ကျီနဲ့ ဦးထုပ် သွားယူလိုက်မယ်နော်"

သမီးသည် ပြောပြောဆိုဆို ထွက်ပြေး၍ သွားပါသည်။ မာဂီက-

"ဒီနေ့ အိမ်ကို စောစောပြန်လာမှာလား ဘရက်ဒ်"

ကျွန်တော်သည် မာဂီကို လှည့်ကြည့်လိုက်ပါ၏။

"အဲဒါတော့ မပြောတတ်သေးဘူး၊ ခရစ်ရဲ့ သံမဏိစက်ရုံကိစ္စမှာ ကြာချင်ကြာနေဦးမှာ၊ ဒါပေမယ့် စောစောပြန်လာနိုင်အောင်တော့ ကိုယ်ကြိုးစားပါ့မယ်"



မာဂီသည် စားပွဲခုံကိုကွေ့ပတ်၍ ကျွန်တော့်အနားသို့ လျှောက်လာပါသည်။ ကျွန်တော်သည် အနားသို့ရောက်လာသော မာဂီ၏ ပါးပြင်ကလေးကို မွှေးမွှေးပေးလိုက်ပါသည်။ မာဂီ၏ပါးပြင်သည် နူးညံ့ချောမွေ့ဆဲ ဖြစ်ပါ၏။ မာဂီသည် သူမ၏နှုတ်ခမ်းအစုံကို ရှေ့သို့တိုး၍ ပေးပါသည်။ ကျွန်တော်က မာဂီ၏နှုတ်ခမ်းကို နမ်းလိုက်ပါသည်။ မာဂီ၏နှုတ်ခမ်းမှာ ချိုမြိန်လှပါ၏။

မာဂီက တိုးတိတ်ညင်သာသော လေသံဖြင့်-

"သိပ်ပြီးတော့ အလုပ်တွေ ပင်ပင်ပန်းပန်း လုပ်မနေနဲ့ဦးနော် ဆရာကြီး"

"ဟုတ်ကဲ့၊ ကောင်းပါပြီခင်ဗျ"

ကျွန်တော် ထိုစကားပြောလိုက်ချိန်မှာပင် အိမ်အပြင်ဘက်မှ ကားဟွန်းသံ ကြားရပါသည်။ ဂျင်နီသည် ကျွန်တော်၏ မော်တော်ကားကို ဂိုဒေါင်ထဲမှ မောင်း၍ထုတ်လာပြီး ဖြစ်ပါ၏။ ကျွန်တော်သည် အိမ်တံခါးပေါက်ရှိရာသို့ လျှောက်လာခဲ့ပါသည်။ နောက်ခါနီးကျမှ မာဂီကို ပြန်၍လှည့်ကြည့်လိုက်ပါသည်။ မာဂီသည် ကျွန်တော့်ကို ပြုံးကြည့်နေပါသည်။

ကျွန်တော်သည် မာဂီကို အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ ပြုံး၍ပြလိုက်ပါသည်။

"ဒီမယ် အစ်မကြီး၊ ကျုပ်သာ အသက်နှစ်ဆယ်လောက် ပြန်ငယ်သွားခဲ့ယင် ခင်ဗျားကို လက်ထပ်ရအောင် ကြိုးစားမှာပဲဗျာ"

ထိုသို့ပြောယင်း ကျွန်တော်သည် အိမ်ပြင်သို့ ပြေးထွက်ခဲ့ပါ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

အောက်တိုဘာလသည် ကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ နံဘေးဝန်းကျင် အခြေအနေ ရှုခင်းများက ပြောပြနေကြပါသည်။ ကျွန်တော်သည် မော်တော်ကားရှိရာသို့ လျှောက်ခဲ့၏။ ကျွန်တော့်စိတ်ထဲတွင် အောက်တိုဘာလ ကုန်ဆုံးသွားမည်ကို နှမြောလျက်ရှိပါသည်။ နှစ်တစ်နှစ်တွင် သည်တစ်ချိန်ကို ကျွန်တော် သဘောအကျဆုံး ဖြစ်ပါသည်။

တချို့သည် ဩကာသလောကကြီးတစ်ခုလုံး အစိမ်းရောင်လွှမ်းခြုံထားချိန်ကို သဘောကျ ကျေနပ်ကြပါသည်။ ကျွန်တော့်အတွက်မူ အနီရောင်၊ အညိုရောင်၊ ရွှေရောင်တို့ဖြင့် ဖုံးလွှမ်းနေသော ဤအချိန်ကို အနှစ်ခြိုက်ဆုံးဖြစ်ပါသည်။ ရွှေရောင်၊ အနီရောင်၊ အညိုရောင်တို့သည် ကျွန်တော့်ရင်ကို နွေးထွေးချမ်းမြေ့စေပြီး အရာရာကို ရှင်သန်စေသည်ဟု ကျွန်တော်ယူဆပါသည်။

ကျွန်တော်သည် မော်တော်ကားအနား လျှောက်လာပြီး ဂျင်နီကို ကြည့်လိုက်ပါသည်။ ဂျင်နီသည် ရွှန်းရွှန်းဝေဝေဖြင့် ကျွန်တော့်ကို ကြည့်နေပါသည်။

ကျွန်တော်သည် မော်တော်ကားအမိုး ဖြုတ်ချထားသည်ကို ကြည့်ယင်း. . .

"သမီးက မော်တော်ကားအမိုး ဘာလို့ဖြုတ်ထားရတာလဲ"

ကျွန်တော်သည် သမီး အသင့်ယူပေးထားသော အပေါ်ကုတ်ကို လျှို့ဝတ်ရင်း မေးလိုက်ပါ၏။



သမီးက လျှင်မြန်စွာဖြင့်ပင်-

"ဟာ ဖေဖေကလဲ၊ အမိုးဖွင့်နိုင်ချနိုင်တဲ့ ကွန်ပတ်တေဘဲလ်ကားကို စီးမှတော့ အမိုးချပြီး မစီးရရင် ဘာလုပ်တော့မှာလဲလို့"

ကျွန်တော်သည် သမီး၏နံဘေးခုံမှာ ဝင်ထိုင်ယင်း-

"သမီးကလဲ နွေကကုန်နေပြီ သမီးရဲ့၊ ဆောင်းဦးရောက်နေပြီကွဲ့၊ အေးမှာပေါ့"

ဂျင်နီသည် မော်တော်ကားကို ဂီယာသွင်းလိုက်ပြီး မောင်းထွက်လာပါတော့သည်။ ပြီးတော့မှ ကျွန်တော့်စကားကို ဖြေပါသည်။ ဂျင်နီ၏လေသံမှာ ပကတိ မသိနားမလည်သူကို ရှင်းပြနေသည့်အလား ဖြစ်ပါသည်။ ဤလေသံမျိုးမှာ စိတ်မရှည်စရာကောင်းလှသည်။ အသက်ကြီးသူများကို လူငယ်များက ရှင်းပြသည့်ပုံမျိုး ဖြစ်ပါသည်။

သမီးက ရိုးရိုးရှင်းရှင်းနှင့်ပင်-

"ဖေဖေကလဲ ဒီလောက်မည့်စမ်းပါနဲ့"

ကျွန်တော်သည် သမီးစကားကို နားထောင်ယင်း မပြုံးဘဲမနေနိုင်တော့ပါ။ ကျွန်တော်သည် နံဘေးမှ သမီးလေးကို ကြည့်လိုက်ပါသည်။ သမီးလေးသည် မော်တော်ကားကို တကယ်ပင် လေးလေးစားစား မောင်း၍နေပါသည်။ သမီးလေးသည် ကျွန်တော်တို့ ခြံဝင်းလမ်းထဲမှ လမ်းမကြီးထဲသို့ ကွေ့၍ချိုးဝင်လိုက်သောအခိုက် လျှာကလေး တစ်ပြုတစ် လုပ်ပါသည်။ လမ်းမကြီးထဲသို့ ချိုးဝင်ရသောအကွေ့မှာ တော်တော်ကောင်းသည့်အကွေ့ဖြစ်ရကား သည်အကွေ့ကို ဝင်လိုက်တိုင်း သမီး ဤသို့ပြုလုပ်နေကျဖြစ်ပါသည်။

လမ်းမပေါ်ရောက်သည်နှင့် ဂျင်နီက လီဗာကို ဖိနင်းလိုက်သည့်အတိုင်း မော်တော်ကားကြီးသည် ခုန်၍ရှေ့သို့တိုးကာ အရှိန်ဖြင့် သွားပါသည်။ ကျွန်တော်သည် နံဘေးမှ ဒိုင်ခွက်ကို လှမ်းကြည့်လိုက်ပါသည်။ ဒိုင်ခွက်တွင် တစ်နာရီ မိုင်လေးဆယ်နှုန်းပြလျက်ရှိပြီး အချက်ပြမြားဦးသည် ရှေ့သို့ တရိပ်ရိပ် တိုးနေဆဲဖြစ်ပါသည်။ ကျွန်တော်က-

"ဖြည်းဖြည်းမောင်းပါ သမီးရဲ့"

သမီးသည် ကားရှေ့တည့်တည့် လမ်းပေါ်ကိုကြည့်နေရာမှ ကျွန်တော့်ကို ကြည့်လိုက်ပါသည်။ သမီး၏အကြည့်ကို မြင်ရရုံနှင့် သမီးပြောချင်သော စကားများကို သိလိုက်ရသလို ဖြစ်သွားပါသည်။ ကျွန်တော့်စိတ်ထဲတွင် "ငါ အသက် တော်တော်ကြီးနေပါရောလား" ဟု အောက်မေ့သွားပါသည်။ ထို့ကြောင့် ဘာမျှမပြောတော့ဘဲ ကားရှေ့တည့်တည့် လမ်းမကိုသာ ကြည့်နေလိုက်ပါသည်။

သမီးကမူ တည့်တည့်ရှင်းရှင်းဖြင့်-

www.burmeseclassic.com

www.burmeseclassic.com


"ဖေဖေနော် ခေတ်မမီတော့တဲ့ ဘူဒါးကြီးအပေါက်မျိုး ချိုးမနေနဲ့"

ကျွန်တော်သည် ကျွန်တော့်ဘာသာ ပြုံးလိုက်မိပါသည်။ ပြီးမှ သမီးဘက်သို့ အသာကလေး လှည့်ကြည့်လိုက်သည်။ သမီးသည် မော်တော်ကားကို တကယ်ပင် လေးလေးနက်နက်၊ စိတ်ဝင်စားစွာ မောင်းနှင်လျက်ရှိပါသည်။ ကျွန်တော်တို့အိမ် လမ်းချိုးထဲမှ လမ်းမပေါ် မောင်းကွေ့ချိုးတက်စဉ်ကအတိုင်း သမီးကလေး၏လျှာသည် ပြူတစ်ပြူတစ် လုပ်နေသည်ကို မြင်ရ၏။ အကြောင်းမှာ မော်တော်ကားသည် နောက်ထပ် ခပ်ဆိုးဆိုး အကွေ့တစ်ကွေ့ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

နောက်ထပ် စက္ကန့်အနည်းငယ်ကြာသောအခါ သမီးပြောတာမှန်ကြောင်း တွေ့ရပါသည်။ ကွန်ဗတ်တေဘဲလ် မော်တော်ကားကို စီးနေမှုဖြင့် ဆောင်းဦးပေါက် လောကအလှကို ကောင်းကောင်းမြင်ရအောင်၊ ခေါင်းပေါ်မှ မိုးကောင်းကင်ပြာပြာ၏ အလှကို မြင်ရအောင် အမိုးဖွင့်မစီးလျှင် ဘာများထူးခြားပါဦးတော့မည်နည်း။

ထိုစဉ် သမီး၏စကားသံက ကျွန်တော့်ကို ဖြုန်းကနဲ လန့်သွားစေပါသည်။ သမီးက. . .

"ဖေဖေ. . . ဖေဖေ မေမေတို့ရဲ့ နှစ်ပတ်လည်ရက်မှာ မေမေ့ကို ဖေဖေ ဘာလက်ဆောင်ပေးမယ်လို့ ရည်ရွယ်ထားသလဲဟင်"

ကျွန်တော်သည် သမီးကို ကြည့်လိုက်ပါသည်။ သမီး၏ မျက်လုံးများမှာ ကားလမ်းမပေါ်သို့ တည့်တည့်ကြည့်နေဆဲ ဖြစ်ပါသည်။ ကျွန်တော်သည် သမီး၏မေးခွန်းကို ဖြေဆိုရန် အတော်ပင် ချီတုံချတုံဖြစ်နေပြီးမှ. . .

"ဖေဖေ မစဉ်းစားရသေးဘူး သမီးရဲ့၊ မသိသေးပါဘူးကွယ်"

ကျွန်တော်သည် အမှန်အတိုင်း ဝန်ခံလိုက်ပါ၏။

သမီးသည် ကျွန်တော့်ဘက်သို့ တစ်ချက်လျင်မြန်စွာ ဝေ့ကြည့်လိုက်၏။

"ဖေဖေ စဉ်းစားထားဖို့ ကောင်းပြီနော်"

သမီးလေသံမှာ တကယ့်မိန်းမကြီးတစ်ဦး၏ လေသံမျိုးဖြစ်သည်။ သမီးက ဆက်၍. . .

"ခုဆိုရင် ဘာမှမလိုတော့ဘူး၊ လေးပတ်ပဲ လိုတော့တယ်"

"ဟုတ်ပါ့ဗျာ၊ တစ်ခုခုတော့ စဉ်းစားမှပဲ"

ထိုစဉ် ခေါင်းထဲတွင် စိတ်ကူးတစ်ခုပေါ်လာပြီး. . .

"သမီးများ သမီးရဲ့မေမေ ဘာလိုချင်မယ်လို့ ထင်သလဲ"

သမီးသည် ခေါင်းကလေးခါရင်း

ဟင့်အင်း၊ သမီးမသိဘူးလေ၊ ဒါ ဖေဖေစဉ်းစားရမယ့် အလုပ်ပဲ ဖေဖေ့ရဲ့၊ သမီးက သတိရလို့သာ မေးကြည့်တာ"



"သမီးက ဘာဖြစ်လို့ သတိတရ မေးရတာလဲ"

ကျွန်တော်သည် သမီးကို တုံ့ပြန်မေးခွန်းထုတ်လိုက်ပါသည်။ အကြောင်းမှာ သမီး၏ ခေါင်းကလေးထဲတွင် ဘာတွေများ ရှိနေသလဲ၊ တွေးနေသလဲဆိုခြင်းကို သိလိုသောကြောင့် ဖြစ်ပါ၏။

သမီးသည် မီးနီတစ်ခုကို ရပ်စောင့်ယင်း ကျွန်တော့်ဘက်သို့ လှည့်ကြည့်၍-

"ထူးထူးခြားခြား အကြောင်းမရှိပါဘူး ဖေဖေရဲ့"

သမီးသည် ပြုံးလိုက်၏။ ပြီးမှ-

"သမီးစိတ်ထဲမှာ ဖေဖေများ အဲဒီနေ့အချိန်ကပ်ပြီး လက်ထဲမှာလဲ မမျှော်လင့်ဘဲ လက်ဆောင်ထုပ်ကြီး ပိုက်ဝင်လာမှာလားလို့ စဉ်းစားနေမိတာပါ"

ကျွန်တော့်မျက်နှာမှာ ရုတ်တရက် ရှက်သွေးဖြန်းသွားသည်ဟု ထင်ပါသည်။ သမီးငယ်၏မျက်လုံးများသည် ဤရွေ့ဤမျှ စိတ်ကူးပေါက်ပြီး တွေးမြင်နိုင်လိမ့်မည်ဟု တွက်မထားသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်သည် တကယ်လည်း မစဉ်းစားရသေးသဖြင့်-

"ဖေဖေဖြင့်. . . သမီးရယ်. . . တကယ်ပဲ၊ ဘာဝယ်ပေးရမလဲဆိုတာ စဉ်းစားမိနေပါဘူး"

သမီးသည် ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်လိုက်၏။

"ဖေဖေ၊ ဖေဖေကလဲ တကယ်ပဲ စိတ်ကူးစိတ်သန်း မရှိတော့ဘူးလား ဖေဖေရဲ့"

သည်တစ်ကြိမ်တွင်မူ ကျွန်တော့်စိတ်ထဲတွင် တကယ်ရှက်တက်တက် ဖြစ်သွားပါသည်။ သို့နှင့်-

"သမီးကလဲ ဖေဖေ့မှာ အလုပ်တွေ သိပ်များနေရတဲ့အထဲမှာ အစစအရာရာ ဘယ်စဉ်းစားနေနိုင်မှာလဲ သမီးရဲ့၊ ပြီးတော့လဲ ညည်းတို့မေမေမှာ ဘာမှ လိုလေသေးမရှိ ပြည့်စုံနေတဲ့ဟာပဲ၊ ဖေဖေက ဘာများဝယ်ပေးရမှာလဲ"

သမီးသည် မီးစိမ်းသွားသဖြင့် ကားကိုဂီယာသွင်း၍ ရှေ့သို့ မောင်းထွက်လာခဲ့ပါသည်။ သမီးက-

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

သမီး၏လေသံမှာ ခြောက်သွေ့သွေ့ရှိလှသည်။ သမီးက ဆက်၍. . .

"မေမေ့မှာ လိုတာအကုန်လုံး ပြည့်စုံနေပါတယ်၊ ရေခဲသေတ္တာအသစ်၊ မီးဖိုအသစ်၊ အဝတ်လျှော်စက်. . . အဲဒါမျိုးတွေလေ"

သမီးသည် ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး-

"ဒီမယ် ဖေဖေ၊ အဲဒီလို အိမ်သုံးပစ္စည်း၊ တစ်အိမ်လုံးနဲ့ဆိုင်တဲ့ ပစ္စည်းမျိုးမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



[illegible] သုံးရတဲ့ ပစ္စည်းမျိုး အိမ်အတွက်တော့ ဘာမှအသုံးမတည့် [illegible] အဲဒီပစ္စည်းကိုသုံးရလို့ မေမေ့စိတ်ထဲမှာ ကျေနပ်မ[illegible] [illegible] ပြောတာ မေမေရဲ့"

ကျွန်တော်သည် စိတ်မရှည်တော့ပါ။ သမီးခေါင်းထဲတွင် တစ်ခုခုရှိနေပြီ[illegible] သည်ကို ကျွန်တော်သိပါပြီ။ ထို့ကြောင့်-

"ကဲ. . . ဘယ်လိုပစ္စည်းမျိုးဆိုတာ ဥပမာနဲ့ ပြစမ်းပါဦး"

"ဥပမာပြရရင် သားမွေးကုတ်အင်္ကျီမျိုးပေါ့"

သမီးသည် ထိုစကားကို ကျွန်တော့်ဘက်သို့ လှည့်မကြည့်ဘဲ ကားရှေ့တည့် တည့်လမ်းကိုကြည့်ရင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်ကမူ သမီးကို ကြည့်နေပါသည်။

"မေမေက သားမွေးကုတ်အင်္ကျီ လိုချင်လို့တဲ့လား"

ကျွန်တော်သည် ခြေခြေမြစ်မြစ် မစဉ်းစားနိုင်တော့ပဲ ဆက်၍-

"မင်းတို့ မေမေကဖြင့် သားမွေးကုတ်အင်္ကျီများ ဘယ်တော့မှ မလိုချင်ပေါင် ဆိုပြီး အမြဲပြောနေတာပဲ"

"ဖေဖေရယ်. . . ဖေဖေဟာလေ တကယ့်ကို ညံ့တာပဲကိုး၊ ဘယ်မိန်းမဖြစ်ဖြစ် ပါးစပ်က ဘာပဲပြောနေနေ သားမွေးကုတ်အင်္ကျီကို မလိုချင်တဲ့မိန်းမ၊ မဝတ်ချင်တဲ့ မိန်းမ ဘယ်မှာရှိမလဲ ဖေဖေရဲ့"

ယခုတော့ သမီးငယ်သည် ကျွန်တော့်ကိုကြည့်ပြီး ပြောင်ပြောင်တင်းတင်း ရယ်မောနေပြီဖြစ်ပါ၏။ သမီးကဆက်၍-

"တကယ်ပါပဲ၊ ဖေဖေ့ကို မေမေက ဘာကိုသွားမြင်ပြီး ဘာကိုသဘောကျပြီး ယူလာခဲ့သလဲမသိဘူး၊ ဖေဖေဟာလေ တကယ့်ကို စိတ်ကူးယဉ်စရာ နည်းနည်းမှမရှိ ဘူး"

ကျွန်တော်လည်း မနေနိုင်တော့ပါ။ ပြုံးမိပါ၏။ ရုတ်တရက်တွင်မူ သမီးကို ဘယ်ကြိုးကြာင့်ကမျှား သယ်ပြီးခေါ်တာလဲဟု မေးလိုက်ချင်စိတ် ပေါက်သွားပါသည်။ သို့သော် သည်မေးခွန်းမျိုးမှာ အရာရာကို သိနေပြီးသားဖြစ်သည့် (၁၆) နှစ်အရွယ် မိန်းကလေးတစ်ယောက်ကို ကိုယ့်သမီးပင်ဖြစ်လင့်ကစား မေးမြန်းရန်လိုတော့သော မေးခွန်းမဟုတ်ပါ။

ကျွန်တော်သည် သမီးဘက်သို့လှည့်၍ လေးနက်စွာဖြင့်-

"သမီးစိတ်ထဲမယ် ဖေဖေက မေမေ့ကို သားမွေးကုတ်ဝယ်ပေးဖို့ ကောင်းတယ် လို့ ယူဆတယ်ပေါ့ဟုတ်"

သမီးသည် ခေါင်းကို ဆတ်ကနဲညိတ်ပြ၏။



မော်တော်ကားသည်လည်း ကျောင်းရှေ့လမ်းသို့ ရောက်နေပြီဖြစ်၏။

ကျွန်တော်က-

"ဒါဆိုရင် ဖေဖေ ဝယ်ပေးလိုက်ပါ့မယ်"

"ဖေဖေဟာလေ တကယ်တော့ မဆိုးပါဘူး"

သမီးသည် ကားတံခါးကိုဖွင့်၍ ကားပေါ်မှဆင်းယင်း ထိုစကားကို ပြောလိုက် သည်။

ကျွန်တော်သည် သမီးထိုင်ခဲ့သော ကားမောင်းသူ၏နေရာသို့ ပြောင်း၍ထိုင် လိုက်၏၊ နောက် သမီးမျက်နှာနားသို့ တိုးကပ်ပြီး တလေးတနက်ပင်-

"ကျေးဇူးပဲ သမီးရယ်"

သမီးသည် ကျွန်တော့်ပါးပြင်ကို ရွှတ်ကနဲ မြန်မြန်နမ်းလိုက်၏။ ပြီးမှ-

"ဘိုင့်. . . ဘိုင်. . . ဖေဖေ"

□

ကျွန်တော်သည် ရုံးခန်းသို့ ဆယ့်တစ်နာရီထိုးကာနီးမှ ရောက်၍သွားပါသည်။ ကျွန်တော့်စိတ်ထဲတွင် ကျေနပ်ပီတိဖြစ်နေဆဲ ရှိပါသည်။ ဒွန်သည် ကျွန်တော့်ဇနီးအတွက် [illegible] အထူးစပါယ်ရှယ်လုပ်ပေးမည်ဟု ပြောပါသည်။ ဒွန့်တွင် မာဂရက်၏ ကိုယ်ထည် [illegible] ရှိပြီးဖြစ်ပါသည်။ ဒွန့်ဆိုင်မှာ မာဂီ (မာဂရက်) အဝတ်အထည် ချုပ်နေကျဖြစ်၍ [illegible]သည် မာဂီအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးတန်ရာသည်ဟု ယူဆမိပါ၏။ [illegible]ကောင်းဆုံး ဖြစ်ပေမှပဲ။ သားမွေးကုတ်တစ်ထည် (၆၅၀၀) ဒေါ်လာတောင် ကျသည် [illegible] သားမွေးကုတ်ဆိုသည်မှာ သစ်ပင်ပေါ်မှ အလကားခူး၍ရသည့် ပစ္စည်းမျိုးမဟုတ် [illegible]

မစ်ကီသည် ရုံးခန်းထဲဝင်လာသော ကျွန်တော့်ကို မော့ကြည့်၍-

"ဘယ်တွေများ လျှောက်သွားနေတာလဲ ဆရာကြီးရဲ့"

ပြောပြောဆိုဆိုပင် ကျွန်တော့်အပေါ်ကုတ်နှင့် ဦးထုပ်ကို ယူလိုက်ပါသည်။ [illegible]ဆက်၍-

"တစ်မနက်လုံး ဝါရှင်တန်က ပေါလ်ရမ်မီက ဖုန်းဆက်ပြီး မေးမေးနေတာ"

"ဈေးဝယ်ထွက်နေတာလေ"

ကျွန်တော်သည် အတွင်းရုံးခန်းထဲသို့ ဝင်လိုက်ပါသည်။ မစ်ကီသည် ကျွန်တော့် [illegible] တပါတည်း လိုက်ပါလာ၏။ ကျွန်တော်က နောက်လှည့်၍-

"ပေါလ်က ဘာလို့ဆက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းသီဟ-

"အဲဒီကိစ္စတော့ ကျွန်တော်မပြောဘူး သူက ရှင်နဲ့ အရေးတကြီး စကားပြော ချင်တယ်"

"အဲဒီလိုဆို သူ့ကိုဖုန်းဆက်လိုက်လေ"

ကျွန်တော်သည် ကျွန်တော်၏ ရုံးစားပွဲတလားထိုင်မှာ ဝင်ထိုင်လိုက်၏။ မစ်တီ သည် အခန်းထဲမှထွက်သွားပြီး ရုံးခန်းတံခါးကို ပြန်ပိတ်သွားပါသည်။ ကျွန်တော့်စိတ်ထဲ တွင် ပေါလ် ဘာများအရေးတကြီး ဆက်ပါလိမ့်ဟု တွေးနေမိ၏။ ပေါလ်အတွက် အစစ အဆင်ပြေပါစေဟုလည်း မျှော်လင့်မိပါသည်။ နိုင်ငံရေးသမား၏ အလုပ်ဆိုသည် မှာ သေချာရေရာလှသည် မဟုတ်သောကြောင့် ဖြစ်ပါ၏။ နိုင်ငံရေးသမား အလုပ်ဆိုသည် မှာ ပေါလ်ကဲ့သို့ သမ္မတကြီး၏ အထူးလက်ထောက်ဆိုသည်ကပင် ရေရာသည်မဟုတ် ချေ။

ပေါလ်သည် ကျွန်တော့်အတွက် အလွန်ခင်ရသူတစ်ဦး ဖြစ်ပါသည်။ ပေါလ် ကြောင့်သာမဟုတ်ပါက ကျွန်တော်သည် ယခုလိုနေရာမျိုးတွင် ယခုလို အောင်မြင်မှုမျိုး ရချင်မှရမည် ဖြစ်၏။ ပေါလ်၏ ကျေးဇူးတရားကြောင့်ဟုဆိုလျှင် ရနိုင်၏။ ပေါလ်နှင့် ကျွန်တော် ဆုံဆည်းခဲ့ကြသည်ကမူ ဟိုးစစ်အတွင်း အစောပိုင်းကာလကမှ စ,ပါသည်။

ကျွန်တော်သည် စစ်ထဲသို့ဝင်ရန် ကြိုးစားသောအခါ စစ်တပ်တိုင်းလိုလိုက ပယ်ချခံရပြီး နောက်ဆုံး တပ်မတော်ထုတ်ကုန်များကို ကြော်ငြာရောင်းချရသော ဌာန မှာ ဝင်ရောက်ခွင့်ရပါသည်။ ထိုဌာနတွင် ပေါလ်နှင့် ဆုံဆည်းရခြင်းဖြစ်ပါသည်။ ကျွန်တော်၏ ဌာနစိတ်အကြီးအကဲမှာ ပေါလ်ပင်ဖြစ်ပါသည်။

ပါရမီရေစက်ကြောင့်ပေလော မသိ။ ပေါလ်နှင့် ကျွန်တော်တို့သည် တွေ့တွေ့ ချင်း ခင်မင်ရင်းနှီး သွားကြပါသည်။ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို တိုး၍ချစ်ခင်လာ ကြပါသည်။ ပေါလ်သည် အမေရိကန်ပြည်အနောက်ပိုင်းမှ အောင်မြင်သော စီးပွားရေး သမားဖြစ် ပြီး၊ သူ၏လုပ်ငန်းကို ရောင်းချ၍ ဝါရှင်တန်မြို့တော်တွင် အကဲစမ်းရန်လာသူ တစ်ဦး ဖြစ်ပါသည်။ ထိုကဲ့သို့ အခြေခံများရှိနေရာ ကျွန်တော်ရောက်ရှိနေသော တပ် မတော် သတင်းဖြန့်ချီ ကြော်ငြာဌာနနှင့် အံဝင်ခွင်ကျ ဖြစ်နေပါတော့သည်။

ပေါလ်သည် သူ၏အလုပ်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သူတစ်ဦး ဖြစ်ပါ သည်။ ပေါလ်ကလည်း ကျွန်တော်သည် အလုပ်နှင့် အံဝင်ခွင်ကျသူဟု ထင်မြင်ယူဆ သည်။

စစ်ကြီးပြီးဆုံးသွားသောအခါ ပေါလ်သည် သူ၏ရုံးခန်းသို့ ကျွန်တော့်ကို ခေါ်ယူတွေ့ဆုံသည်။

ပေါလ်က-

"ကဲ. . . အခု စစ်ကြီးပြီးသွားပြီဆိုတော့ ဘာများလုပ်ကိုင်မယ် စိတ်ကူးထား [illegible] သေးလဲ ဘာရက်ဒ်"

ကျွန်တော်သည် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး-

"အလုပ်တစ်ခုခုရှာပြီး လုပ်ရမလားလို့ စဉ်းစားနေရတာပဲပေါ့ဗျာ"

ပေါလ်က ကျွန်တော့်မျက်နှာကို ကြည့်၍-

"မောင်ရင် ကိုယ်ပိုင်အလုပ်လုပ်မယ်လို့ စဉ်းစားမကြည့်ဘူးလားဟင်"

ကျွန်တော်သည် ပခုံးတွန့်လိုက်ရပြန်၏။

"ကိုယ်ပိုင်လုပ်ငန်းဆိုတာ တကယ့်လုပ်ငန်းကြီးဗျ၊ ကျွန်တော် မတတ်နိုင်ပါ ဘူး ကျွန်တော့်မှာ လုပ်ငန်းစ,ဖို့ ငွေရေးကြေးရေးလဲ မပြည့်စုံဘူး"

ပေါလ်ကမူ အေးအေးဆေးဆေးဖြင့်-

"ကျုပ်ပြောတာက ဒီလိုလေ၊ ကျုပ်ဆိုလိုတာက အကျိုးဆောင်လုပ်ငန်းမျိုးကို [illegible] ကျုပ်က စီးပွားရေးသမား တော်တော်များများကို သိတယ်၊ အဲဒီ စီးပွားရေး [illegible]တွေက သူတို့ရဲ့လုပ်ငန်း အကျိုးရှိရာရှိကြောင်း ကြော်ငြာတို့ လိုအပ်တာတို့ [illegible]ဆောင်ပေးတဲ့ အကျိုးဆောင်အလုပ်မျိုးကို စိတ်ဝင်စားကြတယ်၊ ခင်ဗျားက အဲဒီ [illegible]ကို လုပ်နိုင်ပါတယ်ဗျာ၊ အဲဒီလို အကျိုးဆောင်လုပ်ငန်း တည်ထောင်ဖို့ဆိုတာ [illegible]လေး ခပ်သေးသေးတစ်ခုရှိရင်ပဲ ရပါပြီ"

ကျွန်တော်သည် ပေါလ်၏ အလုပ်စားပွဲကိုကျော်၍ ပေါလ်၏မျက်နှာကို [illegible]လိုက်ပါသည်။

"အဒီအလုပ်မျိုးက သတင်းစာကြော်ငြာသမားတွေရဲ့ စိတ်ကူးယဉ်အိပ်မက်မျိုး [illegible]"

ကျွန်တော်သည် ပေါလ်၏အလုပ်စားပွဲရှေ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါ [illegible] ပြီးမှ ဆက်၍-

"ဒါပေမယ့် ဆက်ပြောပါလေ၊ ကျွန်တော် စိတ်ဝင်စားပါတယ်၊ နားထောင်နေ [illegible]တယ်"

ထိုစကားဝိုင်းသည် ကျွန်တော့်လုပ်ငန်း၏ အစပင်ဖြစ်တော့သည်။ ကျွန်တော် [illegible] အတွင်းရေးမှူးမကလေး မစ်တီနှင့် နေရာကျဉ်းကျဉ်း ရုံးခန်းသေးသေးလေးဖြင့် [illegible]ငန်းကို စတင်ခဲ့ရာမှ ယခုတော့ ရုံးခန်းအကျယ်ကြီးတွင် အတွင်းရေးမှူး[illegible] [illegible]အပြင် အလုပ်သမားပေါင်း (၂၅) ယောက်ကျော်နှင့် လုပ်တိုင်ရသော လုပ်ငန်းကြီး [illegible] ဖြစ်လာခဲ့ခြင်းပင်။ ပေါလ်တွင် စီးပွားရေးသမား မိတ်ဆွေများစွာ ရှိသည်။ [illegible]ဆွေများတွင်လည်း နောက်ထပ်စီးပွားရေး မိတ်ဆွေများစွာ ရှိနေ[illegible] ကျွန်တော့်လက်ရှိ အခြေအနေသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်းငြဲ ဘယ်လိုဒုန်းလာကြောင်း အသိပေးမြည်သံ ထွက်ပေါ်လာပါသည်။ ကျွန်တော် ကောက်ယူနားထောင်လိုက်ရာ ဖုန်းထဲမှ မစ်ကီ၏အသံက-

"ပေါလ်ဘောင်ဇီ ဒုန်းလိုင်းပေါ်မှာရောက်နေပြီ ဘရက်ဒ်"

ကျွန်တော်သည် အပြင်ဖုန်းလိုင်းနှင့် ဆက်သွယ်သည့်ခလုတ်ကို နှိပ်လိုက်ပါသည်။ တစ်ဘက်စုန်းလိုင်းပေါ်တွင် ပေါလ်ရှိနေပြီဟု သိရသောကြောင့်-

"ဟဲလို ပေါလ်၊ အခြေအနေ ဘာထူးလို့တုန်း"

ဖုန်းခွက်ထဲတွင် ပေါလ်၏ နွေးထွေးသောရယ်မောသံက ပထမ ထွက်လာပါသည်၊ နောက် ပေါလ်၏ လက်သုံးစကားဖြစ်သည့်-

"ထုံးစံပါပဲ ဘရက်ဒ်ရယ်၊ ထူးမခြားနားပါပဲ"

ထို့နောက် ဖုန်းခွက်ထဲမှတစ်ဆင့် ပေါလ်၏ရယ်မောသံသည် ထွက်လာပြန်ပါသည်၊ ပြီးနောက် ရယ်သံရပ်သွားပြီး ပေါလ်က တလေးတနက် လေသံဖြင့်-

"ဒီလိုပါ၊ ဘရက်ဒ်များ ကျုပ်အတွက် အကူအညီတစ်ခု ပေးနိုင်မလားလို့"

ကျွန်တော်က ချက်ချင်းပင် ပြန်၍-

"ဘာအကူအညီဖြစ်ဖြစ် လုပ်ပေးပါ့မယ်ဗျာ၊ ပေါလ်က ဘာကူညီရမယ်ဆိုတာပဲ ပြောလိုက်ရုံပါပဲ"

ပေါလ်က-

"အီဒစ်ရဲ့ထုံးစံအတိုင်း လူမှုရေး အလှူဒါနတစ်ခုပါ ဘရက်ဒ်ရယ်"

အီဒစ်သည် ပေါလ်၏ဇနီး ဖြစ်ပါသည်။ အလွန် ချစ်ခင်စရာကောင်းသော အမျိုးသမီးကြီးတစ်ဦး ဖြစ်ပါသည်။ သို့သော် ဝါရှင်တန်မြို့တော်၏ ရောဂါဂယက်ဝဲထဲတွင် ချာချာလည် လိုက်ပါနေမိသူတစ်ဦးလည်း ဖြစ်ပါသည်။

ဝါရှင်တန်မြို့တော်ကား သမ္မတရုံးစိုက်ရာဒေသ၊ အစိုးရ အထက်ဆုံးပိုင်းမှ ကတော်ပေါင်းစုံတို့က သူထက်ငါ အပြိုင်အဆိုင် လူမှုရေးကိစ္စ၊ အလှူအတန်းကိစ္စများ လုပ်ကြရာဒေသ ဖြစ်ပါသည်။ ထိုသို့ လုပ်ကိုင်ကြသူများသည်လည်း သူတို့ကိစ္စ၊ သူတို့အလုပ်ကို သက်ဆိုင်ရာသတင်းစာ၊ ဂျာနယ်ထဲတွင် ပါဝင်ထည့်သွင်းခဲလိုကြပါသည်။ သို့မှသာ သူတို့၏ လူမှုရေးအလုပ်၊ လှူရေးတန်းရေးအလုပ်သည် လူသိများထင်ရှားမည် မဟုတ်ပါလား။

ကျွန်တော်သည် အီဒစ်၏ ထိုသို့သော လူမှုရေးလုပ်ငန်းတစ်ချို့တွင် ပါဝင်ကူညီဖူးပါသည်။ ထိုကိစ္စမျိုးမှာ သူများ၏နွားကို အလကားကျောင်းပေးရသော အလုပ်မျိုးဖြစ်၍၊ ကိုယ်တွက်ကိုယ်ကျိုးတော့ သိပ်ရှိလှသည်မဟုတ်ပေ။

သို့သော် ပေါလ်အတွက်ဆိုပါက ထိုအလုပ်မျိုးကို ကျွန်တော်လုပ်ပေးဖို့ လုံးဝ ဝန်မလေးပါ။ သည်ထက်ကြီးမားသော တာဝန်မျိုးကို ပေးအပ်အကူအညီ တောင်းလျှင်သော်မှ ကျွန်တော့်ဘက်မှ လုပ်ပေးရန် အဆင်သင့် ဖြစ်နေပါသည်။ ပေါလ်သည် ကျွန်တော့် ဘဝတက်လမ်းအတွက် အများဆုံး အကူအညီပေးခဲ့သူ မဟုတ်ပါလား။

ကျွန်တော်သည် မဆိုင်းမတွပင် ပြန်၍-

"ရပါတယ် ပေါလ်ရယ်၊ ကဲ. . . ဘာလဲ. . . ဆို"

ပေါလ်က-

"အဲ. . . ကျုပ်ကိုယ်တိုင်လဲ တကယ်တမ်း ရေရေရာရာကြီးတော့ သိတာ မဟုတ်ဘူးဗျ၊ အီဒစ်ရဲ့ လူမှုရေးကိစ္စမျိုး တစ်ခုလောက်ဆိုတာပဲ သိတာ၊ အီဒစ်က အရေးတကြီး ပြောနေတာကို၊ ဘရက်ဒ်ဆီကို ကြိုတင်ဖုန်းဆက်ထားပါဆိုလို့၊ ကနေ့ နေ့လယ်ပိုင်းလောက်မှာ အီဒစ်ရဲ့မိတ်ဆွေ မစ္စက်ဟော်တင့်စ်အီးရှိုင်လာက ဘရက်ဒ်ဆီကို လာပြီး အသေးစိတ် အချက်အလက်တွေ ပြောပြပါလိမ့်မယ်တဲ့"

"အိုကေ ပေါလ်"

ကျွန်တော်သည် စားပွဲပေါ်မှ စာရွက်တွင် ပေါလ်ပြောပြသော အမျိုးသမီး၏ အမည်ကို ရေးမှတ်ယူထားလိုက်ပါသည်။ ပြီးမှ-

"လုပ်စရာရှိတာတွေ အကုန်လုပ်ကိုင်ပေးလိုက်ပါ့မယ်၊ စိတ်ချပါ"

ပေါလ်က တလေးတနက် ထပ်ပြီး-

"ဒီမယ် ဘရက်ဒ်၊ အီဒစ်က အတန်တန်မှာထားတယ်နော်၊ ဘရက်ဒ်ကို လာတွေ့မယ့် မိန်းကလေးကို အထူးဂရုစိုက်လိုက်ပါတဲ့၊ အဲဒီမိန်းကလေးက အီဒစ်ရဲ့ အရင်းနှီးဆုံးဖြစ်လို့ပါတဲ့"

ကျွန်တော့်စိတ်ထဲတွင် အီဒစ်က မိန်းကလေးဆိုသော ဝေါဟာရ သုံးစွဲလိုက်ပုံ သုံးနှုန်းလိုက်နည်းကို သဘောကျသွားမိပါသည်။ အီဒစ်၏အသက်မှာ ငါးဆယ်ကျော် ဖြစ်ပါသည်။ အီဒစ်၏ မိတ်ဆွေမှန်သမျှမှာ အီဒစ်အတွက် မိန်းကလေးများ ဖြစ်နေပါသည်၊ ကျွန်တော်သည် ကျေနပ်သဘောကျမိယင်း-

"အီဒစ်ကို ပြောလိုက်ပါဗျာ၊ ဘာမှမပူပါနဲ့လို့၊ အီဒစ်ရဲ့မိန်းကလေးကို ကျွန်တော် အထူးဂရုစိုက် ဆောင်ရွက်ပေးလိုက်ပါ့မယ်လို့"

ပေါလ်သည် ကျွန်တော့်၏စကားကို သဘောကျသွားပြီး ရယ်လိုက်ပါသည်။ [illegible]. . .

"ကျေးဇူးပဲ ဘရက်ဒ်၊ ဒီလိုကိစ္စမျိုးတွေဟာ အီဒစ်အတွက် အရေးကြီး [illegible] ဘယ်ဆိုတာ ဘရက်ဒ် သိပါတယ်လေ"

"သိပါတယ်ဗျာ၊ စိတ်ချပါ"

ကျွန်တော်တို့နှစ်ဦး အခြားထွေရာလေးပါး စကားအချို့ပြောပြီး [illegible] ပါ၏။ ကျွန်တော်သည် ဖုန်းပြောစဉ်က ရေးမှတ်ထားလိုက်သော [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏၊ ဆော်ဘင့်စ်အင်းနိုင်လာ ဆိုပါကလား။ ဝါရှင်တန်မြို့တော်မှ မိန်းမတိုင်းသည် ထိုဖာသည်မျိုးနှင့်ကြသည် ထင်ရဲ့၊ ပုံပန်းကလည်း တစ်ပုံစံတည်းပင်။

ဘွန်ဆော်သည် ဘောင်ပေါ်မှ အချက်ပေးခလုတ်ကို နှိပ်လိုက်၏။

စစ်တီအခန်းထဲသို့ တရွက် ခဲတံများဖြင့် ဝင်လာသည်။

ကျွန်တော်က-

"တဲ့... အလုပ် စလိုက်ကြစို့၊ ကျုပ်တို့ ကနေ့မနက် အချိန်တွေ တော်တော်ဖြုန်းပစ်ခဲ့ကြပြီးပြီ"

□□□

## အခန်း (၃)

အချိန်မှာ ညနေ လေးနာရီခွဲနေပြီဖြစ်၏။ ကျွန်တော်သည် လက်ထောက်ဖြစ်သူ ခရစ်နှင့် သံမဏိကုမ္ပဏီအတွက် လုပ်ကိုင်ပေးရမည့် လုပ်ငန်းသဘာဝ၊ ကုန်ကျမည့်ငွေအမျိုးအစားများကို တွက်ချက်နေကြချိန်ဖြစ်သည်။ ထိုစဉ် အချက်ပေးမြည်သံထွက်ပေါ်လာ၏။ ကျွန်တော်သည် စားပွဲခုံရှိရာသို့ ခပ်မြန်မြန်လျှောက်သွားကာ အပြင်ခန်းနှင့်ဆက်သွယ်သည့်ခလုတ်ကို နှိပ်လိုက်ပြီး-

"ဘယ်ကဖုန်းကိုမှ လက်ခံစကားမပြောနိုင်ဘူး မစ်ကီ"

ကျွန်တော်၏လေသံမှာ မကျေမနပ်အသံ ပါဝင်နေမည်ဖြစ်သည်။ ဆက်၍-

"စောစောကတည်းက အသေအချာ ပြောထားရက်သားနဲ့"

ကျွန်တော်သည် ဆက်သွယ်ရေးခလုတ်ကိုပိတ်လိုက်ပြီး ခရစ်ရှိရာ ပြန်လျှောက်လာခဲ့၏။ ကျွန်တော်က-

"ကဲ... ခရစ်၊ အချက်အလက်တွေနဲ့ တီတိကျကျ စာရင်းပေးစမ်းပါဦး"

ခရစ်သည် ကျွန်တော့်ကို မော့ကြည့်နေ၏။ ခရစ်၏ မှတ်သုံးပြားပြားများကြီးများသော သံမဏိကိုင်း မျက်မှန်ဝိုင်းကြီးအောက်တွင် တောက်ပနေသည့်မျက်ဝန်းကို ကြည့်ရသည်မှာ ပျော်နေပုံရ၏။ ဟုတ်သည်၊ ခရစ်သည် ငွေစာရင်းများကို တွက်ချက်ပြောပြရမည်ဆိုပါက အမြဲပျော်နေသူတစ်ဦး ဖြစ်ပါ၏။ ခရစ်က-

www.burmeseclassic.com

www.burmeseclassic.com



"တစ်ပတ်ကို တစ်ကြိမ် သတင်းစာ ဂျာနယ်ပေါင်း (၄၀၀) မှာ သတင်းတွေ ကြော်ငြာတွေ ထည့်ရမယ်"

ခရစ်၏လေသံမှာ တိကျလှသည်။ သူက ဆက်၍-

"အဲဒါအတွက် ကုန်ကျစရိတ် တွက်လိုက်တော့ ဒေါ်လာ (၅၁၅၀၀၀) ကျမယ်၊ ကျွန်တော်တို့အတွက် (၁၅) ရာခိုင်နှုန်း ကော်မရှင်က (၇၇၀၀၀) ရမယ်၊ ပန်းချီဒီဇိုင်းတို့ သတင်းကော်ပီတို့ ပြင်ဆင်လုပ်ကိုင်ပေးရတာတို့အတွက် တစ်ပတ်ကို ဒေါ်လာ (၁၀၀၀) လောက် ကုန်ကျမှာဖြစ်တော့ တစ်နှစ်လုံးအတွက် ဒေါ်လာ (၅၂၀၀၀) လောက် ရမယ်"

ကျွန်တော်သည် စိတ်မရှည်စွာဖြင့် ခရစ်၏စကားကို ဝင်၍ဖြတ်ခါ-

"ကောင်းတာပေါ့ကွ၊ သိပ်ကောင်းတာပေါ့၊ ဒါပေမယ့် အဲဒီလောက်ကြီးတဲ့ တာဝန်ကြီးကို ကျုပ်တို့နိုင်ပါ့မလား၊ ကျုပ်က မနိုင်ဝန်လဲ မထမ်းချင်ဘူး၊ မနှစ်က မေဆင်ကုမ္ပဏီရဲ့အလုပ်ကို လွဲမှားပြီး လက်ခံမိတာမျိုးလဲ မဖြစ်ချင်ဘူး"

ခရစ်သည် ကျွန်တော့်ကို မော့ကြည့်လိုက်၏။ ကျွန်တော်သည် မေဆင်ကုမ္ပဏီ၏ အလုပ်ကို လက်ခံရာ၌ ဒေါ်လာ (၃၅၀၀၀) ဖြင့် လက်ခံခဲ့ခြင်းဖြစ်ပြီး အလုပ်၏ တကယ့်ကုန်ကျစရိတ်မှာ ဒေါ်လာ (၆၀၀၀၀) ဖြစ်သွားသောကြောင့်ပင်တည်း။ ခရစ်က အေးစက်စက်ပြုံးလိုက်ပြီး-

"အဲဒါကြောင့် ခင်ဗျား ကျုပ်ကို လစာပေးပြီး ခန့်ထားရတာပေါ့၊ အဲဒီလို အမှားမျိုး နောက်တစ်ခါ မမှားရအောင်လေ"

ကျွန်တော်သည် ခေါင်းညိတ်ပြလိုက်၏။ ပြီးမှ-

"ဘယ်လောက်လဲ"

"တစ်ပတ်ကို ဒေါ်လာ (၄၀၀) လေ၊ ကျုပ်တို့ လုပ်ခဲ့ကြလို့ ဒေါ်လာ (၁၀၈၀၀၀) တိုးတက်မှုပြနေပြီ"

ကျွန်တော်သည် ပြုံးပြလိုက်၏။

"ကောင်းပါ့ဗျာ၊ ကောင်းပါ့၊ တော်ပါ့"

ကျွန်တော်သည် ခရစ်၏ပခုံးကိုပုတ်၍ ချီးကျူးစကား ပြောလိုက်ရပါသည်။ နောက်-

"ကဲ. . . ကျုပ်တို့လုပ်ရမယ့် ကြော်ငြာစီမံကိန်းကို ကြည့်ရအောင်လား"

ခရစ်သည် နံရံတစ်ဘက်ပေါ်တွင် ပထမဆုံးတစ်သုတ် ကြော်ငြာနမူနာများ ချိတ်ဆွဲထားရာဘက်သို့ မလှည့်မီ တစ်ချက်ပြုံးလိုက်ပါသည်။ နံရံပေါ်တွင် ကြော်ငြာဒီဇိုင်း (၁၀) ခု ချိတ်ဆွဲထားပါ၏။ ကြော်ငြာဒီဇိုင်း (၁၀) ခုစလုံးမှာ သေသေသပ်သပ် လှလှပပ အညိုရောင်ဘောင်များ တပ်ထားပါသည်။

ထိုစဉ် ကျွန်တော်တို့ နောက်ကျောဘက်မှ တံခါးဖွင့်သံကို ကြားရသည်။ [illegible]တော်သည် နောက်သို့ လှည့်ကြည့်လိုက်၏။

ကျွန်တော်တို့ထံသို့ လျှောက်လာသော မစ်ကီကို တွေ့ရ၏။ ကျွန်တော်တ[illegible]မာလေသံဖြင့်-

"တို့ အလုပ်လုပ်နေတာ အနှောင့်အယှက် မပေးပါနဲ့လို့ ပြောထားတယ် [illegible]လား"

မစ်ကီကမူ ကျွန်တော်စိတ်တိုနေပုံကို ဂရုမထားဘဲ အေးအေးဆေးဆေးလေသံ [illegible]

"ဘရက်ဒ်နဲ့တွေ့ဖို့ မစ္စက်ရှိုင်လာ ရောက်နေပါတယ်"

ကျွန်တော်သည် မစ်ကီကို ငေးကြောင်ကြောင် ကြည့်လိုက်မိပါ၏။

"ဘယ်က မစ္စက်ရှိုင်လာလဲ၊ ကျုပ်လဲ မသိပါလား"

မစ်ကီသည် သူမ၏လက်ထဲမှ ကိုင်လာသော လိပ်စာကတ်ပြားလေးကို ငုံ့[illegible]ကြည့်လိုက်ပြီး-

"မစ္စက်ဟော်တင့်စ်အီးရှိုင်လာတဲ့"

ကတ်ပြားပေါ်မှ စာလုံးများကိုဖတ်လိုက်ပြီး ကတ်ပြားကို ကျွန်တော့်လက်ထဲ [illegible]ရာ-

"ဘရက်ဒ်နဲ့တွေ့ဖို့ သေသေချာချာ ချိန်းထားပြီးသားပါလို့ ပြောပါတယ်"

ကျွန်တော်သည် မစ်ကီကမ်းပေးလာသော လိပ်စာကတ်ပြားကလေးကို ယူ၍ [illegible]ကြည့်လိုက်ပါသည်။ ကတ်ပြားပေါ်တွင် ၎င်းနာမည်စာလုံးများသာ ရိုးရိုးရှင်းရှင်း [illegible]ထားပါသည်။ ကျွန်တော့်ခေါင်းထဲတွင် ဘာမှထူးထူးခြားခြား မှတ်သားမိခြင်း[illegible]။ ကျွန်တော်သည် ကတ်ပြားလေး မစ်ကီလေး ပြန်ပေးယင်း-

"ကျုပ် ချိန်းထားတယ်ဆိုတာ မမှတ်မိပါဘူး၊ ကျုပ်က ဒီနေ့ နေ့လယ်ပိုင်းတစ်[illegible] ခရစ်နဲ့ အလုပ်လုပ်ဖို့ဆိုပြီး ဘယ်သူ့ကိုမှ ချိန်းထားမိတာ မရှိပါဘူး"

မစ်ကီသည် ကျွန်တော့်လက်ထဲမှ ကတ်ပြားလေးကို ပြန်ယူပါသည်။ မစ်ကီ၏ [illegible]ထဲတွင် တစ်မျိုးတစ်ဖုံ ဖြစ်နေ၏။ မစ်ကီက-

"ဒါဆိုရင် ကျွန်မက ဘာပြောလိုက်ရမလဲ"

ကျွန်တော်က ပခုံးနှစ်ဘက် တွန့်လိုက်၏။

"ပြောချင်ရာသာ ကြည့်ပြောလိုက်ကွာ၊ ကျုပ် မြို့ထဲသွားတယ်တို့ [illegible] [illegible]အဝေးခန်းမထဲ ရောက်နေတယ်လို့၊ အဆင်ပြေသလို ပြောလိုက်ပေါ့ [illegible] [illegible]သွားယင် ပြီးတာပဲ၊ ကျုပ် ဒီ လုပ်လက်စအလုပ်ကို လက်စသတ်[illegible]"

ကျွန်တော်သည် ပြောပြောဆိုဆို ကြော်ငြာများ ချိတ်ထား[illegible]

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

ထိုသော် ခစ်တီ၏စကားသံက ကျွန်တော့်ပခုံးပေါ်မှကျော်၍ ရောက်လာပြန်ပါသည်။ ခစ်တီ . .

“အမျိုးသမီးက ပြောပါတယ်၊ အခုလို တိုတောင်းတဲ့ အချိန်အတွင်းမှာ ချိန်းပြီး တွေ့ရတာမို့ ဘရက်ဒ်အနေနဲ့ ခက်ခဲမယ်၊ မလွယ်ကူဘူးဖြစ်မယ်ဆိုတာ သိပါတယ်တဲ့ ဒါပေမယ့် သူကလဲ နက်ဖြန်နေ့လယ် ဝါရှင်တန်ကို ပြန်ရမှာမို့ ဘယ်အချိန်မှာ တွေ့နိုင်မှ ဖြစ်နိုင်ပါသလဲတဲ့”

ခစ်တီ၏စကားထဲမှ ဝါရှင်တန်ဆိုသည့် စကားလုံးသည် ကျွန်တော်၏မှတ်ဉာဏ်ကို ငွေ့သွားစေပါသည်။ ကျွန်တော် မှတ်မိသွားပြီ ဖြစ်ပါသည်။ ယခုလာနေသူက အီဗန်၏ မိန်းကလေးတစ်ဦးပင် ဖြစ်နေပါ၏။ သည်တော့-

“မစ်ကီရယ်၊ ဝါရှင်တန်မြို့ကလာတဲ့ ဧည့်သည်ဆိုပြီး စောစောက ဘာဖြစ်လို့ မပြောရတာလဲ၊ အဲဒီလို မဖြစ်ရလေအောင် ပေါလ်က ကျုပ်ကို ကြိုပြီးဖုန်းဆက်ထားတာပေါ့၊ တွေ့မှဖြစ်မှာပေါ့”

ထိုစဉ် ကျွန်တော့်ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာပါသည်။

“မစ်တီ ခဏလေး ထိန်းထားကွာ၊ စောင့်နေရတဲ့အတွက် တောင်းပန်ပါတယ်လို့ ပြောထား၊ ကျုပ် အဆင်သင့်ဖြစ်ဖြစ်ချင်း အကြောင်းကြားလိုက်မယ်”

ခစ်တီ၏မျက်လုံးထဲမှ တစ်မျိုးတစ်ဖုံ ဖြစ်ပေါ်နေခြင်းသည် ပျောက်ကွယ်၍ ကျေနပ်သည့်ပုံ ရပါသည်။

“အိုကေ ဘရက်ဒ်”

မစ်ကီသည် ထိုသို့ပြောဆိုပြီး အခန်းထဲမှ လှည့်ထွက်သွားလေ၏။

ကျွန်တော်သည် ခရစ်ကိုကြည့်လိုက်ပြီး မကျေမနပ်နှင့်-

“ကဲ ကျုပ်တို့ ရပ်ထားကြဦးစို့ရဲ့၊ ကျန်တဲ့ကိစ္စတွေ မနက်ကျမှ ဆက်ပြီးဆွေးနွေးကြတာပေါ့”

ခရစ်က-

“ခင်ဗျားက မနက်ဖြန်နေ့ခင်း နှစ်နာရီမှာ မစ္စတာမက်ဘရက်ဒီနဲ့ သူ့ရဲ့ ကော်မတီနဲ့ တွေ့ရမှာနော်၊ မနက်ကျမှ ဆက်ဆွေးနွေးရမယ်ဆိုရင် အစီအစဉ်ကြီးတစ်ခုလုံး လိပ်ပတ်မလည်သေးဘူး ဖြစ်နေမယ်”

ကျွန်တော်သည် အလုပ်စားပွဲရှိရာသို့ လျှောက်လာခဲ့ပြီ ဖြစ်ပါသည်။

“ဒါတော့လဲ မတတ်နိုင်ဘူး ခရစ်ရေ၊ ဟိုကျမှ မသေချာတာရှိနေရင် ကြုံဖန်ပြီး ဖြေရှင်းရမှာပေါ့၊ ဒါမျိုးတွေ ကြုံဖူးပါတယ်၊ လုပ်ဖူးပါတယ်ကွာ”

ခရစ်သည် ကျွန်တော်၏ စားပွဲရှေ့မှာ လာရပ်၏။ သူ့မျက်နှာပေါ်တွင် ကျေနပ်



(…)သည့် မျက်နှာထားရှိနေ၏။ သူက-

“ဒီငနဲတွေက လျှင်တယ်နော်”

ကျွန်တော်သည် ကျွန်တော်၏ အလုပ်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။

“သိပ်ပြီး ပူမနေပါနဲ့ ခရစ်ရယ်၊ ဒီငနဲတွေကလဲ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် (…)ပဲဟာ၊ သူတို့ အရက်ကြိုက်တတ်မယ်၊ မိန်းမကြိုက်တတ်မယ်၊ ငွေကြိုက်တတ် (…) သူတို့လဲ တို့လို ဘောင်းဘီနဲ့အင်္ကျီ ဝတ်ကြတာပါပဲ၊ သူတို့မှ ထူးထူးခြားခြား (…)ောင်ပံပေါက်နေတဲ့ လူစားမျိုးတွေ မဟုတ်ပါဘူး၊ တခြားတခြားလူတွေဆီက တို့ (…)ောင်ယူနိုင်ခဲ့သလိုပဲ သူတို့ဆီကလဲ ရမှာပါ၊ ဘယ်သူပဲဖြစ်ဖြစ် ဘာကြိုက်တတ်တယ်၊ (…)ချင်တယ်ဆိုတာ သိဖို့ပဲ အရေးကြီးတာပါ၊ အဲဒီအချက်က အညာပါပဲ၊ အညာကို (…)င် အဲဒီအလုပ်ကို တို့ရပြီသာ မှတ်ပေတော့၊ အဲဒီလောက် လွယ်ပါတယ်ကွ”

ကျွန်တော်သည် မစ်ကီထံသို့ ဆက်သွယ်သည့် ခလုတ်ကိုနှိပ်နေစဉ် ခရစ် (…) ခေါင်းတယမ်းယမ်းနှင့် ဖြစ်နေ၏။ ကျွန်တော့်စိတ်ထဲတွင် ရယ်ချင်၍လာ၏။ (…)၏ အခြေအနေမှာ သနားစရာကောင်းလှသောကြောင့် ဖြစ်ပါသည်။ ခရစ်သည် (…)မှလွဲ၍ တခြားဘာမှမရှိဆိုသော ရှေးဟောင်းခေတ်ကြီးထဲမှ မထွက်နိုင်သေးသော (…)ကြောင့် ဖြစ်ပါသည်။

ကျွန်တော့်ခေါင်းထဲတွင် တစ်ချိန်က အဖြစ်အပျက်တစ်ခုကို ပြန်၍မှတ်မိလာ (…)ထိုအဖြစ်အပျက်ကား ကျွန်တော်က ခရစ်အား ကျွန်တော်တို့၏ အလုပ်ရှင်တစ်ဦး (…)တ် အမျိုးသမီးတစ်ဦး စီစဉ်ရှာပေးရန် ညွှန်ကြားလိုက်မိသောအချိန်က ဖြစ်ပါသည်။ (…)ထိုစဉ်က ခရစ်၏မျက်နှာမှာ ရှက်၍နီရဲသွားပုံသည် ဘယ်တော့မှ မပျောက်နိုင်တော့ဟု (…)တ်မှလောက်အောင်ပင် ဖြစ်ပါ၏။

ကျွန်တော်သည် အပြင်ခန်းနှင့် ဆက်သွယ်ရေးခလုတ်ကို နှိပ်လိုက်ပြီး-

“အိုကေပဲ မစ်ကီရေ၊ ညည်းရဲ့အဘွားကြီးကို အထဲလွှတ်လိုက်တော့”

တစ်ဖက်ဖုန်းခွက်ထဲမှ မစ်ကီ၏ အသက်ရှူသံပြင်းပြင်းတစ်ချက်ကို (…)လိုက် ရသည်။ မစ်ကီက-

“ဘာပြောတယ် ဘရက်ဒ်”

ကျွန်တော်သည် စိတ်မရှည်တော့ပါ။

“ဘာပြောရမှာလဲ၊ အဘွားကြီးကို အထဲလွှတ်လိုက်တော့လို့ ပြောနေတာပေါ့ မစ်ကီ ညည်း ဒီနေ့ဘာဖြစ်နေတာတုံး၊ နားများလေးနေလို့လား”

တစ်ဖက်ဖုန်းခွက်ထဲမှ မစ်ကီ၏ တိုးတိုးတိတ်တိတ် ရယ်သံထွက်လာ(…) မစ်ကီက-

“ဘရက်ဒ် ရှင် ဒီအမျိုးသမီးကို အယင်က တစ်ခါမှ မတွေ့(…)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စိတ်မရှည်စွာဖြင့်-

"မတွေ့ဖူးဘူး၊ ဒီနေ့ ဒီတစ်ခါတွေ့ပြီးယင်လဲ နောက်ထပ်မတွေ့ပါရစေနဲ့လို့ ဆုတောင်းတယ်"

သည်တစ်ခါတွင်မူ မစ်ကီသည် ပွင့်ပွင့်လင်းလင်း ရယ်မောနေပြီဖြစ်ရာ မစ်ကီ၏ ရယ်သံသည် ဖုန်းခွက်ထဲမှာ အတိုင်းသား ကြားနေရပါသည်။ မစ်ကီက-

"ရှင့်ရဲ့ဆုတောင်း ပြောင်းသွားလိမ့်မယ်ဆိုတာ ကျွန်မ ဆယ်လေးတစ်လေ အကျောပေးပြီး လောင်းလိုက်ချင်တာ ဘရက်ဒ်ရယ်၊ မပြောင်းဘူးဆိုရင်တော့ နောက်တစ်ခါ ရှင်က ကျုပ် အမျိုးသမီးတွေကို စိတ်မဝင်စားတော့ဘူးဆိုတဲ့ စကားပြောယင် ကျွန်မယုံပြီ"

မစ်ကီသည် အခန်းချင်း ဆက်သွယ်သည့်ခလုတ်ကို အပြင်မှ ပိတ်လိုက်ပါသည်။ ကျွန်တော်သည် ခရစ်ကို မော့ကြည့်ယင်း-

"မစ်ကီတော့ ရူးသွားပြီထင်တယ် ခရစ်"

ခရစ်သည် ကျွန်တော့်အား ခပ်ယဲ့ယဲ့ပြုံးပြပြီး တံခါးပေါက်ရှိရာသို့ ထွက်သွားသည်။ သူ တံခါးပေါက်နားသို့ အရောက်တွင် တံခါးသည် ပွင့်သွား၏။ ခရစ်သည် ပွင့်လာသောတံခါးပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်ပါသည်။ ခရစ်၏မျက်နှာပေါ်တွင် မျက်နှာထားတစ်မျိုး ဖြစ်သွားပါသည်။ ထိုမျက်နှာထားမျိုးကို ရှေးယခင်က ခရစ်၏မျက်နှာပေါ်တွင် ကျွန်တော် မတွေ့ဖူးခဲ့ပါ။

ခရစ်သည် အပြင်သို့ထွက်သွားပြီး အမျိုးသမီးသည် အထဲသို့ ဝင်လာပါသည်။ သည်တော့မှ ခရစ်၏မျက်နှာ ဘာကြောင့် ပြောင်းလဲသွားရသည် ဆိုခြင်းကို ကျွန်တော် သဘောပေါက်သွားရပါလေ၏။ ခရစ်ဆိုသည့် နဲဒသား၏ သွေးထဲတွင် ဒေါ်လာများသာ ရှိနေသည်ဟု ကျွန်တော်ထင်မှတ်ခဲ့ခြင်းမှာ မဟုတ်သေးပါကလား။

ကျွန်တော့်မျက်နှာပေါ်မှ ဖြစ်ပေါ်သွားသော မျက်နှာထားမှာလည်း ထူးထူးခြားခြား သိသာနေမည်မှာ ရှင်းလှပါသည်။ အကြောင်းမှာ အမျိုးသမီးကို အထဲသို့ပို့ပြီး ခရစ်နှင့်အတူ အပြင်ထွက်၍ တံခါးပြန်ပိတ်သွားသော မစ်ကီ၏မျက်နှာပေါ်မှ ပြုံးလိုက်သော အပြုံးကြောင့်ပင် ဖြစ်ပါ၏။

ကျွန်တော်သည် ထိုအမျိုးသမီးနှင့် တွေ့ဆုံရန် ကျွန်တော်၏ အလုပ်စားပွဲကို ပတ်လျှောက်လိုက်ရစဉ် ကျွန်တော်၏ ခြေထောက်များသည် ကောင်းစွာခိုင်မာပုံမရတော့ကြောင်း ကျွန်တော့်ရင်ထဲမှာ သိနေရပါ၏။

"မစ္စက်ရှိုင်လာပါလား ခင်ဗျာ"

ကျွန်တော်သည် လက်ဆန့်ပေးလိုက်ယင်း-

"ကျွန်တော်က ဘရက်ဒ်ဂိုဝန်ပါ"



အမျိုးသမီးသည် ပြုံးပြ၍ ကျွန်တော်၏လက်ကို ဆုပ်ကိုင်နှုတ်ဆက်ပါသည်။

"ကျွန်မ ရှင်နဲ့တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာဂိုဝန်"

အမျိုးသမီး၏လေသံမှာ တိုးတိတ်ညင်သာလှ၏။ ဆက်၍-

"အီဒစ်က ရှင့်ရဲ့အကြောင်းကို သိပ်ပြောထားတာပဲ"

ကျွန်တော့်နားထဲတွင် အမျိုးသမီး၏စကားသံမှာ ငွေဆည်းလည်းသံများ တီးလိုက်သကဲ့သို့ ချိုမြိန်စွာ ဝင်ရောက်၍ သွားပါသည်။

ကျွန်တော်သည် အမျိုးသမီးကို ကြည့်လိုက်၏။

ကျွန်တော်သည် မိန်းမချော မိန်းမလှများစွာကို မြင်နေခဲ့ဖူးသူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်သည် ရုပ်ရှင်ကုမ္ပဏီတစ်ခု၌ လုပ်ကိုင်ခဲ့ဖူးသူဖြစ်ရာ ကမ္ဘာတစ်ခုလုံးက အလှဆုံးဟု သတ်မှတ်ခြင်းခံရသည့် ရုပ်ရှင်မင်းသမီးချော မိန်းမလှများစွာနှင့် တွေ့ဖူးပါသည်။ ဘချို့ကို ပိုးလည်းပိုးခဲ့ပါသည်။ တစ်ချို့ဆိုလျှင် ပတ်လည်း ပတ်သက်ခဲ့ဖူးပါ၏၊ ထိုသူများသည် ကျွန်တော်၏စိတ်ကို ကိုင်လှုပ်နိုင်ခြင်း မရှိခဲ့ပါ။ ဆန့်ကြဲ့တား ထဲတွန်းသော အဆင့်မျိုးသာ ရှိခဲ့ပါသည်။

သို့သော် ဤအမျိုးသမီးကား အလွန်ထူးခြားလှပါ၏။

ဤအမျိုးသမီးကား အဆင့်အတန်းရှိသည်။

ပန်းမျိုးစုံအောင် အလှပြထားသည့် ပန်းဆိုင်ပြတင်းပေါက်မှ အဖိုးတန် သစ်ခွပန်း ရှားရှားကြီးမျိုး။

ကျီးကန်းတို့အလယ်မှ ထူးခြားတင့်တယ်နေသည့် ရွှေဟင်္သာငှက်လိုပုံမျိုး။

ကမ္ဘာကျော် ရောက်ဗျာနှင့် တန်မာစတိန်း၏ ဂီတသံမျိုး။

နွေဦးနံနက်ခင်း နွေးထွေးသော နေရောင်မျိုး။

ခိုင်မြဲတည်တံ့ပြီး စိမ်းလန်းလှပသည့် ကမ္ဘာမြေအပြင်မျိုး။

ညစာစားအပြီး ရှုတီဘရန်ဒီ သောက်ရတာမျိုး။

သည်လိုသည်လို နိုင်းနှိုင်းရမည့် မိန်းမမျိုးဖြစ်ပါသည်။

အမျိုးသမီး၏ ဆံပင်များမှာ နူးညံ့ပျော့ပျောင်းပုံရ၏။ အညိုရောင်ဖြစ်သည်။ နောက်ကတွင် ခပ်တိုတိုညှပ်ထားပြီး နောက်ဘက်တွင် ရှည်လျားလျက် သူမ၏ပခုံးပေါ်၌ ဝဲကျနေ၏။ မျက်လုံးအရောင်မှာ အပြာရင့်ရင့်ဖြစ်ကာ ခရမ်းသွေးဘက်သို့ လှခွင်ခွင် ဖြစ်နေပါသည်။ အမျိုးသမီးမျက်နှာမှာ မဝိုင်းလှပါ။ မေးရိုးမြင့်မြင့် ဖြစ်ပါသည်။ နှုတ်ခမ်းအစုံကာမူ ပြည့်ဝန်း၍ နူးညံ့ပုံရပါသည်။ သူမ၏သွားများမှာ ညီညာလှပေသည်။ သွားဆရာဝန်က ညီညာစွာ စိုက်ထားပုံမျိုးမဟုတ်ဘဲ သဘာဝအတိုင်း ညီညာနေသည့်ပုံမျိုး ဖြစ်၏။

ကျွန်တော်သည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး သီးသန့်ဝေးပြီး

www.burmeseclassic.com

www.burmeseclassic.com



သွေး အစွမ်းအစများကို ကြိုးစား၍ ထုတ်လိုက်ပါသည်။ ရုတ်တရက်ဆိုသလိုပင် စိတ်ထဲ[...] ၌ ကျွန်တော်သည် တင်းနစ်ဖြစ်ဖြစ်၊ ဂေါက်ရိုက်သည်ပဲဖြစ်ဖြစ် လေ့ကျင့်ခန်းတစ်ခု လုပ်ခဲ့မိယင် ကောင်းမှာပဲ၊ ဒါဆိုရင် အခု ငါ့ဗိုက် နည်းနည်းထွက်နေတာ ချပ်နေမှာပဲ[...] အောက်မေ့မိသွားပါသည်။ သို့သော် ယခုမှတော့ မတတ်နိုင်တော့ပါ။

ကျွန်တော်က-

"ကျွန်တော့်ကို မစ္စတာဂိုဝန်လို့ မခေါ်ပါနဲ့ဗျာ၊ ဘရက်ဒ်လို့ပဲ ခေါ်ပါ"

ပြောပြောဆိုဆိုပင် စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးကို အမျိုးသမီးထိုင်ရန် [...] ထုတ်ပေးယင်း-

"ထိုင်ပါခင်ဗျာ"

အမျိုးသမီးသည် အသာအယာပင် ထိုင်လိုက်ပါသည်။

ကျွန်တော်သည် အလုပ်စားပွဲနောက်ရှိ ကျွန်တော်၏ကုလားထိုင်သို့ ပြ[...] လျှောက်ကာ ထိုင်လိုက်ချိန်အထိ စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းနိုင်ခြင်း မရှိသေးပါ။

ကျွန်တော်သည် အမျိုးသမီးကို ကြည့်လိုက်၏။

အမျိုးသမီးသည် ဝတ်ဆင်လာသော လက်အိတ်နှစ်ဖက်ကို ချွတ်လိုက်ရာ[...] သူမ၏ လက်ချောင်းကလေးများကို မြင်ရပါသည်။ လက်ချောင်းကလေးများမှာ ဖြူ[...] သွယ်သွယ်လှလှများ ဖြစ်ပြီး လက်သည်းများပေါ်တွင် သန္တာရောင် ဆိုးထားပါသည်[...] ဘယ်ဘက်တွင် စိန်လက်စွပ်တစ်ကွင်းသာ ဝတ်ဆင်ထားပါသည်။ တခြားရတနာပစ္စည်း[...] များ ဝတ်ဆင်ထားခြင်း မရှိ။

ကျွန်တော်က-

"ပေါလ်က ခင်ဗျားလာတွေ့မယ်လို့ ကြိုပြီးဖုန်းဆက်ထားပါတယ်၊ ဒါပေမယ့် ဒီလောက်မြန်မြန်ကြီး ရောက်လာမယ် ထင်မထားခဲ့မိဘူး၊ ကဲ. . . ကျွန်တော် ခင်ဗျား[...] အတွက် ဘာများလုပ်ပေးနိုင်ပါသလဲဆိုတာ အမိန့်ရှိပါ မစ္စက်ရှိုင်လာ"

အမျိုးသမီးသည် ပြုံးလိုက်ပြန်ပါသည်။ အမျိုးသမီး၏ အပြုံးကြောင့် တစ်ခန်း[...] လုံးတွင် အခြားအလင်းရောင်ဟူသမျှ မှေးမှိန်သွားစေသလို ဖြစ်သွားပါ၏။

သူမက-

"ကျွန်မကိုလဲ အယ်လိန်းလို့ပဲ ခေါ်ပါရှင်"

"အယ်. . . လိန်း. . ."

ကျွန်တော်သည် အမျိုးသမီး ပြောလိုက်သည့်အတိုင်း သံယောင်လိုက် ရေရွတ်[...] လိုက်မိပါသည်။

အမျိုးသမီးက ပြုံးပြန်ပါသည်။

"ကျွန်မက ကျွန်မရဲ့ ဟော်တင့်စ်ဆိုတာကြီးကိုလဲ မကြိုက်ဘူးရှင်"





သူမ၏လေသံမှာ ယုံကြည်စိတ်ချရသူအချင်းချင်း ကိုယ်ရေးကိုယ်တာကိစ္စကို [...]ပြောနေသလိုမျိုး ဖြစ်နေပါသည်။ ဆက်၍-

"အဲဒီလို နာမည်မျိုးကိုမှ ရွေးပြီးမှည့်ပေးခဲ့တဲ့ မေမေ့ကို စိတ်ထဲမှာ မကျေနပ်[...]ဘူးရှင်"

သည်တစ်ချီတွင်မူ ကျွန်တော်က ပြုံးလိုက်ပါ၏။

"ခင်ဗျား ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်ဗျာ၊ ကျွန်တော့် [...]ခရစ်ယာန်နာမည်ကလဲ ဘားနတ်တဲ့၊ ဒီတော့ လူတိုင်းက ဘာနီ ဘာနီနဲ့ ခေါ်ကြ[...]ပေါ့ဗျာ"

အမျိုးသမီးသည် ရွှေရောင်စီးကရက်ဗူးပြားလေးထဲမှ စီးကရက်တစ်လိပ် [...]တ်လိုက်ပါသည်။

ကျွန်တော်သည် ကပျာကယာပြေးထပြီး မီးခြစ်ခြစ်၍ ပေးလိုက်မိပါသည်။ [...]းသမီးသည် စီးကရက်ကို တစ်ရှိုက်အားပါးတရရှိုက်လိုက်ပြီး မီးခိုးများကိုမှု ဖြည်း[...]ချင်း ပြန်ထုတ်ပါသည်။

ကျွန်တော်သည် ကျွန်တော်၏ ကုလားထိုင်ရှိရာသို့ ပြန်လာပြီး ထိုင်လိုက်ပါ[...] ကျွန်တော့်စိတ်ထဲတွင် ကျွန်တော့်ဘာသာ ငြင်းခုံနေဆဲဖြစ်ပါသည်။ ကျွန်တော်ကိုယ်[...]လည်း နားမလည်နိုင်ပါ။

အမျိုးသမီးသည် ကျွန်တော့်ကို သူမ၏ ပြာရွှန်းသောမျက်လုံးအစုံဖြင့် ကြည့်[...]

"အီဒစ်က ရှင့်ကိုသွားတွေ့ဖို့ ညွှန်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့. . ."

စကားကို တစ်ပိုင်းတန်းလန်းဖြတ်၍ အမျိုးသမီးက တိုးတိုးတိတ်တိတ် ရယ်[...]က်ပါသည်။ ပြီးမှ-

"ရှင်တစ်ယောက်ပဲ ကျွန်မလုပ်ချင်တဲ့အလုပ်ကို အကူအညီပေးနိုင်တယ်တဲ့[...]"

ကျွန်တော်သည် အမျိုးသမီးနှင့်အတူလိုက်၍ ရယ်လိုက်မိပါသည်။ တဖြည်း[...] ကျွန်တော့်စိတ်ထဲတွင် နေသာထိုင်သာ ရှိလာပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်[...] ထိန်းသိမ်းနိုင်လာပြီဖြစ်ပါ၏။ အခြေအနေကလည်း အကြောင်းတရားအရ [...]န်တော့်မြေ၊ ကျွန်တော့်နယ်၊ ကျွန်တော် ကျွမ်းကျင်ရာသို့ ရောက်လာပြီဖြစ်၍ [...]န်တော်သည် အခြေခံကို သဘောပေါက်သွားပြီ ဖြစ်သည်။ ထုံးစံအတိုင်း [...]တစ်ခုပဲဖြစ်မည်။

ကျွန်တော်သည် အမျိုးသမီးကို ကြည့်လိုက်မိပြန်၏။ [...] [...]ဝိုက်မိသွားသည့်အချက်မှာ အီဒစ်က လွှတ်လိုက်သည့် မိန်း[...]

www.burmeseclassic.com

www.burmeseclassic.com



ဤနှယ်မျိုး ဖြစ်လိမ့်မည်ဟု စိတ်ထဲမှာ တွေးမထားမိသောကြောင့် ဖြစ်ပါ၏။ ကျွန်တော့် စိတ်ထဲတွင် အီဒစ်၏ မိန်းကလေးဆိုသည်ကို တွေးထင်မိသမျှမှာ အီဒစ်ကဲ့သို့သော အသက်အရွယ်၊ ရုပ်ရည်မျိုး ရှိပေလိမ့်မည်ဟု မှန်းဆမထားမိသောကြောင့်သာ ဖြစ်ပါ၏။

ကျွန်တော်က အလုပ်သဘောမျိုးဖြင့်-

"ဘယ်လိုများ ကူညီပေးရမှာလဲခင်ဗျာ"

အမျိုးသမီးက-

"ဒီလိုပါ၊ ကျွန်မတို့ရဲ့ မြို့ကော်မတီက ကျွန်မကို ကလေးများရဲ့ ကျန်းမာဖွံ့ဖြိုး မှုလုပ်ငန်းမှာ ဘုတ်အဖွဲ့ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါတယ်၊ အဲဒီကလေးများရဲ့ ကျန်းမာဖွံ့ဖြိုးမှုလုပ်ရပ် အောင်မြင်ဖို့အရေးမှာ ရှင်က အကူအညီပေး ဆောင်ရွက်ပေးစေ ချင်လို့ပါ"

ကျွန်တော့်ရင်ခေါင်းထဲတွင် နင်တင်တင် တစ်ဆို့ဆို့ကြီး ခံစားလိုက်ရပါတော့ သည်။ ဤအမျိုးသမီးကား တကယ်ပင် အီဒစ်၏ 'မိန်းကလေး' ပါကလား။ ဘယ်လောက် ဥပမိရုပ်က လှနေသည်ဖြစ်စေ သူတို့အတွက် အရေးကြီးဆုံး လိုအပ်ချက်မှာ သူတို့လုပ် ရပ်၊ သူတို့ရဲ့ အောင်မြင်မှုကို သတင်းစာထဲတွင် များများပါဖို့ သူတို့ကိုယ်သူတို့ ကြော်ငြာ ရဖို့၊ နာမည်ကြီးဖို့ အဓိကထားကြမြဲပါကလား။ ကျွန်တော်သည် အကြီးအကျယ် စိတ် ပျက်သွားမိပါသည်။

ဘာကြောင့် စိတ်ပျက်သွားသည်ကိုမူ ကျွန်တော် မသိပါ။ သို့သော် စိတ်ပျက် သွားသည်ကမူ အမှန်ပင်ဖြစ်ပါ၏။ ဝါရှင်တန်မြို့တော် မဟာအသိုက်အဝန်းမှ မိန်းမမျိုး သည် အားလုံးအတူတူပါကလား။ အဆင့်အတန်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဂုဏ် ပကာသန ကျော်ကြားမှုနောက်ကို လိုက်နေကြသူများပါကလား။ သတင်းကြော်ငြာ တစ်ထပ်ကြီး အပါခံချင်သူများပါကလား။

ကျွန်တော်သည် ထိုင်ရာမှထလိုက်၏။

"ကျွန်တော် ဝမ်းမြောက်ဝမ်းသာ အကူအညီပေးပါ့မယ် မစ္စက်ရှိုင်လာ"

ကျွန်တော့်လေသံမှာ သံပြတ်ဖြစ်သွားပါသည်။ ဆက်၍-

"ခင်ဗျားရဲ့နာမည်ရယ်၊ လိပ်စာရယ်ကို ကျွန်တော့်ရဲ့ အတွင်းရေးမှူးဆီမှာ ပေးခဲ့ပါ၊ ခင်ဗျားတို့ ကော်မတီရဲ့ လှုပ်ရှားမှုသတင်းတွေ၊ ကြော်ငြာတွေ၊ အောင်မြင်မှု တွေ သတင်းစာတွေထဲမှာ သေသေချာချာ ပါပါစေ့မယ်"

အမျိုးသမီးသည် ကျွန်တော့်ကို တအံ့တသြ ကြည့်လိုက်ပါသည်။ အမျိုးသမီး သည် ကျွန်တော်က ဤသို့ဤပုံ ဆွေးနွေးမှုကို ပြီးဆုံးရပ်တန့်လိုက်၍ အံ့သြခြင်း၊ မကျေ မနပ်ဖြစ်ခြင်းများ ရောထွေးသွားပုံ ရပါသည်။ သည်တစ်ကြိမ်ပြောလိုက်သော သူမ၏ လေသံမှာ မယုံမကြည်လေသံများ ပါနေ၏။ သူမက-



"ရှင် လုပ်ပေးနိုင်တယ်ဆိုတာက ဒါပဲလား မစ္စတာဂိုဝန်"

ကျွန်တော်သည် စိတ်အနှောင့်အယှက်ဖြစ်စွာဖြင့် အမျိုးသမီးကို ကြည့်လိုက် ပါ၏။ ကျွန်တော့်စိတ်ထဲတွင်လည်း ပင်ပန်းခြင်း၊ မကျေမနပ်ဖြစ်ခြင်းတို့ ရောထွေးနေကြ ပါသည်။ ဤသို့သော အထက်လွှာမမများ၊ သားမွေးကုတ်များ ဝတ်ဆင်၍ ဟန်ရေးပြတာ လူမှုရေးလုပ်ငန်းကို ပကာသနအဖြစ် လုပ်နေကြသူများ၊ သူတို့၏ ကော်မတီလုပ်ရပ်များ ကို တွေး၍ မကျေမနပ် ဖြစ်မိပါသည်။ သို့ဖြင့်-

"ခင်ဗျားလိုချင်တာ ဒါပဲမဟုတ်လား မစ္စက်ရှိုင်လာ၊ အဲ. . . သတင်းစာတွေထဲ မှာ ဓာတ်ပုံ လက်မဘယ်လောက် အရေအတွက်နဲ့ ပါမယ်ဆိုတာတော့ ကျွန်တော်လဲ အာမခံမပေးနိုင်ဘူးပေါ့ဗျာ၊ ဒါပေမယ့် ပါနိုင်သလောက် ပါရပါစေ့မယ်လို့ ကတိပေးပါ တယ် ခင်ဗျားလိုချင်တာ ဒါပဲမဟုတ်လား"

အမျိုးသမီး နှုတ်ခမ်းများသည် တင်းတင်းစေ့သွားပါသည်၊ သူမ၏ မျက်လုံး အရောင်သည် ပြာရာမှမှောင်လာပြီး အေးစက်၍လာပါသည်။ အမျိုးသမီးသည် အသံ လုံးမထွက်ဘဲ ထိုင်နေရာမှ ထလိုက်ပါသည်။ လက်ထဲမှ သောက်ယက်စ စီးကရက်ကို ပြာခွက်ထဲကို ထိုးချေလိုက်ပြီး ကုလားထိုင်ဘေးမှာ တင်ထားသော သူမ၏ အိတ်ဆောင်စာအုပ်ကလေးကို ယူလိုက်သည်။

ထို့နောက် ကျွန်တော့်မျက်နှာကို ကြည့်လိုက်လေ၏။ သူမ၏မျက်နှာမှာ အေး စက်တင်းမာလျက် ရှိပါသည်။ သူမ၏လေသံမှာ ကျွန်တော့်လေသံထက် ပို၍တင်းမာနေ ၏။ သူမက-

"ရှင် ကျွန်မကို နားလည်တာလွဲနေပြီ မစ္စတာဂိုဝန်၊ ကျွန်မက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ထင်ပေါ်ကျော်ကြားမှုအတွက် ဒီအလုပ်ကို လုပ်နေတာ မဟုတ်ဘူး ကျွန်မဘဝမှာ ကျော်ကြားမှုတွေများလွန်းလို့ လိုအပ်တာထက်တောင် ပိုနေပါပြီ၊ ကျွန်မ ရှင့်ဆီကို လာတွေ့ရတဲ့အကြောင်းက ကျွန်မလုပ်ချင်တဲ့ လူမှုရေးလုပ်ငန်း တကယ်တန်း ထိထိရောက်ရောက် အောင်မြင်ချင်လို့၊ ဒီလုပ်ငန်းကလဲ လာမယ့်နှစ်သစ် ဇန်နဝါရီလမှာ မှာ၊ ဒီလုပ်ငန်းရဲ့ ဥက္ကဋ္ဌတာဝန်ကို ယူလိုက်တာကလဲ ကလေးတွေရဲ့ ကျန်းမာရေးကို မှ ကိုယ့်အသည်းနှလုံးလိုချစ်တဲ့ ကလေးတစ်ယောက် ဆုံးရှုံးရတဲ့အခါမှာ ဘယ်လောက် ထိခိုက်ရတယ်၊ ကြေကွဲရတယ်ဆိုတာ ကျွန်မကိုယ်တိုင်သိလို့၊ ကျွန်မဆုံးရှုံးခဲ့ရသလို တခြားဇနီးသည်တွေ၊ မိခင်တွေ မခံစားရစေချင်လို့ရှင့်၊ သိလား"

ပြောပြောဆိုဆို အမျိုးသမီးသည် အခန်းတံခါးရှိရာ ထ၍သွားပါသည်။ ပါသနှင့်ပြောလိုက်သော အမျိုးသမီး၏ မျက်နှာတစောင်းပုံသည် ကျွန်တော့်ခေါင်းထဲ မှ မှတ်ဉာဏ်များကို ထပ်၍ပွင့်သွားစေပြန်ပါသည်။ သူမ၏နာမည် အကြည်ဓာတ်ဆည်း ကျွန်တော့်ပါးစပ်မှ ယောင်မှားရွတ်ဆိုလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မရှက် အေးစင်အိနိုင်လာ"

ခုတော့ ကျွန်တော် သိပါပြီ၊ ဇာတ်လမ်းကြီးတစ်ခုလုံး အစအဆုံးကို ကျွန်တော် သိသွားပါပြီ။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း တုံးလှ၊ အ,လှ၊ ထိုင်းလှသူတစ်ဦးအဖြစ် သိရှိသွားခဲ့တော့သည်၊ နေ့စဉ်တ သတင်းစုတိုင်း သူမ၏သတင်းမှာ အကျော်ဒေးယျ ဝင်နေတိုင်း ဝင်ခဲ့သည် မဟုတ်ပါလား၊ သူမ၏ အမြွှာရင်သွေးနှစ်ဦးနှင့် သူမ၏ခင်ပွန်းသည် အဓိုးပျော့ရောဂါဖြင့် ဆုံးပါးခဲ့ရသည့်သတင်း။

ကျွန်တော်သည် အပြေးအလွှားပင် လိုက်၍ အမျိုးသမီး တံခါးမဖွင့်နိုင်မီ တားလိုက်မိပါ၏။ ကျွန်တော်သည် ကပျာကရာ တံခါးပေါက်ကို ကျောနှင့်မှီ၍ အမျိုးသမီး မထွက်နိုင်အောင် ပိတ်ဆို့လိုက်ပါသည်။

အမျိုးသမီးက ကျွန်တော့်ကို မော့၍ကြည့်ပါသည်။ သူမ၏ မျက်လုံးအိမ်ထဲတွင် ခေါ်သမျက်ရည်များ ရစ်ဝဲနေသည်ကို တွေ့ရပါ၏။

ကျွန်တော်က နှိမ့်ချနောင်တရသော လေသံဖြင့်-

"မစွက်နိုင်သာခင်ဗျား ဘယ်ကိစ္စမဆို ကိုယ့်ကိုယ်ကို သိပြီးသားလို့ အောက်မေ့နေတဲ့ ကျွန်တော့်လို လူစားမျိုးတစ်ယောက်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ ရှက်ပါတယ်"

အမျိုးသမီးသည် ကျွန်တော်၏ မျက်လုံးတည့်တည့်ကို အတန်ကြာကြာ ကြည့်လိုက်ပါသည်၊ ပြီးမှ သက်ပြင်းရှည်ကြီးတစ်ချက် ချပြီးနောက် တိုးတိုးတိတ်တိတ်ဝင် စောစောတ ထိုင်ခဲ့သော ကုလားထိုင်ရှိရာသို့ လျှောက်သွား၍ ထိုင်ပါသည်။ သူမသည် ရွှေရောင်စီးကရက်ဗူးပြားထဲမှ စီးကရက်တစ်လိပ် ထုတ်ပါသည်။ စီးကရက်ကို ကိုင်လိုက်သော သူမ၏လက်များမှာ တုန်ယင်နေပါ၏။ ကျွန်တော်သည် သူမ စီးကရက်အတွက် မီးခြစ် ခြစ်ပေးလိုက်ပါသည်။

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော်က ခင်ဗျားကို တခြား ကျော်ကြားမှုရှာတဲ့ အမျိုးသမီးမျိုး အောက်မေ့သွားလို့ပါ"

အမျိုးသမီး၏ မျက်လုံးအစုံသည် ကျွန်တော့်ကို စူးစိုက်ကြည့်နေဆဲ ဖြစ်ပါသည်။ သူမ၏ မျက်နှာတစ်ဝိုက်တွင် စီးကရက် မီးခိုးဖြူဖြူများ ရစ်ဝေ့ဝိုင်းနေသည်ကို ကျွန်တော် မြင်ရပါသည်။ ထို့နောက် ကျွန်တော်သည် အမျိုးသမီး၏ မျက်လုံးအစုံမှ အပ ဘာမှ မမြင်တော့ပါ။

ကျွန်တော်သည် အမျိုးသမီး မျက်လုံးပြာပြာမှိုင်းမှိုင်းထဲမှ မချိမဆံ့ ခံစားရသော ဝေဒနာလှိုင်းကြားထဲတွင် နစ်မြုပ်သွားသလို ခံစားရပါသည်။ ကျွန်တော်သည် အမျိုးသမီး၏ တစ်ကိုယ်လုံး သိမ်းကြုံးပွေ့ဖက်ပြီး သူမခံစားနေရသည့် ဝေဒနာ သက်သာရာရပေးလိုစိတ်ကို အတင်းကြိုးစား ထိန်းအုပ်လိုက်ရပါသည်။ မည်သူတစ်ဦးတစ်ယောက်



ဤရွှေ့ဤမျှသော သောကဝေဒနာကို ခံစားနားလည်နိုင်မည် မထင်ပါ။

အမျိုးသမီး၏ လေသံမှာ တိုးတိတ်ညင်သာလှပါသည်။

သူမက-

"ကောင်းပြီလေ. . . ရှင်တကယ်ပဲ ကျွန်မရဲ့အလုပ်ကို ဖြစ်မြောက်အောင် ကူညီမယ်ဆိုရင် ကျွန်မ ရှင့်ကို ခွင့်လွှတ်ပါ့မယ် ဘရက်ဒ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တယ်လီဖုန်းသံ မြည်လာ၏။ ကောက်၍ ကိုင်လိုက်သောအခါ ခရစ်ထံမှ ဖြစ်နေ၏။ ခရစ်က-

"စာရင်းကိုင်က ပြီးခဲ့တဲ့လ အသားတင် ဝင်ငွေစာရင်း လာပြီးပြနေတယ်"

ကျွန်တော်သည် အယ်လိန်းကိုကြည့်လိုက်ပြီး ပြုံး၍-

"ခဏလေးနော်၊ အလုပ်ကိစ္စရှိလို့"

အယ်လိန်းက ခေါင်းညိတ်ပြ၏။

"လုပ်ပါ၊ ပြောပါ"

ကျွန်တော်သည် ဖုန်းခွက်ကိုကိုင်၍-

"ပြော ခရစ်"

ခရစ်သည် သူ၏ထုံးစံအတိုင်း ခြောက်ကပ်ကပ်လေသံဖြင့်-

"အမြတ်ခွန်မနုတ်ရသေးခင် ဝင်ငွေက နှစ်သောင်းတစ်ထောင်၊ အမြတ်ခွန် နုတ်လိုက်မယ်ဆိုယင် ကိုးထောင်"

"ကောင်းပြီလေ၊ အသေးစိတ်တွေ ပြော"

"ခင်ဗျားမှာ အချိန်ရရဲ့လား"

ဖုန်းထဲမှ ခရစ်၏အသံတွင် သရော်တော်တော် လေသံပါနေရှာသလားဟု တွေးထင်သွားမိ၏။



ကျွန်တော်သည် အေးစက်စက်လေသံဖြင့်-

"ပြောပါ၊ ရပါတယ်"

ခရစ်သည် အသေးစိတ် ရွတ်လေတော့သည်။ အမြတ်ငွေများ၊ အရှုံးငွေများ ...ယားများမှ ဂဏန်းများ၊ ငွေများ။ ကျွန်တော်သည် ဖုန်းခွက်ထဲမှ ခရစ်၏အသံကို ...ထောင်နေမိခြင်း မရှိပါ။ ကျွန်တော်သည် အမျိုးသမီးကိုသာ ကြည့်နေမိပါ၏။

အမျိုးသမီးအယ်လိန်းသည် ကြော်ငြာပိုစတာများ၊ အချက်အလက်များ ချိတ် ...ထားသော နံရံရှိရာသို့ လျှောက်သွားလေသည်။ အမျိုးသမီး၏ လမ်းလျှောက်ပုံကို ...တော် သဘောကျသည်။ ကိုယ်ခန္ဓာမတ်ထားပုံကို နှစ်သြိုက်သည်။ နံရံပေါ်မှ ပုံများ ...ည့်စဉ် ခေါင်းကို ရှေ့နောက်တိမ်းလိုက်ပုံသည်လည်း လှသည်။ မိန်းကလေး တစ် ...ိုင်လုံးမှာ ကျက်သရေရှိနေ၏။

အယ်လိန်းသည် ကျွန်တော်စိုက်ကြည့်နေသည်ကို ခံစားသိသွားပုံရ၏၊ ...တ်ဘက်သို့လှည့်လိုက်ရာ ကျွန်တော်၏ မျက်လုံးများနှင့် ရင်ဆိုင်တိုးသွေသည်။ ...လေးသည် တအံ့တသြဖြစ်မသွားဘဲ ရိုးရိုးအေးအေးပင် ပြုံးပြ၏။

ကျွန်တော်သည် ဖုန်းခွက်ကိုကိုင်ယင်း ပြန်ပြုံးပြလိုက်ရလေ၏။ အယ်လိန်း ...ည် နံရံဘက်မှခွာ၍ စားပွဲသို့ပြန်လာပြီး မူလကုလားထိုင်မှာ ပြန်ထိုင်သည်။

ခရစ်၏ ရှည်လျားသော ကိန်းဂဏန်းဇာတ်လမ်းမှာ ထိုအချိန်မှ ပြီးသွားလေ ... ကျွန်တော်သည် ဖုန်းခွက်ကို ချလိုက်၏။ အယ်လိန်းကို မော့ကြည့်ကာ-

"တောင်းပန်ပါတယ်နော်"

အယ်လိန်းက-

"တောင်းပန်စရာ မလိုပါဘူးရှင်၊ ကျွန်မ နားလည်ပါတယ်"

အယ်လိန်းသည် နံရံဘက်သို့ မျက်လုံးဝေ့လိုက်ပြီးမှ-

"အဲဒီကြော်ငြာဒီဇိုင်းတွေက တစ်မျိုးပဲနော်၊ ဒီဇိုင်းတွေက ပစ္စည်းတစ်မျိုးတစ်စား ...ီး အထူးပြု ကြော်ငြာထားတာမဟုတ်ဘဲ 'သံမဏိရဲ့ အသုံးချပုံ'ကိုပဲ ပြထားကြတယ်"

ကျွန်တော်က-

"ဟုတ်ပါတယ်၊ ရည်ရွယ်ချက်ကလဲ အဲဒါပဲကိုး၊ ဒီကြော်ငြာတွေဟာ အမေရိ ... သံမဏိကုမ္ပဏီကြီးအတွက် အထူးကြော်ငြာစီမံကိန်းရဲ့ တစ်ပိုင်းတစ်စပေါ့"

အယ်လိန်းက-

"သြော် (---) ကုမ္ပဏီရဲ့ ပြည်သူ့ဆက်သွယ်ရေး ကြော်ငြာစီမံကိန်းအတွက်

အံ့သြရသူမှာ ကျွန်တော်ဖြစ်ပါ၏။ ကျွန်တော်က-

"ခင်ဗျား ဒီအကြောင်းကို သိသလား"

www.burmeseclassic.com

www.burmeseclassic.com



“လွန်ခဲ့တဲ့ နှစ်ပတ်လုံးလုံး ကျွန်မ ဒီအကြောင်းချည်းပဲ ကြားနေခဲ့ရတာပဲ”

ကျွန်တော်သည် အူကြောင်ကြောင်ဖြစ်သွား၏။ ထိုအချက်ကို ရှင်းလင်းသော အားဖြင့် အယ်လိန်းက-

“ကျွန်မရဲ့ဦးကြီး မက်သရှူးဘရက်ဒီက အဲဒီကုမ္ပဏီ ချယ်ရာမင် ဘုတ်အဖွဲ့ ဥက္ကဋ္ဌလေ၊ ကျွန်မ ဦးကြီးမက်သရှူးရဲ့အိမ်မှာ ရက်နှစ်ပတ်နေခဲ့ပြီး အခု ဒီကိုလာခဲ့တာပဲ”

ကျွန်တော်သည် လေတစ်ချက် ချွန်လိုက်မိပါ၏။ မက်သရှူးဘရက်ဒီဆိုသူမှာ အမေရိကန် သံမဏိရာဇဝင်မှ လက်ကျန်လူဟောင်းကြီးတစ်ဦး ဖြစ်ပါသည်။ တကယ့် စီးပွားရေးကျားကြီး ဖြစ်ပါသည်။ အဘိုးကြီးသည် ထက်မြက်သည်။ အေးစက်သည်။ ရက်ရက်စက်စက် လုပ်ရဲသည်ဟု သတင်းကြီးလှသူတစ်ဦးဖြစ်ပြီး ကျွန်တော်တို့ ကြော်ငြာ လုပ်ငန်းရရှိဖို့အတွက် အရေးကြီးဆုံး ရင်ဆိုင်ရမည့် ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ ခရစ်ကြောက် နေသော ပုဂ္ဂိုလ်မှာလည်း မက်သရှူးဘရက်ဒီပင် ဖြစ်ပါ၏။

အမျိုးသမီးသည် ကျွန်တော့်မျက်နှာကို ကြည့်ကာ-

“ရှင့်မျက်နှာပေါ်မှာ အူကြောင်ကြောင် မျက်နှာထား ဘာဖြစ်လို့ ဖြစ်သွား တာလဲ၊ ရှင့်စိတ်ထဲမှာ ဘာတွေများ တွေးမိသွားလို့လဲ”

ကျွန်တော်သည် အမျိုးသမီး၏ မျက်လုံးများကို တည့်တည့်ကြည့်လိုက်ပါ သည်။ ၎င်းနောက် ဤအမျိုးသမီးသည် ရိုးရိုးသားသား ဝန်ခံဆက်ဆံမှုဖြစ်မည်ဟု နား လည်ဆုံးဖြတ်လိုက်ပါ၏။ ကျွန်တော်က-

“ကျွန်တော်က တွေးနေတာပါ၊ ကျွန်တော့်ကိုယ် ကျွန်တော် သည်တစ်ခါတော့ လူမိုက်ကံကောင်း ဖြစ်သွားရပြန်ပြီလို့၊ ကျွန်တော်က ခင်ဗျားကို ကျွန်တော့်ရုံးခန်းထဲက မောင်းထုတ်ခဲ့မိတော့မလို့လေ၊ ခင်ဗျားရဲ့ဦးကြီးက မက်သရှူးဘရက်ဒီ ဖြစ်နေတယ် အဲ. . . မောင်းများ ထုတ်ခဲ့မိယင်တော့ ခင်ဗျားဦးကြီးတော်ရဲ့ ကြော်ငြာလုပ်ငန်းရဖို့ဆို တာ ဘယ်မျှော်လင့်ချက် ရှိတော့မှာလဲ”

“ရှင့်စိတ်ထဲမှာ အဲဒါကြောင့် ကျွန်မအတွက် အပြောင်းအလဲ ရှိနိုင်တယ်လို့ ထင်သလား”

အမျိုးသမီး၏ မျက်နှာပေါ်မှ အပြုံးအရယ် အရိပ်များသည် မှေးမှိန်ပျောက် ကွယ်စပြုလာပြီ ဖြစ်ပါ၏။

ကျွန်တော်က ခေါင်းကိုခါယမ်း၍-

“ခင်ဗျားအတွက်တော့ အပြောင်းအလဲ မရှိနိုင်ပါဘူး၊ မထူးခြားပါဘူး၊ ဒါပေ မယ့် ကျွန်တော့်အတွက်တော့ ပြောင်းလဲသွားနိုင်တာပဲ၊ ထူးခြားသွားနိုင်တာပဲ၊ ကျွန်တော် သာ ခင်ဗျားဦးကြီးဖြစ်မယ်၊ မက်ဘရက်ဒီ ဖြစ်မယ်ဆိုယင်တော့ ကျွန်တော့်ရဲ့တူမကို ဘယ်ငနဲမှ မောက်မောက်မာမာ ရုံးခန်းထဲက မောင်းထုတ်တာကို မကြိုက်နိုင်ဘူး”



အပြုံးရိပ်များသည် အမျိုးသမီး၏ မျက်လုံးထဲမှာ ပြန်၍ဝင်လာပါသည်။ ...-

“ဒါဆိုယင်တော့ ရှင် ကျွန်မရဲ့ ဦးကြီးအကြောင်းကို မသိသေးလို့ ဖြစ်မှာပဲ ...ခဲ့ ဦးကြီးက အလုပ်ကိစ္စနဲ့ ပတ်သက်လာယင် ဘယ်ကိုယ်ရေးကိုယ်တာ ကိစ္စ ...တ်တာ မဟုတ်ဘူး”

“ဟုတ်ကဲ့၊ ကျွန်တော်လဲ အဲဒီလိုပဲ ကြားပါတယ်”

ကျွန်တော် ကြားဖူးတာတွေကမှ အများကြီးဖြစ်ပါသည်။ သို့သော် သူ၏တူမ ...ကို ကျွန်တော် ပြောပြ၍မဖြစ်ပါ။

အမျိုးသမီးက-

“ဒါပေမယ့် ဦးကြီးက သဘောကောင်းပါတယ်၊ ကျွန်မကတော့ ဦးကြီးကို ...ချစ်တာပဲ”

ကျွန်တော်သည် ကိုယ့်ဘာသာ ပြုံးလိုက်မိပါ၏။ ကျွန်တော့်စိတ်ထဲတွင် ...ကြီး မက်သရှူးဘရက်ဒီကို သဘောကောင်း မနောကောင်း ပုဂ္ဂိုလ်အဖြစ် တွေးမြင် ...င်မရပါ။ မက်ဘရက်ဒီသည် သာမန်သံမဏိစက်ရုံ သေးသေးကလေးကို တစ်ပြည်လုံး ...ရေးကပ်ဆိုက်သော နှစ်များတွင် အမျိုးမျိုးသော အထုအထောင်း အတိုက်အခိုက် ...ကို အနိုင်ယူပြီး အကြီးဆုံးကုမ္ပဏီဖြစ်အောင် လုပ်လာခဲ့သူဖြစ်ပါသည်။ သူ၏ ...သမ်းတစ်လျှောက်တွင် သူ အလဲထိုးလှဲသိပ်ခဲ့သူပေါင်း ဘယ်ရွေ့ဘယ်မျှ များပြားမည် ...င်းကိုတော့ ဘုရားသခင်မှ သိနိုင်မည်ဖြစ်ပါသည်။

ကျွန်တော်သည် စားပွဲပေါ်မှ စောစောက ခရစ်ထံမှ ဖုန်းမလာမီ အယ်လိန်း ...င်ချင်သော စီမံကိန်းအတွက် ပြောပြထားသည့် အချက်အလက်မှတ်စုများကို ကြည့် ...-

“ကဲပါ၊ အဲဒီအကြောင်း တော်ကြပါစို့၊ ကျွန်တော်တို့ လုပ်စရာရှိတာ လုပ်ကြ ...အောင်၊ ခင်ဗျားရဲ့ကိစ္စမှာ အဓိကပြဿနာကတော့ အများပြည်သူက ကံမကောင်း ...ကြောင်းမလှလို့ ဖြစ်ရပါတယ်ဆိုတဲ့ ဇာတ်လမ်းမျိုးတွေ ကြားရလွန်းလို့ နားငြီးနေကြပြီ ...မဝင်စားကြဘူး ဖြစ်နေပြီလေ၊ မကြားချင်တော့ဘူးပေါ့၊ ဒါပေမယ့် ဒီကိစ္စမှာ ခင်ဗျား ...ဩ်ရှိတယ်ဆိုယင် လုပ်စရာတော့ရှိပါတယ်”

အမျိုးသမီး၏နှုတ်ခမ်းသည် တင်းတင်းစေ့သွား၏။

“အဲဒီလုပ်ငန်းအတွက်ဆိုယင် ကျွန်မ ဘာမဆိုလုပ်ရဲတယ်ရှင်”

“ကောင်းပြီလေ၊ ဒါဆိုရင် ကျုပ်တို့ သတင်းစာသမားတွေ ... ...မြင်သံကြား သတင်းဌာနက လူတွေအားလုံးကို စုလိုက်မယ်၊ ... ...ပေါ့၊ တွေ့ဆုံတဲ့အခါမှာ ခင်ဗျားက ခင်ဗျားရဲ့ ဘဝဖြစ်စဉ်ကို နှိုင်းယှဉ်...

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏ မျက်နှာပေါ်တွင် အရိပ်ထိုးသလို ညှိုးမှောင်၍သွားပါသည်။ ကျွန်တော်သည် ဤမျက်နှာကလေးပေါ်လောက် ဝမ်းနည်းကြေကွဲမှု ဝေဒနာခံစားနေ သည့် အရိပ်အယောင်များ ပြည့်နှက်နေသည်ကို တခြားဘယ်မှာမှ မတွေ့ဖူးပါ။ ကျွန် တော်သည် ညင်သာစွာ ရှေ့ရွယ်ဘဲနှင့် စားပွဲပေါ်တင်ထားသော အမျိုးသမီး၏ လက် ကလေးများကို ကိုင်ဆုပ်လိုက်ပါသည်။ အမျိုးသမီး၏ လက်ကလေးများသည် ပကတိ ငြိမ်သက်နေကြ၏။

ကျွန်တော်သည် နှစ်သိမ့်သောလေသံဖြင့်-

"ခင်ဗျား မလုပ်ပါနဲ့တော့ဗျာ၊ တခြားနည်းလမ်းတွေလဲ ရှိဦးမှာပါ၊ ကျွန်တော် တို့ ရှာကြတာပေါ့"

အမျိုးသမီးသည် ငြိမ်ငြိမ်သက်သက်ပင် ကျွန်တော့်လက်ထဲမှ သူမ၏လက် များကို ဖယ်ထုတ်လိုက်ပါ၏။ နောက် ထိုလက်နှစ်ဘက်ကို စုံဆုပ်၍ အားယူလိုက်ပုံ ရ၏၊ သူမ၏မျက်လုံးများမှာ တည်ငြိမ်နေ၏။ သူမက-

"ကျွန်မ လုပ်ပါ့မယ်၊ ကျွန်မတို့ လုပ်ကြတာပေါ့၊ ရှင်ပြောတာ မှန်ပါတယ် အဲဒီနည်းဟာ အကောင်းဆုံးပါပဲ"

အမျိုးသမီးကား သတ္တိရှိသည်။ တကယ့်သတ္တိမျိုး ဖြစ်သည်။ မက်သရူး ဘုန်းကြီး၏ တူမတော်သည် သွေးနည်းစရာ ဘာမှမရှိ။ သူ့ဘကြီးကလည်း တူမတော် အတွက် ဘယ်တော့မှ ရှက်စရာရှိမည့် မိန်းကလေးမျိုး မဟုတ်ပါကလား။ ကျွန်တော် သည် အမျိုးသမီးကိုကြည့်၍-

"ကောင်းပါပြီဗျာ၊ ဒါမှပေါ့"

ထိုစဉ် အခန်းချင်းဆက်သွယ်သည့် အချက်ပြမြည်သံ ပေါ်လာသည်။ ကျွန်တော် သည် ခလုတ်ကိုနှိပ်လိုက်ပြီး-

"ပြောပါ"

မစ်ကီ၏အသံက ထွက်ပေါ်လာသည်။

"ခြောက်နာရီခွဲနေပြီ ဘော့စ်၊ ကျွန်မ ကနေ့ညနေပိုင်း လုပ်စရာတွေအများကြီး ချိန်းထားမိတယ်၊ စောင့်နေရဦးမှာလား"

ကျွန်တော်သည် လက်ပတ်နာရီကို ကြည့်လိုက်ပြီး မိမိကိုယ်ကိုမိမိ ကျိန်ဆဲ လိုက်မိသည်။ အချိန် သည်လောက်ရှိသွားမှန်းကို ကျွန်တော် သတိမထားမိခဲ့။ ကျွန်တော် က-

"စောင့်နေစရာ မလိုပါဘူး၊ မစ်ကီ သွားစရာရှိတာ သွားတော့၊ ကျွန်တော် ကျုပ်ဘာသာလုပ်ခဲ့မယ်"

မစ်ကီက-



"ကျေးဇူးပဲ ဘော့စ်၊ ကျွန်မစားပွဲပေါ်မှာ မှာစရာရှိတာ မှာခဲ့တဲ့ မှတ်စုတစ်..."

ကျွန်တော်သည် ဆက်သွယ်ရေးခလုတ်ကိုပိတ်၍ အယ်လိန်းကို ကြည့်လိုက်မိ သည်။

အယ်လိန်းက ပြုံး၍- "ကျွန်မ ရှင့်အချိန်ကို ဒီလောက်နောက်ကျသွားအောင် မရည်ရွယ်မိပါဘူးရှင်"

ကျွန်တော်က ပြန်၍-

"ကျွန်တော်ကလဲ ခင်ဗျားအတွက် နောက်ကျသွားအောင် မရည်ရွယ်မိပါဘူး"

အယ်လိန်းက-

"ဘယ်ဟုတ်မလဲ၊ ကျွန်မက ဘာမှပြဿနာမရှိဘူး၊ လူအား၊ ရှင့်မှာတော့ ချိန်းထားတဲ့ ညစာစားတာတို့ဘာတို့ လုပ်ရဦးမယ်မဟုတ်လား၊ ရှင့်အတွက် ကျွန်မက အားနာ တယ်"

"ကျွန်တော့်ဇနီး မာဂရက်က ပြဿနာမရှိပါဘူး၊ ကျွန်တော် ခုလို ညစာမမီ တာတွေကို ရိုးနေပါပြီ"

အမျိုးသမီးသည် ထိုင်ရာမှထပြီး သူမ၏လက်ကိုင်အိတ်ထားရာကို ထသွားပါ သည်။ ပြီးမှ-

"ဘာပဲပြောပြော ကျွန်မ သွားပါတော့မယ်"

အမျိုးသမီးသည် လက်ကိုင်အိတ်ထဲမှ နှုတ်ခမ်းနီဗူး သေးသေးရှည်ရှည်ကလေး ထုတ်၍ နှုတ်ခမ်းကိုဆိုးလိုက်၏။

ကျွန်တော်လည်း ထိုင်ရာမှထပြီး သူမအနားကိုသွား၍-

"ကျွန်တော်တို့ ဆွေးနွေးနေကြတာ ပြီးမှမပြီးသေးပဲဗျာ၊ နောက်ပြီး ခင်ဗျားက ပြန်ပြီး ဝါရှင်တန်ကို ပြန်ရဦးမယ်"

ကျွန်တော့်စိတ်ထဲတွင် အမျိုးသမီး ဤအခန်းထဲမှ [ကန်]ထွက်သွားမည်ကို စိုးရိမ် သောကဖြင့် ပြောလိုက်မိ၏။

အမျိုးသမီးသည် သူမကြည့်နေသော မှန်ဝိုင်းကလေးပေါ်မှ ကျွန်တော့်ကို ကြည့်၍-

"ဝါရှင်တန်ပြန်သွားလဲ နောက်အပတ်ကျယင် ကျွန်မ ဒီကိုပြန်လာမှာပဲ အဲ ဒီတော့ ဆက်ကြတာပေါ့"

ကျွန်တော်က အကြောင်းမရှိ အကြောင်းရှာပြီး-

"ပြဿနာတစ်ခု ဆွေးနွေးတယ်ဆိုတာ ပူပူနွေးနွေး ဆက်ပြောကြရယင် ကောင်းတာပေါ့ဗျာ၊ တစ်ပတ်ကြာသွားယင် သွေးအေးသွားတာမျိုးရှိပါတယ်"

အမျိုးသမီးသည် ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ရှင်က ဘယ်လိုစီစဉ်ချင်လို့လဲ"

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် လုပ်ကိုင်နေပုံများနှင့်ပတ်သက်ပြီး အံ့ဩ၍ နေမိပါသည်။ အမျိုးသမီး စကားဆုံးသည်နှင့် မဆိုင်းမတွပင်-

"ခင်ဗျားမှာ အခြားအချိန်းအချက် မရှိဘူးဆိုရင် ကျွန်တော်တို့နှစ်ယောက် ညစာ အတူစားကြမယ်ဗျာ၊ ပြီးတော့ ဒီရုံးခန်းမှာ ဆွေးနွေးလက်စကို အပြီးသတ်ကြတာပေါ့"

အမျိုးသမီးသည် ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်လိုက်သည်။ အတော်ကြာမှ ခေါင်းကို ခါယမ်းလိုက်ပြီး-

"ကျွန်မတို့ အဲဒီလိုမလုပ်ကြယင် ကောင်းမယ်၊ ကျွန်မကြောင့် ရှင့်ရဲ့ညနေခင်း အစီအစဉ်ကို ဖျက်ရမယ်ဆိုတာ မကောင်းပါဘူး၊ ခုလို ရှင့်ရဲ့အလုပ်ချိန်ထဲက အတင်းယူသုံးနေတာပဲ လွန်လှပါပြီ"

ကျွန်တော်သည် အမျိုးသမီးအတွက် သားမွေးကုတ်အင်္ကျီကို ကူညီဝတ်ဆင်ပေးလိုက်ယင်း-

"ကောင်းပြီလေ. . . ထားပါတော့"

ကျွန်တော့်အသံမှာ စိတ်ပျက်လက်ပျက်အသံ ပေါက်နေမည်ထင်ပါသည်။ ကျွန်တော်က ဆက်၍-

"ဒါဆိုလဲ အရက်ကလေး တစ်ခွက်တလေဖြစ်ဖြစ် အတူတူသောက်ကြတာပေါ့"

အမျိုးသမီးသည် နောက်သို့လှည့်လိုက်ပြီး ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်သည်။

"ရှင်က ဘာတွေများ စိတ်ကူးရနေတာလဲ ဘရက်ဒ်"

ကျွန်တော် အံ့ဩသွားသည့်မျက်နှာနှင့် အမျိုးသမီးကို ကြည့်လိုက်၏။ ထိုအံ့ဩမှုမှာ ဟန်ဆောင်ခြင်း ကင်းမှုကင်းပါလေစဟု ကျွန်တော်ကိုယ်တိုင်ပင် သံသယဝင်သည်။ ကျွန်တော်က-

"ဘာမှ စိတ်မကူးပါဘူး၊ အမျိုးသမီးတစ်ယောက်ကို အရက်ဝယ်တိုက်ဖို့ကိစ္စမှာ ဘာစိတ်ကူးနေရဦးမှာလဲဗျာ"

အမျိုးသမီး၏မျက်နှာသည် ပြုံးနေ၏။

"ဟုတ်ပါတယ်၊ ဘာမှစိတ်ကူးနေစရာ မလိုပါဘူးရှင်၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာတော့ ရှင်ဟာ တွေ့ရာအမျိုးသမီးတိုင်းကို အရက်လိုက်တိုက်ဖို့ ကြိုးစားတတ်တဲ့ လူစားမျိုး ဟုတ်တယ်မထင်လို့ပါ"

ကျွန်တော့်စိတ်ထဲတွင် ရှက်သွားပါသည်။ ကျွန်တော်က-



"ကျုပ် အဲဒီလိုလူစားမျိုး မဟုတ်ပါဘူးဗျာ"

အမျိုးသမီးသည် ကျွန်တော့်မျက်နှာကိုကြည့်၍ အဓိပ္ပာယ်ဖော်နေခဲ့ရာမှ အမျိုးသမီးက-

"ဒါဆိုရင် ဘာဖြစ်လို့ ကျွန်မကိုမှ. . ."

ကျွန်တော်သည် အူကြောင်ကြောင်လည်းဖြစ်၊ ရှက်လည်း ရှက်သွားပါသည်။ ကျွန်တော့်အဖြစ်မှာ မြီးကောင်ပေါက် လူပျိုလေးတစ်ယောက်က အမျိုးသမီးငယ်တစ်ဦးနှင့် အတူတကွ အလည်ထွက်ရအောင်ဟု ခွင့်တောင်းရာ မိန်းကလေးက ငြင်းပယ်ခြင်းခံရသလို ဖြစ်နေ၏။ ကျွန်တော်သည် အတတ်နိုင်ဆုံး အကောင်းဆုံးအဖြေကို ကြိုးစားရှာဖွေ၍-

"သြော် ခင်ဗျားဝင်လာလာချင်း ကျွန်တော် အဆင်မပြေ ဆက်ဆံခဲ့မိတဲ့အတွက် တောင်းပန်တဲ့သဘောမျိုးပေါ့ဗျာ"

အမျိုးသမီးသည် စိတ်သက်သာရာ ရသွားပုံရ၏။ သူမ စိတ်လှုပ်ရှားနေသည့်အမှုသည် လျော့ပါးသွားပုံရ၏။ သူမက ငြိမ်သက်အေးဆေးစွာဖြင့်-

"မလိုပါဘူးရှင်၊ ရှင့်ဘက်က တာဝန်ကျေခဲ့ပြီပဲ"

ကျွန်တော်သည် ဘာမှမပြောတော့ပါ။ အမျိုးသမီးသည် လက်ကိုဆန့်ပေးယင်း-

"ဂွတ်နိုက် ဘရက်ဒ်၊ အစစအရာရာအတွက် ကျေးဇူးပါပဲ"

ကျွန်တော်သည် အမျိုးသမီး၏လက်ကို ဆုပ်ကိုင်လိုက်ပါသည် လက်ကလေးမှာ သေးသေးပေါ့ပေါ့ကလေးဖြစ်ပြီး အသားအရည်မှာ ချောမွတ်နူးညံ့နေ၏။ ကျွန်တော် ကြည့်လိုက်သည်တွင် လက်ချောင်းကလေးများ ထိပ်တွင်ရှိ သန္တာရောင် လက်သည်းနီများမှာ ရောင်ပြန်ဟပ်လာ၏။ ကျွန်တော်သည် ပြုံးလိုက်မိပါ၏။

"ဂွတ်နိုက် အယ်လိန်း"

အယ်လိန်းက-

"ကျွန်မ တနင်္လာနေ့ကျရင် ဒီကိုပြန်လာပါ့မယ်၊ အဲဒီကျတော့ ရှင့်ဘက်က အဆင်ပြေမယ်ဆိုယင် ဆက်ဆွေးနွေးကြတာပေါ့"

"အချိန်မရွေးပါဗျာ"

ကျွန်တော်သည် ယခုထိ အယ်လိန်းလက်ကလေးကို မလွှတ်သေးဘဲ ကိုင်ထားနေမိပါသည်။ ကျွန်တော့်သွေးတိုးနှုန်း မြန်လာကြောင်း ကျွန်တော်ရိပ်မိ၏။

အယ်လိန်းသည် သူမလက်ကိုငုံ့ကြည့်ပြီး အသာအယာပင် ကျွန်တော့်လက်ထဲမှ ဆွဲထုတ်လိုက်ပါသည်။ အယ်လိန်းမျက်နှာ သွေးရောင်လွှမ်းသွားသည်ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိ၏။ အယ်လိန်းသည် နောက်သို့လှည့်ပြီး တံခါးရှိရာသို့ သွားသည်။

ကျွန်တော်က-

"တနင်္လာနေ့စောစောရောက်ယင် နေ့လယ်စာ အတူစားကြရအောင်"

အမျိုးသမီးသည် နောက်သို့လှည့်ကြည့်သည်။

"ဒီရုံးခန်းမှာပဲ ဝင်လာပြီးခေါ်ပေါ့၊ တစ်နာရီလောက်ဆိုယင် အဆင်ပြေပါ တယ်"

"ကောင်းပြီလေ၊ ဒါ ချိန်းပြီးသားပဲပေါ့"

အယ်လိန်း၏မျက်နှာမှာ အပြုံးမရှိပါ။

အယ်လိန်း အခန်းထဲမှထွက်သွားပြီး တံခါးပြန်ပိတ်သွားသည်။ ကျွန်တော် သည် ပိတ်လျက်သား ကျန်ရစ်သော တံခါးပေါက်ကို ငေးမော၍ ကြည့်ကျန်ရစ်၏ ပြီးမှ စားပွဲနောက်မှ ကုလားထိုင်ရှိရာသို့ လျှောက်လာပြီး ထိုင်ချလိုက်ပါသည်။ အယ်လိန်း ၏ရေမွှေးနံ့မှာ ကျွန်တော့်နှာခေါင်းထဲ၌ ခုထိ စွဲထင်ကျန်ရစ်ပါသည်။ ကျွန်တော် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်သောအခါမှ အနံ့ပျောက်သွား၏။ ကျွန်တော် သည် စားပွဲပေါ်ရှိ တယ်လီဖုန်းကို လှမ်းယူလိုက်ပြီး ဇနီးသည်မာဂီအား ညစာအချိန် မီရောက်အောင်ပြန်ရောက်မည်ဟု ဖုန်းဆက်ပြောကြားလိုက်ပါသည်။

□

အိမ်အပြန်လမ်းတစ်လျှောက်လုံးတွင် အယ်လိန်း၏အကြောင်းကိုပဲ တွေးနေမိ ပါသည်။ အယ်လိန်းအကြောင်း တွေးမိလေလေ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ဆိုး လေလေ ဖြစ်နေ၏။ ကျွန်တော် ဘာများ ဖြစ်သွားခဲ့ပါလိမ့်။ အယ်လိန်းသည် ကျွန်တော့် ဘဝတွင် တွေ့ဖူးသမျှ အမျိုးသမီးများအနက် အလှဆုံးမဟုတ်ပါ။ အယ်လိန်းထက်လှ သည့် အမျိုးသမီးပေါင်းများစွာကို ကျွန်တော် ကြုံဆုံဖူးပါသည်။ ပြီး အယ်လိန်းသည် တပ်မက်စရာ အကောင်းဆုံးလည်း မဟုတ်ပါ။ အယ်လိန်းသည် ထိုသို့သော မိန်းမစား မျိုးကား မဟုတ်။

ညစာစားချိန်သို့ ရောက်သည့်အခါတွင် ညစာစားယင်း ကျွန်တော်က မာဂီကို ဖြစ်ကြောင်းကုန်စင် ပြောပြမိပါသည်။ အယ်လိန်းဝင်လာစဉ် ကျွန်တော် ဆက်ဆံမိပုံမှ အစ အယ်လိန်း၏အကြောင်း အားလုံးကိုပဲ ဖြစ်ပါသည်။

ဇနီးသည်မာဂီသည် ကျွန်တော့်စကား အစအဆုံးကို စိတ်ဝင်တစား နားထောင် ပါသည်။ ကျွန်တော့်စကားဆုံးသည်နှင့် သက်ပြင်းတစ်ချက် သိသိသာသာကြီး ချလိုက်ပါ သည်။



ကျွန်တော်က-

"ဘာဖြစ်လို့ သက်ပြင်းချရတာလဲ"

မာဂီက လေသံတိုးတိုးဖြင့်-

"သနားစရာ ကောင်းလိုက်တာနော်၊ တကယ့် ကံကြမ္မာဆိုးရှာတဲ့ မိန်းကလေး ပဲ"

ကျွန်တော်သည် မာဂီကို ကြည့်လိုက်ပါသည်။ မာဂီသည် အမှောင်ခန်းထဲ တွင် မီးဖွင့်လိုက်သလို ကျွန်တော့်ဦးနှောက်ကို လင်းသွားစေပါသည်။ လက်စသတ်တော့ အကြောင်းတရားက ဤသို့ပါကလား။ မာဂီ၏စကားလုံးသည် ဖြစ်ရပ်မှန်ကို ရှင်းရှင်းကြီး ပြောလိုက်သလို ဖြစ်သွားပါသည်။ အယ်လိန်းရှိုင်လာဆိုသည့် အမျိုးသမီးသည် ကျွန်- တော့်အတွက် ဘာမှမဟုတ်ပါကလား။ သူနှင့်တွေ့ဆုံစဉ်မှာ ကျွန်တော်ခံစား စိတ်လှုပ်ရှား ခဲ့ခြင်းများမှာ အယ်လိန်း၏ ဘဝကြမ္မာဆိုးအတွက် ကျွန်တော် ဝမ်းနည်းစာနာမှုကြောင့် ပေါ်ခဲ့ခြင်းပါကလား။

ကျွန်တော့်စိတ်ထဲမှာ သက်သာရာ ရသွားပါ၏။ ကျွန်တော့်ကိုယ် ကျွန်တော် လည်း ထိန်းနိုင်သိမ်းနိုင်ဖြစ်လာ၏။ လက်စသတ်တော့ ဒါကြောင့်ကိုးဟု အကြောင်း ရှာသွားပါ၏။ ကျွန်တော် အိပ်ရာဝင်သောအခါ ကိုယ့်အတွေးနှင့်ကိုယ် ယုံသုံကြည် ကြည် ဖြစ်နေပြီဖြစ်ပါ၏။

သို့သော် ကျွန်တော့်အတွေးသည် တက်တက်စင် မှားနေပါ၏။ ထိုသို့ မှားနေ ကြောင်းကို တနင်္လာနေ့ ကျွန်တော့်ရုံးခန်းထဲသို့ အယ်လိန်းဝင်လာသောအခါ ကျွန်တော် ရှင်းရှင်းကြီး သိလိုက်ရပါတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တနင်္လာနေ့ ကျွန်တော် ရုံးခန်းရောက်လာချိန်တွင် ကျွန်တော်သည် မူလထုံးစံအခြေအနေသို့ ရောက်နေပြီဖြစ်ပါ၏။ ကျွန်တော်သည် အခြေအနေအားလုံးကို ချုပ်ကိုင်ထားနိုင်ပြီး ဖြစ်သည်။ အစီအစဉ်များလည်း ရေးဆွဲပြီးဖြစ်ပါသည်။ ကျွန်တော်သည် အယ်လိန်းနှင့်အတူ နေ့လယ်စာစားမည်။ ကျွန်တော်သည် ယဉ်ယဉ်ကျေးကျေး ဆက်ဆံမည်။ လိုအပ်သည့် အကူအညီများကို ပေးမည်။ ဒါပဲ. . . ဒါပဲ။

စားပွဲပေါ် ရောက်နှင့်သော နံနက်ပိုင်းစာအိတ်များကို ဖောက်ယင်း ကျွန်တော်သည် ကိုယ့်ဘာသာကိုယ် ပြုံးလိုက်ပါ၏။ ကျွန်တော်သည် ဘယ်လောက်များ ရူးလိုက်ပါလိမ့်။ ကိုယ့်ကိုယ်ကိုယ် ဒီ့ထက်သိဖို့ ထိန်းဖို့ကောင်းသည်ပဲ။ ကျွန်တော်သည် ရူးရမူးရမည့် အရွယ် မဟုတ်တော့ပါ။ ကျွန်တော်သည် လေးဆယ့်သုံးနှစ်ကျော်ခဲ့ပြီ မဟုတ်ပါလား။ နှလုံးခုန်ရမည့် ရင်တုန်ရမည့် အရွယ်လား။

ယောကျ်ားတစ်ယောက်၏ ဘဝတွင် မိန်းကလေးတစ်ယောက် အရေးကြီးသည့်အချိန်ဟူ၍ ရှိပါသည်။ အချစ်နှင့် လိင်ကိစ္စသည် သံတူကြောင်းကွဲလောက် ရှိတတ်စမြဲ ဖြစ်ပါသည်။ သို့သော် ထိုသို့ အရေးကြီးသည့် အချိန်ဆိုသည်မှာ ငယ်တုန်းရွယ်တုန်း ရင်ခုန်တုန်းပဲ ဖြစ်တတ်တာမျိုးပင်တည်း။ လေးဆယ့်သုံးနှစ်မှာ ဖြစ်ရသည်မျိုးမဟုတ်။ လေးဆယ့်သုံးနှစ် ရောက်လာပြီဆိုသောအခါ တခြားတခြားသော ကိစ္စများကို စဉ်းစားဖို့ လုပ်ကိုင်ဖို့ ရှိနေပြီဖြစ်ပါ၏။ ဤကား ဓမ္မတာပင် ဖြစ်ပါ၏။



အသက်လေးဆယ့်သုံးနှစ် ရောက်လာပြီဖြစ်သောအခါ အချစ်ကိစ္စ လိင်ကိစ္စ ... ဆောင်ရွက်ရန် ပင်ပန်းကြီးစွာ အားထုတ်ရပြီဖြစ်၏။ စိတ်ရောကိုယ်ပါ အားထုတ်ရ ... ကိစ္စမျိုးဖြစ်သည်။ ထိုသို့ အားထုတ်မှုမျိုးသည် လေးဆယ့်သုံးနှစ်တွင် အချစ်နှင့် ... စ္စအတွက် မပေးနိုင်တော့။ တခြားတခြားနေရာတွေတွင် သုံးရမည်ဖြစ်သည်။ ... ဉ်း ဥပမာပေးရမည်ဆိုပါက စီးပွားရေးလုပ်ငန်းကိစ္စမျိုး။

ကျွန်တော့်နားထဲတွင် အမေရိကန်လူမျိုးတို့သည် လိင်ကိစ္စတစ်နေရာတွင် ...ဖြင့် အစားထိုးလိုက်ကြသည်ဟု တစ်စုံတစ်ယောက်က ပြောဖူးသံကို ပြန်၍ ...ောင်လာ၏။ လူတို့သည် အရွယ်ကြီးပြင်းလာသည်နှင့်အမျှ မိမိတို့၏ အားထုတ်မှု ...ားကို အချစ်နှင့် လိင်ကိစ္စဘက်တွင် နည်းပါးလာခဲ့ပြီး တခြားတခြား စွမ်းရည် ...နိုင်စရာ ကိစ္စများတွင် အသုံးချလာခဲ့ကြ၏။ စီးပွားရေး လုပ်ငန်းကိုင်ငန်းတို့သည် ...ူတို့၏ အားထုတ်ရာဖြစ်လာကြ၏။

ထို့ကြောင့်လည်း ယောကျ်ားတော်တော်များများသည် သူတို့၏အလုပ်ကို ...ယ်သဘောမျိုး အဆင့်အထိရောက်လာ၏။ ထို့ကြောင့်လည်း အတော်များများ ...ှင့်မများသည် စိတ်လက်မချမ်းသာဘဲ ရှိနေကြရ၏။ ဤကား အိမ်ထောင်ရေး၏ ...ကောင်းစံခု ဖြစ်ပေ၏။

ထိုသဘောသည် ကျွန်တော့်အတွက် ရှင်းရှင်းကြီး ပေါက်နေ၏။ ယောကျ်ား ...င် အားမာန်ရှိ၏။ ကျွန်တော်ကား ကိုယ့်အခြေအနေကို ကံအားလျော်စွာ သိနေပြီး ...ည်၊ မိမိ၏အတိုင်းအဆကို မိမိခန့်မှန်းနိုင်ပြီဖြစ်သည်။ ထို့ပြင် အမျိုးသမီး အယ်လိန်း ...ည် သံမဏိသူဌေးကြီး မက်ဘရက်ဒီ၏ တူမအရင်းခေါက်ခေါက် ဖြစ်နေ၏။ သည် ...ာ ပြဿနာအဖြစ်ခံ၍ကား မဖြစ်။

နေ့လယ်တစ်နာရီထိုးချိန်တွင် ကျွန်တော်သည် အယ်လိန်းနှင့် နေ့လယ်စာစား ...ချိန်းဆိုထားခြင်းကို မေ့လျော့နေပြီ ဖြစ်ပါသည်။ နံနက်ပိုင်းတစ်ခုလုံးမှာ အလုပ်တွေ ...ဆောင်ပုံရာပုံ ဖြစ်နေ၏။ ကျွန်တော်သည် ကျွန်တော့်အလုပ် 'မယားငယ်'ကလေးနှင့် ...သွေးပိပြားနေသည်။ တခြားဘာကိုမှ သတိမရ။ ထိုစဉ် အခန်းတွင်းဆက်သွယ်သည့် ...ည်သံက ထွက်လာ၏။ ကျွန်တော်သည် စိတ်မရှည်စွာဖြင့် ခလုတ်ကို နှိပ်လိုက်၏။

အပြင်ခန်းမှ အတွင်းရေးမှူးမကလေး မစ်ကီ၏အသံ-

"မစ္စက်ရှိုင်လာ ရောက်နေပါတယ်ရှင့်"

မစ်ကီ၏စကားသံမှာ ကျွန်တော့်နားထဲတွင် ဘောင်ဘင်ခတ်သွား...

ကျွန်တော်သည် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ရုတ်တရက်ပင် ... နှလုံးသားများသည် ဆတ်ဆတ်ခုန်လာ၏။ ကျွန်တော်သည် ထိုင်ရာမှ ...

...-

www.burmeseclassic.com

www.burmeseclassic.com



"အထဲကိုလွှတ်လိုက်လေ"

ကျွန်တော်သည် လူလည်တစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်သည် အစစအရာရာ တွက်ချက်တတ်သူ ဖြစ်ပါသည်။ စောစောက အချိန်ကလေးအထိ ကျွန်တော်သည် ဤမိန်းကလေးအကြောင်းကို လုံးဝသတိမရခဲ့။ ဤအမျိုးသမီးသည် ကျွန်တော့်အတွက် ဘာမှအရေးမပါခဲ့၊ အရေးမကြီးခဲ့၊ သို့သော် ယခုသော်ကား အမျိုးသမီးသည် ကျွန်တော့်အတွက် အရေးကြီးနေပါကလား၊ ကျွန်တော်၏ နှလုံးသားများသည် တုန်ခါ၍ လာနေပါကလား။

ကျွန်တော်သည် ထိုသို့ဖြစ်ပေါ်ခံစားနေရမှုကို တံခါးပွင့်လာသည်ကို စောင့်ယင်း ရင်ထဲမှာ သိနေပါသည်။ ကျွန်တော်သည် တံခါးပွင့်လာသည်အထိ စောင့်မနေချင်တော့ပါ။ ပြေးပြီး တံခါးဖွင့်ပေးလိုက်ချင်ပါသည်။ ရင်ထဲမှဆန္ဒသည် ပြင်းပြကြီးမားလာသောအခါ ကျွန်တော်သည် မအောင့်နိုင်တော့ပါ။ စားပွဲကို ကွေ့ပတ်၍ ထွက်လိုက်ချိန်မှာ အမျိုးသမီးသည် ရုံးခန်းထဲသို့ ဝင်လာနေပြီဖြစ်ပါ၏။

အမျိုးသမီးသည် ကျွန်တော့်ကို ပြုံးပြပါသည်။

ကျွန်တော်ကမူ စကားဘယ်လိုစ,ရမှန်းပင် မသိ။ အာစေးထည့်ထားသူတစ်ယောက်လို ဖြစ်နေပါသည်။

အမျိုးသမီးက-

"ဟဲလို ဘရက်ဒ်"

အမျိုးသမီး၏အသံမှာ နွေးထွေးအိပျောင်းနေပါသည်။

ရုတ်တရက် ကျွန်တော်သည် ဘာလုပ်ရမှန်းမသိ။ ငုတ်တုတ်ကြီး ဖြစ်သွားပါသည်။ နောက်မှ သတိရပြီး အမျိုးသမီးရှိရာသို့ လျှောက်သွားပြီး အမျိုးသမီး၏လက်ကို ဆွဲယူနှုတ်ဆက်လိုက်ပါ၏။

အမျိုးသမီး၏ နူးညံ့အေးစက်သော လက်ကလေးများမှာ ကျွန်တော့်လက်ထဲတွင် မီးကဲ့သို့ ပူလောင် လောင်ကျွမ်းနေသည်ဟု ခံစားရပါသည်။ ကျွန်တော်က-

"အယ်လိန်း. . . ခင်ဗျား အခုလိုရောက်လာတဲ့အတွက် ကျွန်တော် သိပ်ဝမ်းသာတယ်ဗျာ"

အမျိုးသမီးသည် အသံထွက် ရယ်မောလိုက်ပါသည်။ ပြုံးပြုံးရွှင်ရွှင်ဖြင့် ရင်းရင်းနှီးနှီး စကားတစ်ခွန်း ပြန်ပြောမည်ပြုတန်တူပါသည်။ သို့သော် ကျွန်တော့်မျက်နှာကို ကြည့်လိုက်ပြီး ထိုစကားလုံးများသည် သူမပါးစပ်မှ ထွက်မလာတော့ပါ။ မျက်လုံးအစုံတွင် အမှောင်ရိပ်တစ်စ ခိုကပ်၍သွားပါသည်။ သူမသည် ကျွန်တော့်မျက်လုံးများထဲမှ လွှဲဖယ်ပြီး တခြားဘက်သို့ ကြည့်လိုက်ပါ၏။

"ကျွန်မ စိတ်မကောင်းပါဘူး ဘရက်ဒ်"



အမျိုးသမီး၏လေသံမှာ တိုးတိတ်၍ သွားပါသည်။ အမျိုးသမီးသည် ကျွန်တော် ကိုင်ထားသည့် သူမ၏လက်ချောင်းကလေးများကို အသာအယာ ဖြုတ်ဆွဲလိုက်ပါသည်။ ပြီးမှ-

"ကျွန်မ ရှင်နဲ့ နေ့လယ်စာ စားဖြစ်တော့မယ် မထင်ဘူး"

ကျွန်တော်က ရုတ်တရက်ပင် ဖြတ်၍-

"ဘာဖြစ်လို့လဲဗျာ"

အမျိုးသမီးသည် ကျွန်တော့်မျက်နှာကို မကြည့်ဘဲ-

"ကျွန်မ တခြားချိန်းထားတာ တစ်ခုကို မေ့သွားလို့ အခုဝင်လာတာ၊ အဲဒီအတွက် တောင်းပန်မလို့"

ကျွန်တော်သည် အမျိုးသမီးကို ကြည့်လိုက်ပါသည်။

ကြည်လင်သောအလှ၊ နူးညံ့သော သူမ၏ ရုပ်သွင်ကလေးကို ကျွန်တော့်ရင်မှာ ကြင်နာစိတ်များ တဖွားဖွား ပေါ်လာပါသည်။ ကျွန်တော့်ရင်ထဲမှ လှုပ်ရှားမှုကို သိသည်။ တစ်ကိုယ်လုံး အအေးဓာတ်လွှတ်လိုက်သလို စိမ့်တုန်၍ သွားပါသည်။ ကျွန်တော်နှင့် ချိန်းဆိုထားခြင်းကို ဖျက်လိုက်သဖြင့် ဒေါသထွက်လာသည်။ ကျွန်တော်

"ခင်ဗျား နောက်နေတာ မဟုတ်လား"

အမျိုးသမီးသည် ဘာမှအဖြေမပေးပါ။

ကျွန်တော်သည် အမျိုးသမီးထံသို့ ခြေတစ်လှမ်းတိုးလိုက်ပြီး-

"ခင်ဗျားမှာ တခြားအချိန်းအချက်ရှိမယ်ဆိုရင် ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး အကြောင်းကြားမှာပေါ့၊ ဘာမှ ခုလို တကူးတက လာပြောနေစရာ မလိုဘူး၊ ဒီမြို့မှာ တယ်လီဖုန်းတွေက ဖောခြင်းသောခြင်းပါဗျာ"

အမျိုးသမီးသည် ကျွန်တော့်ကို ကျောပေးလိုက်ပြီး တံခါးပေါက်ဘက်သို့ လှည့်လိုက်ပါသည်။ ကျွန်တော့်ရင်ထဲမှာ ဒေါသများ ပေါက်ကွဲလာပါသည်။ ရင်ထဲမှာ အားကိုးရာမဲ့ခြင်း၊ ယူကျုံးမရခြင်းစသည့် ခံစားမှုများဖြင့် ပြည့်သိပ်မွန်းကျပ်၍ လာပါသည်၊ ကျွန်တော်သည် အမျိုးသမီး၏ပခုံးကို ကိုင်ဆွဲ၍ ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။ နောက် သူမ၏မျက်နှာကို တည့်တည့်ကြည့်၍-

"ကျုပ်ကို ဘာဖြစ်လို့ ညာချင်ရတာလဲဟင်"

အမျိုးသမီး၏ မျက်လုံးထဲတွင် ရှမ်းစိုသော အရောင်တစ်ခု လက်၍သွားပါသည်၊ သူမသည် လေသံတိုးတိုးဖြင့်-

"ကျွန်မ မညာပါဘူး ဘရက်ဒ်"

ကျွန်တော်သည် သူမ ငြင်းဆိုနေခြင်းကို ဂရုမစိုက်ပါ၊ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com

ပြင်းပြင်းဖြင့်-

"ခင်ဗျား ဘာတွေများ စိုးရိမ်နေတာလဲ အယ်လိန်း"

အမျိုးသမီး၏ တစ်ကိုယ်လုံးသည် အားပြတ်သွားသလို ပျော့လျော့သွားသည်ကို ပခုံးကိုင်ထားသော လက်များမှတစ်ဆင့် ခံစားလိုက်ရပါသည်။ စောစောက ရွှမ်းသော ရောင်လုံးထဲမှ အရောင်မှာ မှုန်ရည်စ-ဖြစ်ကြောင်း သဲကွဲ၍လာ၏။ သူမ လေသံဖြင့်-

"ကျွန်မ သွားပါရစေ ဘရက်ဒ်၊ ကျွန်မဘဝမှာ ဒုက္ခရောက်ရတာ မလုံလောက်သေးဘူးလား ဟင်"

အမျိုးသမီး၏ လေသံဖျော့ဖျော့ကလေးသည် ကျွန်တော်၏ ဒေါသမီးကို အေးစက်သောရေဖြင့် လောင်းချလိုက်သကဲ့သို့ ငြိမ်းသတ်လိုက်ပါသည်။ ကျွန်တော်သည် အမျိုးသမီးပခုံးကို ကိုင်ထားသော လက်များကို ဖြေလျှော့လိုက်ပြီးနောက် စားပွဲရာသို့ ပြန်လျှောက်လာခဲ့ပါသည်။ ကျွန်တော်သည် စားပွဲခုံနောက်မှ ကုလားထိုင်ပေါ်သို့ ပုံလျက်သား ကျသွားပါသည်။ အတန်ကြာမှ အမျိုးသမီးကို မော့ကြည့်၍-

"ကောင်းပါပြီ အယ်လိန်းရယ်၊ သွားချင်ယင်လဲ သွားပါတော့"

အမျိုးသမီးသည် တွေ၍သွားပုံရသည်။ နောက် ကျွန်တော့်ကိုကြည့်၍-

"ဘရက်ဒ်. . . ကျွန်မ စိတ်မကောင်းပါဘူးရှင်"

ကျွန်တော်သည် ဘာမှပြန်၍မဖြေပါ။

ကျွန်တော်သည် အမျိုးသမီးထွက်သွား၍ ပိတ်ထားသော တံခါးကို ကြည့်ကျန်ရစ်ပါသည်။ နောက် အလုပ်စားပွဲပေါ်သို့ အဓိပ္ပာယ်မရှိဘဲ ငေးကာကြည့်၍ နေမိပါ၏။ အမျိုးသမီးကား မှန်လှပါ၏။ ထိုအချက်ကား အငြင်းပွားဖွယ်ရာပင် မရှိပါ။ ပြဿနာရှာနေသူ၊ ဒုက္ခရှာနေသူမှာ ကျွန်တော်ပင်ဖြစ်ပါ၏။

ဤမိန်းကလေးကား အလွယ်တကူ ကောက်ယူသုံးစွဲပြီး လွှင့်ပစ်၍ရနိုင်သော အမျိုးအစားမဟုတ်။ ဤမိန်းကလေးကား အဆင့်အတန်းရှိသော မိန်းကလေးဖြစ်သည်။ ဤမိန်းကလေးနှင့် ပတ်သက်ရန်ကား အတည်တကျမှ ဖြစ်နိုင်မည်။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို ပါးစပ်မှာတေ့လိုက်ပြီး မီးညှိလိုက်၏။ ယခုကဲ့သို့ ဖြစ်သွားသည်မှာ အကောင်းဆုံးပဲ ဖြစ်ပေလိမ့်မည်။ လေးဆယ့်သုံးနှစ်ဆိုသော အရွယ်မှာ လူငယ်တွေလို ချစ်အိပ်မက်မက်ရန် မဟုတ်တော့ပါ။

ဤသို့ဖြင့် တစ်နေ့တာ၏အချိန်သည် တရွေ့ရွေ့ ကုန်သွား၏။ ညနေ ငါးနာရီထိုးကာနီးတွင် တယ်လီဖုန်းက မြည်လာ၏။ ထိုအချိန်၌ ကျွန်တော်၏ရင်ထဲမှာ ဘာမှမရှိတော့ပါ။ နာကျင်ခြင်းသာ ရှိနိုင်ပါ၏။ ကျွန်တော်သည် ဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။



မစ်ကီအသံက ဖုန်းခွက်ထဲမှာ ပေါ်လာသည်။

"ပေါလ်ရမ်မီက စကားပြောချင်လို့တဲ့ ဘော့စ်"

ကျွန်တော်သည် အပြင်လိုင်းခလုတ်ကို နှိပ်လိုက်၏။ ပြီးမှ-

"ပေါလ်လား၊ နေကောင်းတယ်နော်"

တစ်ဘက်မှ ပေါလ်က-

"နေကောင်းပါတယ် ဘရက်ဒ်၊ ဒါထက် ညစာစားဖို့ အချိန်အားရဲ့လား"

ကျွန်တော်သည် အံ့သြသွား၏။

"အားပါတယ်၊ ခင်ဗျား အခု ဘယ်ကဆက်နေတာလဲ"

ပေါလ်က ကျွန်တော် တအံ့တသြမေးလိုက်သံကို သဘောကျပြီး ရယ်မော [illegible]ပါသည်။ ပြီးမှ-

"ကျုပ် ကိုရင်တို့မြို့ကို ရောက်နေတယ်လေ၊ အလုပ်ကိစ္စနဲ့ပဲ ဆိုပါတော့ [illegible]တာလဲ ဈေးဝယ်ဖို့ဆိုပြီး လိုက်လာတယ်၊ အဲဒါ ညစာအတူစားဖို့ သတိရလို့ ဖုန်း [illegible]လိုက်တာပဲ၊ အဲ စောစောစားမှတော့ ဖြစ်မယ်နော်၊ ကျုပ်တို့က ဒီည ကိုးနာရီ [illegible]ယာဉ်နဲ့ ပြန်ကြမှာ"

"သိပ်ကောင်းတာပေါ့၊ ဒါဆို ကျုပ်တို့ (၂၁-၆) ဆိုင်မှာ ဆုံကြရအောင်လား [illegible]မှာ ညစာစားကြတာပေါ့၊ ပြီးတော့ လေဆိပ်ကို ကျွန်တော်က လိုက်ပို့ပေးပါ့မယ်"

ပေါလ်က-

"ကောင်းတယ်လေ၊ အဲဒီမှာ ဆုံကြတာပေါ့"

ကျွန်တော်သည် ဖုန်းခွက်ကိုချလိုက်ပြီး အပြင်သို့ ပြတင်းပေါက်မှတစ်ဆင့် [illegible]ကြည့်လိုက်သည်။ အပြင်ဘက်မှာ မှောင်စပြုနေပြီဖြစ်၏။ နေ့အချိန်သည် ကုန်ဆုံး[illegible] ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ်ရောစိတ်ပါ နွမ်းလျနုံးချည့်၍ နေပါ၏။

ယခုနေမှာ ကျွန်တော့် အပြင်းဆုံးဆန္ဒမှာ အိမ်သို့ပြန်ပြီး အိပ်ရာထဲသို့ ပစ်လှဲ[illegible]လိုက်ချင်ခြင်းပင် ဖြစ်ပါ၏။ သို့မှသာ ကျွန်တော့်ရင်ထဲမှာ ဟာတာတာနှင့် နာကျင်[illegible] ပျောက်ဆုံးပျယ်လွင့်သွားကောင်းသွားမည် ဖြစ်ပါသည်။ သို့သော် မဖြစ်နိုင်သေး[illegible]ရာအလုပ်များက ရှိနေသေး၏။

ကျွန်တော်သည် ဖုန်းကိုကောက်ကိုင်၍ အိမ်မှနံပါတ်ကို လှည့်လိုက်သည်[illegible]က ဖုန်းပြန်ဖြေသည်။

ကျွန်တော်က-

"အိမ်ကို ညစာပြန်စားနိုင်တော့မယ် မဟုတ်ဘူး မာရီနေ [illegible] ရောက်နေတယ်၊ သူတို့နဲ့ ညစာအတူစားကြဖို့ ချိန်းလိုက်ရတယ် [illegible] လာစားဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



မာဂီက-

"လိုက်မစားတော့ပါဘူး၊ ကလေးတွေနဲ့ပဲ ညစာအတူစားပြီး စောစောအိ[illegible] လိုက်ပါတော့မယ်"

"OK. . . ဒါပဲနော်"

ကျွန်တော်သည် ဖုန်းခွက်ကိုချလိုက်ပြီးနောက် စားပွဲပေါ်မှ သံမဏိလုပ်ငန်[illegible] အကြမ်းဖျင်းတင်ပြမှုများကို စစ်ဆေးကြည့်လိုက်ပါသည်။ ပြီးမှ လက်မှတ်အတိုထိုး[illegible] လိုက်ပြီး ခရစ်၏ရုံးခန်းသို့ ပို့ပေးရန် စီစဉ်လိုက်ပါသည်။ ထိုအချိန်၌ ညနေခြောက်နာ[illegible] ရှိပြီဖြစ်၍ ကျွန်တော် ရုံးမှထွက်လာခဲ့ပါသည်။

အပြင်ဘက်ညသည် အေးမြလန်းဆတ်နေသည်ကို တွေ့ရ၏။ ကျွန်တော်[illegible] သည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး တစ်ပြလောက်အကွာအဝေးကို လမ်[illegible] လျှောက်သွားရန် ဝန်မလေးဟု ဆုံးဖြတ်လိုက်၏။ ဤသို့ဖြင့် ကျွန်တော်သည် (၅[illegible] လမ်းထိပ် ချိန်းဆိုထားသော စားသောက်ဆိုင်သို့ လျှောက်လာခဲ့လေ၏။

ဆိုင်ထဲသို့ဝင်၍ ဦးထုပ်ကို ချိတ်မှာချိတ်လိုက်စဉ် စားပွဲထိုးကလေးက ကျွန်[illegible] တော့်အနားသို့ လျှောက်လာပြီး-

"မစ္စတာဂိုဝန်ကို မစ္စတာရမ်မီက စောင့်နေပါတယ်၊ ဒီဘက်ကို ကြွပါခင်ဗျာ"

ညွှန်ပြခေါ်ယူခဲ့သည့်အတိုင်း လိုက်ခဲ့ရာ ပေါလ်တို့ထိုင်နေသော စားပွဲသို့ ရောက်လာပါသည်။ ကျွန်တော် အနားရောက်လာသည်ကို မြင်သည်နှင့် ပေါလ် ထို[illegible] နေရာမှ ထ၍ လက်ကမ်းပေးသည်။ အီဒစ်သည် သူ၏နံဘေး ညာဘက်ခုံမှာ ထိုင်နေ[illegible] ကျွန်တော်သည် ပေါလ်၏လက်ကို လှမ်းကိုင်နှုတ်ဆက်လိုက်ပြီး အီဒစ်ကို ပြုံးပြလိုက်[illegible] ပါသည်။

"အီဒစ် အခုလိုပါလာတာ သိပ်အံ့သြဝမ်းသာဖို့ ကောင်းတာပဲ၊ လာမယ်ဆို[illegible] တာ ကြိုပြီးအကြောင်းကြားမထားလို့ မာဂီက ကျေနပ်မယ်မဟုတ်ဘူးဗျ"

အီဒစ်က ပြန်၍ပြုံးပြပါသည်။

"မမျှော်လင့်ဘဲ ရုတ်တရက်လာခဲ့ရလို့ပါ ဘရက်ဒ်၊ ရှင်ကတော့ ဝ,လို့လှ,လို့ပါ[illegible] ပဲလား"

ကျွန်တော်သည် ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ယင်း-

"အီဒစ်ကတော့ ဝ,ရုံလှ,ရုံတင်မကဘူးဗျ၊ တစ်ခါတစ်ခါ ပြန်ဆုံတိုင်း ပိုပြီး နုပျိုငယ်ရွယ်သွားသလိုပါပဲလား"

အီဒစ်သည် သဘောကျပြီး ရယ်လိုက်ပါသည်။

"ဘရက်ဒ်တို့ကတော့ ထုံးစံအတိုင်းပဲ၊ မြှောက်နေပြန်ပြီ"

အီဒစ်သည် ပါးစပ်က ထိုသို့ပြောလိုက်သော်လည်း စိတ်ထဲမှ ကျေနပ်သွား[illegible]



[illegible]ကြောင်း ကျွန်တော်သိပါသည်။ စားပွဲမှာ ထိုင်လိုက်ပြီးမှ ကျွန်တော်တို့စားပွဲမှ ကုလား[illegible]တစ်လုံးမှာ လွတ်နေကြောင်း သတိထားမိပါသည်။ ကျွန်တော်က ကုလားထိုင်အလွတ်[illegible]ကြည့်၍ ပေါလ်အား. . .

"တစ်ယောက်ယောက် လာဦးမှာလား၊ မလာသေးဘူးလား"

ပေါလ်က အဖြေပေးမည်ပြုလိုက်ချိန်တွင် အီဒစ်က ဝင်ပြီး-

"ဟော လာပါပြီရှင်"

ပေါလ်သည် ကျွန်တော့်ပခုံးပေါ် ကျော်ကြည့်ပြီး ထိုင်ရာမှ ထ,မည်ပြုပါသည်။ [illegible]တော်လည်း ပေါလ်နည်းတူ ထလိုက်ရပြီး နောက်ဘက်သို့ လှည့်လိုက်ရပါ၏။

ကျွန်တော်တို့နှစ်ဦးသား တစ်ဦးကိုတစ်ဦး တစ်ပြိုင်နက်တည်း မြင်လိုက်ကြတန်[illegible]ပါသည်။ အမျိုးသမီး၏ မျက်လုံးအိမ်တွင် ဖြတ်ကနဲ အလင်းတစ်ချက်သန်းသွားသည် [illegible]ကျွန်တော်မြင်လိုက်ရပါ၏။ သို့သော် ထိုအလင်းမှာ ရုတ်တရက်ပင် ပျောက်သွားပါ[illegible]ည်။ အမျိုးသမီးသည် ပထမ တွေ့ကနဲ ဖြစ်သွားပုံရပါသည်။ နောက်မှ ဟန်မပြင်လိုက်ပြီး [illegible]ရာသို့ လျှောက်လာခဲ့ပါသည်။

အနားသို့ ရောက်သောအခါ ကျွန်တော့်ထံ လက်ကမ်းပေးပြီး-

"မစ္စတာဂိုဝန်ပါလား၊ အခုလို ပြန်ဆုံရတာ ဝမ်းသာပါတယ်ရှင်"

အမျိုးသမီးသည် ပကတိ ယဉ်ကျေးဖွယ်ရာ ပဋိသန္ဓာရစကား ဆိုပါသည်။

ကျွန်တော်သည် ကမ်းလာသောလက်ကို ဆုပ်ကိုင်လိုက်ရပါသည်။ အမျိုးသမီး[illegible]လက် တုန်နေသည်ကို သတိထားမိပါ၏။ ကျွန်တော်သည် အမျိုးသမီးထိုင်ရန် ကုလား[illegible]ကို နောက်သို့ ဆွဲပေးပါသည်။ အမျိုးသမီးသည် ဣန္ဒြေရှိစွာ ဝင်ထိုင်လိုက်၏။

အီဒစ်က ကျွန်တော့်ကို ပြုံးပြပြီး-

"အယ်လိန်းက ကျွန်မနဲ့ နေ့လယ်စာအတူစားပြီး ဈေးဝယ်ထွက်ကြတယ်လေ... [illegible]နားမထားဘဲ အချိန်ကပ်ပြီးမှ ပေါက်လာတာ၊ ဘရက်ဒ်ရယ် အယ်လိန်းက ဝယ်တဲ့ [illegible]ဘဲနေရာမှာ သိပ်ပြီးမျက်စိတတ်တာပဲ၊ တို့နှစ်ယောက်သား ဝယ်လိုက်ကြတာ နယူး[illegible]ာက်မြို့ကြီးရဲ့ စတိုးဆိုင်တွေအားလုံး တစ်ဝက်လောက် ချောသွားမတတ်ပါပဲ"

ပေါလ်က ဝင်၍-

"အခု ညစာဖိုးရှင်းဖို့ ငွေမှကျန်သေးရဲ့လား အီဒစ်ရယ်"

အီဒစ်သည် ပေါလ် အရွှန်းဖောက်သည်ကို တစ်စုံတရာ ပြန်၍ပြောသည်[illegible] [illegible]ပြောလိုက်သည်ကို ကျွန်တော့်နားထဲမှာ မကြားလိုက်ပါ။ ယခုနေအခါတွင် ကျွန်တော့်[illegible] [illegible]ဝန်းကျင်မှ တိုက်ကြီးတစ်ခုလုံး ပြိုကျသွားလျှင်လည်း ကျွန်တော် သတိ[illegible] [illegible]မှ ကြားမိမည် ဖြစ်ပါသည်။ ကျွန်တော်သည် အယ်လိန်းကိုပဲ ကြည့်[illegible]

အယ်လိန်း၏ မျက်လုံးများမှာ ပြာလဲ့၍ ဝေဒနာခံစားနေပုံ ရ[illegible]

www.burmeseclassic.com

www.burmeseclassic.com

လိန်း၏ နှုတ်ခမ်းအစုံမှာ နီစွေးစွေးတွေး နူးညံ့ပုံရလှပါသည်။ ယခု ကျွန်တော့်စိတ်ထဲတွင် ဖြစ်ပေါ်နေသော တစ်ခုတည်းသော အတွေးမှာ ထိုနှုတ်ခမ်းလှလှလေးများကို နမ်းလိုက် ရလျှင် ဘယ်လောက်များ ကောင်းလိုက်ပါမည်နည်း ဟူ၍ပင်ဖြစ်ပါ၏။

❑❑❑

## အခန်း (၆)

(၈) နာရီခန့်တွင် ကျွန်တော်တို့တတွေ ညစာစားပြီး၍ ကော်ဖီနှင့် နှပ်နေကြ ...ပါသည်။ စားပွဲထိုးမှူးက ကျွန်တော့်အနားလာရပ်ပြီး-

"မစ္စတာဂိုဝန်၊ လူကြီးမင်းရဲ့ကား အသင့်ရောက်နေပါပြီခင်ဗျာ"

"ကျေးဇူးပါပဲ"

ကျွန်တော်သည် ရုံးခန်းထဲမှ ထွက်မလာခင် ကားဂိုဒေါင်ရှိရာသို့ ဖုန်းလှမ်း ...ပြီး ရှစ်နာရီတွင် စားသောက်ဆိုင်သို့ ကားလာကြိုရန် ညွှန်ကြားထားခဲ့သောကြောင့် ...တော်ကား ရောက်ရှိလာခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်သည် စားပွဲမှ ပေါလ်တို့ကို ...၍-

"အဆင်သင့်ပဲလား"

ပေါလ်က ခေါင်းညိတ်၍-

"အဆင်သင့်ပါပဲဗျာ၊ သွားကြရုံပါပဲ"

အီဒစ်သည် လက်ကိုင်အိတ်ထဲမှ အလှပြင်ဗူးကလေးကိုထုတ်၍ ... ...သည်းပါးပါး အလှချယ်ပါသည်။

ကျွန်တော်က အယ်လိန်းဘက်သို့လှည့်၍-

"ကျွန်တော်တို့နဲ့အတူ လေဆိပ်ကို လိုက်ခဲ့ပါဦးလား"

www.burmeseclassic.com

www.burmeseclassic.com



အယ်လိန်းက ခေါင်းရမ်းပြလိုက်ပြီး-

"မလိုက်တော့ပါဘူးလေ၊ ကျွန်မ ပန်းလဲပန်းနေပါပြီ၊ အခုလိုခေါ်တဲ့အတွ
တော့ ကျေးဇူးတင်ပါတယ် မစ္စတာဂိုဝန်"

အီဒစ်က-

"အို. . . အယ်လိန်းရယ်၊ လိုက်ခဲ့ပါလားဟင်၊ ဘရက်ဒ်က အပြန် မင်းရဲ့
တယ်ကို လိုက်ပို့မှာပေါ့၊ (၁၀) နာရီလောက်ဆိုရင် ပြန်ရောက်မှာပဲဟာ၊ အပြင်ဘက်
လေကောင်းလေသန့်ရှူယင်း လိုက်ခဲ့ရင် ပိုတောင်လန်းသွားဦးမယ်၊ ဘာပင်ပန်းတာမှ
ဘူ"

အယ်လိန်းသည် ကျွန်တော့်ကို ကြည့်လိုက်ပါသည်။ သူမစိတ်ထဲတွင် ချိန်
နေပုံ နှိုတဖြစ်နေပုံရပါသည်။

ကျွန်တော်က ခေါင်းညိတ်ပြပြီး-

"(၁၀) နာရီဆိုယင် ခင်ဗျားရဲ့ဟိုတယ်ကို ပြန်ရောက်ပါတယ်ဗျာ၊ စိတ်ချပါ

အယ်လိန်းသည် ပြုံးလိုက်၏။

"OK လေ ကျွန်မလိုက်ပါ့မယ်"

လေဆိပ်သို့ အသွားခရီးတွင် အမျိုးသမီးနှစ်ဦးက ကားနောက်ခန်းတွင် ထိုင်
ကြပြီး ကျွန်တော်နှင့် ပေါလ်က ရှေ့ခန်းမှ မောင်းနှင်လိုက်ပါလာခဲ့ပါသည်။ ကျွန်တော်
သည် ကားရှေ့ခန်း နောက်ကြည့်မှန်မှတစ်ဆင့် အယ်လိန်းကို လှမ်းကြည့်လိုက်သောအခါ
အယ်လိန်းသည် ကျွန်တော်၏ နောက်ကျောကိုကြည့်နေကြောင်း မြင်တွေ့ရပါသည်
မှန်ထဲတွင် ကျွန်တော့်မျက်လုံးများနှင့် ဆုံသောအခါ အယ်လိန်းသည် အမြန်ဆုံး လွှဲဖယ်
၍သွားပါသည်။ သို့သော် နောက်တစ်ကြိမ် ကျွန်တော်ကြည့်လိုက်သော အခါတွင်လည်း
အယ်လိန်း ကျွန်တော့်ကို ကြည့်နေသည်ကို တွေ့ရပြန်ပါသည်။

ကျွန်တော်တို့ လေယာဉ်ကွင်းသို့ ခရီးစဉ်တစ်လျှောက်လုံးတွင် ကျွန်တော်နှ
ပေါလ်တို့သည် ထွေရာလေးပါးစကားများ ပြော၍လာကြပါသည်။ ကျွန်တော်က ကျွန်
တော်၏ နောက်ဆုံးအလုပ်ဖြစ်သော သံမဏိလုပ်ငန်းကိစ္စ အခက်အခဲများကို ပြောပြ
ပေါလ်ကမူ မြို့တော်ဝါရှင်တန်မှာ ဖြစ်နေသော နောက်ဆုံးပေါ် အတင်းအဖျင်းနှ
သတင်းများကို ပြောပြပါသည်။

ကျွန်တော်တို့ မော်တော်ကားသည် လေဆိပ်သို့ (၉) နာရီထိုးရန် (၁၀
မိနစ်အလိုတွင် ရောက်ရှိ၍သွားပါသည်။ ကျွန်တော်တို့သည် မော်တော်ကားကို ကားရ
ထားရန်နေရာမှာ ထားခဲ့ပြီး အထဲသို့ ဝင်ခဲ့ကြပါသည်။ ကျွန်တော်တို့သည် တစ်ဦးနှ
တစ်ဦး နှုတ်ခွန်းဆက်ကြပါသည်။ ကျွန်တော်က အိမ်မှုဧည်းသည် မာဂီ၊ နက်ဖြန် အီဒစ်
ဖုန်းဆက်ပါလိမ့်မည်ဟု ကတိစကား ဆိုပါသည်။ ထို့နောက် ပေါလ်နှင့် အီဒစ်တို့သည်

လေယာဉ်ရှိရာသို့ ထွက်သွားကြပြီး ကျွန်တော်နှင့် အယ်လိန်းတို့က မော်တော်ကားရှိရာ
သို့ ပြန်လာခဲ့ကြပါသည်။

ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ပါ။ ကျွန်တော်က
တံခါးဖွင့်ပေးလိုက်ရာ အယ်လိန်းက ကားတွင်းသို့ ဝင်ပါသည်။ ကျွန်တော်သည်
မော်တော်ကားကိုကွေ့ပတ်၍ ကားမောင်းသူဘက်မှ တံခါးဖွင့်ပြီး မောင်းသူနေရာမှာ
ဝင်ထိုင်ပါသည်။ ကျွန်တော် ကားစက်နှိုးမည်ပြုသောအခါ အယ်လိန်းက ကျွန်တော့်လက်
ကို လှမ်းတားပါသည်။ သူမက-

"ခဏနေပါဦး၊ သူတို့လေယာဉ်ပျံ ထွက်ပါစေဦး"

ကျွန်တော်သည် ထိုင်ခုံနောက်သို့မှီလိုက်ပြီး အမျိုးသမီးကို ကြည့်လိုက်ပါ
သည်။ အယ်လိန်းသည် ကားရှေ့မှန်ကိုဖြတ်၍ လေယာဉ်ပျံကြီးကို ကြည့်နေပါသည်။
အယ်လိန်း၏ မျက်နှာပေါ်တွင် အထီးကျန်အရိပ်အယောင်များ သန်းနေပါသည်။

ကျွန်တော်က ကပျာကယာဖြင့်-

"တစ်ခုခုဖြစ်နေလို့လားဟင်"

အမျိုးသမီးသည် ခေါင်းကိုခါရမ်း၍-

"မဖြစ်ပါဘူး၊ သူတို့လေယာဉ် ချောချောမွေ့မွေ့ ထွက်သွားတာကို မြင်ချင်လို့
ပါ"

"သူတို့ကို ခင်ဗျား တန်ဖိုးသိပ်ထားတာပဲနော်"

ကျွန်တော်၏စကားမှာ အမေးအဟုတ်ပါ။ ထင်မြင်ချက်တစ်ခုသာ ဖြစ်ပါ
သည်။

အမျိုးသမီးက-

"ကျွန်မ သူတို့ကိုချစ်လို့ပါ"

အဖြေကမူ ရှင်းရှင်းကလေးဖြစ်ပါသည်။ ဆက်၍-

"ကျွန်မ ဒုက္ခအကြီးအကျယ် ရောက်ပြီးတဲ့နောက်မှာ ပေါလ်နဲ့ အီဒစ်တို့ရဲ့
ကူညီဖေးမမှုမပါယင် ကျွန်မဘဝမှာ ဘယ်လိုရင်ဆိုင်ရမလဲဆိုတာတောင် မသိနိုင်အောင်
ပဲ"

ကျွန်တော်သည် စီးကရက်တစ်လိပ် မီးညှိလိုက်ပါသည်။ ထိုစဉ် လေယာဉ်
စက်နှိုးသံသည် ညဉ့်ယံကို ဖောက်ခွဲမြည်ဟီးလာပါသည်။ လေယာဉ်ကြီး ...
အမှောင်ထုထဲသို့ ထိုးဖောက်ဝင်ရောက်သွားချိန်အထိ ကျွန်တော်တို့နှစ်ဦးသား ...
မပြောဘဲ ငြိမ်သက်စွာ စောင့်ဆိုင်းကြည့်ရှုနေမိပါသည်။ လေယာဉ်ကြီး ...
သွားသောအခါမှ အမျိုးသမီးသည် ကျွန်တော့်ဘက်သို့ လှည့်လိုက်ပါသည်။

သူမ၏နှုတ်ခမ်းပေါ်တွင် တစ်ဝက်တပျက် အပြုံးတစ်ခု ...

www.burmeseclassic.com

www.burmeseclassic.com



သူမက-

"OK ပါပဲ၊ သွားကြပါစို့"

ကျွန်တော်သည် မလှုပ်ရှားသေးပါ။ ကျွန်တော်သည် စီးကရက်မီး၏ အလင်းရောင်ဖြင့် အမျိုးသမီးကို ကြည့်နေမိပါသည်။ အမျိုးသမီး၏ အသားအရည်မှာ ရွှေရောင်အိဝင်းနေပါသည်။ သူမ၏ မျက်လုံးထဲတွင်မူ ဟိုးဝေးဝေး နက်မှောင်သောအရပ်မှ မီးရောင်တစ်စွန်းတစ်စကို မြင်ရသလို ထင်ရပါသည်။

အမျိုးသမီးသည် ကျွန်တော့်ကို ကြည့်နေဆဲဖြစ်ပါသည်။ သို့သော် သူမ၏ နှုတ်ခမ်းပေါ်တွင် စောစောက တစ်ဝက်တပျက် စွန်းထင်နေခဲ့သောအပြုံးသည် မရှိတော့ပါ။ သူမက-

"ကျွန်မက ရှင့်ကို နောက်ထပ်တွေ့ရတော့မယ်လို့ မျှော်လင့်မထားတော့ဘူး"

သူမ၏အသံမှာ လေသံမျှသာ ဖြစ်ပါသည်။

ကျွန်တော်က ပြန်၍-

"ကျွန်တော်လဲ ပြန်တွေ့ရမယ်လို့ မမျှော်လင့်ခဲ့ပါဘူး၊ အခုလိုတွေ့ရတဲ့အတွက် စိတ်မကောင်းများ ဖြစ်နေသလားဟင်"

အမျိုးသမီးသည် ခဏမျှ တွေသွားပါသည်။ ပြီးမှ-

"အဲဒီအတွက် အဖြေစကား မလိုပါဘူးဘရက်ဒ်၊ ကျွန်မစိတ်ထဲမယ် ဘယ်လိုခံစားနေမိမယ်ဆိုတာ ကျွန်မ မပြောတတ်ဘူး"

ကျွန်တော်ကမူ သေချာတိကျစွာဖြင့်-

"ကျွန်တော်ကတော့ ကျွန်တော့်ရင်ထဲမယ် ဘယ်လိုခံစားနေရတယ်ဆိုတာကို သိတယ်"

အမျိုးသမီးက အမြန်အထက်-

"အဲဒါ ကွာခြားမှုပဲပေါ့၊ ရှင်ကတော့ ယောကျ်ားသားကိုး၊ ရှင် ခံစားချင်တဲ့အတိုင်း ခံစားနိုင်တယ်၊ မိန်းမသားတွေလောက် ဘယ်ကိစ္စမှ အရေးမကြီးဘူး၊ ခံစားမှုကို ရွေးတန်းတင်နိုင်ခွင့်ရှိတယ်"

"မဟုတ်ဘူးလား"

ကျွန်တော်သည် သောက်လက်စ စီးကရက်ကို မော်တော်ကားပြတင်းမှ အပြင်သို့ လွှင့်ပစ်လိုက်ပါသည်။ နောက် အမျိုးသမီး၏ ပခုံးနှစ်ဘက်ပေါ်သို့ လက်နှစ်ဘက် တင်လိုက်ပြီး ကျွန်တော့်ဘက်သို့ ဆွဲယူကာ မိန်းကလေး၏နှုတ်ခမ်းကို နမ်းလိုက်ပါသည်။

မိန်းကလေး၏ နှုတ်ခမ်းလွှာများသည် ပွင့်၍မသွားပါ။ သို့သော် ငြိမ်သက်၍လည်း မနေပါ။ နှုတ်ခမ်းများမှာ အေးစက်၍မနေပါ။ သို့သော် ပူနွေး၍လည်းမလာပါ။

[illegible]

နှုတ်ခမ်းများမှာ ကျွန်တော့်ကို ပြန်၍မနမ်းပါ။ သို့တိုင် ကျွန်တော့်ကို ပြန်ချ[illegible] ကျွန်တော် သိပါသည်။

ကျွန်တော်သည် မျက်နှာချင်းခွာလိုက်ပြီး မိန်းကလေးမျက်နှာကို ကြည့်လိုက်ပါသည်။ သူမ၏ မျက်လုံးအစုံမှာ ပြူးကျယ်ပြီး ကျွန်တော့်ကို စူးစိုက်ကြည့်နေကြောင်း [illegible] ရပါသည်။

ကျွန်တော်က-

"မင်းကို ပထမဆုံး စပြီးတွေ့လိုက်ကတည်းက မင်းကိုနမ်းချင်နေခဲ့တာ"

မိန်းကလေးသည် ကျွန်တော်နှင့် ခပ်ဝေးဝေး ထပ်ခွာလိုက်ပါသည်။ ပြီးနောက် [illegible]အိတ်ထဲမှ စီးကရက်တစ်လိပ် ထုတ်ပါသည်။ ကျွန်တော်သည် မီးအသင့်ညှိပေးလိုက်[illegible]သည်။ အမျိုးသမီးသည် စီးကရက်ကို အားပါးတရ ရှိုက်ဖွာပြီး ခေါင်းကို နောက်မှီမှာ [illegible]မှီလိုက်ပါသည်။ အမျိုးသမီးသည် ကျွန်တော့်ကို မကြည့်ဘဲနှင့်-

"ကျွန်မရဲ့ခင်ပွန်း ဒေးဗစ် အသက်ထင်ရှားရှိစဉ်တုန်းကဆိုယင် ကျွန်မဟာ [illegible]ဗစ်ကလွဲပြီး ဘယ်ယောကျ်ားမှ ရှိတယ်မထင်ဘူး၊ ဒေးဗစ်ကလဲ အတူတူပဲ"

အမျိုးသမီး၏ မျက်လုံးအစုံမှာ အတွေးနှင့် နစ်မျောယစ်မူးနေပုံ ရပါသည်။ ကျွန်တော်သည် အမျိုးသမီးကို ကြည့်ရုံသာကြည့်နေပြီး စကားမပြောပါ။

အမျိုးသမီးသည် သူမ၏အတွေးနှင့်ပင် ဆက်၍-

"စစ်အတွင်းတုန်းကဆိုယင် ကျွန်မတို့လင်မယား တစ်ယောက်နဲ့တစ်ယောက် [illegible] ခွဲပြီးနေကြရတယ်၊ အဲဒီတုန်းက ဝါရှင်တန်မြို့တော်ရဲ့ အခြေအနေကို ရှင်လဲ [illegible]မှာပါ၊ ရှင်လဲ အဲဒီမှာရှိနေတာပဲ မဟုတ်လား၊ လူတိုင်းလူတိုင်းဟာ သိပ်အရေးကြီး[illegible]ကြတယ်၊ တခြားဘာကိစ္စမှ အရေးမပါတော့တဲ့အတိုင်း၊ အဲဒီတုန်းက ကျွန်မ သိပ်[illegible]ပုက်ခဲ့မိတာပဲ"

ကျွန်တော်သည် စကားတစ်ခွန်းမှ ဝင်မပြောဘဲ ဆက်လက်နားထောင်နေ[illegible]သည်။

"ခုလဲ အဲဒီလို အတူတူပါပဲလေ"

အယ်လိန်းသည် ထိုစကားကို ဖြည်းဖြည်းကလေး ပြောလိုက်ခြင်းဖြစ်ပါသည်။ [illegible]ပြီးသည်နှင့် ကျွန်တော့်ကို တည့်တည့်ကြည့်ပါသည်။ သူမ၏မျက်နှာထားမှာ [illegible]ဆင်ထားသည့် မျက်နှာထားမျိုး ဖြစ်ပါသည်။

ကျွန်တော်ကလည်း တည့်တည့်ပင် ပြန်ကြည့်ပါသည်။ ကျွန်တော်[illegible] [illegible]သည် တိုက်ရိုက်တည့်တည့် ဆုံမိပြီး အသံတိတ်တိုက်ပွဲ ဝင်နေကြ[illegible]

ကျွန်တော်က-

"အယ်လိန်း၊ ခင်ပွန်းဟာ ခင်ပွန်းရဲ့ယောကျ်ားကို ခု[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပဲလားဟင်"

အမျိုးသမီးသည် မျက်လွှာချလိုက်ပါသည်။

"သည်မေးခွန်းကတော့ မတရားပါဘူးရှင်၊ ဒေးဗစ်က သေရှာပြီပဲ"

အယ်လိန်း၏အသံတွင် နာကျင်ကြေကွဲသံများ ပါနေ၏။

ကျွန်တော်ကမူ ရက်ရက်စက်စက်ပင်-

"ခင်ဗျားရဲ့ခင်ပွန်းက သေသွားပါပြီ မှန်ပါတယ်၊ ခင်ဗျားကတော့ အသက်ရှင်ပြီး ကျန်နေသေးတာပဲ၊ ခင်ဗျားဟာ ကလေးတစ်ယောက်လဲ မဟုတ်ဘူး၊ အရွယ်ရောက်တဲ့ မိန်းမသားတစ်ယောက်ပဲ၊ လိုအင်ဆန္ဒဆိုတာ ရှိရမှာ၊ လိုအပ်ရမှာပဲ"

"ယောက်ျားတွေဟာနော်. . . ဒီလိုချည့်ပါကလား"

အမျိုးသမီးသည် ကျွန်တော့်စကားကိုဖြတ်ဝင်၍ ညည်းတွားစကားဆိုပါသည်။ ထို့နောက်-

"လိုအပ်ဆန္ဒဆိုတာ လိင်ကိစ္စကို ပြောတာမဟုတ်လား"

အမျိုးသမီးသည် ခပ်ခြောက်ခြောက် ရယ်လိုက်ပါသည်။ ပြီးမှဆက်၍-

"လိင်ကိစ္စကို အရေးကြီးတဲ့ကိစ္စလို့ ရှင်က ယုံကြည်တယ်လား"

ကျွန်တော်က-

"အချစ်ကတော့ အရေးကြီးပါတယ်၊ ကိုယ်က ချစ်ရတာရယ်၊ ကိုယ့်ကို အချစ်ခံရတာဟာ လူတိုင်းအတွက် အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုပဲ"

အမျိုးသမီး၏ မျက်လုံးများသည် ကျွန်တော့်ကို တည့်တည့်ကြည့်လိုက်ပြန်ပါသည်။ သူမက-

"ရှင်က ကျွန်မကို ချစ်နေတယ်လို့ ပြောနေတာလား"

မေးလိုက်ပုံမှာ ငေါ့ထေ့သံမျိုး ဖြစ်ပါသည်။

သည်တစ်ခါ တွေသွားရသူမှာ ကျွန်တော်ပင် ဖြစ်ပါသည်။ ခဏကြာမှ ကျွန်တော်သည် ခပ်ဖြည်းဖြည်း ပြန်၍-

"ကျွန်တော်လဲ မပြောတတ်အောင်ပါပဲ၊ ကျွန်တော် ချစ်နေတာ ဖြစ်ကောင်း ဖြစ်မယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်လဲ မဝေခွဲတတ်ဘူး"

အယ်လိန်းက-

"ဒါဆိုရင် ရှင် ဘာတွေလာပြောနေတာလဲဟင် ဘရက်ဒ်၊ ကျွန်မအပေါ်မှာ ဘာကြောင့် ရိုးရိုးသားသား မရှိရတာလဲ၊ ရှင့်ကိုယ်ရှင်လဲ မရိုးသား မပွင့်လင်း ဖြစ်နေရတာလဲ၊ ရှင် ဘာလိုချင်တာလဲဟင်"

ကျွန်တော်သည် အမျိုးသမီး၏ မျက်လုံးများနှင့် မဆုံဆည်းရလေအောင် မျက်လွှာချလိုက်ပါ၏။ ပြီးမှ ကျွန်တော့်ရင်ထဲမှာ ရှိသည့်အတိုင်း-

"ခု လတ်တလော ကျုပ်ရင်ထဲမှာ ဖြစ်နေတာကတော့ ကျုပ် မင်းကို လိုချင်တာ"

ကျွန်တော့်စကား ဆုံးသွားသော်လည်း အမျိုးသမီးထံမှ စကားသံမကြားရပါ။ ကျွန်တော်က မျက်လွှာဖွင့်၍ ကြည့်လိုက်သောအခါ အမျိုးသမီးသည် အငူသား ထိုင်နေသည်။ လက်ထဲမှ သောက်လက်စ စီးကရက်ကိုလည်း ဆက်သောက်ရန် မေ့နေပုံရပါသည်။

ကျွန်တော်က-

"မင်းကို စပြီးမြင်လိုက်ရကတည်းက ကျုပ် မင်းကိုလိုချင်တာ၊ အဲဒါ ဘာလဲဆိုတာတော့ မသိဘူး၊ ဘာ့ကြောင့် ဘယ်လို အဲဒီစိတ်ဖြစ်ပေါ်လာတယ်ဆိုတာလဲ မသိဘူး ဒါပေမယ့် မင်းကို မြင်မြင်လိုက်ရချင်း ဟောဒီလောကတစ်ခုလုံးမှာ၊ ကျုပ်ဘဝတစ်ခုလုံးမှာ မင်းထက်လိုချင်တဲ့အရာ မရှိတော့ဘူး၊ မင်းကို အလိုချင်ဆုံးပဲ"

ကျွန်တော်သည် အမျိုးသမီး၏ လက်ကလေးကို ကိုင်လိုက်ပါသည်။

အမျိုးသမီး၏မျက်နှာမှာ ပကတိ ငြိမ်သက်လျက်ရှိပါသည်။

သူမက တိုးတိတ်သော လေသံဖြင့်-

"ဘရက်ဒ်. . ."

ကျွန်တော်သည် မျက်နှာကိုငုံ၍ မိန်းကလေး၏နှုတ်ခမ်းကို နမ်းလိုက်ပါသည်။ ပထမတစ်ကြိမ်တွင်တော့ နှုတ်ခမ်းအစုံမှာ အေးစက်ခြင်းမရှိတော့ပါ။ သည်တစ်ကြိမ်တွင်မူ နှုတ်ခမ်းများသည် ပျော့ပျောင်းနူးညံ့ချိုမြိန်ပြီး တုန်ယင်နေပါသည်။ ကျွန်တော်၏လက်များက အယ်လိန်း၏တစ်ကိုယ်လုံးကို သိမ်းကြုံးဖက်ပွေ့လိုက်ပြီဖြစ်ရာ ကျွန်တော်တို့ နှစ်ဦးတို့၏ ကိုယ်လုံးများမှာ လေတိုးမဝင်အောင် ပူးကပ်နေပြီဖြစ်ပါသည်။ ကျွန်တော်တို့၏ နှုတ်ခမ်းသည်လည်း အသက်ရှူ၍မရတော့မှ ခွာလိုက်ကြပါသည်။

ကျွန်တော်တို့အနမ်း ခွာလိုက်သောအခါတွင် အယ်လိန်း၏ခေါင်းသည် ကျွန်တော့်လက်မောင်းပေါ်တွင် မှီခိုအုံးထားပါသည်။ ကျွန်တော့်ကို မော့ကြည့်လိုက်သောအခါ အကြည့်သည် ကြင်နာခြင်းများ ပါနေပါသည်။ အယ်လိန်း၏ မျက်လုံးအစုံမှာ ချစ်ခင်ခြင်း၊ ပူဆွေးခြင်းများ ပြည့်နေပါသည်။ အယ်လိန်းပါးစပ်မှ-

"ဘရက်ဒ်"

ကျွန်တော်က အယ်လိန်းကို တစ်ခါပြန်နမ်းလိုက်ပြီးမှ-

"အယ်လိန်း၊ ဘာလဲဟင်"

"ကျွန်မတို့နှစ်ယောက်ဟာ အခြားသူတွေလို မဖြစ်ကြပါစေနဲ့လား ဘရက်ဒ်၊ နောင်ကျမှ နောင်တရကြရမယ့် အလုပ်မျိုးကို ရှင်မလုပ်စေအောင် … … ဟင်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ထိုအခါမှ သတိရသွားပြီး-

"နေပါဦး၊ ခုအချိန်အထိ အယ်လိန်းပြောနေတာ ကိုယ့်အတွက် ကိုယ့်ဘက်က ချည့်ပဲ၊ အယ်လိန်းဘက်ကကောဟင်၊ အယ်လိန်း ဘာလိုချင်သလဲ၊ ဘာဖြစ်ချင်သလဲ"

"ကျွန်မ ဖြစ်ချင်တာက ရှင့်အတွက်လောက် အရေးမကြီးပါဘူး ဘရက်ဒ်၊ ရှင့်မှာက ကျွန်မထက် ဆုံးရှုံးစရာတွေက များလွန်းတယ်"

အယ်လိန်း၏ စကားသံမှာ ပကတိ တိုးတိုးတိတ်တိတ်မျှသာ ဖြစ်ပါသည်။

ကျွန်တော်သည် ဘာမှ ပြန်မပြောဖြစ်ပါ။ ကျွန်တော့်တွင် ဘာမှပြောစရာ မရှိတော့သလို ဖြစ်နေပါသည်။

အယ်လိန်းသည် ကျွန်တော့်မျက်လုံးအစုံကို တည့်တည့်ကြည့်၍-

"ရှင့်ရဲ့ဇနီးသည်အပေါ်မှာ ရှင် ဘယ်လိုခံစားရသလဲဟင် ဘရက်ဒ်၊ ရှင့်ဇနီးသည်ကို ရှင်ချစ်သလား"

"ချစ်တာပေါ့"

ကျွန်တော်သည် ကမန်းကတန်း ဖြေလိုက်ပါသည်။ ကျွန်တော်၏ အဖြေစကားသံမှာ ကျွန်တော့်နားထဲတွင် ပဲ့တင်ထပ်ပြီး အဖန်တလဲလဲ ကြားနေရပါသည်။ ကျွန်တော်က ဆက်၍-

"လင်နဲ့မယား တစ်ယောက်နဲ့တစ်ယောက် မချစ်ကြဘူးဆိုယင် ဒီလောက် အိမ်ထောင်သက်ကြာကြာကြီး အတူပေါင်းသင်းနေထိုင်လို့ ရပါ့မလား"

အယ်လိန်းသည် တိုးတိုးတိတ်တိတ်ပင် သရော်သံမပါဘဲနှင့်-

"ဒါဆိုရင် ကျွန်မကို ဘာဖြစ်လို့ လိုချင်ရတာလဲဟင် ဘရက်ဒ်၊ ရှင့်မှာ ငြီးငွေ့တဲ့စိတ် ဖြစ်ပေါ်နေလို့လား၊ စွန့်စွန့်စားစားကလေး လုပ်ချင်နေလို့လား၊ ဒါမှမဟုတ် အောင်နိုင်မှုတစ်ခု ရယူချင်သေးလို့လား"

ကျွန်တော်သည် အယ်လိန်းကို ပြန်ကြည့်လိုက်ပါသည်။

"ဒါတော့ အယ်လိန်းမတရားဘူး၊ အစကတည်းက ကိုယ်ပြောခဲ့ပြီးသားပဲ၊ ကိုယ်လဲ ကိုယ့်ဘာသာကိုယ် မသိပါဘူးလို့၊ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် တွေ့ဆုံကြတဲ့အခါမှာ မရမနေ လိုချင်တဲ့စိတ် ဖြစ်ပေါ်လာတာဟာ ဘာ့ကြောင့်လဲဆိုတာ ကိုယ်မသိဘူး၊ ကိုယ်ကိုယ်တိုင်ကလဲ မိန်းမတွေနဲ့ မပတ်သက်ဖူးဘူး၊ ကိုယ့်အလုပ်ထဲမှာ ကိုယ်နစ်မြုပ်နေခဲ့တာ"

ကျွန်တော်သည် အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီးမှ-

"ကျုပ်သိတာကတော့ ကျုပ် မင်းကိုလိုချင်တယ်၊ မင်းမှာလဲ ကျုပ်ကိုလိုချင်တာ တစ်ခုရှိနေတယ်၊ အဲဒီလိုချင်မှုဟာ ဘာလဲ၊ ကျုပ်တို့နှစ်ယောက်တည်းပဲ ဆိုင်တယ်၊ တခြားလူတွေနဲ့ မဆိုင်ဘူး၊ အဲဒါကိုပဲ ကျုပ်သိတယ်၊ ဒါကို ကျုပ် ဘယ်လိုလုပ်ပြီး သိတာ



[..]တဲ့ မမေးနဲ့၊ ကျုပ် မဖြေတတ်ဘူး၊ ကျုပ်က မင်းမရှိရင် မနေနိုင်တော့ဘူးလို့တော့ [..]ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်နေနိုင်တယ်၊ ဘာမှမရှိလဲ ကျုပ်ဖြစ်အောင်တော့ [..]နိုင်တယ်ဆိုတာ ကျုပ်ကိုယ်ကျုပ်သိတယ်၊ ကျုပ် အဲဒီလောက်ပဲသိတယ်"

ကျွန်တော့်စကားများသည် ဘယ်သို့ရောက်နေမှန်း ကျွန်တော်မသိပါ။ သို့[..] ကျွန်တော်က ဆက်၍-

"ဘဝဆိုတာ မပြည့်စုံခြင်း၊ မကျေနပ်ခြင်းများနဲ့ တည်ဆောက်ထားတာပဲ၊ [..]မယ့် လူတိုင်းဟာ ဘယ်လောက်မပြည့်စုံမှုကကြီးကြီး မကျေနပ်မှုကကြီးကြီး ဖြစ်[..]အောင် ကြိုးစားရှင်သန်နေထိုင်ကြရတာပဲ၊ အခုလတ်တလော ကျုပ်သိနေတာကတော့ [..]ကိုရမယ်ဆိုယင် လိုချင်နေတယ်၊ အဲဒါ အကြီးမားဆုံး လိုအင်ဆန္ဒပဲ"

အယ်လိန်းနှုတ်ခမ်းပေါ်တွင် အပြုံးတစ်စ ဖြစ်ပေါ်လာပါသည်။

"ရှင်ကတော့ ရိုးရိုးသားသားပြောသွားပဲ ဘရက်ဒ်၊ တခြားယောက်ျားတွေက [..]ကို ဒီ့ထက်ပိုပြီး ချော့ပေးကြဖူးပါတယ်"

"ယနေ့လူနေမှုစနစ်မှာ ရိုးသားမှုဆိုတာ တစ်ခုတည်းသော ရှားကုန်ပစ္စည်း [..]နေပါပြီ၊ တန်ဖိုးလဲ အကြီးဆုံးပါပဲ"

အယ်လိန်းသည် နောက်ထပ် စီးကရက်တစ်လိပ်ကို ရွှေဗူးထဲမှထုတ်ယူ၍ [..]ကိုမီးညှိလိုက်ပါသည်။

"ကျွန်မကို ဟိုတယ်ပြန်ပို့ဖို့ကောင်းပြီ ဘရက်ဒ်"

ကျွန်တော်သည် တိုးတိတ်စွာပင် ကားစက်နှိုးလိုက်ပါသည်။ ကျွန်တော်သည် [..]တော်ကားကို ရပ်ထားရာမှ ကွေ့ပတ်၍ လမ်းပေါ်ထုတ်လိုက်ပြီး မြို့ထဲဘက်သို့ [..]င်နှင်လာခဲ့ပါသည်။ တစ်လမ်းလုံး ကျွန်တော်တို့နှစ်ဦးသား စကားမပြောဖြစ်ပါ။

အယ်လိန်းတည်းခိုသည့် ဟိုတယ်ရှေ့သို့ ရောက်သောအခါ ကျွန်တော်သည် [..]ပ်ပေးလိုက်ပါသည်။ ပြီးမှ-

"အယ်လိန်းကို ကိုယ် နောက်ထပ်တွေ့ရဦးမှာလား"

အယ်လိန်းသည် ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး-

"ကျွန်မလဲ မသိသေးဘူးဘရက်ဒ်၊ ကျွန်မတို့နှစ်ယောက် မဆုံဘဲနေကြတာက [..] ကောင်းမလား"

ကျွန်တော်က-

"အယ်လိန်း ကိုယ့်ကိုကြောက်သလား"

အယ်လိန်းသည် ခေါင်းခါလိုက်ပြီး-

"ရှင်ဟာ လူထူးလူဆန်းတစ်ယောက်ပဲ ဘရက်ဒ်၊ ဟင့်အင်း . . . [..] [..]ကြောက်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က-

"ဒါဖြင့်ယင် မင်းကိုယ်မင်းရော ကျုပ်ကိုချစ်မိသွားမှာကို ကြောက်နေသလား"

ကျွန်တော်က တုံးတိတိမေးလိုက်သည်ကို အယ်လိန်းက တုံးတိတိဖြင့်ပင်

"ဟင့်အင်း၊ ကျွန်မ ရှင့်ကိုချစ်မိသွားမှာကိုလဲ မကြောက်ပါဘူး၊ ကျွန်မမှာ ကြောက်စရာအကြောင်းမှ မရှိတာ"

အယ်လိန်းသည် ကားတံခါးကိုဖွင့်၍ ဆင်းလိုက်ပါသည်။ ကားအပြင်ရောက်မှ ကျွန်တော့်ကို တည့်တည့်ကြည့်၍-

"ဒါပေမယ့် ရှင့်မှာက ကြောက်စရာရှိနေတယ် ဘရက်ဒ်၊ ရှင့်ဘာသာ ပြန်ပြီး ချင့်ချင့်ချိန်ချိန် စဉ်းစားကြည့်ဦး ရှင်ဟာ လွတ်လွတ်လပ်လပ် မဟုတ်ဘူး၊ ရှင်ဟာ တိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေဦးမယ်"

"ဒါက ကိုယ့်အပူပါ"

ကျွန်တော်က အမြန်ဖြေလိုက်ပါသည်။ ပြီးနောက်-

"ကိုယ်တို့ တွေ့ရဦးမှာလားဟင်"

အမျိုးသမီးက ညင်သာသောလေသံဖြင့်-

"ကျွန်မပြောတဲ့အတိုင်းသာ လုပ်စမ်းပါ ဘရက်ဒ်၊ ပြန်ပြီး ချင့်ချင့်ချိန်ချိန် စဉ်းစားကြည့်ပါဦး"

ကျွန်တော်က အထွန့်တက်ပြီး-

"အဲဒီလို စဉ်းစားပြီးတဲ့နောက်မှာလဲ ကျုပ်က မင်းကို လိုချင်နေသေးတယ် ဆိုယင်ကော"

အယ်လိန်းသည် ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်ပါသည်။

"ကျွန်မလဲ မပြောတတ်သေးပါဘူး၊ ကျွန်မတို့ တွေ့တော့တွေ့ကြသေးတာ ပေါ့"

အယ်လိန်းသည် ဟိုတယ်ဘက်သို့ လှည့်လိုက်ယင်း-

"ဂွတ်နိုက် ဘရက်ဒ်"

"ဂွတ်နိုက် အယ်လိန်း"

ကျွန်တော်သည် အယ်လိန်းတစ်ယောက် ဟိုတယ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားချိန်အထိ ငေးကြည့်ကျန်ရစ်ပါသည်။ ပြီးမှ ကားကို စတင်မောင်းထွက်ခဲ့၏။

□□□

## အခန်း (၇)

မော်တော်ကားကို ဂိုထောင်ထဲသွင်းပြီးနောက် အိမ်ဘက်သို့ လျှောက်လာချိန် ညဆယ့်တစ်နာရီထိုးကာနီးပြီဖြစ်ကြောင်း ကျွန်တော် တွေ့ရ၏။ ကျွန်တော်သည် အိမ်ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့၏။

အိမ်ဘက် ကျွန်တော့်လင်မယား၏ အိပ်ခန်းမှ မီးရောင်လင်းနေသည်ကို မြင်ရသောကြောင့် ထူးဆန်းသော မကျေနပ်စိတ်များ ကျွန်တော့်ရင်ထဲမှာ ပေါ်လာသည်။ ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်ပြန်လာသည်ကို ချစ်ဇနီးမာဂီ မစောင့်ဘဲ အိပ်နေနိုင်ပါစေဟု ကျိတ်ပြီးဆုတောင်းနေမိ၏။

အမှန်အားဖြင့် ဤအတွေးမှာ ကျွန်တော့်ဘာသာ လိပ်ပြာမသန့် ဖြစ်နေခြင်း သာ ဖြစ်ပါသည်။ *ဆယ့်တစ်နာရီဆိုသည့် အချိန်မှာ မာဂီ ကျွန်တော့်ကို တကူးတက စောင့်နေခြင်းသက်သက် မဟုတ်တန်ရာပါ။* မာဂီဘာသာ စာဖတ်နေ၍ မအိပ်သေးခြင်းသာ ဖြစ်ပါလိမ့်မည်။ အိမ်တံခါးဝတွင် ကျွန်တော်ရပ်၍ စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။

ဤအချိန်ကား ကျွန်တော့်ကိုယ်ကျွန်တော် ပြန်လည်သုံးသပ် [illegible] ကောင်းနေပြီဖြစ်ပါသည်။ အယ်လိန်းပြောသည့်စကားမှာ မှန်လှပါ၏၊ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်စဉ်းစားဖို့ အချိန်တော်ပြီဖြစ်ပါသည်။ ကျွန်တော်သည် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်များ ပတ်သက်ချင်ရပါသနည်း။ အကယ်၍ ကျွန်တော်သည် ကိုယ့်ဘဝကို ကျေနပ်နှစ်သိမ့် ရောင့်ရဲနေသူတစ်ဦးဖြစ်ပါက ဘာကိစ္စ ဒုက္ခရှာချင်နေရပါသနည်း မိန်းမဆိုတာ မိန်းမပဲ မဟုတ်ပါလား။

ကျွန်တော်သည် စီးကရက်ကိုဖွာရင်း အိမ်ရှေ့တံခါးပေါက် လှေကားရင်းမှ ပင် ထိုင်၍ အပြင်ဘက် ညအမှောင်ထဲသို့ ကြည့်နေလိုက်မိပါသည်။ ကိုယ့်ကိုယ်ကို လည်း "ဟော့ကောင်ဘရက်ဒ်၊ မင်း ဘယ်လောက် ကံကောင်းတဲ့ငနဲလဲကွ၊ စဉ်းစားကြည့် စမ်း" ဟု စိတ်ထဲမှ ပြောလိုက်မိပါသည်။ မင်းမှာ ဒေါ်လာသုံးသောင်းတန်အိမ် ရှိနေပြီ သိန်းဂဏန်းတန်ဖိုးရှိတဲ့ အလုပ်ရှိသည်။ ချစ်စရာကောင်းသော သားသမီးနှစ်ယောက် ရှိသည်။ ခုဝဘက် ကြင်နာတတ်ပြီး မင်းကိုနားလည်တဲ့ မိန်းမ၊ မင်းကိုယ်တိုင်လဲ နေသာ ထိုင်သာဖြစ်နေတဲ့ မိန်းမရှိနေပြီပဲ၊ မင်းဘဝမှာ ဒုက္ခတွေ ပင်လယ်ဝေနေချိန်တုန်းက တော တောင်ချော်မှန်းခဲ့သမျှ အရာရာ ပြည့်စုံနေပြီပဲ၊ ခုလိုအချိန်မျိုးရောက်ခါမှ ဘာဖြစ်လို့ အပြောင်းအလဲ လုပ်ချင်နေရတာလဲ၊ ကိုယ်နဲ့မဆိုင်တာ လုပ်ချင်ရတာလဲ။

ဤကဲ့သို့ ဝေဖန်ပိုင်းခြားပြီး မိမိကိုယ်ကို ဆန်းစစ်ပြနေသည့်ကြားမှပင် ကျွန်တော့် ရင်ထဲမှာ တစ်စုံတရာက တစ်စတစ်နှင့် လာရောက်နှောင့်ယှက်နေ၏။ ထိုတစ်စုံတရာက အယ်လိန်ပင် ဖြစ်ပါ၏။ အယ်လိန်း၏မျက်နှာလေးမှာ ကျွန်တော့်အိပ်မက်ထဲမှ ပန်း တားအလှ ဖြစ်ပါသည်။ မိန်းမတွေအားလုံးထဲမှ ကျွန်တော် နှစ်သက်တပ်မက်သော အလှတရားများ စုဆောင်းထားရာဖြစ်ပါသည်။ ကျွန်တော့်စိတ်ကူးထဲမှာ ရှိသမျှ အလှတရား စိတ်ကူးယဉ်မှုတို့ကို ပကတိ သက်ရှိထင်ရှားအဖြစ် ထင်းထင်းကြီး မြင်တွေ့နေရခြင်း ဖြစ်ပါသည်။

ကျွန်တော့်ရင်ထဲတွင် အယ်လိန်း၏အသံကလေးမှာ ယခုထိ ပဲ့တင်ထပ် ကြား ယောင်နေဆဲ ဖြစ်ပါသည်။ အယ်လိန်းအသံကလေးမှာ နူးညံ့သိမ်မွေ့၍ နွေးနွေးထွေးထွေး ရှိလှပါ၏။

အယ်လိန်းအဖြစ်မှာ ကျွန်တော်ငယ်စဉ်ကကဲ့သို့ တစ်လောကလုံးက ရက်စက် သောအရပ်ကြီးဖြစ်ပြီး တစ်ကိုယ်ထီးတည်းနေရခြင်းမှ ကောင်းသေးသည်ဟု အောက်မေ့ နေရချိန်ကကဲ့သို့ အထီးကျန်နေခြင်း ဖြစ်ပါသည်။ လောကကြီး၏ ရက်စက်မှုတို့ ကြောက်ရွံ့နေရသော ဘဝဖြစ်ပါသည်။ လောကကြီးက ဘယ်လောက် ရက်စက်နိုင် သလဲဆိုသည်ကို ကိုယ်တွေ့ နဖူးတွေ့ ဒူးတွေ့ ဆုံကြုံဖူးသူမှ ခံစားနိုင်သည့် ကြောက် ရွံ့စိတ်မျိုးကို ခံစားနေရရှာသူတစ်ဦး ဖြစ်ပါသည်။

အယ်လိန်း ကျွန်တော့်ကို သဘောကျကြောင်း ကျွန်တော် သိသည်။ ထို အချက်ကို ကျွန်တော့် တွေ့တွေ့ချင်းကတည်းက သိသည်။ ကျွန်တော့်ဘဝတွင် ကျွန် တော်နှင့်ပတ်သက်၍ လူအများ၏ တုံ့ပြန်မှုသဘောတရားကို ကျွန်တော်သိပြီးဖြစ်သည်



...ားသည် ကျွန်တော့်ကိုတွေ့လျှင်တွေ့ချင်း သဘောကျလျှင်ကျ၊ ... ...မှ သဘောကျ ကျေနပ်တော့သည် မဟုတ်။ ကျွန်တော်ကား ထိုကဲ့သို့... ...သည်။

အယ်လိန်းကား ကျွန်တော့်ကို တွေ့လျှင်တွေ့ချင်း သဘောကျကြောင်း ကျွန် ...ာ်သိသည်။ ကျွန်တော့်ရုံးခန်းထဲ ရောက်လာပြီး ရုံးခန်းထဲမှ ထွက်မသွားအောင် ...တော်တားနိုင်လိုက်ကတည်းက သိသည်။ ယနေ့ ကျွန်တော့်ရုံးခန်းထဲမှာ အယ်လိန်း ...ပြုမူနည်းများအရလည်း သိသည်။ ကျွန်တော် အယ်လိန်းကို နမ်းလိုက်သောအခါ ...သေချာသွားသည်။

ပထမအကြိမ် နမ်းမိသောအခါကြောင့် မဟုတ်ပါ။ ဒုတိယအကြိမ် နမ်းသော ...က ဖြစ်ပါသည်။ ဒုတိယအကြိမ်တွင် အယ်လိန်း၏နှုတ်ခမ်းများက ကျွန်တော့်ကို ...ပါသည်။ ကျွန်တော့်စိတ်ထဲမှ ဖြစ်စေချင်သောဆန္ဒများအတိုင်း ဖြစ်ပါ၏။ အယ်- ...၏နှုတ်ခမ်းမှ ငတ်မွတ်ဆာလောင်နေမှုသည် ကျွန်တော်၏ အင်အားများကို စုပ်ယူ ...သွားစေသလို ဖြစ်သွားခဲ့ပါသည်။ ကျွန်တော့်ရင်ထဲတွင် နှစ်ပေါင်းများစွာ မရှိ ...ပြီဟု ကျွန်တော် ယူဆထားမိခဲ့သော မီးကို ပြန်လည်တောက်လောင် စေခဲ့ပါသည်။ ...ာက်လည်း နည်းနည်း ကြောက်လာမိပါသည်။ ထို့ကြောင့် ကျွန်တော် ရပ်လိုက်မိ ... ဖြစ်ပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သာမန် သူလိုကိုယ်လိုလူများနှင့် ...မခြားပါကလား၊ ရမ္မက်မီးသည် ရင်ထဲမှာ ရှိနေဆဲပါကလားဟု ဘာသာသိသွားခဲ့ရ ...သည်။ ထိုအဖြစ်ကို ကျွန်တော်ကိုယ်တိုင်က သဘောကျမကျကား ကျွန်တော်ကိုယ်တိုင် ...ပြောတတ်ပါ။

"ဟယ်လို. . . ဘာလုပ်နေတာလဲ"

မာဂီ၏ တိုးတိတ်သောအသံသည် ကျွန်တော့်နောက်ဘက်မှ ထွက်ပေါ်... ...ပါသည်။

ကျွန်တော့်ပခုံးပေါ်သို့ မာဂီ၏လက်အစုံသည် ရောက်တင်လာပါသည်။ ...တော်သည် လှည့်မကြည့်ဘဲ မာဂီ၏လက်များကို ဆုပ်ကိုင်လိုက်ပါသည်၊ ...

"စဉ်းစားနေတာပါ"

မာဂီ၏ အဝတ်အစားများ ပွတ်တိုက်သံကို ကြားရပါသည်။ မာဂီက ... ...ားမှာ ဝင်ထိုင်ပြီး ကြင်နာယုယသော လေသံဖြင့်-

"ဘာပြဿနာများ ရှိနေလို့လဲ ဘရက်ဒ်၊ မာမာ့ကို ပြောပြပါ... ...ဖြေရှင်းချင် ဖြေရှင်းနိုင်မှာပေါ့"

ကျွန်တော်သည် မာဂီ့ကို ကြည့်လိုက်ပါသည်။

မာဂီ၏ ဆံယဉ်နွယ်များက သွယ်ဝန်းသော မာဂီ၏...

www.burmeseclassic.com

www.burmeseclassic.com



ပေးထားပါသည်။ မာဂီ၏ နှုတ်ခမ်းအစုံမှာ ချိုမြစွာ ကွေးလျက်ရှိပါသည်။ မာဂီ... ပတ်သက်၍ ကျွန်တော်စွဲလမ်း သဘောကျရခြင်းမှာ ဤအချက်ပင်ဖြစ်ပါသည်။ မာ... သည် အရာရာကို စိတ်ရှည်ရှည် လေးလေးစားစား နားထောင်တတ်သော ဇနီးကော... တစ်ဦး ဖြစ်ပါသည်။ သို့သော် သည်တစ်ကြိမ်တွင်မူ ဖွင့်မပြောနိုင်သူက ကျွန်တော်... ဖြစ်ပါသည်။ ဤကိစ္စမှာ ကျွန်တော့်ဘာသာတွေး၍ ကျွန်တော့်ဘာသာဖြေရှင်းမှ ရ... မည့်ပြဿနာ မဟုတ်ပါလား။

ကျွန်တော်က ဖြည်းညင်းစွာဖြင့်-

"ဘာမှ ပြဿနာမရှိပါဘူးကွယ်၊ ကိုယ်က ဒီလေ့ကားရင်း အိမ်တံခါးပေါက်... ထိုင်ပြီး စဉ်းစားနေတာပါ၊ မြို့ကြီးပြကြီးကနေပြီး ထွက်နေလိုက်ရရင် ဘယ်လောက်မ... ကောင်းလိုက်မလဲလို့"

မာဂီ၏မျက်လုံးများသည် ပြုံးယောင်သမ်းသွားပါသည်။ မာဂီသည် မတ်တတ်... နပ်လိုက်ပြီး ကျွန်တော့်လက်ကိုဆွဲ၍ ထူပါသည်။ ပြီးမှ အသံထွက်ရယ်၍-

"ကြော်... သဘာဝတရားကို ခင်မင်တဲ့ တောသားကလေးပေါ့နော်၊ တစ်... တော့မမေ့နဲ့နော်၊ နွေကကုန်နေပြီ၊ ခုလို အပြင်ဘက်မှာထိုင်နေယင် အအေးမိတတ်တယ်... ဆိုတဲ့ အကြောင်းကိုလေ၊ ကဲ အထဲဝင်၊ ကျွန်မ ကော်ဖီဖျော်နေတုန်း ပေါလ်တို့ အိမ်... တို့နဲ့ ညစာစားတုန်းက အကြောင်းတွေကို ပြောပြ"

ကျွန်တော်သည် မာဂီနှင့်အတူ အိမ်ထဲသို့ ဝင်လိုက်ခဲ့ပါသည်။ ဧည့်ခန်းထဲ... တူးမြတ်ကြစဉ် ကျွန်တော်က-

"ညစာစားပွဲမှာ မစ္စက်ရှိုင်လာလဲ ပါသေးတယ်၊ ကိုယ်တို့အားလုံး လေဆိပ်... ကို လိုက်ပို့ပြီးမှ မစ္စက်ရှိုင်လာကို ဟိုတယ်ပြန်ပို့ခဲ့ရတာ"

မာဂီက သရော်တော်တော် လှောင်တောင်တောင် မျက်နှာထားနှင့် ကျွန်တော်... ကိုကြည့်၍-

"ဝါရှင်တန်မြို့တော်က မုဆိုးမချောချောတွေကို သတိထားနော်၊ ရှင့်လို မ... မနပ် ငနဲလေးတွေကို ဝါးစားပစ်လိုက်မယ်"

မာဂီက ထိုသို့စ,သည်ကို ကျွန်တော်က-

"ကိုယ်က သူ့အတွက် စိတ်မကောင်းဖြစ်မိတာပါ"

ကျွန်တော်သည် အကြောင်းမရှိဘဲ ခုခံကာကွယ် ပြောဆိုနေမိပါသည်။

မာဂီသည် ယခုအချိန်အထိ ကျွန်တော့်ကို နောက်ပြောင်လိုစိတ် ကုန်သေး... ဟန် မတူပါ။

"သိပ်ပြီး စိတ်မကောင်း ဖြစ်မနေပါနဲ့နော်"

ပြောပြောဆိုဆို မာဂီသည် ကော်ဖီအိုးမီးခလုတ်ကို ဖွင့်လိုက်ပါသည်။ ပြီးမှ-

"ရှင့်မှာ မယားတစ်ယောက်နဲ့ ကလေးနှစ်ယောက်ကို တာဝန်ယူဖို့ ရှိသေးတယ် ...နော်"

ကျွန်တော်က တလေးတနက်ပင်-

"ကိုယ်မမေ့ပါဘူးကွာ"

ကျွန်တော့်အသံထဲမှာ ပါသွားသည့် လေးနက်မှုသဘောကြောင့် မာဂီသည် ကျွန်တော့်ကို မော့ကြည့်ပြီး မျက်နှာပေါ်မှ လှောင်ရိပ်အပြုံးသည် ပျောက်သွားပါ၏။ ...သည် ကျွန်တော့်အနားကို တိုးကပ်လာပြီး ကျွန်တော့်မျက်နှာကို ကြည့်၍-

"မမေ့ဘူးဆိုတာ သိပါတယ် ဘရက်ဒ်ရယ်. . ."

ပြောပြောဆိုဆိုပင် ကျွန်တော်၏ပါးပြင်ကို အသာနမ်း၍-

"ဒါကြောင့် ကျွန်မက ရှင့်ကိုချစ်ရတာပေါ့ ရှင်ရယ်. . ."

❑

အိပ်ခန်းထဲသို့ ထိုးဖောက်ဝင်ရောက်လာသော တောက်ပသော နေရောင်ကြောင့် ကျွန်တော် အိပ်ရာမှ နိုးလာပါသည်။ အိပ်ခန်းမှာ ကျွန်တော့်အတွက် တစ်ခုခု ...နေသလို ထင်ရပါသည်။ တစ်နေရာရာ လွဲမှားရောက်နေသလို ဖြစ်နေပါသည်။ ...တော့မှ ဘာလွဲမှားနေကြောင်း ကျွန်တော်သိသွားပါသည်။ အိပ်ရာသည် ကျွန်တော့် ...ရာမှ မဟုတ်ဘဲ၊ မာဂီ၏ အိပ်ရာဖြစ်နေသောကြောင့်ပင်တည်း။

ကျွန်တော်သည် ခေါင်းကို ဖြည်းညင်းစွာ လှည့်လိုက်ပါသည်။ ကျွန်တော်နှင့် ...ချင်းယှဉ်လျက် ခေါင်းအုံးပေါ်တွင် အိပ်နေသော မာဂီကို မြင်ရပါသည်။ မာဂီသည် ကျွန်တော့်ကို တည့်တည့်ကြည့်နေပြီး ပြုံးနေပါသည်။

ကျွန်တော်သည် မာဂီကို ပြန်ပြုံးပြလိုက်ပါ၏။

မာဂီက တစ်စုံတရာ တီးတိုးပြောပါသည်။

မာဂီ ဘာပြောလိုက်ကြောင်း ကျွန်တော်မကြားရပါ။ သို့နှင့်-

"ဘာပြောတယ်"

ကျွန်တော့်အသံမှာ အေးဆေးငြိမ်သက်သော နံနက်ခင်း၏ တိတ်ဆိတ်မှုကို ...ခဲ့လိုက်ပါသည်။

မာဂီက တီးတိုးလေသံဖြင့်ပင်-

"လူငယ်လေးပေါ့နော်. . .၊ ကျွန်မဖြင့် ဒီလိုအဖြစ်မျိုးကို မေ့...

သည်တော့မှ ညကအဖြစ်အပျက်ကို ပြန်လည်မှတ်မိသွားပါသည်။

မာဂီသည် လက်နှစ်ဘက်ဖြင့် ကျွန်တော်၏လည်တိုင်ကိုပတ်၍ ...

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းကို သူမရင်ခွင်ထဲသို့ နှိမ်ချဆွဲသွင်းလိုက်ပြီး-

"ရှင်ဟာ တကယ်ချစ်စရာကောင်းတဲ့လူပဲ ဘရက်ဒ်"

ပြီးမှ ကျွန်တော့်နားနားမှာကပ်၍-

"အဲဒါကို ရော ရှင်သိရဲ့လား"

ရင်ထဲမှာ နာကျင်မှုဝေဒနာသည် ကျွန်တော့်လည်ချောင်းဝသို့ တစ်ဆို့ဆို့ ရောက်လာပါသည်။ ကျွန်တော်သည် စကားတစ်ခွန်းမှ မပြောနိုင်တော့ပါ။ ဘယ်လော များပြားသော လင်ယောကျ်ားတို့သည် တခြားတစ်ပါးသော မိန်းမများ မွေးပေးလိုက်သော ရမ္မက်မီးဖြင့် မိမိတို့၏ ချစ်ဇနီးများနှင့် အိပ်ရာဝင်ခဲ့ကြပါသနည်း။ မည်သည့် သူ ဖောက်မှုသည် ပို၍အပြစ်ကြီးပါသနည်း။ တကယ် ဖောက်ပြန်ခြင်းကလား၊ စိတ်ကူးယဉ် ဖောက်ပြန်မှုကလား၊ မာဂီ၏လက်များမှာ ကျွန်တော်၏ ဆံပင်များကို ပွတ်သပ်နေ သည်။ မာဂီသည် ကျွန်တော့်နားဝမှာကပ်၍ ဆက်လက်တီးတိုးပြောနေပါသည်။

□

ကျွန်တော်သည် သမီးဂျင်နီ၏နံဘေး ကားထဲသို့ ဝင်ထိုင်လိုက်ပါသည်။ ထုံး အတိုင်း ကားမောင်းခဲ့မှာတော့ ဂျင်နီပဲဖြစ်ပါ၏။ မာဂီသည် ကျွန်တော်တို့ကို တံခါး လှမ်းငုံ့ကြည့်၍-

"ညနေ အိမ်ကို စောစောပြန်နိုင်အောင် ကြိုးစားနော် ဘရက်ဒ်၊ ဖေဖေ ညစာ အိမ်မှာလာစားမယ် ပြောထားတယ်"

ကျွန်တော်က-

"စောမှာပါ"

အပတ်တိုင်း အင်္ဂါနေ့ညနေတွင် ဖေဖေသည် ကျွန်တော်တို့အိမ်သို့ ညစာ ပြန်လာစားနေကျ ဖြစ်ပါသည်။

ထိုအချိန်မှာ ဂျင်နီသည် ကားဂီယာသွင်းပြီး မောင်းထွက်လာခဲ့ပြီ ဖြစ်ပါ၏။ ကျွန်တော်တို့အိမ် ကိုယ်ပိုင်လမ်းသွယ်လေးမှ လမ်းမပေါ်သို့ အရှိန်နှင့်ကွေ့လိုက်ရာ လမ်းထောင့်တိုင်ကလေးနှင့် သီသီကလေးသာ လွတ်ပါသည်။ ကျွန်တော်သည် သက်ပြင်း တစ်ချက်ချလိုက်ပြီး-

"တစ်နေ့နေ့တော့ အဲဒီတိုင်ကလေးကို သမီး တိုက်မိတော့မှာပဲ"

ဂျင်နီသည် ကျွန်တော့်ဘက်ကို လှည့်ကြည့်ပြီး ပြုံးပြပါသည်။

"စိတ်မပူစမ်းပါနဲ့ ဖေဖေရယ်၊ စိတ်အေးအေးထားစမ်းပါ"

ကျွန်တော်က-




"စိတ်အေးအေးထားပြီး ကားမောင်းရမှာက သမီးဗျ"

မော်တော်ကားသည် အရှိန်နှင့် မောင်းလာခဲ့ပြီး လမ်းဆုံမီးပွိုင့်တွင် ခဏရပ်ရပါ သည်။ ထိုအခါမှ ဂျင်နီသည် ကျွန်တော့်ဘက်သို့လှည့်၍-

"သမီးပြောထားတာကို ဖေဖေစဉ်းစားပြီးပြီလား"

"ဘာများပါလိမ့်"

ကျွန်တော်သည် တမင်တကာပင် အ,တတဟန်ဖြင့် ပြန်မေးလိုက်ပါ၏။ သမီးက စိတ်ရှည်လက်ရှည်ဖြင့်-

"မေမေ့အတွက် နှစ်ပတ်လည် အထိမ်းအမှတ် လက်ဆောင်ပေးဖို့ကို ပြောတာ"

"အို. . . ဒါလား၊ လုပ်ပြီးပါပြီ"

ကျွန်တော်က တမင် ခပ်ပေါ့ပေါ့လေသံဖြင့် ပြောလိုက်ပါသည်။ သမီးသည် ချက်ချင်းပင် စိတ်ဝင်စားသည့် လေသံဖြင့်-

"ဟုတ်လားဖေဖေ၊ တကယ်လား၊ ဘာတွေဝယ်ပေးမှာလဲဟင်၊ ပြောစမ်းပါ"

ကျွန်တော်သည် စကားလမ်းကြောင်း ပြောင်းသည့်အနေဖြင့်-

"မီးစိမ်းနေပြီ သမီးရဲ့"

ဂျင်နီသည် ကားမောင်းထွက်လာပြီး-

"မီးစိမ်းတာ ဝါတာ ထားစမ်းပါ ဖေဖေရယ်၊ မေမေ့အတွက် ဘာဝယ်ထား တာလဲဟင်"

ကျွန်တော်က အေးအေးသက်သာဖြင့်-

"အချိန်တန်တော့ သိရမှာပေါ့ကွယ်၊ မင်းတို့ မေမေရတော့ သမီးလဲ သိရမှာ ပေါ့၊ ဒါက လျှို့ဝှက်ထားမှ အရသာရှိတဲ့ကိစ္စမျိုးပဲဟာ၊ သမီးကို ကြိုတင်အသိပေးလိုက် ရင် သမီးက ပြောလိုက်မှာပေါ့"

"သမီးမပြောပါဘူး ဖေဖေရယ်၊ ပြောပါ. . . သမီး သိချင်လွန်းလို့ပါ"

"ကတိနော်"

"ကတိပါ ဖေဖေရယ်"

"သားမွေးအကျီလေ"

"အို ဖေဖေရယ်၊ သမီး သိပ်ဝမ်းသာတာပဲ၊ ဒါမှ သမီးဖေဖေတွ"

ကျွန်တော်က ကပျာကယာဖြင့်-

"အေး အေး၊ ဝမ်းသာတာနဲ့ လီဗာကို ဖိနင်းမထားနဲ့ တော်ကြာ ဒီနှစ် နှစ်ပတ် လည်အတွက် အဲဒီလက်ဆောင် မေမေ့ကို မပေးရဘဲ ဖြစ်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရှေ့လမ်းရောက်သောအခါ သမီးသည် ကားဘရိတ်ကိုဖမ်းပြီး ရပ်လိုက်ပါသည်၊ ပြီးမှ ကျွန်တော့်ဘက်သို့ ငုံ့၍ ကျွန်တော့်ပါးကို နမ်းပါသည်။

"ဖေဖေကတော့ ကမ္ဘာပေါ်မှာ အတော်ဆုံးပဲဟေ့"

ကျွန်တော်သည် ကျောင်းရှိရာသို့ ပြေးထွက်သွားသော သမီးကို နောက်မှ ကြည့်နေလိုက်ပြီးမှ ကားမောင်းခုံသို့ ရွှေ့ထိုင်လိုက်ပါသည်။ ထိုစဉ် ခြေနင်းခုံအောက်မှ တောက်တောက်ပြောင်ပြောင် ပစ္စည်းတစ်ခုကို မျက်စိရောက်သွားပါသည်။

ကောက်ယူကြည့်လိုက်သောအခါ ရွှေရောင်စီးကရက်ဗူးကလေး တစ်ခုဖြစ်ကြောင်း နံနက်ခင်းနေရောင်တွင် တပြောင်ပြောင် တွေ့ရပါသည်။ စီးကရက်ဗူးကလေးကို တပြည်းပြည်း လှန်ကြည့်လိုက်ရာ နောက်ကျောထောင့်စွန်းတွင် စာလုံးလေးတစ်လုံး ရေးထိုးထားသည်ကို တွေ့ရပါ၏။

"အယ်လိန်း"

ဟူ၍ပင် ဖြစ်ပါ၏။

□□□

# အခန်း (၈)

မက်ဘရက်ဒီသည် ခက်ညက်ညက်လူတစ်ဦးဖြစ်ပြီး သူ့ပြုံးသည်ကို တစ်ခါမှ ကျွန်တော်မမြင်ဖူးပါ။ သူ၏မျက်လုံးမှာ ပြာလဲ့နေပြီး မျက်တောင်တစ်ခါမှ မခတ်သလို ဖြစ်နေ၏။ ထိုမျက်လုံးပြာပြာများဖြင့် ကြည့်နေပုံမှာ တစ်ကိုယ်လုံးထိုးဖောက်၍ မြင်ရသည့် ကြည့်ဟန်ပါသည်။ ကျွန်တော်သည် သူ့ကို သဘောမကျပါ။ ဘာကြောင့်ဟူ၍တော့ ကျွန်တော်မသိပါ။ သို့သော် သူ့ကိုမြင်မြင်ချင်း ကျွန်တော် သဘောမကျကြောင်းကိုမူ ကျွန်တော် သိသွားပါသည်။

သူ့ပခုံးထက်တွင် မမြင်ရသော်လည်း ရှိနေသည်ဟု သိနေရသော သူ၏ တန်ခိုးအာဏာပါဝါများကြောင့်လည်း ဖြစ်နိုင်ပါသည်၊ သို့တည်းမဟုတ် ကျန်သော ကော်မတီဝင်များကလည်း ဖွင့်မပြောသော်လည်း ကျွန်တော့်နည်းတူ သူ့အပေါ်မှာ သဘောမကျကြကြောင်း ကျွန်တော်က စာနာခံစားမိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

ကော်မတီဝင်တိုင်းမှာ ဤလုပ်ငန်း၌ အကောင်ကြီးကြီးများ ဖြစ်ပါသည်၊ ကော်မတီဝင်တိုင်းမှာ ကုမ္ပဏီတစ်ခုစီ၏ ဦးစီးခေါင်းဆောင်များဖြစ်၍ ကုမ္ပဏီတိုင်းမှာ ဘဏ္ဍာသန်းနှင့်ချီပြီး အလုပ်လုပ်ကြသော ကုမ္ပဏီများဖြစ်ပါသည်။ သို့တိုင် ကော်မတီဝင်တိုင်းသည် သူ့ကိုဦးညွတ်ပြီး သူ့ရှေ့တွင် ခယဝပ်တွား၍ သူ့ကို ဘုရားသခင်မှာ အရှင်သခင်ခေါ်ဝေါ်နေကြရပါသည်။ သူကလည်း အားလုံးသော ကော်မတီဝင်များကို ခြေသလုံးကျွန်သူဌေးလက်အောက်ငယ်သားများပမာ ပြောဆိုဆက်ဆံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ခရစ်ဘက်သို့ ဖြတ်ကနဲ ကြည့်လိုက်ပြီး ကျွန်တော် ပြုမူပြောဆိုနေပုံမှာ ဘယ်လိုအခြေအနေရှိပါသလဲဟု အကဲခတ်ကြည့် ကြည့်လိုက်ပါသည်။ ခရစ်၏မျက်နှာမှာ ပကတိ ဘာမှမရှိပါ။ ကျွန်တော် ခရစ်ကို စိတ်ထဲမှ ကျိန်ဆဲလိုက်ပြီး မက်ဘရက်ဒီဘက်သို့ လှည့်လိုက်ပါ၏။

မက်ဘရက်ဒီ၏လေသံမှာ သူ့တစ်ကိုယ်လုံး၏ တခြားအစိတ်အပိုင်းများနှင့်တူ အေးစက်စက်ရှိလှပါ၏။ သူက-

"ဒီမှာလူကလေး၊ ကျုပ်က ဒီမှာ စကားလက်ဆုံ အချိန်ဖြုန်းဖို့လာတာ မဟုတ်ဘူး။ ကျုပ်က တုံးတိတိသမားပဲ၊ လိုရင်းတိုရှင်းပဲ ကြိုက်တယ်၊ ခု မောင်ရင်လေးပြောတဲ့ စကားတွေထဲမှာ ဘယ်အချက်အလက်ကမှ ပရိသတ်ပြည်သူတွေရဲ့ ရင်ထဲစိတ်ထဲကို တိတိကျကျ ရောက်သွားနိုင်မယ်ဆိုတာ မပါသေးဘူး၊ ခု မောင်ရင်လေးပြောတဲ့ ကြော်ငြာပုံမျိုးနဲ့ဆိုယင် ကျုပ်တို့ ဘာပြောတယ်ဆိုတာကိုတောင် လူတွေက သိမယ်မထင်ဘူး"

ကျွန်တော်သည် သူ့ကို တည့်တည့်ပြန်ကြည့်လိုက်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဤပုဂ္ဂိုလ်ကြီးကို ဘယ်လိုလုပ်ပြီးများ အယ်လိန်းက ချစ်စရာကောင်းတဲ့လူဟု သတ်မှတ်ပါလိမ့်ဟု တွေးမရနိုင်အောင် ဖြစ်နေမိပါသည်။ ကျွန်တော်က-

"မစ္စတာ ဘရက်ဒီခင်ဗျား ကျွန်တော်ဟာ ပြည်သူ့ဆက်ဆံရေး အရာရှိဖြစ်ပါတယ်၊ အဲဒါဟာ ဘာလဲဆိုတာ လူကြီးမင်း သိပါတယ်၊ တကယ့်အလုပ်ကတော့ ဆပ်ကပ်ပွဲကြီးမလာခင် ကြိုတင်ရောက်လာပြီး ကြော်ငြာကပ်၊ ကြော်ငြာရေးပေးရတဲ့လူကို နာမည်လှလှရှာပြီး ပေးထားတာမျိုးပါပဲ၊ တစ်ခုပဲရှိတယ်၊ ကျွန်တော်က ဆပ်ကပ်သွားကြည့်ပါလို့ တိုက်ရိုက်မပြောဘူး၊ ဆပ်ကပ်သွားကြည့်လို့ သူတို့ နေထိုင်ရတဲ့ဘဝ၊ နေထိုင်ရတဲ့ လောကမှာ ဘယ်လောက်ပဲ ပျော်ရွှင်မှုရှိသွားနိုင်တယ်ဆိုတာပဲ ပြောတာမျိုးပါပဲ"

အဘိုးကြီးမှာ စကားလုံးများဖြင့် ဝေ့လည်ချောင်ပတ်လုပ်နေ၍ မရနိုင်ပါ။ စကားလုံးများသည် သူ့အတွက် ဘာမှအရာအထင်ပါ။ သူ၏စိတ်များသည် စက်တစ်ခုကဲ့သို့ လှုပ်ရှားနေတတ်သူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် သည်ငနဲသားကြီး သည်နေရာအထွတ်အထိပ်ကို ဘယ်ပုံဘယ်နည်းဖြင့် ရောက်ရှိလာသည်ကို တဖြည်းဖြည်း ရိပ်စားမိလာပါ၏။

သူက-

"မောင်ရင်ရဲ့ အရည်အသွေးကို ကျုပ်က သံသယမရှိပါဘူး၊ ကျုပ်က မောင်ရင်ရဲ့ အစီအစဉ်ကိုသာ ဝေဖန်ဆန်းစစ်ကြည့်နေတာပါ၊ ကျုပ်စိတ်ထဲမှာတော့ အစီအစဉ်တစ်ခုလုံးဟာ ကချော်ကချွတ်နိုင်တယ် ထင်တာပဲ၊ ကြည့်ရတာက တာဝန်ပေးတဲ့လုပ်ငန်းရှင်ရဲ့ အကျိုးကျေးဇူးထက် မောင်ရင်လေးတို့ လုပ်ငန်းအတွက် အကျိုးရှိရာရှိကြောင်းတွေ များနေသလားလို့"



ဟန်ရေးပြ၍ မရနိုင်သူနှင့် တွေ့ပါက တိုက်ရိုက်သာ ဆော်လိုက်ကြရန် ရှိပါသည်။

ကျွန်တော်သည် ဖြည်းဖြည်းချင်း ပြုံးလိုက်ပြီး-

"မစ္စတာဘရက်ဒီခင်ဗျား၊ ကျွန်တော့်မှာသာ လူကြီးမင်းပြောသလို တုံးတိတိ တိုရှင်း ပြောဆိုခွင့်ရှိမယ်ဆိုယင် ကျွန်တော်ကလဲ ပြောလိုက်ချင်ပါတယ်၊ လူကြီးမင်းဟာ ကျွန်တော်ပြောနေတာတွေအားလုံးကို တစ်စွန်းတစ်စ ရိပ်ဖမ်းသံဖမ်းတောင် မယည်ဘူးလို့ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးမင်းဟာ အခု ကျွန်တော်တို့ရဲ့ စီမံကိန်းတစ်ခုလုံးကို ကြည့်တဲ့နေရာမှာ သံမဏိလုပ်ငန်းကြီးတစ်ခုလုံးအတွက် မကြည့်ဘဲ ဘရက်ဒီဆိုတဲ့ လူကြီးမင်းတစ်ယောက်တည်းရဲ့ အကျိုးစီးပွားကစ်ကိုယ်ကောင်း ကောင်နဲ့ ကြည့်နေလို့ပါပဲ"

တစ်ခန်းလုံးမှ ကော်မတီဝင်များ တုန်လှုပ်သွားသည်ကို ကျွန်တော် တွေ့ရပါသည်။ ခရစ်ကိုကြည့်လိုက်ရာ ခရစ်သည် ကျွန်တော်၏စကားများကို သဘောမတူနိုင်သော မျက်နှာပေးဖြင့် ကျွန်တော့်ကို ကြည့်နေပါသည်။

မက်ဘရက်ဒီသည် မည်သို့မှ ထူးခြားမှုမရှိသည့်ပြင် ပြေပြစ်ချောမောသော လေသံဖြင့်-

"လူကလေး ဆက်ပြောပါ"

ကျွန်တော်သည် မက်ဘရက်ဒီ၏ မျက်လုံးများကို ကြည့်လိုက်မိပါသည်။ ကျွန်တော်ပင် ရူးကြောင်ကြောင် ဖြစ်နေသလားတော့ မသိပါ။ ကျွန်တော့်စိတ်ထဲတွင် မက်ဘရက်ဒီ၏ မျက်လုံးအရောင်ထဲတွင် ပြုံးစစအရိပ်ကလေး မြင်ရသလို ထင်မိပါသည်။

ကျွန်တော်က တည်ငြိမ်စွာဖြင့်-

"မစ္စတာဘရက်ဒီခင်ဗျား၊ လူကြီးမင်းဟာ သံမဏိလုပ်ငန်းထုတ်လုပ်သူ ဖြစ်ပါတယ်၊ ကျွန်တော်ကတော့ ထင်မြင်ချက်ထုတ်လုပ်သူ ဖြစ်ပါတယ်၊ လူကြီးမင်းဟာ ကိုယ့်အလုပ်ကို ကိုယ်ကောင်းကောင်း ကျွမ်းကျင်သူလို့ ယူဆပါတယ်၊ ဒါကြောင့် ကျွန်တော် လူကြီးမင်း ထုတ်လုပ်တဲ့ ပစ္စည်းတစ်ခုခု မော်တော်ကားဖြစ်ဖြစ် ရေခဲသေတ္တာဖြစ်ဖြစ် ဝယ်တဲ့အခါမှာ ကျွန်တော်က လူကြီးမင်းအပေါ်မှာ ယုံကြည်မှုအပြည့် ရှိနေပါတယ်၊ လူကြီးမင်းဟာ သူ့နေရာနဲ့သူ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ထားလိမ့်မယ်လို့ ယုံကြည်ထားခြင်းပဲ ဖြစ်ပါတယ်၊ အဲဒီယုံကြည်ချက်ကပဲ လူကြီးမင်းထုတ်လုပ်တဲ့ ပစ္စည်းတွေကို ကျွန်တော် ဆက်လက် ဝယ်ယူစေတာဖြစ်ပါတယ်"

ထိုသို့ မက်ဘရက်ဒီကိုကြည့်ပြီး တစ်ဦးတည်း စကားပြောနေရာမှ ကျွန်တော်သည် စားပွဲရှည်ကြီးမှာ ထိုင်နေကြသော ကော်မတီဝင်အားလုံးကို သိမ်းကျုံးကြည့်လိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းတို့ရဲ့ ကုမ္ပဏီတိုင်းမှာ 'နာမည်ကောင်း'ဆိုတဲ့ စကားလုံးကို တ... ...သုံးနှုန်းကြပါတယ်၊ အဲဒီနာမည်ကောင်းဆိုတာ တစ်ခေါ်လာအပေါ်မှာ သတ်မှ... ...သား ဒေါ်လာတစ်သန်းမှာ သတ်မှတ်မလား ဆိုတာကတော့ ကိုယ့်နည်းကိုယ့်ဟန်... ကျွန်တော်တလဲ အဲဒီနာမည်ကောင်းကို ရောင်းသူပဲဖြစ်ပါတယ်၊ အဲဒီနာမည်ကော... ...ကို လက်ထဲမှာကိုင်ကြည့်ဖို့ ကျွန်တော် မပေးနိုင်ပါဘူး၊ ကျွန်တော်ရောင်းတဲ့ပစ္စည်း... ...နိုင်ကြည့်လို့ ရပါဘူး ရေတွက်ကြည့်ဖို့လဲ မဖြစ်နိုင်ပါဘူး၊ မာတ်ခွဲကြည့်လို့လဲ မရနိုင်... ...ဘူး"

...တို့အားလုံးသည် ယခုအချိန်မှာ ကျွန်တော်၏စကားကို စိတ်ဝင်စားနေ... ...ကြောင်း သူတို့၏နဖူးပေါ်မှ မျက်နှာထားများကို မြင်ရခြင်းဖြင့် ကျွန်တော် သိပါသည်၊ ကျွန်တော်က-

"ကျွန်တော် လုပ်ကိုင်ဆောင်ရွက်ရမယ့် တာဝန်က အဲဒီနာမည်ကောင်းဆို... ယုံကြည်စိတ်ချစေမှုကလေးပဲ ဖြစ်ပါတယ်၊ လူကြီးမင်းတို့ကို ပြန်ပြီး သတိပေးရမယ်... ...သင် မကြာသေးတဲ့ အတိတ်ကာလက၊ ပြည်သူလူထုက လူကြီးမင်းတို့ရဲ့ သံမဏိလုပ်ငန်း... ကြီးတစ်ခုလုံးကို ဘယ်လိုသဘောထားခဲ့သလဲဆိုတဲ့ အချက်ပဲဖြစ်ပါတယ်၊ သိပ်ပြီး ... ...ရှင်းရောသောင်းလှတဲ့ အတွေးမဟုတ်ပေမယ့် ကျွန်တော့်ရဲ့တင်ပြမှုမှာ အထောက်အထ... ပြုနေလို့ ပြောရခြင်းပါပဲ"

ကျွန်တော်သည် ဆက်၍-

"ပါးလ်ဆိပ်ကမ်းကို ဂျပန်က အတိုက်ခံရပြီးတဲ့နောက် မကြာခင်ပဲ နယူးယော... ...မှာ လူတိုင်းပြောနေကြတဲ့ စကားရှိပါတယ်၊ အဲဒါကတော့ ဂျပန်တွေဟာ ကျွန်တော်တို့ ရောင်းချလိုက်တဲ့ သံမဏိပစ္စည်းတွေနဲ့ ကျွန်တော်တို့ကို ပြန်ပေးလိုက်တာပဲလို့၊ မှန်သည် ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ လူတွေက သံမဏိလုပ်ငန်းကြီးကို အပြစ်တင်ကြတာပါပဲ၊ သံမဏိလုပ်ငန်းကြီးက ဂျပန်ကို သံမဏိပစ္စည်းတွေ ရောင်းခဲ့တာကိုး၊ အဲဒီစကားဟာ အမှန်တရားထက် ဘယ်လောက် ချဲ့ကားထားသည်ဖြစ်စေ၊ အပြစ်တင်တဲ့ဒဏ်ကို သံမဏိ လုပ်ငန်းက ခံခဲ့ရတာကတော့ အမှန်ပါပဲ"

"အဲဒီတုန်းကတော့ ခင်ဗျားတို့ သံမဏိလုပ်ငန်းက မထိခိုက်ခဲ့ပါဘူး၊ ခင်ဗျား တို့ကလဲ ခင်ဗျားတို့ရဲ့ ထုတ်ကုန်တွေကို ပြည်သူလူထုကိုရောင်းချဖို့ အဓိကမထားခဲ့ဘဲ ကိုး၊ ခင်ဗျားတို့ရဲ့ ထုတ်ကုန်မှန်သမျှ စစ်သုံးပစ္စည်းတွေအတွက် အဓိကထားပြီး ထုတ်လုပ် နေခဲ့ရတာကိုး၊ တကယ်လို့သာ ခင်ဗျားတို့ ထုတ်ကုန်တွေဟာ စားသုံးသူပြည်သူလူထုကို ဖြန့်ဖြူးရောင်းချဖို့ အဓိကထားခဲ့တယ်ဆိုရင် ခင်ဗျားတို့ အထိနာမှာပဲ၊ အဲဒါကို ကျွန်တော် ကောင်းကောင်းသိခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ (၁၉၄၂) ခုနှစ်မှာ ကျွန်တော့်ကို ...ဒါရှင်တန်ပြန်ခေါ်ပြီး တစ်ပြည်လုံးမှာရှိတဲ့ သံတိုမယ်နတွေကို သံမဏိလုပ်ငန်း ...စက်ရုံတွေကို ပို့ကြဖို့ ရောင်းကြဖို့၊ လှုံ့ဆော်ရေးတာဝန် ပေးအပ်ခြင်း ခံရလို့ပါ

"အဲဒီလို လှုံ့ဆော်ရတာကိုက ပြည်သူလူထုက ခင်ဗျားတို့လက်ဝယ် ရောက်ရှိ ...ကြမယ့် သံမဏိအရိုင်းတွေကို ခင်ဗျားတို့ ဘာပစ္စည်းတွေ လုပ်ပစ်မယ်ဆိုတာ မယုံ ...ကြည်လို့ပဲ ဖြစ်ပါတယ်၊ ဒီမှာ ကျွန်တော်တို့တပ်မတော်နဲ့ နိုင်ငံတော်အစိုးရဟာ ပြည်သူ ...တို့ကို လှုံ့ဆော်ပညာပေးရပါတယ်၊ သံမဏိစက်ရုံတွေ၊ လုပ်ငန်းတွေကို သံတိုမယ်န ...သမျှစုစည်းပေးပို့ခြင်းဟာ တိုင်းပြည်အတွက်ပဲ၊ တိုင်းပြည်ရဲ့ စစ်နိုင်ဖို့အရေးပဲဆို ...လှုံ့ဆော်ပညာပေးပါတယ်၊ ဒီမှာတင် ပြည်သူလူထုက ခင်ဗျားတို့ သံမဏိလုပ်ငန်း ...ပေါ်မှာ အယုံအကြည်ရှိလာပြီး စက်ရုံလုပ်ငန်းတွေမှာ သံမဏိအရိုင်းတွေ စုပြုံရောက် ...လာတာပဲ ဖြစ်ပါတယ်"

ကျွန်တော်သည် အသက်ရှူရန် စကားခဏရပ်လိုက်ပြီး စားပွဲပေါ်ရှိ ရေဖန်ခွက် ...ရေတစ်ဖန်ခွက် ငှဲ့ယူသောက်လိုက်ပါသည်၊ ကျွန်တော့်မျက်စိ ထောင့်စွန်းတစ်နေရာ ...တော်ဘရက်ဒီသည်ပင် ကျွန်တော်၏စကားကို စိတ်ဝင်စားနေကြောင်း ကျွန်တော် ...သည်။

ကျွန်တော်က ပြန်ဆက်၍-

"အဲဒါကတော့ နာမည်ကောင်းပဲ ဖြစ်ပါတယ်၊ လူကြီးမင်းများခင်ဗျား ကျွန်တော့် ...လုပ် ကျွန်တော့်ရဲ့တာဝန်က နာမည်ကောင်းဆိုတဲ့ ယုံကြည်စိတ်ချမှုကို ပြည်သူလူထု ...ထဲ ခေါင်းထဲရောက်အောင် ထည့်ပေးဖို့ပဲ ဖြစ်ပါတယ်၊ ကျွန်တော်လုပ်ရမှာက ကျွန်တော်လုပ်ဖို့ ကြိုးစားနေတာက ဝယ်ယူစားသုံးတဲ့ ပြည်သူလူထုဟာ ခင်ဗျားတို့ရဲ့ ...ဏိလုပ်ငန်းကြီးတစ်ခုလုံးအပေါ်မှာ ယုံကြည်စိတ်ချလာစေနိုင်အောင် ကြိုးပမ်းရမှာ ဖြစ်ပါတယ်၊ ကျွန်တော့်ရဲ့ လုပ်ရပ်ဟာ ခင်ဗျားတို့ရဲ့ အသေးဆုံးဖြစ်တဲ့ သံမဏိ ...တ်တံတစ်ချောင်းတောင်မှ ရောင်းချင်မှ ရောင်းပေးနိုင်ချင်မှ ပေးနိုင်ပါမယ်"

ကျွန်တော်သည် အသက်တစ်ချက် ရှူလိုက်ပြီးနောက်-

"ဒါပေမယ့် ကျွန်တော့်လုပ်ရပ် အောင်မြင်သွားခဲ့ယင် ပြည်သူလူထုဟာ ...ဗျားတို့ သံမဏိလုပ်ငန်းကြီးအပေါ်မှာ ခုလက်ရှိ အခြေအနေထက် အထင်အမြင် ...ကောင်းလာနိုင်ပါတယ်၊ အဲဒီလို အထင်အမြင်ကောင်းလာယင် ခင်ဗျားတို့ရောင်းချတဲ့ ...ပစ္စည်းတွေဟာ ပိုပြီးလွယ်လင့်တကူ ရောင်းချလာနိုင်ပါလိမ့်မယ်၊ လူကြီးမင်းတို့ ...သားဖို့အချက်က လမ်းထောင့်မှာ ဆိုင်ဖွင့်ထားတဲ့ အချိုရည်၊ ရေခဲမုန့်ရောင်းတဲ့လူ ...ထက် အရေးအကြီးဆုံးက သူ့ပတ်ဝန်းကျင်ကလူတွေ သူ့ကို ခင်မင်ယုံကြည်နေကြ ...တာပါပဲ"

www.burmeseclassic.com

"ကျွန်တော်ပေးတဲ့ ဥပမာကို လူကြီးမင်းတို့ သဘောကျမကျတော့ မပြော
တတ်ဘူး၊ ကျွန်တော့်စိတ်ထဲမှာ ယုံကြည်နေတဲ့အတိုင်း ပြောရမယ်ဆိုယင် လူကြီးမင်းတို့ဟာလဲ ကမ္ဘာ့အကြီးဆုံး လမ်းထောင့်မှာ ရောင်းချနေတဲ့ အချိုရည် ရေခဲမုန့်ဆိုင်ကြီးတစ်ဆိုင်ပဲ ဖြစ်ပါတယ်"

ကျွန်တော်သည် ကျွန်တော့်ရှေ့စားပွဲပေါ်မှ ကျွန်တော်၏ စာရွက်စာတမ်းများကို သိမ်းယူ၍ လက်ဆွဲအိတ်ထဲသို့ ထည့်လိုက်ပါသည်။ ကျွန်တော့်ဘက် ကျွန်တော့်အတွက်မူ ဆွေးနွေးပွဲသည် ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ကျွန်တော်သည် စားပွဲထောင့်တစ်နေရာမှာ ထိုင်နေသော ခရစ်၏မျက်နှာကို သုံးကြည့်ပြီး ဘယ်လိုခံစားနေရသည်ကို မှန်းဆနေစရာပင် မလိုတော့ပါ။ ကျွန်တော့်မျှော်မှန်းထားသော ကျွန်တော်တို့ ကုမ္ပဏီအတွက် မှန်းမျှော်ထားသော ဒေါ်လာသန်းဝက်ဝက်ကန်းသည် ကျွန်တော်တို့ စာရင်းစာအုပ်ထဲသို့ ရောက်လာစရာလမ်း မရှိတော့ပါ။

ဆွေးနွေးပွဲခန်းမမှ ကျွန်တော်တို့နှစ်ဦး ထွက်လာကြရာ ခရစ်နှင့် ကျွန်တော်စကားတစ်ခွန်းမျှ မပြောဖြစ်ပါ။ ကျွန်တော်တို့သည် ဓာတ်လှေကားဖြင့် ဆင်းလာခဲ့ကြပါသည်။ လမ်းမအပေါ် ရောက်လာသည့်အခါတွင် နေရောင်ပြင်းပြင်း ပူနေသော်လည်း ကျွန်တော့်ရင်ထဲမှာ အေးစိမ့်၍နေပါသည်။ ကျွန်တော်သည် လည်ဂုတ်ပေါ်မှ ကော်လံကို ဆွဲထောင်လိုက်မိပါသည်။

ကျွန်တော်တို့ရှေ့ကို အငှားကားတစ်စီး ဆိုက်လာပါသည်။ ကျွန်တော်သည် ကားပေါ်တက်မည်ပြုပြီးမှ စိတ်ပြောင်းသွားပြီး လက်ထဲမှာကိုင်လာသော လက်ဆွဲအိတ်ကို ခရစ်၏လက်ထဲသို့ ပေးလိုက်၍-

"ရုံးခန်းကိုပြန်နှင့် ခရစ်ရာ၊ ကျုပ် နည်းနည်း လမ်းလျှောက်လိုက်ဦးမယ်"

ခရစ်သည် ခေါင်းညိတ်ပြပြီး ကျွန်တော်ကမ်းပေးလိုက်သော လက်ဆွဲအိတ်ကိုယူ၍ အငှားကားပေါ်သို့ တက်ပါသည်။ ကျွန်တော်သည် အငှားကား မောင်းထွက်သွားသည်ကို ကြည့်လိုက်ပြီးမှ လူအုပ်ထဲသို့ရောဝင်ပြီး လမ်းလျှောက်လာခဲ့မိပါသည်။

ကျွန်တော်ကား ကမ္ဘာ့အတုံးဆုံးနေ့ဖြစ်ပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ဒီ့ထက်သိဖို့ နားလည်ဖို့ ဆင်ခြင်ဖို့ ကောင်းလှပါသည်။ သို့သော် မက်ဘရက်ဒီ၏ အေးစက်သော မျက်လုံးများ၊ ဘာကိုမှ ယုံကြည်ပုံမရသော နှုတ်ခမ်းစေ့စေ့များကို မမြင်ရ မဆုံရပါက ဤကဲ့သို့ ထိုက်ထိုက်တန်တန် တုံးတိတိစကားများကို ပြောမိချင်မှ ပြောမိမည်ဖြစ်ပါသည်။

ကျွန်တော့်အဖေက ကျွန်တော့်ကို တစ်ခါက သတိပေးဖူးပါသည်။ လူလေးငါ့သား၊ လူကောင်သေးသေးတွေကို သတိထားဟူ၍၊ လူကောင်သေးသေးညှက်ညှက်သည် ပို၍ဉာဏ်များတတ်သည် ဟူ၍၊ မက်ဘရက်ဒီသည်လည်း လူကောင်သေးသေးညှက်ပင် ဖြစ်ပါသည်။ ဉာဏ်များသည်။

ဤသည်ကလည်း ရှင်းလှပါ၏။ သူသည် ကျွန်တော်၏ ဟန်ရေးပြမှုကို ချက်ချင်း ထိုးဖောက်၍မြင်သည်။ သူ့အပေါ်တွင် အမုန်းစိတ်များက ကျွန်တော့်ရင်ထဲတွင် ဆင့်တိုးပွားလာပါသည်။ ဘရက်ဒီသည် အားလုံးကိုသိသည်၊ အဖြေအားလုံးလည်း သူ့ခေါင်းထဲမှာ ရှိနေသည်။ အင်းလေ. . . ရှိနေသည်ဟု သူ့ကိုယ်သူ ထင်နေခြင်းပဲ ဖြစ်ပါလိမ့်မည်။ အကြောင်းမှာ လူတိုင်းသည် အဖြေအားလုံးကို မသိနိုင်သောကြောင့် ဖြစ်ပါ၏။

ကျွန်တော်သည် ဘယ်လောက်ကြာကြာ လမ်းလျှောက်နေခဲ့သည်၊ ဘယ်လောက်ဝေးဝေး လမ်းလျှောက်လာမိသည်ကို မပြောတတ်ပါ။ သို့သော် ကျွန်တော်၏ ခြေလှမ်းများ ရပ်လိုက်ချိန်တွင် ကျွန်တော်သည် အယ်လိန်းတည်းခိုသော ဟိုတယ်ရှေ့ ပေါက်ဝမှာ ရပ်နေမိကြောင်း တွေ့ရပါသည်။ ကျွန်တော်သည် ဟိုတယ်ပေါ်သို့ မော့ကြည့်မိပါသည်။ အိတ်ထဲမှာရှိနေသော ရွှေရောင်စီးကရက်ဗူးကို နှိုက်၍ ကိုင်စမ်းကြည့်ရင်း အေးစက်နေပါသည်။

□

ကျွန်တော် ဓာတ်လှေကားထဲမှထွက်၍ ခန်းမကြီးအတိုင်း လျှောက်လာခဲ့ရာ အယ်လိန်းကို တံခါးပေါက်ဝမှာ ရပ်စောင့်နေသလို တွေ့ရပါသည်။ အယ်လိန်းမျက်နှာကို မြင်လိုက်ရသည်နှင့် အယ်လိန်းသည် ကျွန်တော်လာမည်ကိုသိပြီး စောင့်နေကြောင်း ကျွန်တော့်ရင်ထဲမှာ သိသွားပါတော့သည်။

ကျွန်တော်သည် အယ်လိန်းနောက်မှကပ်၍ အခန်းထဲသို့ ဝင်လိုက်ပါသည်။ ကျွန်တော့်လက်ထဲတွင်တော့ စီးကရက်ဗူးကလေး ကိုင်လျက်သား ရှိနေပါသည်။ ကျွန်တော်သည် ထိုရွှေဗူးလေးကို ရှေ့လှုတ်၍-

"ဒီစီးကရက်ဗူးကလေးကို တမင်ချန်ထားခဲ့တာ မဟုတ်လား"

အယ်လိန်းသည် ကျွန်တော့်လက်ထဲမှ စီးကရက်ဗူးကို လှမ်းယူပါသည်။ ကျွန်တော်၏စကားကို ငြင်းလည်း မငြင်းဆန်ပါ။ ဝန်လည်း မခံပါ။ အယ်လိန်း ပြောလိုက်သည်မှာ-

"ကျေးဇူးတင်ပါတယ် ဘရက်ဒ်"

ကျွန်တော်က-

"ဘာဖြစ်လို့. . ."

အယ်လိန်းသည် တဖြည်းဖြည်းချင်း ခေါင်းမော့၍ ကျွန်တော်၏ မျက်နှာကို

www.burmeseclassic.com



သည်။ အယ်လိန်း၏ မျက်စိအစုံထဲတွင် အထီးကျန်မှုကို ကျွန်တော် မြင်လိုက်ရပြန်သည်။ အယ်လိန်း၏ နှုတ်ခမ်းအစုံမှာ တစ်စုံတရာပြောမည်ဟု ဟ,လိုက်ပါသည်။ သို့သော် ဘာစကားမျှ ထွက်၍မလာပါ။ သူမ၏ မျက်လုံးအိမ်များတွင် မျက်ရည်များက ရုတ်တရက် ပြည့်လျှံလာပါသည်။

ကျွန်တော်သည် ဘာမှမပြောတော့ဘဲ လက်နှစ်ဘက်ကို ဆန့်တန်းပေးလိုက်သည်တွင် အယ်လိန်းသည် ကျွန်တော့်ရင်ခွင်ထဲသို့ တိုးဝင်၍လာပါသည်။ သူမ၏မျက်နှာမှာ ကျွန်တော့်ပခုံးပြင်တွင်တစ်ဝက်၊ ကျွန်တော့်ရင်ခွင်ထဲမှာ တစ်ခြမ်း ရောက်နေပါသည်။ ကျွန်တော့် ပခုံးပြင်တစ်ခုလုံးမှာ အယ်လိန်း၏မျက်ရည်များဖြင့် စိုရွှဲနေပါတော့သည်။

ကျွန်တော်သည် ထိုအနေအထားအတိုင်း အယ်လိန်းကို အကြာကြီး ဖက်ထားမိပါသည်။ နောက်ဆုံးတွင်မှ အယ်လိန်းမျက်လုံးအစုံမှာ မျက်ရည်ကျခြင်း ရပ်ဆိုင်းသွားပါတော့သည်။ အယ်လိန်းက-

"ကျွန်မ တောင်းပန်ပါတယ် ဘရက်ဒ်၊ အခုတော့ ကျွန်မ နေသာသွားပါပြီ"

အယ်လိန်းသည် ကျွန်တော့်ရင်ခွင်ထဲမှခွာ၍ အိပ်ခန်းဘက်သို့ ဝင်သွားသည်။ အထဲမှ ရေချိုးသံကြားရပါသည်။ ကျွန်တော်သည် ဝတ်လာသော အပေါ်ကုတ်ကိုချွတ်၍ ကုလားထိုင်တစ်ခုပေါ် တင်လိုက်ပြီး စားပွဲပေါ်မှဖုန်းကို ကောက်ယူမ,ကိုင်လိုက်ပါသည်။

ဟိုတယ်မှာ စီမံခန့်ခွဲသူများသည် အလွန်တော်ကြသူများ ဖြစ်ပါသည်။ ကျွန်တော် ဖုန်းဆက်မှာလိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် မှာသမျှ ရောက်လာပါသည်။ အယ်လိန်း ဧည့်ခန်းထဲသို့ ပြန်ထွက်လာချိန်တွင် ကျွန်တော်သည် မှာယူထားသော ဝီစကီပုလင်းထဲမှ အရက်ငှဲ့နေပြီဖြစ်ပါ၏။

အယ်လိန်း၏မျက်နှာသည် မျက်နှာသစ်ပြီး ပြုပြင်ထားပြီးဖြစ်ရာ စောစောက မျက်ရည်အရိပ်အရောင်များ မမြင်ရတော့ပါ။

ကျွန်တော်သည် ငှဲ့ထားသော အရက်ခွက်နှစ်ခွက်အနက် တစ်ခွက်ကို သူမအား လှမ်းပေးယင်း-

"နည်းနည်းသောက်လိုက်ဖို့ လိုမယ်ထင်ပါတယ်"

အယ်လိန်းက-

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မ ငိုဖြစ်မယ်လို့ မရည်ရွယ်ထားမိပါဘူး"

ကျွန်တော်က လျှင်မြန်စွာဖြင့်-

"မေ့လိုက်စမ်းပါ"

အယ်လိန်းသည် ခေါင်းခါလိုက်ပြီး-



"ကျွန်မက မျက်ရည်ကျရတာကိုပဲ မုန်းတယ်ရှင့်၊ ပြီးတော့ ရှင့်အပေါ် မှာထဲ ... ရောရောကျတယ်"

ကျွန်တော်သည် စောစောက ကျွန်တော်၏ ကုတ်အင်္ကျီပစ်တင်လိုက်သော ... ထိုင်မှာ ဝင်ထိုင်ယင်း-

"အချစ်ရေးကိစ္စမှာ အရာရာဟာ. . . တရား. . . "

ကျွန်တော်သည် စကားဆုံးအောင် မပြောလိုက်ရပါ။ အကြောင်းမှာ ...လိန်း၏မျက်နှာပေါ်မှ မျက်နှာထားကို မြင်လိုက်ရသောကြောင့် ဖြစ်ပါ၏။

ကျွန်တော်သည် ဘာမှမပြောတော့ဘဲ ကျွန်တော့်လက်ထဲမှ အရက်ခွက်ကို ... နည်းနည်းချင်း စုပ်မျိုသောက်နေမိပါသည်။ ကျွန်တော်၏ ဆတ်ဆတ်ခုန် လှုပ်ရှား...သော သွေးကြောနှုန်းများသည် မျိုချလိုက်သော အရက်များ ဝမ်းဗိုက်ထဲ ရောက်သွားပြီး ...ကြောများထဲသို့ ပျံ့နှံ့သွားစဉ် ငြိမ်းအေးသွားပါသည်။

အယ်လိန်းသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်ပါသည်။

ကျွန်တော်တို့နှစ်ဦးသား ထိုအနေအထားအတိုင်း ဘယ်လောက်ကြာကြာ ...နေမိသည်ကို ကျွန်တော် မသိပါ။ ကျွန်တော်တို့သည် တစ်ဦးကိုတစ်ဦး စကားတစ်... မပြောမိကြပါ။ ကျွန်တော်သည် ကုန်နေပြီဖြစ်သော ကျွန်တော့်ခွက်ထဲသို့ အရက် ...၍ငှဲ့ပါသည်။ ကျွန်တော့်ရင်ထဲတွင် ငြိမ်းအေးမှု ကျေနပ်မှုများ တဖြည်းဖြည်း ရလာ...ပါသည်။ လုပ်ငန်းကိစ္စများသည်လည်းကောင်း၊ ကမ္ဘာကြီးတစ်ခုလုံးသည်လည်း ...ကောင်း ကျွန်တော်နှင့်အဝေးဆုံးသို့ ရောက်သွားပြီဖြစ်ပါသည်။ မကြာမတင်က ဖြစ်ပေါ်...ခဲ့သော မကျေနပ်မှုများသည်ပင် ကျွန်တော့်ထံပါးတွင် မရှိတော့ပါ။

အယ်လိန်း၏ နောက်ဘက်ပြတင်းပေါက်ကိုဖြတ်၍ အပြင်ဘက်လောကကြီး ...သည် မှောင်ရီပျိုးစဖြစ်နေကြောင်း ကျွန်တော် တွေ့ရပါသည်။ ကျွန်တော်သည် ဖန်ခွက် ...မြှင့်၍ အထဲမှအရက်များကို ကြည့်လိုက်ပါသည်။ ပြီးနောက် ကျွန်တော့်ပါးစပ်မှ ...ကျွန်တော်ကိုယ်တိုင် မျှော်လင့်မထားမိသော စကားတစ်ခွန်းသည် ဖိတ်အံထွက်ကျသွား...သည်။

"ကိုယ် မင်းကိုချစ်တယ် အယ်လိန်း"

ကျွန်တော်သည် ဖန်ခွက်ကို ချထားလိုက်ပြီး အယ်လိန်းကို ကြည့်လိုက်မိပါသည်။

အယ်လိန်းသည် ခေါင်းညိတ်၍ ပြုံးပါသည်။

"ကျွန်မလဲ ရှင့်ကိုချစ်ပါတယ်"

သည်တော့မှ အယ်လိန်း ဘာ့ကြောင့် ခေါင်းညိတ်လိုက်ပါသလဲဆိုသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိသွားပါသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးသည် ဤကိစ္စကို၊ ဤအဖြေ ကို တစ်ချိန်လုံး သိထားပြီးဖြစ်နေကြသလို ဖြစ်သောကြောင့်ပင် ဖြစ်ပါ၏။ ကျွန်တော် သည် ထိုင်နေရာမှ လုံးဝမရွေ့ဘဲ-

"ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုကြောင့်ဖြစ်တယ်ဆိုတာတော့ ကိုယ်လဲမသိ ဘူး အယ်လိန်း"

အယ်လိန်းသည် ကျွန်တော့်စကားကို ဝင်ဖြတ်၍-

"အဲဒါတွေက အရေးမကြီးပါဘူး၊ ကျွန်မ ကိုကိုမြင်မြင်လိုက်ချင်း ကျွန်မဘဝ ဟာ ပြန်ပြီးရှင်သန်လာခဲ့တာပါ၊ အစတုန်းက ကျွန်မရဲ့ဘဝဟာ အသက်မရှိတဲ့ အထည် ကုန်ဘဝပါ"

ကျွန်တော်က-

"အခု အထည်ကုန်မဖြစ်တော့ပါဘူးကွယ်"

"တကယ်ပဲလားဟင်"

အယ်လိန်းသည် တိုးတိုးလေး မေးပါသည်။

ကျွန်တော်တို့နှစ်ဦးသား ထိုင်ရာမှထပြီး တစ်ဦးရှိရာတစ်ဦး လျှောက်လာမိကြ ပါသည်၊ ကျွန်တော့်ရင်ထဲတွင် မီးတောက်နေပါသည်။

ကျွန်တော်၏လက်အစုံသည် ကျွန်တော့်စိတ်က၊ ကျွန်တော်၏ဦးနှောက်က ဘာမှမခိုင်းစေရပါဘဲနှင့် အယ်လိန်းကို သိမ်းကြုံး၍ ပွေ့ဖက်ထားလိုက်ပါသည်။

အယ်လိန်း၏လက်များက ကျွန်တော့်လည်တိုင်ကို ဖက်တွယ်ထားပါသည်။

ကျွန်တော်သည် အယ်လိန်း၏မျက်နှာကို အလုကြည့်နေမိပါသည်။

အယ်လိန်း၏ မျက်လုံးအစုံမှာ ကျွန်တော့်ကို ပြန်ကြည့်နေပါသည်။ သူမ၏ တုန်ယင်သော နှုတ်ခမ်းအစုံကမူ-

"မဟုတ်သေးပါဘူး ဘရက်ဒ်ရယ်၊ မသင့်တော်ပါဘူး"

ကျွန်တော်က အယ်လိန်းကို ပွေ့ချီလိုက်ပြီး-

"မဟုတ်ဘူးဆိုတာ မရှိပါဘူးကွယ်၊ ဒီလိုအဖြစ်မျိုးဆိုတာ ရှိခဲ့ပါတယ်၊ ဖြစ်ခဲ့ ပါတယ်၊ ကိုယ်တို့နှစ်ဦးကျမှ ဖြစ်လာတာပါ"

ကျွန်တော်သည် အယ်လိန်း၏နှုတ်ခမ်းကို နမ်းလိုက်ပါသည်။ စောစောက တုန်ယင်နေသော အယ်လိန်း၏ နှုတ်ခမ်းများသည် တဖြည်းဖြည်း တုန်ယင်မှုများ ရပ်တန့် သွားပါသည်။ ပူနွေးမှုကမူ ရပ်တန့်ခြင်းမရှိပါ။

ကျွန်တော်သည် ရင်ထဲမှ ပေါက်ကွဲမှုမီးလျှံ ရေစီးကြောင်းအတိုင်း လိုက်ပါ၍ သွားပါသည်။ ထိုစဉ်အတွင်းမှာ ရှုကြောင်ကြောင် အတွေးတစ်ခုက မဆီမဆိုင် ခေါင်းထဲ သို့ ဝင်လာပါသည်။





ဒေါ်လာသန်းဝက်ဖိုး မရလိုက်တဲ့အတွက် မက်ဘရက်ဒီအဖေါ်မှာ ရှောင်လို့ ...ည်တာတော့ဖြင့် တစ်မျိုးကြီးပါကလား ဟူ၍။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရေကျသံကြောင့် ကျွန်တော် အိပ်ပျော်နေရာမှ နိုးလာ၏။ ကျွန်တော်သည် လဲလျောင်းနေရာမှ မထသေးဘဲ အမှောင်ထုထဲတွင် မျက်စိအမြင် ကျင့်သားရအောင် စောင့်နေလိုက်သည်။ အကျင့်ပါနေသည့်အတိုင်း အိပ်ရာနံဘေး စားပွဲပေါ်မှ စီးကရက်ကို လှမ်းယူလိုက်မိသည်။ ထားနေကျနေရာတွင် စီးကရက်မရှိပါ။ ထိုအချိန်မှ ကျွန်တော်သည် ဘယ်အရပ်မှာ ရောက်နေသည်ဆိုကြောင်း ရိပ်စားမိသွားပါသည်။

ကျွန်တော်သည် ခုတင်စောင်းရှိရာသို့ လိမ့်လာခဲ့ပြီးမှ ထထိုင်လိုက်ပါသည်။ စားပွဲပေါ်မှ စားပွဲတင်မီးခလုတ်ကိုဖွင့်၍ လက်ပတ်နာရီမှ အချိန်ကို ကြည့်လိုက်ပါသည်။ ကိုးနာရီရှိနေပြီ ဖြစ်ပါ၏။ မာဂီသည် ကျွန်တော့်ကို စိတ်ပူနေလောက်ပြီ ဖြစ်သည်။ ကျွန်တော်သည် စားပွဲပေါ်မှ ဖုန်းခွက်ကိုကောက်ယူ၍ ဟိုတယ်ဖုန်းဆက်သွယ်ရေး ဌာနမှတစ်ဆင့် အိမ်ဖုန်းနံပါတ်ကို ပေးလိုက်ပါသည်။

အောက်ရုံးခန်းမှ ဖုန်းလှည့်သံကို ဖုန်းခွက်ထဲမှာ ကြားနေရစဉ် ရေချိုးခန်းတံခါး ပွင့်လာပြီး အယ်လိန်း ထွက်လာပါသည်။ ရေချိုးခန်းအပေါက်ဝမှာပင်ရပ်၍ အယ်လိန်းသည် အိပ်ရာပေါ်မှာထိုင်နေသော ကျွန်တော့်ကို ငုံ့ကြည့်ပါသည်။ အယ်လိန်းထွက်လာသော ရေချိုးခန်းမှာ မီးဖွင့်ထား၍ အပေါက်ဝမှာရပ်နေသော အယ်လိန်း၏ခန္ဓာကိုယ်ကို မီးရောင်ဘောင်ကွပ်ပေးထားသလို ဖြစ်နေပါသည်။ အယ်လိန်းသည် ခေါင်းမှာ မျက်နှာ



...သုတ်ပဝါ အသေးတစ်ခု စည်းပတ်ထားပြီး ကိုယ်လုံးကိုမူ တူရကီမျက်နှာသုတ်ပုဝါကြီး ...ခု ပတ်ဝတ်ထားပါသည်။

"အိမ်ကို ဖုန်းဆက်နေတာလား"

အယ်လိန်း၏စကားမှာ အမေးစကားမဟုတ်ပါ။ တင်ပြချက်စကားတစ်ခုသာ ...ပါသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါသည်။

အယ်လိန်းသည် နောက်ထပ် ဘာမျှမပြောပါ။ ထိုစဉ် ဖုန်းခွက်ထဲမှ မာဂီ၏ ...သည် ထွက်ပေါ်လာပါသည်။

"ဘရက်ဒ်လား"

ကျွန်တော်က-

"ဟုတ်ပါတယ်၊ အားလုံး **OK** တယ်မဟုတ်လား"

"**OK** ပါတယ် ဘရက်ဒ်၊ ရှင် ဘယ်မှာရောက်နေတာလဲ၊ ကျွန်မက စိတ်ပူ ...တာ"

"ကိုယ်လား၊ **OK** ပါတယ်"

ကျွန်တော်က ဖုန်းခွက်ထဲကိုဖြေလိုက်စဉ် အယ်လိန်းကို မော့ကြည့်လိုက်မိပါ ...သည်။ အယ်လိန်းသည် ရေချိုးခန်းတံခါးဝမှာ ရပ်နေဆဲဖြစ်ပါသည်။ ကျွန်တော်တ ...ခွက်ထဲသို့-

"ကိုယ် အရက်လျှောက်သောက်နေလို့ပါ"

မာဂီက-

"ရှင် တကယ် **OK** ရဲ့လား၊ ရှင့်အသံကြီးက တစ်မျိုးပဲ"

ကျွန်တော်က စိတ်မရှည်စွာဖြင့်-

"ကောင်းပါတယ်ကွာ၊ ကိုယ်ပြောထားပြီးသားဟာပဲ၊ ကိုယ် အရက် သုံးလေး ...လောက် သောက်ထားတာပါကွာ"

အယ်လိန်းသည် ရေချိုးခန်းထဲ ပြန်ဝင်သွားပြီး တံခါးပိတ်လိုက်ပါသည်။ ကျွန်တော် ...ည် နံဘေးမှ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်ပါသည်။

မာဂီက-

"ရှင် ဘယ်ရောက်နေတာလဲ၊ ရှင့်ရုံးက တစ်ညနေလုံး ရှင့်ကိုလိုက်...ာ"

"ကိုယ်က တတိယအဲဗင်းနယူးက ဘားတစ်ခုထဲ ရောက်နေလို့ပါ ... ကိုယ့်ကို ဘာဖြစ်လို့ လိုက်ရှာနေကြရတာတုံး"

မာဂီက-

"မသိဘူးလေ၊ ခရစ် ပြောတာကတော့ သံမဏိလုပ်ငန်းနဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောတာပဲ၊ ခရစ်က ရုံးဆင်းချိန်ရောက်မှ ရှင့်ဆီက ဆက်သွယ်လာခဲ့ယင် အိမ်ကို ဖုန်းပြန်ဆက်ပါတဲ့"

မာဂီသည် ခဏစဉ်းစားလိုက်ပြီး-

"ဘာတွေဖြစ်သွားလို့လဲဟင် ဘရက်ဒ်၊ အခြေအနေက မကောင်းခဲ့ဘူး မဟုတ်လား"

ကျွန်တော်က မာဆတ်ဆတ်ဖြင့်-

"ဟုတ်တယ်၊ အဆင်မပြေခဲ့ဘူး"

ကျွန်တော့်မျက်စိထဲတွင် မာဂီသည် ကျွန်တော့်ကို အားပေးသောအားဖြင့် ပြုံးပြနေပုံကို မြင်ယောင်လာပါသည်။ မာဂီက-

"စိတ်မာတ်ကျမနေပါနဲ့ ဘရက်ဒ်ရယ်၊ ဒါလောက်လဲ အရေးမကြီးပါဘူး သံမဏိလုပ်ငန်းကြီးရဲ့ အလုပ်ကိုမရလဲ ကျွန်မတို့ဘာသာ အလုပ်ဖြစ်နေတာပါပဲ"

"ဟုတ်တယ်"

"ခရစ်ကပြောတာတော့ ရှင်က ပစ်စဘတ်မှာရှိတဲ့ သံမဏိဌာနချုပ်ကို သွားရမယ်ဆိုလား။ ကျွန်မနဲ့ စကားပြောတဲ့အချိန်အထိ သူလဲ မသေချာသေးဘူး၊ ဒါပေမယ့် လိုရမယ်ရဆိုပြီး ရှင့်အဝတ်အစားတွေနဲ့ လိုအပ်တဲ့ ပစ္စည်းတချို့ကိုထုပ်ပြီး ရုံးခန်းကို ပို့ထားတယ်လေ၊ ရှင် အခု ခရစ်ဆီကို ဖုန်းဆက်လိုက်မယ်လား"

"ဆက်လိုက်မယ်"

မာဂီ၏အသံမှာ ရွှင်လန်းသွားပါသည်။

"ဒါဆို သူ့ဆီဖုန်းဆက်ပြီးယင် ဘာတွေဖြစ်နေကြတယ်ဆိုတာကို ကျွန်မဆီ ဖုန်းပြန်ဆက်ဦးနော်"

"ကောင်းပါပြီ၊ ဆက်မှာပေါ့"

"အရက်တွေ သိပ်သောက်မနေနဲ့ဦးနော်၊ ရှင်နဲ့ သိပ်တဲ့တာမဟုတ်ဘူး၊ တစ်ခါ တစ်ခါများသွားတိုင်း နေမကောင်းဖြစ်တတ်ရဲ့သားနဲ့"

"အေးပါ၊ မသောက်ပါဘူး"

ကျွန်တော်သည် မာဂီနှင့် ဖုန်းမြန်မြန်အဆက်ဖြတ်ချင်လှပြီ ဖြစ်၏။ သို့နှင့်-

"ကဲ ကိုယ် ခရစ်ဆီ ဆက်ကြည့်လိုက်ဦးမယ်၊ ပြီးတော့မှ ပြန်ဆက်မယ် ဟုတ်လား"

ကျွန်တော်သည် ဖုန်းထဲမှ မာဂီ၏နှုတ်ဆက်သံ မဆုံးမီမှာပင် ဖုန်းခွက်ကို ချထားလိုက်၏။ အချက်ပေးထားသည့်အလား ရေချိုးခန်းတံခါးသည် ပွင့်သွားပြီး အယ်လိနီးသည် ရေချိုးခန်းထဲမှ ထွက်လာ၏။

ကျွန်တော်က အယ်လိနီးကိုကြည့်၍-



"မင်း ခုလိုရှောင်ပေးဖို့ မလိုပါဘူး၊ သီးသန့်တိုးတိုးတိတ်တိတ် ဖုန်းဆက်နေတာ မဟုတ်တာ"

အယ်လိနီး၏ မျက်လုံးများမှာ ပြုံးကျယ်၍ အတွေးနက်နေပုံရပါသည်။

"ကျွန်မက ဒီမှာရပ်ပြီး ရှင်လိမ်ပြောနေတာတွေကို မကြည့်ရဲဘူး"

ကျွန်တော် ဟာသနှောသည့်အနေဖြင့်-

"သတ္တိမရှိဘူးပေါ့လေ"

အယ်လိနီးမျက်နှာသည် ဖြတ်ကနဲ ပျက်သွားပါသည်။

"သတ္တိမရှိပါဘူး"

အယ်လိနီးသည် အလေးအနက်လေသံဖြင့်-

"ကျွန်မ အစကတည်းက အဲဒီလိုပြောခဲ့ပြီးသားပဲ"

ကျွန်တော်သည် အယ်လိနီးကို လှမ်းဖက်မည်ဟု လက်လှမ်းလိုက်သော်လည်း အယ်လိနီးသည် ကျွန်တော့်လက်ကို ရှောင်ဖယ်သွားပြီး-

"နောက်ထပ် ဖုန်းဆက်စရာရှိသေးတယ် မဟုတ်လား"

"ဖုန်းက ဘယ်အချိန်ဆက်ဆက်ပါ"

သည်တစ်ခါ ကျွန်တော်က ဖမ်းလိုက်ချိန်တွင် အယ်လိနီး မရှောင်တော့ပါ။ ကျွန်တော်သည် အယ်လိနီး၏ နှုတ်ခမ်းအစုံကို နမ်းပါသည်။ အယ်လိနီး၏ကိုယ်ငွေ့မှာ ရေမွှေးမျက်နှာသုတ်ပုဝါ၏ အောက်ဘက်မှာ ပူနွေးလျက်ရှိပါသည်။

ကျွန်တော်သည် အယ်လိနီးလည်တိုင်မှ ရေစက်ကလေးများကို ရှာဖွေနမ်းနေမိသည်။ ကျွန်တော့်ပါးစပ်မှလည်း-

"ကိုယ် သိပ်ချစ်တယ် အယ်လိနီးရယ်၊ တစ်ခါမှ မချစ်ဖူးတဲ့အချစ်မျိုးနဲ့ တစ်ခါမှ မခံစားဖူးတဲ့ အချစ်မျိုးနဲ့ ချစ်မိနေပြီ"

အယ်လိနီးထံမှ ကျေနပ်သွားသော သက်ပြင်းချသံကို ကြားရပါသည်။ ပြီးမှ ကျွန်တော့်ရင်ခွင်ထဲသို့ ထပ်ထပ်တိုးဝင်ယင်း-

"ကျွန်မကို ပြောစမ်းပါ ဘရက်ဒ်ရယ်၊ ရှင် ကျွန်မကို ညာနေတာ မဟုတ်ဘူး ဆိုတာကို လက်တွေ့ပြစမ်းပါ၊ ကျွန်မကို ကစားနေတာ မဟုတ်ဘူးဆိုတာ ပြစမ်းပါ"

"ကျွန်မချစ်သလို ချစ်တယ်ဆိုတာကို ပြောစမ်းပါ"

❑

ကျွန်တော် ခရစ်ထံ ဖုန်းဆက်လိုက်သောအခါ တစ်ဘက်ဖုန်းသံထဲမှ ခရစ်၏ အသံသည် ဝမ်းသာသွားပုံရပါသည်။ ခရစ်က-

www.burmeseclassic.com

www.burmeseclassic.com



"ဆရာသမား ဘယ်ပျောက်နေတာလဲ"

ကျွန်တော်က ခပ်ညက်ညက်လေသံဖြင့်-

"အရက်လျှောက်သောက်နေတာလေ၊ ဘာတွေထူးလို့လဲ"

ခရစ်က-

"ကျွန်တော်ဖြင့် ဆရာသမားကို တစ်ညနေလုံး ဖုန်းတစ်လုံးနဲ့ လိုက်ဖမ်းနေတာ၊ မက်ဘရက်ဒီက သူ့ရဲ့ ပစ်စဘတ်မြို့ ဌာနချုပ်မှာ နက်ဖြန်မနက် ဆရာသမားကို တွေ့ချင်လို့တဲ့"

ခရစ်၏ အားတက်သရောလေသံမှာ ကျွန်တော့်ထံသို့ ကူးစက်လာပါသည်။ အဘိုးကြီးသည် ကျွန်တော့်ဘက်သို့ ယိမ်းလာပြီလော။ ကျွန်တော်သည် အဘိုးကြီး၏ စိတ်ဓာတ်ကို ကြိုတင်မှန်းဆမိခြင်းမှာ ကျွန်တော်ကိုယ်တိုင်က ရှုံးနေ၍သာ ဖြစ်ပါသည်။

"ဒါဆို လေယာဉ်လက်မှတ် ခုသွားပြီးယူလိုက်မယ်လေ"

ခရစ်က အလျင်အမြန်ပင်-

"ကျွန်တော် လေယာဉ်လက်မှတ် ယူထားပြီးပါပြီ၊ လေယာဉ်ကွင်းမှာ ဆရာ့နာမည်နဲ့ အသင့်ရှိနေပါပြီ၊ ခရီးစဉ်နံပါတ် (၁၀၄) ည (၁၁) နာရီ (၁၅)မှာ ထွက်မယ်၊ ဆရာ့ရဲ့ အဝတ်အစားအိတ်လဲ အဲဒီမှာ အဆင်သင့်ပို့ထားပြီးပြီ၊ ကွင်းက လုံခြုံရေးစခန်းမှာ ဝင်ယူရုံပဲ"

ကျွန်တော်၏ လက်မှနာရီကိုကြည့်လိုက်ရာ ဆယ်နာရီထိုးကာနီးပြီဖြစ်ကြောင်း တွေ့ရသည်။ ကျွန်တော် ခပ်သွက်သွက်လုပ်မှ ဖြစ်မည်။ သို့နှင့် ကျွန်တော်က-

"OK ခရစ်၊ ကိုယ် ခုပဲသွားလိုက်ပါ့မယ်"

ခရစ်၏လေသံမှာ ယခုမှ စိတ်အေးသွားပုံရသည်။ သူက-

"အပြန်မှာ သတင်းကောင်းယူလာခဲ့ပါ ဆရာသမား"

ကျွန်တော်သည် ဖုန်းခွက်ကိုချလိုက်ပါသည်။ ပြီးမှ နောက်ဘက်သို့လှည့်၍ အယ်လိန်းကိုကြည့်ကာ-

"ကြားတယ်မဟုတ်လား"

အယ်လိန်းက ခေါင်းညိတ်ပြပြီး-

"မြန်မြန်လုပ်လေ၊ အချိန်က သိပ်မရှိဘူး"

ကျွန်တော်က ပြုံးလိုက်ပြီး-

"ခင်ဗျားလေးက မြန်မြန်လုပ်ရမှာဗျ၊ အဝတ်အစား နည်းနည်းပါးပါးထည့်ပြီး ကိုယ်နဲ့ တစ်ခါတည်း လိုက်ခဲ့ရမှာ"

အယ်လိန်းသည် တအံ့တသြ ထထိုင်လိုက်ပါသည်။





"ဘရက်ဒ်ရယ် မရှုးစမ်းပါနဲ့၊ ဒီလိုလုပ်လို့ ဖြစ်ပါ့မလား"

ကျွန်တော်ကမူ ကျွန်တော့်အဝတ်အစားများကို စုသိမ်းနေပြီ ဖြစ်ပါသည်။

"အချစ်၊ အချစ် ကိုယ့်ကို မသိသေးပါလား၊ ကိုယ်ဆိုတဲ့ကောင်က လုပ်ချင်တာ ဖြစ်အောင်လုပ်တဲ့လူမျိုး သိလား၊ ပြီးတော့ အချစ်က အခုဆိုရင် ကိုယ့်ရဲ့လက်ထောက်ဖြစ်နေပြီ၊ ခင်ဗျားလေးကို ကျုပ် မျက်စိအောက်က အပျောက်မခံနိုင်တော့ဘူး၊ ကိုလုပ်ငန်းကြီး နှစ်ဘက်သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးမှ ခင်ဗျားလေးကို လွှတ်နိုင်တော့မယ်"

အယ်လိန်း သူမ၏ပစ္စည်းများကို သွားရောက်ထုပ်ပိုးနေစဉ် ကျွန်တော်သည် မာဂီကို ဖုန်းဆက်ရပြန်၏။

မာဂီနှင့် အဆက်အသွယ်ရသောအခါ ကျွန်တော်က-

"ကိုယ် ပစ်စဘတ်မြို့ကို ခုည (၁၁) နာရီ (၁၅) လေယာဉ်နဲ့ လိုက်သွားရမယ်"

မာဂီက-

"ကျွန်မက ရှင် ဘာဖြစ်လို့များ ချက်ချင်း ဖုန်းပြန်မဆက်ပါလားဆိုပြီး အောက်မေ့နေတာ"

ကျွန်တော်က လျှင်မြန်စွာပင်-

"ဆက်လို့မရသေးလို့ပေါ့၊ ခရစ်ကို ဖုန်းဆက်တာကို အတော်နဲ့မရဘူး၊ ခုလေးတင်ပဲ တွေ့တယ်၊ ခရစ်ပြောတာကတော့ မက်ဘရက်ဒီက ကိုယ့်ကိုတွေ့ချင်တယ်ဆိုပဲ"

"သိပ်ကောင်းတာပေါ့"

မာဂီသည် ကျေနပ်နှစ်သိမ့်စွာဖြင့် ရယ်လိုက်သံကို ဖုန်းခွက်ထဲမှတစ်ဆင့် ကြားရပါသည်။ ပြီးမှ ဆက်၍-

"ကျွန်မတော့ ရှင့်အတွက် ဂုဏ်ယူပါတယ် ဘရက်ဒ်ရယ်၊ ရှင်ဟာ လူတော်ပဲဆိုတာ ကျွန်မသိပါတယ်"

❑

ခရစ်သည် ကျွန်တော့်အတွက် အစစအရာရာကို ပြင်ဆင်စီစဉ်ထားခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော်၏ လက်ဆွဲအိတ်တွင် ကတ်ပြားကလေးတစ်ခုပင် ချိတ်ဆွဲထား၏။ ငင်းကတ်ပြားပေါ်တွင် ကျွန်တော့်အတွက် ပစ်စဘတ်မြို့ ဘရွတ်ကီဟိုတယ်တွင် အခန်းကျယ်တစ်ခုကို သီးသန့်စီစဉ်ထားပြီးဖြစ်ကြောင်း ရေးထား၏။ ဤသို့ဖြင့် ကျွန်တော်တို့သည် ရေစစ္စရီစာအုပ်တွင် လက်မှတ်ရေးထိုး၍ အခန်းရှိရာသို့ နှစ်ဦးသား အတူတက်သွားခဲ့ကြ၏။ ထိုအချိန်ကား နံနက်နှစ်နာရီထိုးနေပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အယ်လိန်းသည် ခန်းမကြီး၏ ဧည့်ခန်းအလယ်မှာရပ်၍ ပစ္စည်းသယ်လာ လူကလေးက အခန်းတွင်း လိုအပ်မှုများကို စစ်ဆေးနေသည်ကို စောင့်ကြည့်နေ အတန်ကြာသောအခါ လူကလေးက ပြီးစီးကြောင်းပြော၍ ကျွန်တော့်လက်ထဲသို့ အခ သော့လာအပ်၏။ ကျွန်တော်သည် သူ့အား ဘောက်ဆူးတစ်ဒေါ်လာပေးလိုက်ရာ သည် အခန်းပြင်ဘက်သို့ ထွက်သွားယင်း အခန်းတံခါးကို ပိတ်ထားခဲ့၏။

ကျွန်တော်သည် အယ်လိန်းဘက်သို့ လှည့်ပြုံး၍-

"ကိုယ့်အခန်းထဲ ကိုယ်ရောက်မှတော့ လွတ်လွတ်လပ်လပ်နေပါနော်"

အယ်လိန်းသည် ပြန်၍မဖြေပါ။

ကျွန်တော်က-

"ဘယ်လိုဖြစ်တာလဲ မျက်နှာထားကြီးနဲ့ ပစ်စဘတ်မြို့က ဒါလောက်ဆိုးဆိုး ကြီး မဖြစ်နိုင်ပါဘူး"

အယ်လိန်းက ကျွန်တော့်ကိုကြည့်၍-

"ကျွန်မကတော့ ရှင် အခုလို လိုက်ခဲ့ဖို့ခေါ်တဲ့အတိုင်း လိုက်လာမိခဲ့ မှားပြီလို့ ထင်နေတာ၊ မတော်တဆ ရှင့်အသိမိတ်ဆွေ တစ်ယောက်ယောက်နဲ့ တွေ့သွာ ယင် ဘယ့်နှယ်လုပ်မလဲ"

ကျွန်တော်က ပြန်၍-

"မင်းရဲ့ မိတ်ဆွေတစ်ယောက်ယောက်နဲ့ တွေ့ယင်ကော"

အယ်လိန်းက-

"ကျွန်မက ဘယ်သူ့ကိုမှ ရှင်းပြနေစရာမလိုဘူးလေ၊ ဒါပေမယ့် ရှင့်ကျတော့"

ကျွန်တော်က အယ်လိန်းစကားဆုံးအောင် မစောင့်တော့ဘဲ-

"ကိုယ့်အတွက်ပူစရာရှိယင် ကိုယ်ပူပါ့မယ် အယ်လိန်းရယ်"

အယ်လိန်းက မကျေမနပ်နှင့်-

"မဟုတ်သေးဘူးနော် ဘရက်ဒ်၊ လူတွေအကြောင်းကို ရှင်လဲသိပါတယ် လူတွေဟာ ဘယ်လိုသဘောရှိတယ်၊ ဘယ်လိုပြောဆိုတတ်တယ်၊ ဘယ်လို. . ."

ကျွန်တော်သည် အယ်လိန်းစကားကို နောက်တစ်ကြိမ်ဖြတ်၍-

"ကိုယ်ဂရုမစိုက်ပါဘူး၊ လူတွေက ဘာပြောပြော ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး ကျုပ် ဂရုစိုက်တာက ခင်ဗျားလေးပဲ၊ ခင်ဗျားလေးကို ကျုပ်အနီးမှာ ရှိစေချင်တယ် တပူးကပ်ကပ်ရှိနေစေချင်တယ်၊ ကျုပ်ဘဝမှာ ခင်ဗျားကို ခုလိုရှာဖွေတွေ့ရှိပြီးမှတော့ ခင်ဗျားနဲ့ ဝေးဝေးမနေနိုင်တော့ဘူး၊ ခင်ဗျားကို ကျုပ် အိပ်မက်ထဲမှာ စောင့်နေရတာ ကြာလှပြီ"

အယ်လိန်းသည် ကျွန်တော့်အနားတိုးလာပြီး ကျွန်တော့်မျက်နှာကို အသေ



ကြည့်ပါသည်။

"ရှင်ပြောနေတာတွေဟာ တကယ်ပဲလား ဘရက်ဒ်"

ကျွန်တော်က ခေါင်းညိတ်ပြပြီး-

"ကျုပ်တို့နှစ်ယောက် အခု ပစ်စဘတ်မြို့မှာ အတူရောက်နေကြပြီလေ၊ အဲဒါ ပြမဟုတ်ဘူးလား"

အယ်လိန်း၏ မျက်လုံးအစုံသည် ကျွန်တော့်မျက်နှာပေါ်မှ လွှဲပြောင်းခြင်း ပါ။ ကျွန်တော့်မျက်နှာပေါ်မှ အယ်လိန်း ဘာတွေများ ရှာဖွေတွေ့ရှိသွားသည်ကို တော်မသိနိုင်ပါ။ သို့သော် အယ်လိန်း စိတ်ကျေနပ်သွားသည်ကိုမူ ကျွန်တော် ပါသည်။ အယ်လိန်းသည် အတွင်းခန်းသို့ ဝင်မည်ပြုခိုက် ကျွန်တော်က-

"ခဏလေးနော် အယ်လိန်း၊ ထုံးစံအတိုင်းဝင်မှပေါ့"

ပြောပြောဆိုဆို ကျွန်တော်သည် မင်္ဂလာဦးမောင်နှံကဲ့သို့ အယ်လိန်းကိုပွေ့ချီ ကောင်းခန်းတံခါးပေါက်ထဲကို ဖြတ်ကျော်သယ်ယူခဲ့ပါလေတော့သတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ခိုင်ခံ့ခြင်း သံမဏိကုမ္ပဏီ၏ ရုံးအဆောက်အအုံကြီးမှာ သစ်လွင်တောက်ပလှပေသည်။ ၎င်းအဆောက်အအုံ၏ နောက်ဘက်တွင် သံမဏိအရည်ကျိုစက်ရုံကြီးများသည် မီးခိုးတိုင်တလူလူဖြင့် ပြာလဲ့သော မိုးကောင်းကင်ရှိရာသို့ ထိုးထိုးထောင်ထောင်ဖြင့် ခမ်းနားကြီးကျယ်ခြင်းကို သရုပ်ဖော်နေ၏။ ကျယ်ပြောလှသော ဝင်းကြီးတစ်ခုလုံးကို သံမဏိဝါယာဝင်းထရံဖြင့် သိမ်းဆည်းခြံခတ်၍ ထားလေသည်။

ယူနီဖောင်းဝတ်အစာရှိတစ်ဦးသည် ဤတံခါးအတွင်းသို့ ဝင်လာသည်နှင့် ဆီးကြိုစစ်ဆေး၏။ ကျွန်တော်က-

"မစ္စတာဂိုဝန်ပါ၊ မစ္စတာဘရက်ဒီနဲ့ တွေ့ဖို့လာတာ"

ယူနီဖောင်းဝတ်က-

"ခင်ဗျားမှာ ဝင်ခွင့်လက်မှတ်ပါသလား"

ကျွန်တော်က ခေါင်းခါပြ၏။

ယူနီဖောင်းဝတ်က-

"ကြိုတင်ချိန်းထားပြီးသားလား"

"ဟုတ်ပါတယ်"

ယူနီဖောင်းဝတ်သည် သူ၏အနားမှာရှိသော စားပွဲပေါ်မှ တယ်လီဖုန်းကို



...ဝတ်ယူ၍ ဖုန်းထဲမှာ တစ်စုံတရာ တီးတိုးပြော၏။ ဖုန်းပြောနေစဉ်တစ်ချိန်လုံး သူ၏ ...မျက်လုံးများသည် ကျွန်တော့်ကို မျက်ခြေမပြတ် အကဲခတ်ကြည့်နေ၏။ ကျွန်တော် ...စောင့်ဆိုင်းနေရခြင်းအတွက် စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ စီးကရက်ကို ...ရှူသော ရှိုက်လိုက်ရချိန်တွင် ယူနီဖောင်းဝတ်သည် ဖုန်းခွက်ကို ချလိုက်၏။ နောက် ...ကျွန်တော့်ဘက်သို့လှည့်၍ ယဉ်ကျေးစွာဖြင့်-

"သည်ဓာတ်လှေကားဘက်ကိုကြွပါ မစ္စတာဂိုဝန်"

သူသည် နံရံရှိရာသို့ လျှောက်သွားပြီး ခလုတ်တစ်ခုကို နှိပ်လိုက်၏။

ဓာတ်လှေကားတံခါး ပွင့်သွားပြီး အတွင်းတွင် နောက်ထပ် ယူနီဖောင်းဝတ် ...တစ်ဦးကို တွေ့ရပြန်၏။ ပထမယူနီဖောင်းဝတ်က ဒုတိယယူနီဖောင်းဝတ်အား-

"ဟောဒီက မစ္စတာဂိုဝန်ကို မစ္စတာဘရက်ဒီရဲ့ရုံးခန်းကို ခေါ်သွားပါ"

ကျွန်တော် ဓာတ်လှေကားတွင်းသို့ ဝင်လိုက်၏။

ကျွန်တော်ဝင်ပြီးသည်နှင့် ကျွန်တော့်နောက်ဘက်မှ ဓာတ်လှေကားတံခါး ...သည် ပိတ်သွား၏။ ဓာတ်လှေကားသည် အပေါ်သို့ တက်လေသည်။ ကျွန်တော်သည် ...ဓာတ်လှေကားမောင်းသူ ယူနီဖောင်းဝတ်အားကြည့်၍-

"သမ္မတကြီးတစ်ယောက်ကို တွေ့ရသလိုပါကလား"

ကျွန်တော်သည် ပြုံးပြလိုက်၏။

"မစ္စတာဘရက်ဒီဟာ ဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌကြီးဖြစ်ပါတယ်"

ပြန်ဖြေသော ယူနီဖောင်းဝတ်၏မျက်နှာမှာ ပကတိတည်တည်ကြီး ဖြစ်ပါသည်။

ရုတ်တရက် ကျွန်တော့်ပါးစပ်မှ 'ကျုပ်ပြောတာက အမေရိကန်ပြည်ထောင်စု ...ရဲ့ သမ္မတကြီးကို ပြောတာပျ' ဟု ပြောလိုက်ချင်သော်လည်း ဘာမှအကြောင်းထူးမည် ...ဟု ဆယူဆ၍ ပါးစပ်ပိတ်ထားလိုက်၏။ နောက်ဆုံး ဓာတ်လှေကားရပ်သွားပြီး ဓာတ်လှေ...တံခါးသည် လျှောကနဲ ပွင့်သွား၏။ ကျွန်တော်သည် ဓာတ်လှေကားအပြင်ဘက်သို့ ...ထွက်လိုက်၏။

ယူနီဖောင်းဝတ် ပုဂ္ဂိုလ်သည် ကျွန်တော့်နောက်ဘက်မှ ထပ်ကြပ်မခွာ လိုက် ...လာဆဲ ဖြစ်သည်။ သူက-

"သည်ဘက်ကို ကြွပါခင်ဗျ"

ကျွန်တော်သည် ယူနီဖောင်းဝတ်၏နောက် ကျောက်ပြား... ...အတိုင်း လိုက်ရပြန်၏။ ကျွန်တော်တို့သည် နံဘေးမှ ထင်းရှူးသား... ...ထားသော တံခါးပေါက်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လျှောက်... ...တံခါးပေါက် တစ်ခုနှင့်တစ်ခုအကြားတွင် ခေါ်မခေတ်ရုပ်တုတစ်ခု...

www.burmeseclassic.com

www.burmeseclassic.com



နေသော မီးခွက်များ ကိုင်ထား၏။ ကျွန်တော့်စိတ်ထဲတွင် တံခါးပေါက်တစ်ခုခုသည် ရုတ်ချည်းပွင့်လာပြီး အထဲမှ သုဘရာဇာတစ်ဦးက အသုဘကိစ္စကို ဆွေးနွေးရန် ထွက်လာလေမည်လားဟု အောက်မေ့နေ၏။

ထိုစဉ် ယူနီဖောင်းဝတ်သည် တံခါးပေါက်တစ်ခုရှေ့တွင်ရပ်၍ တံခါး အသာလေး ခေါက်လိုက်၏။ တံခါးပွင့်သွားသောအခါ ကျွန်တော့်ကို အထဲသို့ဝင်ပါ ညွှန်ပြ၏။ ကျွန်တော်သည် အခန်းထဲသို့ဝင်လိုက်ရာ ခပ်မှောင်မှောင်စင်္ကြံထဲမှ လာ သူဖြစ်ပေရာ အတွင်းမှာထွန်းထားသော မီးရောင်ကြောင့် မျက်စိများ ပြာသွား၏။ ထိုစဉ် ကျွန်တော့်နောက်ဘက်မှ တံခါးပိတ်သွားသံကို ကြားရ၏။

မျက်စိတျင့်သားရလာသောအခါ အခန်းတွင်းကို ကြည့်လိုက်၏။

အခန်း၏ အလယ်စက်ဝိုင်းခြမ်း ပုံသဏ္ဍာန်စားပွဲမှာ ထိုင်နေသော အမျိုးသမီးက ကျွန်တော့်ကိုမော့ကြည့်၍-

"မစ္စတာကိုဝန်ပါလား"

ကျွန်တော်သည် ခေါင်းညိတ်ပြပြီး မိန်းကလေးရှိရာသို့ လျှောက်သွား၏။

မိန်းကလေးသည် ထိုင်နေရာမှထပြီး စားပွဲကိုပတ်၍ အပြင်သို့ ထွက်လာ၏။

မိန်းကလေးက-

"မစ္စတာဘရက်ဒီက အခု မအားမလပ်ဖြစ်နေသေးလို့ တောင်းပန်ခိုင်းထားတယ်၊ စောင့်ဆိုင်းတဲ့အခန်းထဲက ခဏစောင့်နေပါလားရှင်"

ကျွန်တော်သည် စိတ်ထဲမှ လေတစ်ချက်ချွန်လိုက်မိ၏။ ယခုအတွေ့အကြုံနှင့် ဆုံပြီးနောက် မစ္စတာဘရက်ဒီဆိုသည့် ခေါင်းကြီးခေါင်းထဲမှာ သံမဏိမှလွဲ၍ ဘာမှမရှိဆိုသော စကားကို ကျွန်တော် ယုံကြည်တော့မည် မဟုတ်ပါ။ ဤကဲ့သို့ လှပနုနယ် တစ် မက်ဖွယ်ကောင်းလှသော မိန်းမပျိုချောချောကလေး တစ်ယောက်ကို အတွင်းရေးမှူး အဖြစ်ထားသော ခေါင်းကြီးခေါင်းထဲမှာ သံမဏိမှလွဲပြီး ဘာမှမရှိဆိုခြင်းကို ကျွန်တော် ဘယ်လိုယုံကြည်ရပါတော့မည်နည်း။ မိန်းကလေးကား အတောင့်စား၊ အဖြောင့်စား ငယ်ငယ်ချောချောလေးဖြစ်ပြီး ယောက်ျားတကာတို့ မှောက်လျက်လဲနိုင်သော ပစ္စည်း မျိုးဖြစ်သည်။

ကျွန်တော်က ပြုံးပြ၍-

"စောင့်ရမယ် ဟုတ်လား"

ကျွန်တော်၏အပြုံးသည် အလဟဿဖြစ်သွား၏။ အကြောင်းမှာ မိန်းကလေးသည် ကျွန်တော့်ကိုကျောပေး၍ အခန်းတံခါးပေါက်တစ်ခုရှိရာသို့ လျှောက်သွားနေပြီ ဖြစ်သောကြောင့်ပင်တည်း။ ကျွန်တော်သည် မိန်းကလေး၏နောက်သို့ လိုက်ရပြန်၏။ မိန်းကလေး၏နောက်သို့ ခပ်ဖြည်းဖြည်း လိုက်ပါခဲ့ရစဉ် မိန်းကလေး၏ နောက်ပိုင်းအလှ



ကြည့်မမြင်ဘဲ မနေနိုင်အောင် ဖြစ်နေ၏။ မိန်းကလေးကား သူမကိုယ်သူမ ဘယ် ဘာအလှရှိသည်ကို သိပုံရသည်။ ထိုအလှ၏အစွမ်းကိုလဲ သိပုံရ၏။

မိန်းကလေးသည် တံခါးပေါက်တစ်ခု ရောက်သောအခါ ကျွန်တော့်ကို ငွင့်ပေး၏။

ကျွန်တော်သည် တံခါးဝ၌ အထဲမဝင်သေးဘဲ ရပ်၍ မိန်းကလေးကိုကြည့်ပြီး-

"မင်းကကော ဘာဖြစ်လို့ တခြားလူတွေလို ရဲအစောင့်ယူနီဖောင်းမျိုး ဝတ်ရတာလဲ"

မိန်းကလေးက မရယ်မပြုံးဘဲနှင့်-

"ဒီအခန်းထဲမှာ စိတ်အေးချမ်းသာစောင့်ပါ"

မိန်းကလေး၏စကားမှာ ဝတ်ကျေတန်းကျေ ဖြစ်ပါသည်၊ ဆက်၍-

"ဘာပဲဖြစ်ဖြစ် လိုအပ်တာရှိယင် ကျွန်မကို ခေါ်လိုက်ပါ"

ကျွန်တော်က ပြုံးစစနှင့်-

"အဲဒါ တရားဝင်အခွင့်အရေးပဲလား"

မိန်းကလေး၏ မျက်နှာပေါ်တွင် ပထမဆုံးအကြိမ် ပြောင်းလဲမှု ဖြစ်ပေါ်သွား နားမလည်နိုင်သော မျက်နှာပေး၊ ရှုပ်ထွေးသွားဟန်ရှိသော မျက်နှာပေးမျိုးဖြစ်ပါသည်။

ကျွန်တော်က အသံထွက်ရယ်လိုက်ပြီး-

"လိုအပ်တာရှိရင်ဆိုတာကို ပြောတာပါ"

မိန်းကလေးမျက်နှာပေါ်မှ ရှုပ်ထွေးနေဟန်သည် ပျောက်ကွယ်သွား၏။

သူမက-

"စီးကရက်နဲ့ ဆေးပြင်းလိပ်က စားပွဲပေါ်ကဗူးထဲမှာ ရှိပါတယ်၊ မဂ္ဂဇင်းတွေနဲ့ သတင်းစာတွေက နံဘေးကစင်ပေါ်မှာ ရှိပါတယ်"

ပြောပြောဆိုဆိုပင် မိန်းကလေးသည် ကျွန်တော်က တစ်စုံတရာ မပြောလိုက်နိုင် အခန်းထဲက ထွက်သွားလေ၏။

ကျွန်တော်သည် ဧည့်သည်များကို စောင့်ဆိုင်းစေသော အခန်းဆိုသည်ကို ပတ်ကြည့်ရှုလိုက်၏။ အခန်းမှာ ပကတိပြည့်စုံစွာ၊ ခမ်းနားစွာ ပြင်ဆင်ထားသည်ကို ရပါသည်။ နံရံများတွင် အကွက်ထ အရောင်ထွက်နေသော ဝက်သစ်ချသား ခြယ်ထားပြီး ပရိဘောဂပစ္စည်းများမှာ သားရေဖုံး ကုလားထိုင်များဖြစ်သည်၊ ခင်းထားသော ပါရှင်ကောဇော အကောင်းစား၏ အမွေးရှည်များမှာ ခြေမျက်စိတို့ တော့မည်လားဟု မှတ်ထင်ရ၏။

ထိုစဉ် ကျွန်တော့်မျက်စိအစုံသည် တံခါးပေါက်နှင့် ဆန့်ကျင်ဘက်နံရံတွင်

www.burmeseclassic.com

www.burmeseclassic.com



သပ်ရပ်စွာ ချိတ်ဆွဲထားသော ဓာတ်ပုံများကို သတိပြုမိသွား၏။ ကျွန်တော်သည် ဓာတ်ပုံများရှိရာသို့ လျှောက်သွား၏။ ဓာတ်ပုံထဲမှ မှတ်မိနေသော မျက်နှာများက ကျွန်တော်ကို ပြန်ကြည့်နေ၏။ ဓာတ်ပုံများမှာ အမေရိကန်သမ္မတကြီး ခုနစ်ဦးက သူတို့ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး မက်ဘရက်ဒီကို အမှတ်တရပေးထားကြသော ဓာတ်ပုံခုနစ်ပုံ ဖြစ်ပါ၏။ သမ္မတကြီး ဝူးဒရိုး၊ ဝီလ်ဆင်၊ ဟာဒင်း၊ ကိုးလ်လဒ်ဂျ်၊ ဟူးဗား၊ ထရူးမင်း အိုက်စင်ဟောင်ဝါတို့ပင် ဖြစ်ပါ၏။

ကျွန်တော်သည် သောက်လက်စ စီးကရက်ကို စားပွဲပေါ်မှ ဆေးလိပ်ပြာခွက်ထဲမှာ ထိုးချေငြိမ်းသတ်လိုက်၏။ ဓာတ်လှေကားမောင်းသူ ယူနီဖောင်းဝတ်သည် အဘယ့်ကြောင့် ကျွန်တော်၏ပြက်လုံးကို မရယ်မောဘဲနေခဲ့သည်ကို ယခုအခါ မအံ့သြတော့ပါ။ သမ္မတကြီးများသည် တစ်ယောက်ပြီးတစ်ယောက် ဆင်းတက်ပြောင်းလဲသွားသော်လည်း မက်ဘရက်ဒီကမူ မပြောင်းမလဲ တည်ရှိနေခဲ့သည် မဟုတ်ပါလား။

ကျွန်တော်သည် ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ပြီး ဓာတ်ပုံများကို ကြည့်နေလိုက်မိ၏။ မက်ဘရက်ဒီဆိုသည်ကား အတော်ခေါင်းမာသော ထက်မြက်သော ငနဲ ပါလား။ သူသည် တခြားတစ်ပါးသော ပုဂ္ဂိုလ်များနည်းတူ နိုင်ငံတော်သမ္မတကြီးများကိုယ်တိုင် အမှတ်တရ လက်မှတ်ထိုးပြီး ပေးထားသော ဓာတ်ပုံများကို သူ၏ရုံးခန်းထဲတွင် ဝင့်ကြွားစွာချိတ်ဆွဲပြီး လာရောက်တွေ့ဆုံသူများအပေါ် ဩ ကြွားဝါနေလိုသူတစ်ဦး မဟုတ်။ ဓာတ်ပုံများကို စောင့်ဆိုင်းသူ ဧည့်သည်များအနေဖြင့် သူနေရာမှာသူ ချိတ်ဆွဲထားခြင်းပါကလား။

ကျွန်တော်သည် ကျွန်တော့်ဘာသာ ပြုံးလိုက်၏။ ရုတ်တရက် ပထမတော့ ကျွန်တော်လည်း မက်ဘရက်ဒီ၏ ပရိယာယ်ထဲသို့ ကျတော့မည်ကဲ့သို့ ဖြစ်သွား၏။ သို့သော် ဤကဲ့သို့ ကစားနည်းမျိုးဆိုသည်မှာ တစ်ယောက်တည်းသာ ကစား၍ရသည် မဟုတ်။ နှစ်ယောက်စလုံး ကစား၍ရသည့်နည်းပဲ ဖြစ်ပါသည်။ ကျွန်တော်သည် စောင့်ဆိုင်းရသော အခန်းတံခါးကိုဖွင့်၍ အပြင်ဘက်သို့ ထွက်လိုက်၏။

အပြင်ဘက်စားပွဲမှ မိန်းကလေးသည် ကျွန်တော့်ကို တအံ့တသြ မော့ကြည့်၏။ ကျွန်တော်သည် နံဘေးစင်ပေါ်မှ မဂ္ဂဇင်းတစ်စောင်ကို ယူလိုက်ပြီး-

"ရေအိမ်က ဘယ်မှာလဲဟင်"

အမျိုးသမီးသည် ပါးစပ်မှမဖြေဘဲ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်အခန်းတစ်ခုသို့ ညွှန်ပြ၏။ ကျွန်တော် ကိုယ်လက်သန့်စင်သော အခန်းတံခါးကိုဖွင့်လိုက်စဉ် နောက်ဘက်မှ မိန်းကလေးက လှမ်း၍-

"မစ္စတာဘရက်ဒီက ခဏကြာယင် အားတော့မှာနော်"

ကျွန်တော်က-

"ဟုတ်လား၊ ဒါဆိုလဲ သူ့ကို ခဏစောင့်ခိုင်းထားလိုက်ပေါ့ဗျာ"

ကျွန်တော်သည် ရေချိုးခန်းထဲသို့ အမြန်ဝင်လိုက်ပါသည်။

ကျွန်တော်သည် ရေချိုးခန်းထဲရှိ အိမ်သာကုလားထိုင်ပေါ်တွင် ဆယ်မိနစ်ခန့် ...အောင် ထိုင်နေလိုက်သောအခါ ရေချိုးခန်းတံခါးဖွင့်သံ ကြားရပြီး တစ်စုံတစ်ယောက် ...ထဲသို့ ဝင်လာပါသည်။ အိမ်သာတံခါးသည် အောက်ဘက်ပိုင်း တစ်ပေခန့် ချန် ...ထားသည့် တံခါးမျိုးဖြစ်ရာ ရေချိုးခန်း ကျောက်ဖြူသားများပေါ်သို့ လျှောက်လာ ... ခြေထောက်အစုံကို မြင်ရပါသည်။ ခြေထောက်အစုံသည် ကျွန်တော်၏ အိမ်သာ ...မှာ စဉ်းစားသလို ခဏရပ်ကြည့်နေ၏။ လှမ်းမြင်ရသော ခြေထောက်အစုံ စီးနင်း ...သာခြေနင်းမှာ ယူနီဖောင်းဝတ်ရဲ့ ခြေနင်းဖြစ်မှန်း သိသာလှပေသည်။ ကျွန်တော် ... ပြုံး၍ တိတ်တိတ်ကလေး ကျိတ်နေလိုက်ပါသည်။ ခဏအကြာ ထိုပုဂ္ဂိုလ်သည် ...ခန်းထဲမှ အပြင်သို့ ပြန်ထွက်သွားပါသည်။

ကျွန်တော်သည် ဆက်လက်ပေမှိတ်၍ ထိုင်နေလိုက်ပါသည်။ အချိန်ကား ...လွန်းလှသည် ထင်ရ၏။ သို့သော် ကျွန်တော့်ဖခင်ငယ်ငယ်က ပြောကြားခဲ့သော ...သည် မှန်လာ၏။ ရေချိုးခန်းထဲ အိမ်သာထဲဝင်ရာမှာ ကျွန်တော်သည် ကြာတတ် ...၍ ဖေဖေက မေမေ့အား "ဒီကောင့်ကို အိမ်သာထဲကဆွဲထုတ်ဖို့ ရဲခေါ်မှဖြစ်မယ် ...ဘယ်ကွ" ဟူသော စကားပင်ဖြစ်ပါ၏။

ကျွန်တော်သည် ပါလာသော မဂ္ဂဇင်းစာအုပ်ကို ဟိုလှန်သည်လှန် လုပ်နေ ...ပါသည်။ ငါးမိနစ်ခန့် ကြာသောအခါ တံခါးဖွင့်သံ ကြားရပြန်ပါသည်။ ကျွန်တော် ... အိမ်သာတံခါးအောက်ခြေ လစ်လပ်နေသော အပေါက်မှ အပြင်ဘက် ကျောက်စီ ...ခင်းရှိရာသို့ လှမ်းကြည့်လိုက်ပါသည်။ သေးငယ်နက်ပြောင်သော သားရေခြေနင်း ...သည် ကျွန်တော့်အိမ်သာပေါက်ရှေ့မှ ကျော်ဖြတ်သွား၏။ ကျွန်တော်သည် ...သာပြုံးလိုက်၏။ သည်တစ်ချီကား ကျွန်တော်နိုင်သောအချီ ဖြစ်ပါသည်။

ကျွန်တော်သည် လက်ထဲမှ မဂ္ဂဇင်းစာအုပ်ကို ကပျာကရာချလိုက်ပြီး အိမ် ...တံခါးကိုဖွင့်၍ ထွက်လိုက်၏။ အိမ်သာနှင့် မျက်နှာချင်းဆိုင် လက်ဆေးကန်များရှိရာ သို့ ကူးခဲ့၏။

လက်ဆေးကန်တစ်ခုရှေ့တွင် ရပ်နေသော ခပ်ညက်ညက်လူကြီးကြီးသည် ကျွန်တော့်ကို ဘာလုပ်တာလဲဟူသော မေးခွန်းအကြည့်ဖြင့် ကြည့်လိုက်၏။

ကျွန်တော်သည် တအံ့တသြဖြစ်နေသူအား ပြုံးပြလိုက်ပြီး-

"မစ္စတာဘရက်ဒီပါလား၊ ခင်ဗျားရဲ့ ရုံးခန်းတွေကတော့ ..."

ဟု ပြောလိုက်မိလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဘရက်ဒီ၏ တကယ့်ရုံးခန်းထဲသို့ ရောက်သွားသောအခါ ရုံးခန်းကြီး သည် မြို့တော်ခန်းမစည့်ခန်းကြီးလောက် ကြီးမားခမ်းနားသည်ကို တွေ့ရပါ၏။ ရုံးခန်းမှ အဆောက်အအုံကြီး၏ ထောင့်ခန်းကို ယူထားသည်ဖြစ်ပြီး နံရံနှစ်ဘက်တွင် ကြီးမား သော မှန်ပြတင်းပေါက်ကြီးများ တပ်ဆင်ထားပေရာ ဤရုံးခန်းမှပင် ထိုင်၍ သူ့ သံမဏိအင်ပါယာ အဆောက်အအုံများကို မြင်ရနိုင်ပေသည်။ မစ္စတာဘရက်ဒီ၏ စား ရှေ့တွင်မူ ဧည့်သည်များထိုင်ရန် ကုလားထိုင်သုံးလုံး အသင့်ထားရှိ၏။

အခန်းတစ်နေရာတွင် လူဆယ့်လေးငါးယောက် ဆွေးနွေးပွဲပြုလုပ်နိုင်သည့် စားပွဲရှည်ကြီးတစ်လုံးရှိ၍ ကျန်တစ်နေရာတွင် သက်တောင့်သက်သာ လဲလျောင်းထိုင် နားနေသာသည့် ဆိုဖာခုံတန်းရှည်များ ရှိ၏။ ဆိုဖာများရှေ့တွင် ကော်ဖီတင် စားပွဲရှည် တစ်လုံးရှိပြီး ၄င်းနားတွင်လည်း ကုလားထိုင်နှစ်လုံး ချထားပေး၏။

ဘရက်ဒီသည် ကျွန်တော့်ကို ထိုင်ရန်နေရာချထားပြီး သူ့စားပွဲနောက်မှ ကုလား ထိုင်သို့သွား၍ ထိုင်၏။ ကုလားထိုင်တွင် ထိုင်ပြီးနောက် ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်သည် သူ၏စကား စတင်အပြောကို စောင့်နေလိုက်၏။ သူ၏ ပထမဆုံးမေးခွန်း မှာ ကျွန်တော် မထင်မှတ်သောထောင့်မှ ဖြစ်သည်။ သူက-

"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ မစ္စတာဂိုဝန်"

ကျွန်တော်သည် အူကြောင်ကြောင်ဖြင့်-

"လေးဆယ့်သုံးနှစ်ပါ"

သူ၏နောက်ထပ်မေးခွန်းလည်း ကျွန်တော် အငိုက်မိသွားပြန်ပါသည်။ သူက-

"ခင်ဗျား တစ်နှစ်ဝင်ငွေ ဘယ်လောက်ရပါသလဲ"

"သုံးသောင်းငါးထောင်"

ကျွန်တော်သည် ကျွန်တော့်ဝင်ငွေကို လိမ်ညာလိုက်ရန်ပင် အချိန်မရဘဲ ပါးစပ်မှ အမှန်အတိုင်း ထွက်သွားပါသည်။

သူသည် ခေါင်းညိတ်လိုက်ပြီး သူ့စားပွဲပေါ်သို့ ကြည့်လိုက်သည်။ စားပွဲပေါ် သူ့ရှေ့တည့်တည့်တွင် လက်နှိပ်စက်ရိုက်ထားသည့် စာရွက်တချို့ရှိသည်။ သူသည် ၄င်း စာရွက်များကို ကြည့်ရှုလေ့လာထားပုံရ၏။ ကျွန်တော်သည် နောက်ထပ် ဘာများမေး ဦးမလဲဟု စောင့်နေလိုက်ရပါသည်။ အတန်ကြာမှ သူသည် ကျွန်တော့်ကို မော့ကြည့်၍-

"ကျုပ် ဘာဖြစ်လို့ ခင်ဗျားကို ခေါ်တွေ့တယ်ဆိုတာ သိသလား"

ကျွန်တော်က ရိုးသားစွာဖြင့်-

"အစကတော့ သိတယ်လို့ ထင်ခဲ့တာပါပဲခင်ဗျာ၊ ဒါပေမယ့် ခုတော့ သိပ် မသေချာချင်တော့ဘူး"

သူသည် ခြောက်သွေ့သွေ့ပြုံးလိုက်ပြီး-

"ကျုပ်က တဲ့တိုးပြောတာ၊ လိုတိုရှင်းပြောတာပဲ ကြိုက်တယ်၊ ဒီတော့ ... စည်းချောင်ပတ်တွေ လုပ်မနေတော့ဘူး၊ မင်း တစ်နှစ်ကို ဒေါ်လာခြောက်သောင်း ... ငွေမရှိချင်ဘူးလား"

ကျွန်တော်သည် တုန်လှုပ်စွာဖြင့် ရယ်လိုက်မိပါသည်။ ဤငနဲကြီးက ကျွန်တော့် ... ဆက်တိုက်ဆက်တိုက် ကိန်းဂဏန်းများဖြင့် ပေါက်နေသည်မှာ ကျွန်တော့်ကိုယ် ကျွန်တော် ဝါရှင်တန်မြို့တော် ရောက်နေသည့်အလား ခံစားရမိပါသည်။ ကျွန်တော်က-

"ရှိချင်ပါတယ်ခင်ဗျ"

သူသည် ရှေ့သို့ကိုင်းညွတ်လိုက်ပြီး-

"မနေ့တုန်းက ဆွေးနွေးပွဲမှာ သံမဏိလုပ်ငန်းရှင်များ အစည်းအရုံးအတွက် ... ကြော်ငြာစီမံကိန်းတစ်ခု တင်ပြခဲ့တယ်လေ"

ကျွန်တော်သည် ခေါင်းသာညိတ်ပြလိုက်၏။ ကျွန်တော် စကားပြောရန် မရဲ ... ဘာပြောရမည်ကို မသိသေး။ ထိုအစီအစဉ်စီမံကိန်းကို သူ သဘောမကျခဲ့သည် ... လည်း စိတ်ထဲမှာ ကောင်းကောင်းမှတ်မိနေ၏။

မစ္စတာဘရက်ဒီက ဆက်၍-

"မင်းရဲ့အစီအစဉ်မှာ အပြစ်အနာအဆာ ချွတ်ယွင်းမှုတွေတော့ ရှိတယ်၊ ... ပေမယ့် အခြေခံအားဖြင့်၊ မူအားဖြင့်တော့ ကောင်းတယ်"

ကျွန်တော်သည် ယခုမှ သက်ပြင်းတစ်ချက် ချလိုက်မိပါ၏။ ငနဲကြီးသည် ... ကျွန်တော့်မြားချက် မိခဲ့သေးသည်ပဲ။ ရင်ထဲမှ အောင်မြင်မှုအရောင်များ စတင် ... လက်စပြုလာ၏။ ကျွန်တော်က လျှင်မြန်စွာဖြင့်ပင်-

"အခုလို ထင်မြင်ယူဆတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျ"

သူက-

"ဆွေးနွေးပွဲကပြန်လာတော့ ကျုပ် နည်းနည်းစိတ်ဆိုးလာခဲ့တယ် ဆိုတာ ... ဝန်ခံရမယ်"

သူ၏လေသံမှာ အနိမ့်အမြင့်မရှိ၊ ပကတိခိုင်မာစွာ ပြောဆိုနေခြင်းဖြစ်သည်။ ... မျက်လုံးများသည် ကျွန်တော့်ကို တည့်တည့်ကြည့်လျက်။ နောက်ဆက်၍-

"ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့စွပ်စွဲချက်ကြောင့်ပဲ"

ကျွန်တော်က အမြန်အထက်-

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ အဲဒီလိုဖြစ်ရတာ ... "

သူသည် လက်ကာပြပြီး ကျွန်တော့်စကားကို ရပ်တန့်စေလိုက်သည်။

"ဆက်မပြောပါနဲ့တော့လေ၊ ကျုပ်ကလဲ မင်းကို တောင်းပန် ... ဒါပေမယ့် မင်းပြောခဲ့တဲ့စကားကို ကျုပ် သဘောကျတယ် ...

www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှိရှိနဲ့ အဲဒီလို ပြန်ပြီးပြောရဲတဲ့လူ ရှိတယ်"

သူသည် သူ့ဘာသာ သဘောကျစွာပြုံးပြီး ဆက်၍-

"ကျုပ် အဲဒီလိုပြန်ပြီး အပြောမခံရတာပဲ နှစ်ပရိစ္ဆေဒ ကြာလှပြီ"

ထိုအချိန်၌ကား ကျွန်တော့်စိတ်အတွေးများသည် လုံးချာပတ်ချာလည်လျက် ရှိနေပြီဖြစ်၏။ ဒီငနဲကြီး ဘာလိုချင်ပါလိမ့်ဆိုသည်ကို ကျွန်တော် မတွေးတောနိုင်တော့ ထို့ကြောင့် ကျွန်တော်သည် ရေငုံနှုတ်ပိတ်ပြီး နေလိုက်၏။ ပါးစပ်ပိတ်ထားသော လူတစ် ယောက်ကို ဘယ်သူမှ အပြစ်ရှာ၍ ကြိုးစင်တင်သတ်နိုင်မည် မဟုတ်ပါ။

မစ္စတာဘရက်ဒီသည် သူ့နံဘေးပြတင်းပေါက်များဘက်သို့ လက်ဖြင့်ဝှေ့ယမ်း ပြလိုက်ပြီး-

"အပြင်ဘက်ကို ကြည့်လိုက်စမ်းပါ မစ္စတာကိုဝန်၊ ဒါဟာ ကျုပ်ရဲ့ ခိုင်ခံ့ခြင်း သံမဏိလုပ်ငန်းကြီးပါပဲ၊ ဒါဟာလဲ အကုန်အစင် မဟုတ်သေးဘူးနော်၊ ဒီလိုစက်ရုံကြီးမျိုး အလုံးနှစ်ဆယ်ကျော် အမေရိကန်တစ်ပြည်လုံးအနှံ့ ရှိနေသေးတယ်၊ ဒီကုမ္ပဏီကြီးဟာ တစ္ဆာပေါ်မှာ အကြီးဆုံးဆိုတဲ့ ကုမ္ပဏီကော်ပိုရေးရှင်းကြီး ငါးခုအနက် တစ်ခုအပါအဝင် ပဲ ကျုပ်က ဒီလိုအခြေအနေမျိုးရောက်အောင် လုပ်ခဲ့တာပဲ၊ လူတော်တော်များများဟာ ကျုပ်ရဲ့ လုပ်နည်းကိုင်နည်းတွေကို သဘောမကျကြဘူး၊ ဒါကလဲ အရေးမကြီးပါဘူး အရေးကြီးတာက စိတ်ကူးယဉ် အိပ်မက်ကြီးတစ်ခုကို တကယ် အကောင်အထည် ပေါ်လာအောင် ဆောင်ရွက်လုပ်ဆောင်နိုင်ခဲ့တာပဲ ဖြစ်တယ်၊ ကျုပ်ဟာ (၁၂) နှစ်သားဘဝ၊ သံမဏိစက်ရုံတစ်ရုံမှာ ရေသယ်ရတဲ့ အလုပ်သမားပေါက်စ ကလေးဘဝ ကတည်းက စားလဲဒီစိတ်၊ အိပ်လဲဒီစိတ်ဆိုပြီး တစ်ချိန်လုံး သံမဏိကိုစိတ်ကူး၊ သံမဏိနဲ့ စား သံမဏိကို အိပ်မက်မက်ပြီး နေခဲ့လုပ်ခဲ့ ထူထောင်ခဲ့တာပဲ"

သူ့အပေါ်မှာ မကျေမနပ်ခံစားခံရှိသည့် အကြားမှပင် ကျွန်တော်သည် ဤ[illegible] ညက်စိစိပုဂ္ဂိုလ်အပေါ်မှာ အထင်အမြင်မကြီးဘဲ မနေနိုင်အောင် ဖြစ်လာ၏။ သူ၏လေသံ ကမူ ကလဲ့စားချေသည့် လေသံမျိုးဖြစ်ပေသည်။ ကျွန်တော်သည် ဆက်လက်၍ ရေငုံ နှုတ်ပိတ်ပင် နေလိုက်သည်။

သူက ဆက်၍-

"မင်းက ကျုပ်ကို တစ်ကိုယ်ကောင်းဆန်တယ်လို့ စွပ်စွဲပြောဆိုခဲ့တယ်၊ အဲဒါ အမှန်တရားပဲ၊ အဲဒီအတွက်လဲ ကျုပ်က ဝမ်းမနည်းဘူး၊ တောင်းပန်စရာလဲ မလိုဘူး နှစ်တွေကလဲ ကြာလှပြီ၊ ကျုပ်ကလဲ ဒီအတိုင်းပဲ အကျင့်ပါနေပြီ၊ ဒီအရွယ်ရောက်မှ ပြောင်းလဲဖို့ဆိုတာလည်း မဖြစ်နိုင်တော့ဘူး၊

ယခုအချိန်ထိ အဘိုးကြီးသည် ဘာကိုရည်ရွယ်နေသနည်းဆိုခြင်းကို ကျွန်တော် ခန့်မှန်း၍ မရနိုင်သေးပါ။ သို့နှင့် ဆက်လက်၍ နှုတ်ပိတ်နေလိုက်ရပါသည်။ အဘိုးကြီး[illegible] တုလားထိုင်နောက်ကျောကိုမှီ၍ ကျွန်တော့်ကိုကြည့်လိုက်၏။ ကျွန်တော်သည် [illegible] ရာအလုပ် မရှိသောကြောင့် အိတ်ထဲမှ စီးကရက်တစ်လိပ် ထုတ်ယူမီးညှိသည်။ [illegible] ကြီးသည် ကျွန်တော် စီးကရက်တစ်ဖွာ ရှိုက်ပြီးသည်အထိ စောင့်ပြီးမှ စကားပြော[illegible] အဘိုးကြီးသည် ထိုသို့ စောင့်ဆိုင်းပြော၍သာ တော်ပေသေး၏။ သို့မဟုတ်ပါက [illegible] ကြီး၏ စကားကြောင့် ကျွန်တော်သည် တုလားထိုင်မှ ပြုတ်ကျမတတ် ဖြစ်သွားပါ[illegible]

သူ၏စကားမှာ-

"ကျုပ် မောင်ရင့်ကို သဘောကျတယ်"

ဖြစ်ပါ၏။ ဆက်၍-

"ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ကျုပ်နဲ့တူလို့ပဲ၊ ခေါင်းမာတယ်၊ တစ်ကိုယ် [illegible]င်းဆန်တယ်၊ ရက်ရက်စက်စက်လဲ ပြုမူပြောဆို လုပ်ရဲပုံရတယ်၊ အဲဒါကိုပဲ ကျုပ်က [illegible] လက်တွေ့ဆန်တယ်လို့ ပြောချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောကကြီးမှာ [illegible]သန်ဖို့ဆိုတာ အဲဒီလိုသွေးရှိမှဖြစ်တာကိုး"

အဘိုးကြီးသည် အသက်တစ်ချက်ရှူလိုက်ပြီး-

"အဲဒါကြောင့် မောင်ရင့်ကို ကျုပ်ခေါ်ပြီးတွေ့တာပဲ၊ ကျုပ်က မောင်ရင့်ကို [illegible]ပ်ရဲ့ ခိုင်ခံ့သံမဏိကုမ္ပဏီကြီးမှာ လူထုဆက်ဆံရေးဌာနရဲ့ ဒုတိယဥက္ကဋ္ဌရာထူးကို [illegible]မယ်၊ တစ်နှစ်ကို ဒေါ်လာခြောက်သောင်းပေးမယ်၊ ကျုပ်ရဲ့ ခိုင်ခံ့သံမဏိကုမ္ပဏီကြီး [illegible] မောင်ရင်က သံမဏိလုပ်ငန်းရှင်များ အစည်းအရုံးမှာ တင်ပြခဲ့တဲ့ ပြည်သူ့လူထုကို [illegible]ဆုံးရေးကဏ္ဍအတွက် မောင်ရင့်လို အရည်အသွေးရှိတဲ့ လူတစ်ယောက် လိုအပ်နေလို့"

ကျွန်တော်သည် တုလားထိုင်ပေါ်မှ ပြုတ်မကျစေရန် ကိုယ့်ကိုယ်ကို အတော် [illegible]ထားရ၏။ ကျွန်တော်က-

"ဒါဆိုရင် သံမဏိလုပ်ငန်းရှင်များ အစည်းအရုံးအတွက် ကျွန်တော်လုပ်ပေး[illegible]မယ်ဆိုတဲ့ ကိစ္စကရော. . ."

အဘိုးကြီးသည် အသံထွက်အောင် ရယ်မောလိုက်၏။ ပြီးမှ-

"ဒီငနဲတွေလား၊ သူတို့ဘာသာသူတို့ ပူစရာရှိတာကို ပူစမ်းပါစေ"

ကျွန်တော်သည် တုံ့ကြိုဘာမှ ဆိတ်ဆိတ်ပဲ နေလိုက်၏၊ မစ္စတာဘရက်ဒီ [illegible] ပြောလိုက်သမျှမှာ ကျွန်တော်၏ယေထိပ်ကို တည့်တည့်မှန်သလို [illegible] ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် ဤသို့သောအခွင့်အရေးကို [illegible] သည်။ ယခုကဲ့သို့ တွေ့တွေ့ဆိုင်ဆိုင် အခွင့်အရေးရလိုက်သော[illegible] ဘာပြောရမှန်းမသိတော့။ မိမိကိုယ်ကိုလည်း မယုံကြည်နိုင်ဘဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မက်ဘရက်ဒီသည် ကျွန်တော်၏ ဆိတ်ဆိတ်နေခြင်းကို ဝန်ခံခြင်းဟု ယူဆ၍ သူမျက်နှာပေါ်မှ ထိမထင်သောအပြုံးနှင့် ဆက်၍ သူ့ရှေ့စားပွဲပေါ်မှ လက်နှိပ်စက်ရိုက် စာရွက်များကို တဖျောက်ဖျောက် ခေါက်ပြီး-

"မစ္စတာဂိုဝန်၊ ဟောဒီစာရွက်တွေကတော့ ညတွင်းချင်း ကျုပ်တတ်နိုင်သမျှ ရှာဖွေစုဆောင်းထားတဲ့ ခင်ဗျားရဲ့ ဘဝဖြစ်စဉ်လုပ်ရပ်တွေပဲ၊ ကျုပ်ဟာ ကျုပ်ရဲ့အလုပ်သမားတိုင်းရဲ့ ဘဝအဖြစ်အပျက်အားလုံးကို တတ်နိုင်သမျှသိထားဖို့ လိုတယ်လို့ ယူဆလို့ စုဆောင်း ခိုင်းရတာပဲ၊ အဲဒါတွေကို ကျုပ်ဖတ်ပြီး လေ့လာကြည့်လိုက်တဲ့ အခါမှာ ပြောစရာဆိုလို့ ခပ်သေးသေးအချက်ကလေး တစ်ခုပဲရှိတယ်"

ကျွန်တော်သည် မစ္စတာဘရက်ဒီအား ဘာတွေများ ပြောနေပါလိမ့်ဟု စောင့်ကြည့်လိုက်၏၊ ကျွန်တော့်ခေါင်းမှာ ယခုထိ မူးချာပတ်ချာလည်သလို ခံစားနေရဆဲဖြစ်သည်။

သူသည် သူ့ရှေ့စားပွဲပေါ်မှ စာရွက်များကို တစ်ချက်ပြန်ကြည့်လိုက်ပြီး-

"မင်းရဲ့ စီးပွားရေးလုပ်ရပ်တွေ အားလုံးဟာ အလွန်ကောင်းပါတယ်၊ အဲဒီမှာ ကျုပ် ဘာမှပြောစရာ မရှိလောက်အောင်ပဲ ကောင်းတယ်၊ မင်းရဲ့အိမ်ထောင်စုအကြောင်းတွေလဲ ကောင်းတာပဲ၊ ဒါပေမယ့် မင်းရဲ့ကိုယ်ရေးကိုယ်တာ အပြုအမူအချို့ကတော့ အဆောင်ရင်ကိုယ်တိုင်လဲ သတိထားဖို့ ကောင်းတယ်လို့ ယူဆပါတယ်"

ကျွန်တော့်ရင်ထဲတွင် အေးခနဲ ဖြစ်သွား၏။

ကျွန်တော်က-

"ဘာများပါလိမ့် မစ္စတာဘရက်ဒီ"

မစ္စတာဘရက်ဒီသည် ကျွန်တော့်ကိုကြည့်လိုက်ပြီး-

"မနေ့ညက ပစ်စဘတ်မြို့ကို ရောက်လာတော့ မင်းဟာ ဘရွတ်ကီဟိုတယ်မှာ တည်းတယ်၊ တည်းတဲ့နေရာမှာလဲ တစ်ယောက်တည်းမဟုတ်ဘူး၊ မောင်ရင့်ရဲ့ဇနီးမဟုတ်တဲ့ အမျိုးသမီးတစ်ယောက်နဲ့အတူ တည်းတယ် မစ္စတာဂိုဝန်၊ အဲဒီအပြုအမူမျိုးဟာ သင့်လျော်တဲ့ အပြုအမူမျိုး မဟုတ်ဘူး၊ ကျုပ်တို့ရဲ့ ခိုင်ခံ့သံမဏိကုမ္ပဏီကြီးရဲ့ အမှုထမ်းအရာထမ်းတွေ အကုန်လုံးဟာ အမြဲမပြတ် စောင့်ကြည့်အကဲခတ်ခြင်း ခံရမယ်၊ ခံရတယ်ဆိုတာကို အခုကတည်းက သိထားဖို့လိုတယ်"

ကျွန်တော့်ရင်ထဲမှာ ဒေါသမီးသည် ထောင်းကနဲ ထတောက်လာ၏။ သည်လူ နဲ့ကြီးသည် ကျွန်တော့်အကြောင်းများကို ဘယ်လောက်အချိန်ကြာကြာက စောင့်ကြည့်အကဲခတ်နေခဲ့ပါသနည်း။ ယခုကဲ့သို့ ပြောဆိုပြုမူနေပုံမှာ ကျွန်တော်နှင့် အယ်လိန်းတို့ အဆက်အသွယ်ပြတ်စေအောင် ဖြစ်တောက်နေခြင်းပေပဲလား။

ကျွန်တော်က အေးစက်စက်ဖြင့်-



"ဘယ်သူက စောင့်ကြည့်နေတာလဲ၊ နေမှာလဲဟင်၊ ဘယ်သူကများ ကျွန်တော့်... မှာ စိတ်ဝင်စားပြီး ကျွန်တော်ဘာလုပ်တယ်၊ ဘာကိုင်တယ်ဆိုတာကို စောင့်ကြည့်နေ...လဲ"

မစ္စတာဘရက်ဒီက ပကတိအေးဆေးစွာဖြင့်-

"ကျုပ်တို့ ပစ်စဘတ်မြို့မှာ သံမဏိလုပ်ငန်းနဲ့ ပတ်သက်သမျှ၊ လူမှန်သမျှ ...ကြည့်ခံရမှာပဲ မစ္စတာဂိုဝန်"

ကျွန်တော့်စိတ်များသည် လှုပ်ရှား၍သွား၏။ မစ္စတာဘရက်ဒီ စားပွဲပေါ်ရှိ ...နှိပ်စက်ဖြင့် ရိုက်ထားသော ကျွန်တော့်အကြောင်း စာရွက်များတွင် ဘာတွေများ ...ထားသည်ကို ကျွန်တော်သိရမှ ဖြစ်တော့မည်။

ကျွန်တော်က-

"ဒါဆိုယင် ခင်ဗျားရဲ့ သူလျှိုစပိုင်တွေက ကျွန်တော်နဲ့အတူ မနေ့ညက တည်း...အမျိုးသမီးရဲ့ နာမည်ကိုရော ရေးသားဖော်ပြပြီး ခင်ဗျားကို အစီရင်ခံတာပဲလား"

ဘရက်ဒီသည် ကျွန်တော့်ကို အေးစက်စွာပြန်ကြည့်၍-

"ကျုပ်ဟာ မင်းနဲ့အတူ ဘယ်သူအိပ်တယ်ဆိုတာကို စိတ်မဝင်စားပါဘူး ...လဲ မသိချင်ပါဘူး၊ ကျုပ်ပြောနေတာက ကျုပ်တို့ရဲ့ လုပ်ငန်းသဘောသဘာဝ၊ ထိန်း...သင့်တာကို ပြောနေတာပါ"

ကျွန်တော်သည် ထိုင်နေရာမှ ထ-,လိုက်၏။

"လူကြီးမင်းရဲ့ ကမ်းလှမ်းချက်ကို ကျွန်တော် လက်မခံနိုင်ဘူးလို့ ဆုံးဖြတ်လိုက်...

ဘရက်ဒီသည်လည်း ကျွန်တော့်နည်းတူ ထ,လိုက်၏။

"မရူးစမ်းပါနဲ့ကွာ၊ ဘယ်မိန်းမမှ ကိုယ့်ဘဝတက်လမ်းကို တားဆီးနိုင်အောင် ...နိုးမရှိပါဘူး"

ကျွန်တော်သည် တစ်ချက်ရယ်လိုက်မိ၏။ ကျွန်တော်နှင့် သူ့ယခုပြောနေ... မိန်းကလေးမှာ သူ၏တူမတော်ဖြစ်ကြောင်း သူကိုယ်တိုင်သိသွားပါက ဘယ်လို... ...ပါလိမ့်ဟု တွေးမိသွား၏။ ကျွန်တော်က-

"အဲဒါနဲ့ ဘာမှမပတ်သက်ပါဘူး မစ္စတာဘရက်ဒီ"

ကျွန်တော်သည် ထိုသို့အေးစက်စက် ပြောလိုက်ပြီးနောက် ရုံးခန်းတံခါး... ...သို့ ထွက်လျှောက်လာခဲ့ပြီး တံခါးကို ဖွင့်လိုက်၏။

သူ၏ရုံးခန်းအပြင်ဘက် ယူနီဖောင်းဝတ် တံခါးစောင့်သည် ... ...ည်နှင့် အသင့်မတ်တတ်ရပ်ကာ ကျွန်တော့်ကို မော့ကြည့်၏။

ကျွန်တော်သည် ရုံးခန်းထဲသို့ ပြန်လှည့်ကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



စားပွဲနောက်တွင် မတ်တတ်ရပ်နေသော ခပ်ညှက်ညှက်အဘိုးကြီးအား ကြည့်ယင်း

"ဒီတစ်ချီတော့ ခင်ဗျားရဲ့ ယူနီဖောင်းဝတ် ရဲအလုပ်တွေဟာ နည်းနည်းမျာ သွားပြီ ထင်ပါတယ် မစ္စတာဘရက်ဒီ၊ အခြေအနေမပေးတော့တဲ့ အခါမှာ ဂတ်စတာ စစ်ပုလိပ်တွေလဲ ဟစ်တလာကို မကျဆုံးအောင် မကူညီနိုင်ခဲ့ပါဘူး"

ကျွန်တော်သည် အပြင်ဘက်သို့ ထွက်လာခဲ့လေ၏။

□□□

## အခန်း (၁၁)

ကျွန်တော် လမ်းမပေါ်ရောက်လာသောအခါ နေသည် အတော်ပူနေပြီဖြစ် ...ဆာက်ပသောနေရောင်သည် စူးရှလွန်း၍ ကျွန်တော့်မျက်စိများသည် ကျိန်းစပ်လာ ... မလှမ်းမကမ်း လမ်းဘေးတစ်နေရာတွင် အော်စကာဘားကို တွေ့ရ၏။ ဘားဆိုင် ...လေးမှာ အေးဆေးပုံရပြီး အတွင်းပြင်ဆင်ထားပုံမှာလည်း အတော်ကောင်းမွန်သည် ... ကျွန်တော့်စိတ်ထဲမှာ ထင်မိ၏။ ကျွန်တော်သည် ဘားဆိုင်၏တွန်းတံခါးကို တွန်း၍ ...ထဲသို့ ဝင်လိုက်လေ၏။

ဆိုင်ကလေးမှာ အစားအသောက် ရောင်းချသော ဆိုင်ကလေးဖြစ်ပြီး အရက် ... ယမကာများပါရရှိနိုင်သည့် ပူးတွဲရောင်းချသည့်ဆိုင်မျိုး ဖြစ်ပေသည်။ ကျွန်တော် ...သည် ဘားကောင်တာရှည်ရှိရာသို့ တန်းသွားလိုက်ပြီး ကောင်တာရှေ့မှာ ချထားသော ...ခုံမြင့်တစ်လုံးပေါ်သို့ တက်ထိုင်လိုက်၏။

ဆိုင်တစ်ဆိုင်လုံးမှာ ခိုင်ခံ့သံမဏိအလုပ်သမားများဖြင့် ပြည့်လျှက်ရှိနေသည်... ...ကိစ္စသည်လည်း ထူးထူးခြားခြား ကျွန်တော်ခွဲခြား၍ စစ်ဆေးနေစရာ မလိုသော ... ...တော်များများ၏ ဝတ်စားပုံများနှင့် သူတို့၏ရင်ဘတ်တွင် ချိတ်ဆွဲထားသည့် ခိုင်... ...ကိစက်ရုံတံဆိပ်များကို အတိုင်းသား မြင်နေရသောကြောင့်ပင် ဖြစ်ပါ၏။ သို့... ...ညနေရာ ဤဆိုင်ကား ရုံးဝန်ထမ်း ကော်လာဖြူအလုပ်သမားတို့ ...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံရသည်။ စက်ရုံအလုပ်သမားတို့ သွားနေကျဆိုင်ကား အောက်ဘက်တွင် သီးသန့် ဦးမည် ဖြစ်၏။

ကောင်တာနောက်မှ အရက်ရောင်းသမားက ကျွန်တော့်ရှေ့သို့လာရပ်၏ ကျွန်တော်က-

"ဘလက်လေဘယ်လ် နှစ်ပက် ရေခဲနဲ့ပေးပါ၊ သံပုရာသီး တစ်စိတ်လော ညှစ်ပြီးထည့်ပါ"

ဘားဆရာသည် ဖန်ခွက်ထဲသို့ ရေခဲသုံးတုံးထည့်၍ ဖန်ခွက်ကို ကျွန်တော့်ရှေ့ သို့ ပထမချသည်။ နောက်ဘက်မှ ဘလက်လေဘယ်လ် ဝီစကီတစ်လုံးကို ဆွဲယူလာ၍ ဖန်ခွက်ထဲသို့ သုံးပုံနှစ်ပုံခန့်ပြည့်အောင် လောင်းထည့်သည်။ နောက် အသင့်လှီးပြီးသား သံပုရာသီးတစ်ခြမ်းကိုယူ၍ ဖန်ခွက်ထဲသို့ အရည်ညှစ်ထည့်လိုက်ပြီးမှ သံပုရာသီးခြမ်း အထဲသို့ထည့်လိုက်၏။ ပြီးမှ-

"တစ်ဒေါ်လာခွဲ ကျတယ်"

ဤအရပ်၌ အရက်သည်ပဲ ပေါလေသလား၊ သို့မဟုတ် ဘားဆရာက အရက် ထည့်ရာမှာ လောဘကြီးလေသလား မသိ။ အရက်မှာ နှစ်ပက်မက များနေသည်ကား သိသာလှပေသည်။ ကျွန်တော်သည် ကောင်တာပေါ်သို့ ငါးဒေါ်လာတန်တစ်ရွက်ကို ချလိုက်ပြီး ဖန်ခွက်ကို ကောက်ကိုင်လိုက်၏။

"ယူထားကွာ"

ကျွန်တော့်စိတ်ထဲတွင်ကား တွေးတောစဉ်းစားဖို့ အချိန်လိုအပ်နေ၏။

မစ္စတာဘရက်ဒီ၏ စားပွဲရှေ့မှ စာရွက်များသည် ကျွန်တော့်စိတ်ကို အနှောင့် အယှက် ပေးနေ၏။ ထိုအစီရင်ခံစာကို မည်သူ ရေးသားတင်ပြသည်ဖြစ်စေ ထိုပုဂ္ဂိုလ် သည် အယ်လိန်း ကျွန်တော်နှင့်အတူရှိကြောင်း၊ တည်းကြောင်းကို သိမည်ဖြစ်၏။ ထိုအချက်ကား မကောင်းသောအချက် ဖြစ်ပေသည်။ မက်ဘရက်ဒီသည် ကျွန်တော်၏ စကားများကို လျစ်လျူရှုမည်ဖြစ်သည်။ သို့သော် အယ်လိန်း ကျွန်တော်နှင့်အတူပါလာ ကြောင်း၊ အတူအိပ်ကြကြောင်းကို သိလျှင်ကား ကျွန်တော့်အပေါ်၌ ခွင့်လွှတ်မည်မဟုတ် ပေ။ ကျွန်တော်သည် သူ့ထံသို့ ထိုအစီရင်ခံစာကို မည်သူက ပေးပို့သည်ကို သိလိုလှ သည်။

ကျွန်တော့်စိတ်ထဲတွင် ဟိုတယ်အခန်းမှ အယ်လိန်း ကျွန်တော့်ကို စောင့်နေ မည်ဖြစ်ကြောင်း တွေးမိသွားပြန်၏။ တစ်ဆက်တည်း မက်ဘရက်ဒီထံသို့ မထွက်လာ ကျွန်တော်တို့နှစ်ဦး နံနက်စာအတူစားကြစဉ်က အကြောင်းများကိုလည်း ပြန်၍သတိရ လာ၏။ နံနက်စာစားကြစဉ်က ကျွန်တော့်စိတ်များ ဂနာမငြိမ်နိုင်ဘဲ ဖြစ်နေ၏။

ကျွန်တော့်ရင်ထဲမှ ဖြစ်ပျက်နေပုံတို့ကို ကောင်းစွာသိနေပုံရသည့် အယ်လိန်းက-



"စိတ်အေးအေးထားစမ်းပါ ရှင်ရယ်၊ အန်ကယ်မက်ဟာ ဘီလူးသရဲကြီး ... တ်ပါဘူး၊ ရှင့်ကိုလဲ ကိုက်မစားပါဘူး၊ ရှင့်ကိုတွေ့ချင်တာက ရှင်တင်ပြထားတဲ့ ...က်ကလေးကိုတွေ့ပြီး ဆွေးနွေးဖို့ခေါ်တာ ဖြစ်မှာပါ"

စိတ်လှုပ်ရှားနေသည့်အကြားမှ ကျွန်တော်သည် ကျွန်တော့်ဘာသာ ပြုံး ...ပါ၏။ မက်ဘရက်ဒီအတွက်မူ ဤကိစ္စသည် သာမန်အလုပ်ကလေးတစ်ခု ဖြစ် ...င်းဖြစ်နိုင်ပါသည်။ ကျွန်တော့်အတွက်မူ ဤအလုပ်သည် အင်မတန်ကြီးမားသော ...လုပ်ကြီးတစ်ခု မဟုတ်ပါလား။ ထို့ကြောင့်လည်း ကျွန်တော် စိတ်လှုပ်ရှားနေခဲ့မိခြင်း ...ပါ၏။

ကျွန်တော်သည် အတွေးကို လက်စသတ်ပြီး ဖန်ခွက်ထဲမှ အရက်ကို နောက် ...ခံ၍ မော့သောက်လိုက်ပြန်၏။ သည်တစ်ကြိမ်၌မူ ရေသာသာ,သာဖြစ်နေကြောင်း သိ ...လိုက်ရ၏။ ကျွန်တော်သည် ဘားကောင်တာသမားအား လက်ဟန်ခြေဟန်ဖြင့် နောက် ...ထပ်ထည့်ပါဦးဟု ပြလိုက်၏။

ပထမအရက်ခွက်ကို ကျွန်တော်သည် ဘယ်လိုမျိုးချပစ်လိုက်သည်ကို ကျွန်တော် ...ကိုယ်တိုင် မသိတော့။ လက်မှနာရီကို ကြည့်လိုက်ရာ နေ့ခင်းနှစ်နာရီထိုးနေပြီဖြစ်ကြောင်း ...ရ၏။ ကျွန်တော့်စိတ်ထဲတွင် ဟိုတယ်သို့ပြန်ပြီး ကြုံတွေ့ဖြစ်ပျက်ခဲ့သမျှ အယ်လိန်း ...ကို ပြန်ပြောရမည့်အရေး ရင်လေးနေမိ၏။

ဤသို့ဖြင့် ကောင်တာမှထည့်ပေးသော ဒုတိယအရက်ခွက်ကို ကျွန်တော် ...က်နေစဉ် ကောင်တာနောက် မှန်ရိပ်ထဲမှ အမျိုးသမီးတစ်ဦး ကျွန်တော့်ကို ပြုံးပြ ...သည်ဟု မှတ်ထင်သွား၏။ မှန်ထဲကို သေချာပြန်ကြည့်လိုက်၏။ ဟုတ်သည်။ ...ရိပ်ထဲမှမြင်ရသော အမျိုးသမီးသည် ကျွန်တော့်ကို ပြုံးပြနေသည်။

ကျွန်တော်သည် ထိုင်နေရာမှ နောက်ပြန်လှည့်လိုက်ပြီး အမျိုးသမီးကို ပြုံးပြ ...လိုက်၏။ အမျိုးသမီးက ထပ်မံပြုံးပြသဖြင့် ကျွန်တော်သည် သောက်လက်စ,ဖန်ခွက်ကို ...က်ယူခဲ့ပြီး အမျိုးသမီးထိုင်နေရာ စားပွဲသို့ လျှောက်လာခဲ့၏။ အမျိုးသမီးလေးကား ...စောက ကျွန်တော်တွေ့ဆုံခဲ့ရသော မစ္စတာဘရက်ဒီ၏ အတွင်းရေးမှူးမ ချောချော ...လေးပင် ဖြစ်ပါ၏။ ထိုအချိန်မှာ ကျွန်တော်သည် နည်းနည်းတွေစပြုနေပြီ ဖြစ်သည်။ ကျွန်တော်သည် စားပွဲဘေးမှာရပ်ယင်း ခါးသက်သက် အပြုံးတစ်ချက် ပြုံးလိုက်ပြီး-

"ဘယ်လိုလဲ၊ အဘိုးကြီးက မင်းကို အပြင်တွေဘာတွေထွက်ပြီး နေ့လယ်စာ ...ခွင့်ပေးသလား၊ အလုပ်သမားဌာနက အရေးယူနေဦးမယ်လေ"

အမျိုးသမီးသည် ကျွန်တော်၏သရော်မှုကို ဂရုမစိုက်ဘဲ-

"မစ္စတာဘရက်ဒီဟာ နေ့ခင်းတစ်နာရီခွဲယင် အမြဲ ရုံးကပြန်သွားတယ် ... ...မှ ပြန်မလာတတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဖိတ်ခေါ်မှုတစ်ခုကို မသိဘဲနေလောက်အောင် ညံ့လှသူ လူတစ်ဦးမဟုတ်ပါ။ သို့ဖြင့် အမျိုးသမီးစားပွဲ၏ ကုလားထိုင်အလွတ်မှာ ဝင်ထိုင်လို ပြီး-

"ဒါဆိုလဲ ကောင်းတာပေါ့ကွာ၊ ကျုပ်ကလဲ အရက်ကို တစ်ယောက်တည်း သောက်ရတာ သိပ်မုန်းတာပဲ၊ မင်းလို အဖော်ကလေးရှိတော့ ကောင်းတာပေါ့"

အမျိုးသမီးက ပြုံး၍-

"မစ္စတာဘရက်ဒီက ရှုံးကမပြန်ခင် ရှင်တည်းတဲ့ဟိုတယ်ကို ဖုန်းဆက် မှာလိုက်သေးတယ်ရှင့်"

ကျွန်တော်က တိုက်ပွဲဝင်နေသူဟန်ပန်နှင့်-

"မှာနေစရာ မလိုပါဘူးလို့ ပြောလိုက်ပါကွာ၊ ကျုပ် သူနဲ့ ဘာမှပတ်သက်စ အကြောင်းမရှိပါဘူး"

မိန်းကလေးသည် ကျွန်တော့်လက်သီးချက်ကို ကာသလို လက်ကလေးမြှ ကာလိုက်ပြီး-

"ကျွန်မကို ဒေါသမဖြစ်ပါနဲ့ မစ္စတာဂိုဝန်၊ ကျွန်မက အလုပ်သမားပါ"

မိန်းကလေးသည် မှန်ပေသားပဲ၊ ရှုံးကြောင်ကြောင် ဖြစ်နေသူက ကျွန်တော် ပင်၊ သို့နှင့် ကျွန်တော်က-

"ကျုပ် တောင်းပန်ပါတယ် မစ္စ. . . အဲ. . . မစ္စ. . . ဘယ်သူ. . ."

မိန်းကလေးက-

"ဝဲလ်လေ့စ်. . . ဆန်ဒရာဝဲလ်လေ့စ်ပါ"

ကျွန်တော်က ယခုမှ-

"တောင်းပန်ပါတယ် မစ္စဝဲလ်လေ့စ်၊ ကျွန်တော် ခင်ဗျားကို တစ်ခုခုတိုက်ပါ စေ"

ပြောပြောဆိုဆို စားပွဲထိုးတစ်ဦးကို လှမ်းခေါ်လိုက်ပြီး ဘာသောက်မှာလဲ သော အကြည့်ဖြင့် မိန်းကလေးကို ကြည့်လိုက်၏။

စားပွဲထိုးအနားသို့ ရောက်လာသောအခါ မိန်းကလေးက-

"မာတီနီတစ်ခွက် သောက်ပါမယ်"

စားပွဲထိုးသည် မိန်းကလေး၏စကားကို ကြားသည်နှင့် မှာကြားသည်ကိုယူ ထွက်သွားလေ၏။

မိန်းကလေးသည် ကျွန်တော့်ကိုကြည့်၍-

"မစ္စတာဘရက်ဒီက ရှင့်ကို သဘောကျနေတယ်"

ကျွန်တော်က ပြန်၍-



"ဟုတ်လား၊ ကောင်းတာပေါ့၊ ကျုပ်ကတော့ သူ့ကို သဘောမကျဘူး"

မိန်းကလေးက-

"မစ္စတာဘရက်ဒီက သူ့အတွက် ရှင် အလုပ်လုပ်ပေးစေချင်နေတာ၊ ရှင်တလဲ ...လက်ခံမှာပဲလို့ သူက သေသေချာချာ ယုံကြည်နေတာ၊ သူ့ရဲ့ ဥပဒေရေးရာဌာန ...ောင် ရှင်နဲ့ချုပ်ဖို့ စာချုပ်ရေးခိုင်းနေပြီ"

ကျွန်တော်က မကျေမနပ်နှင့်-

"ဒီလူကြီးဟာ သူ့အတွက် စပိုင်လုပ်ပေးတဲ့ လူတွေနဲ့ကော အလုပ်စာချုပ် ...ထားဘူးလား"

ထိုစဉ် စားပွဲထိုးလေးသည် မိန်းကလေးအတွက် မှာလိုက်သော မာတီနီတစ် ...ကို အမျိုးသမီးရှေ့မှာချထားပြီး ပြန်ထွက်သွား၏။ ကျွန်တော်သည် ကျွန်တော်၏ ...က်ကို ကောက်ကိုင်မြှောက်ပြလိုက်ပြီး-

"ဒီလူကြီးဆီက ကျုပ်လုပ်နိုင်တဲ့ အလုပ်ကတော့ အခုလောလောလတ်လတ် ...နဲ့ အလှကို ကြည့်တဲ့အလုပ်ပဲ ဖြစ်နိုင်တယ်"

မိန်းကလေးသည် အသံထွက်၍ ရယ်လိုက်၏။

"ရှင်တော့ ရူးနေပြီထင်တယ်"

ကျွန်တော်က-

"မှန်ပါ့ဗျာ၊ ရူးနေတာမှ သွက်သွက်ကို လည်နေတာပဲ၊ ဒါပေမယ့် အဲဒီအတွက် ... အဘိုးကြီးက ကျုပ်ကို တစ်ပြားမှပေးစရာ မလိုပါဘူး"

မိန်းကလေးက-

"ကျွန်မရဲ့အလှကို ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာဂိုဝန်"

မိန်းကလေးသည် သူ၏ဖန်ခွက်ကို တစ်ချက်မြှောက်လိုက်ပြီးမှ နှုတ်ခမ်းဝတို့ ...ိုက်၏။

ကျွန်တော်က ပြုံး၍-

"ကျုပ်ကို ဘရက်ဒ်လို့ပဲ ခေါ်ပါဗျာ၊ တစ်ယောက်ယောက်က ကျုပ်ကို မစ္စတာ ...န်လို့ခေါ်တိုင်း ကျုပ်က အမြဲနောက်ကို လှည့်လှည့်ကြည့်နေမိတယ်၊ ကျုပ်နောက်မှာ ...င်အဖေများ ရောက်နေသလား၊ သူတို့က ကျုပ်အဖေကိုများ လှမ်းပြီး စကားပြော ...သလားလို့"

အမျိုးသမီးက ပြုံး၍-

"အိုကေလေ၊ ဒါဆိုလဲ ဘရက်ဒ်ပေါ့ရှင်၊ ဒါပေမယ့် ရှင်လဲ ... ...ပါ၊ မစ္စတာဘရက်ဒီရဲ့ အလိုကျအတိုင်း လုပ်မှာပါပဲ"

ကျွန်တော်က ရှင်းပြသည့်အနေဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သူ့ရုံးခန်းထဲကအထွက်မှာ ကျုပ်ပြောခဲ့တဲ့စကားကို မင်းလဲကြားမှာပေါ့၊ ကျုပ် သူပေးတဲ့အလုပ်ကို လက်မခံပါဘူး"

မိန်းကလေး၏မျက်နှာတွင် ထူးခြားသော မျက်နှာပေးတစ်ခု ပေါ်လာ၏။ မိန်းကလေး၏ မျက်နှာထားမှာ သည်လိုစကားမျိုး ကြားဖူးပေါင်းများလှပြီ ဖြစ်ဟန်တူ၏။ မိန်းကလေးက တည်ငြိမ်စွာဖြင့်-

"သူတို့ကတော့ ရှင့်ကို ရအောင်ယူမှာပဲ ဘရက်ဒ်၊ ရှင် မစ္စတာဘရက်ဒီအကြောင်း မသိသေးဘူးနဲ့တူတယ်၊ မစ္စတာဘရက်ဒီဟာ သူလိုချင်တာမှန်သမျှ အမြဲအောင်ယူတဲ့ လူစားမျိုးပဲ"

ကျွန်တော်၏ ရီဝေဝေဖြစ်နေသော ခေါင်းထဲတွင် နားလည်မှုတစ်ခုသည် ဖြတ်ခနဲ ဝင်လာ၏။ ကျွန်တော်က-

"မင်း သူ့ကို သဘောမကျဘူးထင်တယ်"

မိန်းကလေးသည် လေသံတိုးသွားပြီး တိုးတိုးလေသံမျှလောက်ဖြင့်-

"ကျွန်မ သူ့ကိုမုန်းတယ်ရှင့်"

ကျွန်တော့်ခေါင်းသည် ရုတ်တရက် ကြည်လင်၍ သွားလေသည်။

ကျွန်တော်က-

"ဒါဖြင့်လဲ ဘာဖြစ်လို့ သူ့ဆီမှာ လုပ်နေရသေးတာလဲဟင်၊ သူ့ဆီမှာ မလုပ်နဲ့ပေါ့၊ တခြားလုပ်စရာအလုပ်တွေမှ တပုံကြီးပဲ"

မိန်းကလေးက အဝေးသို့လှမ်းကြည့်ယင်း-

"ကျွန်မအသက် ဆယ့်တစ်နှစ်အရွယ်လောက်ကပဲ ကျွန်မအဖေဟာ သံမဏိစက်ရုံ အရည်ကျိုစက်ထဲမှာ ဆုံးပါးသွားခဲ့ပါတယ်၊ အဲဒီအရွယ်ကတည်းကပဲ ကျွန်မဟာ မစ္စတာဘရက်ဒီရဲ့ အတွင်းရေးမှူးဖြစ်လာရမယ်ဆိုတာကို ကျွန်မ သိပြီးသားပါ"

ကျွန်တော်သည် စိတ်ဝင်စားသွား၏။ သို့နှင့်-

"ဘာကြောင့်၊ ဘယ်လို. . ."

မိန်းကလေးက-

"ကျွန်မဖေဖေဆုံးတော့ မေမေဟာ ကျွန်မကိုဆွဲပြီး မစ္စတာဘရက်ဒီရဲ့ ရုံးခန်းထဲ ကို ခေါ်သွားခဲ့ပါတယ်၊ ကျွန်မလဲ ဆယ့်တစ်နှစ်သာဆိုတယ် လူကောင်က အတော်ကြီးနေပါပြီ၊ အဲဒီတုန်းက မစ္စတာဘရက်ဒီဟာ သူ့အလုပ်စားပွဲကထပြီး ကျွန်မလက်ကိုလာကိုင်တယ်၊ ပြီးတော့ ကျွန်မအမေကို စကားပြောတယ်လေ၊ ကျွန်မလက်ကိုကိုင်လိုက်တဲ့ သူ့လက်ကြီးဟာ ရေခဲတုံးလိုပဲ အေးစက်နေတာပဲဆိုတာ ကျွန်မ ခုထိ မှတ်မိနေသေးတယ်"



ကျွန်တော်က-

"မင်းအမေကို သူက ဘာတွေပြောသလဲ"

မိန်းကလေးက-

"မစ္စတာဘရက်ဒီက ပြောတယ်လေ၊ ဘာမှမပူပါနဲ့တဲ့၊ မင်းတို့သားအမိ ဖူဖူလုံလုံနဲ့ မပူမပင် စားသောက်နိုင်အောင် သူကူညီပါ့မယ်တဲ့၊ ဟောဒီက အလက်ဇန္ဒြယားကြီးလာတော့လဲ ကျုပ်ဆီမှာလာပြီး အလုပ်လုပ်နိုင်တာပေါ့၊ ကျုပ်ရဲ့ အတွင်းရေးမှူးကောင်ဖြစ်ချင်ဖြစ်နိုင်တာပဲလို့ ပြောတယ်လေ"

မိန်းကလေးသည် သူ့ဘာသာပြောနေသည့်အလား ဆက်၍-

"မစ္စတာဘရက်ဒီဟာ သူပြောတဲ့စကားကို မမေ့ဘူးရှင့်၊ မကြာခဏဆိုသလိုပဲ ကျွန်မအမေဆီကို ဖုန်းဆက်တယ်၊ ကျွန်မ နေသင့်တဲ့ကျောင်း နေရဲ့လား ယူသင့်တဲ့ဘာသာကို ယူရဲ့လား၊ ကျောင်းစာတွေမှာ လိုက်နိုင်ရဲ့လား တော်ရဲ့လားဆိုတာတွေကို အမြဲစုံစမ်းစောင့်ကြည့်တယ်"

မိန်းကလေးသည် သူမ၏ မာတီနီခွက်ကိုယူ၍ ငေးစိုက်ကြည့်နေပြန်၏။ ပြီး

"ခုနေ ကျွန်မ သူ့ဆီကထွက်သွားယင်လဲ ကျွန်မကို သူက ဘယ်တခြားအလုပ်မှ လုပ်ရစေမှာ မဟုတ်ဘူး"

ကျွန်တော် မနေနိုင်တော့ဘဲ-

"ဒီမြို့ကနေပြီး ထွက်သွားယင်ကောကွာ"

မိန်းကလေးသည် တစ်ချက်ပြုံးလိုက်၏။ သူမ၏အပြုံးမှာ ခါးသက်သက်နိုင်လှ၏။ သူမက-

"အဲဒီလို ကျွန်မ တစ်ခါကြိုးစားဖူးပါတယ်၊ တခြားမြို့ရောက်တဲ့ ကျွန်မ နေနိုင်လုပ်ကိုင်နေတာတွေကို သူက တစ်မျိုးတစ်ဖုံ နှောင့်ယှက်တယ်လေ၊ ကျွန်မ အလုပ်အကိုင်မပြေဖြစ်လာတော့မှ သူက ကျွန်မကို သူ့ဆီမှာအလုပ်ပြန်လုပ်ဖို့ သဘောထားကြီးကြီးနဲ့ ပြန်ခန့်တယ်"

ကျွန်တော်သည် ကျွန်တော်၏ခွက်ထဲမှ အရက်တစ်ငုံ စုပ်သောက်လိုက်၏။ အရက်များမှာ ပါးစပ်ထဲတွင် ခါးသက်သက်ကြီး ဖြစ်နေ၏။ ကျွန်တော်သည် ဖန်ခွက်ကို ပြန်ချထားလိုက်၏။ သည်နေ့ နေလယ်အတွက် ကျွန်တော် အရက်ဆက်သောက်၍ ကောင်းတော့မည်မဟုတ်။ ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မိန်းကလေးကိုကြည့်ကာ တဲ့တိုးပင် မေးချလိုက်၏။

"ဒါဆို အဘိုးကြီးက မင်းကို အပျော်ယူလုပ်ထားတာပေါ့"

မိန်းကလေးသည် ရှိုးသားစွာပင် ခေါင်းခါပြ၏။

www.burmeseclassic.com



"မဟုတ်ဘူးရှင့်၊ ဒီမှာရှိတဲ့ လူတော်တော်များများကလဲ ကျွန်မကို ရှင် ခုပြော သလိုပဲ ထင်ကြတာပဲ၊ ဒါပေမယ့် အဘိုးကြီးက ကျွန်မကို အလုပ်ကိစ္စကလွဲပြီး တခြား စကား တစ်ခွန်းမှတောင် မပြောဘူး၊ ကိုယ်ထိလက်ရောက် အပြုအမူဆိုတာ ဝေးရော"

မိန်းကလေးသည် ကျွန်တော့်မျက်နှာကို စူးစိုက်၍ကြည့်သည်။ သူမမျက်လုံး များတွင် ထိုကိစ္စအတွက် အဖြေရအောင် စဉ်းစားပေးပါလား၊ ရှင်းပြပေးပါလား တောင်းဆိုနေသလို ဖြစ်နေ၏။ ပြီးမှ ဆက်၍-

"ကျွန်မကိုယ်တိုင်လဲ ဘယ်လိုမှ စဉ်းစားမရဘူး"

ကျွန်တော်သည် ပြောချင်သည့်စကားကို မပြောမီ မိန်းကလေးအား တစ်မိနစ် ခန့် စိုက်ကြည့်လိုက်၏။ ပြီးမှ-

"မင်းကိုရော သူက အမြဲစောင့်ကြည့် အကဲခတ်နေတာပဲလား"

မိန်းကလေးသည် ခပ်တွေတွေဖြစ်သွားပြီး-

"အဲဒါတော့ ကျွန်မလဲ မပြောတတ်ဘူး၊ တစ်ခါတလေတော့ ကျွန်မကို သူ အမြဲတမ်း စောင့်ကြည့်ခိုင်းထားတယ်လို့ ထင်တယ်၊ တစ်ခါတလေတော့လဲ မထင်မိဘူး တစ်ခုတော့ရှိတယ်လေ၊ မစ္စတာဘရက်ဒီဟာ ဘယ်သူ့ကိုမှ ယုံကြည်တတ်တဲ့ လူစားမျိုး တော့ မဟုတ်ဘူး"

ကျွန်တော့်စိတ်ထဲတွင် ဤမိန်းကလေးကို ယုံကြည်စိတ်ချနိုင်သည်ဟု ခံစား မှုမျိုး ဖြစ်ပေါ်လာ၏။ ကျွန်တော်က-

"ကျုပ်အကြောင်း စုံစမ်းတင်ပြထားတဲ့ အစီရင်ခံစာကို မင်းဖတ်လိုက်ရလား"

မိန်းကလေးသည် ခေါင်းခါပြ၏။

"မဖတ်ရဘူးရှင့်၊ အဲဒီစာက ပုဂ္ဂလိကရေး စုံစမ်းစစ်ဆေးရေးဌာနက ပို့လာတာ လာကတည်းက စာအိတ်ကို ချိတ်ပိတ်ပြီး လာပို့တာ၊ ကျွန်မလဲ ချိတ်ပိတ်ထားတဲ့အတိုင်း သူ့ဆီကို ကိုယ်တိုင်သွားပို့ပေးခဲ့တာပါ"

ကျွန်တော်က-

"အဲဒီစာမူရဲ့ ကော်ပီတစ်ခုခုများ ကျုပ် ရဖို့နည်းလမ်း မရှိဘူးလား"

မိန်းကလေးသည် စဉ်းစား၍ပင်မနေဘဲ-

"ကော်ပီက တစ်ခုတည်းရှိတာ၊ သူ့စားပွဲပေါ်ကဟာပဲ"

ကျွန်တော်သည် အရေးတကြီးလေသံဖြင့်-

"ကျုပ် အဲဒီအစီရင်ခံစာကို ကြည့်လို့မရနိုင်ဘူးလားဟင်၊ ကျုပ်အတွက် အဲဒါ ကို ကြည့်ရမှကိုဖြစ်မယ်၊ အဲဒီအထဲမှာ ကျုပ်အတွက် အကြီးအကျယ် ဒုက္ခရောက်နိုင်တဲ့ အကြောင်းအရာ တစ်စုံတစ်ခု ပါချင်ပါနေနိုင်တယ်"

မိန်းကလေးက သက်ပြင်းချလိုက်ပြီး-



"ကြည့်ရလို့လဲ ဘာမှမထူးနိုင်ပါဘူးရှင်၊ အဲဒီ အစီရင်ခံစာထဲမှာ တစ်ခုခုပါနေ ရင် ဘယ်ဆိုယင်လဲ အဘိုးကြီးက ဘယ်တော့မှ မေ့တဲ့လူစားမျိုး မဟုတ်ဘူး"

ကျွန်တော်က လျင်လျင်မြန်မြန်ပင်-

"ဒါပေမယ့် သူ ဘာသိထားတယ်ဆိုတာကို ကျုပ်သိထားရတော့ ကျုပ်အတွက် အခွင့်အရေးရှိတာပေါ့"

မိန်းကလေးသည်စကားမပြောတော့။ မိန်းကလေး၏ အမူအရာကိုမြင်ရသည် နှင့် ယခုလောက်အထိ ပြုမူပြောဆိုမိသည့်အတွက် ထိတ်လန့်တုန်လှုပ်နေပုံရ၏။ တကယ် ဆိုလျှင် မိန်းကလေးဘက်မှ မှန်ကန်ပေသည်။ ကျွန်တော်သည် ဘယ်သူဘယ်ဝါဆို သည်ကို ဤမိန်းကလေး သိသည်မဟုတ်။ တွေ့ဆုံဖူးသည်ကပင် တစ်ရက်မပြည့်သေး။ နောက်ဆုံး ကျွန်တော်ကိုယ်တိုင်ပင် မက်ဘရက်ဒီ၏ စပိုင်တစ်ဦး ဖြစ်နိုင်ကောင်း ဖြစ်နိုင် သည်ဟု တွေးမိမည်သာဖြစ်၏။

သို့သော် ကျွန်တော့်အခြေအနေကား ရေနစ်သူတစ်ဦး ဖြစ်နေပြီဖြစ်၏။ မိရာ ကောက်ရိုးပင်ကို ဆွဲရတော့မည့် အနေအထားဖြစ်နေ၏။ ကျွန်တော်က-

"တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကျေးဇူးပြုကြတာပေါ့ကွာ၊ မင်း က ကျုပ်ကို ကူညီယင် ကျုပ်ကလဲ မင်းကို ပြန်ကူညီမယ်၊ မင်းက ကျုပ်ကို ကျုပ်အကြောင်း ရေးထားတဲ့ အဲဒီအစီရင်ခံစာကို ကြည့်လို့ရနိုင်အောင် စီစဉ်ပေး၊ ကျုပ်ကလဲ မင်းကို မက်ဘရက်ဒီရဲ့ လက်အောက်က လွတ်မြောက်နိုင်အောင် ကူညီပေးမယ်၊ မင်းကို မက် ဘရက်ဒီက ဘယ်လိုမှ ပြန်ရှာလို့မရနိုင်စေရဘူးကွာ"

မိန်းကလေးသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်၏။ ထိုအခါမှ ရုံးခန်းထဲသို့ ရောက်ခဲ့စဉ်က ကျွန်တော့်မျက်လုံးများသည် မိန်းကလေးကို တတ်ကနဲ ဘာကြောင့် ဆွဲ၍မြင်သွားရသနည်းဆိုခြင်းကို သတိထားမိသွား၏။ မိန်းကလေး၏ ရင်သားအစုံမှာ ပြည့်ဖြိုးကျစ်လျစ်လှပေ၏။ မိန်းကလေးက ယခုကဲ့သို့ သက်ပြင်းတစ်ချက် လေးပင်ရှူ ချ လိုက်သောအခါ မိန်းကလေး၏ ရင်အစုံသည် လှုပ်ခါသွား၏။ ကျွန်တော်၏မျက်လုံး သည် ထိုနေရာကို မကြည့်ဘဲမနေနိုင်အောင် ဖြစ်သွား၏။

မိန်းကလေး၏နှုတ်ခမ်းတွင် ထူးခြားသော အပြုံးတစ်ချက် ပေါ်လာပြီး-

"ကျွန်မ အဲဒီထဲမှာ ဘာမှဝှက်မထားပါဘူးရှင့်"

ကျွန်တော်၏မျက်စိများကို မိန်းကလေး၏ မျက်နှာရှိရာသို့ ပင့်တင်လိုက်ပြီး-

"မင်းရဲ့အလှကလဲ ထူးထူးခြားခြားပဲကိုးကွ၊ ဒါပေမယ့်လဲ တစ်နေ့ကျတော့ ကျုပ်က နယ်ကျူးဖြစ်သွားယင် အလုပ်လုပ်ကြတဲ့နေရာမှာ အဆင်မပြေဖြစ်ကုန် သွားမှာပေါ့"

မိန်းကလေး၏ပါးပြင်သည် ပန်းနုရောင် ပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မိန်းကလေးက-

"အဲဒီလိုမဖြစ်နိုင်ဘူးလို့ ဘယ်သူက ပြောသလဲရှင့်"

မိန်းကလေးသည် ထိုစကားကို ခပ်အက်အက် ခပ်ဩဩအာလုပ်သံနှင့် ပြော လိုက်ခြင်းဖြစ်ပါ၏။

□□□

## အခန်း (၁၂)

ကျွန်တော်တို့နှစ်ယောက်သားသည် သံမဏိဝင်းတံခါးကြီးကို ဖြတ်ကျော်၍ အတွင်းသို့ ဝင်ခဲ့ကြ၏။ ရုံးဘက်သို့ ရောက်သောအခါ ကျွန်တော်သည် ရုံးတံခါးကြီးရှိရာ သို့ သွားမည်အပြု မိန်းလေးက ကျွန်တော့်လက်ကိုတို့၍-

"သည်ဘက်ကလာ"

ကျွန်တော်သည် မိန်းကလေးခေါ်ဆောင်ရာ အဆောက်အအုံ၏ ထောင့်စွန်း ဘက်သို့ လိုက်ပါခဲ့ရ၏။ အဆောက်အအုံ၏ ထောင့်တစ်နေရာတွင် ခြံစည်းရိုးသဖွယ် ကာထားသော တံခါးပေါက်တစ်ခုသို့ ရောက်လာ၏။ မိန်းကလေးသည် သူမအိတ်ထဲမှ သော့တစ်ချောင်းကို ထုတ်ယူဖွင့်လိုက်ပြီး-

"ဒါ မက်ဘာရက်ဒီရဲ့ သီးသန့်ဝင်ပေါက်လေ"

မိန်းကလေးသည် ရှင်းပြပြီး အထဲသို့ဝင်လိုက်၏။

ကျွန်တော်တို့ အထဲရောက်သည်တွင် အတွင်းမှ စကြံရှည်တစ်ခု [illegible] တံခါးပေါက်နှင့် မလှမ်းမကမ်းတွင် ဓာတ်လှေကားတစ်ခု တွေ့ရ၏။ မိန်း[illegible] ဓာတ်လှေကားပေါက်မှ ခလုတ်ကိုနှိပ်လိုက်ရာ ဓာတ်လှေကားတံခါးသည် [illegible] ကျွန်တော်တို့နှစ်ဦး အထဲသို့ ဝင်လိုက်ကြ၏။ မိန်းကလေးသည် [illegible]

"မက်ဘာရက်ဒီရဲ့ သီးသန့်ဓာတ်လှေကားလေ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ခလုတ်တစ်ခုနှိပ်လိုက်ရာ ဓာတ်လှေကားသည် အပေါ်သို့ စတင်တက်လေ၏။

ကျွန်တော်သည် မိန်းကလေးကို ကြည့်လိုက်၏။

မိန်းကလေးသည် ကျွန်တော့်ကိုကြည့်၍ ပြုံးနေဆဲဖြစ်သည်။

သည်အခြေအနေ၌ ကျွန်တော်သည် ဖိတ်ခေါ်မှုကို ငြင်းဆန်၍ မဖြစ်နိုင်တော့။ ကျွန်တော်သည် မိန်းကလေးကို ကျွန်တော့်ဘက်သို့ ဆွဲယူပွေ့ဖက်လိုက်ပါသည်။ သူမ၏နှုတ်ခမ်းကို နမ်းလိုက်သောအခါ နှုတ်ခမ်းအစုံသည် ပွင့်ဟလာ၏။ ဤမိန်းကလေးကား ဆွဲဆောင်မှုကြီးမားသူတစ်ဦးဖြစ်ကြောင်း ကျွန်တော်တွေ့တွေ့ချင်း ခန့်မှန်းခဲ့သည်မှာ မလွဲပါချေ။ ဓာတ်လှေကားတံခါး ပွင့်သွားချိန်အထိ မိန်းကလေးသည် ကျွန်တော့်ရင်ခွင်မှ မခွာသေး။

နောက်ဆုံးမှ ကျွန်တော့်ရင်ခွင်မှ ထွက်သည်။ သူမ၏မျက်လုံးများမှာ တောက်ပြောင်ရွှန်းလက်လျက် ရှိသည်။ သူမက-

"ကျွန်မ ရှင့်ကို သဘောကျတယ်"

ကျွန်တော်သည် ကြိုးစားပြုံးပြလိုက်ရ၏။ ကျွန်တော်သည် အခြေအနေအရ မိန်းစင်ကြည့်ကရမည့် သဘောမှာ ရှိနေ၏။

မိန်းကလေးက-

"ရှင်ဟာ ကျွန်မသဘောကျနိုင်တဲ့ လူစားမျိုးပဲ၊ ရှင့်ကိုတွေ့တွေ့ချင်း ရေချိုးခန်းထဲဝင်ပြီး အဘိုးကြီးလာရှာအောင် ရှောင်နေကတည်းက ကျွန်မ သိခဲ့တာပဲ"

ကျွန်တော်သည် ဘာတစ်ခွန်းမှမပြောဘဲ နေလိုက်၏။

မိန်းကလေးသည် ကျွန်တော့်ကို ကြည့်နေဆဲဖြစ်သည်။ သူမက-

"သေတော့မှာပဲ"

ကျွန်တော်သည် တအံ့တသြဖြစ်သွားပြီး-

"ဘာဖြစ်လို့လဲဟင်"

မိန်းကလေးသည် ဘာမှရှင်းမပြတော့ဘဲ ဓာတ်လှေကားထဲမှထွက်ပြီး မတ်ဘရက်ဒီ၏ သီးသန့်ရုံးခန်းထဲသို့ တန်း၍ဝင်သွား၏။ ကျွန်တော်သည် နောက်မှ လိုက်ခဲ့ရ၏။ ရုံးခန်းထဲ ရောက်သောအခါ သူမအိတ်ထဲမှ သော့တစ်ချောင်းထုတ်ပြီး စားပွဲရှိ အံဆွဲတစ်ခုကို ဖွင့်၏။ အံဆွဲပွင့်သွားသောအခါ မိန်းကလေးသည် တစ်ချက်မျှ တွေတွေကြီး လုပ်နေလိုက်၏။ အတန်ကြာမှ အစီရင်ခံစာ စာရွက်များကို ထုတ်ယူလိုက်၏။ စာရွက်များကို လက်ထဲမှကိုင်ယင်း-

"ကျွန်မ အရှုံးပဲ၊ ရှင်ဟာ သူ့လူကိုယ့်ဘက်သား ဘရက်ဒီရဲ့ လူတစ်ယောက် ဖြစ်ချင်ဖြစ်နိုင်တယ်"

ကျွန်တော်သည် ဘာမှပြန်မပြောဘဲ မိန်းကလေးကိုသာ ကြည့်နေလိုက်၏။ ...ပြင့် တစ်မိနစ်ခန့် အချိန်ကုန်ဆုံးသွား၏။ ထို့နောက် စာရွက်များကို ကြည့်ပင် ...တော့ဘဲ ကျွန်တော့်လက်ထဲ ထည့်လိုက်လေ၏။ ဒုတိယအကြိမ်မြောက် ဤ ...လေးသည် ကျွန်တော် တအံ့တသြဖြစ်အောင် လုပ်လိုက်ပြန်ပြီဖြစ်၏။ ကျွန်တော် ...

"အထဲမှာ ဘာတွေပါတယ်ဆိုတာ မကြည့်တော့ဘူးလား"

မိန်းကလေးသည် ကျွန်တော့်ကို ကျောပတ်ရှောင်၍ တံခါးပေါက်ရှိရာသို့ ထွက် ...ပြီး တံခါးဖွင့်လိုက်၏။ ထို့နောက် တံခါးပေါက်မှာရပ်လျက် နောက်သို့ပြန်လှည့်ပြီး ...တော့်ကို ကြည့်၍-

"မကြည့်ချင်ပါဘူး၊ ရှင့်မှာ အိမ်ထောင်ရှိတယ်ဆိုတာ ကျွန်မသိတယ်၊ အဲဒါက ...နာမဟုတ်သေးဘူးလေ၊ ဒါပေမယ့် အိမ်ထောင်ရှိတဲ့ရှင့်ကို တခြားမိန်းမတစ်ယောက် ...မ်ထားပြီဆိုယင်လဲ ကျွန်မ အဲဒီမိန်းမရဲ့နာမည်ကို မသိချင်ဘူး"

မိန်းကလေးသည် အခန်းပြင်ဘက်သို့ ထွက်သွားလေ၏။ သူမ၏နောက်ဘက် ...င် တံခါးပိတ်၍ ထားခဲ့၏။ ကျွန်တော်သည် အလင်းရောင်ရှိသော ပြတင်းပေါက်အနား ...လျှောက်သွားပြီး ကျွန်တော့်အကြောင်းရေးထားသည့် အစီရင်ခံစာကို ကြည့်လိုက်၏။

ကျွန်တော်သည် စိတ်ထဲမှ မက်ဘရက်ဒီကို ဦးညွတ်အလေးပြုလေ၏။ မက် ...ဒီသည် ကျွန်တော်နှင့်ပတ်သက်၍ အချိန်ကောင်းစွာ ရသည်မဟုတ်။ တစ်ရက်ပဲ ...ဖြစ်သည်။ သို့သော် မက်ဘရက်ဒီသည် ဘာမှ သိပ်ကျန်ရစ်သည်မရှိ။ ကျွန်တော့် ...တစ်ခုလုံးသည် ဤအစီရင်ခံစာ လေးငါးမျက်နှာနှင့် အကြမ်းဖျင်း ပြည့်စုံသလောက် ...ထားသည်ကို တွေ့ရ၏။ ကျွန်တော်သည် အစီရင်ခံစာကို ခက်သွက်သွက်ကလေး ...၍ ၄င်းအစီရင်ခံစာထဲတွင် အယ်လိန်း၏အမည်များ ပါလေသလားဟု ရှာဖွေကြည့် ...ိုက်၏။

တကယ့်တကယ်တွင်ကား ကျွန်တော့်တွင် စိတ်ပူစရာမရှိပါချေ။ အစီရင်ခံစာ ...တွင် ကျွန်တော်သည် ပစ်စဘတ်မြို့ကို လေယာဉ်ဖြင့်ရောက်လာပြီး ဟိုတယ်တွင် ...သမီးတစ်ဦးနှင့်အတူ တည်းခိုကြောင်းသာပါ၏။ ဘယ်သူဘယ်ဝါဟု ရေးသားဖော် ...ခြင်းမရှိ။ ကျွန်တော်တို့နှစ်ဦးအကြောင်း ဆက်လက်စုံစမ်းရန် လိုမလို ခွင့်တောင်း ...၏။ ကျွန်တော်သည် အစီရင်ခံစာ စာရွက်များကို စားပွဲပေါ်မှာ တင်လိုက်ပြီး စီး ...တစ်လိပ်ကို မီးညှိလိုက်၏။

ကျွန်တော်သည် စီးကရက်ကို တစ်ဖွာနှစ်ဖွာမျှ မရှိုက်ရသေးမီ အခန်းတံခါး ...ပြီး မိန်းကလေး ပြန်ဝင်လာ၏။ သူမက-

"ဘယ့်နှယ့်လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စားပွဲပေါ်မှာ တင်ထားသော စာရွက်များကို ညွှန်ပြယင်း-

"ကျုပ် ဖတ်ပြီးသွားပါပြီ"

မိန်းကလေးသည် အခန်းတံခါးကိုပိတ်ပြီး အခန်းထဲသို့ဝင်လာ၏။ ပြီးမှ-

"အခြေအနေအားလုံး ကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်"

ကျွန်တော်က နိုးသားစွာပင် ပြန်ဖြေလိုက်၏။ တကယ်တန်း၌မူ ကျွန်တော်သည် နည်းနည်းတော့ အူကြောင်ကြောင်ဖြစ်နေသည်မှာ အမှန်ပင်တည်း။ ကျွန်တော်သည် မိန်းကလေးရှိရာသို့ နည်းနည်းတိုးသွားပြီး-

"ကျုပ်တော့ မင်းကို ဘယ်လိုကျေးဇူးဆပ်ရမယ်ဆိုတာတောင် မသိတော့ဘူး"

မိန်းကလေးသည် ဘာမှပြန်မဖြေပါ။

ကျွန်တော်သည် ဘရက်ဒီရုံးခန်းအပြင်ဘက်ရှိ ဓာတ်လှေကားရှိရာသို့ လျှောက်သွားယင်း-

"ကျုပ် သွားတော့မှန့်တူတယ်"

မိန်းကလေးက-

"ရှင် အခုသွားလို့ မဖြစ်သေးဘူး။ ရှင် အခုဓာတ်လှေကားနဲ့ ဆင်းသွားယင် ဓာတ်လှေကားအသုံးပြုတဲ့ ပင်မခလုတ်မှာ မီးလင်းသွားပြီး ဘယ်သူဆင်းလာတာလဲဆိုတာ လာပြီးစစ်ဆေးကြလိမ့်မယ်"

ကျွန်တော်သည် တုံ့ကနဲ ရပ်သွား၏။

"ဒါဆိုယင် ကျုပ်က ဒီအထဲကနေပြီး ဘယ်လိုထွက်ရမှာလဲ"

မိန်းကလေး၏ နှုတ်ခမ်းပေါ်တွင် ထူးဆန်းသော အပြုံးတစ်ခု ပေါ်လာ၏။

"ရှင် ကျွန်မအပြန်ကို စောင့်ရမှာပဲ၊ ကျွန်မက အားလုံးလူတွေ ရုံးဆင်းအပြီး ငါးနာရီ ဆယ့်ငါးမိနစ်လောက်မှာ ပြန်တယ်"

ကျွန်တော်သည် လက်မှနာရီကို ကြည့်လိုက်၏။ လေးနာရီ ထိုးကာနီးပြီ ဖြစ်သည်။ မိန်းကလေးသည် ကျွန်တော့်ကို ကြည့်နေဆဲဖြစ်သည်။ သူမ နှုတ်ခမ်းပေါ်တွင်လည်း စောစောကအပြုံးသည် ရှိနေဆဲဖြစ်၏။ မိန်းကလေးက-

"ထိုင်ပြီးစောင့်ဦးပေါ့ရှင်၊ ရှင်သောက်ဖို့ ကျွန်မ တစ်ခုခုယူပေးပါ့မယ်"

ကျွန်တော်သည် ရုံးခန်းထဲရှိ အနားယူဖိမ်ခံ ကုလားထိုင်များရှိရာသို့ လျှောက်သွားပြီး ထိုင်ချလိုက်၏။

"စောင့်ရမယ်ဆိုတော့ သောက်စရာရှိယင် ကောင်းတာပေါ့"

ကျွန်တော်သည် မိန်းကလေး၏ လှုပ်ရှားမှုကို ကြည့်နေလိုက်မိ၏။ မိန်းကလေးသည် အခန်းထောင့်တစ်နေရာရှိ အရက်ဗီရိုထဲမှ အရက်ပုလင်းကို ထုတ်ယူပြီး ဖန်ခွက်ထဲသို့ ထည့်သည်။ နောက် ရေခဲတုံးများထုတ်ယူ၍ အရက်ခွက်ထဲသို့ ထည့်၏။ ပြီးမှ အရက်ခွက်ကလေးကို လှုပ်ခါယူခဲ့ပြီး ကျွန်တော့်ကို လှမ်းပေးသည်။ ကျွန်တော်သည် အရက်ခွက်ကို လှမ်းယူ၍ ကျေးဇူးတင်စွာဖြင့် တစ်ငုံသောက်လိုက်၏။

မိန်းကလေးသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ခုံမှာဝင်၍ထိုင်သည်။ ပြီးမှ-

"ကဲ အခု ရှင် ဘာဆက်ပြီးလုပ်မှာလဲ ဘရက်ဒ်"

ကျွန်တော်သည် ဖန်ခွက်ထဲမှ အရက်ကို နောက်တစ်ကျိုက် သောက်လိုက်ပြီး-

"ဘာလုပ်စရာရှိတာမှတ်လို့၊ နယူးယောက်မြို့ကို ပြန်ရုံရှိတာပေါ့၊ ဒီမှာ ဖြစ်ခဲ့သမျှကို မေ့ပစ်လိုက်ရုံရှိတာပေါ့"

မိန်းကလေးက ကျွန်တော့်ကိုကြည့်၍-

"အဲဒီလောက် လွယ်လွယ်တော့ မဖြစ်နိုင်ဘူးနဲ့တူတယ်၊ မက်ဘရက်ဒီက ... လိုချင်နေတာ"

ကျွန်တော်က မိန်းကလေးကို ပြုံးပြလိုက်၏။

မိန်းကလေးက တလေးတနက်ဖြင့်-

"ကျွန်မကို ပြုံးပြမနေနဲ့၊ ရှင့်ရဲ့ ဟိုတယ်အခန်းကိုရောက်ယင် မက်ဘရက်ဒီ ... တဲ့စာက အသင့်စောင့်နေလိမ့်မယ်၊ စာထဲမှာ ညနေကျယင် သူ့အိမ်ကို ညစာလာ ... ဖိတ်ထားလိမ့်မယ်"

ကျွန်တော်က-

"ကျုပ် မသွားပါဘူး"

မိန်းကလေးက ခေါင်းရမ်းပြပြီး-

"မနေပါဘူး၊ ရှင် သွားမှာပါ၊ ရှင် ဟိုတယ် ပြန်ရောက်လောက်တဲ့ အချိန်ကျ ... ရှင့်ဘာသာပြန်ပြီး စဉ်းစားနေမိမှာပါ၊ စိတ်ထဲမှာ ဘရက်ဒီက ပေးမယ်ဆိုတဲ့ ငွေ ... အကြောင်းကို စဉ်းစားမယ်၊ အဲဒီငွေတွေရယင် ရှင် ဘာတွေလုပ်နိုင်မှာပဲဆိုတာ ... မိမယ်၊ အဲဒီငွေက ရှင့်ကို ဘာတွေလုပ်ပေးနိုင်မှာပဲ ဆိုတာကိုလဲ တွေးမိမယ်"

မိန်းကလေးသည် သူမ၏ဖန်ခွက်ထဲမှ အရက်ကို တစ်ငုံသောက်လိုက်ပြီး-

"အဲဒီလို စဉ်းစားမိသွားပြီး ရှင်သွားမှာပဲ"

ကျွန်တော်သည် မိန်းကလေးကို သေသေချာချာကြည့်ပြီး-

"မင်းက အဖြေတွေအားလုံး သိပြီးသားပေါ့ ဟုတ်လား"

မိန်းကလေးသည် ကျွန်တော့်ကိုကြည့်နေရာမှ မျက်လွှာချလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အဖြေတွေအားလုံးကိုတော့ မသိပါဘူး။ ဒါပေမယ့် ဒီလို ဖြစ်ပျက်ခဲ့တာ ကို ကျွန်မ မြင်ဖူးပေါင်းများလှပြီ၊ ဘရက်ဒီဟာ ရှင့်ကို အရယူမှာပဲ၊ ဘရက်ဒီအတွ ပိုက်ဆံဆိုတာ ဘာမှဟုတ်တာ မဟုတ်ဘူး။ သူက ရှင့်ရှေ့မှာ ငွေပုံကြီးတစ်ပုံ မြင့်သ ထက်မြင့်အောင် ပုံပြလိမ့်မယ်၊ ငွေပုံကြီးကိုကြည့်ရင်း ရှင် မျက်စိမှုးခေါင်းမူး ဖြစ်လာ အထိ အမြင့်ကြီးပုံပြမှာ၊ ပြီးတော့ သူက စကားနူးနူးညံ့ညံ့တွေ ပြောမယ်၊ ရှင် အ လောက်တော်တဲ့အကြောင်း၊ ဘယ်လောက် ကြီးကျယ်တဲ့အကြောင်းတွေကို ပြော ရှင် ဘယ်လောက် အရေးပါတဲ့လူတစ်ယောက် ဖြစ်လာမယ်ဆိုတာကို ပြောမယ်၊ ရှင် တော့ တဖြည်းဖြည်းမြင့်လာတဲ့ ငွေပုံကြီးကိုပဲ မြင်နေမယ်၊ နောက်ဆုံးတော့ ရှင် ခေါင်းညိတ်လိုက်မှာပဲ"

ကျွန်တော်သည် အရက်ခွက်ကို ရှေ့မှစားပွဲပေါ်သို့ တင်လိုက်ပြီး-

"မင်း ဘာကြောင့် ဒါတွေကို လာပြောပြနေရတာလဲဟင်၊ အဲဒီ အတွ မင်းမှာ ဘာအကျိုးကျေးဇူး ရှိလို့လဲ"

မိန်းကလေးသည် သူမ၏အရက်ခွက်ကို ကျွန်တော်၏ အရက်ခွက်နံဘေး စားပွဲပေါ်မှာ တင်လိုက်၏။

"ကျွန်မ မျက်စိအောက်မှာပဲ အလွန်ကြီးကျယ်တယ်ဆိုတဲ့လူ၊ အရေးပါလှ ဘယ်ဆိုတဲ့လူတွေ မက်ဘရက်ဒီရှေ့မှောက်မှာ မှောက်လျက်လဲသွားခဲ့ရတာတွေ မြင် ပေါင်းများလှပြီ၊ အဲဒီလိုအဖြစ်တွေကို ကျွန်မကြည့်ပြီး စိတ်ပျက်လိုက်တာ"

မိန်းကလေး၏အသံမှာ တဖြည်းဖြည်း တိုးသွား၏။ မိန်းကလေး၏ မျက်လုံး များကမူ ကျွန်တော့်ကို တည့်တည့်ကြည့်နေဆဲ ဖြစ်ပါသည်။

ကျွန်တော်က တီးတိုးလေသံဖြင့်-

"အဲဒီတော့. . ."

မိန်းကလေးက-

"ရှင့်ကြည့်ရတာ ထူးကျွင်းတယ်၊ သန်မာတယ်၊ ကိုယ့်ကိုယ်ကိုယ်လဲ ဘာ မြင့်ပုံရတယ်၊ ရှင့်မှာ ကြောက်တဲ့စိတ် အငွေ့အသက် မတွေ့ရဘူး၊ ရှင်က မကြောက် ပဲ ဒီရုံးထဲဝင်လာတုန်းက ကျွန်မကို မမြင်တာပေါ့၊ အဲဒီတုန်းက ရှင် ကျွန်မကို ကြည့် အကြည့်ကပဲ ပစ္စည်းပရိဘောဂတစ်ခုခုကို ကြည့်တဲ့အကြည့်မျိုးလေ၊ ရှင်ကြည့်ပုံ ကျွန်မ သိပါတယ်"

ကျွန်တော် သဘောကျသွားပြီး-

"ကျုပ်က ဘယ်လိုများ ကြည့်မိလို့ပါလိမ့်. . ."

မိန်းကလေးသည် ထိုင်ရာမှထပြီး ကျွန်တော့်ရှေ့တည့်တည့်မှာ မတ်မတ်ရပ် သည်။ ထို့နောက် တဖြည်းဖြည်းချင်း အလုပ်စားပွဲရှိရာဘက်သို့ လျှောက်သွားသည်



ကျွန်တော်သည် မိန်းကလေး၏ လှုပ်ရှားမှုများကို လိုက်လံကြည့်ရှုနေမိ၏။ မိန်းကလေး ကျွန်တော့်ရှေ့တည့်တည့်သို့ ပြန်လာရပ်ပြီး-

"ရှင် အခု ကျွန်မကိုကြည့်နေတဲ့ အကြည့်မျိုးပေါ့"

ကျွန်တော်သည် ဘာစကားမှ ပြန်မပြောပါ။ မိန်းကလေးကိုလည်း ဆွဲယူဖွေ့ မကြိုးစားမိပါ။

မိန်းကလေး၏ နှုတ်ခမ်းပေါ်တွင် ထူးဆန်းသော အပြုံးတစ်ခု ပေါ်လာပြန်၏။ -

"ရှင်ဟာ ကျွန်မအတွက် မဟုတ်ဘူးဆိုတာ ကျွန်မသိပါတယ်၊ ရှင့်ကို တခြား တစ်ဦးက မိထားပြီဆိုတာ ကျွန်မသိတယ်၊ ရှင်ကိုယ်တိုင်လဲ သိပါတယ်၊ ရှင် ကျွန်မ လိုက်တုန်းကတည်းက ကျွန်မသိပါတယ်၊ ဒါပေမယ့် အဲဒါကလဲ အရေးမကြီးပါဘူး"

ကျွန်တော်သည် စကားတစ်ခွန်းမှ ပြန်မပြောပါ။ ဤလောကမြေတစ်ခွင်မှာ ရှိသောအရာဆိုသည်မှာ လူတိုင်းလူတိုင်းသည် ကိုယ်ပိုင်အရည်အသွေး တို့ထိုင် တွေများ ရှိနေကြပြီး၊ စက်တစ်ခု၏ အစိတ်အပိုင်း၊ ဝက်အူများ နပ်များစသည့်ကြ ဖြစ်ပါ၏။ ဘယ်သူသည် ဘယ်သူ့ထက်မှ အခြေအနေကြောင့်သော်လည်းကောင်း ကြေးဂုဏ်နေကြောင့်သော်လည်းကောင်း သာသည်၊ကြောသည်ဟု ပြောရွှံ့မရပါ။ သည် မိမိတန်ဖိုးနှင့် မိမိရှိနေခြင်းပင် ဖြစ်ပါ၏။

ကျွန်တော်သည် စားပွဲပေါ်မှ အရက်ခွက်ကိုယူရန် လက်လှမ်းလိုက်၏၊ သို့ မိန်းကလေး၏လက်က ကျွန်တော့်လက်ထဲသို့ အရက်ခွက်မရောက်မီ တားလိုက် ၏၊ ကျွန်တော် မော့ကြည့်လိုက်ရာ ကျွန်တော်တို့နှစ်ဦးသား မျက်လုံးချင်းဆုံကြသည်၊

ကျွန်တော့်ရင်ခုန်သံသည် မြန်လာ၏။ သို့သော် ဘယ်အချက်က ကျွန်တော့် ဘရိတ်အုပ်၍ထားသည် မသိပါ။ ကျွန်တော်သည် ရှေ့သို့မတိုးနိုင်ဘဲ ဖြစ်နေသည်၊ အခြေအနေကား အားလုံးပေးနေ၏။ ဤမိန်းကလေးကား ယောက်ျားတကာတို့ တမ် နိုင်သည်။ အလှပေါင်းစုံ အပြည့်ရှိနေ၏။ တစ်ခုပဲ လိုနေသည်။ လိုနေသည့်အရာ အချစ်ပင်ဖြစ်ပါ၏။ ကျွန်တော်သည် ဤမိန်းကလေးအတွက် မဖြစ်နိုင်ပေ၊

ကျွန်တော်သည် မိန်းကလေး၏လက်ကို အသာအယာ ရှန်းဖယ်လိုက်၏။ ကျွန်တော့်ကြောင့် ဤမိန်းကလေး ထိခိုက်နာကျင်ရသည်ကို မဖြစ်စေလိုပါ။ ဘာ တွင် ဤမိန်းကလေးကို ကျွန်တော် ဘာပြောရမည်မသိ။

မိန်းကလေးသည် ကျွန်တော့်ကို တည့်တည့်ကြည့်ယင်း-

"ရှင့်ဘဝထဲမှာ တခြားမိန်းမတစ်ယောက် ရှိနေပြီမဟုတ်လား"

ကျွန်တော်သည် ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုင်နေရာမှ ထရပ်သည် ကျွန်တော်သည် မိန်းကလေးကို မော့ကြည့်လိုက်၏။ မိန်းကလေး၏ နှုတ်ခမ်းများသည် ဆတ်ဆတ်တုန်ယင်း ပြုံးလိုက်သည်၊ ပြီးမှ-

"ရှင့်ကို နောက်ထပ် ကျွန်မ သဘောကျသေးတာ အဲဒါပဲ၊ ရှင့်ရဲ့ရိုးသားမှု ရှင်ဟာ အညာတစ်ခုကိုတောင် ပြန်ညာဖို့မကြိုးစားဘူး"

မိန်းကလေးသည် အပြင်ဘက် သူ့မရှုံးခန်းဘက်သို့ ထွက်သွား၏။ မိန် အနည်းငယ်ကြာသောအခါ သူမအခန်းဘက်မှ လက်နှိပ်စက်ရိုက်သံ ကြားရသည် အချိန်သည် တဖြည်းဖြည်းဖြင့် ကုန်လွန်လာ၏။ ကျွန်တော်သည် ပြတင်းပေါက်ရှိရာ လျှောက်သွားပြီး အပြင်ဘက်မှ သံမဏိအရည်ကျို စက်ရုံများကို လှမ်းကြည့်လိုက်၏

မက်ဘရက်ဒီသည် ဂုဏ်ယူဝင့်ကြွားမည်ဆိုက ဝင့်ကြွားလောက်စရာပင် ဖြ ပါသည်။ အကယ်၍ အခြေအနေသာ ယခုကဲ့သို့မဟုတ်ဘဲ တစ်မျိုးတစ်ဖုံဖြစ်ခဲ့ပါ ကျွန်တော်သည် ဤငနဲကြီးကို နှစ်ခြိုက်သဘောကျကောင်း ကျသွားနိုင်မည် ထင် သည်၊ သို့သော် အခြေအနေကား ထိုသို့မဟုတ်။ ထို့ပြင် ဘရက်ဒီက ကျွန်တော့် ပြောကြားခဲ့သော စကားသည် မှန်နေသောကြောင့်လည်း ဖြစ်နိုင်ပေသည်။ ကျွန်တော် နှင့် ဘရက်ဒီတို့သည် အလွန်တူညီသော လူနှစ်ယောက် ဖြစ်နေရကား အတူရှိနေ မဖြစ်နိုင်ခြင်းပေလား မသိ။

အပြင်ဘက်စကြံဘက်ဆီမှ အလုပ်ဆင်း ခေါင်းလောင်းသံ မြည်လာ၏ ခဏအကြာ ရုံးခန်းထဲသို့ မိန်းကလေး ဝင်လာသည်။ ကျွန်တော်သည် မိန်းကလေး ကြည့်လိုက်၏။

မိန်းကလေးက-

"အခုတော့ **OK** ဖြစ်သွားပါပြီ၊ ကျွန်မတို့ အပြင်ကို ထွက်လို့ရပါပြီ"

□□□

## အခန်း (၁၃)

ကျွန်တော်သည် စက်ရုံရှေ့ဂိတ်ပေါက်မှ အငှားကားတစ်စီးကို ငှားရမ်းစီးနင်း ဟိုတယ်သို့ ခြောက်နာရီမတ်တင်းတွင် ရောက်လာ၏။ ထူးဆန်းသည်ဟု ပြောရ လားမသိ။ မဟာဖိုဝါဒ၊ ယောက်ျားကြီးဝါဒဖြင့် ကျွန်တော်သည် ယောက်ျားကြီး ခြောက်ယောက်စာလောက် ဘဝင်မြင့် သွေးနားထင် ရောက်နေ၏။ ကျွန်တော့် လည်း အတော်ကျေနပ်နေသည်။ ဘယ်ယောက်ျားများ တစ်နေ့ ခေါ်လာခြောက် နှင့် ယောက်ျားတကာတို့ တပ်မက်နိုင်လောက်သော မိန်းကလေးတစ်ယောက်ကို ချက်တည်း ငြင်းပယ်နိုင်စွမ်း ရှိပါမည်နည်း။

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူ၍မဆုံး ဖြစ်နေ၏၊ ကျွန်တော် ကျွန်တော် ဘယ်လောက်ကြီးကျယ်သည့် ပုဂ္ဂိုလ်ဖြစ်ပါသလဲဟု အသံ ပြချင်လှပြီ ဖြစ်သည်။ ကျွန်တော်သည် အခန်းတံခါးကြီးကို တွန်းဖွင့်လိုက် ပ်မှ အသံထွက်အော်၍-

"အယ်လိန်း"

ဘယ်ကမှ ဖြေသံမကြားရ။

ကျွန်တော်သည် အခန်းတံခါးကို ပြန်ပိတ်လောက်သည့်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ စာရွက်တစ်ရွက်ကို တွေ့လိုက်ရ၏။ ခေါင်ခိုက်နေသော ကျွန်တော့်ဘဝင်များသည် ဖြုန်းကနဲ ဆွဲချလိုက်သလို ဖောက်ထိုးမိုးမျှော် ခုန်ဆင်းကျသွား၏။ ကျွန်တော့်အသည်းနှလုံးမှာ စိုးရိမ်စိတ်ကြောင့် အားငယ်သွားလေ၏။ အယ်လိန်းသည် ကျွန်တော့်ကို ထား... ပြီး ပစ်မပြေးတန်ရာပါ။

စာရွက်ကို ကောက်ကိုင်လိုက်သောအခါမှ ကျွန်တော့်ရင်ထဲမှ အလုံး... သည် ပြုတ်ကျသွားတော့သည်။ အပူလှိုင်းဒဏ် ခံနေရသည့်အချိန်တွင် လေအေးတစ်ချ... အတိုက်ခံလိုက်ရသလို ဖြစ်သွား၏။

စာကိုကြည့်လိုက်ရာ-

ဒါလင်. . .

**မိန်းမဆိုတာ ဒီထက် ပိုမစောင့်နိုင်တော့ဘူး။ ဒီတော့ အလုပ်ပြင်ဆိုင် အလုပ်ပြင်သွားပြီ၊ ခြောက်နာရီခွဲလောက် ပြန်ရောက်မယ်။**

**ချစ်တဲ့**

**အယ်လိန်း**

ကျွန်တော်သည် စာရွက်ကို စားပွဲပေါ် ပြန်ချလိုက်ပြီး တယ်လီဖုန်းရှိရာသို့ လျှောက်သွားလိုက်၏။ တယ်လီဖုန်းကို ကောက်ကိုင်ပြီး နယူးယောက်ရှိ ကျွန်တော့်ရုံးခန်းကို စတင်ဖုန်းဆက်လိုက်၏။

ခရစ်၏အသံမှာ စိတ်အားထက်သန်စွာ တစ်ဘက်မှ ပေါ်လာ၏။

"အခြေအနေ ဘယ်လိုရှိသလဲ ဘရက်ဒ်"

ကျွန်တော်က-

"သိပ်မကောင်းဘူး၊ ဘရက်ဒီက အကုန်လုံးကိုထားခဲ့ပြီး သူ့ဆီမှာ အလုပ်လာလုပ်ဖို့ ပြောတယ်"

ခရစ်၏အသံမှာ စိတ်ဝင်စားပုံရသည်။ သူက-

"ဘရက်ဒီက ခင်ဗျားကို ဘယ်လောက်ပေးသလဲ"

"တစ်နှစ်ကို ခြောက်သောင်းပေးတယ်"

ကျွန်တော့်အဖြေကို ကြားလိုက်ရသောအခါ တစ်ဘက်မှ ခရစ်၏ လေချွန်သံသည် ဖုန်းခွက်ထဲမှတစ်ဆင့် သည်ဘက်သို့ ပျံ့လွင့်လာ၏။

ကျွန်တော်က အောက်ကလိအာ လေသံဖြင့်-

"ဘရက်ဒီက ကျုပ်ကို သဘောကျတယ်လေ"

ခရစ်၏အသံကမူ အားရကျေနပ်မှု ရှိနေ၏။ သူက-

"ဒါဆိုယင် ခင်ဗျား ဘယ်တော့ အလုပ်စဝင်မှာလဲ"



ကျွန်တော်က တုံးတိတိပင် ပြန်၍-

"မဝင်ပါဘူး၊ ကျုပ် မလုပ်နိုင်ဘူးလို့ ငြင်းလိုက်တယ်"

ခရစ်၏အသံသည် မကျေမနပ်ဖြင့်-

"ခင်ဗျား ရူးနေပြီထင်တယ်၊ စိတ်မှန်တဲ့လူမှန်ယင် ဒီလောက်များတဲ့လစာကို ...မှာမဟုတ်ဘူး"

ကျွန်တော်က-

"ဒါဆိုလဲ ကျုပ်အတွက် စိတ်ရောဂါအထူးကုဆေးရုံမှာ စာရင်းသွင်းထားလိုက်...တော့ ခရစ်၊ ကျုပ်ကတော့ ငြင်းခဲ့ပြီ"

ခရစ်က အတွန့်တက်ပြီး-

"ဒါပေမယ့် ဘရက်ဒ်ရယ်၊ ဒီအခွင့်အရေးမျိုးဟာ ခင်ဗျားစောင့်နေတဲ့ အခွင့်အရေးမျိုးပဲ မဟုတ်လား၊ ခင်ဗျား အဲဒီမှာ အလုပ်ဝင်ပြီး လုပ်ရုံပဲ၊ ဒီဘက်က အလုပ်တွေ...ကျွန်တော် ဆက်လုပ်ထားမှာပေါ့၊ ခင်ဗျား ရသင့်တာမှန်သမျှ ခင်ဗျားပဲ ရမှာပဲဟာ၊ ဒီ...က်ကအလုပ်တွေကို ကျွန်တော် ထိန်းနိုင်ပါတယ်၊ ဒါဆိုယင် တစ်နှစ်တစ်နှစ် ကျုပ်တို့ ...ယ်လောက်ပွလိုက်မလဲဆိုတာ စဉ်းစားပဲကြည့်ပါတော့"

ခရစ် ပြောနေသော လေသံတွင် ကျွန်တော်တစ်ခါမှ မကြားဖူးသော ထူးခြား...ပါဝင်နေ၏။ မျှော်လင့်ချက် ပဲ့တင်သံများ ထပ်နေ၏။ ထိပ်ဆုံးမှကုလားထိုင်ကို ...ချင်သော အလိုရမ္မက် အနံ့ရနေ၏။ ကျွန်တော့်စိတ်ထဲတွင် ခရစ်နှင့် ပါတနာအဖြစ် ...ဘက်လုပ်ကိုင်ခဲ့သည်ကိုပင် မကြိုက်တော့။

ကျွန်တော်က အေးစက်စွာဖြင့်-

"ကျုပ်က အဲဒီအလုပ်ကို မလုပ်ချင်ဘူးလို့ ငြင်းခဲ့ပြီ ခရစ်၊ အခုထက်ထိတော့ ကျုပ်တို့အလုပ်မှာ ကျုပ်ဟာ တာဝန်ခံပဲ၊ ခေါင်းဆောင်ပဲ ရှိနေသေးတယ်၊ ကျုပ်က ဒီ...ကိုလာခဲ့တာ မက်ဘရက်ဒီရဲ့အလုပ်ကို လက်ခံဖို့လာခဲ့တာ မဟုတ်ဘူး၊ သံမဏိလုပ်ငန်း...များ အစည်းအရုံးရဲ့ လုပ်ငန်းအတွက် ဆွေးနွေးဖို့လာခဲ့တာ"

ခရစ်၏လေသံမှာ စောစောက မျှော်လင့်ချက်များ လျှော့ပါးကုန်ဆုံးပြီး ...ဖြစ်နေပုံရ၏။ သူက-

"ခင်ဗျားက မက်ဘရက်ဒီကို ငြင်းတယ်ဆိုတဲ့နောက်တော့ အစည်းအရုံး...ကိစ္စကိုလဲ မေ့သာပစ်လိုက်ပါတော့"

ကျွန်တော်က တုံးတိတိဖြင့်ပင်-

"အဲဒါက ကျုပ်ရဲ့အပူပဲ"

ခရစ်က-

"ဟုတ်ပါပြီ ဘရက်ဒ်၊ ခင်ဗျားရဲ့သဘော၊ ခင်ဗျားလုပ်ချင်သလို..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်လိုချင်တာက အဲဒီအတိုင်းပဲ"

ခရစ်ဘက်မှ ခေတ္တမျှ တန့်ရပ်သွား၏။ ပြီးမှ-

"ယနေ့ည ပြန်လာမှာလား"

ကျွန်တော်သည် အလျှင်အမြန်ပင် ပြန်၍-

"ပြန်မလာသေးဘူး၊ နက်ဖြန်မှ ပြန်လာမယ်၊ ညကျယင် မက်ဘရက်ဒီနဲ့ တွေ့ဖို့ရှိသေးတယ်"

ခရစ်သည် ဝတ္တရားရှိသည့်အတိုင်း-

"ဒါဆို ကျွန်တော် မာဂီကို ဖုန်းဆက်ပြောလိုက်ရဦးမလား"

ကျွန်တော်က-

"နေပါစေ၊ ကျုပ်ပဲဆက်လိုက်ပါ့မယ်၊ နက်ဖြန်ကျမှ တွေ့ကြတာပေါ့"

"လုပ်စရာရှိတာ ဆက်လုပ်ပေါ့ဗျာ"

ခရစ်သည် ထိုသို့ပြော၍ ဖုန်းခွက်ကိုချသွားလေ၏။ သို့သော် သူ့အသံတွင် စိတ်အားထက်သန်မှု မရှိလှပေ။

ကျွန်တော်သည် ဖုန်းအော်ပရေတာကို ကျွန်တော့်အိမ်ဖုန်းနံပါတ်အား ပေးလိုက်၏၊ စောင့်ဆိုင်းနေစဉ် အရက်တစ်ခွက်ငှဲ့ရန် အချိန်ရလိုက်သေး၏။ စောင့်ဆိုင်းယင်း အရက်ကို တစ်ငုံစုပ်လိုက်၏။ အရက်အရသာမှာ ကောင်းလှပေသည်။ ကျွန်တော်သည် အရက်ကို နှစ်ခြိုက်စပြုလာပါပြီကောဟု အောက်မေ့လာမိ၏။ ထိုစဉ် ဖုန်းခွက်ထဲမှ မာဂီအသံ ပေါ်လာသည်။

ကျွန်တော်က-

"ဟယ်လို မာဂီလား"

မာဂီ၏အသံမှာ ဝမ်းသာသွားပုံရ၏။

"ဟုတ်ပါတယ် ဘရက်ဒ်"

မာဂီသည် ကျွန်တော့်အသံကြားသည်နှင့် ကျွန်တော် ဘာဖြစ်နေသည်ကို သိသလောက် ဖြစ်နေပါပြီ။ ကျွန်တော်ကလည်း ပြောတော့ပြောရမည် ဖြစ်၏။

မာဂီက-

"ရှင့်အသံနားထောင်ရတာ ပင်ပန်းပုံရလိုက်တာ"

ကျွန်တော်သည် နှစ်ခွန်းသော စကားသာ ပြောလိုက်ရသေးသည်။ ကျွန်တော် ခံလိုက်ရပြီဆိုသည်ကို မာဂီက သိပြီးဖြစ်နေ၏။ ကျွန်တော်က အမြန်အထက်ပင်-

"ကိုယ်က အိုကေပါတယ်၊ ဘရက်ဒီဆိုတဲ့လူနဲ့ ဆွေးနွေးရတာက မလွယ်ဘူး ပေါ့"

မာဂီက-



"ဒါဆို ရှင် တစ်နေကုန် သူ့ရုံးခန်းမှာ ရှိနေရတာပေါ့"

မာဂီက ဤသို့မေးလိုက်သဖြင့် ကျွန်တော့်စိတ်ထဲမှာ ဝမ်းသာသွားရ၏။ အကြောင်းမှာ ကျွန်တော်သည် ညာနေစရာ မလိုသောကြောင့်ပင် ဖြစ်ပါ၏။

ကျွန်တော်က-

"ဟုတ်တယ်၊ အဘိုးကြီးက ကိုယ့်ကို အလုပ်ပေးနေတယ်၊ တစ်နှစ်ကို ဒေါ်လာ ... တ်သောင်း ပေးမယ်တဲ့"

မာဂီက-

"ရှင်ပြောနေပုံက ဝမ်းသာပုံလဲမရပါလား"

ကျွန်တော်က-

"ဟုတ်တယ်၊ ဝမ်းမသာဘူး၊ ကိုယ်က ငြင်းလိုက်တယ်လေ၊ ကိုယ် ဒီငနဲကြီးကို ... ဘောမကျဘူး"

မာဂီက စဉ်းစားပင်မနေဘဲ-

"ရှင် ဘာတွေလုပ်နေတယ်ဆိုတာ ရှင်သိပါတယ် ဘရက်ဒ်"

ကျွန်တော်က-

"အဲဒီလို ယူဆရတာပဲကွယ်၊ ဒီလိုငြင်းလိုက်တဲ့အတွက် သံမဏိလုပ်ငန်းရှင် ... ည်းအရုံးရဲ့ အလုပ်ကိုလဲ မရဘဲ ဖြစ်သွားနိုင်တယ်လေ"

မာဂီက အားပေးစကားအဖြစ်-

"တခြားအလုပ်တွေလာမှာပေါ့၊ ကျွန်မကတော့ မပူပါဘူး"

ကျွန်တော်က လျှင်မြန်စွာဖြင့်-

"အားလုံး အပြည့်အစုံတော့ ဒီည သိရမှာပေါ့၊ ညကျယင် ကိုယ် သူ့အိမ်သွား ... ညစာ စားရဦးမယ်"

မာဂီက-

"ရှင်ဘာပဲလုပ်လုပ် ကျွန်မကတော့ ယုံပါတယ်"

မာဂီက ဤသို့ဤပုံ ယုံကြည်နေခြင်းအတွက် ကျွန်တော့်စိတ်ထဲမှာ တသိ ... အောက် ဖြစ်သွားမိ၏။ ကျွန်တော်သည် စကား အပြောင်းအလဲရစေရန်-

"သမီးဂျင်နီကော နေကောင်းရဲ့လား"

မာဂီက-

"ကောင်းပါတယ်၊ ဒါပေမယ့် သမီးက တစ်မျိုးကြီးပဲ၊ တစ်ခုခု ... ပဲ တစ်ချိန်လုံး ကျွန်မတို့ နှစ်ပတ်လည် အခမ်းအနားမှာ ... ပြောနေတယ်လေ၊ ဒီကောင်မလေး ဘာများ အကြံဉာဏ်ရှိနေသလဲ ..."

"ဘာမှရှိမယ် မထင်ပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အသံထွက်အောင် ရယ်မောလိုက်မိ၏။ နှစ်ပတ်လည်မတိုင်မီ ဂျင်နီ ထိုသတင်းကို မာဂီအား ပြောမပြောဆိုသည်ကို လောင်းရန်မှာ ထက်ဝက်ဆီလောက်ပဲ ရှိမည်ထင်၏။ ကျွန်တော်က-

"ဘရက်ဒ်ဂျူနီယာဆီကကော ဘာကြားသေးသလဲဟင်"

"မနက်ကပဲ သားဆီက စာလာတယ်၊ သူ အအေးမိနေတုန်းပဲတဲ့၊ ခုပုံအတိုင်းဆိုယင် အိပ်ရာထဲမှာ ရက်တော်တော်ကြာ နေရဦးမယ့်ပုံပဲ၊ ကျွန်မတော့ သားလေးအတွက် စိတ်ပူတယ်ရှင်"

"မပူပါနဲ့ကွယ်၊ သူ နေကောင်းသွားမှာပါ"

"ဒါပေမယ့် ကိုရယ်၊ သူ အိပ်ရာထဲမှာ နေရဦးမယ်ဆိုတော့ နေမကောင်းလို့ဖြစ်ရမှာပေါ့၊ သားလေးအကြောင်းလဲ ကိုသိသားနဲ့"

"သားက ကျုပ်ထက်ပိုပြီး နေမကောင်းမဖြစ်နိုင်ပါဘူးကွာ၊ ကျောင်းက ရက်နည်းနည်းလစ်ချင်လို့ ထင်ပါတယ်"

"ဒါပေမယ့် ကိုရယ်"

"ဘာမှမဖြစ်နိုင်ပါဘူး မာဂီရယ်၊ စိတ်ပူမနေပါနဲ့၊ ကိုယ် မနက်ကျယင် ပြန်လာမှာပဲ"

"OK ဘရက်ဒ်၊ အိမ်မြန်မြန်ပြန်ခဲ့နော်၊ ကျွန်မ လွမ်းလှပြီ"

"ကိုယ်ကလဲ သတိရနေတာပါပဲကွယ် ဘိုင့်ဘိုင်"

ကျွန်တော်သည် ဖုန်းခွက်ကို ချလိုက်၏။ ဖန်ခွက်ထဲသို့ စကော့ဝီစကီ နည်းနည်းထည့်လိုက်ပြီး ရေခဲတုံး နှစ်တုံးသုံးတုံး ထည့်လိုက်၏။ ပြီးနောက် ခြေထောက်တို ဆိုဖာပေါ်သို့ တင်လိုက်၏။ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေ၏။ ကျွန်တော့်တွင် တစ်ခုခု လွဲမှားနေပြီဆိုသည်ကား သေချာ၏။ ဘာလဲဆိုသည်ကိုကား ကျွန်တော်ကိုယ်တိုင် မပြောတတ်။ အဘိုးကြီးနှင့်ပတ်သက်သော ခံစားမှုသည် ယခုလောက်ဆိုလျှင် ကျွန်တော့်စိတ်ထဲမှာ ခလောက်ဆန်နေသင့်သည်။ သို့သော် ကျွန်တော့်စိတ်၌ ဘာမှမဖြစ်။ မက်ဘရက်ဒီ၏ အတွင်းရေးမှူးမကလေးသည်ပင် တစ်ခုခုလွဲမှားနေ၍ပေလော။ ကျွန်တော်ကိုယ်တိုင်သည် တခြားငနဲများနှင့် ဘာမှထူးခြားနိုင်သူ မဟုတ်ပေ။ သို့တည်းမဟုတ် ကျွန်တော်ကိုယ်တိုင်က တစ်ယောက်ဆိုတစ်ယောက်ပါကွယ် ဆိုသည့်လူစားမျိုး ဖြစ်နေ၍ပေလား။ သို့မဟုတ် ကျွန်တော်သည် ခေတ်မမီတော့၍ပေလော၊ ကျွန်တော် မသိတတ်တော့ပါ။

**အယ်လိန်း**

သူမ၏အမည်သည် ကျွန်တော့်အတွေးထဲ စိတ်ထဲသို့ ဝင်လာသည်။ အယ်လိန်း အကြောင်း တွေးလိုက်မိသည်နှင့် ကျွန်တော် ပြုံးလိုက်မိ၏။ ယောကျ်ားတစ်ယောက်အတွက် အကောင်းဆုံး အလိုအပ်ဆုံး မိန်းမတစ်ယောက်ကို ဖန်ဆင်းမည်ဆိုပါက အယ်လိန်းပင် ဖြစ်လာမည်ဖြစ်ပါ၏။ အယ်လိန်းနှင့် ပတ်သက်သမျှမှာ အဆင့်အတန်းရှိသည်။ ဆော့ရွှင်ချမ်းမြေ့မှု ရှိသည်။ အယ်လိန်း၏ မျက်လုံးများသည်လည်းကောင်း သွယ်လျသော အယ်လိန်း၏ ကိုယ်ခန္ဓာကလေးသည်လည်းကောင်း၊ အယ်လိန်း၏ လန်းလျှောက်ဟန်ကလေးသည်လည်းကောင်း၊ အားလုံး အားလုံးပါပဲ။



ကျွန်တော်သည် အရက်ခွက်ထဲမှ နောက်တစ်ငုံ သောက်လိုက်ပြီး မျက်စိအစုံ မှိတ်လိုက်၏။ ကျွန်တော့်စိတ်ထဲ အာရုံထဲမှာ မြင်နေရသော အယ်လိန်း၏ရုပ်ပုံလွှာ ပို၍ ပီပီသသမြင်ရစေရန် ဖြစ်ပါသည်။ အိပ်မက်မက်ရန် မီးမှိတ်လိုက်သလိုပဲ ဖြစ်ပါသည်။ မျက်စိမှိတ်လိုက်သောအခါတွင် အယ်လိန်း၏ရုပ်ပုံသည် တကယ်လည်း ပို၍ပီသလာပါသည်။ အိပ်မက်ထဲတွင် အယ်လိန်း တကယ်လာပါသည်။

အိပ်မက်ထဲတွင် အယ်လိန်းသည် ဆက်တန်အရပ်မှာ နေထိုင်သော မိန်းကလေး ဖြစ်နေ၏။ ကျွန်တော်သည် ကျွန်တော်တို့နေထိုင်ရာ မီးရထားရပ်ကွက်မှ အမြဲသွား၍ တွေ့မိသည်။ မိန်းကလေးမှာ သူမ၏ရှည်လျားသော ရွှေရောင်ဆံပင်များဖြင့် လှချင်တိုင်း လှနေ၏။ သူမနံဘေးတွင် အမြဲမျက်ခြေပြတ်မခံဘဲ အဖော်အစောင့် မိန်းမကြီးက ပါလေ့ရှိသည်။

မိန်းကလေးသည် တစ်ခါမှ ကျွန်တော့်ကို မကြည့်ပါ။ တစ်နေ့တွင်မှ သူမ၏ အနီနှင့်အပြာစပ်ကြား ဘောလုံးကြီးက ကျွန်တော်ရှိရာသို့ လိမ့်လာသည်။ ကျွန်တော်က ဘောလုံးကို ကောက်ယူ၍ ခပ်ရှက်ရှက်ဖြင့် သူမကို သွားပေးသည်။

မိန်းကလေးသည် တိုးတိုးတိတ်တိတ်ပင် ဘောလုံးကိုယူသည်။ ဘောလုံးလွှင့်သွားလျှင် ကျွန်တော်က ကောက်ပေးရသော ထုံးစံရှိနေသကဲ့သို့ ဖြစ်ပါ၏။ ဘောလုံးယူသည်နှင့် လှည့်ထွက်သွားပါသည်။ သူမ၏ အဖော်အစောင့်မိန်းမကြီးက ကျွန်တော့်ဘက်သို့ ပြန်လှည့်စေပြီး ကျေးဇူးတင်စကား ပြောခိုင်းပါသည်။ မိန်းကလေး၏အသံမှာ ညင်းလည်းသံ ချိုလွင်လွင်နှင့် တူလှပါ၏။

ပြောသွားသော စကားမှာ တစ်ခွန်းပဲဖြစ်ပါသည်။

"မာစီ"

ဟူ၍ပင်တည်း။

ကျွန်တော်သည် ထူးဆန်းအံ့ဩဖွယ်ကောင်းလှသော ထိုအခိုက်ကလေးကို မေ့မောကြည့်ရှု ကျန်ရစ်ပါသည်။ ပြီးမှ အလောတကြီး အိမ်သို့ ပြေးပြန်သွားခဲ့ပါသည်။ သုံးထပ်ရှိသော ကျွန်တော်တို့ အိမ်လှေကားကို အပြေးတက်ခဲ့ပြီး မေမေ့ကို ပြောခဲ့သော စာလုံးလေး၏ အဓိပ္ပာယ်ကို မေးပါသည်။

မေမေက-

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့စိတ်ထင်တော့ အဲဒါ ပြင်သစ်ဘာသာနဲ့ ကျေးဇူးတင်ပါတယ်လို့ ပြော
တယ်ထင်တာပဲ"

□

ကျွန်တော့်ပခုံးပေါ်သို့ လက်တစ်ဖက် ကျလာသောကြောင့် ကျွန်တော်သည်
အိပ်ပျော်နေရာမှ လန့်နိုးသွားပါသည်။

မော့ကြည့်လိုက်ရာ အယ်လိန်းဖြစ်နေ၏။

အယ်လိန်းက ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်၍-

"မိုးလင်းနေပြန်ပြီလား"

ကျွန်တော်သည် ပြန်ပြုံးပြလိုက်ပြီး သူမ၏ကိုယ်လုံးကလေးကို ဆွဲယူဖက်
လိုက်ပါသည်။ နောက် သူမ၏မျက်နှာကို ကျွန်တော့်လက်နှစ်ဖက်ဖြင့် ဖမ်းယူ၍ သူမ၏
နှုတ်ခမ်းအစုံကို နမ်းပါသည်။ ကျွန်တော်တို့နှစ်ဦးသား အလွန်ချမ်းမြေ့လျက် ရှိကြ
သည်။ အတော်ကြာမှ အယ်လိန်းသည် ကျွန်တော့်ရင်ခွင်ထဲမှ ရုန်းထွက်၍ တအံ့တသြ
ဖြင့်-

"ဟေး. . . ဒါက ဘာအတွက် နမ်းရတာလဲ"

ကျွန်တော်က-

"အချစ်အတွက်လေ"

အယ်လိန်းသည် ပြုံးသွားပြီး ကျွန်တော့်ကို နမ်းပါသည်။

ကမ္ဘာကြီးတစ်ခုလုံးသည် လုံးဝ ပျောက်ကွယ်သွားပါတော့သည်။

ကျွန်တော့် လူ့လောက ဤမြေကမ္ဘာသို့ ပြန်လည်ရောက်ရှိလာသောအခါ
နံဘေးမှ အယ်လိန်း၏ ကိုယ်ငွေ့ကြောင့် နွေးထွေးလျက်ရှိပါသည်။

ကျွန်တော်က-

"မာစီ"

ဟု ပြောလိုက်မိပါ၏။

□□□

## အခန်း (၁၄)

လေဆိပ်မှ မီးရောင်များသည် ကျွန်တော်တို့လေယာဉ်ကြီးရှိရာသို့ ပြေးတပ်
အသည်ဟု စိတ်ထဲမှာ ထင်မြင်ရပါသည်။ လေယာဉ်ဘီးများ ပြေးလမ်းကြောင်းအား
ထိလိုက်သည်ကို သိရပါသည်။ ပထမ စမ်းသပ်သလို ခပ်ဖွဖွဖြစ်ပါသည်။ မိမိထိလိုက်
သော မြေအပြင်သည် ခိုင်ခံ့မခိုင်ခံ့ စမ်းသပ်နေသည့်အလား ဖြစ်ပါသည်။ နောက်တစ်
ကြိမ်မှ သေသေချာချာ နင်းချလိုက်ပုံ ရပါသည်။ လေဆိပ်မှ ထိန်ထိန်ညီးသော မီးရောင်
တို့သည် ကျွန်တော်တို့၏ လေယာဉ်ကြီးကို ပွေ့ဖက်လိုက်ပါတော့သည်။

ကျွန်တော်က အယ်လိန်းဘက်သို့လှည့်၍-

"ကိုယ်တော့ ခုထိ အူကြောင်ကြောင်နိုင်တယ် ထင်တုန်းပဲ"

လေယာဉ်ပြတင်းပေါက်ဘက်ကို ကြည့်နေရာမှ အယ်လိန်းသည် ကျွန်တော့်
ဘက်သို့ လှည့်၍-

"ကနေ့ည ဘကြီးမက်ဆီကို ရှင်သွားမတွေ့တာလောက်သော ရူးကြောင်
ကြောင် အဓိပ္ပာယ်မရှိတာ မရှိပါဘူး။ ရှင်သာ သွားတွေ့ခဲ့ရင် ရှင်တို့နှစ်ယောက် မှားကြ
နည်း တစ်ခုခုတော့ ဖြေရှင်းဖို့နည်းလမ်း ရှာချင်ရှာနိုင်မှာပဲ"

ကျွန်တော်သည် စိတ်အနှောင့်အယှက် ဖြစ်သွားပါသည်။ ကျွန်တော်သည်

www.burmeseclassic.com

www.burmeseclassic.com



အချက်တစ်ချက်မှလွဲ၍ အားလုံးဖြစ်ပျက်သမျှကို အယ်လိန်းအား ပြောပြထားခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော် ပစ်စဘတ်မြို့သို့ ရောက်သည့်အချိန်၊ ဟိုတယ်မှာ ဝင်ရောက်တည်းခိုချိန်အထိ ကျွန်တော်၏ လှုပ်ရှားမှုများကို မက်ဘရက်ဒီက လေ့လာမှတ်သားနေ၍ အစီရင်ခံစာတစ်စောင် ပြုစုခိုင်းထားကြောင်းကိုမူ ပြောမပြခဲ့ပါ။ အယ်လိန်းတစ်ယောက် စိတ်ထိခိုက်သွားမည်စိုးသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် အေးစက်စက်လေသံဖြင့်-

"ကိုယ် မင်းကို စကတည်းက ပြောပြီးသားပဲ၊ ကျုပ် သူ့ဆီမှာ အလုပ်မလုပ်ချင်ပါဘူးလို့၊ ကျုပ်က ကျုပ်ကိုယ်ပိုင်အလုပ်ပဲ လုပ်ချင်တယ်လို့"

သေသောဉ်သည် အရှိန်သတ်၍ ရပ်လိုက်ပါသည်။ ကျွန်တော်သည် ထိုင်ခုံခါးသာကို ဖြုတ်လိုက်ပြီး အယ်လိန်းအားလည်း အကူအညီပေးလိုက်ပါသည်။

အယ်လိန်းသည် ခေါင်းမာစွာဖြင့်ပင်-

"ကျွန်မစိတ်ထဲမှာတော့ တစ်ခုခုတော့ ဖြစ်နိုင်တယ်လို့ ထင်တာပဲ၊ ကျွန်မကိုယ်တိုင်လဲ ရှင်နဲ့အတူလိုက်လာပြီး ဘကြီးနဲ့တွေ့၊ လိုအပ်ယင် အကူအညီပေး ဆွေးနွေးလို့ရတာပဲ. ဒါပေမယ့် ရှင့်ကိုက မာနကြီးတာကိုး၊ ရှင့်အလုပ်အကိုင်ထဲမှာ ကျွန်မနဲ့ ဆိုတယ်ဆိုပြီး အခွင့်အရေးမယူချင်ဘူး ဘာညာနဲ့"

ကျွန်တော်သည် မက်ဘရက်ဒီထံသို့ အယ်လိန်းကို ဘာ့ကြောင့် ခေါ်မသွားနိုင်တာလဲဟူသည့် တကယ့်အဖြစ်မှန်ကို ဖွင့်ပြော၍မရတိုင်း စိတ်ထဲမှာ ပို၍ဒေါပွနေပါသည်။ အကယ်၍ ကျွန်တော်သည် မက်ဘရက်ဒီထံသို့ အယ်လိန်းကို ခေါ်သွားသည် ဆိုပါစို့။ ကျွန်တော်၏ လှုပ်ရှားမှု ပစ်စဘတ်မှာ ကျွန်တော်၏ဇနီးမဟုတ်သည့် တခြားမိန်းမတစ်ဦးနှင့် တည်းခိုသည်ဟု အစီရင်ခံစာဖတ်ပြီး ကြိုတင်သိနေသော မက်ဘရက်ဒီသည် ကျွန်တော်နှင့်အတူပါလာသော အယ်လိန်းကို တစ်ချက်ကြည့်လိုက်ရုံနှင့် အားလုံးသိသွားမည်ဖြစ်ပါသည်။ သူ၏ တူမချော၊ တူမချစ်သည် ကျွန်တော်နှင့် ဘာဘာညာညာဆိုသည်ကို ပြောပြနေစရာပင် မလိုတော့ပါ။ ထိုသို့သိသွားသည်နှင့် ကျွန်တော်သည် အနိစ္စသဘောနှင့် ကိစ္စချောသွားမည် ဖြစ်ပါ၏။ ဤအချက်ကား မြေကြီးလက်ခတ်မလွဲ သေချာလှပါသည်။ ကျွန်တော်သည် အယ်လိန်း၏စကားကို ပြန်၍မဖြေမိပါ။ အယ်လိန်း ထိုင်နေရာမှ ထ,လာသည်ကိုပဲ စောင့်နေလိုက်ပါသည်။

အယ်လိန်းကမူ မကျေမနပ်နှင့် ဆက်၍-

"ဘာပဲဖြစ်ဖြစ် အနည်းဆုံးတော့ ဖိတ်ခေါ်ထားတဲ့ ညစာကို ကျွန်တော်တော့ မလာဖြစ်နိုင်တော့ပါဘူးဆိုပြီး အကြောင်းပြန်ဖို့လောက်တော့ ကောင်းတာပေါ့"

ကျွန်တော့်ရင်ထဲမှာ စုစည်းမိနေပြီဖြစ်သော ဒေါသယမ်းမီးသည် ပေါက်ကွဲသွားပါတော့သည်။ ကျွန်တော်သည် ဒေါသတကြီးဖြင့်-



"သူက ဘာပဲထင်ထင်၊ ကျုပ်က ဂရုမစိုက်ဘူးကွာ"

ကျွန်တော်တို့သည် လေဆိပ်အဆောက်အအုံထဲသို့ ရောက်လာကြပါသည်။ ...တော်တို့၏ လက်ဆွဲအိတ်များကို ဈေးယူ၍ လေဆိပ်အပြင်ဘက်သို့ အငှားကားငှား...ထွက်လာခဲ့ကြပါသည်။ ကျွန်တော့်ရင်ထဲမှ ဒေါသမီးသည် လောင်ကျွမ်းလျက်ရှိဆဲ...ပါသည်။ ကျွန်တော်သည် ကျွန်တော့်ရှေ့တည့်တည့် မြေပြင်ကိုပဲ ကြည့်နေမိပါသည်။

ရုတ်တရက် အယ်လိန်း၏ရယ်သံသည် ထွက်ပေါ်လာပါသည်။ ကျွန်တော်...သည် အယ်လိန်းကို လှည့်ကြည့်လိုက်ပါသည်။ ကျွန်တော်သည် အယ်လိန်း၏ အပြုံးအမူ...ကို ဘယ်လိုမှ နားလည်နိုင်ခြင်း မရှိပါ။ သို့နှင့်-

"ဘာဖြစ်လို့ ရယ်ရတာလဲ"

အယ်လိန်းက အားပါးတရပြုံး၍-

"ရှင့်ကိုပေါ့၊ ရှင့်ကြည့်ရတာ ကလေးလေးကျနေတာပဲ၊ အလိုမကျတိုင်း စိတ်...ကောက်နေတဲ့ ကလေးလေးလိုပဲလေ"

ကျွန်တော်သည် ပြုံးလိုက်ရပါတော့သည်။

အယ်လိန်း၏စကားသည် မှန်လှပါသည်။ ပစ်စဘတ်ဟိုတယ်တွင် ကျွန်တော်...အယ်လိန်းအား မက်ဘရက်ဒီ၏ ညစာဖိတ်ခေါ်ထားမှုကို မသွားတော့ပါဟု ပြော...သည့် အချိန်မှစပြီး အစစအရာရာသည် အဆင်မပြေတော့ပါ။ ကျွန်တော်က...ဘတ်မှာပဲ ဒီတစ်ည အိပ်မည်ဟု ပြောသည်။ အယ်လိန်းက မက်ဘရက်ဒီထံသို့...ဖြစ်ဘူးဆိုတော့မှ ပစ်စဘတ်မှာ မအိပ်တော့ဘဲ နယူးယောက်ပြန်မည် ပြောသည်။ ...ဆုံး ကျွန်တော်တို့နှစ်ယောက်သည် ညကိုးနာရီ လေယာဉ်ခရီးစဉ်ဖြင့် နယူး...မြို့သို့ ပြန်လာခဲ့ကြပါသည်။ တစ်လမ်းလုံး လေယာဉ်ပျံပေါ်တွင် ကျွန်တော်တို့...ယောက်သား မက်ဘရက်ဒီထံသို့ သွားသင့်မသွားသင့် ဘယ်အချက်မှန်ကြောင်း...လာခဲ့ကြပါသည်။

အယ်လိန်းက ကျွန်တော့်အပြုံးကို မြင်သွား၍-

"အဲဒီလိုမှပေါ့၊ ရှင့်မျက်နှာပေါ်က ခုမြင်ရတဲ့အပြုံးဟာ တစ်ညလုံးမှာ ပထမ...တွေ့ရတဲ့အပြုံးပဲ၊ ရှင် မနက်ဖြန်မနက် ရုံးတက်မယ်ဆိုယင် တစ်ညလုံး ...လေယာဉ်ခရီးဒဏ်ကို ဖြေဦးမှပေါ့၊ ကျွန်မရဲ့ မျှော်စင်ဟိုတယ်မှာဆိုယင် ...တောင့်သက်သာ ပိုရှိမှာပါ"

"ကောင်းပြီလေ"

ကျွန်တော်သည် အောက်ကလိအာလေသံဖြင့် ပြန်ဖြေလိုက်...

ထိုစဉ် ကျွန်တော်တို့အနားသို့ အငှားကားတစ်စီး ရောက်လာ...သည် ကားထဲသို့ ကျွန်တော်တို့အိတ်များကိုတင်၊ အ...

www.burmeseclassic.com

www.burmeseclassic.com



တက်စေပြီးမှ ကျွန်တော်ပါ ကားပေါ်သို့ တက်လိုက်ပါသည်။ ပြီးမှ-

"မျှော်စင်ဟိုတယ်ကိုမောင်းပါ ဒရိုင်ဘာ"

ကျွန်တော်သည် အငှားကားဒရိုင်ဘာကို သွားရန်ခရီး ညွှန်ကြားလို

နောက် စီးကရက်တစ်လိပ် မီးညှိလိုက်ပါသည်။ ထိုစဉ် ကားဒရိုင်ဘာထံ မှ စကားသံ

ပြန်လာပါသည်။

"တယ်ဟုတ်ပါလားကွ ဘားနတ်ရဲ့၊ ကိုယ့်အဘိုးကြီးရဲ့ မော်တော်ကားတော

မမှတ်မိတော့ဘူးလား"

"ဖေဖေ"

ကျွန်တော့်ပါးစပ်မှ လွှတ်ကနဲ ထွက်သွားပါသည်။

မီးခြစ်ဆံမီးရောင်တွင် ဖေဖေ့မျက်နှာသည် ပြုံးပြုံးကြီး ပေါ်လာပါသည်

မော်တော်ကားသည် ဂီယာသွင်းလိုက်ပြီး ထွက်ပေါက်ရှိရာသို့ အရှိန်နှင့်ထိုးကွေ့လို

ပါသည်။

ကျွန်တော်က အလန့်တကြားနှင့်-

"ဘုရား ဘုရား ဖေဖေရယ် ကြည့်ပြီးမောင်းစမ်းပါဦး. . ."

နောက်ပိုင်းလောက်သာ မြင်ရသော ဖေဖေ့ခေါင်းသည် လှုပ်ရမ်းပြပါသည်

"စိတ်မကောင်းစရာညပါပဲကွာ"

ဖေဖေ့အသံမှာ ရယ်သံတစ်ဝက် နှောနေပါသည်။ ဖေဖေက-

"သားငယ်ငယ်တုန်းကဆိုယင် ဖေဖေ့ရဲ့မော်တော်ကားကို လေးငါးခြော

လမ်း အကွာကပဲ မှတ်မိတယ်၊ ခုတော့. . ."

ကျွန်တော်လည်း ရယ်မောလိုက်ပါ၏။ ကျွန်တော်က-

"ခုတော့လဲ မှတ်မိပါတယ် ဖေဖေရယ်၊ ကျွန်တော် ငယ်ငယ်တုန်းကတည်း

မှတ်မိတာက ဖေဖေ့ရဲ့ မော်တော်ကားကို မဟုတ်ဘူးဖေဖေရဲ့၊ ဖေဖေ ကားမောင်းကြ

ပုံကို မှတ်မိတာသိလား၊ ဖေဖေလဲ ဒီအတိုင်းမောင်းတာကို သတိထားနော်၊ တစ်

မဟုတ်တစ်နေ့ ဗိုင်းကနဲဆောင့်လိုက်လို့ ဆုတံဆိပ်တောင် မရလိုက်ဘဲနေမယ်"

ဖေဖေသည် ကားမောင်းနေယင်း မီးပွိုင့်အနီတွင် ခေတ္တရပ်လိုက်ရစဉ် နော

ကြည့်မှန်မှတစ်ဆင့် ကျွန်တော်တို့ကို ကြည့်ပြီး-

"ဒီနေ့နေ့လယ်တုန်းက မာဂီနဲ့ စကားပြောရတယ်၊ မာဂီက မင်း ပစ်စဘတ်

ရောက်နေတယ်တဲ့၊ ယနေ့ည ဒါမှမဟုတ် မနက်ဖြန် ပြန်လာလိမ့်မယ်တဲ့၊ အရေးကြီး

ကိစ္စတစ်ခု ဆွေးနွေးဖို့ သွားတယ်လို့ ပြောတာပဲ"

ဖေဖေ၏အကြည့်သည် နောက်ကြည့်မှန်မှတစ်ဆင့် အယ်လိန်းကို ကြည့်လို

ကြောင်း ကျွန်တော် သတိထားမိပါသည်။ မီးအစိမ်း ကားမောင်းထွက်လာခိုက် ကျွန်တော်





သဘောကျပြီး ပြုံးလိုက်မိပါသည်။ ဖေဖေကား တကယ့်တက္ကစီမောင်းသမား

ကောင်းကြီး ပီသလှပါသည်။ အမျိုးသမီးတစ်ဦးနှင့် တွဲလာသူတိုင်းကို အဆိုးဆုံး

ဖြစ်သည်ဟု ထင်မြင်ယူဆလိုက်ပြီးပုံ ရပါသည်။ ကျွန်တော်သည် ရယ်ချင်ချင်

သွားသည်နှင့် ဖေဖေ ထင်ချင်ရာထင်ပေစေဟု မသိကျိုးကျွင်ပြုနေလိုက်ပြီး-

"ဆွေးနွေးဖို့သွားရတဲ့ကိစ္စကတော့ တကယ့်ကြီးကြီးမားမားကြီးပါပဲ ဖေဖေ

ယ့်အဖြစ်ကတော့ ပုံပြင်ထဲကအတိုင်းပါပဲ ဖေဖေရာ၊ ဇရာမငါးကြီးမိတယ်၊ ဘယ်

တော့ လွတ်သွားပြီ ဆိုတာမျိုးပါပဲ"

ဖေဖေသည် ကျွန်တော်၏ ဝှေ့လည်ချောင်ပတ် စကားလွှဲနေခြင်းကို အလွဲ

။ သူက-

"ဒီက အမျိုးသမီးကရော အလုပ်ကိစ္စနဲ့ ပတ်သက်တာပဲလား"

ကျွန်တော်သည် အယ်လိန်းဘက်သို့ တစ်ချက်ကြည့်လိုက်ပါသည်၊ အယ်လိန်း

လည်း ကျွန်တော့်ဖေဖေ၏ သိချင်စိတ်ကိုစနေကြောင်း ရိပ်မိပုံရပါသည်၊ ထို့ကြောင့်

လိန်းနှုတ်ခမ်းပေါ်တွင် အပြုံးတစ်စကို မြင်ရပါသည်၊ ကျွန်တော်သည် ဖေဖေ

ကအောက်ဖြစ်နေခြင်းကို ကျေနပ်နေ၍ ပကတိ လေအေးအေးဖြင့်-

"ဟုတ်တယ်ပဲဆိုပါတော့ ဖေဖေရာ"

ထို့နောက်မှ ကျွန်တော်သည် အယ်လိန်းဘက်သို့လှည့်၍-

"အယ်လိန်း ဒါ ကိုယ့်ရဲ့ဖေဖေပဲ၊ တကယ်မဟုတ်တာ တွေးရမယ်ဆိုယင်

ဘွဲ့ရလောက်တဲ့ ပုဂ္ဂိုလ်ကြီးလေ၊ အဲဒီအကျင့်ကတော့ ကိုယ်နဲ့မပတ်သက်ဘူးနော်

မမွေးခင်ကတည်းက သူ့မှာရှိပြီးသား ပင်ကိုယ်သဘာဝဗျ"

ဖေဖေ့ကို လှမ်းကြည့်၍-

"ဖေဖေ၊ ဒါကတော့ မစ္စက်ရှိုင်လာပါပဲ"

အယ်လိန်းသည် ကျေနပ်စွာဖြင့်ပင်-

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ် မစ္စတာဂိုဝန်"

ဖေဖေသည် ခပ်ရှက်ရှက်ဖြင့် ခေါင်းညိတ်ပြလိုက်၏။ တကယ်တမ်း ဖြစ်လာ

တော ဖေဖေသည် ကျွန်တော့်မိတ်ဆွေများနှင့် တွေ့ဆုံရန် အလွန်ရှက်တတ်သူတစ်ဦး

ဖြစ်ပါသည်။

ကျွန်တော်က ရှင်းပြသည့်သဘောဖြင့်-

"မစ္စက်ရှိုင်လာက ကျွန်တော်နဲ့ လေယာဉ်တစ်စီးတည်းပါလာတဲ့ ခရီးသည်

ကျွန်တော်က သူ့ကို တည်းခိုမယ့် ဟိုတယ်ကို ဝင်ပို့ပေးပါ့မယ်ဆိုပြီး ခေါ်လာခဲ့တာ

ဖေဖေ"

အယ်လိန်းသည် ကျွန်တော်၏ ချိုးကွက်ထဲအတိုင်း ဆက်၍-

www.burmeseclassic.com

www.burmeseclassic.com



"ဘရက်ဒ်ဟာ အလွန်သဘောကောင်းတဲ့လူပါ မစ္စတာဂိုဝန်၊ ကျွန်မက တ တကန့်ဖြစ်နေပ့ါမယ်၊ လိုက်မပို့ပါနဲ့လို့ တောင်းပန်နေတဲ့အထဲက အတင်းလိုက်ပို့ တာပါ"

ဖေဖေက-

"ဘားနတ်ဟာ မိန်းကလေးတွေဆိုယင် ဒီလိုပဲ ကူညီချင်တဲ့စိတ်ကိုက ပိုတ တယ်၊ အထူးသဖြင့်တော့ ပိုချောလေ ပိုကူညီချင်တတ်လေပဲ"

အယ်လိန်းသည် အသံထွက်အောင် ရယ်လိုက်ပါသည်။ ပြီးမှ-

"အင်း. . . ခုမှပဲ မစ္စတာဂိုဝန်ရဲ့သားဟာ မိန်းကလေးတွေကို ဘယ်လိုပြော ပင့်ပြောဆိုနေမယ်ဆိုတာကို ဘယ်သူ့ဆီက အမွေရလာတယ်ဆိုတာ သိရပါပြီရှင်"

ဖေဖေသည် နောက်ပြောင်နေရာမှ ရုတ်တရက် တလေးတနက်ဖြစ်သွား

"ဘားနတ်ဟာ တကယ်တော့ လူတော်ကလေးတစ်ယောက်ပါ မစ္စက်ရှိုင်းယ သူ့မှာ အလွန်ချစ်စရာကောင်းတဲ့ သားသမီးနှစ်ယောက် ရှိပါတယ်၊ အဲဒါ ခင်ဗျား ပြောမပြဘူးလား၊ သားတစ်ယောက်က (၁၉) နှစ်ရှိပြီး ကောလိပ်မှာ၊ သမီးက အထက်တန်းကျောင်းမှာပဲ ရှိပါသေးတယ်"

အယ်လိန်းသည် သွားများပေါ်အောင် ပြုံးလိုက်ပြီး-

"ဟုတ်ကဲ့၊ ကျွန်မ သိပါတယ်ရှင်"

ဖေဖေကမူ ဆက်၍-

"ဘားနတ်ဟာ လင်ကောင်းတစ်ယောက်၊ ဖခင်ကောင်းတစ်ယောက်ပါပဲ။ သူ ယူထားတဲ့ မိန်းကလေးကလဲ သူနဲ့ အထက်တန်း ကျောင်းသူကျောင်းသားဘဝကတည်း က ငယ်ပေါင်းတွေဗျ"

ကျွန်တော်သည် အနေရအထိုင်ရ ခက်လာပါသည်။ ဖေဖေသည် ဘာစိတ် များပေါက်ပြီး ဤသို့ပြောနေသည်ကို ကျွန်တော် နားမလည်နိုင်ပါ။ ဖေဖေ့စကား ဖြတ်၍-

"ဖေဖေကလဲ ဘာတွေလျှောက်ပြောနေတာလဲ၊ မစ္စက်ရှိုင်းလာက ကျွန်တော် ရဲ့ ပျင်းစရာဘဝဇာတ်လမ်းကြီးကို ဘယ်နားထောင်ချင်မှာတုန်း၊ တော်ပါတော့"

အယ်လိန်းက ဝင်၍-

"ဆက်ပြောပါ မစ္စတာဂိုဝန်၊ ကျွန်မ တကယ်ပဲ စိတ်ဝင်စားပါတယ်"

အယ်လိန်း၏အသံမှာ တစ်မျိုးဖြစ်နေသည်ဟု ကျွန်တော့်စိတ်ထဲမှာ ထင် သည်။

ဖေဖေ့အတွက်မူ ထိုမျှလောက် ထောက်ခံမှုရလျှင် လုံလောက်သွားပြီ ဖြစ်၏။ ထိုအချိန်မှစ၍ ဖေဖေသည် အယ်လိန်း၏ ဟိုတယ်ရှေ့အထိ မရပ်မနား ကျွန်တော့်ဇာတ်





ပြောပြပါလေတော့သည်။ ကျွန်တော်ကိုယ်တိုင်ပင် ပျင်းစရာကောင်းလှကြောင်း ပြည့်ဖြစ်ပါသည်။ ဘယ်သူကများ ကျောင်းသားဘဝက ကျွန်တော်ဘယ်လောက် ကြောင်း၊ အထက်တန်းပညာကိုပင် မအောင်မြင်ခဲ့ကြောင်းများ ပြောကြားနေသည် ဝင်စားပါမည်နည်း။ အယ်လိန်း၏ ဟိုတယ်ရှေ့မှောက် ရောက်သွားသောအခါ သွားမိပါ၏။

"ကျွန်တော့်ကို ဖေဖေ စောင့်နေဦးနော်၊ ကျွန်တော် မစ္စက်ရှိုင်းလာကို ဟိုတယ် လိုက်ပို့လိုက်ဦးမယ်"

ပြောပြောဆိုဆို လက်ဆွဲအိတ်ကိုဆွဲ၍ ကားပေါ်မှ ဆင်းလိုက်ပါ၏။

အယ်လိန်းသည် ဖေဖေ့ကို လက်ဆွဲနှုတ်ဆက်ပါသည်။ ပြီးမှ ကျွန်တော့် သို့ လိုက်ပါလာခဲ့ပါသည်။ ဟိုတယ်ပေါက်ဝသို့ ရောက်သောအခါ အယ်လိန်းက-

"ရှင့်ရဲ့အဖေဟာ ရှင့်အတွက် ဂုဏ်ယူနေတယ်နော်"

ကျွန်တော်တို့နှစ်ဦးသည် ဟိုတယ်ဧည့်ခန်းသို့ ကျော်ဖြတ်၍ ဓာတ်လှေကား ရောက်လာကြပါသည်။ ကျွန်တော်က-

"ကိုယ်က သူ့ရဲ့ တစ်ဦးတည်းသော သားလေ၊ ဒီတော့ သာသာထိုးထိုးပဲ များပေါ့လေ"

အယ်လိန်း၏နှုတ်ခမ်းပေါ်တွင် ထူးဆန်းသော အပြုံးရိပ်တစ်ခု ထင်နေပါ

အယ်လိန်းက-

"ရှင့်အဖေ ဂုဏ်ယူမယ်ဆိုလဲ ဂုဏ်ယူလောက်စရာပါပဲ၊ ရှင်ကလဲ ထူးချွန်တဲ့ တစ်ယောက်ပါပဲ"

အယ်လိန်း၏အသံမှာ နာကျင်သံ ပါနေသည်ဟု ကျွန်တော် ထင်မိပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဝေခွဲတတ်နိုင်ခြင်း မရှိ။ အယ်လိန်း၏ ရင်ထဲစိတ် ကျွန်တော် မခန့်မှန်းနိုင်သော အမြင်အတွေးတစ်ခု ရှိနေပုံရ၏။ ကျွန်တော်က ဖြင့်-

"အယ်လိန်းရယ်၊ ဘာတွေများ မှားယွင်းနေလို့လဲ"

အယ်လိန်းသည် ခေါင်းကို ခါရမ်းပြပြီး-

"ဘာမှလဲ မမှားပါဘူး၊ အကုန်လဲ မှားနေတာပဲ"

ကျွန်တော်က-

"ကိုယ် ဖေဖေ့ကို ပြန်လွှတ်လိုက်မယ်လေ၊ ဖေဖေ့ကို ကိုယ့်ကားသားနဲ့ ရှိရာပဲ မောင်းပို့ခိုင်းမယ်လေ၊ ပြီးတော့ ကိုယ့်ဘာသာကိုယ် ကားနဲ့အိမ်ပြန်သွား လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အယ်လိန်းသည် ဒေါသလေသံဖြင့်-

"အဲဒီလို မရှုးစမ်းနဲ့လေ၊ ရှင့်အဖေက လေဆိပ်ကို ဘာလို့လာစောင့်နေတာ မှတ်လို့လဲ၊ ရှင့်ကို အိမ်ပြန်ပို့ချင်လို့ လာကြိုနေတာပဲ၊ ဒါကို ရှင်မသိဘူးလား"

အယ်လိန်း၏စကားကြောင့် ဇာတ်ရည်လည်ပါတော့သည်။ ဖေဖေသည် ကျွန်တော် ယနေ့ည ပြန်မလာနိုင်ကြောင်း မာဂီကို ပြောလိုက်သည်ကို သိနိုင်မည်မဟုတ်၊ ကျွန်တော် ပြန်မလာနိုင်ကြောင်း မာဂီကိုပြောလိုက်ချိန်မှာ ညနေပိုင်းမှဖြစ်သည်။ ဖေဖေ မာဂီနှင့် စကားပြောရချိန်မှာ နေ့ခင်းပိုင်းတုန်းက ဖြစ်သည်။ လေဆိပ်တွင် ဖေဖေ မော်တော်ကား ထွက်လာစဉ်ကတည်းကပင် အဖြစ်မှန်ကို ကျွန်တော် သိနိုင်လောက်၏။ အဖေ့ကားသည် အငှားကားများ ရပ်စောင့်နေရာအရပ်မှ ထွက်ပေါ်လာခြင်း မဟုတ်၊ သီးသန့်ကားများ ရပ်နေရာမှ ထွက်လာခဲ့ခြင်းဖြစ်သည်။ ဖေဖေသည် ကျွန်တော့်ကို တမင်လာစောင့်နေခြင်းသာ ဖြစ်ရမည်ပင်။ ဖေဖေသည် နေ့ခင်းက ကျွန်တော် မာဂီကို ပြောကြားခဲ့သည့်စကားအရ ကနေ့ပြန်လာနိုင်ကောင်း ပြန်လာနိုင်မည်ဟူသော စကား လေးတစ်ခွန်းကြောင့် လာလိုလာငြား လာစောင့်နေခြင်းသာ ဖြစ်ရမည်ဖြစ်၏။

ကျွန်တော်က ခါးသီးသောလေသံဖြင့်-

"ကိုယ်တို့ ပစ်စဘတ်မြို့မှာပဲ နေကြရအောင်လို့ ကိုယ်ပြောသားပဲ"

အယ်လိန်း၏အသံမှာ အသက်မပါလှပေ။ သူမက-

"ခုမှတော့ ဘာမှမထူးတော့ပါဘူး"

ကျွန်တော်သည် အယ်လိန်းကို ကြည့်လိုက်ပါသည်။ သူမ၏ မျက်လုံးများ တွင် နာကျင်သော အရိပ်များ ပြန်လည်ထိုးဖောက် ဝင်ရောက်လာကြပြန်ပြီ ဖြစ်ပါ၏။ အယ်လိန်း၏နာကျင်မှုသည် ကျွန်တော့်ရင်သို့လည်း ကူးစက်၍လာပါသည်။ ကျွန်တော့် ရင်အစုံသည်လည်း ဆတ်ဆတ်ခါသာ နာကျင်၍လာပါသည်။ ကျွန်တော်တို့နှစ်ဦး စကားမပြောဖြစ်ကြပါ။ ကျွန်တော်သည် အယ်လိန်း၏မျက်နှာပေါ်မှ ကြေကွဲမှုအရိပ်များ ပြန့်ပွားလာသည်ကိုသာပဲ ကြည့်နေရပါသည်။ ဓာတ်လှေကားတံခါး ပွင့်သွားသည်။ အယ်လိန်း အထဲသို့ ဝင်လာပါသည်။

ကျွန်တော်လည်း ဆွဲလာသောအိတ်ကို လှမ်းပေးယင်း-

"ကိုယ် နောက်တော့ ဖုန်းဆက်လိုက်ပါ့မယ်"

ကျွန်တော်သည် ဘာမှမတတ်နိုင်ဘဲ ဤမျှသာ ပြောလိုက်နိုင်ပါသည်။

အယ်လိန်း၏ မျက်လုံးအိမ်သည် မျက်ရည်ရိပ်များ သမ်းလာပါသည်။ အယ် လိန်းသည် ခေါင်းညိတ်၍ပဲ ပြပါသည်။ စကားမပြောပါ။

ကျွန်တော်သည် ဓာတ်လှေကားတံခါးမပိတ်မီ-

"ဂွတ်နိုက် ဒါလင်"



ကျွန်တော်သည် ဟိုတယ်ထဲမှ အပြင်သို့ ထွက်လာခဲ့ပြီး ကားရှိရာသို့ လျှောက် လာခဲ့ပါသည်။ ကားထဲသို့ ပန်းလျှစွာ ဝင်ထိုင်ချလိုက်၍-

"OK ပဲ ဖေဖေ၊ သွားစို့"

ဖေဖေသည် လေဆိပ်မှ ကားမောင်းထွက်လာခဲ့၏။ လမ်းမကျယ်ကြီး ရောက် သည်အထိ စကားတစ်ခွန်းမှ မပြောပေ။ ဟိုက်ဝေးလမ်းမကြီးပေါ် ရောက်ပါမှ ကား နောက်ကြည့်မှန်ထဲမှ ကျွန်တော့်ကို လှမ်းကြည့်လိုက်ပြီး-

"အတော်ချောတဲ့ မိန်းမပဲနော် ဘားနတ်"

ကျွန်တော်က ခေါင်းညိတ်၍-

"ဟုတ်တယ်ဖေဖေ၊ ချောတယ်"

"မင်း သူနဲ့ ဘယ်လိုလုပ်ပြီး သိတာလဲ"

ကျွန်တော်သည် မထူးတော့ပြီဖြစ်၍ အယ်လိန်း၏အကြောင်း၊ အယ်လိန်းနှင့် ဘယ်ပုံဘယ်နည်း စတင်သိကျွမ်းရပုံတို့ကို ဖြည်းဖြည်းချင်း ပြောပြလိုက်၏။ ကျွန်တော် စကားဆုံးသောအခါ ဖေဖေသည် စိတ်မကောင်းစွာဖြင့် ခေါင်းကို ခါရမ်းလိုက်ပြီး-

"သနားစရာ အဖြစ်ပါကလား"

ထိုစဉ် ဖေဖေ၏ကားသည် ကျွန်တော်တို့အိမ် လမ်းချိုးထဲသို့ ဝင်လိုက်သဖြင့် ကျွန်တော့်စိတ်များသည် သက်သာရာရသွားပါသည်။ ကျွန်တော့်စိတ်ထဲတွင်လည်း ထို အကြောင်းကို ဆက်၍မပြောချင်တော့ပါ။ ကျွန်တော်သည် လက်မှနာရီကို ကြည့်လိုက် သည်။ အချိန်မှာ ည (၁၂) နာရီကျော်နေပြီဖြစ်၏။ ကျွန်တော်က-

"ဖေဖေ၊ ညဉ့်လဲနက်လှပြီ၊ ဖေဖေ အိမ်မပြန်ပါနဲ့တော့၊ ကျွန်တော်တို့အိမ်မှာပဲ အိပ်လိုက်ပါတော့"

ထုံးစံအတိုင်းပင် ဖေဖေသည် သူ၏လွတ်လပ်မှုကို ဆုပ်ကိုင်လိုက်ပြန်သည်။ သူက-

"မဟုတ်တာပဲ ဘားနတ်ရယ်၊ ဒီအချိန်ဟာ အစောကြီး ရှိပါသေးတယ်ကွယ့်၊ ဒီနေ့ဝင်ငွေတွေက ရှေ့မှာ အများကြီး ငါ့လူ"

ထုံးစံအတိုင်းပင် ကျွန်တော်က ဖေဖေ့ကို အတင်းတိုက်တွန်းပြန်ပါသည်။

"နေပါဖေဖေရယ်၊ ဒါမှ မနက်ဖြန်ကျတော့ ကျွန်တော်တို့နှစ်ယောက် အတူတူ ...ကလို့ရတာပေါ့၊ ဒါမှမဟုတ်ယင် ကျွန်တော်တစ်ယောက်တည်း မီးရထား စီးနေရဦးမှာ"

ကျွန်တော့်ကို မြင်လိုက်ရသောအခါ မာဂီသည် အံ့သြ၍သွားပါသည်။ ကျွန်တော် ... မက်ဘရက်ဒီနှင့် ညစာစား ဆွေးနွေးကြမည့်အစီအစဉ်မှာ အချိန်နှောင့်နှေး ... အကြောင့် ကျွန်တော်လည်း ဟိုမှာနေ၍ အကြောင်းမထူးသည့်အတွက် ညတွင်း ... ပြန်လာခဲ့ကြောင်း ရှင်းပြလိုက်၏။ ထိုစဉ် သမီးဂျင်နီလည်း အပေါ်မှ ...

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်တော်တို့လေးယောက်သား မီးဖိုချောင်ထဲမှာပင် ကော်ဖီတစ်အိုးနှ
သောက်ကြပါသည်။ ကျွန်တော်က အပြန် လေယာဉ်ပေါ်တွင် အယ်လိန်း ခရီးကြုံ
လာကြောင်း စကားစပ်၍ ပြောမိပါသည်။ ထိုအခါ ဖေဖေ့မျက်နှာပေါ်တွင် တစ်မျိုး
သား ဟူသောအကြည့်ကို တွေ့လိုက်ရပါ၏။ သို့သော် ကျွန်တော်က မက်ဘရက်ဒီ ကျွန်ေ
ကို ဝယ်ယူရန်ကြိုးစားကြောင်း ပြောလိုက်သောအခါ အားလုံးသည် ထိုအချက်
စိတ်ဝင်စားသွားကြပြီး အယ်လိန်းအကြောင်းမေ့လျော့၍ သွားကြပါသည်။

ကျွန်တော်တို့ စကားဝိုင်းသည် ညတစ်နာရီခွဲလောက်တွင် ပြီးဆုံးသွာ
ကျွန်တော် လမ်းထိပ်ထွက်ပြီး အယ်လိန်းထံ ဖုန်းဆက်၍ မဖြစ်နိုင်တော့သဖြင့် အိ
ခဲ့ရပါသည်။

အိပ်ရာထဲ ရောက်သော်လည်း ကျွန်တော့်စိတ်များမှာ လှုပ်ရှား၍နေပါသ
အိပ်၍မရပါ။ ကျွန်တော်သည် အိပ်ရာထက်တွင် တလူးလူးလိမ့်လိမ့် ဖြစ်၍နေပါသ
ထိုအချိန်က ကျွန်တော့်နံဘေး ရောက်လာမှန်းမသိသည့် မာဂီ၏လက်ကစ်ဘက်
ကျွန်တော့်ပခုံးကို လာ၍ပွေ့ဖက်ပါသည်။

မာဂီက-

"ဘာတွေများဖြစ်နေတာလဲ ဘရက်ဒ်၊ အိပ်လို့မရဘူးလား"

မာဂီ၏အသံမှာ ပကတိ နူးညံ့လှပါသည်။

ကျွန်တော်ကမူ တိုတောင်းစွာဖြင့်ပင်-

"ဘာမှမဖြစ်ပါဘူး၊ စိတ်ထဲမှာ တွေးစရာတွေက များနေလို့ထင်ပါတယ်"

"တွေးစရာကလဲ ရှိနေတာကိုး"

မာဂီသည် လေသံတိုးတိုးဖြင့် ဆိုပါသည်။ နောက် ကျွန်တော့်အိပ်ရာထဲ
ဝင်လာအိပ်ပါသည်။ မာဂီသည် ကျွန်တော့်ကို ပွေ့ဖက်ပြီး ကျွန်တော့်ကို တက
ကလေးငယ်ကလေးပမာ ချော့သိပ်ပါသည်။

"အိပ်၊ စိတ်ကိုလျှော့ပြီး နားလိုက်"

ပထမတွင်တော့ ကျွန်တော့်စိတ်များမှာ တောင့်တောင့်တင်းတင်းကြီး ဖြစ်
ပါသည်။ သို့သော် တဖြည်းဖြည်းချင်း လျှော့ပါး၍သွားပါသည်။ နံဘေးမှ ကျွန်တော်
ပွေ့ဖက်ထားသော ဇနီး၏ရင်ခွင်မှာ တဖြည်းဖြည်း နွေးထွေး၍လာပါသည်။ ကျွန်တေ
သည် မျက်လုံးအစုံကို မှိတ်လိုက်ပါ၏။

❑

မနက် ရုံးသို့ရောက်ရောက်ချင်း ကျွန်တော် ပထမဆုံး လုပ်မိသည့်အလုပ်



…လိန်းထံသို့ ဖုန်းဆက်ခြင်းပင် ဖြစ်ပါသည်။ ဟိုတယ် တယ်လီဖုန်းအော်ပရေတာ၏
…မှာ ကျွန်တော့်အတွက် အံ့သြစရာမဟုတ်ပါ။ ကျွန်တော့်စိတ်ထဲတွင် ဘယ်လိုသိ
…ည်ကိုဖြင့် ကျွန်တော်မသိပါ။ မနေ့ညက အယ်လိန်း ဓာတ်လှေကားထဲ ဝင်သွားသည်
…လိုဖြစ်လိမ့်မည်မှန်း ကျွန်တော် အလိုလိုသိနေပါသည်။ သို့တိုင် နားနှင့် ဆတ်ဆတ်
…သောအခါ ကျွန်တော် မယုံချင်ပါ။ ထို့ကြောင့် ကျွန်တော်သည် အော်ပရေတာ၏
…ကို မကြားလိုက်သလိုဖြင့်-

"ဘာပြောတယ်"

အော်ပရေတာ၏ ပြန်ဖြေသံမှာ ဝေးလံခေါင်သီလွန်းလှသည်ဟု ကျွန်တော်
…သည်။ တာဝန်အရ ထမ်းဆောင်နေရသူတစ်ဦးက စိတ်မရှည်စွာဖြင့် ဖြေဆိုရသည့်
…မှ ဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲက ဝေးလံလှသည်ဟု ထင်ရသော်လည်း ကြားရ
…အသံမှ ရှင်းလင်းပြတ်သားလှပါသည်။

"မစ္စက်ရှိုင်လာ ကနေ့မနက်ပဲ ဒီဟိုတယ်က ထွက်သွားပါပြီရှင်"

ဟူ၍။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နေ့လယ် သုံးနာရီအချိန်လောက် ရောက်သောအခါ ကျွန်တော်သည် စိတ်မာတ် အားကြီးကျနေပါသည်။ ပထမ ကျွန်တော့်ရင်ထဲတွင် စိတ်ဆိုးသည်။ နောက်တော့ ကျွန်တော့်ရင်သည် နာကျင်၍လာပါသည်။ အယ်လိန်းသည် ယခုကဲ့သို့ ထွက်ပြေးရန် မလိုပါ။ ကျွန်တော်တို့သည် လူကြီးများ ဖြစ်နေကြပြီဖြစ်ပါသည်။ သည်အရွယ်ရောက်ပြီမှ ကျွန်တော်တို့ ချစ်မိကြပါသည်။ သို့အတွက် ခက်ခဲကြမ်းတမ်းသော အခြေအနေသို့ ရောက်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ထွက်ပြေး၍ မရနိုင်ပါ။ အချစ်တို့ ပုန်းရှောင် ခိုအောင်းနေဖို့ နေရာမရှိပါ။

ထိုသို့သော အခြေအနေမျိုးကို မေ့မေ့လျော့လျော့ ဖြစ်နေအောင် လုပ်နိုင်မည့်နည်းလမ်းမှာ တစ်ခုသာရှိပါသည်။ ကျွန်တော်သည် အလုပ်ထဲ၌ အတင်းမြုပ်နှံ၍ ဖိလုပ်ကိုင်လိုက်ခြင်း ဖြစ်ပါသည်။ နေ့ခင်းပိုင်းရောက်ချိန်တွင် ကျွန်တော်သည် ကျွန်တော့် ရုံးမှာရှိ လူအားလုံးကို မရှုံးရုံတမယ် နှိပ်စက်ပြီး ဖြစ်နေပါသည်။ ကျွန်တော်ကိုယ်တိုင် ဘီလူးက, ကနေကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော်သည် နေ့လယ်စာပင် ထွက်၍မစားပါ။ သို့သော် ကိုယ့်ကိုယ်ကိုယ် ဤမျှ ဤမျှနှိပ်စက်၍ ခိုင်းစေနေသော်လည်း တကယ်တမ်း၌ ဘာမှအကြောင်းမထူးပါ။ ဝေဒနာသည် ရင်ထဲမှာ တရစ်ဝဲဝဲ ပြန်၍ပြန်၍ တလိပ်လိပ် တက်လာပါသည်။ နောက်ဆုံး သည်းမခံနိုင်သည့် အခြေအနေထိ ရောက်လာပါတော့သည်။

ကျွန်တော်သည် ကျွန်တော်၏ သီးသန့်ရုံးခန်းထဲမှ လူအားလုံးကို မောင်းထုတ်လိုက်ပါသည်။ အတွင်းရေးမှူးမကလေး မစ်ကီအားလည်း ကျွန်တော့်ကို အဆင်မပြေ အနှောင့်အယှက်ရန် အမိန့်ထုတ်လိုက်ပါသည်။ ပြီးမှ စကော့ဝီစကီတစ်လုံး ဖွင့်လိုက်ပြီး ခွက်တစ်ခွက်ထဲသို့ လောင်းထည့်လိုက်ပါသည်။ မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ ကျွန်တော်၏ခေါင်းများသည် ကျွန်တော်၏ အသည်းနှလုံးများပမာ နာကျင်ကိုက်ခဲ၍ လာပါတော့သည်။

ထိုစဉ် ကျွန်တော်၏ သီးသန့်ဖုန်းသည် မြည်လာပါသည်။ ဤဖုန်းမှာ ကျွန်တော်၏ ရုံးဖုန်းမှတစ်ဆင့် ဆက်သွယ်ထားသည့်ဖုန်း မဟုတ်ပါ။ မစ်ကီမှတစ်ဆင့် လာသော ဖုန်းမဟုတ်ပါ။ ကျွန်တော့်ရုံးခန်းထဲသို့ တိုက်ရိုက်ဆက်သွယ်ထားသည့် ဖုန်းဖြစ်ပါသည်။ ကျွန်တော်သည် တဂွမ်ဂွမ်မြည်နေသော တယ်လီဖုန်းကို သည်အတိုင်း အကြာကြီး စိုက်ကြည့်နေပါသည်။ ကျွန်တော်သည် ယခုအချိန်၌ ဖုန်းပြန်၍ ပြောကြားခြင်း မပြုလိုပါ။ ကျွန်တော်၏ သီးသန့်ဖုန်းကိုသုံးပြီး ဆက်သွယ်မည့်သူမှာ မာဂီတစ်ယောက်သာ ရှိပါသည်။ သည်အချိန် သည်အခြေအနေမျိုးတွင် မာဂီနှင့် ကျွန်တော် စကားမပြောချင်ပါ။ ပြောနိုင်သည့်အင်အား ကျွန်တော့်မှာမရှိပါ။

သို့သော် ဖုန်းကမူ ဆက်လက်၍ မြည်မြဲမြည်နေပါသည်။ နောက်ဆုံး စနေ ဆာတော့ဘဲ ကျွန်တော့်စားပွဲပေါ်ရှိ ဖုန်းရှိရာသို့ လျှောက်လာခဲ့ပြီး ဖုန်းခွက်ကိုမယူ၍ ကိုင်လိုက်ရပါသည်။ ပြီးမှ-

"ဟဲလို"

ဟု ခပ်မာမာ ထူးလိုက်ပါသည်။

ဖုန်းခွက်ထဲမှ ပေါ်လာသောအသံမှာ တစ်ခွန်းသာ ဖြစ်ပါသည်။

"ဘရက်ဒ်"

ဖုန်းခွက်ထဲမှ အသံကို ကြားလိုက်ရသည်နှင့် ကျွန်တော့်အသည်းနှလုံးများသည် ဆတ်ဆတ်ခုန်လာပါတော့သည်။

ကျွန်တော်က ဘီလူးသဘက်လို လေသံဖြင့်-

"မင်း အခု ဘယ်ကဆက်နေတာလဲ"

"အန်ကယ် မက်သရူးအိမ်ကပါ"

အယ်လိန်းကမူ ရိုးရိုးကလေးပင် ဖြေပါသည်။

ကျွန်တော့်စိတ်ထဲမှာ နည်းနည်းအေးသွားပါသည်။ ကျွန်တော်က-

"မင်း ကျုပ်ဆီက ထွက်ပြေးသွားပြီလို့ ထင်နေတာ"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

အယ်လိန်းကမူ ရှင်းရှင်းပဲ ပြန်ဖြေပါသည်။

ရုတ်တရက် ကျွန်တော်သည် ဘာပြန်ပြောရမည်ကို မသိတော့ပါ။ ကျွန်တော်၏ နားထင်နားရင်းများမှာ ထူပူနေပြီး တစ်ခေါင်းလုံးမှာ ကိုက်ခဲလျက်ရှိပါသည်။ ကျွန်တော် မေးနိုင်သောမေးခွန်းမှာ တစ်လုံးတည်းပဲ ဖြစ်ပါသည်။

"ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ. . ."

"ရှင်ဟာ ကျွန်မအတွက် မဟုတ်ပါဘူး ဘရက်ဒ်"

အယ်လိန်း၏အသံမှာ တိုးတိုးကလေးဖြစ်၍ ကျွန်တော်သည် သဲ့သဲ့က… မနည်းကြားရအောင် နားထောင်နေရပါသည်။ အယ်လိန်းက ဆက်၍-

"ခုတော့ ကျွန်မသိပါပြီ၊ အထူးသဖြင့် မနေ့ညကတော့ ပိုပြီး သဲသဲကွဲကွဲ သိသွားရပါပြီ တကယ်တော့ ကျွန်မကိုယ်တိုင်ကလဲ စိတ်မထိန်းနိုင် မသိမ်းနိုင် ဖြစ်ခဲ့ ပါတယ်လေ"

ကျွန်တော်က အမြန်အထက်-

"ကိုယ့်ဖေဖေဟာ သက်ကြီးရွယ်အိုတစ်ယောက်ပါကွယ်၊ သူ့အကြောင်း … မသိပါဘူး"

အယ်လိန်းက စကားဖြတ်၍-

"ကျွန်မ သိပ်သိပါတယ် ရှင်ရယ်၊ ကျွန်မကိုယ်ကျွန်မလဲ မသိနိုင် နားမလည်နိုင်တဲ့လူ ဖြစ်ပါရစေလို့ ဆုတောင်းမိပါရဲ့၊ ဒါပေမယ့် မရဘူး၊ ကျွန်မ အားလုံးသိနေပါပြီ ကျွန်မ ဘာဖြစ်လို့များ ရှင်နဲ့ ဇာတ်လမ်းစခဲ့မိပါလိမ့်ဆိုတာတော့ ကျွန်မကိုယ်ကျွန်မ နားမလည်နိုင်ပါဘူး၊ ကျွန်မအတွက် နေရာမှမရှိတာပဲ"

"အယ်လိန်းရယ်. . ."

ကျွန်တော့်ရင်ထဲမှ ဝေဒနာသည် ကျွန်တော့်တစ်ကိုယ်လုံးကို ပျံ့နှံ့ကူးစက်နေ သည်ကို ကျွန်တော့်စိတ်ထဲမှာ ကောင်းကောင်းကြီး သိမြင်ခံစားနေရပါသည်။

အယ်လိန်းကမူ ကျွန်တော်ကဝင်၍ စကားတစ်ခွန်းမှ မပြောလိုက်သည့်အတိုင်း ဆက်၍-

"ကျွန်မဟာ တစ်ကိုယ်ထီးတည်း အထီးကျန်ဖြစ်နေလွန်းလို့များ အဲဒီလို ဖြစ် သွားရလေသလား၊ ဒါမှမဟုတ် ကျွန်မဟာ ကျွန်မရဲ့ ကွယ်လွန်သွားတဲ့ခင်ပွန်း ဒေးဗစ်ကို သိပ်ပြီးတမ်းတနေမိလို့လားတော့ မသိနိုင်ဘူးလေ"

ကျွန်တော်သည် ကယောင်ကတမ်းဖြင့်-

"အဲဒီလို မဟုတ်ပါဘူး အချစ်ရယ်၊ ဒါကို မင်းလဲ ကောင်းကောင်းကြီး သိပါ တယ်"



အယ်လိန်း၏အသံကမူ ပင်ပန်းလှနေပါသည်။ အယ်လိန်းက-

"ခုတော့ ဘယ်အကြောင်းအချက်ဟာ အမှန်ဆိုတာ ကျွန်မလဲ မသိတော့ပါ ဘူး ဒါင်းလေ. . . ဘာပဲဖြစ်ဖြစ် အဲဒါတွေလဲ အရေးမကြီးတော့ပါဘူး၊ ခု ကျွန်မ သိ …ရတာကတော့ တစ်ခုပါပဲ၊ ရှင်ဟာ ကျွန်မအတွက် မဟုတ်ဘူးဆိုတာပါပဲ၊ ဒီတော့ …ကိုယ်တိုင် ပြင်မရတဲ့အမှား မမှားခင်၊ ကုမရတဲ့ ဒဏ်ရာဝေဒနာမရခင် ကျွန်မ …ပြေးရတော့မှာပဲပေါ့"

ကျွန်တော်သည် အယ်လိန်း၏စကားများကို ကန့်ကွက်သောအားဖြင့်-

"ဒါပေမယ့် ကိုယ့်အချစ်ကို ထည့်ပြီးစဉ်းစားပါဦး အယ်လိန်းရယ်. . .၊ အယ် …ကို ကိုယ်ချစ်တယ်၊ ကိုယ် မင်းကို ဘယ်လောက်ချစ်သလဲဆိုယင် ဒီမနက် မင်းတည်း …ခဲ့တဲ့ ဟိုတယ်မှာ ဆက်သွယ်မရတဲ့ အချိန်ကစပြီး တစ်မနက်လုံး ကိုယ်ဟာ နေမထိ …သော ဝေဒနာ ခံစားနေခဲ့ရပါတယ်၊ မင်းဟာ ကိုယ့်ဘဝအတွက် တစ်ခါမှ မရှိဖူး …ခဲ့တဲ့ အဖြစ်မျိုးပါကွယ်၊ ကိုယ်တို့နှစ်ယောက် အတူရှိနေကြတဲ့ အချိန်ဟာ လောက …မှာ ယောကျာ်းတစ်ဦးနဲ့ မိန်းမတစ်ဦးတို့ရဲ့ ပြီးပြည့်စုံတဲ့အဖြစ်မျိုးပါ၊ ကိုယ်တို့နှစ် …က် အတူရှိနေတဲ့ကာလဟာ နှစ်ဦးနှစ်ယောက်ရှိနေတာ မဟုတ်တော့ပါဘူး တစ် …တည်း တစ်ယောက်တည်းပဲရှိတဲ့ အဖြစ်မျိုးပါ၊ ကိုယ်တို့နှစ်ယောက်ဟာ တကယ် … နှစ်ယောက်မဟုတ်ပါဘူး၊ တစ်ယောက်တည်းပါ"

အယ်လိန်း၏အသံက ကျွန်တော့်စကားကို ဝင်ဖြတ်လိုက်ပါသည်။

အယ်လိန်းက-

"မဖြစ်နိုင်ပါဘူး ဘရက်ဒ်ရယ်၊ ကျွန်မတို့ မနိုင်နိုင်ပါဘူး၊ ကျွန်မတို့မှာ လွတ် …တ်နိုင်တဲ့ထွက်ပေါက် မရှိပါဘူး"

ကျွန်တော်က အော်၍-

"အယ်လိန်း. . . အယ်လိန်း မင်း ကိုယ့်ကို ပစ်မသွားနိုင်ပါဘူး အယ်လိန်း …"

အယ်လိန်းက တည်ငြိမ်စွာဖြင့်-

"ကျွန်မ ပစ်မပြေးပါဘူး၊ ကျွန်မစိတ်ထဲမှာ ကျွန်မတို့နှစ်ဦး မတွေ့မဆုံခဲ့ဘူး … သတ်မှတ်လိုက်မှာပါ"

ခါးသီးသော ဝေဒနာသည် ကျွန်တော့်တစ်ကိုယ်လုံးအပြည့် ခံစားသိလိုက်ရ …၊ ကျွန်တော်က အော်၍-

"မင်းအတွက်ကတော့ ဟုတ်မှာပေါ့လေ၊ ဒါပေမယ့် ကိုယ့်အတွက်ကတော့ … သတ်မှတ်လိုက်လို့ မဖြစ်နိုင်ဘူးလေ၊ မင်းနဲ့ မတွေ့မဆုံခဲ့ဘူးလို့ သတ်မှတ်… မဖြစ်နိုင်ဘူး၊ ကိုယ် လူ့လောကထဲမှာ မမွေးခဲ့ဘူး၊ လူဖြစ်မလာခဲ့ဘူးလို့ …

www.burmeseclassic.com

www.burmeseclassic.com



တာမှ ဖြစ်နိုင်ဦးမယ်"

အယ်လိန်း၏အသံကမူ ပကတိ တည်ငြိမ်နေပါသည်။ အယ်လိန်းက-

"အဲဒီလိုမျိုးပါပဲ ဘရက်ဒ်၊ အဲဒီလို လူဖြစ်မလာခဲ့ဘူးလို့ သတ်မှတ်ရပုံမျိုးပဲ"

ကျွန်တော်သည် ဘာမှပြန်မပြောနိုင်တော့ပါ။

ကျွန်တော့်တွင် ပြန်ပြောနိုင်သည့်အင်အားလည်း မရှိပါ။

ပြန်ပြောစရာစကားလုံးလည်း မရှိတော့ပါ။

"ဘာပဲဖြစ်ဖြစ်လေ"

အယ်လိန်း၏ စကားလုံးများမှာ ကျွန်တော့်အသည်းထဲသို့ ထိုးစိုက်ဝင်လာသော ဓားသွားနှင့်တူလှပါသည်။ အယ်လိန်းပြောနေသည့် လေယူလေသိမ်းကမူ ထို… ကျွန်တော့်အသည်းထဲမှာ စိုက်ဝင်နေသော ဓားသွားကို လှုပ်ခါလှည့်ပတ်လိုက်သည်နှင့် တူလှပါသည်။

အယ်လိန်းက-

"ကျွန်မ အခု ဖုန်းဆက်ပြောရတဲ့ အကြောင်းက အန်ကယ်မက်ဟာ န… ယောက်ကို အလုပ်ကိစ္စနဲ့ သွားမယ်ပြောပါတယ်၊ အဲဒါ ရှင့်ရဲ့ရုံးခန်းကိုလဲ အချိန်ရယ်… ဝင်သွားမယ်လို့ ပြောသံကို ကျွန်မကြားလိုက်တယ်၊ အဲဒါ ဘရက်ဒ်သိရအောင် အကြောင်း… ကြားတာပါ၊ ဒါပါပဲ ဘရက်ဒ်၊ ဂွတ်ဘိုင်"

ပြောပြောဆိုဆို အယ်လိန်းသည် ဖုန်းအဆက်အသွယ် ဖြတ်တောက်လိုက်… သည်။

ကျွန်တော်သည် စောစောက ကျွန်တော့်အား ဝေဒနာပေါင်းစုံပေးခဲ့သော… ယခုတော့လည်း ဘာသံမှထွက်မလာတော့သော ဖုန်းခွက်ကြီးကို လက်ထဲမှာ အငိုင်သား ကြည့်ယင်း ကျန်ရစ်ပါသည်။ ကျွန်တော်သည် ဖုန်းခွက်ကို အသာအယာ ပြန်တင်လိုက်… ပြီး ကုလားထိုင်ပေါ်သို့ ဖြည်းဖြည်းချင်း ထိုင်ချလိုက်မိပါသည်။ ကျွန်တော့်ရင်ထဲတွင် ပကတိ အေးစက်ခြင်းသာ ရှိပါတော့သည်။ လှပသော အိပ်မက်များလည်း မရှိတော့…

အောင်မြင်မှုများလည်း မရှိတော့။

အနှစ်သာရ အရသာဆိုသည်မှာ မရှိတော့။

ထိုစဉ် အပြင်ခန်းမှ ဆက်သွယ်လာသော ဖုန်းမြည်သံသည် ထွက်ပေါ်လာ၏။ ကျွန်တော်သည် လက်ထဲမှ ပုလင်းကိုမချဘဲ ဆက်သွယ်ရေးခလုတ်ကို နှိပ်လိုက်ပါသည်။ အပြင်ခန်းမှ မစ်ကီ့အသံက-

"မစ္စတာဘရက်ဒ်ဒီက ရှင်နဲ့တွေ့ဖို့ ရောက်နေပါတယ် ဘရက်ဒ်"

ကျွန်တော်က-

"သူ့ကို ကျုပ်မတွေ့နိုင်ဘူး၊ ခရစ်ဆီကို လွှတ်လိုက်"



မစ်ကီ၏အသံမှာ တုန်လှုပ်သွားပုံရသည်။ မစ်ကီက-

"ရှင်. . မစ္စတာကိုဝန်၊ ဘာ. . . ဘာပြောတယ်၊ မစ္စတာဘရက်ဒ်ဆိုတာ. . ."

ကျွန်တော်က အော်၍-

"သူ့ကို ခရစ်ဆီလွှတ်လိုက်၊ ပြောနေတာ ကြားတယ်မဟုတ်လား၊ ကျုပ် သူ့ကို …နိုင်ဘူး"

ကျွန်တော်သည် ပြောပြောဆိုဆို ဆက်သွယ်ရေးခလုတ်ကို ဆောင့်ပိတ်လိုက်…သည်။ ပြီးမှ အခန်းအတွင်းအပြင် ဆက်သွယ်ရေး စကားပြောခွက်ကို အငိုင်သား …နေမိပါသည်။ ရင်ထဲမှ ဝေဒနာတို့သည် တလိပ်လိပ်ဆန်တက်လာပြီး လည်မြို…မှာ …ဆို့ဆို့ကြီး ဖြစ်နေပါသည်။

ဝေဒနာ၏ ပေါက်ကွဲမှုဒေါသသည် ဖြစ်ပေါ်လာပါ၏။

ကျွန်တော်သည် စောစောက ကျွန်တော်ထိုင်ခဲ့သော ကုလားထိုင်ကို ဆောင့်…ကန်လိုက်ရာ ကျွန်တော့်ခြေထောက်များသည် ကျင်ကနဲ နာသွားပါသည်။ နောက် …ကျွန်တော့်စားပွဲပေါ်မှ ရှိသမျှပစ္စည်းများကို ဝုန်းဒိုင်းကြဲ၍ ဆွဲခါယမ်းပစ်လိုက်မိပါသည်။

ကျွန်တော့်ရုံးခန်းတံခါး တွန်းဖွင့်သံ ကြားလိုက်ရပါသည်။ ကျွန်တော်သည် …လျင်အမြန် ပြေးခုန်၍ တံခါးပွင့်မလာမီ တွန်းပိတ်လိုက်ပါသည်။ အပြင်မှ မစ်ကီက …ပုပန်စွာဖြင့်-

"ဘရက်ဒ် ဘာဖြစ်နေတာလဲဟင်၊ ဘာဖြစ်နေတာလဲ"

ကျွန်တော်သည် အသက်ကို အနိုင်နိုင်ရှုယင်း တံခါးကို ကျောနှင့်ပိတ်၍-

"ဘာမှမဖြစ်ပါဘူး၊ ဝင်မလာနဲ့"

"မဟုတ်သေးပါဘူး ဘရက်ဒ်"

"ဟုတ်ပါတယ်၊ ကျုပ် OK ပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ မင်း အပြင်က လုပ်…စရာတွေကိုသာ ဆက်လုပ်ပါ"

တံခါးပေါက်နံဘေးမှ ပြန်ထွက်သွားသော မစ်ကီ၏ခြေသံကို ကြားရပါသည်၊ …နောက် သူမ၏ စားပွဲကုလားထိုင်ပေါ်မှာ ပြန်ထိုင်လိုက်သံကို ကြားလိုက်မိပါသည်၊ …ည်တော့မှ ကျွန်တော်သည် တိုးတိုးတိတ်တိတ် အခန်းတံခါးသော့ကို အတွင်းမှ ပိတ်…လိုက်ပါသည်။ ပြီးမှ ကျွန်တော့်ရုံးခန်းထဲသို့ ပြန်၍ကြည့်လိုက်မိပါသည်။

ကျွန်တော့်ရုံးခန်းမှာ မြင်မကောင်းတော့ပါ။ ဒီအတွက် ကျွန်တော် … …သော်လည်း ဂရုစိုက်၍မရပါ။ ခုတော့ဖြင့် ဘာမှ အရေးမကြီးတော့ပါ။ ကျွန်တော် …သည် အိတ်ထဲမှ လက်ကိုင်ပုဝါကိုထုတ်၍ မျက်နှာကို သုတ်မိပါသည်။ … …ပေါ်တွင် ဇောချွေးများ ပြန်နေပါသည်။ ရင်ထဲမှာကမူ မှုန်နှောက်နှောက် … …နေရပါသည်။ ကျွန်တော်သည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွား…

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်ပါသည်။

အပြင်မှ အေးမြသောလေသည် အခန်းထဲသို့ ပြေးဝင်လာပါသည်။ မှုန်နောက်နောက်ဝေဒနာနှင့် ပျို့ချင်အန်ချင်စိတ်သည် လျော့ပါး၍သွားပါသည်။ ကျွန်တော်သည် ပြတင်းပေါက်မှစီး၍ နယူးယောက်မြို့ကြီးကို အကြာကြီး ကြည့်နေလိုက်မိပါသည်။

မင်းဟာ တော်းပဲ. . . ဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြောလိုက်မိပါသည်။ ဆက်၍ မင်းဟာ တကယ်တော့ မြီးကောင်ပေါက် ဆယ်ကျော်သက်ကလေးတစ်ယောက်လို လုပ်နေတာပါလား။ ဒီလောကကြီးထဲမှာ မင်းလိုချင်တာမှန်သမျှ ရနေပြီမဟုတ်လား။ ငွေရှိတယ်၊ ရာထူးဌာနန္တရရှိတယ်၊ ဂုဏ်သိက္ခာရှိတယ်၊ ဘာများ ဒီထက်ပိုပြီး လိုချင်သေးဘာလဲ ဘယ်မိန်းမမှ ပါးတွဲထက်ပိုပြီး အရေးမကြီးပါဘူးကွာ။

ဟုတ်သည်။

ဘယ်မိန်းမမှ အရေးမကြီးပါ။

အရေးမကြီးကြောင်းကို ကျွန်တော် အမြဲသိနေပြီးသား ဖြစ်ပါသည်။

ကျွန်တော်သည် ထိုသို့ပင် အမြဲတမ်း ပြောခဲ့ ယုံကြည်ခဲ့ပါ၏။

ကျွန်တော်သည် ပြတင်းပေါက်ကိုပြန်ပိတ်ပြီး ရုံးခန်းထဲသို့ ပြန်လျှောက်ဝင်လာခဲ့ပါ၏။ ဆိုဖာခုံတန်းရှည်ပေါ်မှာ ထိုင်ချလိုက်ပြီး နောက်မှီကို ခေါင်းနှင့်မှီလိုက်ပါသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ရိုက်ထားသလို ပင်ပန်းနွမ်းနယ်နေသဖြင့် မျက်လုံးအစုံကို ပိတ်လိုက်မိပါသည်။

ချက်ချင်း အခန်းထဲသို့ အယ်လိန်း ရောက်လာပါသည်။

အယ်လိန်း၏ နူးညံ့သော ဆံယဉ်နွယ်များကို ကျွန်တော် ထိတွေ့ကိုင်စမ်း၍ နေပါသည်။

အယ်လိန်း၏အပြုံးကို ကျွန်တော် မြင်ရပါသည်။

အယ်လိန်း၏ ချိုမြိန်သောအသံကို ကြားရပါသည်။

ကျွန်တော်သည် ဆိုဖာပေါ်မှာ လှဲလိုက်လိုက်ပြီး မျက်နှာကို ဆိုဖာထဲမှာ အတင်းထိုးမြှုပ်လိုက်မိပါသည်။ အသက်ပင် ကောင်းကောင်းရှူမရအောင် မွန်းကြပ်လာပါသည်။ သို့သော် ဘာမှမထူးပါ။

ကျွန်တော်သည် အယ်လိန်းမျက်နှာ ပျောက်သွားရလေအောင် ကူရှင်ဆိုဖာကို လက်သီးနှင့် ထိုးလိုက်ပါသည်။ မရပါ။ ကျွန်တော်သည် မျက်လုံးအစုံကို ဖွင့်လိုက်ပါသည်။ သို့သော် အယ်လိန်းသည် အခန်းထဲမှာ ရှိမြဲရှိနေပါသည်။ ကျွန်တော် မမြင်ရခြင်းသာ ဖြစ်ပါ၏။

ကျွန်တော်သည် မခံချင်စိတ်ဖြင့် ထိုင်ရာမှ ထလိုက်ပါသည်။

ကျွန်တော်သည် သံကုန်ဟစ်၍-



"သွား. . . သွား. . . ငါ့ကို လာမနှောင့်ယှက်နဲ့"

ကျယ်လောင်သော ကျွန်တော့်အသံကို ကျွန်တော် ဘာသာ ပြန်၍ကြားလိုက်ရသောအခါ ကျွန်တော်သည် ပါးစပ်ပိတ်ထားလိုက်မိပါ၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကျွန်တော်၏ ကလပ်ရုံးစားပွဲရှေ့ ရောက်သောအခါ ကျွန်တော်က စာရေး သူအား ကျွန်တော့်အတွက် တယ်လီဖုန်းလာမလာ မေးပါသည်။

စာရေးက စာရင်းစာရွက်ကိုလှန်၍ စစ်ဆေးကြည့်ရှုပြီး-

“မလာဘူး မစ္စတာဂိုဝန်”

ကျွန်တော်သည် ကျွန်တော်၏အခန်းထဲသို့ ဝင်လိုက်ပါသည်။

မနေ့ညက ကျွန်တော်သည် မာဂီအား အလုပ်ကိစ္စများဖြင့် မြို့ထဲမှာရှိမည် နောက် ကလပ်မှာဆက်၍ ရှိနေမည်ဖြစ်ကြောင်း ပြောထားခဲ့သောကြောင့် ကလပ်သို့ ဖုန်းလာမလာ စုံစမ်းရခြင်း ဖြစ်ပါသည်။ တကယ်တော့ ကျွန်တော့်တစ်ကိုယ်လုံး ဖွတ်ဖွတ်ကြေအောင် နွမ်းနယ်ပင်ပန်းလျက် ရှိပါသည်။ ထို့ကြောင့် ကလပ်သို့လာ ရေနွေးငွေ့ရေချိုးခန်းမှာ ရေနွေးငွေ့ဖိမ်ခံမည်။ နှိပ်နယ်ခြင်းကို ခံမည်။ ပြီးမှ ရေပန်း ရေချိုးမည်ဟု ဆုံးဖြတ်မိခဲ့ခြင်း ဖြစ်ပါသည်။

ယခုတော့ ကျွန်တော်သည် အနှိပ်ခံခုတင်ပေါ်မှာ လဲလျောင်းလျက်ရှိ ဆမ်က ကျွန်တော့်ကို ပွတ်သပ်နှိပ်နယ်ပေးနေပါသည်။ ဆမ်သည် အနှိပ်ကောင်းသူတစ် ဖြစ်ပါသည်။ သူ၏သန်မာသော ပေါက်သောလက်များ၏အောက်တွင် ကျွန်တော်၏ တင်းမာသော ကိုယ်ခန္ဓာ အကြောအခြင်များသည် တစ်စစ လျှော့ပါး၍ လာပါသည်။

စိတ်လျှော့ကိုယ်လျှော့ဖြင့် မိန်းမောနေသော ကျွန်တော်၏တင်ပါးတို့ ဆံ ဆတ်ပုတ်ရင်း ဆမ်က-

“ခင်ဗျားရေချိုးဖို့ အဆင်သင့်ဖြစ်နေပါပြီ မစ္စတာဂိုဝန်”

ကျွန်တော်သည် ဖျင်းရိစွာဖြင့် အနှိပ်ခံခုတင်ပေါ်မှ ဆင်းယင်း-

“ကျေးဇူးပဲ ဆမ်”

ကျွန်တော်သည် ဒေးတိဒေးဒိုင်ဖြင့် ရေချိုးခန်းထဲသို့ ဝင်လိုက်ပါသည်။ ရေပန်း ရေအေးအေးမြမြတို့သည် ကျွန်တော့်တစ်ကိုယ်လုံးကို စူးရှစွာ ဖြန်းပက်လာပါသည်။ တွင်မှ ကျွန်တော်သည် မိန်းမောနေသောနေရာမှ တကယ်နိုးလာပါတော့သည်။

ကျွန်တော် ရုံးခန်းသို့ ဝင်လိုက်သောအခါ မစ်ကီက ကျွန်တော့်ကို လူထူးလူဆန်း ဦးပမာ ကြည့်ပါသည်။ မစ်ကီက-

“ပက်ဂေါ်ဒီဆီက ဖုန်းလာတယ်”

“ဒါဆို သူနဲ့ ပြန်ဆက်သွယ်ပေးလိုက်လေ”

ကျွန်တော်သည် ကျွန်တော်၏ သီးသန့်ရုံးခန်းထဲသို့ ဆက်ဝင်ခဲ့ပါသည်။ တော်သည် ရုံးခန်းတစ်ခုလုံးကို ကြည့်လိုက်ပါ၏။ ယမန်နေ့က ကျွန်တော် ဖွရှုပ် သမျှကို သပ်ရပ်စွာ ရှင်းလင်းသန့်စင်ထားပြီး ဖြစ်နေပါသည်။

မစ်ကီသည် ကျွန်တော့်နောက်မှ တပါတည်း ပါလာခဲ့ပြီး ကျွန်တော်၏ စားပွဲ သို့ စာရွက်စာတမ်းတချို့ တင်ပါသည်။ နောက် စကားတစ်ခွန်းမှမပြောဘဲ ပြန်ထွက် ပြုပါသည်။

ကျွန်တော်က-

“ခုလို ရှင်းလင်းသန့်ရှင်းထားတဲ့အတွက် ကျေးဇူးပါပဲ မစ်ကီ”

ကျွန်တော့်စကားကြောင့် မစ်ကီသည် တွံ့ကနဲရပ်သွားပါသည်။ ထို့နောက် တော့်ကို မော့ကြည့်ပါသည်။ မစ်ကီ၏အကြည့်မှာ အံ့ဩခြင်း၊ နားမလည်ခြင်းတို့ င်နေပါသည်။

“ရှင်ဘာတွေဖြစ်နေတာလဲ ဘရက်ဒ်၊ ခုလိုဖြစ်တာမျိုး ကျွန်မ တစ်ခါမှ မမြင် ဘူး”

ကျွန်တော်သည် ပခုံးတွန့်ပြလိုက်ပြီး-

“အလုပ်တွေ သိပ်ပင်ပင်ပန်းပန်း လုပ်လိုက်လို့ ဖြစ်သွားတာနေမှာပါ”

မစ်ကီသည် ကျွန်တော်၏အဖြေစကားကို ယုံကြည်ပုံမရပါ။ သို့သော် ဆရာ းဖြစ်၍ ဘာမှ နောက်ထပ် အတွန့်မတက်တော့ဘဲ အပြင်သို့ ထွက်သွားပါသည်။ အကြာတွင် မစ်ကီထံမှ ဆက်သွယ်မှုရပြီး ကျွန်တော်သည် စောစောက ဆက်သွယ် သော ပက်ဂေါ်ဒီနှင့် တယ်လီဖုန်း အဆက်အသွယ် ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်သည် ကျွန်တော့်အတွက် အရေးကြီးသော ဖောက်သည်ကောင်းကြီး တစ်ဦး ဖြစ်ပါသည်။ သူသည် အမေရိကန်အရှေ့ပိုင်း အကြီးဆုံး အငှားလေယာဉ် ကုမ္ပဏီကြီးတစ်ခု၏ တာဝန်ခံတစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်တော့်အလုပ်၏ (၂၅) ရာခိုင်နှုန်းမျှ ဝင်ငွေပေးနေသူတစ်ဦး ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ဦး တယ်လီဖုန်းထဲမှ နှုတ်ခွန်းဆက်စကား၊ အလ္လာပ သလ္လာပ များ ပြောကြားပြီးနောက် ကျွန်တော်သည် အလုပ်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော် ဘာများလုပ်ပေးနိုင်ပါသလဲဟု မေးမြန်းလိုက်ရလေ၏။

ပက်၏လေသံထဲတွင် ရှက်အားနာသံများ ယှက်ဝင်၍လာပါသည်။

ပက်က-

"အဲ. . . ဘရက်ဒ်၊ ကျုပ်ဖြင့် ဘယ်လိုတောင် စကားစ,ရမယ် မပြောတတ်ပါဘူးဗျာ"

ကျွန်တော်သည် အသက်မရှူဘဲ ခဏမျှ အောင့်၍ထားလိုက်ပါသည်။ ပြီးမှ ဖြည်းဖြည်းချင်း အသက်ရှူသွင်းလိုက်ပါသည်။ အမှန်အားဖြင့် ပက်ဘာပြောမည်ကို ကျွန်တော့်စိတ်ထဲတွင် ရိပ်မိနေပြီဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်၏ရုံးခန်းထဲသို့ ဝင်လိုက်သည်နှင့် ဘာတွေဖြစ်တော့မည်ကို ကျွန်တော်သိသလိုလို ဖြစ်နေပြီ ဖြစ်ပါသည်။

ကျွန်တော်သည် လေသံအေးအေးပြတ်ပြတ်ဖြစ်ရန် ကြိုးစား၍-

"ပြောစရာရှိတာ ပြောပါ ပက်"

ပက်က-

"အဲ. . . ပြောစရာကတော့ ခင်ဗျားရဲ့လုပ်ငန်းမှာ ပေးထားတဲ့ ကျုပ်တို့ကုမ္ပဏီရဲ့စာရင်းကို ထုတ်ရတော့မယ် ဆိုတာပါပဲ"

"ဘာဖြစ်လို့လဲဟင်"

ကျွန်တော်သည် ဤသို့မေးမည့်သာ မေးလိုက်ရသော်လည်း အဖြေကိုသိပြီးပြီဟု ထင်ပါသည်။ သို့သော် သူ့ပါးစပ်မှ ဖွင့်ပြောသည်ကို ကြားချင်၍ မေးနေရခြင်းဖြစ်ပါသည်။

ကျွန်တော်က ဆက်၍-

"ကျွန်တော့်စိတ်ထဲမှာတော့ ကျွန်တော်တို့ဟာ ခင်ဗျားတို့ရဲ့ ကုမ္ပဏီအတွက် အကျိုးရှိအောင် အများကြီးလုပ်ပေးနေတာပဲလို့ ယူဆနေမိတာဗျ"

ပက်က လျင်မြန်စွာဖြင့်ပင်-

"ဟုတ်ပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီး ဘာမှပြောစရာ မရှိပါဘူး၊ ဒါပေမယ့်. . ."

ကျွန်တော်က အတင်းအကျပ်ပင် ဆက်၍-

"ဒါပေမယ့် ဘာဖြစ်လဲ"



ပက်က တွန့်ဆုတ်သော လေသံဖြင့်-

"ပြဿနာ ပေါ်လာ. . . ပေါ်လာလို့ပါ၊ ကျုပ်တို့ရဲ့ဘဏ်က အကျပ်ကိုင်နေတာ"

ကျွန်တော်က မကျေမနပ်ဖြင့်-

"သူတို့က ဘာတွေလဲ၊ ဘယ်သူတွေလဲဗျ၊ ခင်ဗျားအလုပ်ကို ဘယ်သူတွေ ထိန်းနေကြတာလဲ၊ ခင်ဗျား ဘယ်သူ့ကိုခိုင်းတယ်ဆိုတာ သူတို့ရှုစိုက်စရာ ဘာရှိလို့တုန်း၊ ကျွန်တော့်စိတ်ထဲမှာတော့ ခင်ဗျားဟာ ခင်ဗျားရဲ့အလုပ်ကို ခင်ဗျားရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ခင်ဗျားဦးဆောင်ပြီး လုပ်နေတာလို့ အမြဲယူဆယုံကြည်နေခဲ့တာ"

ပက်က အားနာတောင်းပန်သော လေသံဖြင့်-

"ဒီမှာ ဘရက်ဒ်၊ ကျုပ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲထက် ပိုပြီးခက်ခဲအောင် မလုပ်ပါနဲ့ဗျာ၊ ကျုပ် ခင်ဗျားရဲ့အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ ခင်ဗျားသိပါတယ်၊ ဒီကိစ္စကတော့ ကျွန်တော် မတတ်နိုင်တော့လို့ပါ၊ ကျွန်တော်က အခုကို လုပ်ယင်လုပ်၊ မလုပ်ယင် ကျွန်တော့်ရဲ့ဘဏ်တိုက်က ကျွန်တော့်ကို အရင်းအနှီးငွေ ထုတ်ပေးမှာ မဟုတ်တော့ဘူး"

ကျွန်တော်၏ ဒေါသများသည် ပျယ်လွင့်၍သွားပါသည်။ သူ့နည်းသူ့တန်နှင့် သူ့အခြေအနေ၌ သူမှန်ပါသည်။ သူ့အနေနှင့် တခြားဘာမှလုပ်စရာ မရှိတော့ပါ။ မတ်အက်ဒီသည် သတ်မိန့်ပေးလိုက်ပြီ ဖြစ်ပါ၏။ ဘယ်သူများ သူ၏စကားကို အမိန့်တော်မြတ်ကို လွန်ဆန်ရဲပါမည်နည်း။

ကျွန်တော်က-

"ဟုတ်ပါပြီပက်၊ ကျွန်တော် နားလည်ပါပြီ"

ကျွန်တော်သည် ဖုန်းခွက်ကိုချလိုက်ပြီး အခန်းချင်းဆက်သွယ်သည့် ခလုတ်ကိုနှိပ်၍ မစ်ကီအား ခရစ်ကို ကျွန်တော့်ထံလွှတ်လိုက်ရန် ညွှန်ကြားလိုက်ပါသည်။ ပြီးနောက် ကျွန်တော်သည် ကုလားထိုင်ကိုလှည့်လိုက်ပြီး ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက် ပါ၏။ စိတ်ထဲကမူ သည်ခပ်ညက်ညက် လူကလေးတစ်ယောက်တွင် ဤမျှတန်ခိုးအာဏာ တွေ ရှိနေခြင်းကိုယုံရန် ခပ်ခက်ခက်ဖြစ်နေပါ၏။

အခန်းချင်းဆက်သွယ်ရေးစက်မှ မီးပွင့်သွားရာ ကျွန်တော်က ခလုတ်နှိပ်လိုက်သည်နှင့် မစ်ကီ့အသံက ထွက်လာပါသည်။

"ခရစ်ရဲ့ အတွင်းရေးမှူးကပြောတယ်၊ ရှင် ရုံးမလာခင်ကပဲ ခရစ် ရုံးခန်းထဲက အပြင်ထွက်သွားတယ်လို့"

"သူ ဘယ်တော့ ပြန်ရောက်မှာတဲ့လဲ"

"မသိဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဆက်သွယ်ရေးခလုတ်ကို ပိတ်လိုက်ပါ၏။ အခြေအနေ ဘယ်လောက်များ ဟန်ကျလိုက်ပါသလဲ။ အိမ်တစ်အိမ်လုံး မီးလောင်နေပြီ။ မီးသတ်ဆ ကြီးက အလည်ထွက်နေပါသတဲ့။

တယ်လီဖုန်းလာကြောင်း အချက်ပြသံကြောင့် ကျွန်တော်သည် ဖုန်းခွက် ကောက်ယူ၍ နားထောင်လိုက်ရပြန်ပါသည်။ ဤအကြိမ်တွင်လည်း ကျွန်တော်တို့ လု ငန်းရှင် ဖောက်သည်တစ်ဦးထံမှပဲ ဖြစ်ပါသည်။ ဇာတ်လမ်းကမူ ဇာတ်ပြားဟောင်း ပဲ ဖြစ်ပါသည်။ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ဆီမှာ ကျွန်တော်တို့ အလုပ်ဆ မအပ်နိုင်တော့ပါဘူး ဆိုတာပဲဖြစ်ပါသည်။ ဤသို့ ဤသို့ဖြင့် တနေကုန် ဖုန်းက တဂွမ် မြည်လာပြီး ကျွန်တော်တို့၏ လုပ်ငန်းရှင် ဖောက်သည်များ တစ်ယောက်ပြီးတစ်ယော ဖုန်းလာခြင်းမှာ ဆက်တိုက်လိုဖြစ်နေသဖြင့် ကျွန်တော်သည် နေ့လယ်စာပင် ထွက် ချိန်မရလိုက်ပါ။ သူတို့၏ အလုပ်အပ်ခြင်း ရုပ်သိမ်းမှုများကို မှတ်သားလက်ခံနေရသေ ကြောင့် ဖြစ်ပါသည်။

ညနေ ငါးနာရီထိုးသောအခါတွင်မှ ဖုန်းမြည်သံက ရပ်သွားပါသည်။ ကျွ တော်သည် လက်မှနာရီကို ကျေးဇူးတင်စွာ ကြည့်လိုက်မိပါ၏။ အလုပ်ချိန် ကုန်ဆုံးသွ သည့်အတွက် ကျေးဇူးတင်နေရပါသည် မဟုတ်ပါလား။ နောက်ထပ် နှစ်နာရီလော အလုပ်ချိန်ရှိပါသေးလျှင် ကျွန်တော်သည် မူလပထမ အလုပ်စစဉ်က ဘဝအတိုင် လမ်းဘေးတယ်လီဖုန်းရုံကလေးများထဲမှာ အလုပ်လုပ်ရသည့်ဘဝသို့ ရောက်သွားတော့ မည်မှာ သေချာလှပါသည်။

ကျွန်တော်သည် အခန်းကိုဖြတ်၍ အရက်ဗီရိုရှိရာသို့ ရောက်သွားပြီး ဖွ ကြည့်လိုက်၏။ အခါတိုင်းရှိနေကျ စတော့ဝီစကီပုလင်းများကို မတွေ့ရတော့။ ကျွန်တော် သည် သဘောကျပြီး ပြုံးလိုက်မိပါသည်။ ယနေ့မနက် ကျွန်တော့်အလုပ်ခန်းကို သန့်ရှ ရေးလုပ်ခဲ့စဉ် မစ်ကီသည် ဝီစကီများကိုပါ ရှင်းပစ်ခဲ့ပြီဖြစ်၏။ ကျွန်တော်သည် အခန် တံခါးကိုဖွင့်၍ အပြင်ခန်းကို လှမ်းကြည့်၍-

"ကိုယ့်ရဲ့ ဝီစကီပုလင်းတွေ ဘယ်ဖွက်ထားသလဲ မစ်ကီ၊ ကိုယ် တစ်ခွက်လော သောက်ချင်လို့ပါ"

မစ်ကီသည် ကျွန်တော့်ကို မယုံမရဲ မော့ကြည့်ပြီး-

"ဘရက်ဒ်၊ ရှင် မနေ့တုန်းက ဇာတ်လမ်းကို ဆက်ဦးမလို့လား"

ကျွန်တော်က ခေါင်းရမ်းပြလိုက်ပြီး-

"မဟုတ်ပါဘူး။ တစ်ခွက်လောက်သောက်ဖို့ လိုအပ်နေလို့ပါ"

မစ်ကီသည် သူမ၏ စားပွဲနံဘေး စင်တစ်ခုထဲမှ ဝီစကီပုလင်းထုတ်ယူ၍ ကျွန်တော့်အခန်းထဲသို့ ယူလာ၏။ ပြီးမှ-



"ကျွန်မလဲ တစ်ခွက်လောက်သောက်မှနဲ့ တူတယ်"

ပြောပြောဆိုဆိုပင် မစ်ကီသည် ဖန်ခွက်နှစ်ခွက်မှာ အရက်ငှဲ့ပြီး ကျွန်တော့် ခွက်ကမ်းလာ၏။

ကျွန်တော်သည် ဝီစကီကို တစ်ငုံမြို့လိုက်ပြီး-

"ခရစ်ဆီက ဘာသတင်းကြားသေးလဲ"

မစ်ကီသည် ခေါင်းကိုခါရမ်း၍-

"ဟုတ်ပါရဲ့၊ ခရစ်တစ်ယောက် ဘယ်များရောက်နေပါလိမ့်"

ကျွန်တော်၏ခေါင်းထဲတွင် အတွေးတစ်ခု ဝင်လာပါသည်။

ကျွန်တော်က-

"မနေ့တုန်းက ခရစ် မက်ဘရက်ဒီနဲ့ တွေ့သွားသလား"

မစ်ကီသည် တွေကနဲဖြစ်သွား၍ စိတ်ထဲမှ စဉ်းစားနေပုံရ၏။

ကျွန်တော်က ဆက်၍-

"ကျူပ်က အတွေ့မခံဘဲ ခရစ်ဆီကို လွှတ်လိုက်ပါလို့ ပြောတုန်းကလေ"

မစ်ကီသည် သတိရသွားပြီး-

"ဪ. . . အင်း. . . တွေ့သွားတယ်လေ"

ကျွန်တော်က-

"ဘယ်လောက်ကြာကြာ တွေ့သွားကြသလဲ"

"ခဏလေးပါပဲ၊ ပြီးတော့ မက်ဘရက်ဒီ ပြန်ထွက်သွားတာပဲ"

"ခရစ်က အဲဒါနဲ့ပတ်သက်ပြီး ဘာပြောသေးသလဲ"

မစ်ကီက ခေါင်းရမ်း၍-

"ဟင့်အင်း၊ ဘာတစ်ခွန်းမှမပြောဘူး၊ ရှင်မပြန်ခင် ပြန်သွားတာပဲ၊ သူကြည့်ရ တာ ဂနာမငြိမ်ဖြစ်နေပုံရတယ်"

ကျွန်တော်သည် ဝီစကီ တစ်ငုံသောက်လိုက်၏။ ကျွန်တော်သည် ဖြစ်ပေါ် နေသော အခြေအနေကို သဘောမကျပါ။ မက်ဘရက်ဒီသည် ကျွန်တော့်ကို ဝိုင်းယှ ပြိုင်ဆိုင်ရန် အမိန့်စာ ထုတ်လိုက်သည့်တိုင် ကျွန်တော်၏ ဖောက်သည်အလုပ်ရှင်များ၏ စာရင်းကို ဘယ်နည်းဘယ်ပုံ မြန်မြန်ဆန်ဆန် ရရှိသွားပါသနည်း။ သို့တွင် ကျွန်တော့် ရုံးမှ အတွင်းလူတစ်ဦး၏ အကူအညီရမှ ဖြစ်ပေမည်။

မစ်ကီသည် ကျွန်တော့်ကို စူးစူးစိုက်စိုက် အကဲခတ်နေရာမှ-

"ဘာတွေဖြစ်နေတာလဲ ဘရက်ဒ်၊ လူတွေက ဘာဖြစ်ကုန်ကြတာလဲ မက်ဘ ရက်ဒီရဲ့ ကော်မရှင်က ရှင့်ကို ကွန်မြူနစ်လို သတ်မှတ်လိုက်တာကြောင့်လား"

ကျွန်တော်က သွားဖြဲပြလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်နီးပါး ဆိုးရွားတာပေါ့ကွာ၊ မက်ဘရက်ဒီက ကျုပ်နဲ့ အဆက်အဆံ မလုပ်ကြနဲ့လို့ အမိန့်ထုတ်ပြန်လို့ပေါ့"

□□□

## အခန်း (၁၇)

ကျွန်တော် ညစာစားရန် အိမ်ပြန်ရောက်ချိန်တွင် တကယ်ပင် နွမ်းလျခွေနုန်းလျက် ရှိနေပြီဖြစ်၏။ ကျွန်တော့်မျက်နှာကို တစ်ချက်ကြည့်ကာမျှနှင့် မာဂီသည် ကျွန်တော့်ကို ဧည့်ခန်းထဲသို့ လက်ဆွဲခေါ်သွားပြီး-

"ရှင် ညစာမစားခင် ကောက်တေးတစ်ခွက်လောက် သောက်လိုက်ဦးမှဖြစ်မယ်၊ ရှင့်ပုံက ဘုန်းဘုန်းကျနေပြီ"

*ကျွန်တော်သည် ဧည့်ခန်းကုလားထိုင်ပေါ်သို့ ပစ်ထိုင်ချလိုက်ပြီး မာဂီကို* ကြည့်လိုက်၏။ ဖြစ်နေပုံမှာ ကျွန်တော်သည် ကြာတောင့်ကြာခဲ ခရီးရှည်ကြီးတစ်ခုကို ထွက်ခဲ့ပြီး ပြန်ရောက်လာသည့်ပုံမျိုး ဖြစ်နေ၏။ မာဂီ၏မျက်လုံးထဲတွင် ကျွန်တော့်အတွက် ပူပန်သော အရိပ်အယောင်များ ဖြစ်နေ၏။ သို့သော် ကျွန်တော် အရက်မသောက်ရမီအထိ ဘာမှမမေးသေး။ ကျွန်တော် အရက်တစ်ငုံ သောက်လိုက်ပြီးချိန်မှ မာဂီက-

"ဘာတွေလွဲမှားကုန်တာလဲ ဘရက်ဒ်"

ကျွန်တော်သည် ကုလားထိုင်နောက်မှီကို ခေါင်းတင်မှီချလိုက်ပါသည်။ မျက်လုံးအစုံကို ပိတ်လိုက်ပါ၏။ ပြီးမှ-

"ပြဿနာတွေ ပေါ်ကုန်တာပေါ့ကွယ်၊ ဘရက်ဒီဟာ ကျုပ်ပြောသလိုပဲ ဟိုသဘောမကျဘူးလေ၊ ဒီတော့ ကျုပ်ကို တိုက်ခိုက်တော့တာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မာဂီက-

"အခြေအနေက အတော်ဆိုးသလား"

ကျွန်တော်သည် မာဂီကို ကြည့်လိုက်ပါသည်။

"အင်း အတော်ဆိုးပါတယ်၊ ကျုပ်ရဲ့အကောင်းဆုံး ဖောက်သည်ရှစ်ဦးလောက် ကနေ့ ဆုံးရှုံးသွားခဲ့ပြီလေ"

မာဂီမျက်လုံးထဲတွင် စိတ်သက်သာရာ ရသွားပုံရ၏။ မာဂီသည် ကျွန်တော် ထိုင်နေသော ကုလားထိုင် လက်ရမ်းပေါ်သို့ ဝင်ထိုင်ယင်း-

"ဒါပဲလား"

ကျွန်တော်သည် မာဂီကို ထိတ်လန့်တကြား မော့ကြည့်လိုက်ပါသည်။ အခု အနေအခု ကျွန်တော်တို့ အလုပ်အကိုင်ပြုတ်ပြီး စုတ်ပြတ်သွားမည့် အခြေအနေ ရောက် သွားနိုင်သည် မဟုတ်ပါလား။ သည့်အတွက် မာဂီမှာ စိတ်ထိခိုက်ပုံမရပါ။ ကျွန်တော် က-

"ဒါ မဆိုးသေးဘူးလားကွ၊ ဒီ့ထက်ဆိုးတာ ဘာများဖြစ်နိုင်သေးလို့လဲ"

မာဂီသည် ကျွန်တော့်ကို ပြုံး၍ပြလိုက်ပါသည်။

"ဒီ့ထက်ဆိုးတာ ရှိသေးတာပေါ့ ရှင်ရယ်၊ ကျွန်မက အဲဒါများ ဖြစ်သွားပြီလား လို့ အောက်မေ့နေတာ"

ကျွန်တော်သည် မာဂီစကားကို နားမလည်၍-

"ဘာများ ဒီ့ထက်ဆိုးနိုင်လို့လဲ"

မာဂီသည် ကျွန်တော့်လက်ကိုကိုင်၍-

"ကျွန်မ ရှင့်ကို လက်လွှတ်ဆုံးရှုံးသွားနိုင်တယ်လေ"

မာဂီသည် တကယ်ပင် လေးလေးနက်နက် ပြောနေခြင်းဖြစ်သည်။ ဆက်၍-

"ကျွန်မစိတ်ထဲမှာ တကယ်ဆုံးရှုံးတော့မလားလို့ အောက်မေ့နေမိတာ၊ ရှင့် အပြုအမူတွေကလဲ နားမလည်နိုင်အောင် ထူးဆန်းနေခဲ့တယ်လေ၊ ဒါပေမယ့် ခု တော်ပါသေးရဲ့၊ အလုပ်အကိုင်ဒုက္ခပဲ ရှိတာကိုး၊ ဒီသံမဏိကိစ္စကို စ,လိုက်ကတည်းက ရှင်ဟာ အယင်ကနဲ့ မတူတော့ဘူး"

ကျွန်တော်သည် ဘာမှပြန်မပြောမိတော့။

မာဂီက ဆက်၍-

"အဲဒီအလုပ်ရှင်တွေ ပြုတ်သွားတာကြောင့် ရှင် တစ်ချိန်လုံး ဒုက္ခရောက်ခဲ့ တာပေါ့ ဟုတ်လား၊ မနေ့ညက ဒါကြောင့် ပြန်မလာတာလားဟင်"

ကျွန်တော်သည် ခေါင်းသာ ညိတ်ပြလိုက်ရပါ၏။ စကားပြန်၍မပြောရဲ ကျွန်တော့်ပါးစပ်မှ ထွက်လာမည့်လေသံကို ကျွန်တော် စိတ်မချ။



မာဂီက-

"သနားလိုက်တာ ဘရက်ဒ်ရယ်"

ပြောပြောဆိုဆို ကျွန်တော့်ပါးပြင်ကို အသာနမ်းလိုက်ပါသည်။

ယနေ့ညဉ့်ဦးပိုင်းတွင် ဂျင်နီ အဖော်များနှင့် အပြင်ထွက်နေ၍ ညစာကို ကျွန်တော်တို့လင်မယားနှစ်ဦးထဲ စားရပါသည်။ ညစာစားသောက်နေစဉ်အတွင်း ကျွန်တော်က နေ့ခင်းမှအဖြစ်အပျက်များအားလုံးကို ပြန်၍ပြောပြမိပါသည်။ ကျွန်တော့် စကားများကို နားထောင်ယင်း မာဂီ၏မျက်လုံးများမှာ လေးနက်တည်ကြည်၍ လာပါ သည်၊ ကျွန်တော့်စကား ဆုံးသောအခါ မာဂီက-

"ဒါဆိုယင် ရှင် ဘာလုပ်မယ် စိတ်ကူးသလဲ"

ကျွန်တော်သည် စိတ်ထဲမှာရှိသည့်အတိုင်း ပြန်၍-

"မပြောတတ်သေးဘူး၊ မနက်ဖြန် ဘာဖြစ်လာဦးမလဲဆိုတာ စောင့်ကြည့်ရဦး မှာပဲ၊ နက်ဖြန်ကျမှ အလုပ်ဘယ်လောက် ကျန်သေးသလဲ၊ ကိုယ်တို့ အကျိုးဆောင် လုပ်ငန်းကြီးကို ဆက်လက်ပြီး ရပ်တည်နိုင်လောက်သေးသလားဆိုတာ စဉ်းစားရမှာပဲ၊ ပဲပြောပြော လုပ်ငန်းကို စားရိတ်စကတွေ လျှော့ချရမှာတော့ သေချာတယ်၊ ခု ောက် ကုန်ကျစရိတ် အများကြီးတော့ မတတ်နိုင်တော့ဘူး"

မာဂီက-

"ဒါဆိုယင် ရှင့်ရဲ့ ရုံးအလုပ်သမားတွေ လျှော့ပစ်ရမှာပေါ့"

ကျွန်တော်က မတတ်သာသော လေသံဖြင့်-

"အင်းပေါ့၊ တခြားလုပ်စရာမှ မရှိတာ"

မာဂီသည် အတန်ကြာမျှ ငြိမ်သက်သွားပါသည်။ ပြီးမှ တိုးတိတ်သောလေသံ ဖြင့်-

"ရှက်စရာကြီးနော်"

မာဂီ ဘာတွေးနေသည်ကို ကျွန်တော်သိပါသည်။

ကျွန်တော်က-

"မင်းထင်သလောက်လဲ သူတို့အတွက် အခြေအနေမဆိုးပါဘူး မာဂီရယ်၊ အခြေအနေဟာ တစ်ခါတုန်းက စီးပွားရေးကပ်ဆိုက်တုန်းကလို မဟုတ်ပါဘူး သူတို့ အတွက် နေရာတကာမှာ အလုပ်တွေပေါပါတယ်၊ ကျုပ်တို့ဘက်ကသာ ဒီလုပ်ငန်းကြီး ဒီအခြေအနေမျိုးရောက်အောင် ကုန်းရုန်းကြိုးစားခဲ့ရပြီးမှ ဖျက်သိမ်းရတော့မယ်ဆို ကသာ ရှက်စရာပါ"

မာဂီက သတိရသွားပုံဖြင့်-

"ဒါထက် ဒီအကြောင်းတွေကို ခရစ်က ဘာပြောသလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



မာဂီသည် ခရစ်ကို အလွန်ခင်မင်ကြောင်း၊ အလေးထားကြောင်း ကျွန်တော် သိသည်။ ကျွန်တော်က ပခုံးတွန့်ပြလိုက်ပြီး-

"သူ့စိတ်ထဲမှာ ဘယ်လိုထင်မြင်ယူဆသလဲတော့ ကိုယ်မပြောနိုင်သေးဘူး သူ့ကို ကနေ့တစ်နေ့ကုန် တွေ့ကိုမတွေ့ရဘူး၊ မနက်အစောကြီးကတည်းက အပြင်ထွက် သွားတယ်တဲ့"

မာဂီသည် မျက်ခုံးတွန့်လိုက်ပြီး-

"တယ်ထူးဆန်းပါလား၊ အလုပ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခရစ် မ ဘူးလား"

"မပြောတတ်ဘူးလေ၊ ဒါပေမယ့် ဘာတွေဖြစ်နေတယ်ဆိုတာ သူသိပါလိ ခယ်လို့ ကိုယ်ထင်တယ်"

ကျွန်တော်သည် မနေသာတော့ဘဲ ကျွန်တော့်စိတ်ထဲတွင် ဖြစ်ပေါ်နေသ သံသယစိတ်၊ ခရစ်၏အပေါ်တွင် မယုံကြည်နိုင်စရာ ဖြစ်သည်တို့ကို မာဂီအား ဖွင့် လိုက်ရပါ၏။

"ကျွန်မတော့ မယုံနိုင်ဘူးရှင်"

မာဂီသည် တအံ့တသြလေသံဖြင့် ချက်ချင်းပြောလိုက်၏။

ကျွန်တော်သည် မာဂီကို ပြုံးပြလိုက်ပြီး-

"ကြီးပွားချင်တဲ့ မျှော်မှန်းချက်ဆိုတာ တော်တော်စွမ်းအားကြီးတဲ့ စိတ်တစ် ပဲ မာဂီ၊ လူတစ်ယောက်ကို လမ်းအမျိုးမျိုးရောက်အောင် တွန်းပို့နိုင်တယ်၊ တချို့လ တွေဟာ နည်းမှန်လမ်းမှန်တွေ မဖြစ်တတ်ဘူး၊ အဲဒါကိုကပဲ ကနေ့ခေတ်စနစ်ရဲ့ အ အနေတစ်ခုပဲပေါ့"

မာဂီသည် မကျေမနပ်ဖြင့်-

"ဒါပေမယ့် ခရစ်တော့ အဲဒီလိုဖြစ်မယ့် လူစားမျိုး မဟုတ်ဘူးရှင့်၊ ရှင် ခရစ်အပေါ်မှာ ဘယ်လောက်အများကြီး လုပ်ကိုင်ပေးခဲ့တယ်ဆိုတာ အားလုံးအသ ဟာ"

ကျွန်တော်သည် ညစာစားပွဲမှ ကုလားထိုင်ကို နောက်ဘက်သို့ တွန်းထု လိုက်ပြီး-

"မင်းပြောသလိုမှန်ပါစေလို့ ဆုတောင်းပါတယ်ကွာ"

ထိုစဉ် ကျွန်တော်တို့အိမ်ရှေ့သို့ ကားတစ်စီး ဘရိတ်အုပ်ထိုးရပ်သံ ကြား သည်။

ကျွန်တော်က-

"ဘယ်သူများပါလိမ့်"





မာဂီက-

"ဂျင်နီပြန်လာတာ ဖြစ်မှာပါ၊ သူ့အဖော်က လိုက်ပို့တာနေမှာပေါ့"

အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်းသံ မြည်လာ၏။ မာဂီသည် စားပွဲမှ ထပြုရာ ကျွန်တော်က လက်ကာပြလိုက်ပြီး-

"နေပါ၊ မင်းဘာသာ ကော်ဖီပြီးအောင် သောက်လိုက်ပါ၊ ကိုယ် တံခါးသွားဖွင့် လိုက်ပါ့မယ်"

ကျွန်တော် တံခါးဖွင့်လိုက်သောအခါ တံခါးတွင် ပေါလ်ရမ်မီ ရပ်နေသည်ကို တွေ့ရ၏။ ကျွန်တော်သည် အံ့သြလွန်း၍ ရုတ်တရက် စကားပင်မပြောမိ၊ အတန်ကြာမှ သတိရလာပြီး-

"ပေါလ်ပါလား၊ ဘယ့်နှယ့် ဘယ်လို ဒီရောက်လာရတာလဲ"

ပေါလ်သည် အထဲကိုဝင်ယင်း-

"ကျုပ် ခင်ဗျားကို စကားပြောစရာရှိလို့ လာတာ၊ ကိုရင်လေး မှနေပြီလား တွေလျှောက်လုပ်နေတာလဲ၊ အားလုံးတော့ ဒုက္ခရောက်ကုန်တော့မှာပဲ"

ကျွန်တော်သည် ပေါလ်၏ အပေါ်ကုတ်နှင့် ဦးထုပ်ကိုယူ၍ ချိတ်တွင် ချိတ် လိုက်ပါသည်။ ပြီးမှ သူ့မေးခွန်းကို မဖြေသေးဘဲ-

"ကဲ အထဲလာပါဦး၊ ကျုပ်တို့လင်မယား ကော်ဖီသောက်နေကြတာ၊ ဝင်ပြီး သောက်ပါဦး"

ပေါလ်သည် ထမင်းစားခန်းသို့ ကျွန်တော့်နောက်မှ လိုက်ပါလာခဲ့ပါသည်။ ခန်းထဲရောက်သည်နှင့် ပေါလ်သည် မာဂီကို နှုတ်ဆက်၏။ ပြီးနောက် ကျွန်တော့် တော်ကိုလှည့်၍-

"ကဲ ဆိုစမ်းပါဦး၊ ကိုရင်လေးက မက်ဘရက်ဒီကို ပြန်ချဖို့ ကြိုးစားနေတယ်ဆို"

ကျွန်တော်က အေးဆေးစွာဖြင့်-

"ကျွန်တော်ကဖြင့် ဘယ်သူ့ကိုမှ ချလဲမချပါဘူး၊ ပြန်လဲမချရပါဘူးဗျာ၊ အဲ ကျွန်တော့်ကို သူက အလုပ်ခန့်တယ်၊ အဲဒါကို ငြင်းလိုက်မိတယ်၊ ဒါပါပဲ"

ပေါလ်သည် မကျေနပ်သေးဟန်ဖြင့်-

"ကျုပ်ကြားတာက အဲဒီလို မဟုတ်သေးပါဘူး၊ မောင်ရင်က သူ့ကို ရုံးခန်းထဲက မောင်းထုတ်တယ်ဆို"

ကျွန်တော်က-

"မဟုတ်တာပဲဗျာ၊ ကျွန်တော့်အကြောင်းကို ခင်ဗျားလဲသိပါတယ် ဒေါ်လ ကျွန်တော်က သူ့ဆီမှာ အလုပ်မလုပ်နိုင်ဘူး၊ သူက ကျွန်တော့်ရုံးခန်းကို လာတွေ့တာ ကျွန်တော်ကလဲ အလုပ်များနေလို့ သူ့ကို လက်ခံမတွေ့လိုက်မိဘူး ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပေါလ်သည် ကျွန်တော့်ကို အကြောင်းသား ကြည့်နေပါ၏။ သူ့ပါးစပ် အဟောင်းသားဖြစ်နေ၏။ နောက်ဆုံးမှ သတိရသွားပြီး-

"ဪ. . . ကိုရင်လေးက လက်ခံမတွေ့လိုက်တာလေးကိုး"

ပေါလ်၏လေသံမှာ သရော်သံအပြည့် ပါနေ၏။ ပေါလ်က ဆက်၍-

"တစ်တိုင်းပြည်လုံးမှာ ဩဇာအရှိဆုံးလုပ်ငန်းရှင်ကြီး ငါးယောက်ထဲက ယောက်က မောင်ရင့်ကို လာတွေ့တာကို မောင်ရင်က လက်ခံမတွေ့လိုက်ဘူး ဟုတ် မောင်ရင်တော့ ရူးနေပြီထင်တယ်၊ မောင်ရင် မသိဘူးလားဟင်၊ အဲဒီလိုလုပ်လိုက် ကပြိုင်နက် နက်ဖြန်ဆိုယင် မောင်ရင် အလုပ်လက်မဲ့ ဖြစ်သွားနိုင်တယ်ဆိုတာကို ထဲမှာ ဦးနှောက်မှရှိသေးရဲ့လား ဘရက်ဒ်ရယ်. . ."

ကျွန်တော်က-

"ခင်ဗျားပြောတာ နောက်ကျနေပြီ ပေါလ်၊ ကနေ့ပဲ ကျွန်တော့်ရဲ့အလုပ် ခြောက်ဆယ့်ငါးရာခိုင်နှုန်းလောက်ဟာ အလုပ်ဆက်မအပ်ကြတော့ဘူးလို့ အကြော ကြားတာ ခံနေရပြီ"

ပေါလ်သည် လေတစ်ချက်ချွန်လိုက်ပြီး-

"ဒီလောက်တောင်ပဲ မြန်သလားဟင်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။ ပြီးမှ-

"ခင်ဗျားက ကျွန်တော့်သတင်းကို ဘယ်ကကြားလာတာတုန်း"

ပေါလ်က-

"ကျုပ်မိတ်ဆွေ ပီတာဆန်က ကိုရင်လေးဟာ ကျုပ်မိတ်ဆွေပဲလို့ သိကြတ ဒီကိစ္စနဲ့ပတ်သက်ပြီး မှန်မမှန် ကျုပ်ကို အတည်ပြုသတင်းမေးရာက ကျုပ်သိတာ ကျုပ်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမသိပါဘူးလို့ ပြောလိုက်ပါတယ်၊ ကျုပ် သိသ ကတော့ ကိုရင့်ရဲ့ အကျိုးဆောင်လုပ်ငန်းက သံမဏိလုပ်ငန်းအတွက် ကြော်ငြာလုပ် လုပ်ဖို့ ဆွေးနွေးနေကြတာပဲလို့ ဖြေလိုက်ပါတယ်"

ဪ. . သတင်းပြန့်ပွားမှုကား မြန်ဆန်လှပါကလား။ ကျွန်တော်သည် လားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါ၏။ သူတို့အားလုံးသည် မှန်ကြပါသည် မက်ဘရက်ဒီကို ပြန်ချရအောင် ကျွန်တော်သည် ဘယ်လိုအကောင်မျိုးပါလိမ့်။ ခြင် ကောင်က ဆင်ကောင်ကို အန်တုသလိုပဲ ရှိနေမှာပဲဖြစ်သည်။

ပေါလ်သည် ကျွန်တော့်ကို အသေအချာကြည့်၍-

"ဇာတ်လမ်းကဘယ်လိုလဲ၊ ပြောစမ်းပါဦး"

ကျွန်တော်သည် မတတ်သာတော့ဘဲ-

"ဘရက်ဒီက သံမဏိလုပ်ငန်း ကော်မတီရဲ့အလုပ်ကို ဘေးချိတ်ထားပြီး သူ့

ိုင်တုမ္ပဏီမှာ ကျွန်တော့်ကို အလုပ်လုပ်ပါလို့ ကမ်းလှမ်းတယ်၊ ကျွန်တော်တာ သူ့အလုပ်ကိုမှ မလုပ်ချင်ပါဘူးလို့ ငြင်းလိုက်ပါတယ်"



ကျွန်တော်သည် ဖျင်းရိသောလေသံဖြင့် ရှင်းပြလိုက်ပါ၏။

ကျွန်တော့်တစ်ကိုယ်လုံး နွမ်းနယ်မှုများ ဖိစီးလာသဖြင့် မျက်စိအစုံကို မှိတ် ပါ၏။ ဒီနေ့အတွက် ပထမဆုံးအကြိမ်အဖြစ် အယ်လိန်း၏ရုပ်ပုံလွှာသည် ကျွန်- အာရုံရိပ်တွင် ထင်၍လာပါသည်။ ကျွန်တော့်အဖြစ်မှာ တကယ့်အမှန်ကို ဘယ်သူ့ ှင့်ပြော၍မရ ဖြစ်နေပါ၏။ ကျွန်တော်က အဖြစ်မှန်တစ်စွန်းတစ်စကို ပြောကြားမိ အခြေအနေသည် ပို၍ဆိုးသွားမည်သာ ဖြစ်ပါ၏။ မက်ဘရက်ဒီသည် ကျွန်တော် အယ်လိန်းတို့၏အကြောင်းကိုသာ သိသွားပါက အဆိုးဆုံးသို့ ရောက်သွားနိုင်ပြီး မှ သူ့ကို တားဆီးနိုင်တော့မည် မဟုတ်ပေ။

ပေါလ်သည် စကားများပြောနေ၏။ သူသည် ကျွန်တော်ရောက်နေသော ထွေးအကျပ်ထဲမှ ထွက်ပေါက် ဘယ်ပုံဘယ်နည်းရနိုင်မည်ကို ကြံစည်ကြံဆ ပြောဆို ခြင်း ဖြစ်ပါသည်။ သို့သော် ပေါလ်ပြောနေသမျှမှာ ကျွန်တော်ယုံကြည်လောက်ရန် ပြောနှင့် သူကိုယ်တိုင်ပင် ယုံကြည်နိုင်လောက်သော နည်းလမ်းပင် မရပါ။ နောက်ဆုံး လ်သည်လည်း ဘာမှပြောစရာမရှိတော့ဘဲ ငြိမ်သွားရာ ကျွန်တော်တို့ သုံးဦးစလုံး ှာက်ရုပ်ကြီးများသဖွယ် ငုတ်တုတ်ထိုင်နေမိကြပါသည်။

ရုတ်တရက် ပေါလ်သည် လက်ဖြောက်တီးလိုက်ပြီး-

"ကျုပ် အကြံရပြီဗျို့၊ အယ်လိန်းရှိုင်လာကို သုံးရမှာပဲ"

ကျွန်တော့်မျက်လုံးအစုံသည် ရုတ်တရက် ပြူးကျယ်၍သွားပါသည်။

"အယ်လိန်းရှိုင်လာက ဘာမို့လို့လဲ"

ပေါလ်က-

"အယ်လိန်းရှိုင်လာဟာ မက်ဘရက်ဒီရဲ့ အလွန်ချစ်တဲ့တူမ ကိုယ့်လူရ ကျုပ် အယ်လိန်းကို ပြောခိုင်းမယ်၊ မောင်ရင်ဟာ အယ်လိန်းအတွက် ဘယ်လောက် ကူညီ ည်ကိုင်ပေးခဲ့သလဲ ဆိုတာတွေကို"

ကျွန်တော်သည် ခေါင်းကို ခါရမ်းပြလိုက်ပြီး-

"ကျွန်တော်ဟာ ကိုယ့်တိုက်ပွဲကို ကိုယ့်ဘာသာ တိုက်နိုင်ပါတယ်ဗျာ"

ပေါလ်က-

"မရူးစမ်းပါနဲ့ ဘရက်ဒ်ရယ်၊ အယ်လိန်းဟာ သူ့ဘကြီးကို ... ကောင်းကောင်းလုပ်နိုင်တဲ့ တူမပါ"

ကျွန်တော်သည် ထိုင်ရာမှထပြီး-

"သူ့ဘာသာ ဘယ်လိုပဲလုပ်နိုင်လုပ်နိုင်ဗျာ၊ ကျွန်တော် ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိစ္စနဲ့ မက်ဘရက်ဒီရဲ့ကိစ္စပဲ၊ ကျွန်တော်ဟာ ဘယ်နည်းနဲ့မှ သူတို့မရဲ့ ဂါဝ
အနားဆွဲပြီး သူ့ဆီမှာ သွားငိုမပြနိုင်ဘူး"

မာဂီက ဝင်၍-

"ဒါပေမယ့် ဘရက်ဒ်ရယ်၊ ရှင်က တကယ်ပဲ အယ်လိန်းရှိုင်လာအတွက် အမှား
ကြီး လုပ်ကိုင်ပေးနေတာပဲဟာ၊ ကျေးဇူးအတုံ့အပြန်ပဲပေါ့"

ကျွန်တော်က ခေါင်းမာစွာဖြင့်ပင်-

"ဒါတော့မဖြစ်ဘူး၊ ဒီကိစ္စထဲမှာ အယ်လိန်းရှိုင်လာ မပါလာစေချင်ဘူး"

မာဂီသည် ကျွန်တော့်အနား ညင်သာစွာတိုးလာပြီး-

"ဘာဖြစ်လို့လဲ ဘရက်ဒ်ဟင်၊ အခြေအနေက တကယ်ဆိုးဆိုးရွားရွား ဖြစ်နေ
ဘဲ့ဟာပဲ အယ်လိန်းတလဲ ရှင့်ကို ဝမ်းမြောက်ဝမ်းသာ ကူညီမှာပါ၊ ရှင်ပဲ အဲဒီမိန်းကလေး
ကို သဘောကျတယ်၊ အဲဒီမိန်းကလေးကလဲ ရှင့်ကို သဘောကျတယ်လို့ ပြောခဲ့တာပဲ"

ပေါလ်က ဝင်၍-

"ဟုတ်သားပဲ ဘရက်ဒ်၊ အီဒစ်ကလဲ ပြောတယ်၊ အယ်လိန်းဟာ ဘယ်သူ့ကိုမှ
မောင်ရင့်လောက် အမွှန်းတင်ပြောတာ မတွေ့ဖူးဘူးတဲ့"

ကျွန်တော်သည် ပေါလ်နှင့် မာဂီတို့နှစ်ဦးကို ကြည့်လိုက်မိပါသည်။ ကျွန်တော်
သည် စကားပြောရန် ကြိုးစားပါသော်လည်း စကားလုံးများမှာ ကျွန်တော့်လည်ချောင်းထဲ
မှ အပြင်သို့ ထွက်မလာကြပါ။ ကျွန်တော့်ခေါင်းထဲတွင် အတွေးတစ်ခု ပေါ်လာပါသည်။
အယ်လိန်း ဖုန်းထဲမှ ပြောလိုက်သောစကားထဲကပဲလား၊ ဒါမှမဟုတ် အယ်လိန်းကို
ကျွန်တော်က ပြောလိုက်သော စကားထဲကပဲလား၊ ကျွန်တော်ကိုယ်တိုင်လည်း သဲသဲ
ကွဲကွဲ မမှတ်မိတော့။

ကျွန်တော်တို့တတွေသည် ဘယ်လောက်များ ရူးကြပါလိမ့်။ ဘယ်လောက်
အမှားတွေ လုပ်နိုင်ကြပါလိမ့်။ နောက်ဆုံးတွင်မှ ကျွန်တော်သည် စကားပြောနိုင်လာပြီး
အသံကုန်ဟစ်၍-

"မလုပ်နိုင်ဘူးဗျာ၊ ဒါပဲ"

ပြောပြောဆိုဆိုပင် ကျွန်တော်သည် ထမင်းစားခန်းထဲမှ အပြင်သို့ ထွက်လာ
ခဲ့မိပါတော့၏။

□□□

## အခန်း (၁၈)

ကောင်းကင်ပြင်ထက်၌ ကြယ်များသည် သိန်းနှင့်သန်းနှင့်ချီ၍ ပြိုးပြိုးပြက်
ပြက် လင်းလက်နေကြပါသည်။ ညသည် ပကတိကြည်လင်၍ အေးမြ၍နေပါသည်။
ကျွန်တော်သည် အိမ်တံခါးဝ လှေကားခုံတွင်ထိုင်ယင်း စိမ့်ကနဲ တစ်ချက်အေး၍သွားပါ
သည်။ သို့သော် ကျွန်တော်သည် စီးကရက်ကို ဆက်ဖွာနေလိုက်ပြီး ခေါင်းမာစွာဖြင့်ပင်
အိမ်ထဲသို့ ပြန်မဝင်ဘဲ နေလိုက်မိပါသည်။ မီးလင်းနေသော ထမင်းစားခန်း ပြတင်းပေါက်
တစ်ဆင့် ပေါလ်နှင့်မာဂီတို့ ဆက်လက်ခေါင်းချင်းဆိုင် စကားပြောနေကြသည့်အရိပ်
များကို ကျွန်တော် မြင်နေရပါသည်။

ကျွန်တော်သည် ကျွန်တော့်အိမ်ကို ပထမ ကြည့်လိုက်မိပါသည်။ နောက်
အိမ်မှတစ်ဆင့် ကားလမ်းမရှိရာသို့ ဖောက်သွယ်ထားသော ကိုယ်ပိုင်ကားလမ်းအတိုင်း
လမ်းမအထိ လှမ်းမျှော်ကြည့်လိုက်မိပါသည်။ ကျွန်တော်သည် ဤအိမ်ကိုရော ဘယ်
လောက်ကြာကြာ ဆက်လက်ထိန်းသိမ်း ငှားရမ်းနိုင်ပါမည်နည်း။ ကျွန်တော့်လုပ်ငန်းကို
ပိတ်ပစ်လိုက်ရပြီဆိုသည်နှင့် အရာရာကို ချွေတာရ လျှော့ချရ လုပ်ရတော့မည်ဖြစ်
၍ သိပ်ကြာကြာ ဆက်လက်ထိန်းသိမ်းထားနိုင်မည် မဟုတ်ပေ။ ကျွန်တော့်တွင်
ကိုယ်ပိုင် ငွေပိုငွေလျှံ ရှိနေသည်မဟုတ်။ ကျွန်တော်သည် ရသမျှငွေ၊ ဝင်သမျှငွေကို
အလုပ်ထဲသို့သာ သွင်းခဲ့ပြီး အလုပ်ကိုသာ တိုးချဲ့ခဲ့သူဖြစ်သည်။ သီးသန့်စုဆောင်းထား

www.burmeseclassic.com



သော ငွေပိုငွေလျှံဟူ၍ မရှိ။

ထိုစဉ် အိမ်ရှေ့လမ်းပေါ်သို့ ကားတစ်စီးထိုးရပ်သည်ကို လှမ်း၍မြင်ရပါသ လူငယ်တို့၏အသံများ ကြားရပါသည်။ ထို့နောက် အိမ်ဘက်သို့လျှောက်လာသော ဂျ ခြေသံကို ကြားရပါသည်။ ဂျင်နီသည် သူမဘာသာ သီချင်းတစ်ပုဒ်ကို တေးသွားအ အေးဆေးစွာဆိုပြီး လာသည်ကို ကြားရပါသည်။ ကျွန်တော်သည် တစ်ယောက်တ ပြုံးလိုက်မိပါ၏။ သမီးကလေးသည် ဘာမှမသိသေး။ တစ်လောကလုံးသည် သမီး အတွက် သာယာလျက်ရှိပေသည်။ သည်အတိုင်းပဲ ကောင်းပါသည်။

ဂျင်နီသည် ကျွန်တော် ငုတ်တုတ်ထိုင်နေသည်ကို မြင်သွားသောအခါ တ တသြဖြစ်သွားပြီး-

"ဖေဖေပါလား၊ အပြင်မှာ ဘာလုပ်နေတာလဲ"

ကျွန်တော်သည် ဂျင်နီ့ကို ပြုံးပြလိုက်ပြီး-

"အပြင်မှာ လေအေးခံနေတာပါ သမီး"

ဂျင်နီသည် ကျွန်တော့်ပါးပြင်ကို အသာနမ်းလိုက်ပြီး ကျွန်တော့်နံဘေ ဝင်၍ထိုင်ပါသည်။ ပြီးမှ တိုးတိုးလေသံဖြင့်-

"သမီး မေမေ့ကို ဖေဖေဝယ်ထားတဲ့ လက်ဆောင်အကြောင်း ဘာမှ မထားဘူးနော်"

ကျွန်တော်သည် ဘာမှပြန်မဖြေမိ။ တကယ်တော့ ထိုလက်ဆောင် သား အကျီမှာထားသည်ကို ကျွန်တော့်စိတ်ထဲ၌ မေ့လျော့နေပြီပင် ဖြစ်၏။ ယနေ့ ကြုံဆုံ သည့် အခြေအနေအရ ထိုလက်ဆောင်ကိုပင် ရွေးနိုင်မည့်ပုံမပေါ်တော့။

ကျွန်တော့်သမီးသည် လျှင်လှပေသည်။ ကျွန်တော်၏ စိတ်အခြေအနေ ချက်ချင်းသိသွားပုံရ၏၊ ဂျင်နီသည် ကျွန်တော့်မျက်နှာကို ကြည့်၍-

"ဘာတွေဖြစ်နေတာလဲ ဖေဖေ၊ မေမေနဲ့ ဖေဖေ စကားများကြလို့လား"

ကျွန်တော်သည် ခေါင်းယမ်းလိုက်ပြီး-

"မဟုတ်ပါဘူး သမီး၊ အလုပ်ကိစ္စ ပြဿနာတွေ ရှိနေလို့ပါ"

"အို. . . ဟုတ်လား"

ဂျင်နီသည် ကျွန်တော့်စကားကို ယုံကြည်ပုံမရပေ။

ကျွန်တော်သည် ဂျင်နီ့ကို ကြည့်လိုက်၏။ ထိုအခိုက်အတန့်မှာပင် ဂျင်နီသ ကလေးတစ်ယောက် မဟုတ်တော့ကြောင်း ကျွန်တော်သိသွား၏။ ဂျင်နီသည် မိန်းမ တစ်ဦး ဖြစ်နေပေပြီ။ ခံစားမှု၊ တွေးဆနိုင်မှုနှင့်တကွ အမျိုးသမီးတို့၏ အစွမ်းအစမျ အရည်အသွေးများ ရှိနေပေပြီဖြစ်၏။

ကျွန်တော်က ဂျင်နီကိုကြည့်၍-





"နေပါဦး သမီး၊ ဖေဖေနဲ့မေမေ စကားများကြသလားလို့ ဘာဖြစ်လို့ မေးရ လဲ"

ဂျင်နီသည် ကျွန်တော့်ဘက်သို့ လှည့်မကြည့်ဘဲ-

"ခုတလော ဖေဖေကလဲ နေပုံထိုင်ပုံ တစ်မျိုးကြီးပဲ၊ မေမေကလဲ လုပ်ကိုင် များနေပုံက စိတ်ထိခိုက် ဝမ်းနည်းတဲ့ပုံမျိုးနဲ့"

ကျွန်တော်သည် ဂျင်နီ့စကားကို ကလေးစကားသဖွယ် ရယ်မောပစ်ဖို့ ကြိုးစား သည်။ သို့သော် ရယ်သံကား ထွက်မလာခဲ့။ တကယ်တမ်းတော့ ကျွန်တော်သည် ယ်သူ့ကိုမှ လှည့်စားနိုင်ခဲ့ခြင်း၊ ညာနိုင်ခဲ့ခြင်း မရှိပါကလား။ သို့သော် အခြေအနေအရ တ်သာသောကြောင့်-

"ကြံကြံဖန်ဖန် သမီးရယ်"

ဂျင်နီသည် ယခုမှ ကျွန်တော့်ကို ကြည့်ပါသည်။ ပြီးမှ ကျွန်တော့်လက်ကို တွယ်လိုက်ပါသည်။ ဂျင်နီက-

"ဒါထက် ကနေ့ပဲ မစ္စက်ရှိုင်လာရဲ့ဓာတ်ပုံကို သတင်းစာထဲမှာ တွေ့တယ် ဖေ၊ တယ်လှတဲ့ မိန်းမပါကလား"

ကျွန်တော်က အူတူတူ အတတတဟန်ဖြင့်-

"ဟုတ်မှာပေါ့. . . ဟုတ်မှာပေါ့"

ဂျင်နီက-

"ဘိုးဘိုးကပြောတယ်၊ အဲဒီမိန်းမက ဖေဖေ့ကိုကြိုက်နေတာတဲ့"

ကျွန်တော်သည် စိတ်ထဲမှကြိတ်၍ ဖေဖေ့ကို အပြစ်တင်လိုက်မိပါသည်၊ ဖေသည် ကလေးကို ဒီစကားမျိုးမပြောသင့်ကြောင်း နားလည်ဖို့ ကောင်းလှသည် တ်ပါလား။ ကျွန်တော်သည် ကြိုးစား၍ ပေါ့ပေါ့ဆဆလေသံဖြင့်-

"သမီးကလဲကွယ်၊ သမီးအဘိုးအကြောင်း သိသားနဲ့ သမီးအဘိုးက မိန်းကလေး င်းက ဖေဖေ့ကို ကြိုက်လိမ့်မယ်လို့ ထင်နေတဲ့လူကွယ့်"

ဂျင်နီ့မျက်လုံးအိမ်ထဲတွင် အတွေးတစ်ခု ရှိနေပုံရပါသည်။

ဂျင်နီက-

"ဖြစ်နိုင်တယ်ဖေဖေရဲ့၊ ဖေဖေဟာ တကယ်တော့ အဘိုးကြီးမှ မဖြစ်သေးဘဲ"

ကျွန်တော်က ဂျင်နီ့ကိုပြုံး၍-

"လုပ်မနေနဲ့၊ တစ်နေ့ကပဲ ဖေဖေဟာ ခေတ်မမီတော့ဘူး ဘူ ဘိစိတ်ကူးယဉ်စရာမရှိဘူးလို့ သမီးပဲပြောခဲ့ပြီးတော့"

ဂျင်နီသည် မလျော့သေးဘဲ-

"ဘာပဲပြောပြော ဖေဖေနဲ့သူနဲ့ ကြိုက်သွားနိုင်ဘာသဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာပဲ၊ ဖြစ်တတ်တာပဲ၊ အဲဒါမျိုး ရုပ်ရှင်တောင် သမီးတစ်ခါက ကြည့်ဖူးသေးတ
ကလပ်ဂေဘဲလ်ရယ်၊ ပြီးတော့. . .”

ကျွန်တော်သည် စကားဝင်ဖြတ်၍-

“အဲဒါက ရုပ်ရှင်ထဲမှာဖြစ်တာ သမီးရဲ့၊ ပြီးတော့ ဖေဖေကလဲ ကလပ်ဂေဘဲ
မဟုတ်ဘူး”

ဂျင်နီကမူ လျှင်မြန်စွာဖြင့်-

“အံမယ်၊ ဖေဖေကဖြင့် ကလပ်ဂေဘဲလ်ထက်တောင် ချောသေး”

ကျွန်တော်သည် ဂျင်နီ့ကို ပြောင်ချော်ချော် ကြည့်လိုက်ပါသည်။ ဂျင်နီ့မျက်
ကမူ တကယ် လေးလေးနက်နက် ဖြစ်နေ၏။ ကျွန်တော်သည် ရင်ထဲမှာ နွေးထ
ခံစားလိုက်ရပါသည်။ ပြီးမှ အသံထွက်၍ ရယ်မောလိုက်ပြီး-

“မြှောက်ပြောနေလို့ ဘာမှရမှာမဟုတ်ဘူးနော်”

ချက်ချင်းဆိုသလိုပင် ဂျင်နီသည် ကလေးပြန်၍ ဖြစ်သွားပါသည်။ မြီးကော
ပေါက်တို့အရွယ် အချစ်စိတ်ကူးယဉ်သူကလေး ဖြစ်သွားပြန်ပါသည်။ ဂျင်နီက တိုး
လေသံဖြင့်-

“ဟုတ်တယ်နော် ဖေဖေ၊ ဒီမိန်းမဟာ ဖေဖေ့ကိုလဲ သိပ်ချစ်တယ်၊ ဒါပေမ
ဒီဘဝမှာ ဖေဖေ့ကိုတော့ အပိုင်မရနိုင်တော့ဘူးဆိုတာလဲ သိတယ်၊ ဒါဆိုယင် ဘ
လောက်များ စိတ်ဆင်းရဲရလိုက်မလဲနော် ဖေဖေ”

ရင်ထဲမှာ ခါကနဲ နာသွားပါသည်။ သည်ရက်များအတွင်း မေ့ပျောက်သလို
ဖြစ်နေခဲ့သော ရင်ထဲမှာ ဝေဒနာအနာသည် တဖြည်းဖြည်းပြန်၍ နာကျင်စပြုလာပြန်
သည်။

ကျွန်တော်သည် ထိုင်နေရာမှ ထလိုက်ပါသည်။

တော်လောက်ပြီ ဖြစ်ပါ၏။

ကျွန်တော်က-

“ကဲ ဖေဖေတို့ အိမ်ထဲဝင်ကြစို့၊ သမီးရဲ့ အန်ကယ်ပေါလ်လဲ ရောက်နေတယ
သူကလဲ သမီးကို တွေ့ချင်နေတာ”

ထိုနေ့ညက ကျွန်တော် ကောင်းစွာအိပ်မပျော်ပါ။ ည၏ တိုးတိတ်သောအေ
သံသည် မှန်ပြတင်းကို ညင်သာစွာ ပုတ်ခတ်နေပါသည်။ သို့သော် ည၏တိတ်ဆိတ်ခြင်
ငြိမ်သက်ခြင်းတို့သည်လည်း ကျွန်တော်၏စိတ်ကို ဖြေသိမ့်နိုင်ခြင်း မရှိပါ။ နောက်ဆုံးတွ
မှ အရုဏ်ဦး၏ ဖြူဖျော့ဖျော့အရောင်သည် အခန်းထဲသို့ တိုးဝင်ရောက်လာပါတော့
သည်။ တိတ်ဆိတ်သော အမှောင်ညတစ်ခုလုံးနှင့် ကျွန်တော် အဖြေရှာ၍မရခဲ့
ထွန်းသစ်သော နေရောင်သည် ကျွန်တော့်အတွက် အဖြေရှာပေးကောင်း ရှာပေးလိ



ညည် ထင်ပါသည်။ ကျွန်တော်သည် မျက်လုံးအစုံကိုမှိတ်၍ ခဏမျှ အိပ်လိုက်ပါသည်။

❑

နံနက်ပိုင်း ရုံးသို့မသွားမီ ပေါလ်ကို ကျွန်တော် လေဆိပ်သို့ လိုက်၍ပို့ပါ
သည်။ ပေါလ်၏မျက်နှာမှာ သုန်မှုန်၍နေပါသည်။ လေယာဉ်ပျံပေါ်သို့မတက်မီ ပေါလ်
က ကျွန်တော့်ကို ချစ်ခင်စွာကြည့်၍-

“ဘာပဲဖြစ်ဖြစ် ကျုပ်ကိုတော့ အယ်လိန်းကို ဒီအကြောင်း ပြောခွင့်ပေးဗျာ”

ကျွန်တော်သည် ခေါင်းကို အသာအယာ ခါယမ်းပြလိုက်ပါသည်။

ပေါလ်သည် အတန်ကြာ ကျွန်တော့်ကို ငေးစိုက်ကြည့်ပါသည်။ ပြီးမှ-

“မင်းဟာလေ. . . အတော့်ကို မာနကြီးတဲ့အကောင်”

ပေါလ်သည် နှုတ်ဆက်ရန် လက်ကမ်းပေးပါသည်၊

ကျွန်တော်သည် ပေါလ်ကို လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

ပေါလ်၏ဆုပ်ကိုင်မှုမှာ ရင်းနှီးခင်မင်နွေးထွေးမှု အပြည့်ပါဝင်ကြောင်း ကျွန်
တော် သိပါသည်။ ပေါလ်၏မျက်လုံးများက ကျွန်တော့်မျက်လုံးကို တည့်တည့်စိုက်၍
ကြည့်ပါသည်။

ပေါလ်သည် လေးနက်တည်ကြည်သော လေသံဖြင့်-

“အားလုံးချောချောမောမော ဖြစ်ပါစေလို့ ကိုယ်ဆုတောင်းမှော်လင့်ပါတယ်”

“ဖြစ်သွားမှာပါ”

ကျွန်တော်သည် ရင်ထဲမှာ ခံစားနေရသည်ထက် ပိုမိုယုံကြည်စိတ်ချလေသံ
ဖြင့် ပြန်ဖြေလိုက်ပါ၏။ ပြီးမှ ဆက်၍-

“ဒီလိုပဲဖြစ်ရမှာပေါ့”

ပေါလ်သည် လေယာဉ်ဘက်သို့ လျှောက်သွားပြီးမှ နောက်သို့လှည့်၍-

“ကံကောင်းပါစေဗျာ”

ကျွန်တော်က-

“ကျေးဇူးတင်ပါတယ်ဗျာ”

ပေါလ်သည် လေယာဉ်ရှိရာသို့ လျှောက်သွားပါသည်၊ ပေါလ်၏ လမ်း
လျှောက်ပုံမှာ ခိုင်ခိုင်မာမာ တိတိကျကျ မရှိလှပါ။ တစ်မျိုးကြီး ဟာတာတာ ဖြစ်နေ
သည်။ ကျွန်တော်သည် စိတ်ထဲမှာ သတိရသွားပြီး လှမ်းအော်၍-

“ပေါလ်”

ပေါလ်သည် တုံ့ကနဲရပ်သွားပြီး ကျွန်တော့်ဘက်သို့ ပြန်လှည့်ကြည့်ပါသည်။

ကျွန်တော်က ပြုံး၍-

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ပထမအချီပဲ ရှိပါသေးတယ်ဗျ၊ သတ္တိမွေးထားစမ်းပါ"

ရုတ်တရက် ပေါ်လိမ့်မျက်နှာပေါ်တွင် ဘာမှအပြောင်းအလဲ မတွေ့ရပါ။ နောက်မှ တဖြည်းဖြည်းပြုံးသွားပြီး ကျွန်တော့်ကို လှမ်းကြည့်ပါသည်။ သူက-

"မောင်ရင်လေး ရူးနေပြီ"

ပြောပြောဆိုဆို ခေါင်းကို ရယ်မောခါယမ်းပြီး လက်ကိုမြှောက်သည်ဆိုရုံလေး နှုတ်ဆက်ကာ လေယာဉ်ရှိရာသို့ ထွက်သွားပါလေ၏။

❑

ကျွန်တော် ရုံးခန်းသို့ဝင်လာချိန်၌ မစ်ကီသည် အပြင်ခန်း သူ့စားပွဲခုံတွင် လက်နှိပ်စက်ကို မနားတမ်းရိုက်နေ၏။ ကျွန်တော်က မစ်ကီအား-

"ခရစ်ကိုရှာစမ်းဟေ့"

မစ်ကီသည် ကျွန်တော့်အခန်းရှိရာသို့ မေးငေါ့ပြပြီး-

"ခရစ် အခန်းထဲမှာ စောင့်နေပါတယ်"

ကျွန်တော်သည် တယ်ဟုတ်ပါလားဟူသည့် သဘောဖြင့် မျက်ခုံးပင့်ပြလိုက်ပါသည်။ ခရစ်သည် အချိန်မဖြုန်းတော့ပါကလား။ ကျွန်တော်သည် ကျွန်တော့်ရုံးခန်း တံခါးကိုဖွင့်၍ အတွင်းသို့ ဝင်လိုက်ပါသည်။

ခရစ်သည် ကျွန်တော့်ရုံးခန်း၊ ကျွန်တော့်စားပွဲ၊ ကျွန်တော့်ကုလားထိုင်မှာ ထိုင်နေပါသည်၊ သူသည် စာရွက်တစ်ခုပေါ်၌ တစ်စုံတရာ ရေးခြစ်၍နေပါသည်။ ကျွန်တော် ခင်သာသံကြား၍ ခရစ် မော့ကြည့်လိုက်ပြီး ကုလားထိုင်မှထရန် ဟန်ပြင်ပါသည်။

ကျွန်တော်က လမ်းလျှောက်ဝင်လာခဲ့ယင်း လက်ဟန်ဖြင့် ထိုင်ပါ ထိုင်ပါဟု လှမ်းပြလိုက်ပါသည်။ ခရစ်သည် ကျွန်တော့်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်ပါသည်။ ကျွန်တော်သည် ဘာတစ်ခွန်းမှမပြောပါ။ သူနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ပြီး သူ့ကို တည့်တည့်ကြည့်နေမိပါသည်။

မိနစ်အနည်းငယ်ကြာသောအခါ ခရစ်သည် နေမထိထိုင်မသာ ဖြစ်လာပုံရပါသည်။ သူ့မျက်နှာမှာ နီမြန်း၍လာကြောင်း ကျွန်တော် မြင်သာ၍နေပါသည်။ ကျွန်တော်သည် ဆက်လက်၍ပင် ခပ်မဆိတ် နှုတ်ပိတ်၍နေပါသည်။

ခရစ်သည် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး-

"ဘရက်ဒ်"

ကျွန်တော်က ခရစ်ကို ပြုံးပြ၍-



"အဲဒီကုလားထိုင်ဟာ ထိုင်လို့ကောင်းတယ်မဟုတ်လား ခရစ်"

ခရစ်သည် မီးခဲပေါ်မှာထိုင်မိသည့် လူတစ်ယောက်ပမာ ကုလားထိုင်ပေါ်မှ အတ်ကနဲခုန်၍ ထလိုက်ပါသည်။

ကျွန်တော်သည် ထိုင်ရာမှထ၍-

"ဒီကုလားထိုင်မှာ ထိုင်ချင်တယ်ဆိုတဲ့အကြောင်းကို စောစောက ဘာဖြစ်လို့ မပြောတာလဲ ခရစ်"

ကျွန်တော်သည် ညင်သာစွာ မေးလိုက်ပါသည်။

ခရစ်၏မျက်နှာသည် ရဲရဲတောက်သွားပါသည်။

ခရစ်က တစ်စုံတရာ ပြန်မပြောနိုင်မီ ကျွန်တော်က အေးဆေးသောလေသံဖြင့်-

"ခရစ်ကသာ စောစောက ပြောခဲ့မယ်ဆိုယင်. . ."

ကျွန်တော်သည် စားပွဲခုံကိုကွေ့ပတ်၍ စောစောက ခရစ်ထိုင်ခဲ့သော ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး-

"ခရစ်အကြိုက်လဲဖြစ်အောင်၊ ဒီလိုကုလားထိုင်တစ်ခု စီစဉ်ပေးထားရမှာပေါ့"

ခရစ်သည် စကားပြန်ပြောနိုင်ခြင်း မရှိသေးပါ။ သို့သော် မျက်နှာနီမြန်းခြင်းများ တဖြည်းဖြည်း ပြယ်လွင့်၍ လာသည်ကိုမူ တွေ့ရပါသည်။ သူသည် သူ့ကိုယ်သူ တစ်စတစ်စ ပြန်၍ထိန်းသိမ်းလာနိုင်ခဲ့ပြီ ဖြစ်ဟန်တူပါ၏။

သူက-

"ခင်ဗျား ကျွန်တော့်ကို နားလည်မှုလွဲနေတာပါ ဘရက်ဒ်၊ ကျွန်တော်က ကူညီဖို့ ကြိုးစားနေတာပါ"

ကျွန်တော်က လေသံမာမာဖြင့်-

"ဘယ်သူ့ကိုကူညီဖို့လဲ၊ မောင်ရင့်ကိုယ် မောင်ရင်လား"

ကျွန်တော်နှင့် စတင်သိကျွမ်းခဲ့သည့် အချိန်မှစ၍ ယနေ့အထိ ပထမဆုံးအကြိမ်အဖြစ် ခရစ်သည် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ ပေါက်ကွဲ၍သွားပါသည်။ သူက ကျွန်တော့်ကို ပြန်အော်၍-

"ဒီရုံးမှာ တစ်ယောက်ယောက်ကတော့ ထိန်းထိန်းသိမ်းသိမ်းရှိဖို့ လိုအပ်နေပြီ ခင်ဗျားက ဒီလုပ်ငန်းကြီးတစ်ခုလုံးကို ဒုက္ခရောက်အောင် လုပ်နေတာ ခင်ဗျားက ခင်ဗျားကိုယ်ခင်ဗျားကလွဲယင် ဘာကိုမှ ဂရုစိုက်တာမဟုတ်ဘူး"

ကျွန်တော့်စိတ်ထဲတွင် နေသာထိုင်သာ ရှိသွားပါသည်၊ ယခုမှ ကျွန်တော်တို့ နှစ်ဦးလုံး နေရာမှန်မြေမှန်သို့ ပကတိ ရောက်ရှိသွားပါသည်၊ ကျွန်တော်သည် ပြောင်ပြောင်နှာ ပြောဆိုရခြင်း၊ နောက်ကျောမှ ဓားနှင့်ထိုးရခြင်း စသည်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်ကွက်များနှင့် လုပ်ကိုင်ရခြင်းများကို မနှစ်မြို့က်ပါ။ ပြောင်ပြောင်ရှင်းရှင်း ဘွင်း ဘွင်းကြီး ဖွင့်ချဆဲဆို အော်ဟစ်ရန်ဖြစ်ခြင်းမျိုးပဲ သဘောကျပါသည်။

ကျွန်တော်က-

"မနေ့ကတစ်နေ့လုံး မောင်ရင် ဘာတွေလုပ်နေခဲ့တာလဲ"

ခရစ်က-

"ကျုပ်က ကျုပ်တို့လုပ်ငန်းကို ရန်ရှာဖို့ကြိုးစားနေတဲ့ မက်ဘရက်ဒီရဲ့ရန်ကို ကာကွယ်ဖို့ ကြိုးစားနေရတာပေါ့ဗျ၊ ကျုပ် သူ့ရုံးခန်းမှာ တချိန်လုံးရှိတယ်၊ သူနဲ့ အပေး အယူလုပ်ဖို့ ကြိုးစားနေတာ"

"ဘာအပေးအယူ လုပ်စရာရှိလို့လဲ"

"ကျုပ်တို့ရဲ့ ဖောက်သည်ကောင်းတွေ အားလုံးနီးပါး အလုပ်မအပ်ကြတော့ ဘူး၊ ယနေ့ဆိုယင် ကျန်တဲ့ ဖောက်သည်တွေလဲ ထွက်ပြေးကြတော့မှာပဲ ထင်တယ်"

ခရစ်သည် အေးစက်စွာ ခေါင်းညိတ်ပြပြီး-

"ကျုပ် သိပါတယ်၊ ခင်ဗျား သူ့ကို လက်ခံမတွေ့လိုက်တဲ့နေ့ကပဲ ကျုပ်တို့ အလုပ်ကို အပြတ်ဆော်ပစ်တော့မယ်လို့ သူကိုယ်တိုင်က ပြောပါတယ်"

"ကျုပ်တို့ကို ဒီလောက်မြန်မြန်ကြီး ဆော်နိုင်ဖို့ ကျုပ်တို့ရဲ့ အလုပ်ရှင်တွေစာရင်း တွေကို ဘယ်သူက ပေးသလဲ"

ကျွန်တော်သည် ကုလားထိုင်မှ ထလိုက်ပြီး ဆက်၍-

"မောင်ရင်လေးက အဲဒီစာရင်းပေးပြီး ကျုပ်ကို ကူညီလိုက်တာပေါ့၊ ဟုတ်စ"

ခရစ်၏မျက်နှာသည် နီမြန်း၍ သွားပြန်ပါသည်။

သူက-

"မက်ဘရက်ဒီက လေ့လာချင်တယ်ဆိုလို့"

ကျွန်တော်သည် ပြုံးလိုက်ပါ၏။

"ဒီအဖြေက မရေရာလွန်းဘူးလား ခရစ်"

ကျွန်တော်သည် စားပွဲခုံကို ကွေ့ပတ်သွားပြီး ခရစ်ကို ငုံ့ကြည့်၍-

"အဲဒီအဖြေမျိုးကို ကျုပ် ယုံမယ်ထင်သလား ခရစ်"

ခရစ်သည် ကျွန်တော့်ကို မော့ကြည့်ပါသည်။ သူ့မျက်နှာပေါ်တွင် ယုံကြည်စိတ်များ ပြန်ရလာပုံရပါသည်။ သူက-

"ခင်ဗျား ယုံတာမယုံတာကို ကျွန်တော် ဂရုမစိုက်နိုင်ဘူးဗျ"

ခရစ်၏လေသံမှာ အေးစက်စက်နှင့် သူ့ကိုယ်သူ ထိန်းသိမ်းထားနိုင်ပြီဖြစ်သော လေသံမျိုးဖြစ်ပါသည်။ သူက ဆက်၍-

"ကျုပ်မှာလဲ ဒီမှာအလုပ်လုပ်နေတဲ့ လူတွေအားလုံးရဲ့ တာဝန်ရှိတယ်၊ ဒီ



လူတွေအကုန်လုံး ဘာမဟုတ်တာနဲ့ အလုပ်ပြုတ်ကုန်ကြမှာကို လက်ပိုက်ပြီး ထိုင်ကြည့် နေနိုင်ဘူး"

ကျွန်တော်က အောက်ကလိအာလေသံဖြင့်-

"တယ်လဲ စိတ်ထားမြင့်မြတ်လှပါကလား၊ ဂျူဒါစ် (ဂျူဒါစ်- ဘုရားသခင် ခရစ်တော်ကို အသေသတ်ရန် ပို့လိုက်သော တပည့်ရင်း။) မှာလဲ တခြားလူတွေအတွက် ခံစားမှု ရှိသေးတာကိုး၊ မောင်ရင့်ရဲ့ အစီအစဉ်ကလေးလဲ ပြောပါဦး"

ခရစ်သည် ကျွန်တော့်ကို ကြည့်လိုက်ပါသည်။ သူ့မျက်လုံးများမှာ တိုးတက် မြင့်မားလိုစိတ်ဖြင့် တောက်ပြောင်နေသည်ကို ကျွန်တော် အတိုင်းသား မြင်နေရပါသည်။ သူ့စိတ်ထဲတွင် ကျွန်တော်သည် နာလန်မထူနိုင်အောင် လဲသွားပြီဟု ကောင်းကောင်း ယုံကြည်နေကြောင်း ကျွန်တော် မြင်သိနေရ၏။

သူက-

"ဘရက်ဒီက ခင်ဗျား ဒီကထွက်ပေးယင် ကျုပ်တို့ကုမ္ပဏီကို ရန်မရှာတော့ဘူး တဲ့"

"ဪ ကျုပ် ဘရက်ဒီဆီက မောင်ရင့်ဆီ ဖုန်းဆက်ပြီး ပြောတုန်းကလို မောင်ရင်က ဒီလုပ်ငန်းကိုဦးစီးပြီး ဆက်လုပ်မယ်၊ ကျုပ်က တိုးတိုးတိတ်တိတ် ပါတနာ အဖြစ် ရပိုင်ခွင့်ကို ယူနေရမယ့်သဘောလား"

ကျွန်တော်သည် မသိဟန်ဆောင်၍ သူ့စကားကို စိတ်ဝင်စားဟန်ပြုကာ ဆိုသို့မေးလိုက်ပါသည်။

ခရစ်သည် ခေါင်းခါပြ၏။

"အဲဒီလိုမျိုး မဟုတ်တော့ဘူး၊ ဒီမှာရှိတဲ့လူတွေ အကုန်လုံးအတွက် ခင်ဗျား ဒီကုမ္ပဏီက ထွက်ပေးမှဖြစ်တော့မယ်၊ အဲဒီအတွက် ဒီကုမ္ပဏီတစ်ခုလုံးအတွက် သင့် မြတ်တဲ့ တန်ရာတန်ကြေး ကျွန်တော်က ပေးမှာအမ်းမှာပေါ့"

ကျွန်တော်သည် ကုလားထိုင်မှာ ပြန်ထိုင်လိုက်ပြီး-

"တန်ရာတန်ကြေးဆိုတာ ဘယ်လောက်လဲ"

ခရစ်သည် ခဏမျှ တွေသွားပါသည်။ နောက်မှ-

"ငါးသောင်းပေးမယ်"

တယ်လဲ မျှတလိုက်ပါလား။ ကျွန်တော်တို့လုပ်ငန်းသည် တစ်နှစ်တစ်နှစ် အနည်းဆုံး တစ်သိန်းခွဲခန့် မြတ်နေသော လုပ်ငန်းကြီးတစ်ခု ဖြစ်ပါသည်။

ကျွန်တော်က ပြောင်ခနော်ချော်လေသံဖြင့်-

"ဘယ့်နှယ်ကြောင့် ဒီလောက် သဘောထားကြီး [illegible]"

ခရစ်သည် ခေါင်းမော့ကာဖြင့်ပင်-

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရက်ရောတာပဲဗျ၊ ဒီမယ်ဘရက်ဒ်၊ ခင်ဗျားလဲ အဖြစ်မှန်ကို အရှိအတိုင်း မြင်ဖို့လိုနေပြီ၊ ခင်ဗျား ဒီလုပ်ငန်းမှာ သွားပြီ၊ အဖတ်ဆည်လို့ မရတော့ဘူး၊ ခင်ဗျားမှာ အခန်းလခ၊ လူတွေရဲ့လခကို ပေးနိုင်လောက်တဲ့ ဝင်ငွေတောင် ရှိတော့တာမဟုတ်ဘူး တခြားဟာတွေဆိုတာ ထည့်မပြောနဲ့တော့"

သူပြောနေသည်များမှာ မှန်ပါသည်။ သို့သော် ထိုအချက်များသည် အရေး မကြီးပါ။ ကျွန်တော့်အနေနှင့် ဆိုင်ပိတ်ဖို့ လိုအပ်လာပါက ပိတ်လိုက်ရုံပဲ ဖြစ်ပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင် သွေးနဲ့ချွေးနဲ့ရင်းပြီး ကုန်းရုန်းထူထောင်လာခဲ့သော လုပ်ငန်းတစ်ခုကို နှစ်ပြားတစ်ပဲနှင့် သူများအဝယ်ခံပြီး အမြီးကုပ်၍ ဆိုင်ပေါ်မှဆင်းပြေးသည့် အဖြစ်မျိုးကား ဘယ်နည်းနှင့်မှ အရောက်မခံနိုင်ပါ။

ကျွန်တော်က လေသံအေးအေးဖြင့်-

"မက်ဘရက်ဒီက မောင်ရင့်ကို အမ်းဖို့ငွေ ထုတ်ပေးမှာတဲ့လား၊ အပေးအယူ ထဲမှာ အဲဒါကော ပါသလား"

ခရစ်သည် ဘာမှပြန်မဖြေပါ။

ကျွန်တော်သည် ခရစ်ကို မိနစ်အတန်ကြာ လေ့လာကြည့်နေမိပါသည်။

ခရစ်ကလည်း ကျွန်တော့်ကိုပြန်၍ လေ့လာကြည့်နေပုံရပါသည်။

ကျွန်တော်က ညင်သာသောလေသံဖြင့်-

"ဒီမယ်ခရစ်"

ခရစ်သည် ကျွန်တော့်စကားကို နားထောင်ရန် ရှေ့စားပွဲပေါ်သို့ ကိုင်းညွတ် လိုက်ပါသည်၊ သူ၏မျက်လုံးထဲတွင် အောင်မြင်တက်ကြွမှု အရောင်ကလေး ပြေးလာ သည်ကို ကျွန်တော် သတိပြုမိပါ၏။ သူ့အတွက် မျှော်လင့်ချက်ရှိနေပြီဟု ယုံကြည်နေပုံ ရပါသည်။

ကျွန်တော်က အေးဆေးစွာဖြင့်-

"ကျုပ်စိတ်ထဲမှာ မောင်ရင်အမ်းမယ့်ငွေကိုယူပြီး ဒီလုပ်ငန်းထဲက ထွက်သွား တော့မယ်လို့ စိတ်ဝင်စားသွားမိတာ အမှန်ပါပဲ၊ ဒါပေမယ့် ဒီမှာ အလုပ်လုပ်နေတဲ့ အားလုံးရဲ့ တာဝန်ဟာ မောင်ရင့်ထက် ကျုပ်မှာ ပိုပြီးရှိတယ်၊ ကျုပ်ဟာ ဒီလုပ်ငန်းကြီးကို အုတ်မြစ်ကစပြီး တည်ထောင်လုပ်ကိုင်လာခဲ့တဲ့လူ၊ သူတို့တတွေ အခုလို အလုပ်ကိုယ်စီ လုပ်နိုင်အောင် လုပ်ကိုင်တည်ထောင်လာခဲ့တဲ့ လူတစ်ယောက်ပဲ၊ အလွယ်ဆုံးကတော့ မောင်ရင်အမ်းတဲ့ငွေကိုယူ တခြားလုပ်ငန်းတစ်ခုခုကိုလုပ်ယင် အလွယ်ဆုံးပေါ့၊ သူ့ဟာ သူ ဖြစ်သွားမှာပဲ"

"မှန်တာပေါ့ ဘရက်ဒ်ရယ်"

ခရစ်သည် အားတက်သရော ထောက်ခံစကား ပြောပါသည်။ ဆက်၍-



"ခင်ဗျားအနေနဲ့ ဘာအလုပ်ပဲလုပ်လုပ် ဖြစ်ပါတယ်"

ကျွန်တော်သည် သူတွန်းပို့နေသော လမ်းကြောင်းအတိုင်း လိုက်ပါနေသည် ဟု ယူဆရလေအောင် မျှောထားလိုက်ပါသည်။ တစ်ဆက်တည်း ကျွန်တော့်ဘာသာ ကျွန်တော် သံသယရှိလေဟန်ဖြင့်-

"အဲဒီလို ဖြစ်နိုင်ပါ့မလား ခရစ်"

သည်မေးခွန်းကို ကြားလိုက်ရသည်နှင့် ခရစ်သည် ကျွန်တော်၏ ငါးမျှားချိတ် တွင် ကောင်းကောင်းချိတ်မိသွားပြီ ဖြစ်ပါ၏။ သူ့ကိုယ်သူ ဟန်ဆောင်ထိန်းသိမ်းနိုင်ခြင်း ငင် မရှိတော့ပါ။ သူက-

"သေသေချာချာဖြစ်တာပေါ့ ဘရက်ဒ်ရယ်၊ ဒီလုပ်ငန်းမှာ ခင်ဗျားဟာ အတော်ဆုံးလူတစ်ယောက်ဆိုတာ လူတိုင်းသိပါတယ် ဘရက်ဒ်ရယ်၊ ဘယ်ကုမ္ပဏီ ဘယ်အကျိုးဆောင်လုပ်ငန်းကမဆို ခင်ဗျားသွားမယ်၊ ပူးပေါင်းလုပ်မယ်ဆိုယင် ကြိုဆို သက်ခံကြမှာပဲ၊ ခင်ဗျားရဲ့လုပ်ရပ်ကပဲ သက်သေပြနေပြီဗျာ၊ ဘာမှ အရင်းအနှီးမရှိဘဲ ခြေဖဝါး လက်ဖဝါးကြီးနဲ့ ခင်ဗျား ဒီလုပ်ငန်းကြီးကို ဖြစ်မြောက်အောင် လုပ်နိုင်ခဲ့တာကိုပဲ ကြည့်"

ကျွန်တော် ဖြည်းလေးစွာဖြင့်-

"မောင်ရင်ပြောတာကို ကျုပ်ယုံပါပြီ ခရစ်"

ခရစ်သည် ထိုင်ရာမှ ထလိုက်ပါသည်။

အောင်မြင်ခြင်း အရိပ်များသည် သူ့မျက်လုံးများထဲတွင် အထင်းသား မြင်နေ ရပြီဖြစ်ပါ၏။ သူက-

"ခင်ဗျားဟာ အမြော်အမြင်ရှိတဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော်သိပါတယ် ဘရက်ဒ်"

သူသည် စားပွဲခုံကိုပတ်၍ ကျွန်တော့်ထံလျှောက်လာပြီး ကျွန်တော့်ပခုံးကို တရင်းတနှီး လာ၍ဆုပ်ကိုင်ပါသည်။ ပြီးမှ ဆက်၍-

"ကျွန်တော် မစ္စတာဘရက်ဒီဆီကို ဖုန်းဆက်ပြီး ခင်ဗျားထွက်ဖို့ လက်ခံတော့ မယ်ဆိုတာ အကြောင်းကြားလိုက်တော့မယ်နော်"

ကျွန်တော်သည် အံ့ဩစိတ်ဆိုးသွားသည့်ပုံဖြင့် ခရစ်ကိုကြည့်လိုက်ပြီး-

"မောင်ရင် ကျုပ်ကို နားလည်မှုလွဲနေပြီထင်တယ် ခရစ်"

ကျွန်တော့်ပခုံးပေါ် တင်ထားသော ခရစ်၏လက်သည် ပြုတ်၍ကျသွားပါ သည်။ သူ့ပါးစပ်မှာလည်း အဟောင်းသား ဖြစ်သွားပါ၏။

ကျွန်တော်က ဆက်၍-

"မောင်ရင်ပြောသလောက် ကျုပ်ဟာ တော်နေတယ်ဆိုယင် ကျုပ်ဟာ ဒီလုပ်

www.burmeseclassic.com

www.burmeseclassic.com



ငန်းမှာပဲ ဒီအလုပ်မှာပဲ ဆက်နေရတော့မှာပေါ့၊ ဒီအခြေအနေကို ကျုပ်တို့ဘာသာ ဖြေရှင်းကျော်လွှားသွားနိုင်ရမှာပဲပေါ့၊ ကျုပ်လူတွေ၊ ကျုပ်အလုပ်သမားတွေရဲ့ တာဝန်ဟာ ကျုပ်မှာပိုကြီးတယ်လေ၊ သူတို့ကို ကျွန်တွေလို ကျုပ်က ရောင်းစားပြီး ထွက်မပြေးနိုင်ဘူး"

ခရစ်သည် အူကြောင်ကြောင်ဖြင့်-

"ဒါပေမယ့် ဘရက်ဒ်ရယ်၊ ကျွန်တော်. . . ကျွန်တော်ကလဲ. . ."

ကျွန်တော်သည် ခရစ်၏ စကားမစခင်ပင် ဖြတ်၍-

"ကျုပ်ကတော့ မောင်ရင့်ကိုရော၊ မက်ဘရက်ဒီကိုရော ကျုပ်လူတွေထိုးအပ်ဖို့ဆိုတာ ဝေးရော၊ ကျုပ်အိမ်မှာမွေးထားတဲ့ ခွေးကလေး ကြောင်ကလေးတောင် အပ်ဖို့မလိုဘူး၊ ရှင်းပြီလား"

ကျွန်တော်သည် အပြင်ခန်းနှင့် ဆက်သွယ်သည့် ခလုတ်ကို နှိပ်လိုက်ပါသည်။

မစ်ကီ၏အသံသည် အခန်းချင်းဆက်သွယ်သည့် စကားပြောခွက်ထဲမှ ထွက်ပေါ်လာပါသည်။

"ဘရက်ဒ်လား ပြောပါ"

ကျွန်တော်က-

"မစ်ကီတို့ တစ်ရုံးလုံးမှာရှိတဲ့ လူတွေအားလုံး မင်းစေပါမကျန်၊ ငါ့အလုပ်ခန်းထဲကို ခုချက်ချင်းလာကြပါလို့ ပြောလိုက်"

"ဟုတ်ကဲ့ ဘရက်ဒ်"

မစ်ကီသည် ကျွန်တော့်အမိန့်ကို နာခံပြီးနောက် ဆက်သွယ်မှုခလုတ်ကို ပိတ်သွားပါသည်၊

ကျွန်တော်သည် ခရစ်ဘက်သို့ လှည့်ကြည့်လိုက်ပါ၏။

ခရစ်သည် စောစောက နေရာမှာပင် ငူငူကြီးရပ်လျက် ရှိပါသည်။ သူသည် ထိုနေရာ၌ပင် အမြစ်တွယ်နေသည့်ပုံမျိုး ပေါက်နေပါသည်။

ကျွန်တော်က သူ့ကိုပြုံးပြပြီး-

"ကိုရင်ကလေး၊ ဒီမှာ ဘာဆက်လုပ်နေသေးတာလဲ၊ ဒီတိုင်းပြည် ဒီအရပ်မှာ မောင်ရင့်အတွက် ဘာမှလုပ်စရာမရှိတော့ဘူး"

ခရစ်သည် တစ်စုံတရာ ပြန်လည်ပြောဆိုရန် ကြိုးစားပုံရပါသည်။ သို့သော် သူ့စိတ်ကို သူပြောင်းလိုက်ပြီး ဘာမှမပြောတော့ဘဲ တံခါးပေါက်ရှိရာသို့ ထွက်သွား၍ တံခါးကို ဖွင့်လိုက်ပါသည်။ ဖွင့်လိုက်သော တံခါးပေါက်မှ အပြင်ဘက် မစ်ကီ၏ရုံးခန်းထဲတွင် အလုပ်သမား တော်တော်များများ ရောက်နေကြပြီကို ကျွန်တော် မြင်ရပါသည်။ ကျွန်တော့်စိတ်ထဲတွင် အတွေးတစ်ခုရသွားပြီး ကျွန်တော်က ခရစ်ကို လှမ်းအော်၍-



"ခရစ်"

ခရစ်သည် တံခါးလက်ကိုင်ကို ကိုင်လျက်သား အနေအထားဖြင့် နောက်သို့ လှည့်ကြည့်ပါသည်။

ကျွန်တော်သည် အပြင်ခန်းမှ လူများကြားနိုင်လောက်အောင် အသံကို မြှင့်တင်လိုက်ပါသည်။ ပြောလိုက်သော စကားလုံးများသည်လည်း ထိရောက်မှုရှိစေရန် တမင်ရွေးချယ် ပြောဆိုပါသည်။

ကျွန်တော်က-

"အဲ မောင်ရင့်ဆီကိုလာမယ့် စာတွေဘာတွေကို ဘယ်ပို့ရမယ်ဆိုတာ ကျုပ်ရဲ့ အတွင်းရေးမှူးဆီမှာ ပြောသွားဦးနော်၊ မက်ဘရက်ဒီဆီက တစ်ဆင့်လား၊ ငရဲမင်းဆီက တစ်ဆင့်လားဆိုတာကို. . ."

ကျွန်တော်က အသံထွက်အောင် ရယ်မော၍-

"အဲဒီနှစ်ယောက်ဟာ ကျုပ်စိတ်ထဲမှာတော့ ဘာမှကွဲကွဲပြားပြား မခွဲခြားတတ်ဘူး အတူတူထင်တာပဲ"

ဋဋဋ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကျွန်တော်သည် အလုပ်စားပွဲ ကုလားထိုင်မှာထိုင်ယင်း ကျွန်တော့်ရုံးခန်းထဲမှ ရဲဘော် လုပ်ဖော်ကိုင်ဘက်များ၊ အလုပ်သမားများ ထွက်သွားကြသည်ကို ကြည့်၍နေမိပါသည်၊ ကျွန်တော့်မျက်နှာပေါ်မှ ပြုံးသည် အလုပ်သမားများ အခန်းတွင်းမှ ထွက်သွားကြပြီး တံခါး ပြန်ပိတ်သွားသည်အထိ အဆက်မပြတ် ပွင့်လန်း၍နေရပါသည်။ အားလုံး ထွက်သွားကြသောအခါ ကျွန်တော့်မျက်နှာသည် ပြုံးရွှင်လန်း၍ ညောင်းညာကာ ကျန်ရစ်ပါသည်။

အလုပ်သမားများ အားလုံးနှင့် ကျွန်တော်တို့၏ ဆွေးနွေးပွဲကား အောင်မြင်ကောင်းမွန်သော ဆွေးနွေးပွဲဖြစ်သည်ဟု သတ်မှတ်နိုင်ပါသည်။ ကျွန်တော်က အဖြစ်အပျက်တစ်ခုလုံးကို အတတ်နိုင်ဆုံး အကျဉ်းချုံး၍ ရှင်းပြသည်။ ပထမဆုံးအကြိမ်မက်ဘရက်ဒီနှင့် စတင်တွေ့ဆုံရပုံမှအစ သူတို့တတွေ ဝင်မလာကြမီ ခရစ်နှင့် ဆုံကြုံဖြေရှင်းရသည်အထိတို့ပင် ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် အလုပ်သမားများအားလုံးကို ဘာမှ ရေရာခိုင်မာသော အာမခံချက်များ ကတိများ မပေးနိုင်ပါ။ ရန်သူက ကိုယ့်ကိုချနေပြီ။ ကိုယ်ကလည်း ပြန်ချမည်ဆိုသည့် တိုက်ပွဲကိုသာ ရှင်းပြနိုင်သည်။ သည်တိုက်ပွဲမှာ လွယ်ကူမည့်တိုက်ပွဲ မဟုတ်ကြောင်းကိုလည်း ရှင်းပြသည်။ သို့သော် ရဲဘော် အလုပ်



...များ ကျွန်တော့်နောက်မှ ရပ်တည်အားပေးမည်ဆိုပါက အခြေအနေ ကောင်းနိုင်...ောက်စရာ ရှိသည်ဟုပဲ ရှင်းပြခဲ့ခြင်းဖြစ်သည်။

ခရစ် အခန်းထဲမှ ထွက်မသွားမီ တံခါးပေါက်မှာ ကျွန်တော်ပြောလိုက်သည့်...ကားကို ကြားလိုက်ရပြီးဖြစ်သော အလုပ်သမားများသည် ကျွန်တော့်ဘက်မှ ရပ်တည်...သည်။ ကျွန်တော်၏စေတနာ၊ ကျွန်တော်၏သဘောထားကို သူတို့သိထားကြသော...ကြောင့်လည်း ဖြစ်ပါ၏။ အလုပ်သမားများက ကျွန်တော်နှင့်အတူ ရပ်တည်တိုက်ပွဲဝင်...မည်ဖြစ်ကြောင်း ကတိပေးကြပါသည်။ ကျွန်တော့်ကိုလည်း အားပေးစကား ပြောကြ...ပါသည်။ တချို့ကဆိုလျှင် လစာလျှော့ယူကြမည်အထိ ပြောကြပါသည်။ နောက်ဆုံး...ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေး၍ ရသွားကြပါသည်။

ကျွန်တော် သူတို့အားလုံးကို ပြန်ခွင့်ပေးလိုက်ပါသည်။ အခြေအနေ ကောင်း...သည်နှင့် အမြဲတံခါးဖွင့်ထားမည်ဖြစ်ကြောင်း သိစေပါသည်၊ အားလုံးကို လက်ဆွဲနှုတ်ဆက်လိုက်ပြီးနောက် အပြင်သို့ ထွက်သွားကြပါသည်။

အခြေအနေအားလုံး ကောင်းနေပါသည်။ ကျွန်တော်သည် တတိတွေအများ...ကြီး ပေးလိုက်သည်။ ဘာမှ အကျိုးအကြောင်း မပြောလိုက်ခဲ့။ ကျွန်တော်သည် အလုပ်...စားပွဲကို ကြည့်လိုက်၏။ စားပွဲပေါ်မှ တယ်လီဖုန်းများမှာ ထူးထူးခြားခြား တိတ်ဆိတ်နေကြပါသည်။ ထုံးစံအတိုင်းဆိုပါက ဤအချိန်ဤအခါမျိုးတွင် ဖုန်းသံများက ပွက်လော...ညံနေကြစမြဲ ဖြစ်ပါသည်။ ကျွန်တော်သည် ယဲ့ယဲ့ကလေး ပြုံးလိုက်ပါ၏။ စီးပွားရေး...လောကတွင် ဆိုရိုးစကားတစ်ခု ရှိပါသည်။ သင့်အလုပ် တယ်လီဖုန်းခွက်များ မမြည်တော့ဘူးဆိုပါက သင်သည် မနေ့က သတင်းစာအဟောင်းဖြစ်သွားပြီ ဆိုခြင်းပင်တည်း။ မနေ့က သတင်းစာဆိုသည်ကို ဘယ်သူကမှ စိတ်ဝင်စားခြင်း မရှိကြတော့ပါ။ ကျွန်တော့်အဖြစ်ကလည်း ထိုနည်းလည်းကောင်းပင် မဟုတ်ပါလား။

ထိုစဉ် အခန်းချင်းဆက်သွယ်သည့် စကားပြောခွက်က အချက်ပြလာသည်၊ ကျွန်တော်က ခလုတ်ကိုနှိပ်၍-

"ပြောပါ"

မစ်ကီ၏အသံက ပေါ်လာသည်။

"မစ္စက်ရှိုင်လာ ရောက်နေပါတယ်၊ အချိန်ရသလားလို့ မေးနေပါတယ် ...နဲ့မသန်မစွမ်းရောဂါသည်များ ကယ်ဆယ်စောင့်ရှောက်ရေး စီမံကိန်းကိစ္စ အကြောင်းအရာတွေ ဆွေးနွေးချင်လို့ပါတဲ့"

မစ်ကီ၏အသံမှာ အားတက်သရော ရှိလှပါသည်၊

ရုတ်တရက်ဖြစ်၍ ကျွန်တော်သည် ဘာပြန်ပြောရမည်ပင် ...ကြာမှ သတိဝင်လာပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အထဲလွှတ်လိုက်လေ"

ကျွန်တော်သည် ခလုတ်ကို ပြန်ပိတ်လိုက်ပါ၏။

တံခါးပွင့်လာချိန်တွင် ကျွန်တော်သည် ထိုင်ရာမှထပြီး ဖြစ်နေပါသည်။ ကျွန်တော့်ရင်ထဲမှာ ဘောင်ဘင်ခတ်နေသော လှုပ်ရှားမှုကို ကြိုးစား၍ ထိန်းသိမ်းနေရသည်။ အယ်လိန်းသည် အခန်းထဲသို့ဝင်လာပြီး တံခါးကို ပြန်ပိတ်လိုက်ပါသည်။

တံခါးအတွင်းဘက်မှာ မတ်မတ်ရပ်၍ အယ်လိန်း ကျွန်တော့်ကို ကြည့်နေပါသည်။ အယ်လိန်း၏မျက်လုံးများမှာ ကျွန်တော့်အတွက် စာနာမှုအပြည့် ရှိနေပါသည်။ အယ်လိန်း မပြုံးပါ။ ကျွန်တော့်စားပွဲရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်လာပါသည်။

ကျွန်တော် စကားတစ်ခွန်းမှ မပြောမိ။ ပြောနိုင်ခြင်း မရှိသောကြောင့်၊ ခွန်အားမရှိသောကြောင့် ဖြစ်ပါသည်။ အယ်လိန်း ရောက်ရှိလာသည်ကပင် ကျွန်တော့်ကို မလှုပ်မရှားနိုင်အောင်၊ ကြက်သေ,သေနေအောင် ဖန်တီးလိုက်သလို ဖြစ်နေပါ၏။ လှုပ်ကမလှုပ်နိုင်သော်လည်း ကျွန်တော့်သွေးကြောတွေ အားလုံးထဲ၊ ကျွန်တော့်ကိုယ်ခန္ဓာတစ်ခုလုံးကို ဖွဲ့စည်းထားသည့် ကလာပ်စည်းတွေအားလုံးထဲတွင် ဒီမိန်းမရှိနေကြောင်း ခံစားရမိနေပါသည်။

အယ်လိန်းသည် ကျွန်တော့်မျက်နှာကိုကြည့်၍-

"ရှင်ကြည့်ရတာ နေမကောင်းသလိုပါပဲလား ဘရက်ဒ်"

အယ်လိန်းအသံကမူ ငြိမ်သက်အေးမြလှပါသည်။

ကျွန်တော်သည် ယခုတိုင် စကားပြောနိုင်ခြင်း မရှိသေးပါ။ အယ်လိန်းတို့ မျက်လုံးအစုံဖြင့်သာ မဝတမ်း ကြည့်နေနိုင်ပါသေးသည်။

အယ်လိန်းက-

"ကျွန်မကို ဟယ်လိုလို့တောင် နှုတ်မဆက်နိုင်ဘူးလားဟင်"

ထိုအခါမှ ကျွန်တော့်ပါးစပ်သည် အသံထွက်၍ရပါသည်။ ထွက်လို့ရလျှင်ရခြင်း ပေါ်လာသောစကားမှာ တစ်ခွန်းပဲဖြစ်ပါသည်။

"အယ်လိန်းရယ်. . ."

ကျွန်တော်သည် အယ်လိန်း၏လက်ကို လှမ်း၍ကိုင်လိုက်ပါသည်။ အယ်လိန်း၏ လက်ချောင်းကလေးများကို ထိကိုင်လိုက်ရသည်နှင့် ပို၍ထိတွေ့ချင်လာပါသည်။ ကျွန်တော်သည် အယ်လိန်း၏ လက်ချောင်းကလေးများမှတစ်ဆင့် အယ်လိန်း၏ကိုယ်လုံးကို ကျွန်တော့်ဘက်သို့ ဆွဲယူမိပါသည်။

အယ်လိန်းသည် ခေါင်းကိုခါယမ်း၍ လက်များကို ကျွန်တော့်လက်တွင်းမှ ဆွဲရုန်းပါသည်။

"မလုပ်ပါနဲ့ ဘရက်ဒ်ရယ်. . ."

အယ်လိန်း၏အသံမှာ ညင်သာတိုးတိတ်လှပါသည်။

အယ်လိန်းကဆက်၍-

"ဇာတ်လမ်းက ပြီးဆုံးနေပါပြီ၊ နောက်ထပ် မစကြပါနဲ့စို့နော်"

ကျွန်တော်က-

"အယ်လိန်းကို ကိုယ်ချစ်တယ်၊ ဘယ်တော့မှ ဇာတ်လမ်းက မပြီးဆုံးဘူး"

အယ်လိန်းသည် တိုးတိတ်သော လေသံဖြင့်-

"ကျွန်မ မှားခဲ့ပြီးပါပြီ ဘရက်ဒ်၊ နောက်ထပ်တစ်ခါ မစပါရစေနဲ့တော့၊ ကျွန်မရှင့်ရဲ့မိတ်ဆွေပဲ ဖြစ်ပါရစေ"

"အယ်လိန်း ကိုယ့်ကို မချစ်ဘူးလားဟင်"

ကျွန်တော်ကမူ မေးစရာရှိတာကိုပဲ မေး၏။

အယ်လိန်းသည် ကျွန်တော့်ကိုကြည့်သည်။

အယ်လိန်း၏ မျက်လုံးများကို ကျွန်တော်မြင်ရ၏။ သည်လောက် ဝေဒနာခံစားရသည့် မျက်လုံးအစုံကို ကျွန်တော် မတွေ့မမြင်ဖူးပါ။ အယ်လိန်း၏ မျက်လုံးများသည် စကားပေါင်း ကုဋေကုဋာ ပြောနေပါသည်။ ဝေဒနာပေါင်း သိန်းသန်းကို ခံစားနေရှာပါသည်။

"ကျွန်မလက်ကိုလွှတ်ပါ ဘရက်ဒ်ရယ်၊ တောင်းပန်ပါတယ်"

ကျွန်တော်သည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ရပါသည်။ အယ်လိန်း၏လက်ကလေးကို လျော့ဖြေလွှတ်လိုက်ပြီး ကျွန်တော့်စားပွဲနောက်မှ ကုလားထိုင်မှာ ပြန်ပြီး ထိုင်ချလိုက်ရပါသည်။ စားပွဲပေါ်မှ စီးကရက်ဗူးကို တုန်ယင်သောလက်များဖြင့် ဒှင့်၍ ဆေးလိပ်တစ်လိပ်ထုတ်ကာ ပါးစပ်မှာတပ်၍ မီးညှိလိုက်မိပါသည်။ စီးကရက်မီးခိုးများကို အဆုတ်ထဲသို့ ပြင်းပြင်းထန်ထန် ရှူသွင်းလိုက်ပြီးမှ တဖြည်းဖြည်းချင်း ပြန်ထုတ်လိုက်မိပါသည်။ စီးကရက်မီးခိုးများအကြားမှ အယ်လိန်းကို ကြည့်၍-

"ဘာဖြစ်လို့ ပြန်လာရသေးတာလဲ အယ်လိန်းရယ်၊ ကိုယ့်ကို နှိပ်စက်ဖို့လားဟင်"

ကျွန်တော့်စကားလုံးများမှာ အယ်လိန်းကို ရိုက်ချလိုက်သလို ထိသွားကြောင်း မြင်တွေ့ရပါသည်။ အယ်လိန်း၏ ကိုယ်ကလေးမှာ ကျုံ့ကနဲ ဖြစ်သွားပါသည်၊ ငြိမ်ချမ်းသော အယ်လိန်း၏လေသံမှာလည်း နာကျင်ထိခိုက်သော လေသံဖြစ်သွားပါသည်။

အယ်လိန်းက-

"အခုဖြစ်ရတာတွေ အားလုံးဟာ ကျွန်မအပြစ်တွေပါ ကျွန်မကြောင့် ခုလိုဖြစ်ရတာ မဟုတ်ဘူးဆိုယင် ရှင်ဟာ ကျွန်မရဲ့ဦးလေးကို ပြန်ပြီးတိုက်ပွဲဝင်ရော မသွားပါဘူး"

ကျွန်တော်က လျှင်မြန်စွာဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ဘာမှမဆိုင်ပါဘူး အယ်လိန်း၊ မင်းနဲ့ကိုယ်နဲ့ သိကျွမ်းတယ်ဆိုတာ တောင် သူက သိတာမှမဟုတ်ဘဲနဲ့"

အယ်လိန်းက-

"အန်ကယ်မက်ဆီမှာရှိတဲ့ ရှင့်အကြောင်း အစီရင်ခံစာကို ကျွန်မ သိပြီး ဒါကြောင့် အဲဒီညက ရှင် သူ့ကို သွားမတွေ့တာကိုး၊ ကျွန်မ ရှင်နဲ့အတူ သူ့ဆီ လိုက်တွေ့မယ်ဆိုယင် ကျွန်မတို့ဇာတ်လမ်းကို အန်ကယ်မက် သိသွားမှာပေ့ါ၊ ဒါကြော ရှင်က ကျွန်မကို ထိခိုက်မှာစိုးတဲ့အတွက် သွားမတွေ့တာပဲ၊ ကျွန်မကို အကာအကွယ် ပေးခဲ့တာ မဟုတ်လား"

"မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် အကာအကွယ်ပေးခဲ့တာပါ၊ တကယ်တော့ ကိုယ်ဟာ တစ်ကိုယ်ကောင်းဆန်ခဲ့တာပါပဲ၊ ဒီလိုမှမဟုတ်ယင်လဲ ပိုပြီးဆိုးသွားနိုင်တာပေါ့ လေ"

အယ်လိန်းသည် ဘာမှမပြောတော့ပါ။

ကျွန်တော်က-

"ကိုယ့်အကြောင်း အစီရင်ခံစာကို ဘယ်လိုလုပ်ပြီး အယ်လိန်း သိရတာလဲ ဟင်"

ကျွန်တော့်စိတ်ထဲတွင် အတွေးများက တမျှော်တခေါ် ဆက်စပ်၍နေပါ သည်၊ ဆန်ဒရာသည် ဖွင့်ပြောခဲ့ပုံရသည်ဟု ထင်သည်။ ဆန်ဒရာသည် အမည်များကို သိသည်။ ဤသို့ဆိုပါက နှစ်နှင့်နှစ်ပေါင်းလျှင် လေးဟု အဖြေရှာနေစရာပင် မလိုတော့ပါ။

အယ်လိန်းက-

"အန်ကယ်မက်က ကျွန်မကို ဖွင့်ပြောခဲ့တယ်လေ၊ အန်ကယ်မက်ဟာ ရှင်က သူ့ကို ပြန်ပြောခဲ့တဲ့စကားတွေအတွက် စိတ်ဆိုးနေတယ်၊ သူကတော့ ရှင့်အတွက် အကျိုး ရှိရာရှိကြောင်း လုပ်ကိုင်ပေးနေခဲ့တာ မဟုတ်လား"

ကျွန်တော်က သရော်သောလေသံဖြင့်-

"မက်ဘရက်ဒီရဲ့ ကောင်းရာကောင်းကျိုး လုပ်ကိုင်ပေးမှာကိုတော့ ကြောက် ပါ့ဗျာ၊ ဒီ့ထက်များ လုပ်ပေးမယ်ဆိုယင်တော့ ကျုပ် သေဖို့ပဲရှိတော့တယ်"

"အန်ကယ်မက်ဟာ သူ့ဆီမှာ ရှင် အလုပ်လုပ်မယ်ဆိုယင် ရှင့်ရဲ့အနာဂတ်ဟာ တိုးတက်ကြီးပွားလာမယ်လို့ ယုံကြည်နေတာရှင့်"

"ဟုတ်လား၊ ကျုပ်ရဲ့အနာဂတ်ဟာ ကျုပ်ဘာသာကျုပ် လုပ်ကိုင်ယင်းလဲ တိုးတက်အောင်မြင်မှု ရှိနိုင်ပါတယ်ဗျာ၊ အဲဒါကို မင်းရဲ့အန်ကယ်မက်က ချေမှုန်းပစ်လိုက် တယ်လေ၊ ခုတော့ ကျုပ်မှာ ဘာမှမရှိတော့ဘူး"

ကျွန်တော်သည် လက်ထဲမှလက်ချောင်းများ မီးလောင်မတတ် တိုနေပြီဖြစ်



စီးကရက်ကို ပြာခွက်မှာထိုးချေလိုက်၏။

ပြီးမှ ဆက်၍-

"မင်းရဲ့အန်ကယ်မက်ကတော့ တကယ့်ကူညီချင်တဲ့ ကယ်တင်ရှင်ကြီးတစ် ပါပဲ၊ သူ့ကို မဆန့်ကျင်ယင်ပေ့ါလေ"

အယ်လိန်းက-

"ကျွန်မ သူ့ကို ဖျောင်းဖျပြောဆိုပေးနိုင်ပါတယ်"

"မလိုပါဘူးဗျာ၊ ကျေးဇူးတင်ပါတယ်၊ စိတ်လဲမဝင်စားပါဘူး၊ နောက်လဲကျနေ မင်းရဲ့ အန်ကယ်လက်ချက်နဲ့ ကျုပ်ရဲ့ဖောက်သည်တွေမှန်သမျှလဲ မရှိတော့ပါဘူး ကယ်မက်ဟာ တယ်လဲ ခြေမြန်လက်မြန်ရှိတဲ့ ပုဂ္ဂိုလ်ပါပဲ"

ကျွန်တော်သည် ခြောက်ကပ်ကပ် ပြုံး၍ပြလိုက်ပါသည်။

အယ်လိန်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး-

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

ကျွန်တော်သည် ထိုင်ရာမှ ထလိုက်သည်။

"ကိုယ်တော့ စိတ်မကောင်းမရှိပါဘူး၊ ဒီလောကကြီးမှာ ဘယ်အရာအဆို တန် တန်ဖိုး ပေးရတာချည့်ပါပဲ၊ ဘာမှမပေးဘဲ ဘာမှမရနိုင်ပါဘူး၊ ပျော်ရွှင်မှုကလေးရဖို့ ဒနာကလေး ခံစားပေးဆပ်ရတာပါပဲ၊ ပျော်ရွှင်မှုကြီးရဖို့ ဝေဒနာကြီး ခံစားပေးဆပ်ရ ပါပဲ၊ တန်ဖိုးကြီးကြီးပေးရတာပါပဲ၊ အစစအရာရာအားလုံးဟာ ဘဲစားဘဲချေပါပဲ အားလုံးဟာ ချိန်ခွင်လျှာလိုပဲ အမြဲညီမျှနေတာပါပဲ"

အယ်လိန်းသည် မတ်တတ်ထရပ်လိုက်၏။ အယ်လိန်းလေသံသည် အေးစက် ၍ ချွဲသံများ ပါရှိလာ၏။ အယ်လိန်းက-

"ရှင်က အရှုံးပေးပြီပေ့ါလေ"

ကျွန်တော်က တအံ့တဩဖြင့်-

"အရှုံးပေးပြီဆိုတာ ဘာကိုပြောတာလဲ၊ နေပါဦး ကျုပ်က ဘာလုပ်ရမှာလဲ သူ့ကို တရားစွဲရမှာလား"

အယ်လိန်း၏ မျက်လုံးများမှာ အေးစက်၍နေပါသည်။

အယ်လိန်းက-

"အန်ကယ်မက်တော့ စိတ်သိပ်ပျက်သွားမှာပဲ၊ ကျွန်မစိတ်ထဲမှာ ထင်ဘဲ့အတိုင်း ပြောရမယ်ဆိုယင် အန်ကယ်မက်က တိုက်ပွဲတစ်ခုတော့ ကြုံရပြီဆိုပြီး သဘောတ်ထားမှာ တယ်"

ကျွန်တော်က အယ်လိန်းကိုကြည့်၍-

"ကျွန်တော် သူ့ကို ဘာနဲ့ပြန်တိုက်ရမှာလဲ၊ မီးခြစ်ဆံနဲ့ တိုက်ရမှာလား သူက

www.burmeseclassic.com

www.burmeseclassic.com



ချင်ရဲ့ဖောက်သည်တွေကို ဖြတ်တောက်လိုက်တာနဲ့ ကျုပ်ရဲ့ဝင်ငွေကိုလဲ ဖြတ်တောက်ပြီးသား ဖြစ်သွားပြီလေ"

အယ်လိန်းက-

"ကျွန်မမှာ ပိုက်ဆံရှိပါတယ်"

ကျွန်တော်က လေသံမာမာဖြင့်-

"မလိုပါဘူး"

အယ်လိန်းက-

"ကျွန်မက ရှင့်ကို ကူညီချင်လို့ ပြောနေတာပါ ဘရက်ဒ်ရယ်၊ ကျွန်မကူညီနိုင်မယ့် နည်းလမ်းကော မရှိတော့ဘူးလား"

ကျွန်တော်သည် အယ်လိန်းကို စေ့စေ့ကြည့်လိုက်ပြီး ခေါင်းကို ခါရမ်း၍ ပြလိုက်မိပါသည်။

"ကိုယ်လဲ မပြောတတ်တော့ဘူး အယ်လိန်း၊ တကယ်ပဲ မသိတတ်တော့ဘူး ဘယ်သူက ကိုယ့်အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာ မသိတော့ပါဘူး၊ ကိုယ်တို့ စီးပွားရေးလောကမှာ စာနဲ့ပေနဲ့ ရေးသားမထားတဲ့ ဥပဒေဆိုတာရှိပါတယ်၊ ကိုယ်က အဲဒီဥပဒေကို ချိုးဖောက်မိနေပြီလေ၊ ဘယ်သူတွေ ဘယ်လိုပဲ ခံစားရသည်ဖြစ်စေ၊ အလုပ်ရှင်ဟာ မှန်တယ်၊ ဝယ်သူဟာ မှန်တယ်ဆိုတဲ့ ဥပဒေပေါ့၊ ခုအခြေအနေမှာ ဘယ်သူမှ ကျုပ်အနား လာချင်ကြမှာ လာရဲကြမှာမဟုတ်ဘူး၊ သူတို့တွေကလဲ ရှောက်သီးနဲ့ပေါင်းလို့ ကြက်သွန် အထောင်းခံရတဲ့အဖြစ်မျိုး အရောက်မခံနိုင်ကြဘူးလေ"

အယ်လိန်းက စဉ်းစဉ်းစားစားဖြင့်-

"သံမဏိလုပ်ငန်းရှင်များ အစည်းအရုံးထဲက တခြားကော်မတီဝင်တွေကော ရှင်၊ ကျွန်မ ကော်မတီဝင်တချို့ကို သိပါတယ်၊ သူတို့ဟာ ရှင့်ရဲ့တင်ပြမှုအစီအစဉ်ကို စိတ်ဝင်စား သဘောကျနေကြတာပဲ"

ကျွန်တော်က အသံထွက်အောင် ရယ်မောလိုက်ပြီးမှ-

"ကျုပ်တွက်ချက်လို့ရသလောက် ပြောရမယ်ဆိုယင် မင်းရဲ့အန်ကယ်ကြီးဟာ သူတို့ကိုလဲ ပြောပြီးဆိုပြီးလောက်ရောပေါ့"

အယ်လိန်းက စိတ်မလျှော့သေးဘဲ-

"ရှင်ကလဲ ကြိုးစားဖြင့်မကြည့်သေးဘဲနဲ့ ဘာဖြစ်လို့ သေချာချင်နေရတာတုန်း၊ ကျွန်မ အဲဒီလူတွေတချို့ သိပါတယ်၊ တော်တော်များများ အန်ကယ်မက်ကို သဘောကျ ကျေနပ်နေကြတာ မဟုတ်ဘူးရှင့်"

အယ်လိန်း၏ စကားထဲတွင် ဖြစ်နိုင်စရာ အကြောင်းအချက်များ ရှိနေပါသည်။ ကြိုးစားကြည့်ခြင်းသည် မှားစရာမရှိဟု ကျွန်တော်ယူဆ၏။ ကျွန်တော်သည်



တယ်လီဖုန်းကို လှမ်းကိုင်လိုက်ပြီး-

"ကဲ ဒါဆိုရင် သူတို့အထဲက ဘယ်သူ အန်ကယ်မက်ကို မကျေနပ်ဆုံးလဲ"

"အင်ဒီပင်းဒင့်ကုမ္ပဏီက မစ္စတာရစ်ချပ်မာတင်ပဲ"

အယ်လိန်း၏လေသံမှာ စိတ်အားထက်သန်မှု ပါလာပါသည်။ တစ်ဆက်တည်း-

"ရှင် သူ့ကို ဖုန်းဆက်ကြည့်မလို့လား"

ကျွန်တော်သည် အယ်လိန်းကို ခေါင်းညိတ်ပြလိုက်၏။ တစ်ဆက်တည်း ဖုန်းခန်းမှ မစ်ကီနှင့်ဆက်သွယ်၍ အင်ဒီပင်းဒင့် သံမဏိလုပ်ငန်းမှ မစ္စတာ ရစ်ချပ်မာတင်နှင့် တယ်လီဖုန်းဆက်သွယ်ပေးပါရန် ညွှန်ကြားလိုက်၏။ ပြီးနောက် စောင့်ဆိုင်းနေလိုက်၏။

အယ်လိန်းသည် ပြုံးလိုက်ပါသည်။ သူမ၏ မျက်လုံးများမှာ အရောင်လတ်နေပါသည်။

"ကောင်းတယ်၊ ကျွန်မတို့ အလကား အချိန်တွေ အတော်တောင် ဖြုန်းပစ်ခဲ့ကြတာပဲ"

ကျွန်တော်သည် ပြုံးလိုက်ရပါ၏။

ဤမိန်းကလေးက ကျွန်တော့်အတွက် အရာရာရပ်တည်မည့် မိန်းကလေးပါလား။ ဤမိန်းကလေး လုပ်ကိုင်သမျှအားလုံးသည် ကျွန်တော့်အတွက်သာ ဖြစ်ပါကလား။ ဤမိန်းကလေး တွေးလိုက်သည့်အတွေးသည်ပင် ကျွန်တော့်အတွက် တွေးနေခြင်းပါကလား။

အယ်လိန်းသည် အိတ်ထဲမှ စီးကရက်ဗူးကို ထုတ်လိုက်ပါသည်။

အယ်လိန်း စီးကရက်ဗူးမှ ရွှေရောင်သည် ကျွန်တော့်မျက်စိကို လာ၍လင်းလက်စေပါသည်။

ကျွန်တော်သည် အယ်လိန်းရှိရာသို့ လျှောက်သွားပြီး အယ်လိန်းပါးစပ်မှာ တေ့ထားသော စီးကရက်ကို မီးညှိပေးလိုက်ပါသည်။ အယ်လိန်းသည် ကျွန်တော့်ကို မော့၍ကြည့်လိုက်၏။ စီးကရက်မီးခိုးပြာပြာများက သူမ၏မျက်လုံးကို အရိပ်ထိုး၍နေပါသည်။

ကျွန်တော်က အယ်လိန်းကို ငုံ့၍ပြုံးကြည့်လိုက်ပြီး-

"တကယ်လို့ မင်းသာ ကျုပ်ချစ်နေတဲ့ မိန်းကလေး မဟုတ်ဘူးဆိုယင် ကျုပ်ရဲ့အလုပ်မှာ ပါတနာအဖြစ် လုပ်ပါလားဗျာလို့ ပြောမိမှာအမှန်ပဲ အယ်လိန်း"

အယ်လိန်းက တဖြည်းဖြည်း ပြန်ပြုံးပြပြီး သတိပေးသောလေသံဖြင့်

"သတိထားပြီး စကားပြောနော်၊ ရှင်က အဲဒီလို ကမ်းလှမ်းခဲ့ယင် ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ရဲ့အလုပ်က ပါတနာအဖြစ် လက်ခံချင် လက်ခံလိုက်မှာ၊ အဲဒီတော့မှ ရှင် ကျွန်မကို ခွာချလို့မရဘူး ဖြစ်နေမယ်"

ကျွန်တော်က-

"အဲဒီစိတ်ကူးက မဆိုးဘူးပေါ့၊ တကယ်တမ်း အနားက ထွက်ပြေးချင်တဲ့လူက ကျုပ်တို့ဖြင့် မဟုတ်ပေါင်ဗျာ"

အယ်လိန်း နှုတ်ခမ်းပေါ်မှ အပြုံးသည် ပျောက်ကွယ်၍ သွားပါသည်။

အယ်လိန်းက-

"ကျွန်မတို့နှစ်ယောက် မိတ်ဆွေတွေလိုပဲ နေလို့မရနိုင်ဘူးလား ဘရက်ဒ်ရယ်"

ကျွန်တော်သည် အယ်လိန်းကို စူးစိုက်ကြည့်လိုက်ပါသည်။ အကြာကြီး ကြည့်နေမိခြင်းဖြစ်ရာ အယ်လိန်းသည် နေမထိထိုင်မသာ ဖြစ်လာပုံရပါသည်။ ကျွန်တော့်ကို ပြန်ကြည့်နေရာမှ မျက်လွှာချလိုက်ပြီး ကြမ်းပြင်ကို ကြည့်နေပါသည်။ ပြီးမှ တိုးတိတ်သောလေသံဖြင့်-

"ကျွန်မတို့နှစ်ယောက် မိတ်ဆွေလိုပဲ နေလို့မရဘူးလား ဘရက်ဒ်ရယ်"

ဟု ထပ်၍ပြောပါသည်။

ကျွန်တော်က-

"အင်း ဖြစ်တော့ ဖြစ်နိုင်တာပေါ့လေ၊ ဘယ်တော့လဲဆိုတော့ အချစ်မရှိတော့တဲ့အခါ အချစ်သေဆုံးသွားတဲ့အခါမှာပေါ့"

အယ်လိန်းသည် ကျွန်တော့်ကို မော့ကြည့်ပါသည်။ အယ်လိန်းမျက်လုံးထဲမှာ မြင်ရသော ဝေဒနာ၊ နာကျင်မှုကိုတွေ့ရ၍ ကျွန်တော့်ရင်သည် ဆတ်ဆတ်တုန်လာပါတော့သည်။ ကျွန်တော်သည် အယ်လိန်း၏ဝေဒနာကို ဖြေသိမ့်ရန် အယ်လိန်းထံသို့ အသွား တယ်လီဖုန်းမြည်သံက ပေါ်လာပါသည်။

ကျွန်တော်သည် စားပွဲနောက် ကုလားထိုင်သို့ ပြန်သွားခဲ့ရပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်ရပါသည်။ ကျွန်တော့်မျက်လုံးအစုံကမူ အယ်လိန်းကို စူးစူးစိုက်စိုက် ကြည့်နေဆဲဖြစ်ပါသည်။

ဖုန်းခွက်ထဲမှ မစ်ကီက အင်ဒီပင်းဒင့်သံမဏိကုမ္ပဏီမှ မစ္စတာရစ်ချက်မာတင် နေ့ခင်းစာထွက်စားနေကြောင်း ပြောပြပါသည်။ ကျွန်တော်က နောက်ထပ်ပြန်လာချိန်လောက် ထပ်မံဆက်သွယ်ရန် ညွှန်ကြားလိုက်ပါသည်။ ပြီးမှ ဖုန်းခွက်ကို ချလိုက်ပါသည်။

အယ်လိန်းကို ရှင်းပြသည့်သဘောဖြင့်-

"မစ္စတာမာတင် နေ့လယ်စာ ထွက်စားနေသတဲ့"

"ဟုတ်လား"

အယ်လိန်း၏အသံမှာ ဘာခံစားမှုမှ မပါ။ အယ်လိန်း၏ မျက်လုံးများမှာ ကြမ်းပြင်သို့ ကြည့်နေဆဲဖြစ်ပါသည်။



ကျွန်တော်က-

"အယ်လိန်း. . ."

"ဘာလဲဟင်"

အယ်လိန်း၏အသံမှာ စောစောကလိုပင် ဘာခံစားမှုမှမပါပါ။ အယ်လိန်း၏ မျက်လုံးများသည်လည်း ကြမ်းပြင်သို့ ဆက်၍ကြည့်နေဆဲ ဖြစ်ပါသည်။

ကျွန်တော်က-

"ဒါပေမယ့် အချစ်ဟာ မသေဆုံးသေးဘူး အယ်လိန်းရယ်"

ကျွန်တော့်စကားသံကြောင့် အယ်လိန်း မော့ကြည့်ပါသည်။ အယ်လိန်း မျက်လုံးများကို ကျွန်တော် မြင်ရပါသည်။

အယ်လိန်းသည် ကျွန်တော်၏ အမှန်တရားထဲမှ ပုန်းကွယ်၍မရနိုင်ကြောင်း ကျွန်တော်သိပါသည်။

အယ်လိန်းမျက်လုံးထဲမှ နာကျင်မှုဝေဒနာရိပ်များ ပျောက်ကွယ်၍သွားပါသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကျွန်တော်တို့နှစ်ဦး ကိုလိုနီဟိုတယ်သို့ နေ့ခင်းစာစားရန် သွားကြပါသည်။ စားပွဲထိုးမှူးက ကျွန်တော့်ကိုမြင်သည်နှင့် ခရီးဦးကြိုပြု၍-

"မစ္စတာဂိုဝန်ပါလား၊ ကျွန်တော် စားပွဲတစ်လုံး စပါယ်ရှယ် ရွေးချယ်ထားပါတယ် ခင်ဗျာ"

ကျွန်တော်သည် နံဘေးဝန်းကျင်ကို ကြည့်လိုက်ပါသည်။ ဆိုင်တစ်ဆိုင်လုံးမှာ တကယ်လည်း ပြည့်ကျပ်နေသည်မှာ အမှန်ပင်ဖြစ်ပါ၏။ သို့သော် ဤငနဲကား တကယ့်လူလည်ဖြစ်ပါသည်။ သူ့အတွက်ကား စားပွဲတိုင်းသည် စပါယ်ရှယ်ဖြစ်နေမည်ပင်။ ငနဲသားသည် ကျွန်တော်တို့နှစ်ဦးကို ဟိုအဝေးကြီးသို့ ခေါ်သွားပါသည်။ မျက်နှာစာအရပ်နှင့် အလွန်ဝေးပါသည်၊ နောက်ထပ်နှစ်လှမ်းလောက် ဆက်သွားပါက ဟိုတယ်နောက်ဖေးပေါက်သို့ ရောက်တော့မည်ပဲ ဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် သည်ငနဲများ ကျွန်တော့်သတင်းကို ကြားသိပြီး ဖြစ်နေရော့သလားဟု အောက်မေ့သွားပါသည်။ ကျွန်တော့်ကို သည်လောက်ဝေးသည့် ချောင်ထဲသို့ ဤဟိုတယ်ကို ကျွန်တော်လာစားခါစ အချိန်မှ စ၍ တစ်ခါမှ မပို့ခဲ့ဘူးချေ။

ကျွန်တော်သည် ကိုယ့်ဘာသာ သဘောကျသွားပြီး ထိုင်ယင်း ပြုံးလိုက်မိပါသည်။



အယ်လိန်းသည် ကျွန်တော့်အပြုံးကိုကြည့်၍-

"ဘာတွေများ ပြုံးနေရတာလဲ"

ကျွန်တော်က စိတ်ထဲမှ ယူဆထင်မြင်သည့်အတိုင်း ပြောပြလိုက်ရာ အယ်လိန်းကလည်း သဘောကျသွားပြီးအသံထွက် ရယ်မောပါသည်။ သူမက-

"တကယ် အူကြောင်ကြောင်နိုင်တာပဲနော်"

ကျွန်တော်သည် တလေးတနက် ခေါင်းယမ်းပြလိုက်ပြီး-

"ဒီမြို့မှာ နေထိုင်ကြတဲ့သူတွေရဲ့ ထုံးစံလေ၊ ကျင့်သုံးမြဲ အလေ့အထတွေပဲပေါ့ကွယ်၊ သတင်းက ပြန့်နေပြီထင်တယ်၊ ဂိုဝန်တစ်ယောက်တော့ ဘိုင်ကျသွားပြီဆိုတာလေ"

ကျွန်တော်တို့နှစ်ဦးသား သဘောကျ ရယ်မောနေကြစဉ် နောက်ဘက်မှ အသံတစ်ခု ထွက်လာပါသည်။ အသံက-

"အယ်လိန်းရှိုင်လာပါလား၊ ဒီမြို့မှာ ဘာလာလုပ်နေတာလဲ"

ကျွန်တော်သည် ထိုင်ရာမှ ထလိုက်ပါသည်။ ကျွန်တော့်မျက်နှာပေါ်တွင် အပြုံးတစ်ခု တပ်ဆင်ပြီးဖြစ်ပါသည်။ လူလတ်ပိုင်းဖြစ်သော်လည်း နုပျိုပုံရသော အမျိုးသမီးတစ်ဦးသည် ကျွန်တော်တို့နှစ်ဦးကို ပြုံး၍ကြည့်နေပါသည်။ ၎င်းမိန်းကလေး၏ရုပ်ကို ပထမ မြင်ဖူးသည်ဟု ထင်ပါသည်။ နောက် မှတ်မိသွားပြီး ကျွန်တော့်စိတ်ထဲတွင် ကြမ္မာဆိုးကို ကျိန်ဆဲလိုက်မိပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း အပြစ်တင်မိပါသည်။ ကျွန်တော်သည် ဒီနေရာမျိုးကို အစကတည်းက လာဖို့မသင့်ကြောင်း သိပြီးဖြစ်ရမည် မဟုတ်ပါလား။ အမျိုးသမီးမှာ ရုပ်မြင်သံကြား သတင်းဌာနမှ အတင်းအဖျင်းသတင်းများ ပြောဆိုကြေငြာပေးသူ တစ်ဦးဖြစ်ပါသည်၊ ကျွန်တော်တို့နှစ်ဦးကို အတူတွေ့လိုက်ရခြင်းသည် သူမအတွက် အဆီတဝင်းဝင်းနှင့် သတင်းကြီးတစ်ပုဒ် ဖြစ်နေပေတော့မည်။ သံမဏိသူဌေးကြီး မက်ဘရက်ဒီ၏ တူမချောသည် မက်ဘရက်ဒီ၏ ရန်သူတော် ဘရက်ဒ်ဂိုဝန်နှင့်အတူ နေ့ခင်းစာ လာစားခြင်း စသည် စသည်ဖြင့်-

မိနစ်အနည်းငယ် ကြာသောအခါ အမျိုးသမီးသည် ကျွန်တော်တို့ကိုနှုတ်ဆက်၍ ထွက်သွားပါသည်။ ကျွန်တော်သည် အယ်လိန်းကိုကြည့်၍-

"ခုလို သူနဲ့တွေ့သွားတာ ဘာဖြစ်သွားနိုင်တယ်ဆိုတာ တွေးမိရဲ့လား"

အယ်လိန်းက ခေါင်းညိတ်၍ပဲ ပြသည်။

ကျွန်တော်က-

"မင်းရဲ့အန်ကယ်မက်ကတော့ စိတ်ဆိုးမှာပဲ"

အယ်လိန်းသည် ဖြည်းဖြည်းချင်း ပြုံးလိုက်ပြီး-

"ဂရုမစိုက်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



အယ်လိန်းသည် စားပွဲပေါ်မှာတင်ထားသော ကျွန်တော့်လက်ပေါ်သို့ သူ၏လက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး-

"ကျွန်မ ရှင့်ဘက်က ရှိပါတယ်"

စားသောက်ပြီးသောအခါ ကျွန်တော်တို့သည် ရုံးခန်းသို့ ပြန်လာကြပါသည်။ ကျွန်တော်တို့နှစ်ဦးသား အင်ဒီပင်းဒင့် သံမဏိကုမ္ပဏီသို့ ဆက်သွယ်ထားသည့်ဖုန်းကို စောင့်ဆိုင်းနေကြစဉ် အယ်လိန်းက ကျွန်တော့်အား သူမ၏အန်ကယ် မက်ဘရက်ဒီ၏ အကြောင်းနှင့် သံမဏိလုပ်ငန်းအကြောင်းတို့ကို ရှင်းပြပါသည်။ ဇာတ်လမ်းကား တကယ့်ဇာတ်လမ်းပါပင်။ သံမဏိလုပ်ငန်းမှ တိုက်ပွဲများကား ကြောက်ဖွယ်လိလိ ဖြစ်ပါ၏။ ထိုတိုက်ပွဲမှာ ပါဝင်ခဲ့ကြသူ၊ အရှုံးအနိုင် ဆော်ခဲ့ကြသူများမှာလည်း တကယ့် ပွဲကြမ်းဆော်ခဲ့ကြသူများပင် ဖြစ်ပါ၏။ သူတို့နှင့် ယှဉ်လိုက်သောအခါ ကျွန်တော်တို့ ကြော်ငြာလောက၊ လူမှုဆက်ဆံရေးလောကမှ လူများသည် အပျော်တမ်းသမားများ အဆင့်လောက် ဖြစ်သွားပါတော့သည်။ ကျွန်တော့်စိတ်ထဲတွင် သူတို့လောကတွင် အနည်းဆုံး တစ်ကြိမ်တော့ သစ္စာဖောက်ပြီး နောက်ကျောဘက်မှ ဓားနှင့်ထိုးသည့်လုပ်ရပ်ကို လုပ်ဖူးကြသူများဖြစ်ကြောင်း တွေ့ရပါ၏။ တချို့ကား ကြိမ်ဖန်များစွာ သစ္စာဖောက်ကြ၏၊ မိတ်ဆွေများ၏နောက်ကျောကို ဓားနှင့်ထိုးသည့်အလုပ်ကို လုပ်ကြ၏။ ထိုအလုပ်မှာ သူတို့အတွက် ထမင်းစားရေသောက်ဖြစ်ဟန် တူပါ၏။ သူတို့ယဉ်ပါးပြီးသားအလုပ်လည်း ဖြစ်ဟန်တူပါသည်။

သို့မဟုတ်ပါက သူတို့သည် ဖုံးကွယ်မှု အတတ်ပညာတွင် အလွန်ကျွမ်းကျင်သူများသော်လည်းကောင်း ဖြစ်တန်ရာပါသည်။ ထို့ကြောင့်သာ သူတို့ကို လက်ပူးလက်ကျပ် တစ်ခါမျှ ခိုးထုပ်ခိုးထည်နှင့် ဖမ်းမမိခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ မက်ဘရက်ဒီသည် အရာရာမှာ စိုးရိမ်တကြီးနှင့် သတိကြီးစွာထား၍ နေတတ်ခြင်း၊ ကျွန်တော့်ကိုလည်း သတိပေးခဲ့ခြင်း၊ စုံစမ်းထောက်လှမ်းခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ စိတ်ဆန္ဒပါသည်ဖြစ်စေ မပါသည်ဖြစ်စေ၊ သူတို့လူ့သိုက်သည် ကိုယ့်တာဝန်ကို ကိုယ်လုံအောင်ထိန်းကြသူများ ဖြစ်ပေသည်။ သူတို့တတွေသည် အတိမ်းအစောင်း မခံနိုင်သူများ ဖြစ်ကြပါ၏။

ထိုသို့တွေးတောနေစဉ် ကျွန်တော်၏ သီးသန့်ကိုယ်ပိုင် တယ်လီဖုန်းသည် မြည်လာ၏။ ဖုန်းကို ကောက်ကိုင်လိုက်သောအခါ မာဂီ့ထံမှဖုန်း ဖြစ်နေ၏။

မာဂီက-

"အခြေအနေ ဘယ်လိုရှိသလဲဟင်"

"ကောင်းပါတယ်"

ကျွန်တော်သည် ဖုန်းခွက်ကိုကျော်၍ အယ်လိန်းကို ပြုံးပြလိုက်သည်။ ပြီးမှ ဆက်၍-



"မစ္စက်ရှိုင်လာလဲ ဒီနေ့မနက်ပဲ ရောက်လာတယ်၊ သူက ကိုယ်တို့ကို ကူညီမယ်လို့ ပြောတယ်လေ၊ ကိုယ်လဲ လက်ခံလိုက်တယ်"

မာဂီက-

"ဒါဆို မစ္စက်ရှိုင်လာက သူ့အန်ကယ်ကို ပြောပေးမယ်တဲ့လား"

ကျွန်တော်က-

"မဟုတ်ဘူးလေ၊ ကိုယ်က ဒါမျိုးကို လက်မခံနိုင်ဘူးလေ၊ ဒါပေမယ့် ကိုယ်တို့နဲ့ သံမဏိအစည်းအရုံးက တခြားကော်မတီဝင်တွေကို ချဉ်းကပ်ဆွေးနွေးကြဖို့ စီစဉ်နေကြတယ်လေ၊ မစ္စက်ရှိုင်လာကလဲ သူ့ဦးကြီး မက်ဘရက်ဒီကို ဆန့်ကျင်ပြီး ကိုယ့်ကို အကူအညီပေးမယ်တဲ့"

"အို. . ."

မာဂီ၏အသံမှာ စိတ်ပျက်အားလျော့သံ ဝင်နေ၏။

ကျွန်တော်က ကပျာကယာပင်-

"ကိုယ်ကလဲ အဲဒီနည်းကိုပဲ သဘောကျတယ်"

မာဂီ၏အသံမှာ ပြောင်းလဲလာသည်မှာ သိသာလှ၏။ မာဆတ်ဆတ် ဖြစ်လာသည်။

မာဂီက-

"ဒါထက် ခရစ်ကကော"

ကျွန်တော်သည် မနက်ပိုင်းက ဖြစ်သမျှ အကျိုးအကြောင်းအားလုံးကို အထွေထွေ အဆုံး အကျဉ်းချုံးပြောပြလိုက်၏။ ကျွန်တော်၏ဇာတ်လမ်း ဆုံးသွားသောအခါ တယ်လီဖုန်းထဲမှ ဘာမှအသံမကြားရ။ ကျွန်တော်က စိုးရိမ်စွာဖြင့်-

"မာဂီ နားထောင်နေရဲ့လားဟင်"

မာဂီ၏လေသံမှာ အားလျော့၏။

"နားထောင်နေပါတယ်၊ ရှိပါတယ်"

ကျွန်တော်က-

"ဘယ်လိုလဲ၊ တိတ်လှချည်လား"

မာဂီက-

"ကျွန်မတို့ ဘာပြောရမှန်းကို မသိတော့ဘူး၊ ကျွန်မစိတ်ထဲမှာ ခရစ်ဟာ ဒီလိုဘယ်တော့မှ လုပ်လိမ့်မယ်မထင်ခဲ့ဘူး"

"သူ့ကို မေ့ပစ်လိုက်စမ်းပါလေ၊ ဒါမျိုးဟာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ၊ သူဟာ ခဲဆောင်းခဲ့လို့ မရိုးသားတဲ့လူပဲပေါ့၊ ဒါပါပဲ"

မာဂီက တွန့်ဆုတ်သောလေသံဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



"ဘရက်ဒ်"

"ဟင်"

"ခရစ်ပေးတဲ့အတိုင်း ယူလိုက်ကြရယင်များ ကောင်းမလားမသိဘူးနော်၊ ရှ... ဖောက်သည်တွေ မရှိတော့ဘူးဆိုယင် ကျွန်မတို့လဲ အလုပ်မရှိဘူး ဖြစ်သွားနိုင်တယ်"

ကျွန်တော်က-

"မရှုံးစမ်းပါနဲ့ မာဂီရယ်၊ ကျုပ်က ခရစ်ရဲ့ကမ်းလှမ်းချက်ကို လက်ခံလိုက်ယင် ကျုပ်ဘဝ ကျုပ်အရည်သွေးဟာ ရေစုန်မျောပြီပေါ့၊ ပစ်လိုက်ရပြီပေါ့၊ သူတို့ပေးတဲ့ငွေ ကလဲ တစ်သက်စားမကုန်လောက်တဲ့ငွေ မဟုတ်ဘူး၊ တခြားအလုပ်အကိုင်_ရှာဖွေ... ဆိုတာကလဲ မဖြစ်နိုင်ဘူးလေ၊ ကျုပ်တို့ အလုပ်ဆိုတာမျိုးက အရှုံးသမားကို ဘယ်သူက မှ လက်ခံချင်တာ မဟုတ်ဘူး"

မာဂီက-

"ဩော်. . . ဒါထက်၊ ဒီနေ့မနက်ပဲ သားကြီးဆီက စာလာတယ်ရှင့်"

မာဂီသည် သိသိသာသာပင် စကားလမ်းကြောင်း ပြောင်းလိုက်၏။

ကျွန်တော်က

"ဟုတ်လား၊ စာထဲမှာ ဘာတွေရေးထားသလဲ"

"အအေးမိတာကတော့ အတော်လေး သက်သာသွားပြီ ပြောပါတယ်၊ နောက် တစ်ပတ်လောက်ဆိုယင် အတန်းပြန်တက်နိုင်မယ် ထင်ပါတယ်တဲ့"

"သိပ်ကောင်းတာပေါ့ကွာ၊ သား နေကောင်းသွားမှာပါလို့ ကိုယ်ပြောသားပဲ ကွ"

"အဲဒီလို မျှော်လင့်ရတာပါပဲရှင်၊ ဒါပေမယ့် ကျွန်မတော့ မသိနိုင်အောင်ပါပဲ ကျွန်မတော့ စိတ်ပူတာပဲ၊ ခုအခြေအနေမှာတော့ ဘာမှအဆင်ပြေပုံမရဘူးလေ"

ကျွန်တော်က-

"သိပ်ပူမနေပါနဲ့ မာဂီရယ်၊ ပူနေရုံနဲ့ ပြီးတာမှမဟုတ်ဘဲ"

မာဂီက-

"ကျွန်မ သိပါတယ်"

ကျွန်တော်က ရည်ရွှန်းဖတ်ရွှန်းဖြင့်-

"အကောင်းမလာခင် အဆိုးလာတတ်တာမျိုး မဟုတ်လား"

ကျွန်တော်၏ နောက်ပြောင်မှုကို မာဂီက လက်မခံပါ။

မာဂီက တလေးတနက်လေသံဖြင့်-

"ကျွန်မ အဲဒါကိုပဲ စိတ်ပူနေတာပဲ"

"မာဂီ. . ."

ကျွန်တော်က လေသံခပ်ပြတ်ပြတ်နှင့် ခေါ်လိုက်ပါသည်။ ကျွန်တော်သည် ...တ်မရှည်ချင်တော့။ မာဂီ ဘာတွေဖြစ်နေပါလိမ့်။ ကျွန်တော်က-

"တော်တော့ကွာ"

မာဂီက အသံတစ်မျိုးပြောင်းသွားပြီး-

"ရှင်တစ်ယောက်တည်းလား ဘရက်ဒ်"

"မဟုတ်ဘူး"

"မစ္စက်ရှိုင်လာ ရှင်နဲ့အတူရှိနေသလား"

ကျွန်တော်က တိုတောင်းစွာဖြင့်ပင်-

"ရှိတယ်"

မာဂီဘက်မှ ခဏမျှငြိမ်သက်သွား၏။ ပြီးမှ-

"ကျွန်မတို့ကို အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း ပြောဒို့ ...မေ့နဲ့နော်"

မာဂီ့အသံမှာ ခပ်ငေါ့ငေါ့ဖြစ်နေ၏။

တစ်ချိန်ထဲတွင် မာဂီသည် တစ်ဘက်မှဖုန်းခွက်ကို ချသွားလေ၏။ ကျွန်တော် သည် ဘာသံမှမကြားရသော ဖုန်းခွက်ကြီးကိုကိုင်ယင်း ကျန်ရစ်ခဲ့လေ၏။ ကျွန်တော် သည် ဆတ်ကနဲ အယ်လိန်းကို တစ်ချက်လှမ်းကြည့်လိုက်၏။ အယ်လိန်းသည် ကျွန်တော့် ...ကို အကဲခတ်ကြည့်နေပုံရ၏။ မာဂီ ဖုန်းထဲမှ ပြောလိုက်သည်များကို ကြားနိုင်မည်လား ...ပြောတတ်ပေ။ သို့သော် မကြားနိုင်လောက်စရာပဲ ရှိပါသည်။ ကျွန်တော်က ဟန်မပျက် ဆက်၍-

"ဂွတ်ဘိုင် မာဂီ"

ဟု ပြောကာ တစ်ဘက်မှ ဘယ်သူမှ ထူးသူမရှိတော့သော ဖုန်းကို ဟန်နှင့် ...န်နှင့် ချလိုက်ပါသည်။ ပြီးမှ အယ်လိန်းဘက်သို့လှည့်၍-

"မာဂီက ကျုပ်တို့ကို အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြော ...လိုက်ပါတဲ့"

အယ်လိန်းက မျက်နှာသေဖြင့်-

"ရှင့်မိန်းမက ကျွန်မကို သဘောမကျဘူးမဟုတ်လား"

ကျွန်တော်က အူကြောင်ကြောင်ပြုံးပြ၍-

"ဘာဖြစ်လို့ သဘောမကျရမှာလဲ၊ မာဂီက မင်းကိုသိတာမှ မဟုတ်တာ"

အယ်လိန်းသည် ကျွန်တော့်ကိုမကြည့်ဘဲ သူမ၏ လက်ချောင်း... ကို ကြည့်နေပါသည်။ ပြီးမှ လေသံတိုးတိုးဖြင့်-

"သဘောမကျတဲ့အတွက် သူ့ကို ကျွန်မ အပြစ်မတင်ပါဘူး ...လဲ သူ့

www.burmeseclassic.com

နေရာမှာရှိတယ်ဆိုယင် ဒီလိုပဲ ခံစားနေရမှာပဲ”

ထိုစဉ် ကျွန်တော်တို့ ဆက်သွယ်ခိုင်းထားသော မစ္စတာမာတင်၏ တယ်လီဖုန်းသည် ရလာ၏။ ကျွန်တော်သည် စကားမဆက်ရတော့သဖြင့် ဖုန်းလာခြင်းကို စိတ်ထဲက ကြိတ်ပြီး ကျေးဇူးတင်မိပါသည်။

မစ္စတာမာတင်၏အသံမှာ အေးတိအေးစက် နိုင်လှပါသည်။ မစ္စတာမာတင်သည် ကျွန်တော့်ကို ကောင်းစွာမှတ်မိပါသည်။ သို့သော် ကျွန်တော်တင်ပြခဲ့သော ကြော်ငြာလုပ်ငန်း ပြည်သူလူထုကို လှုံ့ဆော်သောလုပ်ငန်း ဆက်၍လုပ်ကိုင်လိုစိတ် မရှိပါ မှန်ပါသည်။ ထိုစကားမှာ သူတစ်ဦးတည်း သူ၏အင်ဒီပင်းဒင့်ကုမ္ပဏီအတွက် မလုပ်လိုခြင်းသာ ဖြစ်ပါသည်။ တခြားသော ကော်မတီဝင်များအတွက်ကိုမူ သူ ဘယ်လိုမှ တာဝန်ယူ ပြောဆိုနိုင်ခြင်း မရှိပါ။ သို့သော် ယခုဖြစ်ပျက်နေသော အခြေအနေအရ တခြားကော်မတီဝင်များလည်း ဆက်လက်လုပ်ဆောင်လိုစိတ် ရှိမည်မထင်ကြောင်း ပြောပါသည်။

ကျွန်တော်က-

“ယခု ဘာတွေများဖြစ်နေလို့လဲ”

မစ္စတာမာတင်၏အသံမှာ တုံးတိတိနိုင်လှပါသည်။ မစ္စတာမာတင် ပြောလိုက်သည့် အကြောင်းအရာကလည်း ကျွန်တော်၏ မျှော်လင့်ချက်များကို လက်စတုံးဝင်လိုက်သတဲ့သို့ပင်. . .

သူက-

“တွန်ဆိုလီဒိတ်တက် သံမဏိကုမ္ပဏီက ယနေ့ပဲ သံမဏိလုပ်ငန်းပိုင်ရှင်များအစည်းအရုံး ကော်မတီထဲက နုတ်ထွက်သွားပြီး သူတို့ကုမ္ပဏီဘာသာ သူတို့လုပ်မယ်တဲ့”

ကျွန်တော်သည် ဖုန်းခွက်ကိုချလိုက်ပြီး အယ်လိန်းကို ကြည့်လိုက်ပါသည်။ ကျွန်တော်သည် ကြိုးစားပြုံးပြပြီး-

“မင်းရဲ့အန်ကယ်ကြီးက တကယ်စေ့စပ်သေချာတဲ့လူပဲ၊ သူက ကနေ့ပဲ သံမဏိအစည်းအရုံး ကော်မတီကနေပြီး သူ့ရဲ့ကုမ္ပဏီကို နုတ်ထွက်လိုက်ပြီးတဲ့လေ၊ သူ့ကုမ္ပဏီမပါဘဲ သူ့ရဲ့ငွေကြေးအင်အားမပါဘဲနဲ့ ကော်မတီဝင်တွေဟာ ကိုယ်တင်ပြထားတဲ့ ပြည်သူလှုံ့ဆော်မှု ကြော်ငြာလုပ်ငန်းကြီးကို မလုပ်နိုင်ဘူးဆိုတာ သူက သိနေတာပဲကိုး”

အယ်လိန်းသည် အတန်ကြာမျှ ငြိမ်နေပါသည်။ ပြီးမှ-

“ဘရက်ဒ်၊ ကျွန်မ အန်ကယ့်ကို ပြောပါရစေလားဟင်၊ အန်ကယ်က ကျွန်မစကားကိုဆိုယင် နားဝင်တတ်ပါတယ်”

ကျွန်တော်သည် စိတ်လက်မချမ်းမသာဖြင့် ခေါင်းခါရမ်းပြလိုက်ပါ၏။

“မဖြစ်ပါဘူး၊ တခြားနည်းလမ်းတော့ ရှိရဦးမှာပေါ့”



အယ်လိန်း၏အသံမှာ စိတ်ပျက်အားလျော့နေပုံ ရ၏။ အယ်လိန်းက-

“ဘယ်လိုနည်းလဲဟင်”

ကျွန်တော်သည် ကုလားထိုင်နောက်ကျောကို မှီလိုက်ပါသည်။

“ဒါတော့ ကိုယ်လဲမပြောတတ်သေးဘူး၊ တစ်နေရာရာမှာတော့ တစ်ခုခုရှိရမှာပဲ”

ကျွန်တော်သည် တစ်စုံတရာတွေးမိပြီး အယ်လိန်းကိုကြည့်၍-

“မင်း တစ်ခါတုန်းက မင်းရဲ့အန်ကယ်နဲ့ သံမဏိလုပ်ငန်းရာဇဝင်အကြောင်း ပြောဖူးပါတယ်၊ အဲဒါကို အသေးစိတ် ဆက်ပြောစမ်းပါ၊ တစ်ခုခုများ တွေးမိမလားလို့”

အယ်လိန်းသည် သူသိသမျှ ဇာတ်လမ်းစုံကို ပြောပြပါသည်။ ကျွန်တော်သည် ငြိမ်သက်စွာ နားထောင်နေမိပါသည်။ အချိန်များသည် တရွေ့ရွေ့ကုန်ဆုံး၍ သွားပါသည်။ ခြောက်နာရီကျော်ကျော်ကလေးတွင် အယ်လိန်းပြောလိုက်သော အချက်တစ်ချက်သည် ကျွန်တော့်စိတ်ထဲ၌ တစ်ခုခုဖြစ်ပေါ်သွားစေပါသည်။ ကျွန်တော်သည် ထိုသို့ နားထောင်နေချိန်တစ်လျှောက်လုံး အယ်လိန်းကိုကျောခိုင်း၍ ပြတင်းပေါက်သို့ မျက်နှာမူကာ အပြင်ဘက်မှ ညိုမှောင်မည်းချိတ်သော ကောင်းကင်ပြင်ကိုကြည့်ယင်း နားထောင်နေခဲ့မိခြင်း ဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဖြတ်ကနဲ ဖြစ်ပေါ်သွားသည်မို့ ကျွန်တော်သည် ကုလားထိုင်ကိုလှည့်၍ အယ်လိန်းကို ကြည့်လိုက်၏၊

အယ်လိန်း ပြောပြနေသည်မှာ သူမ၏ခင်ပွန်းသည် ကွန်စတီးလ် သံမဏိကုမ္ပဏီကြီးက နိုင်ငံတော်အစိုးရနှင့် အခွန်တုတ်ပြဿနာများနှင့် ပတ်သက်၍ သူမ၏ဦးကြီး အန်ကယ်ဘရက်ဒီနှင့် ဆွေးနွေးလိုကြောင်း ပြောကြားလိုက်ခြင်းပင် ဖြစ်ပါ၏၊

ကျွန်တော်က-

“ဘာတွေ ဆွေးနွေးချင်တာတဲ့တုံး”

အယ်လိန်းက-

“ကျွန်မလဲ သေသေချာချာတော့ မသိဘူး၊ ကျွန်မခင်ပွန်း ဒေးဗစ်ကလဲ အဲဒီအကြောင်းကို တစ်ခါပဲပြောဖူးတာ၊ ဒေးဗစ်ကြည့်ရတာ တော်တော်စိတ်ဆိုးနေပုံရတယ်”

ကျွန်တော်က စိတ်ဝင်တစားဖြင့်-

“ဒါဆို မင်းရဲ့အန်ကယ်ဘရက်ဒီနဲ့ သူတို့ ဆွေးနွေးဖြစ်သေးလား”

အယ်လိန်း၏ မျက်ဝန်းထဲတွင် ညိုမှောင်သော အရိပ်တစ်ခု ထိုးလာပါသည်၊ သူမက-

“ဆွေးနွေးဖြစ်မယ် မထင်ဘူး၊ အဲဒီအကြောင်း စကားစပ်မိတာလဲ ဒေးဗစ် ခနမကောင်းမဖြစ်ခင် သုံးလေးပတ်အလိုလောက်မှ စပ်မိကြတာ”

ကျွန်တော့်စိတ်ထဲတွင် တစ်ခုခုကို ခံစားနေမိပါသည်။ ကျွန်တော်သည် ဘင်

www.burmeseclassic.com

www.burmeseclassic.com



ခုခုကို ဆုပ်ကိုင်တွေ့ရှိမိပြီဟု ခံစားနေမိခြင်း ဖြစ်ပါ၏။ ဘာရယ်လို့ တိတိကျကျကား မသိ။ ဘာကို ရှာဖွေရမည်ဆိုခြင်းကိုလည်း ကျွန်တော် သိသည်မဟုတ်။ သို့သော် သည်အတွေးလမ်းစသည် ခံစားမှုဇာတ်လမ်းအတိုင်းတော့ ဂယနဇာ လိုက်လျှောစူးစမ်းရမည်ပဲ ဖြစ်သည်။

ကျွန်တော်သည် ချက်ချင်း ဝါရှင်တန်မြို့ရှိ ပေါလ်ထံသို့ ဖုန်းလှမ်းဆက်သွယ်သည်။ ကံအားလျော်စွာပင် ပေါလ်ကို ဖမ်းမိသည်။

ကျွန်တော်သည် အခါတိုင်းကဲ့သို့ ပဋိသန္ဓာရစကားများကို ဆိုမနေတော့။ လိုရင်းကိုပင် တဲ့တိုးဖွင့်၍-

"ကွန်စတီးလ်ကုမ္ပဏီကြီးဟာ နိုင်ငံတော်အစိုးရဆီမှာ အင်တီတရပ်စ်ကိစ္စမှာ ဘယ်လိုလုပ်ပြီး ရှင်းလိုက်သလဲဆိုတာ သိချင်လို့ ဖုန်းဆက်မေးတာ"

ပေါလ်ကလည်း မဆိုင်းမတွပင်-

"ဒီကရီခွင့်ပြုချက်နဲ့ ရှင်းတာပဲ၊ ဘာဖြစ်လို့ မေးရတာလဲ"

ကျွန်တော်က-

"အဲဒီတုန်းက ထူးထူးခြားခြားများ ရှိသေးလား"

ပေါ်လ်က-

"မရှိပါဘူး၊ ထုံးစံအတိုင်းပါပဲ၊ ကွန်စတီးလ်ကုမ္ပဏီဟာ တခြားသူနဲ့ စီးပွားပြိုင်ဘက်ကုမ္ပဏီတွေနဲ့ လုပ်ငန်းလုပ်ကိုင်ရာမှာ အနှောင့်အယှက် မဖြစ်စေရပါဘူးဆိုတဲ့ သဘောတူညီချက် ပေးရတာမျိုးပါပဲ"

"အင်း အင်း ဟုတ်ပါပြီ၊ အဲဒီအမှုကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူက တာဝန်ခံ ကိုင်တွယ်ခဲ့သလဲ"

"အဲဒါတော့ မသိဘူး ဒါပေမယ့် သိအောင်လုပ်ဖို့က လွယ်ပါတယ်၊ အရေးကြီးလို့လား"

"ကျွန်တော့်စိတ်ထဲမယ် တစ်ခုခုများ ဖြစ်နိုင်မလားလို့ အောက်မေ့နေမိလို့ပါ၊ အဲဒီအတိုင်း ဖြစ်ပါစေလို့ ဆုတောင်းနေရတာပဲ၊ အဲဒါမှ လွဲချော်ပြီဆိုယင်တော့ ကျုပ်တော့ သေပြီဗျ"

"အင်းလေ၊ ဒါဆိုလဲ စုံစမ်းပြီး၊ မနက်ကျရင် ဖုန်းပြန်ဆက်လိုက်ပါ့မယ်"

ထိုသို့ပြောဆိုပြီးနောက် ပေါလ်သည် တစ်ဘက်မှ ဖုန်းချသွားလေ၏။

အယ်လိန်းသည် တစ်ချိန်လုံး ကျွန်တော့်ကို စောင့်ကြည့်အကဲခတ်နေ၏။ သူမ၏မျက်နှာပေါ်တွင် စိတ်ဝင်စားမှု အပြည့်ရှိနေပုံရ၏။ သူမက-

"ရှင် တစ်ခုခု တွေးမိသွားပြီလား"

ကျွန်တော်သည် ခေါင်းခါပြယင်း-



"မှန်းဆရတဲ့ သဘောလောက်ပဲ ရှိပါသေးတယ်၊ ဒါပေမယ့် ခုအခြေအနေမှာ ဘာကိုမှ လွှတ်ပေးလို့မဖြစ်ဘူးလေ၊ ကဲပါ အဲဒီအကြောင်း မှတ်မိသလောက် ပြောပြစမ်းပါဦး မင်းရဲ့ခင်ပွန်းက အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတွေများ ပြောသလဲ"

အယ်လိန်းမျက်နှာသည် မှောင်ကနဲ တစ်ချက်ဖြစ်၍ သွားပြန်သည်။ သို့သော် ကျွန်တော့်ကို ဘာမှပြန်မပြောတော့ဘဲ ဖြစ်သမျှ မှတ်မိသမျှ ဇာတ်လမ်းစုံကို နောက်တစ်ခါ ပြန်၍ပြောပြလေ၏။ ကျွန်တော်သည် သေသေချာချာ စူးစိုက်၍ နားထောင်နေလိုက်၏။

ဤသို့ဖြင့် အပြန်ပြန်ပြောပြခြင်း၊ နားထောင်ခြင်းများ ပြုလုပ်ပြီးသည့်နောက် အခန်းထဲမှ အပြင်သို့ ထွက်လာခဲ့ကြ၏။ ကျွန်တော်သည် လက်မှနာရီကို ကြည့်လိုက်ရာ ၂ နာရီခွဲနေပြီကို တွေ့ရ၏။ ကျွန်တော်က အယ်လိန်း၏လက်မောင်းကို ကိုင်လိုက်ပြီး-

"လမ်းနည်းနည်း လျှောက်ရအောင်လား"

အယ်လိန်းသည် ခေါင်းညိတ်ပြ၏။

ကျွန်တော်တို့နှစ်ယောက်သား တစ်ပြတ်စကွက်လောက် လျှောက်ခဲ့ပြီးသော အခါမှ အယ်လိန်းက-

"ရှင် ဘာတွေတွေးနေတာလဲဟင်"

ကျွန်တော်က အယ်လိန်းကို ပြုံးပြလိုက်ပြီး-

"ကိုယ့်စိတ်ထဲမှာတော့ အရာရာဟာ အဆင်ပြေသွားလိမ့်မယ်လို့ ထင်နေတာပဲ"

အမှန်အားဖြင့် ကျွန်တော်သည် အယ်လိန်းကို မုသားစကား ပြောနေခြင်းသာ ဖြစ်ပါ၏။

အယ်လိန်းသည် ကျွန်တော့်လက်မောင်းကို တင်းတင်းဆုပ်၍-

"တကယ်လားဟင်၊ ကျွန်မဖြင့် ဝမ်းသာလိုက်တာရှင်"

ကျွန်တော်သည် လမ်းလျှောက်ရာမှ ရပ်လိုက်ပြီး အယ်လိန်းကိုကြည့်လိုက်၏။ အယ်လိန်း၏ မျက်လုံးအစုံမှာ တောက်ပြောင်လာသည်ကို မြင်ရ၍ ကျွန်တော် မုသား ပြောလိုက်ရကျိုးနပ်ပြီဟု ယူဆသွားမိ၏။

ကျွန်တော်က-

"ကိုယ်အစကတည်းက ပြောတယ်မဟုတ်လား။ အယ်လိန်းဟာ ကိုယ့်အတွက် ကံကောင်းပါတယ်လို့"

စောစောက တောက်ပြောင်နေသော အယ်လိန်းမျက်လုံးထဲမှ အရောင်တို့သည် ပျောက်ကွယ်သွားပြန်၏။

"အယင်တစ်ခါတုန်းကတော့ ကံမကောင်းပါလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အမြန်အထက်-

"အယင်တစ်ခါတုန်းက ပြဿနာမဟုတ်ပါဘူး၊ မင်းနဲ့လဲ ဘာမှမဆိုင်ပါဘူး၊ သည်တစ်ခါမှ အရေးကြီးတာပါ၊ သည်တစ်ခါ အယ်လိန်းကြောင့် ဖြစ်နိုင်တဲ့လမ်း တွေ့လာတာ၊ အယ်လိန်းမရှိယင် ကိုယ့်အတွက် ဘာမျှော်လင့်ချက်မှ ရှိမှာမဟုတ်တော့ ဘူး"

အယ်လိန်းသည် ဘာမှမပြောပါ။ ကျွန်တော်တို့နှစ်ဦးသား နောက်ထပ် ဘိုး လေးပြ ဆက်လျှောက်လာကြပါသည်။ ညှ၏ အေးမြသောလေသည် ကျွန်တော့်အား ဆာလောင်လာစေပါသည်။ ကျွန်တော်က ရပ်လိုက်ပြီး-

"ကိုယ်တို့ ညစာစားကြရအောင်လား၊ ကိုယ်တော့ အတော်ဆာနေပြီ"

အယ်လိန်းသည် ကျွန်တော့်ကို မော့ကြည့်၏။ သူမ၏မျက်နှာမှာ ပကတိ ငြိမ်သက်နေသည်။

"ကျွန်မတို့ ညစာမစားကြတာပဲ ကောင်းမယ်ထင်ပါတယ် ဘရက်ဒ်"

ကျွန်တော်က ပြုံးပြလိုက်ပြီး-

"ဘာဖြစ်လို့လဲ၊ ကိုယ့်ကို ကြောက်နေလို့လား၊ ကိုယ်က မင်းကို ကိုက်မစား ပါဘူးနော်"

အယ်လိန်းသည် ခေါင်းယမ်းလိုက်ပြီး-

"အဲဒါကြောင့်ပြောတာ မဟုတ်ပါဘူး ဘရက်ဒ်"

အယ်လိန်း၏မျက်နှာက ပကတိ တလေးတနက် ပြောဆိုနေခြင်းဖြစ်ပါ၏။ သူမက ဆက်၍-

"ကျွန်မတို့ နှစ်ယောက်စလုံးအတွက် မသင့်တော်ဘူးလို့ ကျွန်မ ယူဆမိလို့ပါ ဒါပဲ"

ကျွန်တော့်ရင်ထဲမှ နာကျင်မှုသည် ပြန်၍ပေါ်ပေါက်လာပြန်ပါ၏။ အယ်လိန်း နှင့် အတူတကွ တစ်နေ့လုံးရှိနေစဉ်အတွင်း ထိုနာကျင်မှုဝေဒနာသည် မရှိခဲ့၊ မပေါ်ခဲ့ ယခုမှ ပြန်လည်ပေါ်လာခြင်း ဖြစ်ပါသည်။

ကျွန်တော်က စိတ်ဆိုးဆိုးဖြင့်-

"ဘာအန္တရာယ် ရှိနိုင်မှာမို့လို့လဲ၊ မင်းနဲ့ကိုယ် တစ်နေကုန် အတူရှိနေတာပဲ ဘာတွေများ ဖြစ်လို့လဲ"

အယ်လိန်းသည် ကျွန်တော့်မျက်လုံးကို ဆိုင်၍ကြည့်ပါသည်။ အယ်လိန်း မျက်လုံးထဲတွင် အမှောင်ရိပ်များသည် ကခုန်လှုပ်ရှားနေပါ၏။ သူမက-

"အဲဒါက တစ်မျိုးပဲ၊ အလုပ် လုပ်နေကြတာလေ၊ ခုတော့ ကျွန်မတို့မှာ ပေးစရာဆင်ခြေ မရှိတော့ဘူး"



ကျွန်တော်က-

"ကိုယ်တို့နှစ်ယောက်အတွက် ဘယ်တုန်းကများ ဆင်ခြေတွေ လိုသွားကြတာ ထဲဟင်"

အယ်လိန်းသည် ကျွန်တော်၏မေးခွန်းကို တိမ်းရှောင်၍ တိုးတိတ်သော အသံဖြင့်-

"ကျွန်မ တောင်းပန်ပါတယ် ဘရက်ဒ်၊ ကျွန်မတို့နှစ်ယောက် စကားမများဘဲ နေကြရအောင်ပါ၊ ကျွန်မလဲ ပင်ပန်းလှပါပြီ"

ကျွန်တော်သည် ဘာမှမပြောတော့ပါ။ တက္ကစီတစ်စီးကို တားလိုက်ပြီး အတူ တက်စီးခဲ့ကြပါသည်။ အယ်လိန်း၏ တည်းခိုရာဟိုတယ်သို့ လိုက်ပို့ခဲ့ပြီးနောက် ကျွန်တော် သည် မော်တော်ကားထားရာ ဂိုထောင်သို့ မောင်းစေခဲ့ပါသည်။ ကားဂိုထောင်ကျော် သည်နှင့် ဂိုထောင်ထဲမှ မော်တော်ကားကိုထုတ်၍ အိမ်သို့ မောင်းပြန်ခဲ့ပါသည်။

ကျွန်တော်သည် ကားသွင်းပြီးနောက် အိမ်ဘက်သို့ လမ်းလျှောက်လာချိန် တွင် ညဆယ်နာရီရှိနေပြီ ဖြစ်ပါ၏။

မာဂီသည် သတင်းစာဖတ်နေ၏။ သတင်းစာဖတ်နေရာမှ ကျွန်တော့်ကို မော့ ကြည့်လိုက်သော မာဂီ၏မျက်လုံးများကို မြင်သည်နှင့် မာဂီ စိတ်ဆိုးဒေါသနေကြောင်း ကျွန်တော်သိ၏။

ကျွန်တော်သည် မာဂီအနားသို့သွားပြီး ကိုယ်ကိုကိုင်းညွတ်၍ ပါးပြင်ကို နမ်း ပေးပြသည်။ မာဂီသည် မျက်နှာကိုလွှဲလိုက်၏။

"ဟေး ဘယ်လိုလဲကွ"

ကျွန်တော်သည် လေသံထဲတွင် ကလူကျီစယ်သံ ကြိုးစားထည့်၍-

"စစ်ပွဲကနေပြီး ပင်ပင်ပန်းပန်း တိုက်ပွဲဝင်ပြန်လာခဲ့တဲ့ စစ်သားကြီးတစ်ယောက် ကို ဒီလိုပဲ ကြိုဆိုတာပဲလားဟင်"

"စစ်ပွဲက ပြန်လာတာ ဟုတ်လား"

မာဂီသည် အေးစက်စွာ မေးလိုက်ပါသည်။ မာဂီ၏အမေးစကား လေယူ လေသိမ်းကို ကျွန်တော် လုံးဝမကြိုက်ပါ။ သို့သော် ဘာမှမပြောတော့ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပြီး မာဂီအား ခွန်းတုံ့ပြန်ခြင်း မလုပ်တော့ပါ။

ကျွန်တော်သည် အရက်ဗီရိုရှိရာသို့ လျှောက်သွားပြီး ဝီစကီတစ်ခွက် ငှဲ့ထည့် သည်။ ပြီးမှ သင့်တင့်သလောက်သော ရေရောလိုက်ပါ၏။ ပြီးမှ-

"ကိုယ်အလုပ်လုပ်နေတာပါ၊ ကိုယ်တို့စိတ်ထဲမှာ တစ်နည်းတစ်လမ်း ဖြေရှင်း ယပ်ကိုင်နိုင်စရာရှိတယ်လို့ တွေးမိလို့"

မာဂီက သရော်တော်တော်လေသံနှင့်-

www.burmeseclassic.com

www.burmeseclassic.com



“ကိုယ်တို့ ဟုတ်လား၊ ရှင်က ဘယ်သူတို့ကို ဆိုလိုတာလဲ၊ ရှင်နဲ့ မစွက်ရှိုင်လာ တို့နှစ်ယောက်ကို ဆိုလိုတာလား”

“နေ. . . နေပါဦး မာဂီ”

ကျွန်တော်သည် မာဂီ့ကို တည့်တည့်ငုံ့ကြည့်လိုက်ပြီးမှ ဆက်၍-

“မာဂီ မင်း ဘာတွေဖြစ်နေတာလဲဟင်”

မာဂီက-

“ရှင်က သိပ်အလုပ်ရှုပ်နေတယ်ပေါ့ ဟုတ်လား၊ မစွက်ရှိုင်လာနဲ့ ရှင်တို့ အခု အစဉ်တွေ လုပ်နေကြတယ်ပေါ့၊ ညစာ အိမ်ပြန်မစားဖြစ်တော့ဘူး ဆိုတာလေးတောင် အိမ်ပြန်ဖုန်းမဆက်နိုင်အောင် အလုပ်ရှုပ်နေကြတယ်ပေါ့”

ကျွန်တော်က နဖူးကို လက်နှင့်ရိုက်လိုက်ပြီး-

“ဟုတ်သားပဲ၊ ကိုယ် လုံးလုံးမေ့သွားတယ်”

ကျွန်တော်သည် မာဂီ့ကို ပြုံးပြလိုက်ယင်း-

“ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ့်ခေါင်းထဲမှာ တွေးစရာ၊ စဉ်းစားစရာတွေ က များနေလို့ပါ ဒါကြောင့် ဖုန်းဆက်ဖို့ မေ့သွားတာပါ”

“မစွက်ရှိုင်လာအတွက်တော့ ရှင်က အချိန်ပေးနိုင်တယ်ပေါ့နော်၊ အဲဒီအတွက် တော့ ရှင်က အလုပ်များမနေဘူးပေါ့”

ကျွန်တော်သည် စိတ်မရှည်တော့ပါ။ ဒေါသလည်း ထွက်လာပါသည်။

“တော်စမ်းမာဂီ၊ မနေ့တုန်းကတော့ မင်းပဲ မစွက်ရှိုင်လာရဲ့ အကူအညီကို ... လိုလားလား ရှိနေခဲ့ပြီးမှ ကနေ့ မစွက်ရှိုင်လာက ကူညီလာတော့မှ မင်းက စိတ်ဆိုးနေ ရတယ်လို့၊ လူဆိုတာ ကိုယ်လိုချင်တာ ကိုယ်ဆုံးဖြတ်”

မာဂီက ဆတ်ဆတ်ထိမခံ ပြန်၍-

“ကျွန်မလား၊ ကျွန်မ ဘာမှမလိုချင်ဘူး၊ ကျွန်မ မကြိုက်တာက ရှင် လုပ်နေ ကိုင်နေပုံ ဟန်ပန်အမူအရာတွေကိုပဲ”

ကျွန်တော်သည် လက်နှစ်ဘက်ကို ဆန့်ဖြန့်လိုက်ပြီး-

“ကိုယ်က ဘယ်လိုများ ဟန်ပန်အမူအရာတွေ လုပ်နေရတော့မှာလဲဟင် ကျုပ်မှာဖြင့် ခေါင်းဆင်နင်းတဲ့ အခြေအနေရောက်နေပြီ၊ မင်းကတော့ ဖုန်းကလေး တစ်ချက်မဆက်မိတာနဲ့ မင်းက မိုးမီးလောင်မတတ် ဖြစ်ရတယ်လို့”

မာဂီသည် ကုလားထိုင်ပေါ်မှ ဆတ်ကနဲ ထလိုက်ပြီး အေးစက်စက်လေသံ ဖြင့်-

“ဒီကိစ္စဟာ ရှင့်အဖို့ ဒီလောက်တောင် အရေးကြီးနေမှဖြင့် ကျွန်မ ရှင့်အချိန် တွေကို မဖြုန်းတော့ပါဘူး”



သည်တစ်ကြိမ်တွင်ကား ကျွန်တော့်ရင်ထဲမှ ဒေါသမီးသည် ပေါက်ကွဲသွားပါ တော့၏။ ကျွန်တော်က အော်၍-

“နေပါဦး နေပါဦး၊ ကျုပ်က ဘာကောင်လဲဟင်၊ ကလေးလေးလား၊ မင်းဆီ ကို ဆယ်မိနစ်တစ်ခါ ဖုန်းပြန်ဆက် အစီရင်ခံနေရတော့မှာလား၊ ကျုပ်မှာ ပြဿနာတွေ သောင်းခြောက်ထောင် ဖြစ်နေရတဲ့အထဲမှာ”

မာဂီသည် ရပ်နေရာမှာပင် ငူငူကြီး ခဏရပ်နေ၏။ သူမမျက်နှာပေါ်တွင် သွေးရောင်များသည် တဖြည်းဖြည်း ဖြူရော်၍ သွားပါသည်။ ထို့နောက်မှ ဆတ်ကနဲ လှည့်လိုက်ပြီး အပေါ်ထပ် အိပ်ခန်းဆီသို့ တက်သွားပါလေ၏။

ကျွန်တော်သည် အခန်းထဲတွင် တစ်ယောက်တည်း ဟိုလျှောက်ဒီလျှောက် လျှောက်နေရစ်ပါ၏။ နောက်ထပ် ဝီစကီတစ်ခွက် ခပ်၍သောက်သည်။ ပြီးမှ အပေါ်ထပ်သို့ တက်ခဲ့ပါသည်။ အိပ်ခန်းတံခါးသို့ ရောက်သောအခါ တံခါးကို အသာလေးတွန်းလိုက် ပါသည်။ တံခါးကားမရွေ့။ ကျွန်တော်သည် တံခါးလက်ကိုင်ဘုကိုလှည့်၍ ဖွင့်ပါ၏ မရ။ တံခါးကို အတွင်းမှ သော့ခတ်ထားပြီး ဖြစ်နေ၏။

ကျွန်တော်သည် တံခါးကိုခေါက်၍-

“ဟေး. . . ဟေး”

မာဂီသည် အထဲမှပြန်၍ မဖြေပါ။

ကျွန်တော်သည် တံခါးကို ဆက်ခေါက်၏။

အခန်းထဲမှ ဘာသံမှ ပြန်မထွက်လာပါ။ ကျွန်တော်သည် တံခါးပေါက်ကို တတ်သာတော့ဘဲ စိတ်ပျက်လက်ပျက် ကြည့်နေမိပါသည်။ ဘာလုပ်ရမည်၊ ဘာတိုင် ရမည်ကိုလည်း မသိပါ။ မာဂီသည် ကျွန်တော့်ကို အိပ်ခန်းအပြင်ဘက်ထား၍ ဤကဲ့သို့ အတွင်းမှ တံခါးပိတ်ထားခြင်းမှာ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။

မိနစ်အနည်းငယ် ကြာသွားပါသည်။

ထိုအချိန်ကလေးအတွက် ကျွန်တော်သည် အရူးတစ်ယောက်ဖြစ်နေသလို ခံစားရပါ၏။ ထိုနောက်တွင်ကား ကျွန်တော်သည် ဒေါသတကြီးဖြင့် ခြေဆောင့်ပြီး ဧည့်ခန်းဘက်သို့ထွက်လာခဲ့မိပါတော့သည်။ ထိုညှ်၌ ကျွန်တော်သည် အတွင်းခံဆောင်ဘီ ကလေးဖြင့် ကသိကအောက် အိပ်လိုက်ရပါတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ညဉ့်ခန်းတွင်ရှိသော သင်မုန်းဓားသည် တုံးလှ၏။ ရေချိုးခန်းမှာ တပ်ဆင်ထားသော ရေပန်းသည်လည်း အထွက်မညီညာ မပြင်းထန်ရှိလေရာ ကျွန်တော်သည် ရေနွေးနှင့် ရေအေးတို့ကို သမမျှတစွာ ပန်းထုတ်အောင် ပြုလုပ်နိုင်ခြင်းမရှိချေ။ ရေချိုးပြီးသော အခါတွင်လည်း ကျွန်တော်သည် မျက်နှာသုတ်ပဝါ သေးသေးကလေးဖြင့် ရေများကို ကြိုးစားစင်အောင် သုတ်နေရပါ၏။

ပြီးနောက် ကျွန်တော်သည် အသက်ကိုအောင့် ဗိုက်ကိုရှုပ်ပြီး ၄င်း မျက်နှာသုတ်ပဝါကလေးဖြင့် ခါးကိုတပ်ကာ ခန်းမကျယ်ကြီးကိုဖြတ်၍ ကျွန်တော်တို့လင်မယား အိပ်ခန်းသို့ ကူးလာခဲ့ပါ၏။ အိပ်ခန်းထဲတွင် ဘယ်သူ့ကိုမှမတွေ့ဘဲ ကျွန်တော့်အတွက် ဝတ်ဆင်ရန် အဝတ်အစားများကို ခါတိုင်းကဲ့သို့ အသင့်ထုတ်ပြီး ဖြစ်နေသည်ကို မတွေ့ရပေ။

ကျွန်တော်သည် ဗီရိုထဲရှိ အဝတ်အစားများထဲမှ သင့်တော်လိုက်ဖက်မည်ဟု ယူဆရသော ဝတ်စုံတစ်စုံကို အထူးကြိုးစားရှာဖွေ၍ ဝတ်ဆင်လိုက်ရပါသည်။ ထို့နောက် အောက်ထပ်သို့ ဆင်းလာခဲ့ပါ၏။

ထမင်းစားခန်းထဲသို့ ရောက်သောအခါ စားပွဲပေါ်တွင် အခါတိုင်းကဲ့သို့ ကျွန်-



တော့်အတွက် လိမ္မော်ရည်သည် အသင့်ရှိမနေပါ။ ကျွန်တော်၏ သတင်းစာသည်လည်း သပ်သပ်ရပ်ရပ် ခေါက်လျက်ရှိမနေပါ။ ချိုးဖွဲ့ခေါက်လျက်သားဖြင့် မာဂီ၏ ကုလားထိုင်ပေါ်တွင် ရောက်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် သတင်းစာကို ယူလိုက်ပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါသည်။ သတင်းစာကို စီးပွားရေးကဏ္ဍသို့ လှန်တော့မည် ဆဲဆဲ ကျွန်တော့်မျက်လုံးများသည် လူမှုရေးသတင်းများဖော်ပြသည့် စာမျက်နှာရှိ သတင်းတစ်ပုဒ်ကို ရုတ်တရက် တန်းတိုးမိပြီး တုံ့ကနဲ ရပ်သွားပါသည်။

ထိုသတင်းမှာ-

ဝါရှင်တန်မြို့တော်ရှိ ထင်ရှားသော သံမဏိသူဌေးကြီး မက်သရူး ဘရက်ဒီ၏ တူမချော မစ္စက် ယော်တင့်စ်(အယ်လိန်း) ရှိုင်လာသည် လွန်ခဲ့သောနှစ်မှာ ဖြစ်ပွားခဲ့သော စိတ်မကောင်း စရာ ဖြစ်ရပ်ကြီး ဖြစ်ပွားပြီးနောက် လူမြင်ကွင်း အသိုက်အဝန်း တို့မှ ပုန်းရှောင်နေရာမှ ပြန်လည်ထွက်ပေါ်လာပြီကို အခုတ် ထောင် မြင်တွေ့လိုက်ပါရပါသည်။ စာဖတ်သူများ မှတ်မိတောင်း မှတ်မိနိုင်ကြမည် ထင်ပါသည်။ မစ္စက်ရှိုင်လာ၏ခင်ပွန်းနှင့် အချစ် ကလေးနှစ်ယောက်တို့သည် ယမန်နှစ်က မနှေးမနှောင်းပင် ပိုလီ- ယို အစိုးပျော့ရောဂါဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသို့ သေဆုံးခဲ့ပြီးသည့်နောက်မှ စတင်၍ မစ္စက်ရှိုင်လာတစ်ယောက် အသိုက်အဝန်းမြင်ကွင်းမှ ပုန်းရှောင်ပျောက်ကွယ်နေခဲ့ခြင်း ဖြစ်ပါ သည်။ ယခုတဖန် ပြန်လည်ပေါ်ပေါက်လာသည့်နေရာမှာ တိုးလိုနီ ဟိုတယ်တွင် မစ္စက်ရှိုင်လာတစ်ယောက် လူပုံခပ်ကြမ်းကြမ်း အမျိုး သားတစ်ဦးနှင့် နေ့လယ်စာ စားသောက်နေသည်ကို တွေ့မြင် လိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ စုံစမ်းကြည့်ရာ ထိုလူ၏အမည် မှာ ဘရက်ဒ်ဂိုဝန်ဖြစ်ပြီး ထင်ရှားသော အကျိုးဆောင်လုပ်ငန်းရှင် တစ်ဦး ဖြစ်ပါသည်။ ကြားသိရသော သတင်းများအရ မစ္စတာ ဘရက်ဒ်ဂိုဝန်သည် မစ္စက်ရှိုင်လာ၏ ပိုလီယို အစိုးပျော့ရောဂါ တာ ကွယ်ရေးအစီအစဉ်အတွက် ကူညီပေးနေသည်ဟု ယူဆစရာ ရှိပါ သည်။ အကယ်၍ မစ္စက်အယ်လိန်းရှိုင်လာ၏ မျက်နှာပေါ်တွင် တွေ့မြင်ခဲ့ရသောအပြုံးသည် အဓိပ္ပာယ်တစ်ခုခု ဖွင့်ဆိုနိုင် မည်ဆိုပါက သူတို့နှစ်ဦးသည် ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းတစ်ခုတည်းအတွက် ဖူးတွဲနေကြသည့်ပုံ ရသော

သတင်းစာ ခေါက်ချိုးထားပုံမှာ ၄င်းအတင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လွတ်မသွားစေရန် တမင်ပြထားမှန်း သိသာလှပါသည်။ ကျွန်တော့်စိတ်ထဲ တွင် အနှောင့်အယှက် တော်တော်ဖြစ်သွား၏။ ထို့နောက် သတင်းစာ၏ စီးပွားရေး ကဏ္ဍမျက်နှာသို့ လှန်လိုက်သည်။ အမှန်တော့ ကျွန်တော်သည် သတင်းစာကို စကတည်း က အမှိုက်ခြင်းထဲသို့ ပစ်ထည့်ခဲ့ဖို့ပဲ ကောင်းသည်။ ကနေ့အတွက်တော့ သည်သတင်း စာသည် ကျွန်တော့်အတွက် ကောင်းသတင်းပေးနိုင်မည် မထင်တော့ပေ။ စီးပွားရေး စာမျက်နှာတွင်လည်း ခေါင်းတိုတစ်ပုဒ်ဖြင့်-

ခရစ္စတိုဖာပရေ့စတာကို မက်သနူဘရက်ဒီ၏ ကွန်ဆို လီဒိတ်တက်စတီး သံမဏိကုမ္ပဏီ၏ အထူးအကျိုးဆောင် ပြည်သူ့ဆက်သွယ်ရေး အရာရှိအဖြစ် ခန့်ထားလိုက်ကြောင်း။

ကျွန်တော်သည် သတင်းစာကို ကြမ်းပေါ်သို့ ပြန်ချလိုက်ပါ၏။

ကျွန်တော့်အတွက် လိမ္မော်ရည် ဘယ်မှာပါလိမ့်။

ကျွန်တော်သည် အသံထွက်ပြီး-

"မာဂီရေ. . . ဟေး မာဂီ"

မီးဖိုချောင်တံခါး ပွင့်သွားပြီး ဆယ်လီ၏ မည်းမှောင်သော မျက်နှာသည် ပြူထွက်လာ၏၊ ဆယ်လီက-

"မစ္စတာကိုဝန် အောက်ထပ်ဆင်းလာတာကို ကျွန်မ မကြားလိုက်ဘူး"

ကျွန်တော်က ဆယ်လီအား-

"မစ္စက်ကိုဝန်ကော၊ ဘယ်မှာလဲ"

ဆယ်လီက-

"အစ်မကြီး အပြင်သွားတယ်၊ ကျွန်မ လိမ္မော်ရည် ခုပဲယူခဲ့ပါ့မယ်"

ပြောပြောဆိုဆို ဆယ်လီသည် မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားလေ၏။

ကျွန်တော်သည် ဆယ်လီယူလာမည့် လိမ္မော်ရည်ကို စောင့်နေစဉ် သမီးဂျင်နီ ထမင်းစားခန်းထဲ ဝင်လာ၏။ သမီးမျက်နှာပေါ်တွင် လျှို့ဝှက်သောအပြုံးတစ်ခုပြုံး၍ သမီးက-

"ဖေဖေ မြန်မြန်ထက်ထက် စားသောက်မယ်ဆိုယင် သမီးက ဖေဖေ့ကို ကျောင်းထိပ်အထိ ချပေးခဲ့မယ်လေ"

ကျွန်တော်သည် သည်းခံနိုင်စွမ်း မရှိတော့။ ကျွန်တော်သည် လေသံမာမာဖြင့်-

"ဟေး မင်းလဲ တခြားကလေးတွေနည်းတူ ဘတ်စ်ကား မစီးနိုင်ဘူးလား ဘာလဲ မင်းက သူတို့တတွေထက် ပိုပြီးထူးနေလို့လား"

သမီး၏မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်၍သွားပါသည်။ သမီးသည် အတန်ကြာမျှ ကျွန်တော့်မျက်နှာကို ငေးစိုက်ကြည့်နေ၏။ သမီးမျက်နှာပေါ်တွင် နာ ကျင်သောဝေဒနာခံစားမှုသည် တရိပ်ရိပ်တက်လာပုံရသည်။ သမီး၏ မျက်နှာအမူအရာ ကိုကြည့်ပြီး သမီးငယ်စဉ်က မျက်နှာထားများကို ပြေး၍သတိရမိပါသည်။ သမီးသည် စားပွဲတစ်ခွန်းမှ ကျွန်တော့်ကို ပြန်မပြောတော့ဘဲ ချာကနဲလှည့်ပြီး အခန်းထဲမှ ထွက် သွားပါတော့သည်။

တစ်စက္ကန့်မျှကြာသောအခါ ကျွန်တော်သည်လည်း ထိုင်ရာမှ ဝေါက်ကနဲထပြီး သမီးနောက်သို့ ပြေးလိုက်ပါသည်။ အိမ်ရှေ့တံခါးဖွင့်သံ ကြားရသည်။ ကျွန်တော် ပြေး ရောက်သောအခါ တံခါးပြန်ဆောင့်ပိတ်ပြီးသား ဖြစ်နေသည်။ ကျွန်တော်သည် တံခါးကို မြန်မြန်ဖွင့်၍ အပြင်ထွက်လိုက်၏။ သမီးဂျင်နီသည် ကားလမ်းအတိုင်း ခပ်သွက်သွက် ဆင်းသွားနေသည်ကို မြင်ရ၏။

ကျွန်တော်က အော်၍-

သမီးသည် ပြန်၍ပင်လှည့်မကြည့်ပါ၊ ခပ်သွက်သွက်ပင် ဆက်ဆင်းသွားလေ ရာ လမ်းချိုးကွေ့ကို ကျော်သွားသဖြင့် ချုံကြီးနှင့်ကွယ်၍ သွားပါတော့၏။

ကျွန်တော်သည် အိမ်တံခါးမကြီးကို ပြန်ပိတ်၍ ထမင်းစားခန်းထဲသို့ ဝင်လာရ ပါသည်။ ကျွန်တော့်အတွက် လိမ္မော်ရည်ဖန်ခွက်သည် စားပွဲပေါ်မှာ အသင့်ရောက်နေ ပြီ ဖြစ်ပါသည်။ ကျွန်တော်သည် ဘာမှသတိမရှိသူပမာ လိမ္မော်ရည်ခွက်ကို ကောက်ယူ သောက်လိုက်မိပါသည်။ သည်မနက်တော့ဖြင့် လိမ္မော်ရည်သည်လည်း အရသာမရှိ တော့။ သည်မနက်တွင် ဘာဆိုဘာတစ်ခုမှ ကောင်းမည်မထင်တော့ပါ။

ထိုစဉ် ဆယ်လီသည် မီးဖိုချောင်ထဲမှ ထွက်လာပါသည်။

ဆယ်လီ့လက်ထဲတွင် ပါလာသော ကြက်ဥများမှာ ရွှေရောင်ဝင်းလက်၍ အခိုးတထောင်းထောင်း ထနေပါသည်။ ပေါင်မုန့်ပေါ်မှာသုတ်ထားသော ထောပတ် များသည်လည်း ပျော်ကျအိဆင်း နေပါသည်။ ဝက်သားခြောက်ကြော်သည်လည်း ညို မှောင်ကြွပ်ရွနေပုံရပါသည်။ ဆယ်လီသည် နံနက်စာစားရန်များကို ကျွန်တော့်ရှေ့မှာ ချထားလိုက်ပြီး ကျွန်တော့်အတွက် ကော်ဖီတစ်ပန်းကန် ငှဲ့ပေးလိုက်ပါသည်။

ကျွန်တော်သည် ဆယ်လီပြင်ဆင်ပေးသမျှကို ငေးစိုက်ကြည့်နေလိုက်ပါ၏၊ ကျွန်တော့်စိတ်ထဲတွင် ဟိုအယင် ကျွန်တော်ပြောနေကျ စကားတစ်ခွန်းကို ပြန်လည် သတိရလာမိပါသည်။ နံနက်မှာ ကြက်ဥစားရခြင်းသည် နေ့တိုင်းကို တနင်္ဂနွေနေ့ပမာ အောက်မေ့စရာ၊ သတ်မှတ်စရာ ဖြစ်သွားပါသည် ဟူ၏။ ယခုတော့ ကျွန်တော် ဘာ ဖြစ်နေပါလိမ့်။ ကျွန်တော့်စိတ်ထဲတွင် ဘာတွေများ လွဲမှားနေပါလိမ့်၊ ကျွန်တော်သည် နံနက်စာများကိုကြည့်ပြီး လုံးဝစားချင်စိတ် မရှိတော့၊ ကျွန်တော်သည် တစ်ခွဲနားမှာ ဆိုင်နေသော ကုလားထိုင်ကို နောက်ဆုတ်လိုက်ပြီး ထိုင်နေရာမှ ထလိုက်ပါ၏။

ဆယ်လီသည် နံဘေးမှ ကျွန်တော့်ကို စောင့်ကြည့်နေသူ ဖြစ်ပါသည်။ သူမ -

www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာတွင် ထူးဆန်းအံ့သြနေသော မျက်နှာထားရှိ၏။ ဆယ်လီက-

"မစ္စတာဂိုဝန် နေများမကောင်းလို့လားဟင်"

ဆယ်လီ၏လေသံမှာ ပူပူပင်ပင် ရှိနေပါ၏။

ကျွန်တော်သည် ဆယ်လီကို ကြည့်လိုက်ပါသည်။ နောက် အိမ်တွင်း တစ်ချက်လှည့်၍ အကဲခတ်ကြည့်လိုက်မိသည်။ သည်အိမ်ကြီးမှာ ထူးထူးဆန်းဆန်း အေးစက်၍ ဟာလာဟင်းလင်းကြီး ဖြစ်နေပုံရပါသည်။ ဤအိမ်ကြီးတွင် ချစ်မေတ္တာများ ပျက်သုဉ်း ပျောက်ကွယ်နေသလိုလို ခံစားရပါသည်။ ကျွန်တော်က ဆယ်လီအား-

"ကျုပ် မဆာလို့ပါ"

ပြောပြောဆိုဆိုပင် ကျွန်တော်သည် အခန်းထဲမှ ထွက်လာခဲ့ပါတော့သည်။

❑

နံနက်ပိုင်းသည် ပျင်းရိခြောက်သွေ့စွာ ကုန်ဆုံးလျက်ရှိပါသည်။ တစ်ရုံးလုံး ငြိမ်သက်နေ၏၊ ဒီတစ်မနက်လုံး ကျွန်တော့်ထံသို့ တယ်လီဖုန်း လေးကြိမ်ထက်ပို၍ မလာခဲ့၊ နေ့လယ်စာချိန်ရောက်ကာနီးမှ အယ်လိန်းထံမှ ဖုန်းလာသည်။

ကျွန်တော်က ပြန်ထူးလိုက်ပါသည်။

အယ်လိန်းက-

"ရှင့်အသံက တစ်မျိုးကြီးပါလား၊ မနေ့ညက ကောင်းကောင်းမအိပ်ရဘူးနဲ့ တူတယ်"

"အိပ်ရပါတယ်"

ကျွန်တော်သည် အယ်လိန်း တစ်ဘက်မှ ဖုန်းခွက်ချသွားမည်စိုး၍ အလွယ် တကူပင် ဖြေလိုက်ပါသည်။ ပြီးမှ-

"အယ်လိန်းရော"

"ကျွန်မလဲ ပင်ပန်းတာနဲ့ အိပ်ပျော်ပါတယ်၊ ဒါထက် ဒီနေ့မနက် သတင်းစာ ထဲမှာ နန်ပေ့ဂျ်ရဲ့ ဆိုရှယ်သတင်းကော်လန်ကို တွေ့လိုက်သလား"

"တွေ့လိုက်ပါတယ်"

"ရှင့်မိန်းမကော တွေ့သွားသလားဟင်"

"တွေ့သွားမယ် ထင်တာပဲ"

ကျွန်တော်သည် ခြောက်ခြောက်သွေ့သွေ့ ရယ်လိုက်ပြီးမှ-

"ကနေ့မနက် မိန်းမကို မတွေ့လိုက်ရဘူးဗျ"

အယ်လိန်းက-



"အန်ကယ်မက်လဲ တွေ့သွားတယ်၊ အန်ကယ်မက်က ကျွန်မဆီကို ဖုန်းဆက် တယ်၊ သူ စိတ်ဆိုးနေပုံပဲ၊ ရှင်နဲ့ ကျွန်မ မတွေ့ရဘူးတဲ့၊ တကယ်တော့ ရှင်ဟာ ဘာမှ သုံးမကျတဲ့လူ မဟုတ်ဘူးလို့လဲ ပြောတယ်"

ကျွန်တော်က စိတ်ဝင်စားသွားပါသည်။ သို့နှင့်-

"ဒါဆို အယ်လိန်းက ဘယ်လိုပြောလိုက်သလဲ"

"ကျွန်မက ကျွန်မတွေ့ချင်တဲ့လူကို ကျွန်မ တွေ့မှာပဲလို့ ပြန်ပြောလိုက်တာပေါ့ နေပါဦး၊ ကျွန်မက ဘယ်လိုပြန်ပြောမယ်လို့များ ရှင်က ထင်နေလို့လဲ"

ကျွန်တော်က အယ်လိန်း၏ မဟုတ်မခံ ပြန်ပြောလိုက်သော လေသံကို သဘောကျနေလိုက်ပါသည်။ အကြောင်းမှာ ကျွန်တော့်ခေါင်းထဲသို့ စိတ်ကူးတစ်ခု ရောက်လာသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်က-

"မင်းရဲ့အန်ကယ်မက်ဟာ စိတ်ဆိုးနေတယ်ပေါ့ ဟုတ်လား"

အယ်လိန်းက-

"ဟုတ်ပ့ါရှင်၊ သူ ဒီလောက်စိတ်ဆိုးတာ ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး"

"ကောင်းတယ်၊ ကောင်းတယ်"

ကျွန်တော်သည် အသံထွက်အောင် တစ်ချက်ရယ်လိုက်ပြီးမှ-

"ကိုယ်တော့ မင်းရဲ့အန်ကယ်ကြီး ဒီထက်စိတ်ဆိုးအောင် လုပ်ပေးရဦးမယ် ကိုယ် မင်းနဲ့ဇာတ်လမ်းကို လုပ်ပေးလိုက်ဦးမယ်"

အယ်လိန်း၏အသံမှာ အားလျော့သွားပါသည်။

"ဘုရားသိရယ်၊ တောင်းပန်ပါတယ်၊ ကျွန်မတို့ဇာတ်လမ်းဟာ ပြီးဆုံးသွားပါ ပြီလို့ ကျွန်မ ပြောခဲ့ပြီးပြီမဟုတ်လား၊ ကျွန်မလဲ အဲဒီအဖြစ်မျိုး၊ အဲဒီအခြေအနေမျိုးနဲ့ နေနိုင်လို့ပါ"

ကျွန်တော်က အမြန်အထက်-

"ကိုယ်ပြောတာက သတင်းစာတွေထဲမှာ ပါဖို့လောက်ပြောတာပါ၊ သတင်းစာ ထဲမှာ ကိုယ်တို့ဇာတ်လမ်းသတင်းပါပြီး မင်းရဲ့အန်ကယ်မက် ဒေါပွသထက် ဒေါပွသွား စေချင်လို့ပါ၊ ဒီလိုဒေါပွသွားမှ တစ်ခုခုပေါက်ကွဲသွားမယ်လေ၊ အဲဒီအခါမှာ သူ့ငဲ အမှားတစ်ခုခု လုပ်မိသွားမှာပဲ"

ကျွန်တော်သည် တယ်လီဖုန်းခွက်ထဲမှ အယ်လိန်း၏ သက်ပြင်းချသံကို ကြား လိုက်ရပါသည်။ အယ်လိန်းက-

"အဲဒါတော့ ကျွန်မလုပ်နိုင်မယ် မဟုတ်ဘူးရှင်၊ အန်ကယ်မက်ဟာ ဘွန်နဲ့ အပေါ်မှာ အမြဲတမ်းသိပ်ကောင်းခဲ့တဲ့လူပါပဲ"

ကျွန်တော်သည် လေသံကို အေးစက်စက် မာကျောကျော ပြောင်းလဲလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါဖြင့်လဲ သဘောပဲလေ၊ ရပါတယ် OK ပါ"

အယ်လိန်းက-

"ဘရက်ဒ်ရယ်၊ ကျွန်မကို နားလည်ဖို့ ကြိုးစားပါဦး၊ တောင်းပန်ပါတယ်"

ကျွန်တော်သည် အယ်လိန်းစကားမဆုံးမီ ဖြတ်၍-

"ဘာမှကြိုးစားစရာ မလိုပါဘူး အယ်လိန်း၊ ကိုယ်သိတာကတော့ မင်းဟာ ကိုယ်နဲ့ပတ်သက်ပြီး ဘာမှလုပ်မပေးချင်တော့ဘူး ဆိုတာပါပဲ"

ကျွန်တော်သည် လေသံထဲတွင် နားလည်ပါပြီဟူသော ဟန်ပန်ထည့်လိုက်ပြီး ဆက်၍-

"ဒါပေမယ့် ကိစ္စမရှိပါဘူး၊ အယ်လိန်း ကိုယ် မင်းကို အပြစ်မတင်ပါဘူး"

အယ်လိန်းတစ်ယောက် ဖုန်းခွက်ကိုကိုင်ယင်း တစ်ဘက်မှာ တွေဝေစဉ်းစား ချင့်ချိန်နေသည်ကို သည်ဘက်မှပင် ကျွန်တော် ခံစားရမိပါသည်။ စက္ကန့်အနည်းငယ် ကြာသောအခါ အယ်လိန်းက-

"ကောင်းပြီလေ ဘရက်ဒ်၊ ရှင် ကျွန်မကို ဘာလုပ်စေချင်တာလဲ ပြော"

ကျွန်တော်သည် ဝမ်းသာအားရ ဖြစ်သွားသည့်လေသံ မဖြစ်ပေါ်စေရန် ကြိုးစား ထိန်းချုပ်၍-

"အယ်လိန်းဆီမှာရှိတဲ့ အကောင်းဆုံး အဝတ်အစားကို ထုတ်ဝတ်၊ ဒီနေ့ နေ့လယ်ပိုင်းမှာ မင်းဟာ သတင်းစာဆရာတွေကိုဖိတ်ပြီး ကောက်တေးပါတီတစ်ခု ပေးမယ်၊ အဲဒီပါတီမှာ အယ်လိန်းရဲ့ ပိုလီယိုကာကွယ်တိုက်ခိုက်ရေး လုပ်ငန်းစဉ်အကြောင်း ရှင်းပြကြမယ်လေ"

အယ်လိန်းအသံသည် စိတ်ပျက်သွားပုံရပါသည်။ အယ်လိန်းက-

"ဒါကို လုပ်ကြဦးမယ်လား၊ အပေါ်စား မနိုင်လွန်းဘူးလားဟင်၊ မဆီမဆိုင်တဲ့ ကိစ္စအတွက် အခွင့်အရေးယူသလို ဖြစ်မနေဘူးလား"

ကျွန်တော်သည် အယ်လိန်းစကားဆုံးအောင် စောင့်မနေတော့ဘဲ-

"အယ်လိန်းရဲ့ စေတနာလုပ်ရပ်အမှန်ကို ထိခိုက်စရာအကြောင်း မရှိပါဘူး တစ်ချိန်ထဲမှာလဲ ကိုယ့်အတွက် အကူအညီပေးပြီးသား ဖြစ်သွားမှာပါ၊ ကဲ ကဲ ဒါပဲ အယ်လိန်းဆီ ကိုယ် ထပ်ပြီးဖုန်းဆက်မယ်၊ ခုတော့ ကိုယ်စီစဉ်စရာရှိတာလေးတွေ စီစဉ်လိုက်ဦးမယ်"

ကျွန်တော်သည် ဖုန်းခွက်ကို ချလိုက်ပါသည်။ ပြီးနောက် ခဏလောက် စောင့်နေလိုက်ပါ၏။ ပြီးမှ နောက်တစ်ခါ ဖုန်းခွက်ကို ကောက်ကိုင်လိုက်ပြီး မစ်ကီအား-

"မစ်ကီရေ၊ မစ္စက်ရှိုင်လာက ကနေ့ညနေ ငါးနာရီမှာ သတင်းစာဆရာတွေ အတွက် ကောက်တေးပါတီတစ်ခု ပေးမယ်၊ ပိုလီယိုရောဂါ ကာကွယ်တိုက်ဖျက်ရေး အတွက်ပဲ၊ အားလုံး အစီအစဉ်တွေလုပ်လိုက်၊ သတင်းစာဆရာတွေ စုံစုံစေ့စေ့ဖိတ်၊ ဓာတ်ပုံဆရာတွေလဲ ပြည့်ပြည့်စုံစုံလာပါစေ"

ကျွန်တော်သည် ထိုသို့ညွှန်ကြားပြီးနောက် ဖုန်းခွက်ကို ချတော့မည်ပြုပြီးမှ သတိရသွားပြီး ဖုန်းထဲမှဆက်၍-

"ကိုယ်တို့ပိုင် ဓာတ်ပုံဆရာလဲ ခေါ်ထား၊ ဓာတ်ပုံတွေ ရိုက်စရာရှိတာကို ရိုက်၊ ဒီကိစ္စတွေအားလုံးမြန်မြန်လုပ်၊ မနက်ဖြန်သတင်းစာထဲ ပါချင်တယ်၊ နောက် သတင်း ဌာနတွေကိုလဲ ဖြန့်ချိပြီးသားဖြစ်ချင်တယ်"

"ကောင်းပါပြီ ဘော့စ်"

မစ်ကီသည် ခပ်အက်အက်လေသံဖြင့် အာမဘန္ဓပြုပြီး ဖုန်းချသွား၏။ ဘာမှမကြာသေးခင် မစ်ကီ့အသံ ပြန်ပေါ်လာပြီး-

"ပေါလ်ဆီက ဖုန်းလာနေတယ်"

ကျွန်တော်သည် ဖုန်းခလုတ်ကိုနှိပ်လိုက်ပြီး-

"ပေါလ်လား၊ ကျွန်တော်ပြောတာ ရသလားဟင်"

ပေါလ်က-

"ရတယ်၊ လူငယ်တစ်ယောက်ပဲ၊ သူ့နာမည်က လက်ဗီတဲ့"

ကျွန်တော်က-

"ခင်ဗျား သူ့ကိုသိသလား"

"မသိဘူး၊ သူဟာ အစိုးရအလုပ်ကနေ ထွက်သွားပြီး နယူးယောက်က ဝက်ပင်ခါဖောလ်အရပ်မှာ ကိုယ်ပိုင်အလုပ် လုပ်နေတယ်ကြားတာပဲ"

"ဝက်ပင်ခါဖောလ်မှာ ဟုတ်လား"

ကျွန်တော့်စိတ်ထဲတွင် တစ်စုံတရာက အနှောင့်အယှက်ပေးနေသလို ခံစားရ ပါသည်။ ကျွန်တော်က-

"အဲဒါကြီးက အကြောင်းကြောင်းမနိုင်ဘူးလားဗျာ၊ ထုံးစံအတိုင်းဆိုယင် ကြီး ကြီး ကျယ်ကျယ် မြို့ကြီးပြကြီးမှာ လုပ်ကိုင်မိပြီးသား လူတစ်ယောက်ဟာ တောဘက်ကို ပြန်သွားနိုးထုံးစံမှ မရှိဘဲ၊ သူတို့ဟာ အစိုးရအလုပ်ကထွက်ယင်လဲ ကုမ္ပဏီကြီးတစ်ခုခုမှာ အလုပ်ဝင်လုပ်တတ်တာမျိုးပဲဟာ"

ပေါလ်ကမူ ကျွန်တော့်ဆင်ခြေကို ဘာမှမပြောဘဲ သူပြောစရာရှိသည်ကိုသာ ဆက်၍-

"သူ့အကြောင်းကို ဘယ်သူမှ အခု သေသေချာချာ မသိကြသေးဘူး ဒါပေမယ့် တစ်ချိန်တုန်းကတော့ သူဟာ သူတို့ဌာနမှာ အတော်ဆုံး အထက်တန်းဆုံး သုတေသီ တစ်ယောက်လို့ သတ်မှတ်တာခံရတဲ့ လူတစ်ယောက်ပဲ၊ ဟာဗတ်ဘွဲ့သိပ္ပံမှာ ဘွဲ့ရထားတဲ



www.burmeseclassic.com

www.burmeseclassic.com



ထူးတန်း အောင်ခဲ့တယ်၊ သူဟာ ကော်ပိုရေးရှင်းနဲ့ အင်ဒီထရပ်စ်လုပ်ငန်းတွေအတွက် အထူးပြုခဲ့တယ်၊ အဲဒီအမှုဟာ သူကိုင်ရတဲ့ ပထမဆုံး၊ အကြီးဆုံးအမှုတွဲပဲတဲ့"

ကျွန်တော်က မရှင်းလင်းသဖြင့်-

"ဒါဆို သူက အမှုကိုပြီးဆုံးအောင် ဘာဖြစ်လို့ စီရင်မသွားရတာလဲ"

ပေါလ်က-

"ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး၊ ဌာနဆိုင်ရာ ပေါ်လစီကြောင့်လား မသိတာ"

"သူ့ရဲ့ပထမနာမည်က ဘာတဲ့လဲ"

"ရောဘတ်အမ်လက်ဗီတဲ့"

ပေါလ်သည် စိတ်ဝင်စားသွားပုံရပြီး-

"ဘရက်ဒ်၊ မောင်ရင့်စိတ်ထဲမှာ လုပ်စရာတစ်ခုခု ရနေပြီလား"

"အင်း၊ လေဖမ်းပြီး ဒန်းစီး ကြိုးချည်နေရတာပဲ၊ ကံကောင်းယင်တော့ မတ်ဘရက်ဒီကို စွပ်ကောင်းပါရဲ့"

ကျွန်တော်နှင့် ပေါလ်တို့သည် တခြားစကား တစ်ခွန်းနှစ်ခွန်းပြော၍ ဖုန်းအဆက်အသွယ် ဖြတ်လိုက်ပါသည်။

ကျွန်တော်သည် အပြင်ခန်းနှင့်ဆက်သွယ်သည့် ခလုတ်ကို နှိပ်လိုက်ပြီး မစ်တီ၏ ထူးသံကို စောင့်လိုက်သည်။ လက်မှ နာရီကိုကြည့်လိုက်ရာ တစ်နာရီ ဆယ့်ငါးမိနစ် ရှိပြီဖြစ်ကြောင်း တွေ့ရ၏။ မစ်ကီနှင့် အဆက်အသွယ်ရသည်နှင့်-

"မစ်ကီတို့ နယူးယောက်မြို့က ဝက်ပင်ခါဖောလ်ဆိုတာ ဘယ်နားမှာရှိသလဲဆိုတာ စုံစမ်း ဘယ်လိုသွားယင် ရောက်မလဲဆိုတာကိုလဲ စုံစမ်း၊ ပြီးတော့ ကားဂိုထောင်ကိုလဲ ဖုန်းဆက်ပြီး ကားအဆင်သင့်လုပ်ထားလို့ ပြော၊ ဝတ်စုံမှာ အစစအရာရာ ပြည့်ပြည့်စုံစုံ ပါပစေလို့ပြော၊ နောက်ကျမှ အသေးစိတ် ရှင်းပြမယ်လို့ ပြောလိုက်"

ထိုသို့ ညွှန်ကြားပြီးနောက် ဖုန်းခလုတ်ကို ပိတ်လိုက်ပါသည်။

ဆင်းဒဝစ်တစ်ချပ်ကို စားလိုက်ပြီးမှ အသင့်ထုတ်ခိုင်းထားသောကားကို ထုတ်ယူမောင်းထွက်ခဲ့ပါသည်။ ဗိုက်ထဲမှာ အစာထည့်လိုက်သောကြောင့်လား မပြောတတ်၊ စိတ်ထဲတွင် နည်းနည်း ပြည့်ပြည့်တင်းတင်းနှင့် စိတ်လှုပ်ရှားသော ခံစားမှုကို ရပါသည်။ ဘာအကြောင်းကြောင့်ပင် ဖြစ်စေ၊ ပြီးခဲ့သော ရက်များကလို စိတ်ဓာတ်ကျနေရသည် ထက်စာလျှင် ခုလို စိတ်လှုပ်ရှားရသည်က တော်ပါသေးသည် မဟုတ်ပါလား။

□□□

# အခန်း (၂၂)

ဝက်ပင်ခါဖောလ်မြို့ကလေးသို့ နေ့ခင်းနှစ်နာရီခွဲတွင် ရောက်ရှိသွားပါသည်။ မြို့မှာ သိပ်ကြီးလှသည် မဟုတ်ပေ။ နှစ်နာရီ သုံးဆယ့်တစ်မိနစ်တွင် ကျော်လွန်ဖြတ်မောင်းသွားမည်ကဲ့သို့ပင် ဖြစ်သွား၏။ သို့သော် ကျွန်တော် ကံကောင်းပါသည်၊ ကျွန်တော်သည် စတိုးဆိုင်များ တန်းစီဖွင့်ထားရာအရပ်တွင် ကားကို ဘရိတ်ဖမ်း၍ရပ်လိုက်ရ၏။

ကားပေါ်မှဆင်း၍ လမ်းထဲကို လျှောက်ကြည့်သည်။ ရုံးအဆောက်အအုံတစ်ခုကို တွေ့ရ၏။ ရုံးခန်းတစ်နေရာတွင် အသင့်တွေ့ရသော အခွန်ထမ်းစာအုပ်နှစ်အုပ်တွေ့ရှိ၏။ ကျွန်တော်သည် အလျင်အမြန်ပင် လှန်လှော၍ ကြည့်လိုက်၏။ သို့သော် ထိုစာရင်းတွင် ရောဘတ်အမ်လက်ဗီကို ရှာ၍မတွေ့ပေ။

ကျွန်တော်သည် လမ်းပေါ်သို့ ပြန်ထွက်လာခဲ့ပြီး ခေါင်းကုတ်နေမိ၏။ သည်အရပ် သည်ဒေသမှာ မျှော်လင့်ချက်ရှိသော၊ အောင်မြင်နိုင်သော ထူးချွန်သော ရှေ့နေတစ်ဦး၊ ဥပဒေဘွဲ့ရတစ်ဦး အခြေချနေထိုင်လိမ့်မည်ဟု စိတ်ကူး၍ဝင်ရောဘ ဖြစ်နေသည်။ ထိုစဉ် ရဲအမှုထမ်းတစ်ဦး လမ်းအတိုင်း လျှောက်လာသည်ကိုတွေ့၍ ကျွန်တော်သည် သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က-

"ကျွန်တော့်ကို ကူညီနိုင်ပါသလားခင်ဗျာ၊ ကျွန်တော် လူတစ်ယောက်ကို တွေ့ချင်လို့ ရှာဖွေစုံစမ်းနေပါတယ်"

ကျွန်တော် သိမှတ်မိသမျှ နယူးယောက်နယ်သားစစ်စစ်များသည် နယူးအင်္ဂလန်နယ်သားများထက် စကားနည်းသည်ဟု မှတ်ယူထားမိသည်။ ဤဘက်ဤနယ်မှာ မူလနယူးယောက်နယ်သား စစ်စစ်များ နေထိုင်ကြသည်ဖြစ်ရာ နယူးယောက်မြို့တော်မှာ အနေအထိုင်များကြသော နယူးအင်္ဂလန်နယ်သားတို့ထက် နှုတ်နည်းတတ်ကြပေသည်။ ရဲအရာရှိမှာလည်း ထိုနည်းတူပင် ဖြစ်ပုံရ၏။ သူသည် ဆောင်းလာသော ကက်ဦးထုပ်ကို နောက်သို့လှန်လိုက်ပြီး ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ ပြီးမှ စကားပြောသည်လား၊ အဖြေပေးသည်လား မပြောတတ်သော ဟန်အမူအရာဖြင့်-

"အင်း. . . ဟင်း. . ."

ကျွန်တော်က-

"ကျွန်တော် မစ္စတာရောဘတ်အမ်လက်ဗီဆိုတဲ့ ရှေ့နေတစ်ဦးကိုတွေ့ချင်လို့ ရှာနေပါတယ်"

သူသည် တစ်မိနစ်မျှ ငြိမ်သက်စွာရပ်နေပြီး စဉ်းစားနေပုံရပါသည်၊ ပြီးမှ-

"ဒီတစ်ဝိုက်မှာတော့ အဲဒီနာမည်နဲ့ ရှေ့နေတစ်ယောက်မှ မရှိဘူး"

"ရှိတော့ရှိရမှာပဲဗျ။ ဝါရှင်တန်မြို့တော်က ဒီမှာရှိတယ်လို့ အသေအချာ ပြောလိုက်တာပဲ၊ ကျွန်တော်က နယူးယောက်ကနေ တကူးတကလာပြီး ရှာရတာ"

ရဲအရာရှိက-

"နယူးယောက်ဆိုတာ နယူးယောက်မြို့ကြီးကို ပြောတာလား"

"ဟုတ်ပါတယ်၊ နယူးယောက်မြို့ကြီးက ကားမောင်းပြီး လာခဲ့တာပါ"

"အင်း ဟင်း၊ ရာသီဥတုကတော့ ကားမောင်းလို့ကောင်းတဲ့ ရာသီဥတုမျိုးပါပဲ"

ရဲအရာရှိသည် ပါးစပ်ထဲမှာ ငုံထားသောဆေးကို ဘယ်ညာပြောင်းလိုက်ပြီး တံတွေးတစ်ချက်ကို နံဘေးမှ ရေမြောင်းထဲသို့ ထွေးထုတ်လိုက်၏။ ပြီးမှ-

"အဲဒီလူကို ဘာဖြစ်လို့ လိုက်ရှာနေရတာလဲ"

ကျွန်တော့်စိတ်ထဲတွင် သည်ရဲအရှိသည် လက်ဗီ နေထိုင်ရာကို သိနေသည်ဟု ခံစားရမိ၏။ ထို့ကြောင့်လည်း ကျွန်တော့်ကို လိုက်ပြစေရန်အတွက် ရည်စူးပြီး-

"ကျွန်တော် သူ့အတွက် အလုပ်အပ်စရာတစ်ခု ရှိလို့ပါ၊ အလုပ်က တကယ့်အလုပ်ကောင်းတစ်ခုပါပဲ"

ရဲအရာရှိသည် ကျွန်တော့်ကို ပို၍ စူးစူးစိုက်စိုက် ကြည့်ပြီးနောက်-

"မောင်ရင်တို့မြို့မှာ ရှေ့နေ တော်တော်ရှားနေပြီထင်တယ်"



ကျွန်တော်က-

"မရှားပါဘူး၊ ဒါပေမယ့် လက်ဗီဟာ သူ့ရဲ့ဘာသာရပ်မှာ အတော်ဆုံးလူတစ်ယောက်ဆိုပြီး နာမည်ရတဲ့လူ ဖြစ်နေလို့ပါ"

သူသည် ကျွန်တော့်ကိုကြည့်ရာမှ လမ်းဘေးမှာရပ်ထားသော ကျွန်တော့်ကားရှိရာသို့ တစ်ချက်စောင်းကြည့်လိုက်သည်။ ပြီးမှ ကျွန်တော့်ကိုကြည့်လိုက်ပြီး-

"အဲဒီနာမည်နဲ့ ရှေ့နေအလုပ်လုပ်တဲ့လူတော့ ဒီအရပ်မှာ လုံးဝမရှိဘူး၊ ဒါပေမယ့် ဒီမှာတော့ ဘော့လက်ဗီဆိုတဲ့ လူတစ်ယောက်တော့ရှိတယ်၊ သူကတော့ စစ်အတွင်းက လေသူရဲတစ်ဦးပဲ၊ ထူးချွန်တဲ့ လေသူရဲတစ်ဦးဖြစ်ပြီး ဂျပန်လေယာဉ် (၁၀) စင်းကိုတောင် ပစ်ချနိုင်ခဲ့တယ်ဆိုပဲ၊ စစ်အပြီး ဝါရှင်တန်မြို့တော်မှာ ခဏတဖြုတ်နေဖူးတယ် ပြောသံကြားတာပဲ၊ သူများ ဖြစ်မလားမသိဘူး"

သည်လောက်သိရလျှင် ကျွန်တော့်အတွက် နိပ်လှပြီဖြစ်ပေ၏၊ ကျွန်တော်တအလျင်အမြန်ပင်-

"ဟုတ်ပါတယ် သူပါပဲ၊ သူဖြစ်မှာပါပဲ"

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ ဤ လတ်ငီဆိုသည့်နေရာမှာ အာဂလူပါကလား။ သူ့အကြောင်း ကြားသိရလေလေ၊ သူလိုလူမျိုးတစ်ဦး သည်လိုချောင်ကလောင်အရပ်မှာ အခြေချမည်ဟု မယုံကြည်စရာ ဖြစ်နေ၏။ ကျွန်တော်က-

"သူ့ကို ကျွန်တော် ဘယ်လိုရှာတွေ့နိုင်မလဲ"

ရဲအရာရှိသည် သူ့လက်မြှောက်၍ လမ်းထိပ်ဘက်သို့ ညွှန်ပြလိုက်ပြီး-

"ဟိုလမ်းကွေ့ တွေ့တယ်မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရာ သူက-

"အဲဒီကွေ့ကလေးက လမ်းအတိုင်းသာ လိုက်သွားပေတော့၊ လမ်းဆုံးယင် ရောက်သွားမှာပဲ၊ အဲဒီလမ်းဆုံးရောက်ယင် ဆိုင်းဘုတ်တစ်ခု တွေ့လိမ့်မယ်၊ ခရစ္စတဲလ် ချေးမွေးမြူရေးဆိုတာပဲ၊ အဲဒီမှာ သူနေတယ်"

ကျွန်တော်သည် ရဲအရာရှိအား ကျေးဇူးတင်စကားပြောပြီး ကားရှိရာသို့ ပြန်လာခဲ့၏။ ကားကိုစက်နှိုး၍ သူညွှန်ကြားလိုက်သည့်အတိုင်း မောင်းလာခဲ့သည်၊ လမ်းကွေ့မှ ညွှန်ကြားလိုက်သော လမ်းကလေးမှာ မြေလမ်းဖြစ်သည်။ ကျွန်တော်သည် ထိုမြေလမ်းအတိုင်း မောင်းဝင်သွားခဲ့၏။ တစ်မိုင်ခွဲသာသာ မောင်းနှင်လာခဲ့သော်လည်း ဘာမှမတွေ့ရသေး။ ကျွန်တော့်စိတ်ထဲတွင် ရဲအရာရှိသည် ကျွန်တော့်ကို တမင်သက်သက် နောက်ပြောင်ချောက်တွန်း၍ လွှတ်လိုက်လေရော့သလားဟု အောက်မေ့လာမိ၏၊ ထိုစဉ် တိုက်ခတ်နေသော ညင်းလေပြည်ထဲတွင် ခွေးဟောင်သံများ ကြားလာရ၏၊ မြေနီလမ်းကလေးသည်လည်း တစ်ဆစ်ချိုးကွေ့ပြီးသည်နှင့် လမ်းဆုံးသွားလေ၏၊

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် ဆိုင်းဘုတ်တစ်ခု ချိတ်ထားသည်ကို တွေ့ရ၏။ ခရစ္စတဲလ်
မြူရေး အောက်ဘက်၌ စာလုံးခပ်သေးသေးဖြင့် ဝါယာဖောက်စ်တယ်ရီယာအမျိုးအ
ဝဲရ်ှတယ်ရီယာ အမျိုးအစား ခွေးသားပေါက်များ ရနိုင်သည်ဟု ရေးထား၏။ အောက်ဘ
မှ မစ္စတာနှင့် မစ္စက် ဘော့လက်ဗီဟု ဖော်ပြထား၏။

ကျွန်တော်သည် မော်တော်ကားကို စက်သတ်လိုက်ပြီး အဖြူရောင်
တိတ်၍ အိမ်ကလေးရှိရာသို့ လျှောက်လာခဲ့၏။ အိမ်ကလေးမှာ လမ်းနောက်ဘ
ခပ်ကျကျ ဆောက်ထား၏။ အိမ်နောက်ဘက်တွင် သံဆူးကြိုးဝင်းထရံခတ်ထားသေ
ခွေးခြံတစ်ခု တွေ့ရသည်။ ထိုခွေးခြံဆီမှ ခွေးသားပေါက်ကလေးများ ဟောင်သံ
ကြားနေရ၏။ အိမ်နံဘေးတွင် ဖို့ဒ်စတေရှင်ဝက်ဂွန်ကားတစ်စင်း ရပ်ထား၏။ ကား
မှာ (၁၉၄၉) ခုနှစ်က ထုတ်လုပ်သောပုံစံမျိုး ဖြစ်သည်။ ကျွန်တော်သည် အိမ်ပေါ်
သို့သွားပြီး လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။

အိမ်ထဲဘက်ဆီမှ ခေါင်းလောင်းမြည်သံကို ကျွန်တော်ကြားရ၏။ တစ်ချိ
တည်းမှာပင် ခွေးခြံရှိရာမှလည်း ခေါင်းလောင်းမြည်သံကို ကျွန်တော်ကြားရ၏။ ခွေး
ဘက်ဆီမှ မြည်လာသော ခေါင်းလောင်းသံသည် ခွေးများကိုဟောင်စေရန် အချက်
လိုက်သကဲ့သို့ ခွေးဟောင်သံများ ဆူညံလာတော့၏။ ထိုဆူညံသည့် ခွေးဟောင်သံမျာ
အကြားမှဝင် ယောကျ်ားသံတစ်သံ ထွက်ပေါ်လာ၏။

အသံက-

"ဒီနောက်ဘက်မှာဗျို့"

ကျွန်တော်သည် အိမ်နံဘေးဘက်မှ လှေကားထစ်များအတိုင်း ဆင်းသွား
ခွေးခြံရှိရာသို့ လျှောက်သွားသည်။ လမ်းကလေးသည် ကောင်းမွန်စွာ ပြုပြင်ထားသည်
ကို တွေ့ရ၏၊ နံဘေးမှ မြက်ခင်းပြင်သည်လည်း ညီညာစွာ ဖြတ်တောက်ထားသည်
စိုက်ပျိုးထားသော ပန်းပင်များမှာလည်း အကျအနပင်ဖြစ်ပြီး စိုက်ခင်းမှမြေသားသည်
လည်း အသေအချာ ပေါင်းသင်ရေလောင်းထားပုံ ရ၏။

စောစောက အသံက-

"ဒီဘက်မှာဗျို့"

ကျွန်တော်သည် အသံလာရာသို့ သံဆူးကြိုးများအကြားမှ လှမ်းကြည့်လိုက်
၏။ ယောကျ်ားတစ်ဦးသည် အမျိုးသမီးတစ်ဦး လက်နှင့်ပွေ့ဖက်ကိုင်ထားသော ခွေးငယ်
လေးတစ်ကောင်ကို ပြုစုပေးနေပုံရ၏။ ထိုလူကတော့ မကြည့်သေးဘဲ-

"ခဏကလေးနော်"

ထိုလူ၏အသံမှာ ကြည်ကြည်လင်လင် ရှိလှပေသည်။ သူသည် ငုံ့၍အလုပ်
ရှုပ်နေရာမှ မော်ကြည့်နိုင်ခြင်း မရှိသေး။ အမျိုးသမီးကမူ ကျွန်တော့်ကို မော့ကြည့်ပြီး



ပြ၏။

ကျွန်တော်သည် ဝင်းထရံကိုမှီယင်း သူတို့ကို လှမ်းကြည့်သည်၊ အမျိုးသား
သည် ခွေးကလေး၏နားထဲသို့ ဆေးကြောစရာနှင့် သုတ်သင်နေပုံရ၏။ သူ၏မျက်လုံးမှာ
စိုက်စိုက် ရှိပုံရ၏။ တစ်မိနစ်ခန့် ကြာသောအခါ သူသည် ပြီးစီးသွားပြီး ထိုင်ရာမှ
လိုက်၏။ အမျိုးသမီးက ခွေးကလေးကို ချုပ်ကိုင်ထားရာမှ လွှတ်ပေးလိုက်၏။ ခွေး
လေးသည် သူ၏အဖော်များရှိရာသို့ ပျော်ရွှင်စွာထွက်သွားလေ၏။

အမျိုးသားသည် ကျွန်တော့်ဘက်သို့ ကြည့်ပြီး-

"သည်ကောင် နားရွက်ထဲမှာ မွှားရှိနေတာဗျ၊ သန့်ရှင်းအောင် လုပ်ထားမှ
မယ်၊ ဒါမှမဟုတ်ယင် ဘာဖြစ်မယ်ဆိုတာ ပြောနိုင်တာမဟုတ်ဘူး"

ကျွန်တော်က ထိုလူအား ပြုံးပြလိုက်ပြီး-

"လူတွေရဲ့နားရွက်ထဲမှာလဲ မွှားလေးတွေ ရှိတတ်တာပဲဗျ၊ နှိယာယင်
ကောင်းကျိုးမပေးတတ်တာလဲ အမှန်ပဲ၊ ဒါပေမယ့် လူတွေကျတော့ နားထဲဆေး
ရဘူး၊ ပါးစပ်ထဲကို ဆေးပစ်ရတာ"

ထိုလူ၏မျက်လုံးထဲတွင် သတိထားသည့်အနေအထား အရိပ်အယောင်များ
ပေါ်လာ၏။ သူသည် နံဘေးမှ အမျိုးသမီးကို တစ်ချက်စောင်းကြည့်သည်၊ အမျိုးသမီး
သည် ယခုထိ စကားတစ်ခွန်းမှ မပြောသေး။ ကျွန်တော်သည် အမျိုးသမီးကို ကြည့်လိုက်
၏၊ ယခုမှ ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီး၏ အဆက်အပေါက် ဟန်ပန်ထဲတွင်
အရှေ့တိုင်းသွေး အရိပ်အယောင်များ ပါရှိသည်ကို သတိပြုမိ၏။

ထိုလူက-

"ကျွန်တော် ဘာလုပ်ပေးနိုင်ပါသလဲ ခင်ဗျာ"

သူ၏အသံမှာ စောစောကကဲ့သို့ ဖော်ဖော်ရွေရွေ မရှိတော့ကြောင်း ကျွန်-
တော် သတိထားမိသည်။ သူက ဆက်၍-

"ခွေးပေါက်စတွေ လိုချင်လို့လား"

ကျွန်တော်က ခေါင်းခါယမ်းပြလိုက်ပြီး-

"မလိုချင်ပါဘူး၊ ကျွန်တော်က မစ္စတာရောဘတ်အမ်လက်ဗီဆိုတဲ့လူကို လိုက်
ရှာနေတာပါ၊ သူဟာ ဝါရှင်တန်မြို့တော် တရားရေးဌာနမှာ ဥပဒေဝန်ထမ်းအဖြစ်
အမှုထမ်းဖူးပါတယ်၊ ဒီမြို့ကလေးမှာတော့ အဲဒီနာမည်နဲ့ လူဆိုတာ ခင်ဗျားတစ်ယောက်
ပဲ တွေ့ရပါတယ်၊ ခင်ဗျား အဲဒီလူလား"

အမျိုးသားနှင့် အမျိုးသမီးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်
လိုက်ကြပြန်၏။ အမျိုးသမီးက-

"ကျွန်မ အိမ်ထဲသွားလိုက်ဦးမယ်၊ အထဲမှာ လုပ်စရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ခြံဝင်းတံခါးပေါက်နံဘေးမှ အမျိုးသမီးအား လမ်းဖယ်ပေး လိုက်၏။ အမျိုးသမီးသည် ကျွန်တော့်နံဘေးမှဖြတ်၍ အိမ်ရှိရာသို့ လျှောက်သွား၏။ အမျိုးသမီး လမ်းလျှောက်ရာတွင်လည်း အရှေ့တိုင်းဟန်များ ပါနေသည်ကို ကျွန်တော် သတိပြုမိ၏။ ခြေလှမ်းတိုတိုစိပ်စိပ်သာ လှမ်း၏။ ကျွန်တော်သည် အမျိုးသမီး လမ်း လျှောက်သွားသည်ကို ကြည့်နေရာမှ အမျိုးသားဘက်သို့ လှည့်ကြည့်လိုက်ပြီး သူ့ထံမှ ထွက်ပေါ်လာမည့်အဖြေကို စောင့်နေ၏။

အမျိုးသားသည် သူ၏အမျိုးသမီး လမ်းလျှောက်၍ အိမ်ထဲဝင်သွားသည်အထိ စောင့်ကြည့်နေ၏။ သူ၏မျက်လုံးထဲတွင် ဝေဒနာတစ်ခု ခံစားနေရပုံရသည်ကို ထူးဆန်း စွာ တွေ့ရသည်။ ထို့နောက်မှ သူသည် ကျွန်တော့်ဘက်သို့ လှည့်လိုက်၏။ သူ၏မျက်လုံး များက ကန့်လန့်ကာခြားလိုက်သလို တစ်ခုခုထိန်းလိုက်ပုံရ၏။ သူ၏ခံစားမှုမှန်သမျှ ကို ထိုမျက်လုံးများမှတစ်ဆင့် မြင်ရနိုင်ဖွယ် မရှိတော့။ သူက-

"ခင်ဗျား ဘာဖြစ်လို့ ခုလိုမေးရတာလဲ"

သည်ငနဲကို မည်သည့်အကြောင်းက နှိပ်စက်နေသည်ကိုကား ကျွန်တော် မပြောတတ်။ ကျွန်တော့်ဘက်ကမူ သူ့ကို အချိန်ဆွဲ၍ မနေချင်တော့ပေ။ သည်လူ့အပေါ် တွင် ကျွန်တော့်စိတ်ထဲ၌ မြင်မြင်ချင်းစိတ်ထဲမှ သဘောကျသလိုလို ဖြစ်နေ၏။

ကျွန်တော်က-

"ကျွန်တော်က သတင်းတစ်ခု သိချင်လို့ပါ။ ပြီးတော့ အကြံဉာဏ်လဲ လိုချင်လို့ ပါ"

သူသည် ကျွန်တော် စီးနင်းမောင်းနှင်လာသော မော်တော်ကားကို တစ်ချက် ကြည့်လိုက်၏။ ပြီးမှ ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး-

"ကျွန်တော် ဥပဒေလုပ်ငန်းနဲ့ပတ်သက်ပြီး မလုပ်ကိုင်တာကြာပါပြီ၊ ခုလဲ လက်မခံတော့ပါဘူး၊ ဒီတော့ ကျွန်တော် ခင်ဗျားကို အကူအညီ မပေးနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်"

"ကျွန်တော် ဥပဒေနဲ့ပတ်သက်ပြီး သိချင်တာ မဟုတ်ပါဘူး၊ ကျွန်တော်သိချင် တာက ရာဇဝင်ကြောင်းကိစ္စပါ"

ထိုလူ၏မျက်နှာသည် ဇဝေဇဝါ ဖြစ်သွားပုံရ၏။

ကျွန်တော်က ရှင်းပြသည့်အနေဖြင့်-

"နိုင်ငံတော်အစိုးရအတွက် ခင်ဗျားကိုင်တွယ်ခဲ့ရတဲ့ အမှုတစ်ခုနဲ့ပတ်သက်ပြီး သိချင်လို့ပါ၊ ကွန်ဆိုလီဒိတ်တက် စတီးသံမဏိကုမ္ပဏီကြီးရဲ့ အကြောင်းပါ၊ အင်တီထရပ်စ် အမှုအကြောင်းပါပဲ"

ကျွန်တော်သည် စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက်ပြီး သူ့ကို သေသေ



ချာချာ အကဲခတ်ကြည့်ယင်း-

"အဲဒီအမှုကို ခင်ဗျားကပဲ ပြင်ဆင်ခဲ့တယ်၊ စစ်စစ်တင်သွင်းခဲ့တယ်လို့ ကျွန်တော် ကြားသိထားရပါတယ်"

သူ၏မျက်လုံးထဲတွင် သံသယအကြည့်များ ပေါ်လာပြန်၏။ သူက-

"အဲဒီအမှုနဲ့ ခင်ဗျား ဘာပတ်သက်လို့တုံး"

ကျွန်တော်က-

"ဘာမှမပတ်သက်ဘူးလို့ ပြောရမှာပါပဲ၊ အခု ကျွန်တော်လုပ်ကိုင်နေတဲ့ကိစ္စ နဲ့များ ဆက်နွှယ်မှုရှိလာနိုင်မလားဆိုတဲ့ အတွေးနဲ့ ခင်ဗျားဆီကို အခုလို လာတွေ့ရတာ ပါ"

"ခင်ဗျားက ရှေ့နေတစ်ယောက်ပဲလား"

ကျွန်တော်သည် ခေါင်းခါ၍ပြလိုက်၏။ ကျွန်တော့်ခေါင်းထဲတွင် အလိုလိုသိ နေသော အချက်တစ်ချက်ရှိ၏။ ၎င်းအချက်ကား သည်ငနဲကို သတိထားပြီး ကိုင်တွယ်မှ ဖြစ်မည်။ သို့မဟုတ်ပါက သူ့ထံမှ ဘာကိုမှ သိနိုင်မည်မဟုတ်နိုင်တော့ ဟူသည့်အချက် ပင် ဖြစ်ပါ၏။ ကျွန်တော်သည် အသင့်ပါလာသော ကျွန်တော်၏ အမည်လိပ်စာကတ်ပြား ကလေးကို လှမ်းပေးယင်း-

"ကျွန်တော်က အကျိုးဆောင်လုပ်ငန်း တာဝန်ခံတစ်ဦးဖြစ်ပါတယ်"

ထိုလူသည် ကျွန်တော်၏ ကတ်ပြားကို အသေအချာကြည့်ပြီး နောက်မှ ကျွန်တော့်ကို ပြန်ပေးသည်။ သူက-

"အဲဒီအမှုကိစ္စကို ဘာဖြစ်လို့များ စိတ်ဝင်စားရပါသလဲ၊ မစ္စတာကိုဝန်"

ကျွန်တော်သည် မှန်းဆချက်တစ်ခု လွှတ်လိုက်သည့်အနေဖြင့်-

"ကျွန်တော်ဟာ ခင်ဗျားတွေ့လိုက်တဲ့ ကတ်ပြားပေါ်က လုပ်ငန်း ဒီအခြေ ရောက်အောင် ရှစ်နှစ်လုံးလုံး ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်၊ ရှစ်နှစ်က ဒီလုပ်ငန်း သက်သက် ကြိုးစားတည်ဆောက်ရတာကို ပြောတာနော်၊ သည့်အယင်ကလဲ သည် လုပ်ငန်းအတွက် အထောက်အကူပြုစရာတွေ လုပ်ကိုင်ခဲ့ရပါတယ်"

ကျွန်တော်သည် စီးကရက်ကို တစ်ချက်ဖွာရှိုက်ရင်း ထိုသူ၏မျက်နှာကို အကဲ ခတ်ကြည့်လိုက်၏။ သူ့မျက်နှာပေါ်တွင် စိတ်ဝင်စားမှု အရိပ်အယောင် ပေါ်လွင်လာ သည်ကို တွေ့ရပါသည်။ သို့နှင့်ဆက်၍-

"တစ်နေ့ကျတော့ ကြီးကြီးကျယ်ကျယ် အလုပ်ကြီးတစ်ခု လုပ်ဖို့ အခွင့်အရေး တစ်ခု ကြုံလာပါတယ်၊ စက်မှုလုပ်ငန်းကြီးတစ်ခုလုံးကို လွှမ်းမိုးတဲ့လုပ်ငန်းကြီးပါ၊ ကျွန်တော်က ကိုယ့်ဘက်က ပြင်ဆင်စရာရှိတာတွေကို လုပ်ပြီး ပြင်ဆင်ပြီး သူတို့ ကို တင်ပြပါတယ်၊ သူတို့တွေအားလုံးက စိတ်ဝင်စားပုံရတယ်၊ ကျွန်တော့်အကြံအစ

www.burmeseclassic.com

www.burmeseclassic.com



က အပိုင်လို့ပြောရင်တောင် ရပါပြီ၊ အဲဒီအချိန်မှာ သူတို့ထဲက လူတစ်ယောက်က ကျွန်တော့်ကို ဖုန်းဆက်ခေါ်ပြီး သူ့ရုံးမှာတွေ့ပါတယ်၊ သူ့ရုံးရောက်တော့ ကျွန်တော့်ကို အလုပ်ပေးပါ တယ်၊ တစ်နှစ်ကို ဒေါ်လာခြောက်သောင်း ပေးပါမယ်လို့ ဆိုတယ်၊ တကယ်များပြားတဲ့ လစာငွေပါပဲ၊ အဲဒီဝင်ငွေမျိုးရယင် လောကကြီးမှာ ဝယ်ချင်တာ ဝယ်နိုင်တဲ့ အခြေအနေ ကို ရောက်သွားနိုင်ပါတယ်၊ အဲ ခြွင်းချက်တစ်ခုပဲ ပါတယ်"

ကျွန်တော်သည် စကားကိုရပ်လိုက်ပြီး သူ့ကို အကဲခတ်ကြည့်လိုက်၏။ သူများ ကျွန်တော်၏စကားကို စိတ်ဝင်စားမှုရှိမရှိ အကဲခတ်၏။ သူသည် စိတ်ဝင်စားမှု အပြည့်ရှိနေပုံရသည်။ ထို့ကြောင့်လည်း သူက မေးခွန်းတစ်ခု မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဘာခြွင်းချက်လဲ"

ကျွန်တော်သည် စီးကရက်ကို ခပ်ဖြည်းဖြည်း ရှိုက်ဖွာလိုက်ပြီးနောက် စကားကို တစ်ခွန်းချင်းစီ၍-

"ကျွန်တော့်ဘက်က လုပ်ရမှာကတော့ စောစောက ကျွန်တော်ပြင်ဆင်တင်သွင်းခဲ့တဲ့ ကော်မတီဝင်တွေအားလုံးကို နှစ်ပေါက်တစ်ပေါက် ရိုက်ရမယ်၊ ကျွန်တော့်ဆီမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားရဲဘော်တွေကို ပစ်ထားခဲ့ရမယ်၊ ဒါပါပဲ"

ကျွန်တော်သည် စီးကရက်တိုကို မြေကြီးမှာချပြီး နင်းလိုက်၏။ ပြီးမှ-

"ဒီတော့ ကျွန်တော့်ဘက်က ဒီလူကို ပြောစရာစကားတစ်ခွန်းပဲ ရှိတာပေါ့၊ သူ့အလုပ်ကို သူ့ဘာသာပဲထားပါပေါ့၊ အဲဒီအဖြစ်အပျက်က လွန်ခဲ့တဲ့ရက်အနည်းငယ်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေပါပဲ"

ထိုလူသည် စိတ်ဝင်စားမှု အပြည့်ရှိနေပုံရ၏။

ကျွန်တော်က ဆက်၍-

"တစ်နေ့ကျတော့ ကျွန်တော့်လုပ်ငန်းကြီးတစ်ခုလုံး ပြိုပျက်သွားခဲ့ပြီလေ၊ ကျွန်တော့်ရဲ့ ဖောက်သည် လုပ်ငန်းရှင် ရှစ်ဆယ်ရာခိုင်နှုန်းလောက်က ကျွန်တော့်ဆီမှာ အလုပ်မအပ်ကြတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို အဲဒီပုဂ္ဂိုလ်ကြီးက နာမည်ဆိုးစာရင်း အမည်းရောင်စာရင်းထဲ သွင်းလိုက်လို့ပါပဲ၊ ဒီကိုလာခဲ့တာကလဲ ကျွန်တော့်စိတ်ထဲမှာ အထင်အတွေးကလေးတစ်ခု ရှိနေလို့ပါ၊ ဒါကလဲ ရေနစ်တဲ့လူက ဆွဲမိဆွဲရာ မြက်တစ်ပင် ကောက်ရိုးတစ်မျှင်ကို လှမ်းဆွဲတဲ့သဘောပါပဲ၊ အခု ဒီမှာ မတ်တတ်ရပ်ပြီး ခင်ဗျားနဲ့ စကားပြောနေတော့ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် ကြုံတွေ့ခံစားခဲ့ရတဲ့ အဖြစ်ဆိုးမျိုးကို တစ်ချိန်တုန်းက ခင်ဗျားလဲ ကြုံဆုံခံစားခဲ့ရတယ်လို့ စိတ်ထဲမယ် ထင်မြင်ယူဆလာခဲ့တယ်လေ၊ အဲဒီလို ခံစားရအောင် ပြုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာလဲ တစ်ယောက်တည်းပါပဲ၊ သူ့ရဲ့နာမည်ကော ခင်ဗျားသိချင်သေးသလား"

ထိုလူသည် မျက်စိကို အဝေးသို့ မျှော်၍ကြည့်လိုက်ပြီးမှ-



"ခင်ဗျား သူ့နာမည်ကို ပြောပြစရာ မလိုပါဘူးဗျာ၊ ကျွန်တော် သူ့နာမည်ကို သိပြီးသားပါ"

သူသည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်သည်ကို သတိပြုမိလိုက်၏။ သူ၏အသံထဲတွင် လူသားတစ်ယောက်အတွက် ရှိနိုင်သမျှ အမုန်းတရား အပြည့်အဝ ပါဝင်သော အသံဖြင့်-

"မက်ဘရက်ဒီမဟုတ်လား"

သူ၏မျက်လုံးများမှာ အဝေးသို့ မျှော်ကြည့်နေရာမှ ရုပ်သိမ်း၍ ကျွန်တော့်ကို တည့်တည့်ကြည့်လိုက်ပြီး-

"အပြင်ဘက်မှာ နေပူပါတယ် မစ္စတာကိုဝန်၊ အိမ်ထဲကိုဝင်ပြီး စကားစမြည် ပြောကြရအောင်ပါ၊ ကျွန်တော့်မိန်းမက ကော်ဖီအဖျော်ကောင်းပါဗျာ"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

သူမိန်းမဖျော်ပေးသော ကော်ဖီမှာ သူမွှန်းလောက်အောင်ပင် ကောင်းပါပေ၏၊ တော်ဖီမှာ ပူနွေး၏။ ခါးသက်၏။ နက်ပြောင်၍လည်း နေ၏။ သို့သော် တခြားတပါးသော တော်ဖီပြင်းပြင်းများကဲ့သို့ ညစ်ထေး၍မနေဘဲ ကြည်လင်နက်မှောင်လျက် ရှိပေသည်။ ကျွန်တော်တို့သည် မီးဖိုချောင်ထဲ၌ ထိုင်နေကြခြင်းဖြစ်ပါသည်။ ဖွင့်ထားသော ပြတင်းပေါက်မှ အေးမြသောလေသည် တဖြူးဖြူးတိုက်ခတ်၍ နေပါသည်။ ကျွန်တော်တို့ စကားပြောဖြစ်ကြပါသည်။

လက်ဇီ၏ဇနီးမှာ ကပြားတစ်ဦး ဖြစ်ပါသည်။ ဂျာမန်သွေးတစ်ဝက်၊ ဂျပန်သွေးတစ်ဝက်ပါသော ကပြားမတစ်ဦး ဖြစ်ပါသည်။ စစ်အောင်နိုင်ခဲ့သော အမေရိကန်စစ်တပ် ဂျပန်နိုင်ငံတွင် စစ်စခန်းချစဉ်က လက်ဇီက ဇနီးဖြစ်သူကို တွေ့ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသမီးမှာ သွေးနှစ်မျိုး ရောစပ်ထားသူဖြစ်သည့်အတိုင်း ထူးခြားသည့်အလှ၊ အတွဲအဖက်များရှိသူ ဖြစ်ပါ၏။ ရွှေရောင်ဝင်းဝါသော အသား၊ ရှည်မျောသော်လည်း ပြာလဲ့သော မျက်လုံး၊ ပခုံးပေါ်အထိ သွယ်ကျနေသော နက်မှောင်ထူထဲသည့် ဆံပင်တို့ဖြင့် ထူးထူးခြားခြား လှပသူတစ်ဦး ဖြစ်ပါသည်။

သူတို့ဇနီးမောင်နှံသည် ကျွန်တော်ပြောပြနေသော မက်ဘရက်ဒီနှင့် ကြုံဆုံတွေ့ခဲ့ရသည့် ဖြစ်ကြောင်းကုန်စင်ကို စိတ်ဝင်တစား နားထောင်ကြပါသည်။ ကျွန်တော်၏ စကားဆုံးသောအခါ သူတို့လင်မယား တစ်ဦးကိုတစ်ဦး စူးစမ်းသလို ထူးဆန်းစွာ



ကြည့်ကြပါသည်။

လက်ဇီက မျက်နှာထားတည်တည်နှင့်-

"ကျွန်တော်တို့က ခင်ဗျားကို ဘယ်ပုံဘယ်နည်း ကူညီနိုင်မယ်လို့ ယူဆပါသလဲ မစ္စတာကိုဝန်"

ကျွန်တော်က လက်နှစ်ဘက်ကို စိတ်အားလျော့စွာ မြှောက်ပြလိုက်ပြီး-

"ကျွန်တော်လဲ မပြောတတ်ဘူးဗျာ၊ ကျွန်တော့်အနေနဲ့ကတော့ တစ်ခုခုများ တွေ့ရသိရမလားလို့ ရမ်းသမ်းပြီး မှန်းလာခဲ့တာပဲ"

လက်ဇီသည် ခဏအကြာမျှ ကျွန်တော့်ကို ငေးစိုက်ကြည့်ပါသည်။ ထို့နောက် မျက်လွှာချ၍ သူ၏ရှေ့မှ ကော်ဖီခွက်ကို ကြည့်နေယင်း တီးတိုးလေသံဖြင့်-

"ခင်ဗျားကိုပြောရမှာတော့ အားနာပါတယ် မစ္စတာကိုဝန်၊ ဒါပေမယ့် ကျွန်-တော်ဖြင့် ဘာမှစဉ်းစားလို့ မရဘူး"

ကျွန်တော့်စိတ်ထဲတွင် ဤပုဂ္ဂိုလ်သည် အမှန်စကားကို ပြောကြားနေခြင်း မဟုတ်ဟု ခံစားရမိပါသည်။ သူသည် ကျွန်တော် ဘရက်ဒီအကြောင်း ပြောကြားနေစဉ်က စိတ်အားထက်သန်စွာ နားထောင်ခဲ့သည်။ ဘရက်ဒီ၏အမည်ကို သူရေရွတ်ခဲ့စဉ်က သူ၏အသံထဲတွင် အမှန်တရား အပြည့်ပါနေခဲ့သည်မှာ သိသာထင်ရှားလွန်းလှပါသည်။ သို့သော် သူသည် တစ်စုံတရာကို ကြောက်ရွံ့၍နေပုံရ၏။ မည်သည့်အချက်၊ မည်သည့်အကြောင်းကို ကြောက်ရွံ့နေသည်ကိုမူ ကျွန်တော်ကိုယ်တိုင်လည်း မတွေးတတ်၊ မပြောတတ်။ သို့သော် ကြောက်ရွံ့နေခြင်းဖြစ်သည်ကိုမူ ကျွန်တော် သေသေချာချာ ပြောနိုင်၏။ ထိုစဉ် ဝင်းကနဲ အဖြေအားလုံး ရှင်းသွားလေသည်။ အားလုံးအရာရာသည် အံဝင်ခွင်ကျ ဖြစ်သွားလေ၏။ လက်စသတ်တော့ ဘရက်ဒီသည် သူ့အပေါ်၌ နိုင်ပေါက်ကိုင်ထားခဲ့ခြင်းပါကလား။

လက်ဇီတစ်ယောက် ဘရက်ဒီ၏ ကွန်ဆိုလီဒိတ်တက်စတိုးလ် ကုမ္ပဏီ၏အမှုကို ကိုင်တွယ်စုဆောင်းရာ၌ အကြောင်းအရာ တစ်စုံတရာသည် မစ္စတာဘရက်ဒီအတွက် ဝိတ်အနှောင့်အယှက် ပေးနိုင်လောက်သည်အထိ လက်ဇီက ရှာဖွေတွေ့ရှိသွားပုံရပါသည်။ ထိုသောကာလမျိုးတွင် မစ္စတာဘရက်ဒီက လက်ဇီလိုလူမျိုးကို ဘယ်လိုလုပ်မည်ဆိုခြင်းကို ကျွန်တော်မှန်းဆ၍ ရပါသည်။ မစ္စတာဘရက်ဒီသည် တစ်ဘက်လူ၏ အားနည်းချက်ကို ရှာမည်။ ထို့နောက် ထိုအားနည်းချက်ကို နိုင်ပေါက်အဖြစ်ကိုင်ပြီး တစ်ဘက်လူ နောက်ဆုတ်သွားသည်အထိ လက်နက်အဖြစ် အသုံးချမည်ဖြစ်ပါ၏၊ မစ္စတာဘရက်ဒီသည် ကျွန်တော့်ကို ၎င်းနည်းအတိုင်း ဖြုံလုပ်ခဲ့သည် မဟုတ်ပါလား၊ ထိုစဉ်အခါက လက်ဇီကိုလည်း ထိုနည်းတူ ကျင့်သုံးလုပ်ကိုင်ခဲ့ပုံ ရပါသည်။ သို့မဟုတ်ပါက လက်ဇီလို အလားအလာရှိသော လူတစ်ယောက် ကြီးပွားတိုးတက်နိုင်မည့် အလုပ်အကိုင် ရာထူး

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုစွန့်ပစ်ပြီး ယခုကဲ့သို့ တောအရပ်မှာ မထင်မရှားနှင့် ဇာတ်မြှုပ်နေပါ့မည်လား
ကျွန်တော်က စိတ်မလျှော့သေးဘဲ-
"တစ်ခုခုတော့ ရှိမှာပါဗျာ၊ ခင်ဗျားဟာ ကွန်ဆိုလီဒိတ်တက်ကုမ္ပဏီရဲ့ အကြောင်းကို စနစ်တကျ ပြုစုရတဲ့လူပဲ၊ အဲဒီကုမ္ပဏီရဲ့အကြောင်း အသေးအမွှ မကျ သိနေရမှာပဲ၊ အဲဒီကုမ္ပဏီရဲ့အကြောင်းကို ကာယကံရှင် မက်ဘရက်ဒီကလွဲယင် အသိဆုံး လူဟာ ခင်ဗျားပဲဖြစ်ရမယ်"
လက်ဗီတို့ လင်မယားသည် တစ်ဦးကိုတစ်ဦး ထူးဆန်းစွာ ကြည့်ကြပြန် ပြီးမှ လက်ဗီက ခေါင်းမာစွာဖြင့်-
"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားကိုကူညီဖို့အတွက် ဘာမှ ထူးထူးခြားခြား သိထားတယ်မထင်ပါဘူး"
ကျွန်တော်သည် ဘာမှမတတ်နိုင်တော့ပါ။ စိတ်ပျက်လက်ပျက်နှင့် ထိုင်ရာမှ ထလိုက်ပါသည်။ ကျွန်တော်ကြိုးစားခဲ့သည့် အရာရာသည် အဖြေမရှိသော ဗလာနတ္ထိ များပါကလား။ ကျွန်တော်၏ အခြေအနေမှာ ဇာတ်လမ်းဆုံးသို့ ရောက်ရှိနေပြီး ကျွန် တော်ကိုယ်တိုင်က ဖွင့်ဟဝန်ခံလိုခြင်း မရှိဘဲနေသည်ပင် ဖြစ်တန်ရာလောက်ပါသည်။ ကျွန်တော်သည် ခါးသည်းစွာ ပြုံးလိုက်ပြီး-
"ဪ လက်စသတ်တော့ သူကလဲ ခင်ဗျားကို နိုင်ပေါက်ကိုင်ထားခဲ့တာပဲ ကိုး"
လက်ဗီသည် ဘာမှပြန်မပြောပါ။ မတ်တတ်ရပ်နေသော ကျွန်တော့်ကိုသာ မော့၍ကြည့်ပါသည်။
ကျွန်တော်သည် မီးဖိုချောင်ထဲမှ ထွက်လာခဲ့ပြီး တံခါးပေါက်ရောက်ကာမှ နောက်ပြန်လှည့်ကြည့်ပြီး သရော်တော်တော် လေသံဖြင့်-
"ခင်ဗျားရဲ့ ခွေးမွေးတဲ့အလုပ်မှာ ပါတနာကိုများ လိုယင်ပြောနော်၊ ဒါမှမဟုတ် ခွေးမွေးဖို့ဆိုတဲ့ အကြံအစည်များ မက်ဘရက်ဒီကပဲ ခင်ဗျားကို အနိုင်ကိုင်လိုက်တုန်းက ပေးလိုက်တာလား"
လက်ဗီမျက်လုံးထဲတွင် ဒေါသမီးတစ်ချက် လက်သွားပုံရပါသည်။ သူက-
"ခွေးမွေးတာက ကျုပ်စိတ်ကူးပါဗျ၊ ခွေးတွေက လူတွေထက်တော့ သာတယ် ခွေးတွေမှာ သစ္စာဖောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို မသိကြဘူး"
ကျွန်တော်သည် အိမ်ပြင်ဘက် ထွက်လာခဲ့ပြီးနောက် သပ်ရပ်သော လမ်း ကလေးအတိုင်း ကျွန်တော်၏ကားရှိရာသို့ လျှောက်လာခဲ့ရပါသည်။ ထို့နောက် ကား ပေါ် တက်၊ စက်နှိုး၍ လာလမ်းအတိုင်း မောင်းပြန်ခဲ့ရပါ၏။ ကျွန်တော့်ကားသည် လမ်းမ ကြီးသို့မရောက်မီ ခရီးထက်ဝက်ခန့်တွင် နောက်ဘက်မှ ဟွန်းသံတစ်ချက် ကြားရပါသည်။



ကျွန်တော်က နောက်ကြည့်မှန်ထဲမှတစ်ဆင့် လှမ်းကြည့်လိုက်ပါသည်။ လက်ဗီ၏ဇနီး သည် စောစောက ကျွန်တော်မြင်ခဲ့သော စတေရှင်ဝက်ဂွန်းကားကို မောင်း၍လာခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ကားကို လမ်းနံဘေးသို့ချပေးလိုက်ပြီး အမျိုးသမီး၏ကား ကို လမ်းပေးလိုက်ပါ၏။
အမျိုးသမီး၏ကားသည် ဖုန်တထောင်းထောင်းဖြင့် ကျွန်တော့်ကို ကျော် တက်သွားပါသည်။ ရှေ့နားလမ်းကွေ့ကို လွန်လာသောအခါ စတေရှင်ဝက်ဂွန်းကား သည် လမ်းနံဘေးမှာ ရပ်ထားလျက်ရှိပြီး အမျိုးသမီးသည် ကားနံဘေးမှာ ဆင်းရပ်၍ ကျွန်တော့်ကို လက်ဝှေ့ရမ်းပြပါသည်။ ကျွန်တော်သည် မော်တော်ကားကို သူမ၏ကား နံဘေးမှာ ထိုးရပ်လိုက်ပါ၏။
အမျိုးသမီးသည် ထူးခြားသော လေယူလေသိမ်းဖြင့်-
"မစ္စတာဂိုဝန်၊ ကျွန်မ ရှင့်ကို စကားပြောရမှ ဖြစ်မယ်"
ကျွန်တော်သည် အမျိုးသမီးရှိရာဘက်မှ ကားတံခါးကို ဖွင့်ပေးလိုက်ယင်း-
"ဟုတ်ကဲ့၊ ပြောပါ မစ္စက်လက်ဗီ"
အမျိုးသမီးသည် ကျွန်တော်ဖွင့်ပေးသောတံခါးမှ ကားထဲသို့ တက်ထိုင်လိုက် သည်။ နောက် စိတ်လှုပ်ရှားဟန်ဖြင့် စီးကရက်တစ်လိပ် ထုတ်ယူမီးညှိသည်။ ပြီးမှ-
"ကျွန်မယောက်ျားဟာ ရှင့်ကို ကူညီချင်ပါတယ်၊ ဒါပေမယ့် သူက ကြောက် နေတယ်လေ၊ သူက ရှင်များ ဘရက်ဒီရဲ့ လူတစ်ယောက် ဖြစ်နေမလားလို့ ကြောက်နေ တာပါ"
ကျွန်တော်က အသံထွက်၍ ရယ်လိုက်မိပါသည်။
အမျိုးသမီးက-
"မရယ်ပါနဲ့ မစ္စတာဂိုဝန်၊ ဒါဟာ ရယ်စရာမဟုတ်ပါဘူး"
ကျွန်တော်၏ရယ်သံမှာ လည်ချောင်းထဲမှာပင် ပျောက်ဆုံး၍သွားပါသည်။ အမှန်လည်း ဤကိစ္စကား ရယ်စရာမဟုတ်ပေ။ မသာအိမ်၌ ရယ်မောနိုင်သူမှာ အရူး တစ်ယောက်သာ ဖြစ်ပါလိမ့်မည်။ ယခုပြဿနာကား ပို၍ဆိုးပါသည်။ အကြောင်းမှာ ဖြစ်နေသည့် မသာအိမ်မှာ မိမိကိုယ်တိုင် သေဆုံးနေသည့် မသာအိမ်ဖြစ်နေ၍ပင် ဖြစ်ပါ၏။ ကျွန်တော်က-
"ကျွန်တော် တောင်းပန်ပါတယ် မစ္စက်လက်ဗီ၊ ကျွန်တော်က အဲဒီလိုအဓိပ္ပာယ် နဲ့ ရယ်လိုက်တာ မဟုတ်ပါဘူး"
အမျိုးသမီးက ကျွန်တော့်ကိုကြည့်၍-
"ကျွန်မရဲ့ခင်ပွန်းဟာ ရှင့်ကို ပြောစရာတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် သူမပြောရဲဘူး ဖြစ်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လဲဟင်၊ ခု အခြေအနေရောက်မှ မက်ဘရက်ဒီက သူ့ကို ဘာလုပ်နိုင်ဦးမှာမို့လဲ”

အမျိုးသမီးက-

“ဘော့က သူ့အတွက် စိုးရိမ်နေတာ မဟုတ်ဘူးရှင့်၊ ကျွန်မအတွက် သူစိုးရိမ်နေတာ၊ ကြောက်ရွံ့နေရတာ”

ကျွန်တော်သည် အဓိပ္ပာယ်မပေါက်ချေ။ မက်ဘရက်ဒီသည် ဤအမျိုးသမီးကို ဘာများ အန္တရာယ်ပြုနိုင်မည်နည်း။ ကျွန်တော် အဓိပ္ပာယ်မပေါက် ဖြစ်နေခြင်းကို ကျွန်တော့်မျက်လုံးထဲ၌ အရိပ်အယောင်များ ဖော်ပြနေပုံရပါသည်။

အမျိုးသမီးက-

“ကျွန်မ ရှင့်ကို စကားပြောနိုင်ပါသလားဟင်”

သူမ၏လေသံမှာ တောင်းပန်တိုးလျှိုးသံများ ပါဝင်နေပါသည်။

ထိုစကားလုံးများသာ ကျွန်တော့်နားထဲသို့ ဝင်လာခြင်းမဟုတ်ပါ။ တစ်ဆက်ထဲ ပြောလိုက်သော စကားများကို ကျွန်တော် ကြားရပါသည်။

“ရှင်ဟာ ကျွန်မတို့ရဲ့ မိတ်ဆွေဟုတ်ပါသလား”

“ကျွန်မ ရှင့်ကို ယုံကြည်နိုင်ပါသလား”

“ရှင် ကျွန်မတို့ကို ရန်အန္တရာယ်ပြုမှာလား”

ကျွန်တော်သည် သူမ၏စကားများကို မဖြေကြားမီ အသေအချာ စဉ်းစားပြီးမှ-

“ခင်ဗျား လူတစ်ယောက်ကို တစ်သက်လုံး သိကျွမ်းခဲ့ပေမယ့် အဲဒီလူရဲ့အကြောင်းတွေ ခင်ဗျား မသိဘူးဘဲ ရှိနေနိုင်ပါတယ်၊ ကျွန်တော့်အဖြစ်ကတော့ အခုနေအခါမှာ ကျွန်တော်သိသမျှ လူတွေအားလုံးက ကျွန်တော့်ကို မကူညီနိုင်ဘဲဖြစ်ပြီး တစ်ခါမှ မသိမမြင်ဖူးတဲ့လူက လက်ကမ်းပေးနေတာမျိုး ဖြစ်နေပါတယ်၊ ကျွန်တော်လဲ ဘာမှ မသိနိုင်တော့ပါဘူး”

အမျိုးသမီးသည် စီးကရက်ကို ရှိုက်ဖွာလိုက်ပါသည်။ သူမ၏ မျက်လုံးများမှာ ကားရှေ့မှန်ကိုထွင်းဖောက်၍ ဟိုးအဝေးသို့ လှမ်းမျှော်ကြည့်နေပါသည်။ ပြီးနောက်မှ သူမသည် တိုးတိတ်သောလေသံဖြင့် ပြောပါသည်။

“ကျွန်မ ဘော့လက်ဗီကို စပြီးတွေ့တုန်းက သူဟာ ထက်မြက်တဲ့ လူငယ်တစ်ယောက်ဖြစ်တယ်၊ အမြဲရွှင်ပြုံးနေတဲ့ လူတစ်ယောက်ဖြစ်တယ်၊ သူ့အတွက် အနာဂတ်မျှော်မှန်းချက်ကလဲ ကြီးမားတယ်၊ ဖြစ်နိုင်တဲ့ စွမ်းဆောင်နိုင်တဲ့ အင်အားလဲရှိတယ်”

သူမလက်ထဲမှ စီးကရက်သည် အတော်တိုနေပြီဖြစ်၏။ လက်ချောင်းကလေးများကို မီးလောင်တော့မတတ် ဖြစ်နေ၏။ အမျိုးသမီးသည် စီးကရက်တိုကို ကားရှေ့ခန်း



အတ်ရှ်ဘုတ်ထဲမှ ပြာခွက်ထဲသို့ ထိုးချေပစ်လိုက်ပါသည်။ ယခုအခါ သူမပြောဆိုနေသောလေသံထဲတွင် ဝမ်းနည်းကြေကွဲမှုများ ပါဝင်နေပြီဖြစ်ပါသည်။

အမျိုးသမီးက-

“အခုတော့ ဘော့ရဲ့အပြုံးကို ကျွန်မ မမြင်ရတာ နှစ်အတော်ကြာခဲ့ပါပြီရှင်၊ သူ့မှာ အနာဂတ်မျှော်လင့်ချက်ဆိုတာလဲ ရှိပုံမရတော့ပါဘူး၊ အဲဒီလိုဖြစ်နေတာဟာ သူ့အတွက် ဝေဒနာခံစားနေရသလို ကျွန်မအတွက်လဲ ဝေဒနာခံစားနေရတာပါပဲ”

အမျိုးသမီးသည် ကျွန်တော့်ကို ကြည့်လိုက်ပါသည်။ ပြီးမှ-

“ကျွန်မတို့နိုင်ငံမှာ ဆိုရိုးတစ်ခုရှိပါတယ်၊ ဘယ်ဝမ်းနည်းကြေကွဲမှုကိုမှ အချစ်က မကျော်ဖြတ်နိုင်တာ မရှိဘူးတဲ့၊ အဲဒါကြောင့်ပဲ၊ ကျွန်မတို့ရဲ့ အချစ်ကြောင့်ပဲ၊ ကျွန်မအတွက်ပဲ ကျွန်မရဲ့ခင်ပွန်းဟာ သူ့ဘဝကို ဇာတ်မြုပ်နေရတာပါပဲ”

အမျိုးသမီးသည် စီးကရက်တစ်လိပ် ထုတ်ပါသည်၊ ကျွန်တော့်အားလည်း တစ်လိပ်ပေးပါသည်။ ကျွန်တော်က မီးခြစ်ထုတ်ပြီး မီးညှိပေးလိုက်ပါသည်။ ကျွန်တော်သည် ဘာတစ်ခွန်းမှ ဝင်၍မပြောပါ။

အမျိုးသမီးသည် စီးကရက်တစ်ဖွာ ဖွာလိုက်ပြီးမှ-

“ခုတော့ ဘော့ကြောင့် ရှင့်နှုတ်ပိတ်လုပ်နေတယ်ဆိုတာ ရှင်သိပြီမဟုတ်လား ဘော့ကို သူရဲဘောကြောင်တဲ့လူလို့ ရှင်မထင်စေချင်ဘူး”

ကျွန်တော်က-

“ကျွန်တော့်စိတ်ထဲမှာလဲ ခင်ဗျားခင်ပွန်းဟာ သူရဲဘောကြောင်တဲ့လူလို့ မထင်ပါဘူး၊ ဒါပေမယ့် သူက ဘာဖြစ်လို့ တစ်ခွန်းတစ်ပါဒမှ မပြောရတာလဲဟင်”

အမျိုးသမီးက-

“မက်ဘရက်ဒီဆိုတဲ့လူကြီးက လူဆိုးကြီးပါရှင်၊ သူက ဘော့ဟာ ကျွန်မကို ဒီနိုင်ငံထဲ တရားမဝင် ခိုးပြီးခေါ်သွင်းလာတယ်ဆိုတာ သိသွားတ[illegible]လေ၊ ဘော့အကြောင်း သုံစုံစမ်းခိုင်းလိုက်တဲ့ သူ့လက်ပါးစေ စုံထောက်တွေဟာ ဘော့[illegible]ကြောင်း၊ ဘော့အပြစ်အနာ၊ ဘော့အားနည်းချက်ကိုတော့ ရှာတွေ့မသွားဘဲ ကျွန်မအကြောင်းကို သိသွားကြပါတယ်၊ ဘော့ကတော့ ကျွန်မနဲ့အတူနေရယင် ပြီးတာပဲဆိုပြီး ဂျပန်က အမေရိကန်ကိုပြန်လာတော့ ကျွန်မအတွက် ရှန်ဟဲပီဇာနဲ့ အခြားစာရွက်စာတမ်းတွေ အတုလုပ်ပြီး ကျွန်မကို ဒီနိုင်ငံထဲ ခိုးခေါ်သွင်းလာတာကိုး”

အမျိုးသမီးက စီးကရက်တစ်လိပ် ဖွာလိုက်ပြန်၏။ ပြီးမှ-

“ကျွန်မတို့နှစ်ယောက်ရဲ့ ဘဝဟာ မက်ဘရက်ဒီ ဝင်မလာခင်အထိ သာယာချမ်းမြေ့ခဲ့ကြပါတယ်၊ အဲ မက်ဘရက်ဒီရဲ့ စုံထောက်တွေက ဘော့ကို သူလုပ်ခိုင်းတာတွေ ရပ်တန်းကရပ်၊ မရပ်ယင် ကျွန်မအကြောင်း သက်ဆိုင်ရာ အာဏာပိုင်တွေကို

www.burmeseclassic.com

www.burmeseclassic.com



တိုင်တန်းရမယ်လို့ ဆိုပါတယ်၊ ဒီမှာတင် ဘော့ဟာ သူလုပ်နိုင်တဲ့ တစ်ခုတည်းသောလမ်း ကို ရွေးချယ်လိုက်ခဲ့တာပါပဲ၊ အဲဒီလမ်းကတော့ သူလုပ်နေတာတွေကို ရပ်လိုက်တယ်၊ အလုပ်က ထွက်လိုက်တယ်၊ ဘော့ဟာ ကျွန်မ ဂျပန်ကို ပြန်သွားရမှာထက် ဘာကိုမှ လောကကြီးမှာ အရေးကြီးတယ် ထင်တာမဟုတ်ဘူး"

ကျွန်တော်သည် ပေါလ် ပြောပြခဲ့သည်များကို ပြန်လည်အမှတ်ရလာ၏။ လက်ဗီတစ်ယောက် သူ့အလုပ်မှထွက်သွားသောအခါ ကွန်ဆိုလီဒိတ်တက် စတီးလ် ကုမ္ပဏီ၏အမှုသည် ဘာအခြေအမြစ်မှ မရှိတော့ဘဲ ပြီးဆုံးကျေအေးသည့်ပုံ ရပါသည်။

ကျွန်တော်သည် ဘာဝင်ပြောရမှန်း မသိတော့။ ဤဇနီးမောင်နှံသည် သူတို့ အပြစ်နှင့်သူတို့ ဒုက္ခရောက်လှုပြီ ဖြစ်ပါ၏။ သူတို့ကို ကျွန်တော်က ကျွန်တော့်ဒုက္ခ ထပ်မံပေး၍ မတော်တော့ပါ။ ထို့ကြောင့် ကျွန်တော်သည် ဘာမှမပြောတော့ဘဲ ရေငုံ နှုတ်ပိတ် နေလိုက်ပါသည်။ လက်ထဲမှာရှိနေသော စီးကရက်ကို တွန်း၍ဖွာနေလိုက်ပါ ၏။

အမျိုးသမီးသည် ကျွန်တော့်ကိုကြည့်၍-

"ကျွန်မရဲ့ယောကျ်ားဟာ စိတ်မချမ်းသာပါဘူး မစ္စတာဂိုဝန်"

ကျွန်တော်သည် အမျိုးသမီးအား ထိတ်လန့်တကြား ကြည့်လိုက်ပါသည်။

အမျိုးသမီးသည် သူ့ဘာသာ စကားပြောနေသည့်အလား-

"ကျွန်မ သူ့ကို နေ့တိုင်း အရိပ်တကြည့်ကြည့် ကြည့်နေတာပါ၊ သူဟာ တစ်နေ့တစ်နေ့ နည်းနည်းစီ သေဆုံးနေရှာပါတယ်"

ကျွန်တော်သည် အမျိုးသမီး ဘာပြောနေကြောင်း ရိပ်စားမိပါသည်။ သို့သော် ဘာ့ကြောင့် ပြောနေကြောင်းကိုမူ မသိပါ။

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်က သူ့ကို ဘယ်လိုများ အကူအညီ ပေးနိုင်ပါသလဲ မစ္စက်လက်ဗီ၊ ကျွန်တော့်အဖြစ်ကလဲ တခြားလူကို ကူဖို့ကယ်ဖို့မပြောနဲ့ ကိုယ့်ကိုယ်တိုင်တောင် အခြေအနေက ဆိုးနေပြီ"

အမျိုးသမီးကမူ သူမပြောလိုရာကိုပင် ဦးတည်၍-

"ဘော့ဟာ မက်ဘရက်ဒီရဲ့အကြောင်း၊ အလုပ်အကိုင်ကိစ္စတွေ၊ ကိုယ်ရေး ကိုယ်တာ ကိစ္စတွေပါမကျန် အသိဆုံးလူတစ်ယောက်ပါပဲ မစ္စတာဂိုဝန်၊ တကယ်လို့ ရှင်က သူ့ကို အလုပ်ခန့်လိုက်၊ အလုပ်ပေးလိုက်မယ်ဆိုယင် သူဟာ ရှင့်အတွက် အများ ကြီး အကူအညီပေးနိုင်မယ့် လူပါ"

ကျွန်တော်က ကန့်ကွက်သောအားဖြင့်-

"သူ့အတွက် အလုပ်ဆိုတာတော့ တစ်မိနစ်မဆိုင်း ကျွန်တော်ပေးလို့ ရပါ တယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ အဖြစ်သနစ်ကို ကျွန်တော် နားထောင်ပြီးမှတော့



ကျွန်တော် ဘယ့်နှယ်လုပ်ပြီး အကူအညီတောင်းရက်မလဲ"

အမျိုးသမီးသည် သောက်လက်စ စီးကရက်ကို ငုံ့ကြည့်နေ၏။ ပြီးမှ-

"ကျွန်မ အခု ရှင့်နောက်ကိုလိုက်လာတာ ဘော့မသိဘူး၊ ကျွန်မက မြို့ထဲ ဈေးသွားမယ်ဆိုပြီး ထွက်လာခဲ့တာ၊ ကျွန်မ ခုပြန်သွားပြီး ကျွန်မ ရှင်နဲ့တွေ့ခဲ့တယ်၊ ရှင့်ကို အဖြစ်မှန်တွေအားလုံး ပြောပြခဲ့တယ်ဆိုတာ ပြောပြလိုက်မယ်လေ၊ အဲဒါဆိုယင် တော့ ဘော့ဟာ ရှင်နဲ့လိုက်မှာပါ"

ကျွန်တော့်စိတ်ထဲတွင် မျှော်လင့်ချက်ရောင်ခြည် တစ်ချက်သမ်းလာ၏။ ကျွန် တော်က-

"အဲဒီလိုဆိုယင် သူက လက်ခံမယ်လို့ ခင်ဗျားထင်တယ်ပေါ့ ဟုတ်လား"

အမျိုးသမီးသည် ကားပေါ်မှ ဆင်းလိုက်၏။

အပြင်ဘက်တွင် လေတဖြူးဖြူး တိုက်နေရာ သူ၏ နက်ပြောင်သော ဆံပင် နွယ်များသည် လေ၌လွင့်နေ၏။ သူမက-

"ကျွန်မက သူ့ကို လက်ခံခိုင်းလိုက်မှာပါ မစ္စတာဂိုဝန်၊ ဘယ်လောက်ပဲ ဆေး ဆပ်ရ ပေးဆပ်ရပေါ့၊ ကိုယ့်ယောကျ်ား ကိုယ့်ကြောင့် စိတ်ဆင်းရဲပြီး တဖြည်းဖြည်း ဝေဒနာ ခံစားနေရရှာတာကိုတော့ ကျွန်မလဲ ကြည့်မနေနိုင်ဘူး"

ကျွန်တော်သည် မစ္စက်လက်ဗီတစ်ယောက် သူမ၏ စတေရှင်ဝက်ဂွန်ကားဆီ ဘက်ပြီး မြေလမ်းကလေးတွင် နောက်ပြန်တစ်ဆစ်ချိုးကွေ့ကာ သူမတို့အိမ်ရှိရာသို့ မောင်းပြန်သွားသည်ကို ကြည့်နေလိုက်မိပါသည်။ ကျွန်တော့်ကားနံဘေးသို့ ဖြတ်သွား စဉ် အမျိုးသမီးသည် ကျွန်တော့်ကို လက်ပြနှုတ်ဆက်သွားပါသည်။ သို့သော် သူ့ခေါင်းမှာ ပေါ်တွင် အပြုံးတစ်စမှ မတွေ့လိုက်ရပါ။

ကျွန်တော်သည် ကားနောက်မှန်ထဲမှတစ်ဆင့် နောက်ဘက်သို့ကြည့်လိုက်ရာ ဖုန်တထောင်းထောင်းနှင့် မောင်းနှင်သွားသော စတေရှင်ဝက်ဂွန်းကားကို မြင်နေရပါ သည်။ ခဏအကြာ လမ်းချိုးကလေးသို့ ကွေ့ချိုးပျောက်ကွယ်သွားပါ၏။

ကျွန်တော်သည် ကားဒက်ရှ်ဘုတ်မှ နာရီကို လှမ်းကြည့်လိုက်ပါသည်၊ လေး နာရီထိုးလုပြီ ဖြစ်ပါသည်။ ကျွန်တော်သည် သော့တံကိုလှည့်၍ စတက်တာကို ဖိလိုက်ပါ သည်။ ကျွန်တော့်ကား၏ ကြီးမားသော အင်ဂျင်စက်သည် အသံမမြည်ဘဲ တိုးတိုးလေး နိုးလာပါ၏။ ကျွန်တော်သည် ကားကို ဂီယာသွင်းလိုက်ပြီး စတင်မောင်းလိုက်ပါ၏။ ငါးနာရီတွင်ပြုလုပ်မည့် အယ်လိန်း၏ ကောက်တေးပါတီ ညစ်ခံပွဲကို အမှီသွားရဦးမည် မဟုတ်ပါလား။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

လူတစ်ယောက်၏ ကောင်းသတင်းသာ ဘယ်သူမှ စိတ်ဝင်စားခြင်း၊ ပြောကြားခြင်း မရှိတတ်ကြသော်လည်း အတင်းအဖျင်းကမူ တစ်မြို့လုံးကလူများသည် စိတ်ဝင်တစား ဖြန့်ချိပြောကြားတတ်လှပေသည်။ သုံးရက်အတွင်း ကျွန်တော်နှင့် အယ်လိန်းတို့၏သတင်းမှာ သတင်းစာတိုင်းတွင် ရေးကြီးခွင်ကျယ်နှင့် ပါလာခဲ့ပေသည်။ ကျွန်တော်တို့နှစ်ဦး၏ ဓာတ်ပုံမှာလည်း နေရာအနှံ့ သတင်းစာများ၌ ပါဝင်နေလေ၏။

လေးရက်ပြည့်မြောက်သောအခါ ကျွန်တော်တို့နှစ်ဦးသည် နယူးယောက်မြို့၏ အကြီးဆုံးချစ်ဇာတ်လမ်း၊ စိတ်ဝင်စားစရာ အကောင်းဆုံး သတင်းတစ်ပုဒ် ဖြစ်လာခဲ့ပေသည်။ ကျွန်တော်တို့ နှစ်ဦးကလည်း နေရာတကာကို ရောက်အောင်သွားကြ၏။ ညဥ့်နက်ပိုင်းပွဲတိုင်းကို အရောက်သွားသည်။ ဖက်ရှင်ပွဲတိုင်းကိုလည်း မလွတ်တမ်းသွားကြ၏။ ကျွန်တော်တို့နှစ်ဦး ဖြတ်သွားလျှင် လူတိုင်း ခေါင်းငဲ့စောင်း၍ ကြည့်ကြ၏။ ပါးစပ်အဟောင်းသား ဖြစ်ကျန်ရစ်၏။ တီးတိုးတီးတိုး သဖန်းပိုးလုပ်၍ ကျန်ရစ်ကြစမြဲဖြစ်သည်။ အကြောင်းမှာ သူတို့၏ တီးတိုးလေသံကို ကျွန်တော်တို့ နောက်ကျောဘက်၌ အမြဲကြားနေရသောကြောင့်ပင်။

အယ်လိန်းကား အလွန်နိုပ်လှပါပေသည်။ သူမသည် မျက်လုံးအကြည့်ကို ရှေ့တည့်တည့်မှာထား၊ ခေါင်းကို မတ်မတ်ထား၊ မျက်နှာကလေးကို ပင့်ပင့်ထားပြီး



သွားစမြဲ လာစမြဲ စားစမြဲဖြစ်ပါသည်။ အကယ်၍ အတင်းသံများ၊ တီးတိုးသံများကို ကြားရသည်ဖြစ်အံ့၊ သူမမျက်နှာပေါ်တွင် ကြားဟန်မပြချေ။ ပတ်ဝန်းကျင်၏ ပယောဂကြောင့် သူမ၏စိတ်ကို ထိခိုက်သည်ဖြစ်ငြားအံ့။ ကျွန်တော် သိမြင်နိုင်အောင် မပြချေ၊ ကျွန်တော်တို့နှစ်ဦးသည် ဤပုံဤနည်းနှင့် အတူသွားရလေလေ၊ ကျွန်တော်က အယ်လိန်းကို ပို၍သဘောကျမိလေလေ ဖြစ်နေ၏။

ကျွန်တော် ဤသို့ ဘာကြောင့် လုပ်ကိုင်နေရသည်ဆိုခြင်းကို ကျွန်တော်က မာဂီအား အကျိုးအကြောင်းနှင့် ရှင်းပြပါသည်။ သို့သော် ကျွန်တော်နှင့် ပထမဆုံးအကြိမ် စကားများပြီးသည့်အချိန်မှစ၍ မာဂီသည် ကျွန်တော့်စကားကို နားမထောင်တော့၊ သမီးလေးဂျင်နီသည်ပင် ကျွန်တော့်ကို မလိုတမာအကြည့်နှင့် ကြည့်လာ၏၊ သူတို့သားအမိသည် ကျွန်တော့်ကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟု မထင်ကြတော့၊ ကျွန်တော့်ကို အသက်ရှိသေးသည်ဟုပင် သတ်မှတ်ကြသေးသည်လား မသိတော့၊ ကျွန်တော်၏ အဖေသည်ပင် ကျွန်တော်၏ဇာတ်လမ်း၊ ကျွန်တော်၏စကားကို ယုံကြည်ခြင်းမရှိတော့ပေ။

သတင်းစာများသည် ကျွန်တော်တို့သတင်းကို တကယ်ပင် ကောင်းကောင်းကြီး ဖော်ပြနေပါသည်။ ကျွန်တော်တို့သတင်းသည် ကျွန်တော်တို့၏ ခြားဦးတည်ရာ ဝှက်ကွက်ကြီးမှလွဲ၍ ကျန်သူများအားလုံး လူတိုင်းထံသို့ သတင်းကောင်းကောင်း ရောက်ရှိသွားလေ၏။ နံနက်တိုင်း ကျွန်တော်နှင့် အယ်လိန်းတို့နှစ်ဦးဆုံကြတိုင်း ပထမဆုံးမေးကြသည့် မေးခွန်းမှာ-

"မက်ဘရက်ဒီဆီမှ ဘာများ သတင်းစကားကြားရပြီလဲ" ဟူ၍၊

နံနက်တိုင်း ရလာသည့်အဖြေကလည်း အမြဲအတူတူပင်။ အဖြေကား-

"ဘာမှမလာဘူး" ဟူ၍ ဖြစ်ပါသတည်း။

သို့သော် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင်တော့ အယ်လိန်းနှင့် ကျွန်တော် ဖုန်းအဆက်အသွယ် ရသည်။ ကျွန်တော်တို့အတွက် ပထမဆုံးအကြိမ် တုံ့ပြန်မှုပင်ဖြစ်ပါ၏။

အယ်လိန်းက-

"အန်တီနိုရာဆီက ဖုန်းလာတယ်"

ကျွန်တော်က ဘယ်သူမှန်းမသိသဖြင့်-

"အန်တီနိုရာဆိုတာ ဘယ်သူလဲ"

အယ်လိန်း၏အသံမှာ အံ့ဩ၍သွားပုံရပါသည်။ အယ်လိန်းက-

"အန်ကယ်မက်သရူးရဲ့ ဇနီးလေ"

သည်တစ်ခါ အံ့ဩရသူက ကျွန်တော်ဖြစ်ပါ၏။ ကျွန်တော်က-

"ဟုတ်လား၊ ကိုယ်ဖြင့် သူဟာ အိမ်ထောင်ရှိတယ်ဆိုတာတောင် မကြားဖူး

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ သူ့ဇနီးအကြောင်းလဲ တစ်ခါမှ မကြားဖူးပါလား"

အယ်လိန်းက ရှင်းပြသည့်အနေဖြင့်-

"မကြားဘူးတာကတော့ မဆန်းပါဘူးလေ၊ အန်တီနိုရာက မသန်မစွမ်း ဖြစ်နေတာ လေ၊ အန်တီဟာ တွန်းလှည်းကုလားထိုင်ပေါ်မှာ နေရတာပဲ၊ အနှစ်လေးဆယ်ရှိတော့ မယ်၊ ဘယ်တော့မှလဲ အိမ်ထဲက အိမ်ပြင်ထွက်တာ မဟုတ်ဘူး"

"ဟုတ်လား၊ ဘာဖြစ်လို့တုံး"

"အန်တီနဲ့ အန်ကယ်တို့ လက်ထပ်ပြီးစ ပထမနှစ်မှာပဲ ကားမှောက်လိုက်တာ အန်တီရဲ့ တင်ပါးဆုံရိုးရော၊ ခြေထောက်တွေရော ကျိုးသွားခဲ့တာပဲ၊ အန်ကယ်မက်သရူး ကိုယ်တိုင် မောင်းတဲ့ကားနဲ့ မှောက်တာ၊ အန်ကယ်က ကားပြင်လွင့်သွားပြီး ဘာမှသိပ် မဖြစ်ပေမယ့် အန်တီခမျာတော့ ကားထဲပါသွားပြီး အခုလို သေရာပါဝေဒနာကြီး ရသွား တာပါပဲ၊ ဒီအတွက် အန်ကယ်မက်သရူးဟာ တစ်သက်လုံး သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ဘူး ဖြစ်နေရှာတယ်"

ကျွန်တော်က အောက်ကလိအာလေသံဖြင့်-

"ဒီလူကြီးမှာ လူသားရဲ့ အသည်းနှလုံး၊ လူသားရဲ့ ခံစားမှုမျိုး ရှိနေသေးတယ် ဆိုတာ သိရတာ ဝမ်းသာစရာပါပဲ၊ ကိုယ့်စိတ်ထဲမှာ ဒီခံစားမှုမျိုး သူ့ဆီမှာ မတွေ့ရတော့ ဘူးလို့ ထင်နေတာ"

အယ်လိန်းက မကျေမနပ်လေသံဖြင့်-

"အဲဒီလိုမပြောပါနဲ့ ဘရက်ဒ်၊ ဖြစ်ပျက်ခဲ့တာက တကယ်ကြေကွဲစရာကောင်းတာ ပါ၊ အဲဒီတုန်းက အန်တီနိုရာကလဲ မိန်းမပျိုကလေးပဲ ရှိပါသေးတယ်၊ ကျွန်မအထင်တော့ ဆယ့်ကိုးနှစ်လောက်ပဲ ရှိဦးမယ်ထင်ပါတယ်"

ကျွန်တော်သည် ခဏမျှ တုံ့ကနဲဖြစ်သွားပြီး-

"အန်တီနိုရာက ဘာလိုချင်တာတဲ့လဲ"

အယ်လိန်းက-

"အန်တီနိုရာက ကျွန်မ သူ့ဆီကို အလည်တစ်ခေါက်လောက် လာဖို့ကောင်း ပါတယ်တဲ့၊ သတင်းစာထဲမှာပါတဲ့ သတင်းတွေကြောင့် အန်တီနိုရာ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်တဲ့"

"အန်ကယ်မက်သရူးကရော ဘာမှမပြောဘူးလား"

"အန်တီနိုရာ ပြောတာကတော့ နံနက်စာစားပွဲမှာ ကျွန်မကို တော်တော်စိတ် ဆိုးတဲ့အကြောင်းကိုပြောတယ်တဲ့၊ ဒါပေမယ့် အန်ကယ်မက်သရူးက ကျွန်မကို တစ်ကြိမ် သတိပေးပြီးပြီပဲ၊ နောက်ထပ် မပြောတော့ဘူးတဲ့၊ ဒါကြောင့် အန်တီနိုရာက ကျွန်မဆီကို ဖုန်းဆက်ဖို့ ဆုံးဖြတ်ခဲ့တာပဲတဲ့"



ကျွန်တော်က-

"ကောင်းတယ်၊ မသွားဘဲထားလိုက်၊ ဒါမှ အဘိုးကြီး ပိုဒေါပွသွားမယ်"

အယ်လိန်းသည် တွေသွားပုံရ၏။

"ဘရက်ဒ်၊ ကျွန်မတို့ အခုလုပ်နေကြတာ ဟုတ်ကောဟုတ်ရဲ့လားဟင်၊ ဘယ်ကော အထောက်အကူ ပြုလာပါ့မလား"

ကျွန်တော်က အမှန်အတိုင်းပြန်၍-

"ဒါတော့ ကိုယ်လဲမသိဘူး၊ ကိုယ်အစကတည်းက ပြောပြီးသားပါ၊ ဒီကိစ္စက ...ဲ လေထဲကိုမှန်းပြီး ပစ်ရတဲ့ မြားပဲလို့၊ အန်ကယ်မက်သရူးတစ်ယောက် စိတ်လှုပ်ရှား ...ီး တစ်ခုခု တစ်နေရာရာမှာ မှားသွားမလား ဟာသွားမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ...ုပ်ရတာပဲဟာ"

"ကောင်းပြီလေ၊ ဒါဆို ကျွန်မ အန်တီနိုရာဆီကို ဖုန်းနဲ့ပြန်ဆက်လိုက်ပါ့မယ်"

ကျွန်တော်က အယ်လိန်းဖုန်းပြန်ချမသွားမီ သတိပေးသည့်အနေဖြင့်-

"ကိုယ်တို့ ကနေ့နေ့လယ်စာစားဖို့ ချိန်းထားပြီးသားနော်"

အယ်လိန်းက-

"ကျွန်မ သတိရပါတယ်၊ ကျွန်မတို့ အခုလို ဟန်ဆောင်သွားလာ နေရတာတို ...ငြီးငွေ့သေးဘူးလားဟင် ဘရက်ဒ်"

ကျွန်တော်က ဖုန်းခွက်ကို ပြုံးကြည့်ယင်း-

"ဘယ်သူက ဟန်ဆောင်နေလို့လဲ"

အယ်လိန်း၏အသံမှာ နူးညံ့တိုးတိတ်သွားပါသည်။

"ကျွန်မက ဒီအကြောင်းကို မပြောပါနဲ့တော့လို့ ပြောပြီးသားပါ၊ ရှင်ကလဲ ...းလည်မှုရှိပြီးသားပါ၊ မှတ်မိပါတယ်နော်"

ကျွန်တော်ကမူ-

"ကိုယ်သိတာက ကိုယ်ဟာ မင်းနဲ့အတူ ရှိနေတယ်ဆိုတာပဲ၊ မင်းနဲ့အတူရှိနေ ...ယင် ကိုယ့်အတွက် ဘာမှပြဿနာမရှိတော့ဘူး၊ ဘာကမှ အရေးလဲမကြီးတော့ဘူး အလုပ်လဲ အရေးမကြီးဘူး၊ ငွေလဲအရေးမကြီးဘူး၊ မက်ဘရက်ဒီလဲ အရေးမကြီးဘူး ဘာဆိုဘာမှ အရေးမကြီးဘူး"

"တကယ်ပဲ ဘာမှ အရေးမကြီးတော့ဘူးလားဟင်"

အယ်လိန်း၏အသံမှာ တိုးတိတ်သောမေးခွန်း ဖြစ်ပါသည်။

အယ်လိန်းက ဆက်၍-

"ရှင့်ရဲ့မိသားစုကကောဟင်"

ကျွန်တော်သည် မျက်လုံးအစုံကို ပိတ်လိုက်ပါ၏၊ ခဏမျှ တွေသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လိန်းက အမြန်အထက်ပင်ဆက်၍-

"အဲဒီမေးခွန်းကို မဖြေပါနဲ့တော့ ဘရက်ဒ်၊ မေးမိတာကိုက ကျွန်မ မတရား တာပါ"

တစ်ဘက်မှ ဖုန်းချသွားရာ ကျွန်တော်သည် စကားပြောမည့်သူမရှိသော ဖုန်းခွက်ကြီးကိုကိုင်ယင်း အငိုင်သားကျန်ရစ်ပါသည်။ ကျွန်တော်သည် ဖုန်းခွက်ကို ခပ်ဖြည်းဖြည်း ပြန်၍ချထားလိုက်ပါသည်။ အယ်လိန်းသည် သူ့အမေးစကားအတွက် ကျွန်တော့်ကို မဖြေကြားစေချင်ပါ။ အယ်လိန်းသည် ကျွန်တော်က ဘယ်လိုပြန်ဖြေမည်ကို များ နားထောင်ရန် မဝံ့မရဲပေလော မပြောတတ်။ ထိုစဉ် အခန်းချင်းဆက်သွယ်သည့် ဖုန်းသံမြည်လာ၏။ ကျွန်တော်က ခလုတ်ကိုနှိပ်လိုက်သောအခါ မစ်ကီ၏အသံက ထွက် ပေါ်လာသည်။

"မစ္စတာရောဘတ်အမ်လက်ဗီက ဘရက်ဒ်ကိုတွေ့ဖို့ လာနေပါတယ်"

ကျွန်တော်သည် လက်ဗီတစ်ယောက် ပေါ်လာမည်ဆိုခြင်းကို မမျှော်လင့်ရ သလောက်ပင် ဖြစ်ပါ၏။ အမှန်တော့ ကျွန်တော်သည် သူ့ဇနီးကဲ့သို့သော မိန်းမအပေါ် ၌ ပြည့်ပြည့်ဝဝ ယုံကြည်စိတ်ချထားခဲ့ဖို့ ကောင်းပါသည်။ သူ့ဇနီးမှာ လုပ်မည်ဆိုသည်ကို ဖြစ်မြောက်အောင်လုပ်မည့် မိန်းမစားမျိုးဖြစ်သည်။ ကျွန်တော့်ကို နှုတ်ဆက်မသွားခင် သူမ၏မျက်နှာထားကို မြင်ခဲ့ရရုံဖြင့် ကျွန်တော် ခိုင်ခိုင်မာမာ ယုံကြည်ထားဖို့ ကောင်း ပါ၏၊

ကျွန်တော်က မစ်ကီအား-

"အထဲလွှတ်လိုက်လေ"

ကျွန်တော်သည် အခန်းတံခါးကို မျက်နှာမူ၍ ထားလိုက်ပါသည်။

အကယ်၍ ကျွန်တော့်ကိုသာ မစ်ကီက ယခုလို လာတွေ့မည့်ပုဂ္ဂိုလ်မှာ ဘယ် သူဘယ်ဝါဟု အကြောင်းကြားမထားလျှင် ကျွန်တော်သည် ဝက်ပင်ခါဖောလ်မှာ ကျွန်တော် တွေ့ခဲ့ရသော ပုဂ္ဂိုလ်နှင့် ဤလူသည် တစ်ဦးတည်းဖြစ်ကြောင်း မှတ်မိ ည်မဟုတ်ပါ။ သူသည် ညိုမှောင်သောဝတ်စုံတစ်စုံကို သပ်ရပ်စွာဝတ်ထားသည်၊ အတွင်းမှ ဖြူဆွတ် သော ရှပ်အင်္ကျီဝတ်ထားပြီး ကြက်သွေးရောင် နက္ကတိုင်တစ်ခုကို စီးနှောင်ထား၏။ သူ၏မျက်နှာမှ နေရောင်ခံထားသဖြင့် နီညိုနေပြီး သူ၏ ညိုမှောင်သောမျက်လုံး ထောင့်စွန်းများတွင် ခပ်သေးသေး အရေးအကြောင်းများကို မြင်ရ၏။ ကျွန်တော်သည် ထိုင်ရာမှထလိုက်၏။

လက်ဗီ၏မျက်နှာပေါ်တွင် ပူနွေးသောအပြုံး ရှိနေ၏။ သူက-

"ကျွန်တော် တနင်္လာနေ့ကတည်းက လာဖို့ပဲ၊ ဒါပေမယ့် ကျွန်တော့်ရှိပြီးသား ဝတ်စုံတွေအားလုံးက မတော်တော့ဘူးလေ၊ အားလုံးကြီးနေကြပြီ၊ ဒါနဲ့ အပ်ချုပ်ဆရာ ဆီ ပြေးနေရသေးလို့"

ကျွန်တော်က-

"အင်း ခင်ဗျား အဲဒီလိုစိုက်ထုတ်လိုက်တဲ့ အရင်းအနှီးဟာ ပြန်ပြီးပေါ်ချင်မှ ပေါ်မှာနော်"

လက်ဗီသည် ကျွန်တော်၏ရုံးခန်းကို လှည့်လည်ကြည့်ရှု အကဲခတ်နေပုံရ၏၊ ပြီးမှ ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီး-

"ဒါကတော့ စွန့်ကြည့်ရမှာပေါ့လေ၊ အဲ ခင်ဗျားက အလုပ်ပေးမယ်ဆိုတာ သေချာနေသေးယင် ပြောတာပါ"

ကျွန်တော်သည် လက်ဗီကို သဘောကျသွားပါ၏။ သည်ငနဲလေးက အရည် အသွေးရှိသော လူငယ်တစ်ဦး ဖြစ်ပါ၏။ သို့သော် သူ့ထံမှာရှိနေသော တစ်စုံတရာသော အချက်ကြောင့် သူ့ကို ပို၍သဘောကျနေခြင်း ဖြစ်ပါသည်၊ သူ့မျက်နှာပေါ်မှ နှုတ်ခမ်း အနေအထားနှင့် မေးစေ့ကျပုံကျနည်းမှာ သူ၏ ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ပြနေ၏၊ ဤသို့သောပုဂ္ဂိုလ်များကို နောက်ချန်ထားခဲ့ပြီး စိတ်ပူစရာမလိုနိုင်ပေ၊ ကျွန်တော်သည် လက်ကို ဆန့်ကမ်းပေးလိုက်၏။ ပြီးမှ-

"မြို့တော်ကြီးက ကြိုဆိုပါတယ် လယ်သမားကြီးဗျား"

လက်ဗီသည် ကျွန်တော့်လက်ကို လှမ်းကိုင်ရင်းပြုံးပြီး-

"အားပါးပါး၊ ခင်ဗျားရဲ့ရုံးခန်းက တယ်သားနားလှပါလားဗျာ"

လက်ဗီ၏ လက်ဆွဲနှုတ်ဆက်လိုက်ပုံမှာ တင်းကျပ်ခိုင်မာလှပါ၏၊ ကျွန်တော် တို့နှစ်ဦး လက်ဆွဲနှုတ်ဆက်လိုက်သည်နှင့် တပြိုင်နက် ကျွန်တော်တို့နှစ်ဦးသည် ရာသက် ပန် မိတ်ဆွေကောင်းများ ဖြစ်ကြတော့မည်ဆိုခြင်းကို ကျွန်တော့်ရင်ထဲ၌ အလိုလိုသိလာ ၏။ လက်ဗီကိုယ်တိုင်လည်း ထိုသို့ခံစားရမည်ကို ကျွန်တော်သိ၏၊

လက်ဗီက-

"ကျွန်တော့်ရဲ့ဦးထုပ်က ဘယ်မှာချိတ်ရမှာလဲ"

သည်တစ်ကြိမ်ကား လက်ဗီကိုအံ့သြအောင် ဖန်တီးရမည့် ကျွန်တော့်အလှည့် ဖြစ်ပါသည်။ ကျွန်တော်သည် အခန်းချင်းဆက် ဖုန်းခလုတ်ကို နှိပ်လိုက်၏၊

မစ်ကီ့အသံသည် စကားပြောခွက်ထဲမှ ထွက်လာ၏။

"ဟုတ်ကဲ့ဘော့စ်၊ ပြောပါ"

ကျွန်တော်က-

"အားလုံးအဆင်သင့်ပဲလား"

"အားလုံးအဆင်သင့်ပဲ ဘော့စ်"

မစ်ကီ၏အသံတွင် အပြုံးထင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လက်ဇီကို ကျွန်တော့်နောက်သို့လိုက်ခဲ့ရန် အချက်ပြပြီး ကျွန်တော့်ရုံးခန်း အပြင်ဘက်သို့ ထွက်လာခဲ့ကြ၏။ ကျွန်တော်သည် ကျွန်တော့်ရုံးခန်းနှင့် ကပ်လျက်ရှိ ခရစ်၏ ရုံးခန်းဟောင်းရှေ့တွင် ရပ်လိုက်၏။ လက်ဇီသည် ကျွန်တော့်နောက်သို့ အမီလိုက်လာရာ၏။ မီလာသောအခါ ကျွန်တော်က တံခါးပေါက်ကို ညွှန်ပြလိုက်၏။

လက်ဇီသည် တံခါးပေါက်ကို အတန်ကြာကြည့်ပြီးနောက် ကျွန်တော့်ဘက်သို့ ပြန်လှည့်ကြည့်သည်။ သူသည် အသက်ရှူရန် ခဏမျှ မေ့နေပုံရ၏။ ပြီးမှ-

"ကျွန်တော့်ရဲ့နာမည်က တံခါးပေါ်မှာ ရေးပြီးသားပါလား"

ကျွန်တော်က ခေါင်းညိတ်ပြပြီး-

"ဟုတ်တယ်၊ ကျွန်တော် ခင်ဗျားနဲ့တွေ့ဆုံပြီး ပြန်လာကတည်းကပဲ ရေးထားတာ"

လက်ဇီသည် မနေနိုင်တော့ဘဲ-

"ဒါပေမယ့် ကျွန်တော်လာမယ်ဆိုတာ ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သေချာနေရတာလဲ"

ကျွန်တော်က ပြုံးပြုံးကြီး ဝန်ခံစကားအဖြစ်-

"အေးဗျာ၊ ကျုပ်စိတ်ထဲမှာ ခင်ဗျား လာမှလာပါတော့မလားလို့ စိတ်ပူစပြုနေတာတော့ အမှန်ပါပဲ၊ ရုံးခန်းက သိပ်ကောင်းတော့ ဒီတစ်ရုံးလုံး မပိတ်ရခင်မှာ ခင်ဗျားရဲ့ ကိုယ်ပိုင်အခန်းကိုတော့ ခင်ဗျားမြင်သွားစေချင်သေးတယ်လေ"

လက်ဇီက မျက်ခုံးတွန့်လိုက်ပြီး-

"အခြေအနေက ဒီလောက်ပဲ ဆိုးနေပြီလား"

ကျွန်တော်သည် လက်ဇီ၏အခန်းတံခါးကို ဖွင့်ပေးလိုက်ပြီး-

"တော်တော်တော့ ဆိုးနေတာပဲ"

လက်ဇီက သူ့အခန်းထဲသို့ ဝင်သည်တွင် ကျွန်တော်ကလည်း သူ့နောက်မှ လိုက်ပါ၍ ဝင်သွားပါသည်။ ကျွန်တော်က-

"ကျုပ်တို့နှစ်ယောက်စလုံးရဲ့ ဘုံမိတ်ဆွေကြီးက ခုချိန်ထိတော့ လက်စွမ်းကောင်းကောင်း ပြနေတာပဲ၊ အမှတ်တွေအများကြီးလဲ ရနေပြီလေ"

လက်ဇီသည် သူ့ရုံးစားပွဲကိုပတ်၍ သူ့နေရာ ကုလားထိုင်မှာ ဝင်ထိုင်၏။ သူ၏လက်ချောင်းကလေးများသည် ပေါလစ်ပြောင်နေအောင် တိုက်ထားသော စားပွဲပြင်ပေါ်၌ ညင်သာစွာ ပွတ်သပ်ကြည့်နေ၏။ သူထိတွေ့နေပုံမှာ ချစ်ခင်မြတ်နိုးမှုပါသည်ဟု ကျွန်တော်ထင်၏။

အတန်ကြာမှ လက်ဇီသည် ခေါင်းမော့လိုက်ပြီး-

"အီလ်ဒါက ရုံးအောက် စတေရှင်ဝက်ဂွန်းကားထဲမှာ စောင့်နေတယ်၊ ကျွန်-



တော်လဲ ကျွန်တော်နဲ့အတူ မစ္စတာဘရက်ဒီရဲ့ ကွန်ဆိုလီဒိတ်တက် စတီးလ်ကုမ္ပဏီရဲ့ မှတ်တမ်းတွေအားလုံး သယ်လာခဲ့တယ်လေ၊ အဲဒါတွေဟာ ကျွန်တော်တို့အတွက် အသုံးဝင်နိုင်တယ်လို့ ယူဆလို့"

"ကောင်းတာပေါ့၊ အဲဒါတွေကို ချာတာတစ်ယောက် ယူခိုင်းလိုက်မယ်လေ"

လက်ဇီ၏မျက်နှာပေါ်တွင် မကြည်လင်မှုတစ်ခု ဖြစ်ပေါ်သွားသည်ကို တွေ့ရ၏။ ကျွန်တော်က အမြန်အထက် ဆက်၍-

"ပြီးတော့မှ ကျုပ်ရဲ့ကားကိုထောင်က လူတစ်ယောက် ကားဆီကို လွှတ်ခိုင်းလိုက်မယ်လေ၊ ဒါမှ သူက ခင်ဗျားဇနီးရဲ့ကားကို ဂိုဒေါင်ထဲယူသွားပြီး ခင်ဗျားရဲ့ဇနီးကတော့ ရုံးပေါ်တက်လာပြီး၊ ခင်ဗျားရဲ့ရုံးခန်း၊ ခင်ဗျားရဲ့ အလုပ်စားပွဲကို ကိုယ်တိုင်ကိုယ်ကြပ် ကြည့်နိုင်တာပေါ့"

ကျွန်တော်သည် ရုံးခန်းတံခါးပေါက်ရှိရာသို့ ပြန်လျှောက်ခဲ့၏၊ တံခါးပေါက် ရောက်မှ-

"ကဲ လောလောဆယ်တော့ ရုံးခန်းထဲမှာ နေသားတကျရှိဖို့ အချိန်ပေးထားမယ်လေ၊ နေ့လယ်စာ စားပြီးချိန်ကြတော့ ရုံးတွင်းအမှုထမ်း အစည်းအဝေးလုပ်မယ်၊ ဒီတော့ အဖွဲ့သားတွေအားလုံးကို ခင်ဗျားတွေ့ရမှာပေါ့၊ ပြီးတော့မှ ကျုပ်တို့ဘာလုပ်ကြမယ်၊ ဘာကိုင်ကြမယ်ဆိုတာကို စကြတာပေါ့"

လက်ဇီသည် သူ့စားပွဲမှ ထလိုက်ပြီး-

"ကျေးဇူးတင်ပါတယ် ဘရက်ဒ်"

လက်ဇီသည် ထိုစကားကို တကယ်ယုံယုံကြည်ကြည် ပြောနေခြင်းဖြစ်ပါ၏။ သူက ဆက်၍-

"ကျွန်တော်က ဒီအလုပ်ကိုတော့ ဘာမှ ရေရေရာရာ သိတာမဟုတ်ဘူးနော်၊ ဒါပေမယ့် တတ်နိုင်သလောက် အကူအညီရပါလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

ကျွန်တော်က-

"ခင်ဗျား ဒီရုံးကို ရောက်လာတာကိုကပဲ အကူအညီဖြစ်နေပါပြီဗျာ၊ တော်ရုံ တန်ရုံလူဟာ နစ်စပြုနေတဲ့ သင်္ဘောပေါ် ခုန်တက်ချင်ကြမယ် မဟုတ်ပါဘူး"

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ကျွန်တော်သည် ကွန်ဆိုလိဒိတ်တက် စတီးလ်ကုမ္ပဏီ၏ အကြောင်းကို လွန်ခဲ့သော လေးငါးပတ်က သိထားခဲ့သည်ထက် အများကြီးပို၍ သိသွားပါသည်။ သို့သော် ညည်သည့်ထိုးပေါက်ကိုမှ ရှာ၍မတွေ့ချေ။ မက်ဘရက်ဒီသည် တကယ့်လူပါးကြီးတစ်ယောက်ပါပေ။

ကျွန်တော် လေ့လာပြီးစီး၍ ကုလားထိုင်နောက်မှီကို မှီထိုင်လိုက်သောအခါ အချိန်သည် ခုနစ်နာရီထိုးကာနီးပြီ ဖြစ်၏။ ကျွန်တော်သည် စားပွဲပေါ်မှ ရှုပ်ပွနေသော စာရွက်စာတမ်းများကို နံဘေးသို့ တွန်းပို့လိုက်ပြီး ဘော့ကိုကြည့်၍-

"တော်လောက်ပြီထင်တယ် ဘော့၊ ကျုပ်ခေါင်းတွေလဲ ချာချာလည်နေပြီ၊ နက်ဖြန်မနက်ကျမှ ဆက်ကြရအောင်"

ဘော့သည် ကျွန်တော့်ကိုကြည့်၍ ပြုံးလိုက်၏။ သူကား နေ့ခင်း ရုံးခန်းထဲသို့ ဝင်လာစဉ်ကတည်းကအတိုင်း ပကတိလန်းဆတ်နေပုံရ၏။ ကျွန်တော်သည် သူ၏နုပျိုခြင်းကို မနာလိုပင် ဖြစ်မိပါသည်။

ဘော့က-

"OK ဘရက်ဒ်"



သူလည်း ထိုင်ရာမှ ထလိုက်ပါသည်။

ထိုစဉ် စားပွဲပေါ်မှဖုန်းသည် မြည်လာ၏။ ကျွန်တော်သည် ဖုန်းခွက်ကို ကောက်ကိုင်လိုက်ပြီး-

"ဟုတ်ကဲ့ ပြောပါ"

"မစ္စတာဂိုဝန်လား"

အသံမှာ မိန်းမသံဖြစ်ပါသည်။ ထိုအသံသည် ကျွန်တော့်နား၌ သိပြီးသားဖြစ်ဟန်တူ၏။ သို့သော် ဘယ်တုန်းက ဘယ်သူဘယ်ဝါဟုကား မကွဲပြားချေ။

ကျွန်တော်က-

"ဟုတ်ပါတယ်၊ ပြောနေပါတယ်"

တစ်ဘက်မှ-

"ခုပြောနေတာက ဆန်ဒရာဝဲလေ့စ်ပါ"

ကျွန်တော်သည် ပြုံးပြုံးရွှင်ရွှင်လေသံဖြင့်-

"ဆင်ဒီလား၊ ခုလို မင်းအသံကြားရတာ ဝမ်းသာပါတယ်"

ဆန်ဒရာကား အချိန်ဖြုန်းမနေပေ။ သူမက-

"ကျွန်မ ရှင့်ကိုတွေ့ချင်တယ် ဘရက်ဒ်"

ကျွန်တော်သည် မျက်စိကိုစုံမှိတ်ပြီး စားပွဲခုံကို မှီလိုက်၏။ ယခုအချိန်တား ချစ်ရေးချစ်ရာအတွက် အချိန်မဟုတ်တော့။ ကျွန်တော်ကိုယ်တိုင်ကလည်း ပင်ပန်းလှပြီဖြစ်၏။ နောက်ပြီး ဆန်ဒရာသာ ကျွန်တော်၏ လက်ရှိအခြေအနေမှန်ကို သိသွားပါက ဆက်သွယ်တော့မည် မထင်ပါ။ ကျွန်တော်က-

"ကျုပ် အလုပ်တွေများနေတယ်၊ အဲဒီကိုလာနိုင်မယ်မထင်ဘူး"

ဆန်ဒရာက-

"ကျွန်မ အခုပြောနေတာက ရှင်တို့ရုံးရှိတဲ့ အဆောက်အအုံထဲက ကုန်စုံဆိုင်က ပြောနေတာ"

ကျွန်တော်သည် ယခုမှ ရေးတေးတေး သဘောပေါက်လာ၏။ ဆန်ဒရာ ဖုန်းဆက်နေခြင်းမှာ ချစ်ရေးချစ်ရာကိစ္စ မဟုတ်ပါလား။ သို့နှင့်-

"ဟုတ်လား၊ ဒါဆိုလဲ တက်ခဲ့လေ၊ ဘာဖြစ်လို့များ ထုံးတမ်းစဉ်လာအဘွဲ့ သုံးနေရတာလဲ"

ဆန်ဒရာဘက်မှ ရယ်မောသံကို ဖုန်းခွက်မချမီ ကြားလိုက်ရပါ၏။ ဘော့သည် ကျွန်တော့်ကို စိတ်ဝင်တစား ကြည့်နေ၏။ ကျွန်တော်သည် ဖုန်းခွက်ကို ချထိုက်သို့ ဘော့အား-

"နက်ဖြန်ကျရင်တော့ အခြေအနေကောင်းသွားမယ် ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘော့သည် ဘာမှပြန်မဖြေပါ။ ခေါင်းညိတ်၍သာပြပြီး တံခါးပေါက်ရှိရာသို့ လျှောက်သွားပါသည်။ လမ်းတစ်ဝက်ခန့်ရောက်ကာမှ ရပ်ပြီး နောက်လှည့်ကြည့်သည်။

ကျွန်တော်က-

"ဘာများပြောစရာရှိလို့လဲ ဘော့"

ဘော့က-

"ကျွန်တော်ပြောတာများ လမ်းလွဲသွားရင် ပြောနော်၊ ဒါပေမယ့် ကျွန်တော် နားမလည်တာ တစ်ခုရှိနေလို့"

ကျွန်တော်က-

"ဘာများပါလိမ့်"

ဘော့၏မျက်နှာမှာ နီသွားပါသည်။ ပြီးမှ-

"ဩော် သတင်းစာထဲမှာ ပါပါနေတဲ့ ခင်ဗျားနဲ့ ဟို မစ္စက်ရှိုင်လာဆိုတဲ့ အမျိုးသမီးအကြောင်းပါ"

ဘော့သည် ရှေ့ဆက်၍ ဘာမှပြောစရာ မလိုတော့ပါ။ သူ ဘာဆိုလိုကြောင်း ကျွန်တော် ရိပ်စားမိပါသည်။ ကျွန်တော် ထိုင်ရာမှထလိုက်ပြီး-

"အယ်လိန်းက မိတ်ဆွေကောင်းတစ်ယောက်ပါ၊ သူဟာ ကျုပ်တို့ဘက်ကပါ"

"အင်းလေ၊ ခင်ဗျားဘာလုပ်နေတယ်ဆိုတာ ခင်ဗျားသိယင် ပြီးတာပါပဲ"

ဘော့၏လေသံအရ အယ်လိန်းနှင့် ကျွန်တော်တို့ လုပ်ကိုင်နေကြသော ဇာတ်လမ်းသည် သူ့အတွက် ဘာအဓိပ္ပာယ်မှ ရှိပုံမရကြောင်း ထင်ရှားလှပါ၏။

ကျွန်တော့်စိတ်ထဲတွင် ပထမဆုံးအကြိမ်အဖြစ် အယ်လိန်းနှင့် ကျွန်တော်တို့ လုပ်ကိုင်နေကြပုံများသည် မှန်ကန်ကောင်းမွန်သော စိတ်ကူးအလုပ်တစ်ခု ဟုတ်မှ ဟုတ်ပါလေစတု သံသယတစ်ချက် ဝင်လာ၏။ မာဂီနှင့် ကျွန်တော့်အဖေတို့ တလွဲမြင် ကြခြင်းမှာ သူတို့ဘက်က ခွင့်မလွှတ်ချင်လို့ဖြစ်ကြောင်း ဖြစ်နိုင်၏။ သို့သော် ဤခနဲ့ကား ယခုကဲ့သို့ ပြောဆိုဝေဖန်သည့်အတွက် သူ့အဖို့ ဘာမှအကျိုးမရှိနိုင်ပေ။ သူ၏ ထင်မြင်ယူဆချက်မှာ ပကတိ ပြင်ပလူတစ်ဦး၏ ထင်မြင်ချက်ပင်ဖြစ်ပါ၏။

ကျွန်တော်က လေသံပျော့ပျော့ဖြင့်-

"ကျုပ်လဲ နည်းပေါင်းစုံသုံးပြီး လုပ်နေရတာပဲ"

ဘော့၏လေသံမှာ အတိုက်အလျောက် နူးညံ့သွားပါသည်။ သို့သော် ဝေဖန်မှုသဘောကား ပျောက်မသွားသေးချေ။ သူက-

"ကျွန်တော်လဲ ဝါရှင်တန်မှာ မစ္စက်ရှိုင်လာကို မကြာခဏ တွေ့ဖူးပါတယ် ဒီမိန်းမဟာ ကျွန်တော်တွေ့ဖူးတဲ့အထဲမှာတော့ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးတစ်ဦး ပါပဲ"



"မြင်တဲ့အတိုင်းလဲ ဆွဲဆောင်မှုရှိပါတယ်"

ထိုစကားလုံးများမှာ ကျွန်တော့်ပါးစပ်မှ အချိန်မီ ဘရိတ်မအုပ်နိုင်ဘဲ အလိုအလျောက် လျှင်မြန်စွာ ထွက်သွားသော စကားလုံးများဖြစ်ပါသည်။

ဘော့၏မျက်လုံးထဲတွင် နားလည်မှု အရောင်တစ်ချက် လက်သွား၏။ ထို့နောက် သူက-

"မနက်ကျတော့ ကျွန်တော်တို့ တွေ့ကြတာပေါ့ ဘရက်ဒ်"

ဘော့သည် နောက်လှည့်ပြီး တံခါးပေါက်သို့ ဆက်သွားသည်။

တံခါးပေါက်သည် ဘော့မကိုင်မဖွင့်လိုက်ရသေးမီ ပွင့်သွား၏။

တံခါးဝတွင် ရပ်နေသူကား ဆန်ဒရာပင်ဖြစ်ပါ၏။ ဆန်ဒရာက-

"အိုး ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ ခုလို အနှောင့်အယှက်ပေးဖို့ မရည်ရွယ်ပါဘူး"

ကျွန်တော်သည် ကျွန်တော်၏ စားပွဲကုလားထိုင်မှ ထလာခဲ့ပြီး-

"ဘာမှပြဿနာမရှိပါဘူး ဆင်ဒီ၊ လာပါ ဝင်ခဲ့ပါ"

ဘော့က-

"ကျွန်တော်က အခုပဲသွားတော့မလို့ပါ၊ ဂွတ်နိုက်ဘရက်ဒ်"

ဘော့သည် ဖွင့်ထားသောတံခါးမှ ထွက်လာယင်း တံခါးကို ပြန်၍ပိတ်သွားပါသည်။

ကျွန်တော်သည် ဆင်ဒီအား လက်ဆွဲနှုတ်ဆက်ယင်း-

"ခုလိုတွေ့ရတာ ဝမ်းသာပါတယ် ဆင်ဒီ"

ဆန်ဒရာသည် ပြုံး၍-

"တယ်လီဖုန်းထဲက ကြားရတဲ့ ရှင့်လေသံကတော့ ဝမ်းသာပုံမရပါလား"

ကျွန်တော်သည် ဆန်ဒရာကို ကုလားထိုင်ရှိရာသို့ ခေါ်ခဲ့ယင်း-

"ကျုပ် ပင်ပန်းနေလို့ပါ၊ မင်းရဲ့ဆရာသမားက ကျုပ်ကို ကောင်းကောင်းကြီး ဒုက္ခပေးနေတာမဟုတ်လား"

"ကျွန်မရဲ့ ဆရာသမားဟောင်းကို ဆိုလိုတာလား၊ ကျွန်မ ခုလာတာက ရှင် ပြောထားတဲ့အတိုင်း ကျွန်မကို အကူအညီပေးမယ်ဆိုလို့"

ကျွန်တော်သည် တအံ့တသြဖြစ်သွားပြီး-

"မင်းက တကယ်ပဲ အလုပ်ကထွက်လိုက်ပြီလား"

ဆန်ဒရာက-

"နက်ဖြန်မှ ထွက်မှာပါ၊ အဘိုးကြီးတော့ မသိသေးဘူး"

ကျွန်တော်က ဆန်ဒရာကိုကြည့်၍-

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ စိတ်ကူးပေါက်ပြီး ထွက်လာခဲ့တာလဲ၊ ကျုပ်စိတ်ထဲတော့ မထွက်ဖြစ်နိုင်ဘူးလို့ ထင်နေတာ"

"ရှင့်ကြောင့်ပေါ့"

ဆန်ဒရာသည် ကျွန်တော့်မျက်လုံးအစုံကို တည့်တည့်ကြည့်ပါသည်။ ပြီး ဆက် ၍-

"ကျွန်မ ရှင့်ဆီမှာ မျှော်လင့်ချက်မရှိဘူးဆိုတာ သိပါတယ်၊ ရှင့်ဆီက ဘာမှ... နိုင်ဘူးဆိုတာလဲ သိပါတယ်၊ ဒါပေမယ့် သူ့ရဲ့ရုံးခန်းထဲမှာထိုင်ပြီး သူ့ကိုတော့ ကူညီမ... နိုင်တော့ဘူး"

ကျွန်တော့်ဘဝတွင် နှိမ့်ချမှု ပြုခဲ့လှပါသည်။ သို့သော် ဆန်ဒရာ၏ ရိုးသား... သော အကြည့်အောက်တွင် ကျွန်တော်က နှိမ့်နှိမ့်ချချပင်-

"မင်းဟာ တကယ်ပဲ ကြင်နာတတ်ပါပေတယ် ဆင်ဒီ"

ဆန်ဒရာသည် ထိုင်ရာမှထပြီး ကျွန်တော်ရှိရာသို့ လျှောက်လာပါသည်။ သူမ၏ မျက်လုံးအစုံကမူ ကျွန်တော့်ကို တည့်တည့်ကြည့်နေဆဲ ဖြစ်ပါသည်။ သူမက-

"ရှင်နဲ့ကျွန်မ တွေ့လိုက်ပြီးတဲ့နောက်မှာ ကျွန်မက ရှင်နဲ့ပတ်သက်ပြီး ဘာမှ ဆက်ရန်မရှိတော့ဘူးလို့ ကိုယ့်ဘာသာကိုယ် ပြောပြီးသားပါ၊ ရှင့်ဆီမှာ ကျွန်မ ဘာမှ မရနိုင်ဘူးဆိုတာ သိပြီးသားပါ၊ ရှင့်မှာ ကျွန်မထက်ဦးပြီး ပိုင်ဆိုင်သူရှိနေပြီဆိုတာလဲ သိပြီးသားပါ၊ ဒါပေမယ့် ရှင်ထွက်သွားပြီးတဲ့နောက် ဖြစ်ပျက်သမျှတွေကို ကျွန်မတ... မျက်မြင်ဒိဋ္ဌ တွေ့နေရတယ်၊ သိနေရတယ်၊ အဘိုးကြီးက ရှင့်ကို တစ်ချက်နှက်တိုင်း ရှင်ခံစားနေရသလို ကျွန်မစိတ်ထဲမှာလဲ နာကျင်ခံစားရတယ်၊ ဒါကြောင့် အလုပ်က... ထွက်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တာပဲ"

ကျွန်တော်သည် စကားမပြောနိုင်တော့ပါ။ ထိုအချိန်၌ ဆန်ဒရာသည် ကျွန်တော့် အနား နီးနီးကလေးသို့ ရောက်နေပြီဖြစ်ပါ၏။ သူမကိုယ်ခန္ဓာ၏ ဆွဲဆောင်မှုဓာတ်ကို ကျွန်တော် ခံစားနေရပါသည်။ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် အတော်ထိန်းသိမ်း၍ နေရပါသည်။

ဆန်ဒရာက-

"ရှင့်ဆီမှာ ကျွန်မအတွက် ဘာမှမရှိဘူးဆိုတာ မှန်ချင်မှန်မယ်၊ ဒါပေမယ့် ကျွန်မ ရှင်နဲ့ပတ်သက်ပြီး ခံစားမှုတစ်ခုရှိနေတယ်၊ ကျွန်မ ယောကျ်ားတွေအများကြီး တွေ့ဖူးပါတယ်၊ ဘယ်ယောကျ်ားကမှ ကျွန်မကို အဲဒီလိုခံစားမှုမျိုး ဖြစ်ပေါ်မလာစေခဲ့ ဘူး"

ကျွန်တော်က လေသံခပ်အက်အက်ဖြင့်-

"မင်းက ငယ်သေးလို့ပါ ဆန်ဒရာ. တစ်နေ့ကျရင် မင်းအတွက် သင့်တော်တဲ့



...သားတစ်ဦး ပေါ်လာပါလိမ့်မယ်၊ အဲဒီအခါကျတော့ ကျုပ်ဟာ ဘာမှမဟုတ်ဘူးဆို... မင်း နားလည်သွားမှာပါ"

ဆန်ဒရာ့နှုတ်ခမ်းသည် ပြုံးယောင်ယောင် ဖြစ်သွားပါသည်။

"တွေ့တဲ့အခါကျတော့ ယုံရတာပေါ့လေ"

ကျွန်တော်သည် နောက်လှည့်ပြီး စားပွဲခုံရှိရာသို့ ပြန်လာခဲ့ပါသည်။ ထို့နောက် ...ရက်တစ်လိပ်ကို မီးညှိလိုက်၏။ ပြီးမှ-

"မင်း တကယ်ပဲ သူ့ဆီကထွက်ခဲ့ပြီလား"

ဆန်ဒရာသည် ကျွန်တော့်ကိုဆက်၍ ကြည့်နေဆဲဖြစ်ပါသည်။ သူမက ခေါင်း ...တ်ပြပြီး-

"မယုံဘူးလား၊ ယုံပါ"

ကျွန်တော့်တွင် ဖြေစရာစကား မရှိတော့။

ဆန်ဒရာသည် သူမ၏ထိုင်ခုံရှိရာသို့ လျှောက်သွားယင်း-

"ရှင်ပြောတော့ ကျွန်မအတွက် အလုပ်တစ်ခုခု ရှာပေးမယ်ဆို"

ကျွန်တော်သည် စဉ်းစားနေမိ၏။

ဆန်ဒရာက အမြန်အထက်-

"ရှင် ကျွန်မကို ပြောခဲ့တုန်းက ညာပြောခဲ့တာလား"

ကျွန်တော်က ခေါင်းခါယမ်းပြလိုက်ပြီး-

"အဲဒီစကားပြောတုန်းက အခြေအနေတစ်မျိုးလေ၊ အဲဒီတုန်းက မက်ဘာရက်ဒီ... ကျုပ်ကို ဘယ်လိုဖြစ်သွားအောင် လုပ်နိုင်မယ်ဆိုတာ မသိရသေးဘူး"

"ဒါဆို ရှင် ကျွန်မကို မကူညီဘူးပေါ့"

ကျွန်တော်က အမြန်ဝင်၍-

"အဲဒီလို မပြောပါဘူး၊ ကျုပ်စိတ်ထဲမှာ အခုနေမှာ ကျုပ်စကားကိုနားထောင် ...မိတ်ဆွေတွေမှ ရှိပါလေဦးမလားလို့ သံသယဝင်နေလို့ပါ"

ဆန်ဒရာသည် ကျွန်တော့်ကို ဆက်လက်ကြည့်နေရာမှ-

"ဒါပေမယ့် ရှင် ကြိုးစားကြည့်ပေးမယ် မဟုတ်လား"

"အစွမ်းကုန် ကြိုးစားပါ့မယ် ခင်ဗျာ"

ဆန်ဒရာသည် ထိုင်ရာမှ ထလိုက်၏။

"ကျွန်မ အဲဒီစကားပဲ လိုချင်တာပါ"

ဆန်ဒရာသည် သူ့လက်မှ နာရီကို ကြည့်လိုက်၏၊ ပြီးမှ ဆင်၍-

"နောက်တစ်နာရီမှာထွက်မယ့် လေယာဉ်ရှိတယ်၊ ကျွန်မ ...

ကျွန်တော်သည် စားပွဲနောက်မှထ၍ ဆန်ဒရာဆီ လျှောက်...

www.burmeseclassic.com

www.burmeseclassic.com



"တနင်္လာနေ့ကျယင် ဖုန်းဆက်လိုက်ပေါ့"

"စိတ်ချ၊ ဆက်လိုက်ပါ့မယ်"

ဆန်ဒရာသည် သူမ၏လက်ကို ဆန့်တန်းပေးလိုက်ပါသည်။

ကျွန်တော်သည် ဆန်ဒရာ၏လက်ကို ဆုပ်ကိုင်လိုက်ပြီး-

"ဆင်ဒီ၊ ကျုပ်ဟာ မင်းစိတ်ထဲမှာ ထင်မြင်ယူဆနေတဲ့လူမျိုး ဟုတ်မနေဘူးဆိုယင် ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်ဟာ ပေးပြီးသားကတိစကားကို မတည်နိုင်တဲ့လူဖြစ်ချင် မရည်စူးပါဘူး"

ဆန်ဒရာကပြုံး၍-

"ရှင်ဟာ ကျွန်မအတွက်တော့ လုံလောက်တဲ့ ယောက်ျားကောင်းတစ်ဦးပါပဲ"

ကျွန်တော်သည် ဆန်ဒရာ၏မျက်လုံးများကို စိုက်ကြည့်လိုက်၏။ ဆန်ဒရာ၏ မျက်လုံးများထဲတွင် မြှောက်ပင့်နေခြင်း အရိပ်အရောင် မတွေ့ရပါ။ ကျွန်တော်က-

"ကျေးဇူးတင်ပါတယ် ဆင်ဒီ"

ဆန်ဒရာ၏ အောက်နှုတ်ခမ်းများသည် တုန်ယင်၍ လာပါသည်။ ကျွန်တော်သည် ဆန်ဒရာ့ကိုယ်လုံးကလေးကို အသာဆွဲ၍ သူမကို နမ်းလိုက်မိပါ၏။

"ဘရက်ဒ်"

ဆန်ဒရာသည် သူမ၏ခေါင်းကို နောက်သို့ဆုတ်လိုက်ပါသည်။ ပြီးနောက် ကျွန်တော့်ခေါင်းကို လက်နှစ်ဘက်နှင့်ကိုင်ပြီး ကျွန်တော့်မျက်လုံးများကို စူးစူးစိုက်စိုက် လေ့လေ့လာလာကြည့်ပြီး အဖြေရှာနေ၏။

ကျွန်တော်က တီးတိုးလေသံဖြင့်-

"ဆင်ဒီ၊ ကျုပ် တောင်းပန်ပါတယ်"

ဆန်ဒရာ၏ နှုတ်ခမ်းများသည် ဟ,ပက်ပက်နှင့် စကားပြောမည်ပြုခိုက် နောက်ဘက်မှ အသံတစ်ခု ကြားရပါသည်။

"ဘရက်ဒ်၊ ရှင် အလုပ်တွေ သိပ်ပင်ပင်ပန်းပန်း လုပ်နေတယ်မဟုတ်လား။ ဒါကြောင့် ကျွန်မပဲ ရှင့်ဆီကို လာလိုက်တာ"

စကားသံအဆုံးတွင် တံခါးပေါက်သည် လုံးလုံးပွင့်သွားပါသည်။ တံခါးဝမှာ ရပ်နေသူကား အယ်လိန်းပင် ဖြစ်ပါ၏။

ရုတ်တရက် ကျွန်တော်တို့ သုံးယောက်စလုံးသည် ကြက်သေသေပြီး မည်သူမျှ လှုပ်ရှားနိုင်ခြင်းမရှိကြပါ။ ထို့နောက် ဆင်ဒီသည် ကျွန်တော့်လည်တိုင်ကို သိုင်းဖက်ထားသည့် လက်နှစ်ဘက်ကို ဖယ်ချလိုက်ပါ၏။

ပြုံး၍ဝင်လာသော အယ်လိန်းမျက်နှာပေါ်မှ အပြုံးသည် ရုတ်တရက်ခဲသွားသလို ဆက်လက်တည်ရှိနေပါသည်။ သည်နောက် အယ်လိန်းမျက်ဝန်းထဲတွင် နာကျင်



မှုအရိပ်များ ပေါ်လာပြီး အပြုံးသည်လည်း ပျောက်ကွယ်သွားပါသည်။ အယ်လိန်းသည် တံခါးဝမှာပင် ကျောက်ဆစ်ရုပ်ပမာ မလှုပ်မရှား ရပ်နေဆဲဖြစ်ပါသည်။ တံခါးဝတွင် သူမ၏ကိုယ်လုံးကလေးမှာ သွယ်လျလျကလေး ဖြစ်နေ၏။ သူမ၏ လက်တစ်ဘက်မှာ တံခါးလက်ကိုင်ဘုကို ကိုင်ထားဆဲဖြစ်ပြီး ထိုတံခါးလက်ကိုင်ဘုကိုသာ ကိုင်မထားရပါက အယ်လိန်းတစ်ယောက် လဲပြိုကျသွားရလေမလားဟု စိုးရိမ်စရာပင် ဖြစ်ပါသည်။ အယ်လိန်း၏ မျက်လုံးများကမူ ကျွန်တော့်ကိုတစ်လှည့် ဆင်ဒီ့ကိုတစ်လှည့် အပြန်အလှန် ကြည့်နေပါသည်။ နောက်ဆုံးတွင်မှ အယ်လိန်းက-

"ဟဲလို ဆန်ဒရာ"

အယ်လိန်းသည် သူမ၏လေသံထဲတွင် စိတ်လှုပ်ရှားမှုများ မပါဝင်စေရန် အလွန်ကြိုးစားထိန်းထားကြောင်း ကျွန်တော် သိပါသည်။

ဆင်ဒီက လေသံခပ်အက်အက်ဖြင့်-

"ဟဲလို မစ္စက်ရှိုင်လာ"

ယခုသော်ကား အယ်လိန်း၏မျက်လုံးအိမ်ထဲတွင် ကျွန်တော်၏ရုပ်သွင်အပေါ်၌ ပိတ်ကားကန့်လန့်ကာချလိုက်ပြီး ဖြစ်ပုံရပါသည်။ အယ်လိန်းက-

"ကျွန်မ မှားတာပဲ ဖြစ်မှာပါ ဘရက်ဒ်"

ဘယ်လိုပဲ ထိန်းသိမ်း၍ ပြောသည်ဖြစ်စေ အယ်လိန်း၏လေသံထဲတွင် နာကျင်မှုအရိပ်များသည် စိမ့်ဝင်နေပါ၏။ အယ်လိန်းက ဆက်၍-

"ဒါပေမယ့် ရှင်က နည်းလမ်းအစုံကို သုံးရမှာပဲလို့ ဆိုတုန်းက ကျွန်မ ရှင့်စကားကို မယုံကြည်ခဲ့မိဘူး၊ ခုတော့ ကျွန်မ သိပါပြီ၊ ယုံပါပြီ"

အယ်လိန်းသည် ချာကနဲလှည့်ပြီး ထွက်သွားလေ၏။ အယ်လိန်း၏နောက်ဘက်တွင် တံခါးပေါက်သည်လည်း ပိတ်သွားပါလေ၏။

ဆင်ဒီနှင့် ကျွန်တော်တို့သည် တစ်ဦးမျက်နှာကို တစ်ဦးကြည့်၍ ကျန်ရစ်ပါသည်။ စောစောက အိပ်မက်ပူဖောင်းကလေးသည်လည်း ပေါက်ကွဲသွားပြီဖြစ်ပါ၏။ ကျွန်တော်သည် တံခါးရှိရာသို့ပြေးပြီး ဖွင့်လိုက်ပါသည်။

ရုံးခန်းတစ်ခုလုံးမှာ ပကတိ ဟင်းလင်းကြီးဖြစ်နေ၏။

"အယ်လိန်း"

ကျွန်တော်သည် ပါးစပ်မှ သံကုန်အော်၍ စင်္ကြံဘက်သို့ ပြေးထွက်ခဲ့ပါသည်။ ဓာတ်လှေကားဘက်မှ တံခါးပိတ်သံကို ကြားလိုက်ရပါသည်။

"အယ်လိန်း"

ကျွန်တော်သည် အော်ခေါ်ယင်း ပြေးလိုက်ခဲ့ပါသည်။

သို့သော် နောက်ကျခဲ့ပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ ကျွန်တော် မတွေ့ရတော့ပါ။

ကျွန်တော်သည် ပိတ်လျက်သားဖြစ်နေသော မာတ်လှေကားတံခါးကို ကြည့်ယင်း ကျန်ရစ်ပါသည်။ အတန်ကြာမှ နောက်ပြန်လှည့်ပြီး ရုံးခန်းရှိရာသို့ လျှောက်လာခဲ့ပါ၏။

ဆန်ဒရာသည် အခန်းထဲတွင် ရပ်လျက်သားရှိနေပြီး ကျွန်တော့်ကို ကြည့်၍ အကဲခတ်နေပါသည်။ ကျွန်တော်သည် စန္ဒရားနံဘေးမှ ကျော်ဖြတ်၍ ကျွန်တော့်ကုလားထိုင်ပေါ်သို့ စိတ်ပျက်လက်ပျက် အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပါသည်။

ဆန်ဒရာက-

"ရှင် သူ့ကိုသိပ်ချစ်တာပဲနော် ဘရက်ဒ်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါ၏။

ဆန်ဒရာသည် ရုံးခန်းတံခါးပေါက်ရှိရာသို့ လျှောက်သွားပြီး တံခါးကို ဆွဲဖွင့်လိုက်၏၊ ပြီးမှ-

"ဂွတ်နိုက် ဘရက်ဒ်"

"ဂွတ်နိုက်"

ကျွန်တော်က ပြန်လည်နှုတ်ဆက်လိုက်ပါသည်။ တံခါးပိတ်သွားသံကို ကြားရသော်လည်း ကျွန်တော် မော့်၍မကြည့်ပါ။ ကျွန်တော်သည် ကုလားထိုင်နောက်ကျောကို မှီထိုင်ယင်း မျက်စိအစုံကို မှိတ်ထားလိုက်ပါ၏။ ကျွန်တော့်အာရုံထဲတွင် အယ်လိန်း၏ ဖုတ်ဝန်းထဲမှ နာကျင်သောခံစားမှုဝေဒနာကို မျှဝေခံစားရမိပါသည်။ ကျွန်တော့်ကိုယ်ခန္ဓာတစ်ခုလုံးသည် အယ်လိန်းနည်းတူ ခံစားနေရပါ၏။ ဘာမှ မမှန်တော့ပါကလား။ နောက်ထပ် ဘာတစ်ခုမှ မှန်ကန်နိုင်ခြင်း မရှိတော့ပါကလား။ မက်ဘရက်ဒီမှ လွဲယင်ပေါ့။

မက်ဘရက်ဒီတား နိုင်သွားခဲ့ပြီဖြစ်ပါ၏။ ကျွန်တော့်တွင် သူ့အား ခုခံတိုက်ခွဲဝင်ရန် ခွန်အားမရှိတော့ပါ။ ကျွန်တော်သည် ရုံးခန်းထဲသို့ လျှောက်ကြည့်လိုက်ပါသည်။ တည်ငြိမ်ဆဲတော့ ကောင်းနေတတ်ပါ၏။ သို့သော် ယခုတော့ ပွဲကပြီးပါပြီ။ ယခုမှ ဘာမှ လုပ်စရာ မရှိတော့ပါ။ နက်ဖြန်ဆိုပါက ဤရုံးခန်းကို ပိတ်လိုက်ရုံသာ ရှိပါတော့သည်။ နောက်တစ်ပတ်ဆိုလျှင် ကျွန်တော်ကိုယ်တိုင်လည်း အလုပ်ထွက်ရာရုံသာ ရှိပါတော့သည် ဖြစ်၏။

ကျွန်တော်သည် ရုံးခန်းထဲမှာပင် လိုက်ပြီး ပုလင်းရှာနေမိပါသည်။ ရုံးမှတော့ ရှတိုင်ကလေးနှင့် ခမ်းခမ်းနားနားလုပ်မှ တော်ပေမည်။ အရက်ဆိုသည်က ကျွန်တော့်ကြွေးရှင်များထံမှာထက် ကျွန်တော့်ဝမ်းဗိုက်ထဲ ပို့ထားသည်က ပို၍ကောင်းနိုင်သည် မဟုတ်ပါလား။ ကျွန်တော်သည် ဖန်ခွက်ထဲသို့ အရက်ငှဲ့နေစဉ် တံခါးပေါက်ဆီမှ တိုးတိတ်သော တံခါးခေါက်သံကြားရပါသည်။



လက်ဗီ၏အသံက-

"ဘရက်ဒ်၊ ခင်ဗျား ရှိနေတုန်းပဲလား"

"ဝင်လာခဲ့လေ ဘော့"

ကျွန်တော်သည် မိမိဘာသာ ခါးသီးစွာ ပြုံးလိုက်မိပါသည်။ ပေါက်တဲ့နဖူး မထူးတော့ပါပြီ။ ယခုပဲ ဘော့နှင့် ရင်ဆိုင်လိုက်ဖို့ပဲ ရှိတော့၏။ နက်ဖြန်မနက်ကျမှ အလုပ်ပိတ်လိုက်ပြီဖြစ်ကြောင်း ပြောနေ၍ မကောင်းတော့ပါ။ ဘော့လက်ဗီသည် ကမ္ဘာပေါ်တွင် အတိုဆုံးအလုပ်ရသူအဖြစ် စံချိန်တင်နိုင်တော့မည်ဖြစ်၏။

လက်ဗီ၏မျက်နှာပေါ်တွင် စိတ်အားထက်သန်မှု ရှိနေသည်ကို သတိထားမိ၏။ သူသည် ကျွန်တော့်စားပွဲခုံပေါ်သို့ ကိုင်းညွတ်၍-

"ခင်ဗျားက မက်ဘရက်ဒီရဲ့သမီးနဲ့ ဘယ်လိုပတ်သက်နေရတာလဲ"

ကျွန်တော်သည် တအံ့တသြ မော့ကြည့်လိုက်ပါသည်၊ ကျွန်တော့်လက်ထဲတွင် အရက်ဖန်ခွက်သည် ကိုင်ထားဆဲဖြစ်ပါ၏၊ ဘော့လက်ဗီသည် ကျွန်တော့်ထက်သင် အခြေအနေကို ရှုပ်ထွေးစွာ သိမြင်နားလည်နေပါကလား၊ ကျွန်တော်က-

"မစ္စက်ရှိုင်လာက မက်ဘရက်ဒီရဲ့ တူမပါဗျ"

ဘော့လက်ဗီသည် စိတ်မရှည်စွာဖြင့်-

"ကျွန်တော်က မစ္စက်ရှိုင်လာကို ပြောနေတာ မဟုတ်ဘူးဗျ"

ကျွန်တော်က-

"ဒါဆို ဘယ်သူ့ကို ပြောနေတာလဲ"

ဘော့၏အဖြေကို ကြားလိုက်ရသောအခါ ကျွန်တော့်လက်ထဲမှ အရက်ခွက်သည် လွတ်ကျသွားပြီး စားပွဲပေါ်သို့ အရက်များ ဖိတ်သွားပါသည်၊ ကျွန်တော့်ဘောင်းဘီပေါ်သို့လည်း ဖိတ်စင်၍ကျပါသည်။ သို့သော် ကျွန်တော် လုံးဝဂရုမစိုက်တော့ပါ။ ကျွန်တော်သည် သေရာမှ ပြန်လည်ရှင်သန်လာခဲ့ပြီ။ သချိုင်းမှ ပြန်လည်ထနိုင်လာခဲ့ပြီ မဟုတ်ပါလား။

ဘော့ ပြောလိုက်သည်မှာ-

"ကျွန်တော်ပြောတာက ဆန်ဒရာဝဲလ်လေ့စ်ကိုဗျ"

□□□

www.burmeseclassic.com

## အခန်း (၂၆)

ကျွန်တော်သည် ဤကဲ့သို့မျိုး ခပ်ဆင်ဆင်ကို စောစောကတည်းက တွေးမိခဲ့ရမည် ဖြစ်ပါသည်။ သို့သော် ကျွန်တော်၏ခေါင်းသည် တည့်တည့်တွေးတောနိုင်ခဲ့ခြင်း မရှိ၊ ကျွန်တော်သည် အပေါ်ယံကြော အခြေအနေများနှင့် တင်းတိမ်ကျေနပ်နေခဲ့ခြင်း ဖြစ်ပါသည်၊ ၁ကတည်းက ခပ်နက်နက် တူးဖော်ရှာဖွေခဲ့ဖို့ ကောင်း၏။

ကျွန်တော်သည် ဘောင်းဘီပေါ်မှ ပေကျံနေသော အရက်များကိုသုတ်ယင်း-

"သက်သေ ခိုင်ခိုင်လုံလုံ ရှိရဲ့လား"

လက်ဗီသည် ခေါင်းကိုခါယမ်း၍ ပြုပါသည်။ သူက-

"ကျွန်တော်က အဲဒီကိစ္စကို အမိကမထားခဲ့မိဘူး၊ တွေ့တာကိုက တိုက်ဆိုင်မှု တစ်ခုကြောင့် တွေ့တာ၊ အစိုးရရဲ့အမှုနဲ့လဲ ဘာမှမပတ်သက်လို့ ကျွန်တော်က ဒီအတိုင်း ပဲ ထားလိုက်ခဲ့တာပဲ"

"အဲဒီကိစ္စဟာ မောင်ရင့်အလုပ်ကို ကယ်ချင်ကယ်နိုင်ခဲ့မှာ"

ကျွန်တော့်စိတ်ထဲတွင် ဤကိစ္စကို သူ့အနေနှင့် ဘာ့ကြောင့်အသုံးမပြုခဲ့ပါ လိမ့်ဟု တွေးတောနေမိ၏။

လက်ဗီသည် ကျွန်တော့်ကို တည့်တည့်ကြည့်၍-

"အဲဒီကိစ္စကိုသုံးယင်လဲ အီလ်ဒါကို ဒီမှာနေဖို့ ဖြစ်မှာမဟုတ်ဘူးလေ"



သူသည် စီးကရက်တစ်လိပ်ကိုထုတ်ပြီးမှ ဆက်၍-

"ဒီမိန်းကလေးကို ခင်ဗျားရဲ့ရုံးခန်းထဲမှာတွေ့ရမှ ကျွန်တော့်ခေါင်းထဲမှာ ပေါ် လာခဲ့တာ၊ ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားလဲ သိသွားပြီလို့ ထင်နေခဲ့တာ"

ကျွန်တော်က-

"ဒီကိစ္စကို ဆင်ဒီကကော သိရဲ့လား"

လက်ဗီက ခေါင်းယမ်းပြ၍-

"သိမယ်မထင်ဘူး၊ သူ့ရဲ့မိဘတွေကလွဲယင် ဘယ်သူမှ သိမယ်မထင်ဘူး ကျွန်တော် သိရသလောက်တော့ ဆင်ဒီရဲ့ဖခင်ကလဲ ဆုံးသွားခဲ့ပြီဆိုတော့ သူ့အမေ တစ်ယောက်ပဲ ဒီဇာတ်လမ်း မှန်မမှန် ထောက်ခံနိုင်တော့မှာပဲ၊ သူ့အမေကလဲ ဖွင့်ပြော မယ်လို့ ကျွန်တော်မထင်ဘူး"

ကျွန်တော်သည် လက်ဗီ့လက်ထဲမှ ကိုင်နေဆဲဖြစ်သော စီးကရက်ကို မီးညှိ ပေးလိုက်ပါသည်။ ယခုတော့ ကျွန်တော်သည် လုံးဝနိုးကြားနေပြီ ဖြစ်ပါ၏။ ကျွန်တော့် ခေါင်းထဲတွင်လည်း စက်ယန္တရားတို့က ပြင်းထန်စွာ လည်ပတ်ခုတ်မောင်းနေကြပြီ ဖြစ် ပါသည်။ ကျွန်တော်သည် ဖန်ခွက်နှစ်လုံးထဲသို့ အရက်နှစ်ခွက်ငှဲ့လိုက်ပြီး တစ်ခွက်ကို သူ့အား လှမ်းပေးယင်း-

"ကဲ ဇာတ်လမ်းကို အစအဆုံးလေး ပြောပြစမ်းပါဦး"

လက်ဗီသည် ကျွန်တော့်လက်ထဲမှ ခွက်ကိုယူ၍ ကျွန်တော်နှင့် မျက်နှာချင်း ဆိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ သူက-

"ကျွန်တော်ဟာ ကွန်စတီးလ်ကုမ္ပဏီရဲ့ အစုရှယ်ယာစာရင်းကို (၁၉၁၂) ခုနှစ် ကစပြီး ကောက်ယူခဲ့ပါတယ်၊ အဲဒီအချိန်တုန်းက မက်ဘရက်ဒီဟာ သူ့ရဲ့အစုရှယ်ယာ အချို့ကို သူ့ဇနီးလောင်းအတွက် လွှဲပေးခဲ့တုန်းကပါပဲ၊ (၁၉၂၅) ခုနှစ်အထိ ဘရက်ဒီ ဟာ သူ့ရဲ့အစုရှယ်ယာတွေကို တစ်ခါမှ ရောင်းခဲ့လွှဲပေးခဲ့တာ မရှိဘူး၊ ထပ်ပြီးတိုးခဲ့တာပဲ ရှိတယ်၊ ဒါပေမယ့် (၁၉၂၅) ခုနှစ်မှာ သူဟာ အစုရှယ်ယာ (၅၀၀) ကို ဂျိုးဇက်နဲ့ မာ တာပိုလင်စီဝိုက်ဒ်တို့ လင်မယားကို လွှဲပေးခဲ့တယ်၊ အစုရှယ်ယာတွေဟာ သူသေတဲ့အခါ မှ ထုတ်ယူသုံးစွဲခွင့် ရှိတာပေါ့လေ၊ ပြီးနောက်မှ အဲဒီရှယ်ယာတွေဟာ ဆန်ဒရာလက်ထဲ ရောက်မယ်ပေါ့"

လက်ဗီသည် သူ့အရက်ခွက်ထဲမှ အရက်ကို တစ်ငုံမျှ သောက်ယူလိုက်ပြီး နောက်မှဆက်၍-

"အဲဒီလို အစုရှယ်ယာ လွှဲပြောင်းပေးလိုက်ချိန်တုန်းက ဆိုယင်တော့ ဒေါ်လာ ငါးသောင်းလောက် တန်ဖိုးရှိမှာပေါ့လေ၊ ယနေ့ခေတ်နဲ့ဆိုယင် နှင်ဆတော တစ်သိန်းနီး ရှော့မယ်၊ ကျွန်တော့်စိတ်ထဲမယ် အဲဒါကိုတွေ့တွေ့ချင်း စိတ်ဝင်စားသွားတယ်၊ သိချင်

www.burmeseclassic.com

www.burmeseclassic.com



စိတ် ဖြစ်ပေါ်သွားတယ်၊ ဒီတစ်ခါပဲ ဘရက်ဒီဟာ သူ့တပါးကို ပေးတာကမ်းတာ တွေ့ဖူးသေးတယ်၊ ဒါနဲ့ပဲ ကျွန်တော် စုံစမ်းဖြစ်ခဲ့တာပဲ"

ကျွန်တော်သည် ဘာမှဝင်မပြောပါ။

လက်ဗီက ဆက်၍-

"ဆန်ဒရာရဲ့အမေဟာ ပစ်စဘတ်မြို့ ဘရက်ဒီရဲ့အိမ်မှာ အိမ်ဖော်လုပ်ခဲ့ဖူးတယ်၊ ကျွန်တော် လေ့လာစုံစမ်းလို့ ရသလောက်တော့ ဆန်ဒရာရဲ့အမေဟာ ငယ်ငယ်တုန်းက ဆန်ဒရာရဲ့ ပုံမျိုးပန်းမျိုးဆိုပဲ"

လက်ဗီသည် ပြုံးလိုက်၏။ ပြီးမှ-

"အဲ အမေက သမီးနဲ့တူတာမျိုးမဟုတ်ဘဲ၊ သမီးက အမေနဲ့တူတာမျိုး ဖြစ်မှာပေါ့နော်၊ အဲ ဆန်ဒရာ့အမေရဲ့ အဆက်အပေါက်ဟာ လှတယ်၊ ရုပ်ကလဲ ချောတယ်ပေါ့ဗျာ၊ ကျွန်တော်ဆိုလိုတာကို သဘောပေါက်တယ်နော်"

ကျွန်တော်သည် သူ၏ဆိုလိုချက်ကို သဘောပေါက်ကြောင်း ခေါင်းညိတ်၍ ပြလိုက်ပါသည်။

လက်ဗီက ဆက်၍-

"အဲဒီတုန်းက မက်ဘရက်ဒီရဲ့အသက်ဟာ ငါးဆယ်လောက်ရှိပြီ၊ သူလက်ထပ်တာကလဲ အရွယ်အတော်ရမှ လက်ထပ်ခဲ့တာ၊ လက်ထပ်လို့ ဘာမှမကြာသေးခင်မှာပဲ တားမှောက်ပြီး သူ့မိန်းမဟာ မသန်မစွမ်း ဒုက္ခိတအဖြစ် ရောက်ခဲ့ရတယ်၊ အဲဒီအိမ်မှာ အလုပ်လုပ်နေတဲ့ မာတာလို မိန်းမမျိုးဟာ ဒုက္ခိတတွေကို အိမ်ထောင်ဘက်ပြုနေရတဲ့ ယောကျ်ားမျိုးမပြောနဲ့ ရိုးရိုးသာမန် ယောကျ်ားတစ်ယောက်အတွက်တောင် ထိန်းဖို့သိမ်းဖို့ ခက်မှာပဲ၊ သည်တော့ ဘာဖြစ်နိုင်တယ်ဆိုတာ ခင်ဗျားလဲ တွေးလို့ရမှာပါပဲ"

လက်ဗီလက်ထဲမှ အရက်ခွက်သည် ထက်ဝက်ကျိုးနေပြီဖြစ်၏။ ကျွန်တော်က ထပ်ဖြည့်ရန် ကြိုးစားသောအခါ လက်ဗီက ခေါင်းခါ၍ပြပါသည်။ သူက-

"မာတာဟာ ဘရက်ဒီတို့လင်မယားအတွက် သုံးနှစ်လုံးလုံး လုပ်ကိုင်ပေးခဲ့ပြီးနေပြီလေ၊ အဲဒီမှာ ရုတ်တရက် မာတာက အလုပ်ထွက်ခဲ့တယ်လေ၊ ဘရက်ဒီရဲ့ဇနီးကလဲ ပြုန်းစားကြီးထွက်သွားလို့ အံ့သြတာပဲ၊ ဒါပေမယ့် ထွက်တယ်ဆိုတော့လဲ မတားသာဘဲ လက်ဆောင်ကောင်းကောင်းပေးပြီး လွှတ်လိုက်ရတာပဲပေါ့"

"နောက်သုံးလလောက်အကြာမှာ ဂျိုးပိုလင်စီဝိုက်ဒ်ဟာ မက်ရဲ့ရုံးခန်းထဲကို ရောက်လာခဲ့တယ်လေ၊ သူ့ရဲ့ အလုပ်ထဲမှာဝတ်တဲ့ ယူနီဖောင်းကို ဝတ်လျက်နဲ့ပဲ သူတို့နှစ်ယောက် ရုံးခန်းထဲမှာ ဘာတွေပြောကြတယ်ဆိုတာတော့ ကျွန်တော်လဲမသိဘူး၊ သူတို့နှစ်ယောက်ကတော့ ဟိုငယ်စဉ်ကတည်းကပဲ သံရည်ကြိုစက်ရုံမှာ လုပ်ဖော်ကိုင်ဘက်တွေ၊ မိတ်ဆွေရင်းချာတွေပဲ၊ ကျွန်တော်သိတာကတော့ ဂျိုးတစ်ယောက် မက်



ဘရက်ဒီရဲ့ ရုံးခန်းထဲက ထွက်သွားတဲ့အချိန် သူ့အိတ်ထဲမှာ မက်ဘရက်ဒီရဲ့ ဒေါ်လာငါးထောင်တန် ချက်လက်မှတ်တစ်စောင် ရသွားတယ်ဆိုတာပဲ"

"ဂျိုးဟာ အဲဒီရုံးခန်းကနေ သူ့အိမ်ကိုပြန်တယ်၊ သူ့ရဲ့ ဝတ်ကောင်းစားလှတစ်စုံကို လဲတယ်၊ မြို့တော်ခန်းမကို သွားတယ်၊ မာတာနဲ့တွေ့တယ်၊ အဲဒီနေ့ခင်းမှာပဲ စ်ဦး လက်ထပ်ခဲ့ တာပါပဲ"

"နောက်ထပ် လေးဆယ်အကြာမှာ ဆန်ဒရာကို ဖွားမြင်တယ်၊ နောက်ပဲ မက်ဘရက် က သူ့ရဲ့အစုရှယ်ယာငါးရာကို လွှဲပေးခဲ့တာပဲ"

ကျွန်တော်သည ငြိမ်သက်စွာပဲ နားထောင်၍နေပါသည်။ သည်အချက်ကို ကြားသိခဲ့ရသည့်အတွက် ဘရက်ဒီသည် ကျွန်တော်ထင်ထားသလောက် ကပ်စေးနဲကော်တရာတစ်ယောက် ဟုတ်သေးကြောင်း သိရပါ၏။ သူသည် သူ့လုပ်ရပ်တစ်ခုအတွက် တစ်စုံတရာသော အတိုင်းအဆအထိ ပေးဆပ်သေးသူပါကလားဟု မှတ်လိုက်ပါ၏။ သို့သော် အမှန်အာ ဖြင့် ဒီထက်တော့ ပိုပုံရပါသည်။ သူ့နည်းသူ့ဟန်ဖြင့် သူသည် ဆန်ဒရာကို ချစ်ခင်ပုံရ၏။ ဆန်ဒရာသည် တကယ်တမ်း သူ၏တစ်ဦးတည်းသော မျိုးဆက် ဟုတ်ပါလား။ ယခုတော့ မက်ဘရက်ဒီသည် ဆန်ဒရာကို ဘာကြောင့် သူ့မျက်စိအောက်မှ အပျောက်မခံခဲ့သည်ကို နားလည်နိုင်ပါတော့၏။ သူ၏အလုပ်မှလွှဲ၍ ဆန်ဒရာသည်သာ သူ့ဘဝ၌ သူသည် ယောကျ်ားဘသားတစ်ဦးဖြစ်ကြောင်း သက်သေထူစရာ ရှိတော့သည် မဟုတ်ပါလား။

ကျွန်တော်သည် ကျွန်တော့်ခွက်ထဲသို့ အရက်ထပ်ဖြည့်လိုက်ပြီး နည်းနည်းချင်း စုပ်ယူသောက်လိုက်ပါသည်။ လူ့ဘဝဆိုသည်မှာ ထူးဆန်းမှုများနှင့် ပြည့်နှက်နေပါကလား။ ထိုသို့ စောင့်ရှောက်ကြည့်မြင်လိုစိတ်ဖြင့် ဘရက်ဒီက သူ့သမီးကို သူ့မျက်စိအောက်မှာ ထားစေခဲ့ခြင်းသည်ပင် သမီးက သူ့အားမုန်းတီးစေခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ သူ့သမီးစိတ်ထဲမှာ သိပါလေစဟု ကျွန်တော် သံသယဖြစ်မိ၏။ အကယ်၍ သူသိသွားပါက အပြောင်းအလဲများ သူလုပ်လေမလား မပြောတတ်။

ကျွန်တော်က-

"မောင်ရင်တို့ရဲ့ ဥပဒေစကားနဲ့ဆိုရင် ပတ်ဝန်းကျင်အခြေအနေအရ ကောက်ယူနိုင်တဲ့ သက်သေအထောက်အထားလို့ ဆိုရမှာပေါ့နော်"

လက်ဗီပြုံး၍-

"အဲဒီနည်းမျိုးတွေနဲ့လဲ အမှုကောင်းတွေ ရနိုင်တယ်နော်"

ကျွန်တော့်စိတ်ထဲဟွင်ကား ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်သည်။ တခြားနည်းလမ်းလဲ မရှိတော့။ ကျွန်တော်သည် အလဲထိုးလက်သီးချက်ကိုပဲ သုံးရတော့မည် ဖြစ်၏။ ဘယ်ယူစနစ်နှင့် ထိုးနေ၍မဖြစ်တော့။ ကျွန်တော်က-

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချက်အလက် အသေးစိတ်တွေနဲ့ ပတ်သက်ပြီး ကော်ပီကူးမယ်ဆိုယင် ဘယ်လောက်မြန်မြန် ရနိုင်မလဲ"

လက်ဗီက-

"သုံးလေးနာရီပေါ့၊ တချို့လဲ ကျွန်တော့်ဆီမှာ ရှိပြီးသားပဲ၊ စတော့ရှယ်ယာ အလွှဲအပြောင်းကိစ္စ အချက်အလက်မျိုးတွေပေါ့၊ ကျန်တဲ့ အချက်အလက်တွေတော့ ပစ်စဘတ်မြို့ကို ကျွန်တော်သွားမှရမယ်"

ကျွန်တော်သည် အရက်ပုလင်းကိုယူပြီး ဗီရိုထဲသို့ ပြန်ထည့်လိုက်၏။ ပြီးမှ-

"ဒါဖြင့်လဲ အဲဒါတွေအကုန်လုံး ရအောင်လုပ်၊ နက်ဖြန်နေ့ခင်း တစ်နာရီထိုးမှာ မောင်ရင့်ကို ကျုပ် ဘရက်ဒီရဲ့ရုံးခန်းမှာ တွေ့မယ်"

လက်ဗီမျက်နှာပေါ်တွင် ထူးဆန်းသော အရိပ်အယောင်တစ်ခု ထင်ဟပ်လာ၏။ သူသည် တစ်စုံတရာ ပြောမည်ပြုသည်။ ပြီးမှ စဉ်းစားသွားပုံရ၏။

ကျွန်တော်က-

"ဘာဖြစ်လို့လဲ၊ ကြောက်နေလို့လား"

လက်ဗီက ခေါင်းခါရမ်းပြလိုက်ပြီး-

"ကျွန်တော့်အတွက် မဟုတ်ပါဘူး၊ ကျွန်တော်ကတော့ ခံရပြီးပါပြီ၊ ဒါပေမယ့် ခင်ဗျားအတွက် စိုးရိမ်မိတာပါ"

ကျွန်တော်သည် တစ်မိနစ်ခန့် ငြိမ်သက်စွာ ရပ်နေလိုက်၏။ သူ ဘာဆိုလိုကြောင်း ကျွန်တော်သိပါသည်။ သို့သော် ကျွန်တော့်တွင် တခြားသုံးစရာ နည်းလမ်းမရှိတော့ပါ။ နောက်ဆုံး၌ ကျွန်တော်က ပြုံး၍-

"ပင်ဆူဝင်နီးယားပြည်နယ်မှာ ငြိမ်းချောက်ငွေညစ်မှုရဲ့ ပြစ်ဒဏ်ဟာ ဘယ်လောက်ကြီးသလဲဟင်"

လက်ဗီ၏မျက်နှာမှာ ပကတိတည်တည်ကြီး ဖြစ်ပါသည်။ သူက-

"ကျွန်တော်လဲ ဒီအတိုင်းအလွတ်တော့ မပြောနိုင်ဘူးဗျ"

ကျွန်တော်က-

"ဒါဖြင့်လဲ အဲဒီမှာ မောင်ရင်ရောက်တုန်း တစ်ပါတည်း စုံစမ်းထားလိုက်လေ၊ ဒါမှ ကျုပ်ရှုံးခဲ့ယင် ဘာဖြစ်နိုင်သလဲဆိုတာ သိနိုင်တာပေါ့"

❑

တာဝါဟိုတယ်စားပွဲမှ စာရေးက ကျွန်တော်ကိုပြုံးပြပြီး-

"ကောင်းသောညနေခင်းပါ မစ္စတာဂိုဝန်"



ကျွန်တော်သည် သူ့နောက်နံရံရှိ နာရီကို ကြည့်လိုက်၏။ ကိုးနာရီထော်ထော်ရှိနေပြီဖြစ်၏။

"မစ္စက်ရှိုင်လာရှိသလားလို့ စုံစမ်းကြည့်စမ်းပါ"

"ဟုတ်ကဲ့ မစ္စတာဂိုဝန်"

စာရေးသည် စားပွဲပေါ်မှဖုန်းကို ကောက်ကိုင်ပြီး တစ်စုံတရာ ပြောလိုက်၏။ စက္ကန့်အနည်းငယ် ကြာသောအခါ သူက မော့ကြည့်ပြီး-

"တယ်လီဖုန်းတော့ ပြန်မဖြေဘူးခင်ဗျ"

ထိုသို့ဖြေဆိုပြီးနောက် သူသည် သူ၏နောက်ဘက်နံရံမှ သော့ချိတ်စင်ကို လှမ်းကြည့်ရာ သော့ချိတ်ထားသည်ကို တွေ့ရ၏။ သူက ကျွန်တော့်ဘက် ပြန်လှည့်ပြီး-

"ကျွန်တော့်အလှည့်မကျခင် အပြင်ထွက်သွားတယ် ထင်ပါတယ်၊ အခန်းသော့တော့ တွေ့တယ်ခင်ဗျ"

ကျွန်တော်က ခေါင်းညိတ်ပြပြီး လက်လှမ်း၍ သော့ကိုတောင်းရင်း-

"မကြာခင် သူ ပြန်ရောက်လာမှာပဲ ထင်ပါတယ်၊ ကျုပ် သူ့အခန်းထဲက စောင့်နေမယ်လေ"

"အဲ. . . ထုံးစံတော့မရှိဘူး ခင်ဗျ"

စာရေးသည် ထုံးစံတွေဘာတွေ ပထမပြောလိုက်ပြီး ကျွန်တော့်လက်ထဲမှာ အသင့်ကိုင်ထားသော ပိုက်ဆံကိုမြင်သည်နှင့် ရုတ်တရက် အသံပြောင်းသွားပြီး-

"ဒါပေမယ့် မစ္စတာဂိုဝန်ကိုဆိုတော့ တစ်မျိုးစဉ်းစားရမှာပေါ့လေ"

စာရေးသည် အပြုံးသားဖြင့် ကျွန်တော့်လက်ထဲမှ ပိုက်ဆံကိုယူပြီး သော့ကို ကျွန်တော့်အား ပေးလိုက်ပါသည်။

ကျွန်တော်သည် ဟိုတယ်စာရေးအား ကျေးဇူးတင်စကား ပြောကြားလိုက်ပြီး အယ်လိန်း၏အခန်းရှိရာသို့ တက်ခဲ့၏။ အခန်းတံခါး သော့ဖွင့်ဝင်လိုက်ပြီး မီးခလုတ်ကို ဖွင့်လိုက်ပါသည်။ တံခါးအနားမှ ကုလားထိုင်ပေါ်သို့ ကျွန်တော်၏ ဦးထုပ်နှင့် ကုတ်အင်္ကျီကို တင်လိုက်၏။ ပြီးနောက် စီးကရက်တစ်ခွက်ငှဲပြီး ရေနည်းနည်းရောစပ်လိုက်ပါသည်။ အခန်းထဲမှာ နွေးတေးတေးရှိသဖြင့် ပြတင်းပေါက်ကို နည်းနည်းဖွင့်လိုက်ပြီး ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်၏။

မြို့ထဲမှ အသံဗလံများသည် ကျွန်တော့်နားထဲသို့ မသဲမကွဲဝင်၍ လာသည်။ ကျွန်တော်သည် စီးကရက်ကို နည်းနည်းချင်း စုပ်ယူသောက်လိုက်ယင်း အယ်လိန်းဘစ်နောက် စန္ဒရာ၏ အကြောင်းမှန်ကို သိမှာသိမလားဟု တွေးတောနေမိ၏။ သေချာပေါက် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အကယ်၍ သိနေပါက အယ်လိန်းသည် ဘာစ်တော့

www.burmeseclassic.com

www.burmeseclassic.com



တို စောစောကတည်းက ပြောပြပြီးဖြစ်မည်ပင်။ သို့မဟုတ်ပါက ဖွင့်ပြောမှပြောပေမည်လား မပြောတတ်။ ဘာပဲပြောပြော မက်ဘရက်ဒီသည် သူမ၏ သွေးသားအရင်းအချာကြီးပင် မဟုတ်ပါလား။

ကျွန်တော် ဒုတိယခွက် သောက်ပြီးခါနီးတွင် အချိန်သည် ဆယ်နာရီဝင်ထိုးလုပြီဖြစ်၏။ အယ်လိန်းကား မပေါ်လာသေး။ ကျွန်တော်သည် အခန်းတွင်းမှ ရေဒီယိုကိုဖွင့်လိုက်ပြီး ပြန်ထိုင်လိုက်၏။ သည်တစ်ကြိမ် ထိုင်လိုက်သောအခါမှ ကျွန်တော်သည် အလွန်ပင်ပန်းနေပြီဆိုခြင်းကို သိသွား၏။ ကျွန်တော်၏ မျက်လုံးများမှာ ပူလောင်ကျိန်းစပ်နေ၏။ ကျွန်တော်သည် မီးခလုတ်ကိုပိတ်လိုက်ပြီး မှောင်ထဲမှာပင် ဆက်၍ထိုင်နေလိုက်၏။ ရေဒီယိုမှ ထွက်ပေါ်နေသော ဂီတသံမှာ ငြိမ့်ညောင်းသာယာ နူးညံ့လှပေသည်။ ကျွန်တော်၏ တောင့်တင်းနေသော အကြောအချင်များမှာ တဖြည်းဖြည်းပြေလျော့စပြုလာ၏။ ကျွန်တော်သည် အရက်ခွက်ကို နံဘေးမှစားပွဲပေါ်တွင် အသေအချာတင်၍ မျက်လုံးမှိတ်ကာ မှိန်းလိုက်ပါ၏။

ဟိုအဝေးကြီးတစ်နေရာမှ အမျိုးသားသီချင်းသံကို ကြားရသည်။ ကျွန်တော်သည် မျက်စိကို ကြိုးစား၍ ဖွင့်လိုက်သည်။ မျက်ခွံများမှာ အိပ်ချင်စိတ်ကြောင့် လေးထံ၍နေ၏။ ကျွန်တော်သည် မီးခလုတ်ကိုဖွင့်လိုက်ရာ တစ်ခန်းလုံး လင်းထိန်သွားလေ၏။ စောစောက ကျွန်တော်ကြားနေသော တေးသံမှာ ရေဒီယိုမှ ထွက်ပေါ်နေခြင်းဖြစ်၏။ အသံလွှင့်ဌာနသည် ယနေ့ညအတွက် ပိတ်နေပြီဖြစ်၏။ ကျွန်တော်သည် လက်မှနာရီကို ကြည့်လိုက်ရာ နံနက်သုံးနာရီထိုးနေပြီကို တွေ့ရ၏။

ကျွန်တော်သည် ထိုင်ရာမှထပြီး ရေဒီယိုကို ပိတ်လိုက်သည်။ ကျွန်တော်သည် ဤလောက်ပင်ပန်းနေပြီဆိုခြင်းကို ကျွန်တော်ကိုယ်တိုင် မရိပ်မိခဲ့။ အယ်လိန်းတစ်ယောက် ဘယ်များရောက်နေပါလိမ့်ဟု အတွေးပေါက်မိသည်။ ထိုစဉ် သတိတစ်ချက်ရပြီး အိပ်ခန်းထဲသို့ဝင်ကာ နံဘေးမှ အဝတ်အစားထည့်သော ဗီရိုကို ဖွင့်လိုက်၏။

ကျွန်တော့်အတွေးသည် မှန်ပါ၏။ အယ်လိန်း၏ ခရီးဆောင်အိတ်သည် မရှိတော့။ ကျွန်တော်သည် ဗီရိုတံခါးကိုပိတ်ပြီး ဧည့်ခန်းသို့ ပြန်လာခဲ့သည်။ တံခါးပေါက်နားက ကုလားထိုင်ပေါ်မှ ဦးထုပ်နှင့် ကုတ်အင်္ကျီကို ယူလိုက်ပြီး အခန်းထဲမှ ထွက်ခဲ့၏။ အောက်ထပ်သို့ ဓာတ်လှေကား စီးနင်းဆင်းသက်လာစဉ် ကျွန်တော့်ရင်ထဲမှာ နာကျင်မှုဝေဒနာခံစားနေရကြောင်းကို ကျွန်တော်သတိပြုမိ၏။ ဘာပဲပြောပြော အဆုံးစွန်စကားပြောရလျှင် အယ်လိန်းသည် ကျွန်တော့်အား ရှင်းပြခွင့်တော့ ပေးဖို့ကောင်းပါသည်။ ဟိုတယ်စာရေး စားပွဲသို့ ရောက်သောအခါ ကျွန်တော်သည် သော့ကို ပစ်တင်ပေးခဲ့ပြီး ဟိုတယ်အပြင်ဘက်သို့ အငှားကားတစ်စီးငှားရန် ထွက်လာခဲ့လေ၏။



## အခန်း (၂၇)

ကျွန်တော် အဝတ်အစားလဲနေစဉ် အခန်းထဲသို့ မာဂီ ဝင်လာပါသည်။ ကျွန်တော်သည် မှန်ရှေ့မှာ မတ်တတ်ရပ်ပြီး နက္ကတိုင်ကို စည်းနေချိန်ဖြစ်ပါ၏။ ထိုအချိန်၌ ကျွန်တော်သည် နက္ကတိုင်ကို စတုတ္ထအကြိမ်မြောက် ချည်နေခြင်းဖြစ်ပြီး တစ်ကြိမ်မှ အချိုးကျနခြင်း မရှိခဲ့သေးပေ။ စိတ်ထဲမှ ကြိတ်ပြီး ကျိန်ဆဲလိုက်၏။

မာဂီက-

"ကျွန်မပဲ လုပ်ပေးပါ့မယ်"

ကျွန်တော်က မာဂီဘက် လှည့်ပေးလိုက်ရာ မာဂီက တစ်ချက်တည်းနှင့် အချိုးကျသွားလေ၏။ မာဂီက ပြုံး၍-

"ကမ္ဘာပေါ်မှာတော့ ရှာမှရှားတဲ့ ယောက်ျားပါပဲ"

ကျွန်တော်သည် မာဂီကို ငုံ့ကြည့်လိုက်ပြီး မာဂီတစ်ယောက် စစ်ပြေငြိမ်းသွားပြီလားဟု တွေးလိုက်၏။ အကြောင်းမှာ ဤစကားတစ်ခွန်းသာ ဤအဖတ်အတွင်း၌ အကောင်းပါသေးသောကြောင့် ဖြစ်ပါ၏။ ကျွန်တော်က ပြန်ပြုံးပြပြီး-

"ခုမှတော့ ပြောင်းလဲနေဖို့ အကြောင်းမရှိတော့ပါဘူးကွာ၊ ကိုယ်က အသက်ကြီးနေပါပြီ"

မာဂီသည် ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်သည်၊

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ကျွန်မစိတ်ထဲမှာ မသေချာချင်ဘူး"

ပြီးနောက်မှ စကားကိုတစ်လုံးချင်းစီ၍-

"ရှင်ဟာ ပြောင်းလဲသွားတာတော့ အမှန်ပဲ"

မာဂီ ဘာကိုဆိုလိုမှန်း ကျွန်တော်သိပါသည်။ သို့သော် ယခုလောလောလတ် အခြေအနေ၌ ကျွန်တော်သည် မာဂီနှင့် အငြင်းအခုန် မလုပ်ချင်ပါ။ သို့နှင့်-

"ဒီမနက် ကိုယ် ပစ်စဘတ်ကိုသွားပြီး မက်ဘရက်ဒီနဲ့ တွေ့မလို့"

မာဂီက မျှော်လင့်ချက်လေသံနှင့်-

"ထူးထူးခြားခြားဖြစ်တာရှိလို့လား"

ကျွန်တော်က ဂရုတစိုက်ဖြင့်-

"ဆိုပါတော့၊ နောက်ဆုံးအကြိမ် စမ်းသပ်မှုကို သုံးရမှာပဲ၊ ဒီနေ့မှာ နိုင်ယင်နိုင်၊ မနိုင်ယင်တော့ ပွဲသိမ်းပြီပဲ"

မာဂီသည် မျက်နှာလွှဲလိုက်ပြီး-

"အဲဒီလောက်ပဲ ဆိုးနေပြီလား"

"ဟုတ်တယ်၊ ဆိုးနေပြီ၊ အလုပ်အပ်တဲ့လူတွေလဲ မလာဘူး၊ ပေးစရာ ငွေတောင်းခံလွှာတွေကလဲ တဖြည်းဖြည်း များပြားသထက် များပြားလာပြီ"

မာဂီက-

"ရှင် မက်ဘရက်ဒီနဲ့တွေ့ယင် ဘာတွေပြောမှာလဲ"

ကျွန်တော်သည် အိပ်ရာပေါ်မှ ဖြန့်တင်ထားသော ဂျာကင်အင်္ကျီကို ကောက်ဝတ်လိုက်ပြီး-

"ကိုယ်လား၊ သူ့ကိုနိုင်ပေါက်ကိုင်ပြီး ခြိမ်းခြောက်ကြည့်မလို့ပါပဲ"

မာဂီက ပူပန်သောလေသံဖြင့်-

"အန္တရာယ်ရှိနိုင်သလားဟင်"

ကျွန်တော်က-

"နည်းနည်းတော့ရှိတာပေါ့၊ ဒါပေမယ့် ခုမှတော့ ဘာမှမထူးတော့ပါဘူး၊ နောက်ထပ် ဆုံးရှုံးစရာလဲ မရှိတော့ပါဘူး"

မာဂီသည် နောက်ထပ် ချက်ခြင်း ဘာမှမပြောပါ။ တွန့်ကြေနေသော အိပ်ရာခင်းကိုသာ ပြန်ဆန့်နေလိုက်ပါ၏။ ပြီးမှ-

"စီးပွားရေးအလုပ်က ရှင့်အတွက် သိပ်ပြီး အရေးပါနေသလားဟင်"

ကျွန်တော်က ဆတ်ကနဲ ကြည့်လိုက်ပြီး-

"လူဆိုတာ စားစရာတော့ ရှိမှပေါ့ကွ၊ သားသမီးတွေကို ကြီးပြင်းအောင် မွေးမြူဖို့ဆိုတာကလဲ လေနဲ့လုပ်လို့ရတာ မဟုတ်ဘူး"



မာဂီကမူ တည်ငြိမ်စွာဖြင့်-

"ကျွန်မတို့တော့ လိုအပ်ယင် ဒီထက်နည်းပါးတဲ့ ဝင်ငွေနဲ့လဲ ဖြစ်အောင်နေနိုင်ပါတယ်၊ ရှင် ဒုက္ခရောက်နိုင်တယ်ဆိုတာထက်တော့ အများကြီးတော်ပါသေးတယ်"

ကျွန်တော်က အသံထွက် ရယ်မောလိုက်ပြီး-

"နောက်ထပ်ဒုက္ခရောက်စရာ မရှိတော့ပါဘူးကွာ၊ အခုပဲ ဒုက္ခတွေက တပုံတပင်ဖြစ်နေပါပြီ"

မာဂီက သံသယလေသံဖြင့်-

"အင်းလေ၊ ရှင့်ကိုယ်ရှင်တော့ ရှင် ဘာလုပ်နေတယ်ဆိုတာ သိမှာပါ"

ကျွန်တော်က-

"မပူပါနဲ့ကွ၊ စိတ်ချစမ်းပါ"

ကျွန်တော်တို့သည် အခန်းထဲမှထွက်၍ အောက်ထပ်သို့ စကားတစ်ခွန်းမှ မပြောဘဲ ဆင်းလာခဲ့ကြပါသည်။ ကျွန်တော်တို့နှစ်ဦးသား ကော်ဖီရောက်လာရန် စောင့်ဆိုင်းနေစဉ် သမီးဂျင်နီက ထမင်းစားခန်းထဲသို့ ဝင်လာ၏။ ဂျင်နီသည် မာဂီ၏ပါးပြင်ကို တစ်ချက်နမ်းလိုက်ပြီး-

"ဘိုင် မာမီ"

ဂျင်နီသည် ကျွန်တော့်နံဘေးမှဖြတ်ပြီး တံခါးပေါက်ရှိရာသို့ သွား၏။

ကျွန်တော်က သမီးလေးကိုလှမ်း၍-

"ခဏစောင့်ပါဦးလား သမီး၊ ဖေဖေ ကော်ဖီသောက်ပြီးယင် သမီးကို ကျောင်းလိုက်ပို့ခဲ့ပါ့မယ်"

ဂျင်နီသည် ကျွန်တော့်ကို အေးစက်စွာ ကြည့်လိုက်ပါသည်။ ပြီးမှ-

"နေပါစေတော့ ဖေဖေ၊ သမီး ဘတ်စ်ကားပေါ်မှာ တခြားအဖော်တွေနဲ့ ချိန်းထားပြီးဖြစ်နေလို့"

ပြောပြောဆိုဆို နောက်လှည့်လိုက်ပြီး အခန်းထဲမှ ပြေးထွက်သွားလေ၏။

ကျွန်တော်သည် မာဂီကို လှမ်းကြည့်လိုက်၏။ အပြင်ဘက်မှ တံခါးပိတ်သံသည် ကျွန်တော့်နားထဲသို့ ဝင်လာ၏။ ထိုအခိုက်အတန့်ကလေးတွင် ကျွန်တော့်စိတ်ထဲ၌ ကျွန်တော်သည် ကျွန်တော့်အိမ်ထဲမှာပင် သူစိမ်းတစ်ယောက်လို ဖြစ်နေပါပေါ့လားဟု ခံစားနေရလိုက်မိ၏။

မာဂီက လျင်မြန်စွာဖြင့်-

"သမီးက ကလေးပဲရှိပါသေးတယ် ဘရက်ဒ်၊ သမီး နားမလည်နိုင်တာတွေ ရှိပါသေးတယ်"

ကျွန်တော်သည် ဘာမှပြန်မပြောတော့ပါ။ ထိုစဉ် ဆယ်လီက ကော်ဖီခွက်

www.burmeseclassic.com

www.burmeseclassic.com



များချလာရာ ကျွန်တော်က ကော်ဖီခွက်ကို နှုတ်ခမ်းမှာတေ့ပြီး သောက်လိုက်ပါသည်။ ပူနွေးခါးသက်သော အရည်များသည် ကျွန်တော့်လည်ချောင်းထဲသို့ စီးဝင်သွားပြီး ကျွန်တော့်ရင်ကို နွေးထွေး၍ သွားစေပါသည်။

မာဂီက-

"မစ္စက်ရှိုင်လာရော အဲဒီသွားမှာပဲလား"

ကျွန်တော်သည် ခေါင်းခါ၍ပဲ ပြလိုက်သည်။

မာဂီက ဆက်၍-

"အခု ရှင်လုပ်မယ့်စိတ်ကူးကို သူက ဘယ်လိုသဘောရသလဲ၊ သဘောကောတူရဲ့လား"

ကျွန်တော်က-

"မစ္စက်ရှိုင်လာက ဒီကိစ္စကို ဘာမှမသိဘူး၊ သူ မနေ့ညကတည်းက ထွက်သွားပြီ"

မာဂီက မျက်ခုံးပင့်လိုက်ပြီး-

"သူ ဘယ်သွားတာလဲ"

ကျွန်တော်က မကျေနပ်သောလေသံဖြင့်-

"ဘယ့်နှယ်လုပ်ပြီး ကျုပ်က သိနိုင်မှာလဲ၊ ကျုပ်ဘာသာကျုပ် ဒုက္ခတွေများ အလုပ်တွေရှုပ်နေရတဲ့အထဲ သူဘယ်သွားတယ်ဆိုတာ စုံစမ်းမနေနိုင်ပါဘူး"

မာဂီ့နှုတ်ခမ်းပေါ်တွင် မေးမှိန်သောအပြုံးတစ်စ ပေါ်လာ၏။

မာဂီက-

"ကျွန်မ စိတ်မကောင်းပါဘူး ဘရက်ဒ်၊ ကျွန်မက စပ်စုဖို့ မရည်ရွယ်ပါဘူး"

ကျွန်တော်သည် ကော်ဖီဝသွားသည်နှင့် ထိုင်ရာမှ ထလိုက်၏။

ကျွန်တော်က-

"ကိုယ် သွားတော့မယ်"

မာဂီသည် ထိုင်လျက်သားရှိနေရာမှ ကျွန်တော့်ကိုကြည့်ပြီး-

"ဘယ်တော့ပြန်လာမှာလဲ"

ကျွန်တော်က-

"ကနေ့ညပေါ့၊ အပြောင်းအလဲရှိမယ်ဆိုယင် ကိုယ်ဖုန်းဆက်လိုက်ပါ့မယ်"

ကျွန်တော်သည် တံခါးပေါက်ရှိရာသို့ ထွက်လာခိုက်-

"ဘရက်ဒ်"

မာဂီသည် ကျွန်တော့်ထံသို့ ပြေးလာပြီး မျက်နှာကလေးကို မော့ပေးပါသည်။

ကျွန်တော်သည် မာဂီ၏ ပါးပြင်ကလေးကို နမ်းလိုက်ပြီး-



"ကျေးဇူးပါပဲ၊ ကိုယ့်အတွက် တကယ့်လိုအပ်ချက်ပါပဲ"

မာဂီ၏ လက်မောင်းများသည် ကျွန်တော့်လည်တိုင်ကို သိုင်းဖက်လိုက်ပြီး-

"ဘာတွေပဲဖြစ်နေနေ ဘရက်ဒ်၊ ကျွန်မတို့အားလုံးဟာ ရှင့်အတွက် ရှိနေမယ်ဆိုတာကို အမှတ်ရပါ"

ကျွန်တော်သည် မာဂီ့ကိုကြည့်လိုက်ပြီး မာဂီ့မျက်လုံးထဲမှတစ်ဆင့် မာဂီ့ခေါင်းထဲတွင် ဘာတွေများရှိနေပါလိမ့်ဟု တွေးတောရှာဖွေမိပါသည်။

မာဂီသည် မျက်နှာလွှဲလိုက်ပြီး ကျွန်တော့်ရင်ခွင်မှာ အပ်လိုက်ပါ၏။ ကျွန်တော်သည် မာဂီ၏စကားသံကို ကြားရအောင် မနည်းနားထောင်ယူရပါသည်။ မာဂီက-

"ကျွန်မ တကယ်ပြောနေတာပါ ဘရက်ဒ်၊ ဘာတွေပဲဖြစ်ဖြစ် ကျွန်မ ဘယ်လိုမှ မအောက်မေ့ပါဘူး၊ ကျွန်မတို့တတွေအားလုံးဟာ လူတွေပဲမဟုတ်လား၊ ဘယ်သူမှ ...မခံ ချက်အတိအကျနဲ့ မွေးဖွားလာကြတာ မဟုတ်ပါဘူး"

ကျွန်တော်က လည်ချောင်းသံဖြင့်-

"မာဂီ"

မာဂီက အလျင်အမြန်ပင်-

"ဘာမှမပြောပါနဲ့ ဘရက်ဒ်၊ ရှင် လုပ်စရာရှိတာကိုပဲ လုပ်ပါ၊ ရှင် နောက်ဆုံး ...စ်ခုခုကို သေသေချာချာ ဆုံးဖြတ်ပြီးယင်တော့ ကျွန်မကိုပြောပါ၊ ကျွန်မကူညီဖို့ ...ကြိုးစားပါ့မယ်"

မာဂီသည် ထိုသို့ပြောဆိုပြီးနောက် ကျွန်တော့်လည်တိုင်ကို သိုင်းဖက်ထားသောလက်များကိုဖြုတ်၍ မီးဖိုချောင်ဘက်သို့ လှစ်ကနဲ ထွက်ပြေးဝင်ရောက်သွားပါတော့သည်။

ကျွန်တော်သည် ထိုနေရာ၌ပင် အငူသားရပ်၍ ကျန်ရစ်ပါသည်။ မာဂီ တွန်းသွားသော ဆင်နားရွက်တံခါးသည် လှုပ်ခါရမ်း၍ ကျန်ရစ်ပါသည်။ ခဏအကြာတွင် ...း သူ့အလိုအလျောက် ရပ်သွားပါသည်။ ထိုအခါမှ ကျွန်တော်သည် အပြင်ထွက်ခဲ့... မော်တော်ကားရှိရာသို့ လျှောက်လာခဲ့ပါ၏။

ကျွန်တော်သည် တောက်လျှောက်ပင် လေဆိပ်သို့ ကားမောင်းခဲ့ပါသည်။ ...ဆိပ်ရောက်ခါမှ ရုံးခန်းကို ဖုန်းဆက်၍ မစ်ကီအား-

"လက်ဗီဆီက သတင်းရပြီလား"

မစ်ကီက-

"ရပါပြီ၊ သူက ရှင့်ကို ပစ်စဘတ်လေဆိပ်မှာ လာတွေ့မယ်ပြောပါတယ်"

"သူ ရှာစရာရှိတာတွေ အားလုံးရပြီတဲ့လား"

"အဲဒါတော့ ဘာမှမပြောဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တခြားဘယ်သူဆီက ဖုန်းလာသေးလဲ"

"အရေးကြီးတဲ့ ဖုန်းမလာပါဘူး၊ အဲ ခဏခဏ မစ္စက်ရှိုင်လာက ဝါရှင်တန်က နေပြီး ဖုန်းဆက်တယ်၊ ပြန်ပြီးဖုန်းဆက်ပါတဲ့"

ကျွန်တော်သည် လက်မှနာရီကို ကြည့်လိုက်ပါသည်။ ကျွန်တော်လိုက်ရမည့် လေယာဉ်ခရီးစဉ် အချိန်နီးနေပြီဖြစ်၏။

"ပစ်စဘတ်ကနေပြီးပဲ ဖုန်းဆက်တော့မယ်၊ ခုတော့ လေယာဉ်ထွက်ချိန် နီးနေပြီ"

ကျွန်တော်သည် ဖုန်းခွက်ချလိုက်ပြီး လေယာဉ်ရှိရာသို့ ထွက်လာခဲ့ပါသည်။ အယ်လိန်းက ကျွန်တော့်ကို ဖုန်းဆက်သည်ဆို၍ ရင်ထဲမှာ တော်တော်သက်သာရ ရသွားပါသည်။ ကျွန်တော်သည် လေကလေးတချွန်ချွန်ဖြင့် လေယာဉ်ရှိရာသို့ လျှောက်သွားလိုက်ပါတော့၏။

□□□

## အခန်း (၂၈)

အငှားမော်တော်ကားသည် ကျွန်တော်တို့နှစ်ယောက်အား သံမဏိဂိတ်ပေါက်ဝကြီးရှေ့တွင် ရပ်ပေးခဲ့၏။ ကျွန်တော်တို့နှစ်ဦးသား အဆောက်အအုံထဲသို့ ဝင်ခဲ့၏။ အထူးအရာရှိသည် ဘော့လက်ထဲမှာကိုင်ဆောင်ထားသည့် လက်ဆွဲအိတ်ကို ငုံစမ်းသလိုကြည့်၏။ ကျွန်တော်က-

"မစ္စတာဂိုဝန်က မစ္စတာဘရက်ဒီကို တွေ့ဖို့လာတယ်ပြောပါ"

ငနဲသားကြီးသည် စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ယူလိုက်၏၊ အချိန်ကား နေ့ခင်းတစ်နာရီထိုးပြီ ဖြစ်၏။ ခဏမျှ စကားပြောပြီးသောအခါ ငှင်းအရာရှိက ကျွန်တော်တို့ကို မော့ကြည့်ပြီး-

"မစ္စတာဘရက်ဒီ မအားမလပ် ဖြစ်နေပါတယ်ခင်ဗျ၊ သူက ခင်ဗျားကို မစ္စတာ ရော့တာနဲ့တွေ့လိုက်ပါလို့ ပြောပါတယ်"

ကျွန်တော်သည် ဤအရပ်သို့ ခရစ်နှင့်တွေ့ရန် လာခြင်းမဟုတ်၊

ကျွန်တော်က-

"မစ္စတာဘရက်ဒီရဲ့ အတွင်းရေးမှူးနဲ့ စကားပြောပါရစေ"

ငှင်းအရာရှိသည် ဖုန်းကိုကောက်ယူ၍ တစ်ဘက်မှပုဂ္ဂိုလ်နှင့် တစ်ခုတာဆု စကားပြောပြန်၏။ နောက် ဖုန်းခွက်ကိုချသည်။ သူသည် ကျွန်တော့်ထို ထူးဆန်းစွာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်လိုက်ပြီးနောက် ကျွန်တော်တို့အား ဓာတ်လှေကားရှိရာသို့ ညွှန်ပြ၏။ ကျွန်တော်တို့ ဓာတ်လှေကားပေါက်သို့ ရောက်သောအခါ ဓာတ်လှေကားတံခါး ပွင့်လာ၏။

ကျွန်တော်တို့ ဓာတ်လှေကားထဲမှ ထွက်လိုက်သောအခါ ဆင်ဒီသည် စင်္ကြံထဲမှပင် ကျွန်တော်တို့ကို အသင့်စောင့်နေသည်ကို တွေ့ရ၏။ ဆင်ဒီက-

“ဘရက်ဒ်၊ ရှင် ဒီကို ဘာလာလုပ်တာလဲဟင်”

ကျွန်တော် နောက်ကျောဘက်မှ ဓာတ်လှေကားတံခါးပိတ်သံကို စောင့်နေလိုက်၏။ ပြီးမှ စင်္ကြံအတိုင်း ရုံးခန်းဘက်သို့ လမ်းလျှောက်လာခဲ့ယင်း-

“ကျုပ် မင်းရဲ့ဆရာသမား သူဌေးနဲ့ တွေ့ချင်တယ်”

ကျွန်တော်သည် ရုံးခန်းထဲသို့ တန်းဝင်မည်ပြု၏။ ဆင်ဒီက ပျာပျာသလဲဖြင့်-

“ရှင် အဲဒီလိုဝင်သွားလို့ ဘယ်ဖြစ်မလဲ၊ အထဲမှာ မစ္စတာပရော့တာလဲ ရှိတယ်”

ကျွန်တော်က သွားဖြဲပြလိုက်ပြီး-

“ကောင်းတာပေါ့၊ ကျုပ်ကို မစ္စတာပရော့တာနဲ့ သွားတွေ့ပါလို့ ညွှန်ကြားထားတာပဲ”

ကျွန်တော်သည် ဆင်ဒီ၏ ရုံးခန်းတံခါးကို ဖွင့်ဝင်လိုက်သည်။ နောက် ဆင်ဒီ ရုံးခန်းကို ကျော်ဖြတ်၍ ဘရက်ဒီအခန်းရှိရာသို့ သွားသည်။

ဆင်ဒီသည် ကျွန်တော့်လက်မောင်းကို လာ၍ဆွဲသည်။ တောင်းပန်သော လေသံဖြင့်-

“အဲဒီလို မလုပ်ပါနဲ့ ဘရက်ဒ်ရယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ အဲဒီလိုလုပ်ယင် သူက ကျွန်မတို့နှစ်ယောက်ကို ဒီ့ထက်ပိုဆိုးရွားအောင် လုပ်ပါလိမ့်မယ်”

ဆင်ဒီ၏ မျက်လုံးအိမ်ထဲတွင် ထိတ်လန့်ကြောက်ရွံ့ခြင်း အရောင်များ ဖြာနေ၏။

ကျွန်တော်သည် ဆင်ဒီ့ကို ကြည့်လိုက်၏။ ကျွန်တော့်လက်မောင်းကို ကိုင်ထားသော သူမလက်ကလေးများ တုန်ယင်နေသည်ကို အတိုင်းသားမြင်နေရ၏။ ကျွန်တော့် ရင်ထဲတွင် ဒေါသထွက်လာလေ၏။ တခြားလူသားတစ်ဦးကို ထိတ်လန့်ကြောက်ရွံ့စေအောင်၊ လုံခြုံမှုမရှိဘဲ ဖြစ်ရလေအောင် မက်ဘရက်ဒီသည် ဘယ်လိုလူမျိုးမို့ လုပ်နိုင်ရပါသနည်း။ ဆင်ဒီကိုယ်တိုင်က မသိသေးသော်လည်း ဆင်ဒီနှင့် ဘရက်ဒီတို့အကြားတွင်ဆိုတော့ ဤကိစ္စကား ပို၍ဆိုးရွားနေပါ၏။ ဆင်ဒီသည် သူ၏သမီး မဟုတ်ပါလား။ ကျွန်တော်သည် ဆင်ဒီ့ပခုံးကို ညင်သာစွာကိုင်၍-

“ဆင်ဒီ၊ မင်း ဒီကရှေ့လျှောက် သူ့ကို ကြောက်နေစရာ မလိုတော့ဘူး၊ ကျုပ်တို့ ဒီရုံးခန်းထဲက ထွက်သွားကြယင် သူဟာလဲ တခြားလူတွေနဲ့ ဘာမှထူးတော့မှာ



မဟုတ်တော့ဘူး”

ဆင်ဒီ၏မျက်လုံးအစုံသည် ပြူးကျယ်သွား၏။

“ရှင် ဘာတွေသွားလုပ်မလို့လဲဟင်”

“ဪ. . . သူဟာ ဘုရားသခင်မဟုတ်ဘူးဆိုတာ ပြမလို့ပါ”

ပြောပြောဆိုဆို ဘရက်ဒီ၏အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

ခရစ်သည် တံခါးပေါက်ကိုကျောပေးပြီး ဘရက်ဒီကို မျက်နှာပြုပြီး ထိုင်နေသည်။ စားပွဲမှာထိုင်နေသော ဘရက်ဒီက ကျွန်တော်တို့ကို စတင်မြင်တွေ့သွားခြင်း ဖြစ်ပါသည်။ သူသည် ဒေါသတကြီး ထိုင်ရာမှ ထလိုက်ပြီးနောက် အေးစက်စွာဖြင့်-

“ဒီမှာ ကျုပ် မင်းကိုမတွေ့နိုင်ဘူးလို့ ပြောထားတယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားကိုတွေ့ချင်တယ်ဗျ”

ကျွန်တော်သည် ဘရက်ဒီ၏ရုံးခန်းထဲသို့ ဝင်လိုက်၏။ နောက်မှကပ်လျက်ပါလာသော ဘော့ကလည်း အခန်းထဲကို ဝင်လိုက်၏။ နောက်ဘက်မှ တံခါးပိတ်သံကို ကျွန်တော်ကြားရသည်။

ဘရက်ဒီက ကျွန်တော့်အား-

“မင်းကို မစ္စတာပရော့တာဆီမှာသွားပြီး အစီရင်ခံတွေ့ဆုံလိုက်ပါလို့ ကျုပ် ပြောလိုက်တယ် မဟုတ်လား”

ခရစ်သည် ထိုအချိန်၌ မတ်တတ်ရပ်နေပြီ ဖြစ်လေသည်။ သူသည် ကျွန်တော့်ကို စူးစူးရှားရှား ကြည့်နေ၏။ ကျွန်တော်သည် ခရစ်ကို တစ်ချက်စိုက်၍ ကြည့်သည်။ ပြီးမှ-

“ကျုပ်က ဘယ်သူ့ကိုမှ အစီရင်မခံနိုင်ဘူး။ အထူးသဖြင့်တော့ ရုံးလုလင်တစ်ယောက်ဆီမှာ ပိုပြီးမခံနိုင်သေးတယ်”

ကျွန်တော်သည် စားပွဲရှိရာသို့ လျှောက်လာခဲ့၏။ ခရစ်သည် ကျွန်တော့်ကို ဘားမည်ပြု၏။ ကျွန်တော်သည် ခရစ်အား အေးစက်စွာ တစ်ချက်ကြည့်လိုက်ရာ ခရစ်နောက်တွန့်ပြီး ကျွန်တော့်ကို ဒီအတိုင်းလွှတ်ပေးလိုက်လေ၏။ ဘရက်ဒီ၏လက်သည် သူ၏စားပွဲမှ အချက်ပေးခလုတ်ရှိရာသို့ ရွေ့သွားသည်ကို ကျွန်တော် မြင်ရ၏။ ကျွန်တော်က လျင်မြန်စွာဖြင့်-

“ကျွန်တော်သာ ခင်ဗျားနေရာမှာရှိနေယင် ခင်ဗျားရဲ့ အစောင့်ပုလိပ်တွေကို ခေါ်မှာမဟုတ်ဘူး၊ ခေါ်လိုက်ယင် ခင်ဗျား နောင်တရသွားလိမ့်မယ်”

ဘရက်ဒီ၏လက်သည် ခလုတ်ပေါ်တွင် တန့်ကနဲ ရပ်သွားပါ၏။ သူက-

“မင်း ဘာကိုဆိုလိုတာလဲ”

ကျွန်တော်သည် ဖုံးကြဲတိုက်ခိုက်ရပါတော့သည်။

www.burmeseclassic.com



"ဒီမယ်၊ ခင်ဗျားသမီးဟာ ခင်ဗျားကို မုန်းတီးနေတယ်ဆိုတာ ခင်ဗျားသိသလား"

ဘရက်ဒီ၏မျက်နှာသည် ချက်ချင်းသွေးမရှိတော့ဘဲ ဖြူဆွတ်သွားလေ၏။ သူ၏တုန့်ပြန်သောအကြည့်မှာ ကျွန်တော့်ကိုယ်ထဲသို့ ဖောက်ထွင်းဝင်ရောက် လောင်ကျွမ်းတော့မတတ် ဖြစ်ပါ၏။ အခြေအနေအရကား ဤလောက၊ ဤကမ္ဘာ၊ ဤရုံးခန်းထဲတွင် ယခုအချိန်၌ ကျွန်တော်တို့နှစ်ဦးတည်း ရှိနေသလို ဖြစ်နေပါတော့၏။

ဘရက်ဒီသည် သူ၏နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်၏။ ခြောက်သွေ့သော နှုတ်ခမ်းအစုံကို စိုစွတ်စေရန် ဖြစ်ပါလိမ့်မည်။ ပြီးမှ-

"မင်း ကျုပ်ကို ညာပြောနေတာ"

ဤသို့ ဒေါသတကြီးအော်လိုက်ရာ သူ့မျက်နှာသည် ပြန်လည်၍ သွေးရောင်လွှမ်းလာ၏။

ကျွန်တော့်နောက်ဘက်မှ ခရစ်၏အသံက ထွက်ပေါ်လာသည်။ သူက-

"ခင်ဗျား ဒီအခန်းထဲက ထွက်သွားယင် ကောင်းပါလိမ့်မယ် ဘရက်ဒီ၊ မစ္စတာဘရက်ဒီဟာ ခင်ဗျားရဲ့ အခြောက်တိုက် ခြိမ်းခြောက်မှုကို စိတ်မဝင်စားပါဘူး"

ကျွန်တော်သည် ခရစ်အား လှည့်၍ပင်မကြည့်ပါ။ ဘရက်ဒီကိုသာ ဆက်၍ တည့်တည့်ကြည့်နေပါသည်။ ပြီးမှ-

"ကျုပ် ညာပြောနေတာ မဟုတ်ဘူး ဘရက်ဒီ၊ သက်သေအထောက်အထားနဲ့ ပြနိုင်တယ်"

နောက်မှ ခရစ်၏အသံက-

"မစ္စတာဘရက်ဒီက အခုပဲ ကျုပ်ကို ခင်ဗျားနဲ့ပတ်သက်ပြီး စဉ်းစားဖို့ အခွင့်အရေးပေးပါလို့ ပြောနေတာ၊ ဒါပေမယ့် အခုလို အခြေအနေမျိုးဖြစ်လာတော့ ခင်ဗျားက လေးဘက်ထောက်ပြီး တောင်းပန်ယင်တောင်မှ မကယ်နိုင်တော့ဘူး"

ရုံးခန်းထဲ ရောက်ရှိလာခဲ့သည့် အချိန်မှစ၍ ကျွန်တော်သည် ပထမဦးဆုံးအကြိမ်အဖြစ် ခရစ်ကို ကြည့်လိုက်ပါ၏။ သည်တစ်ကြိမ်တွင်ကား သူ၏ အပေါင်းအနုတ်ဂဏန်းသင်္ချာသည် သူ့အတွက် ကောင်းကျိုးပြုတော့မည် မဟုတ်ပေ။

"ကျုပ် မင်းဆီက အများကြီး လေ့လာသင်ကြားခွင့် ရခဲ့ပါတယ် ခရစ်"

ကျွန်တော်သည် ပကတိအေးစက်စွာဖြင့် ဆက်၍-

"ဒါပေမယ့် လေးဘက်ထောက်သွားတာကိုတော့ ကျုပ် မသင်ခဲ့ဘူး၊ အဲဒါက မင်းရဲ့ အထူးကျွမ်းကျင်မှုပဲ"

ခရစ်သည် ဘရက်ဒီကိုလှမ်းကြည့်၍-

"ကျွန်တော် အစောင့်တွေကို ခေါ်လိုက်ရမလားခင်ဗျ"



ဘရက်ဒီက ကျွန်တော့်ကို စူးစိုက်ကြည့်နေဆဲ ဖြစ်ပါသည်။ သူသည် ခရစ်၏ စကားသံကို ကြားပုံပင်မရပါ။ သူက-

"ကျုပ်လဲ သူ့အတွက် အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံးထားတာပဲ၊ လိုအပ်တာမှန်သမျှ ရအောင်ဖန်တီးပေးနေတာပဲ၊ အိမ်ဆိုအိမ်၊ ငွေဆိုငွေ၊ ဘာမှ လိုလေသေးမရှိရအောင် ထားတာပဲ"

ရုတ်တရက် ကျွန်တော်သည် ဘရက်ဒီအား မိမိ၏တစ်ဦးတည်းသော ကလေးကို အလုခံလိုက်ရသော အဘိုးကြီးတစ်ယောက်ကဲ့သို့ ဆင်ခြင်မိသွားပါသည်။ ကျွန်တော့်စိတ်ထဲတွင် သမီးလေးဂျင်နီကို သတိရသွား၏။ သည်တွင် ထူးဆန်းသော သနားကြင်နာမှု၊ ကိုယ်ချင်းစာမှုသည် ကျွန်တော့်ရင်ထဲသို့ ပြန်ပေါ်လာ၏။ ကျွန်တော်က နူးညံ့သောလေသံဖြင့်-

"လူတွေဟာ လုပ်ငန်းတစ်ခုမဟုတ်ဘူး ဘရက်ဒီ၊ သူတို့ကို ပစ္စည်းတစ်ခုလို ရောင်းလို့ဝယ်လို့ဖြစ်တာ မဟုတ်ဘူး၊ ခင်ဗျားက သူတို့ကို မီးခံသေတ္တာထဲထည့်ထားပြီး အဲဒီအတွက် သူတို့က ကျေနပ်ကျေးဇူးတင်နေလိမ့်မယ်လို့ မျှော်လင့်နေလို့ ဖြစ်တာမှ မဟုတ်ဘဲ"

စားပွဲပေါ်မှာတင်ထားသော ဘရက်ဒီ၏လက်ချောင်းများသည် ဖြူရော်နေ၏။ ထိုလက်ချောင်းကလေးများသည် သွေးပင်ရှိပုံမရတော့။ သူက-

"အဲဒါကို မင်း ဘယ်လိုလုပ်ပြီး သိလာရတာလဲ မစ္စတာကိုဝန်"

ကျွန်တော်က-

"မနေ့ညကပဲ ခင်ဗျားသမီး ကျွန်တော့်ဆီကို လာပြီးတောင်းပန်တယ်၊ သူ့အတွက် နေရာတစ်ခု ရှာပေးပါ၊ အလုပ်တစ်ခု ရှာပေးပါတဲ့၊ ခင်ဗျားဆီက လွတ်မြောက်ယင် တော်ပြီတဲ့"

ဘရက်ဒီက စကားတစ်လုံးချင်းစီ၍-

"သူက ကျုပ်နဲ့ ဘယ်လိုတော်စပ်တယ်ဆိုတာ သိသလား"

ကျွန်တော်သည် ခေါင်းခါယမ်းပြလိုက်ပြီး-

"မသိပါဘူး"

"မင်းကကော မပြောလိုက်ဘူးလား"

ကျွန်တော်သည် သူ့သမီး ကျွန်တော့်ဆီက ထွက်သွားသောအခါမှ ထိုသို့ အဖတော်စပ်ကြောင်း ကျွန်တော်သိရသည်ဟု ပြောမနေတော့ပါ။ ကျွန်တော်က-

"အဲဒါ ကျွန်တော့်အလုပ်မှမဟုတ်တာ မစ္စတာဘရက်ဒီ၊ ခင်ဗျားက သူ့ရဲ့အဖေပဲ ကျွန်တော်ကတော့ သူ့ရဲ့မိတ်ဆွေပဲဟာ"

ဘရက်ဒီသည် သူ၏လက်ချောင်းကလေးများကို ကြာမြင့်စွာ စိုက်ကြည့်နေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ နောက်ဆုံးမှ မော့ကြည့်လိုက်ပြီး-

"ပရော့တာ၊ မင်းရဲ့ရုံးခန်းကို ပြန်သွားတော့၊ မင်းကို လိုအပ်တော့မှ ကျုပ်ခေါ်လိုက်မယ်"

ခရစ်သည် သူ့ကို မောင်းထုတ်ခံရသည့်စကားကို ကြားရပြီးသည်နောက် ကျွန်တော့်ကို မုန်းတီးစက်ဆုပ်စွာ ကြည့်၏။ ကျွန်တော်က သူ့အား ချိုသာစွာ ပြုံးပြလိုက်၏၊ ကျွန်တော့်အပြုံးကို မြင်ရသောအခါ သူသည် ပို၍ဒေါပွသွားပုံရပြီး အခန်းထဲမှ ဆောင့်အောင့်ထွက်သွားလေ၏။ ထိုအခါမှ ကျွန်တော်သည် ဘရက်ဒီဘက်သို့ ပြန်လှည့်လိုက်၏။

ဘရက်ဒီက ပင်ပန်းနွမ်းနယ်သော လေသံဖြင့်-

"ထိုင်ပါ မစ္စတာဂိုဝန်"

ကျွန်တော်သည် စောစောက ခရစ်ထိုင်သွားသော ကုလားထိုင်တွင် ဝင်၍ထိုင်၏။ ဘရက်ဒီ၏အကြည့်သည် ကျွန်တော့်ကိုကျော်ဖြတ်၍ ဘော့ထံသို့ ရောက်သွားပြန်၏။ သူ့မျက်လုံးအကြည့်ထဲတွင် သူသည် ဘော့ကို မှတ်မိပုံမရချေ။ ကျွန်တော်က-

"သူကတော့ ကျွန်တော့်ရဲ့ အလုပ်ပါတနာ မစ္စတာရောဘတ်အမ်လက်ဗီပါပဲ"

ဘရက်ဒီသည် ခေါင်းညိတ်ပြ၏။ ယခုတိုင်လည်း သူသည် ဘော့ကို မှတ်မိပုံမရသေး၊ ကျွန်တော်က ဆက်၍-

"သူ့ကို ခင်ဗျား မှတ်မိချင်မှတ်မိမှာပါ၊ သူက ခင်ဗျားကုမ္ပဏီ အင်တီထရပ်စ်အမှုကိစ္စတုန်းက ကိုယ်တွယ်ရတဲ့ အစိုးရဥပဒေအကျိုးဆောင် တစ်ယောက်ပါပဲ"

မက်ဘရက်ဒီ၏ မျက်နှာပေါ်တွင် မသိမသာ ပြောင်းလဲမှု ဖြစ်ပေါ်သွား၏။

"ခုတော့ မှတ်မိပါပြီ"

သူသည် ကျွန်တော့်ဘက်သို့လှည့်ပြီး-

"ကျုပ်တို့ သူ့ကို အစိုးရအလုပ်ကထွက်ဖို့ ဒေါ်လာနှစ်သောင်းငါးထောင် ပေးခဲ့တာပဲ"

ကျွန်တော်သည် ဘော့ကိုမော့ကြည့်ပြီး-

"ကျုပ်ကြားရတာတော့ ဒီလိုမဟုတ်ပါလား"

ဘော့သည် မျက်နှာနီရဲသွားပြီး ဒေါသတကြီးဖြင့်-

"ကျွန်တော် တစ်ပြားတစ်ချပ်မှ မယူခဲ့ပါဘူး ဘရက်ဒ်"

ကျွန်တော်သည် ဘရက်ဒီဘက်သို့ ပြန်လှည့်လိုက်ပြီး-

"ကျွန်တော် သူ့ရဲ့စကားကို ယုံပါတယ်"

ဘရက်ဒီက-

"ကျုပ်ကိုယ်တိုင် သူ့အကြောင်းစုံစမ်းဖို့ ခိုင်းထားတဲ့ အလွတ်စုံထောက်ကို



...းခဲ့တာပဲ၊ အလွတ်စုံထောက်က အဲဒီတစ်နည်းပဲ သူ့ကိုအလုပ်ထွက်ခိုင်းလို့ ရမယ်ဆိုလို့"

ကျွန်တော်က-

"ဒါဆိုတော့ ခင်ဗျား ကြားဖြတ်အုပ်တာ ခံရတာပဲ၊ ဘော့ အစိုးရအလုပ်ထွက်လိုက်တာက အဲဒီငွေကြောင့် မဟုတ်ဘူး၊ ခင်ဗျားက သူ့ဇနီးကို ဘယ်လိုလုပ်ပစ်...တယ်ဆိုတဲ့ ခြိမ်းခြောက်မှုကြောင့်ပဲ၊ သူ့ကိုငွေပေးပြီး စည်းရုံးခဲ့တာတော့ မှန်ပါတယ်...ပေမယ့် ဘော့က မယူခဲ့ပါဘူး"

ကျွန်တော်က ဘော့ကိုကြည့်လိုက်ရာ ဘော့က ခေါင်းညိတ်ပြပြီး ဘရက်ဒီ...ဘက်သို့ လှည့်ပြီး-

"အဲဒါက ကျွန်တော် အလုပ်ကထွက်စေတဲ့ တစ်ခုတည်းသော အကြောင်းပါ... ကျွန်တော်က ခင်ဗျားရဲ့ငွေကို တစ်ပြားတစ်ချပ်မှ မလိုချင်ပါဘူး"

ဘရက်ဒီသည် ပင်ပန်းနွမ်းနယ်စွာဖြင့် မျက်လုံးကို ပိတ်လိုက်၏။

"ကျုပ်တော့ ဘာတွေကို ယုံကြည်ရမှန်း မသိတော့ပါဘူး"

ဘရက်ဒီသည် ဘော့ကိုမော့ကြည့်၏။ ပြီးမှ-

"တကယ်လို့ ကျုပ်မှားသွားခဲ့တယ်ဆိုယင် ကျုပ် တောင်းပန်ပါတယ်"

ထို့နောက် ဘရက်ဒီသည် ကျွန်တော့်ကို ကြည့်လိုက်ပြီး-

"ခင်ဗျား ဒီကိစ္စကို ဘယ်လိုလုပ်ပြီး သိလာရတာလဲ မစ္စတာဂိုဝန်၊ ဆင်. . . ...လ ကျွန်တော့်သမီးရဲ့ အကြောင်းကို ကျုပ်စိတ်ထဲမှာတော့ ဒီကိစ္စဟာ လုံလုံခြုံခြုံ...ယ်ထားနိုင်ခဲ့ပြီလို့ အောက်မေ့နေခဲ့တာ"

ကျွန်တော်သည် ဘော့ကို ခေါင်းညိတ်ပြပြီး-

"ကျွန်တော်လဲ အခြေအနေအရ အတော်ကြီး ဆောက်တည်ရာမရ ဖြစ်ခဲ့ပါ...ယ် မစ္စတာဘရက်ဒီ၊ ဒီမှာတင် ကျွန်တော် ဘော့ဆီကိုသွားပြီး အကူအညီတောင်းခဲ့...ပါပဲ၊ တကယ်တော့ အဲဒီကိစ္စကို တွေ့သိခဲ့တာကတော့ သူပါပဲ၊ ဆင်ဒီမွေးဖွားပြီး...က်တစ်နေ့မှာ ခင်ဗျားက ကုမ္ပဏီရှယ်ယာအချို့ကို လွှဲပြောင်းပေးခဲ့တဲ့ကိစ္စကို...ကြောင်းပြုပြီး သိသွားခဲ့ရတာပါပဲ၊ ဒါကိုလဲ သူက အမှုတွဲပြင်ဆင်နေတုန်းမှ တိုက်...ဆိုင်ဆိုင် တွေ့ခဲ့တာဖြစ်ပါတယ်"

ဘရက်ဒီက ခေါင်းညိတ်ပြပြီး-

"ကျုပ် နားလည်ပါပြီ၊ တကယ်တော့ မင်းဟာ ကျုပ်လိုပါပဲ မစ္စတာဂိုဝန်...င် အဲဒီစကားကို တစ်ခါပြောဖူးတယ် မှတ်ပါတယ်၊ မင်းဟာလဲ ကျုပ်လိုပဲ ငွေ့ခံမယ့်လူ...ဘူး၊ ပြန်ချမယ့်လူပဲဆိုတာ"

ကျွန်တော်သည် ဘာမှပြန်မပြောပါ။

ဘရက်ဒီသည် စားပွဲပေါ်မှ လက်များကို ရုတ်သိမ်းလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ အမှန်တော့ ဒီကိစ္စကို ကျုပ် ဟိုအရင်ကတည်းက ကျုပ်ဇနီးနိုရာကို ဖွင့်ပြောခဲ့ဖို့ ကောင်းတာပဲ"

ဘရက်ဒီသည် ထိုစကားများကို သူ့ဘာသာ တစ်ယောက်တည်း ပြောနေသလို ပြောဆိုနေခြင်း ဖြစ်ပါ၏။ သူက ဆက်၍-

"ဒါပေမယ့် ကျုပ်မပြောဖြစ်ခဲ့ဘူး၊ မပြောရက်ဘူး၊ ကျုပ်ပြောလိုက်ယင် နိုရာ သေသွားနိုင်လို့ပါပဲ၊ နိုရာဟာ ကျန်းမာရေးမပြည့်စုံတဲ့ ဒုက္ခိတလဲ ဖြစ်နေရှာတယ်လေ၊ တစ်ချိန်ထဲမှာ မာနကလဲ သိပ်ကြီးတာ၊ နိုရာ့စိတ်ထဲမှာ ကျုပ်ရဲ့လိုအပ်ချက်တွေကို သူ့ဘက်က ပြည့်ပြည့်စုံစုံ မဖြည့်ဆည်းပေးနိုင်ပါကလားဆိုတာ သိသွားယင် သူနေချင်စိတ် ရှိမှာမဟုတ်တော့ဘူး"

မစ္စတာဘရက်ဒီသည် သူ၏ဆုံလည်ကုလားထိုင်ကိုလှည့်၍ ကျယ်ပြန့်သော ပြတင်းပေါက်မှတစ်ဆင့် မီးခိုးတလူလူ ထွက်နေသော သံရည်ကျိုစက်ရုံကြီးများကို ကြည့်နေ၏။ ပြီးမှ-

"ဒီတော့ ကျုပ်အဖြစ်က နိုရာကိုလဲ အသိမပေးနိုင်ဘူး၊ ကျုပ်သမီးလေးကိုလဲ ကျုပ်မျက်စိအောက်က မပျောက်သွားစေချင်ဘူး၊ ဒီတော့ ကျုပ်က သမီးလေးကို နေ့တိုင်း မြင်တွေ့နေနိုင်တဲ့ နည်းလမ်းကိုရှာပြီး ထားရတာပဲ"

ဘရက်ဒီ၏အသံမှာ ခါးသီးမှု ပါဝင်နေ၏။ သူက ဆက်၍-

"ကျုပ်ဟာ အခုတော့ လူအိုကြီးဖြစ်နေပါပြီ၊ ဆရာဝန်ကလဲ ကျုပ်ကို အလုပ်တနေပြီး အနားယူဖို့ပြောနေတာ ကြာလှပါပြီ၊ ဒါပေမယ့် ကျုပ်မနားခဲ့နိုင်ဘူး"

ဘရက်ဒီသည် ကုလားထိုင်ကိုပြန်လှည့်ပြီး ကျွန်တော့်ကိုကြည့်လိုက်၏။

"ကျုပ် ခုအချိန်ထိ အလုပ်ဆင်းနေတဲ့ တစ်ခုတည်းသော အကြောင်းကတော့ ကျုပ်သမီးလေးကို ကြည့်မြင်နေချင်လို့ပါပဲ၊ တစ်နေ့တစ်နေ့ မိနစ်နည်းနည်းလေးပဲ မြင်ရ မြင်ရပေါ့"

ဘရက်ဒီသည် သက်ပြင်းတစ်ချက်ချ၍-

"တစ်ခါတုန်းက ဆင်ဒီဟာ ကျုပ်အလုပ်ကထွက်ပြီး တခြားမှာ သွားအလုပ် လုပ်သေးတယ်၊ ဟိုမှာတော့ မလောက်မငပေါ့လေ၊ ဒီတော့ ကျုပ်က သမီးလေး ရုန်းကန်မနေရအောင်လို့ ဒီကိုပြန်ခေါ်ထားခဲ့ပါတယ်"

ဘရက်ဒီ၏အသံမှာ တဖြည်းဖြည်း တိမ်ဝင်သွား၏။ ခဏကြာမှ သူသည် ဘာမှမပြောဘဲ ငြိမ်သက်နေ၏။ ပြီးမှ ကျွန်တော့်ကို ကြည့်၍-

"ဒါပေမယ့် ကျုပ်လုပ်ခဲ့သမျှတွေအားလုံးဟာ မှားယွင်းနေခဲ့ပြီပေါ့"

ထော့နှင့် ကျွန်တော်တို့သည် တစ်ဦးမျက်နှာကို တစ်ဦးကြည့်လိုက်ကြ၏။ သို့သော် ဘာမှဝင်၍ မပြောကြပေ။ အချိန်များသည် တရွေ့ရွေ့ကုန်ဆုံး၍ နေ၏။



အဘိုးကြီးသည် သူ၏ကုလားထိုင်မှာထိုင်ယင်း သူ့လက်များကိုသာ ကြည့်နေ၏။ ကျွန်တော်သည် စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိလိုက်၏။

ဘရက်ဒီက ရုတ်တရက် သတိရသွားဟန်ဖြင့်-

"မင်းဟာ ကျုပ်တို့မိသားစု ဆွေမျိုးတွေကြားမှာ တော်တော်လေး ပတ်သတ်နေပါလား မစ္စတာဂိုဝန်"

သူ့ဘာဆိုလိုသည်ကို ကျွန်တော်သိပါသည်။

ကျွန်တော်က-

"မစ္စက်ရှိုင်လာဟာ ကျွန်တော့်ရဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါ၊ ကျွန်တော်က သူလုပ်ချင်နေတဲ့ ပိုလီယိုရောဂါတိုက်ဖျက်ရေး ခုခံကာကွယ်ရေး စေတနာ့ဝန်ထမ်း အလုပ်မှာ ကူညီနေတဲ့ သဘောပါပဲ"

ဘရက်ဒီက-

"သတင်းစာတွေထဲမှာတော့ မင်းတို့နှစ်ယောက်က အမြဲတမ်း တတွဲတွဲပါပဲလား"

ကျွန်တော်က ပြုံး၍-

"သတင်းစာတွေအကြောင်းတော့ မစ္စတာဘရက်ဒီလဲ သိပါတယ်၊ သူတို့ကတော့ သတင်းဖြစ်ရယင် ပြီးရော၊ ကြံဖန်ပြီး ထည့်နေကြတာပဲ"

ဘရက်ဒီက တိုတိုတောင်းတောင်းဖြင့်-

"ကျုပ် စိတ်ထဲမှာတော့ မောင်ရင်ဟာ ကျုပ်ကြောင့် အယ်လိန်းကို ပိုပြီးတွဲနေတယ်လို့ ထင်တာပဲ"

ကျွန်တော်က အေးဆေးစွာဖြင့်-

"ကျွန်တော်က အယ်လိန်းကို အလွန်ခင်မင်ပါတယ်၊ အဲဒါကလဲ ခင်ဗျားနဲ့ မသိသေးခင် ပဝေသဏီက၊ ခင်ဗျားနဲ့ အမျိုးတော်စပ်တယ်ဆိုတာ မသိခင်ကတည်းကပါ၊ အိမ်မိန်းကလေးဟာ သတ္တိရှိပြီး ထူးဆန်းအံ့သြစရာကောင်းတဲ့ မိန်းကလေးပါပဲ၊ သူတွေကြုံခဲ့ရတဲ့ ဒုက္ခတွေက များလှရှာပါပြီ၊ အဲဒီလိုမိန်းမက ကျွန်တော့်ကိုခင်မင်တဲ့အတွက် ကျွန်တော်တော့ ဂုဏ်ယူမိပါတယ်"

ဘရက်ဒီသည် ကျွန်တော့်မျက်လုံးကို စူးစိုက်ကြည့်၏။

"အယ်လိန်းစိတ်ထဲမှာ မင်းကို တော်တော် အမှတ်ပေးနေတာတော့ အမှန်ပဲကွ"

ကျွန်တော်သည် ဘာမှပြန်မပြောတော့ပါ။

ဘရက်ဒီက-

"အဲဒါတွေပြောနေလို့ မင်းဒီကိုလာတဲ့ကိစ္စ ပြီးမယ်မထင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဝန်ခံလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျ"

ဘရက်ဒီက-

"တကယ်လို့ ကျုပ်က မင်းနဲ့ သဘောမတူညီခဲ့ဘူးဆိုယင် မင်းက ကျုပ်ရဲ့ သမီးကိုစွကို လူသိရှင်ကြားဖြစ်အောင် လုပ်မယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

သူသည် ပါးနပ်စွာတွက်ချက်၍ မေးလိုက်၏။

ကျွန်တော်ကလည်း ဝန်ခံ၍-

"အဲဒီသဘောမျိုး ခပ်ဆင်ဆင်ပါပဲ"

ဘရက်ဒီက-

"တကယ်လို့ ကျုပ်က အဲဒီကြားထဲက သဘောမတူနိုင်ဘူးဆိုပြီး ငြင်းခဲ့မယ်ဆိုယင်ကော"

ကျွန်တော်သည် အချိန်အကြာကြီး စဉ်းစားနေလိုက်၏။ ပြီးမှ-

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ကျွန်တော့်အဖေက ကျွန်တော့်ကို မေးနိုင်းခဲ့ဖူးတယ်၊ ခုငရဲကျတာကို ရွေးမလား၊ နောက်မှ ငရဲကျတာကို ရွေးမလားတဲ့၊ အဲဒီတုန်းကတော့ ကျွန်တော်လဲ သူဘာဆိုလိုတယ်ဆိုတာကို မသိခဲ့ဘူး၊ ခုတော့ နည်းနည်းသိစပြုလာပါပြီ၊ ကျွန်တော် ရွေးရမယ်ဆိုယင် ကျွန်တော့်ငရဲ ကျွန်တော့်ဒုက္ခဟာ နောက်မှပဲ လာပလေ့စေတော့ဗျာ"

ဘရက်ဒီသည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၍-

"ဒါဆိုယင် မင်းက ဘာမှမပြောတော့ဘူးပေါ့"

ကျွန်တော်က ခေါင်းခါပြလိုက်၏။

"ပြောရအောင်က အဲဒါ ကျွန်တော့်ကိစ္စမှ မဟုတ်တာဘဲ၊ ခင်ဗျားရဲ့ သမီးသန့်ကိုယ်ပိုင်ငရဲပဲ၊ အဲဒီအထဲမှာ ကျွန်တော် မပါချင်ဘူး"

ဘရက်ဒီသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"အဲဒီစကားပြောလိုက်တဲ့အတွက် ကျုပ် ဝမ်းသာပါတယ်၊ မင်းက ကျုပ်တို့ခြိမ်းခြောက်စကား ပြောခဲ့မယ်ဆိုယင် ဘယ်အခြေအနေပဲ ရောက်သွားပါစေ၊ ကျုပ်ထမင်းကို ပြန်ချရမှာပဲ"

ကျွန်တော်သည် ထိုင်ရာမှ ထလိုက်၏။

"ကျွန်တော်လဲ ဟိုတစ်ခေါက် ဒီရုံခန်းထဲကို ရောက်တုန်းကတည်းက အဲဒီတိုင်းပဲ ခံစားရပါတယ်"

ကျွန်တော်သည် ဘော့ဘက်သို့လှည့်ပြီး-

"ကဲ ဘော့၊ ကိုယ်တို့သွားကြရအောင်"



ကျွန်တော်တို့ တံခါးပေါက်ရှိရာသို့ လှည့်အထွက်တွင် ဘရက်ဒီက-

"မစ္စတာကိုဝန်"

ကျွန်တော်သည် နောက်ပြန်လှည့်လိုက်ပြီး-

"ဟုတ်ကဲ့ ပြောပါ"

မစ္စတာဘရက်ဒီသည် ထိုင်ရာမှ ထနေပြီးဖြစ်သည်။ သူ၏ အမြဲတင်းမာနေသော မျက်နှာပေါ်တွင် အပြုံးရောင်ဖြင့် နွေးထွေးနေ၏။ သူက-

"ခင်ဗျား အခုလိုထွက်သွားခဲ့ယင် ကျုပ်တို့လုပ်မှာ အသေးစိတ်တွေကို ဘယ်လိုလုပ်ပြီး ဆွေးနွေးနိုင်တော့မှာလဲ"

ကျွန်တော့်ရင်အစုံမှာ ဝမ်းသာလှုပ်ရှားမှုဖြင့် တဆတ်ဆတ် ခုန်လာပါတော့၏။ ကျွန်တော် အောင်ပြီ၊ ကျွန်တော် အောင်ပြီ။ ကျွန်တော့်ရည်ရွယ်ချက်သည် ပြီးပြည့်မြောက်ခဲ့ပြီ ဖြစ်ပါ၏။ သို့သော် ကျွန်တော် ဘာမှမပြောသေး။

ဘရက်ဒီသည် စားပွဲမှထ၍ ထွက်လာပြီး ကျွန်တော့်ကိုလက်ကမ်း၍ ပေးပါသည်။

ကျွန်တော်က သူ၏လက်ကို ဆွဲယူနှုတ်ဆက်လိုက်၏။

ဘရက်ဒီသည် တံခါးကို ဆွဲဖွင့်လိုက်ပြီး-

"ဆန်ဒရာရေ. . . အထဲကို လာခဲ့ပါဦးကွယ်"

ဆင်ဒီသည် အခန်းထဲသို့ ဝင်လာ၏။ သူမမျက်လုံးများကမူ ကျွန်တော့်ကို ကြည့်ယင်း ဘာတွေဖြစ်ကုန်ကြပြီလဲဟု မေးနေဟန်ရှိ၏။ ပါးစပ်ကမူ-

"ဟုတ်ကဲ့ မစ္စတာဘရက်ဒီ"

ဘရက်ဒီက-

"ဟောဒီက မစ္စတာကိုဝန်ရဲ့ ကုမ္ပဏီဟာ ကျုပ်တို့ကုမ္ပဏီအတွက် လူထုဆက်ဆံရေး ကြော်ငြာကိစ္စအဝဝကို တာဝန်ယူပြီး လုပ်ကိုင်ရလိမ့်မယ်၊ အဲဒီတော့ မင်းတနယူးယောက်ကို လိုက်သွားပြီး ကျုပ်ကိုယ်စား အစစအရာရာ စောင့်ကြည့်ပေးပါလား"

ဆန်ဒရာသည် ဘရက်ဒီကို ခဏမျှ ကြည့်လိုက်၏။ နောက် မျက်လုံးထောင့်ကပ်၍ ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်က မသိသာခေါင်းရမ်းပြပြီး ပါးစပ်ကို မပွင့်တပွင့်ဖွင့်ပြီး နောက်မှလာဟု မစ္စတာဘရက်ဒီ၏အကွယ်မှ ပြောဆိုအချက်ပြလိုက်၏။

ဆန်ဒရာသည် သူ့အဖေသွေးပါသော မိန်းကလေးဖြစ်ရာ ကျွန်တော် ဘာဆိုလိုကြောင်း ချက်ချင်းရိပ်မိ၏။ ဆန်ဒရာသည် အဘိုးကြီးဘက်သို့ ပြုံးကြည့်လိုက်ပြီး-

"တကယ်လို့ မစ္စတာဘရက်ဒီဘက်က အဆင်ပြေမယ်ဆိုယင်တော့ ကျွန်မ ဒီမှာပဲ ဆက်ပြီးနေလိုက်ပါဦးမယ်"

အဘိုးကြီးသည် ရင်ထဲမှ ဝမ်းသာမှုကို ဘယ်လိုမှ မဖုံးနိုင်တော့ပေ။ သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ အပျံ့ရောင်သည် တစ်ခန်းလုံးကိုပင် လင်းထိန်သွားရော့သလားဟု ထင်မှတ်ရပါတော့၏။

□□□

## အခန်း (၂၉)

အိမ်ခန်းမှာ ဝါရှင်တန်မြို့တော် ဆင်ခြေဖုံး လူချမ်းသာများနေလေ့ရှိသော ဥယျာဉ်ပါသော အခန်းများပုံပန်းအတိုင်း ဖြစ်ပါ၏။ ခန်းမကျယ်ကြီးမှာ အလင်းရောင်မရှိ။ ထို့ကြောင့် ကျွန်တော်သည် အိတ်ထဲမှ မီးခြစ်ကိုထုတ်၍ မီးခြစ်ကာ အခန်းများ၏ လူခေါ်ခေါင်းလောင်း ခလုတ်များကို ရှာကြည့်၏။

ရှိုင်လာဟူသော အမည်ကိုတွေ့၍ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။ အိမ်ကြီးထဲ ဟိုအဝေးတစ်နေရာမှ ခေါင်းလောင်းမြည်သံကို ခပ်သဲ့သဲ့ကြားရသည်။ ...ီးခြစ်ဆံမီးကုန်၍ မီးငြိမ်းသွားသဖြင့် ကျွန်တော်သည် အမှောင်ထဲမှာပင် စောင့်နေရ၏။ ...မိနစ်အနည်းငယ်ကြာသော်လည်း ဘာမှအကြောင်းမထူး၍ ကျွန်တော် ထပ်နှိပ်လိုက်ပြန်...၏။ သို့သော် ဘာမှ အကြောင်းမထူးချေ။ အိမ်ကြီးသည်လည်း ပကတိမည်းမှောင်လျက်...ဲ ရှိ၏။

ကျွန်တော်သည် ခန်းမကျယ်ကြီးဘက်သို့ ပြန်လျှောက်ပြီး လေ့ကားရင်းအော...းဘ်တုတ်ထိုင်ချလိုက်၏။ ယခု ကျွန်တော် လုပ်ကိုင်နေပုံများမှာ အရူးတစ်ယောက်လို့...လုပ်နေခြင်း ဖြစ်ပါသည်။ ထိုသို့ အရူးလိုလုပ်နေခြင်းကိုလည်း ကျွန်တော်သိ၏။ ...ပြောသည့်အတိုင်း အယ်လိန်းသည် ဝါရှင်တန်မြို့မှ ဖုန်းဆက်သည်ပဲဖြစ်ဦး ...အိမ်မှာရှိ...နေမည်ဟု ဘယ်သူက ပြောနိုင်ပါမည်နည်း။ အယ်လိန်းသည် နှုံ့အားရော...ဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



စနေ၊တနင်္ဂနွေဖြစ်၍ တစ်နေရာရာသို့ သွားမည်ဆိုက သွားနိုင်သည်။ ယနေ့ကား သောကြာနေ့ည မဟုတ်ပါလား။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ ကျွန်တော်ကိုယ်တိုင် လမ်းမှားကိုလိုက်ခဲ့လေသလား မသိ။ တကယ်တမ်းဆိုပါက ကျွန်တော်သည် ထင်သလောက် မလျှင်သူတစ်ယောက်တည်း ဖြစ်နိုင်သည်။ အယ်လိန်းသည် ကျွန်တော့်ကို ကစားစရာ သတ္တဝါတစ်ကောင်ကဲ့သို့ ကစားခြင်းလည်း ဖြစ်နိုင်သည်။ အယ်လိန်းတွင် တခြားအမျိုးသားတစ်ဦး ရှိချင်ရှိနိုင်သည်ပင်။ တစ်ယောက်မက နှစ်ယောက်သုံးယောက်လည်း ရှိနိုင်သည်ပင်။ ကျွန်တော်သည် ဘာမှ သေသေချာချာ သိသည်မဟုတ်။ ကျွန်တော်သိသမျှမှာ အယ်လိန်း ကျွန်တော့်ကို ပြောပြသမျှပဲဖြစ်သည်။ အယ်လိန်းက ကျွန်တော့်ကို လိမ်ညာ၍မပြောရဟု မည်သူကမှ သတ်မှတ်ပညတ်ထားခြင်း မရှိ။

စီးကရက်အရသာမှာ ပါးစပ်ထဲတွင် ခါးသက်သက်ကြီးဖြစ်နေ၍ ကျွန်တော်သည် စီးကရက်ကို လွှင့်ပစ်လိုက်ပါသည်။ စီးကရက်မီးသည် ကျွန်တော်ထိုင်နေသော လှေကားနှင့်တည့်တည့် ကွန်ကရစ်လမ်းကလေးပေါ်သို့ ကျသွားပြီး မီးပွားကလေးများဖွာ၍ လွင့်ကြသွား၏။ ညသည် တဖြည်းဖြည်း အေးစိမ့်လာရာ ကျွန်တော်သည် ကုတ်အင်္ကျီ ကော်လာကို ထောင်လိုက်မိ၏။ ယခုသော်လည်း ကျွန်တော့်တွင် လုပ်စရာဘာမှမရှိတော့။ ကျွန်တော့်စိတ်ထဲတွင်လည်း သည်လှေကားရင်းမှာပင်ထိုင်၍ ဘဝဆုံးမည့်ရက်ကို စောင့်၍ပဲ နေချင်ပါတော့သည်။

ဤခံစားမှုမျိုးကို ပစ်စဘတ်လေဆိပ်မှ ဝါရှင်တန်မြို့ အယ်လိန်းအိမ်သို့ ဖုန်းဆက်စဉ် ထူးသူမရှိသောအခါကလည်း ခံစားခဲ့ရဖူးပြီဖြစ်၏။ ထိုအချိန်ကပင် ကျွန်တော်သည် အယ်လိန်းကို တွေ့ရမှဖြစ်မည်ဆိုခြင်းကို သိ၏။ တခြားတစ်ပါးသော နည်းလမ်းမရှိ။ ထို့ကြောင့် ဝါရှင်တန်မြို့ထွက်မည့် လေယာဉ်လက်မှတ်ဝယ်လိုက်ပြီး အိမ်ကို ဖုန်းဆက်ခဲ့ခြင်းဖြစ်ပါ၏။

မာဂီနှင့် ဖုန်းအဆက်အသွယ်ရသောအခါ ကျွန်တော်သည် လေသံကို ခပ်ပေါ့ပေါ့ မြူးမြူးဖြစ်အောင် ကြိုးစားလိုက်၏။ ကျွန်တော်က-

"မာဂီ ကိုယ်တို့ ဘရက်ဒီရဲ့အလုပ်ကို ရခဲ့ပြီ။ အဲဒီအတွက် ဝါရှင်တန်ကဥက္ကဋ္ဌနဲ့ သွားတွေ့ရမယ်"

ကျွန်တော်သည် မုသားစကားကို သုံးလိုက်ပါသည်။

မာဂီက စေ့စပ်သေချာစွာဖြင့်-

"တနင်္လာနေ့မှ သွားလို့မဖြစ်ဘူးလား။ ဒီရက်ထဲမှာ ကျွန်မစိတ်ထဲ တစ်မျိုးကြီးဖြစ်နေလို့"

ကျွန်တော့်စိတ်ထဲတွင် စိတ်လက်မအီမသာဖြစ်သောအခါ မာဂီပြုမူလေ့ရှိ



သော အမူအရာဟန်ပန်ကို မြင်ယောင်၍လာပါသည်။

ကျွန်တော်က အမြန်အထက်-

"မရဘူးမာဂီ၊ မက်ရဲ့ဒီအလုပ်ဟာ ကိုယ်တို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ဆိုတာ သိသားနဲ့၊ မက်ဘရက်ဒီက မလုပ်တော့ဘူးဆိုတာနဲ့ ကိုယ်တို့ကိစ္စ ချောပြီပဲ၊ ခု အခြေအနေရောက်မှ ဘယ်အတိမ်းအစောင်းကိုမှ ကိုယ် မခံနိုင်တော့ဘူး"

ကျွန်တော့်ရင်ထဲတွင် အလွန်ထူးဆန်းသော ခံစားမှုတစ်ခုကို ရ၏။ ထိုခံစားမှုတား ကျွန်တော့်စကားကို မာဂီ ယုံကြည်ခြင်းမရှိ ဆိုခြင်းပင်ဖြစ်ပါ၏။ ဖုန်းခွက်ထဲမှ မာဂီ၏ သက်ပြင်းချသံကိုပင် ကျွန်တော်ကြားရ၏။ မာဂီက-

"ဟုတ်ပါပြီ ဘရက်ဒ်ရယ်၊ လိုအပ်မယ်ဆိုယင်လဲ သွားပေါ့"

ကျွန်တော်က စကားကြောင်းအတိုင်း အမြန်လိုက်၍-

"လိုအပ်လို့ သွားတာပေါ့ကွယ်၊ မလိုအပ်ယင် ကိုယ်မသွားပါဘူး၊ မင်းလဲ သိပါတယ်"

မာဂီ့အသံမှာ သဲ့သဲ့ကလေး ယဲ့ယဲ့ကလေးမျှသာ ရှိတော့၏။ မာဂီက-

"ကျွန်မတော့ အခု ဘာမှမသိတော့ပါဘူး ဘရက်ဒ်ရယ်"

ပြောပြောဆိုဆိုပင် မာဂီ့ဘက်မှ ဖုန်းချသွားလေ၏။

ကျွန်တော်သည် ဖုန်းကို ပြန်ချိတ်ထားလိုက်ပြီး လေယာဉ်ကွင်းထဲသို့ အတွေးပေါင်းများစွာဖြင့် ဆင်းလာခဲ့ပါ၏။ ဝါရှင်တန်လေယာဉ်မှာ ခုလေးတင်မှ ဆိုက်ရောက်လာခဲ့သည်ဖြစ်ပြီး ကျွန်တော် ဝါရှင်တန်မြို့လေဆိပ်သို့ ရောက်ချိန်မှာ ကိုးနာရီကျော်ကျော်မှာ ဖြစ်ပါ၏။ အယ်လိန်းအိမ် လူခေါ်ခေါင်းလောင်း နှိပ်နေချိန်မှာ ဆယ်နာရီထိုးခါနီးပြီ ဖြစ်၏။

အဆောက်အအုံကြီး၏ ဘေးဘက်တစ်နေရာမှ မော်တော်ကားသံ ကြားရသည်။ နောက် ကားဂိုထောင်တံခါးပိတ်သံ ကြားရ၏။ စက္ကန့်အတန်ကြာမျှ တိတ်ဆိတ်နေ ရှိသည်။ ပြီးနောက် ကွန်ကရစ်လမ်းပေါ်တွင် လျှောက်လာသော ခွာမြင့်ဖိနပ်ခြေသံကို ကြားရ၏။ ခြေသံသည် အဆောက်အအုံ၏ ထောင့်ချိုးအထိ ရောက်လာ၏၊

ကျွန်တော်သည် ထိုင်နေရာမှထပြီး ခြေသံလာရာသို့ မျက်နှာမူလိုက်သည်၊ ကျွန်တော့်ခြေထောက်များသည် တုန်ယင်၍ မခိုင်မြဲချင်တော့။ ထောင့်ချိုးကအကွေ့ သည်နှင့် ကျွန်တော် အယ်လိန်းကို မြင်ရပါသည်၊ သို့သော် အယ်လိန်းက ကျွန်တော့်ကို [illegible]သေးပေ။

လသည် ပြည့်ပြည့်ဝဝ သာနေသည်ဖြစ်ရာ သူမ၏မျက်နှာပေါ်၌ အရောင်[illegible] လင်းကျနေ၏။ လရောင်ဆမ်းထားသော အယ်လိန်းမျက်နှာတလေးမှာ [illegible] [illegible]သည်။ ထိုမျက်နှာလှလှကလေးပေါ်တွင် ကြေကွဲခြင်း၊ အထီးကျန်ခြင်းများ အဆိုး

www.burmeseclassic.com

www.burmeseclassic.com



ထိုးနေပုံရ၏။ ကျွန်တော်၏ နှလုံးသားများကား အယ်လိန်းကိုမြင်သည်နှင့် ထူးထူးဆန်းဆန်းပင် ဝမ်းသာသွား၏။

ကျွန်တော်က တီးတိုးလေသံဖြင့်-

"အယ်လိန်း"

အယ်လိန်းသည် တုံ့ကနဲရပ်သွားသည်။

သူမ လက်တစ်ဘက်သည် သူမလည်တိုင်ကို ပြန်ကိုင်လိုက်၏။

"ဘရက်ဒ်"

အယ်လိန်းသည် အသက်ပြင်းပြင်းရှူလိုက်သည်။ သူမမျက်နှာပေါ်တွင် ဝမ်းသာကြည်နူးမှု အရိပ်ကလေး ရုတ်တရက် ပေါ်လာခဲ့ပြီး လျှင်မြန်စွာပင် ပြန်လည်ကွယ်ပျောက်သွားပါ၏။

အယ်လိန်းသည် ကျွန်တော့်ဆီသို့ ဆက်လျှောက်လာ၏။

"ဘရက်ဒ်၊ ရှင် ဘာဖြစ်လို့ လိုက်လာရတာလဲဟင်၊ ကျွန်မတို့နှစ်ယောက်စလုံး ဇာတ်လမ်းဆုံးသွားပြီဆိုတာ သိနေကြပြီပဲ"

အယ်လိန်း၏အသံမှာ တီးတိုးသော်လည်း မာဆတ်နေ၏။

ကျွန်တော်က-

"ကိုယ့်ဘက်ကတော့ အယ်လိန်းကို တွေ့မှဖြစ်မယ် အယ်လိန်း၊ အယ်လိန်း အခုလို ကိုယ့်ဆီက ထွက်သွားတဲ့အဖြစ်မျိုး မခံနိုင်ဘူး"

အယ်လိန်းသည် ကျွန်တော်နှင့် လေးငါးပေအကွာတွင် ရပ်လိုက်၏။ သူမ၏ မျက်လုံးများသည် ကျွန်တော့်မျက်နှာတည့်တည့် ကြည့်နေ၏။

အယ်လိန်းက-

"ရှင် ကျွန်မကို ဒုက္ခပေးလို့ အားမရသေးဘူးလားဟင်"

အယ်လိန်းသည် ပြောယင်း မျက်ရည်များကျလာ၏။

"ရှင် လုပ်လိုက်ပုံက ကျွန်မဘဝမှာ အပေါစားဖြစ်သွားခဲ့တယ်၊ ကျွန်တော့် အတန်းအစားတွေနဲ့ အတူတူဖြစ်သွားအောင် လုပ်ခဲ့တယ်၊ ခုထိ ကျွန်မကို ဆက်ပြီး အနှောင့်အယှက် ပေးနေတုန်းပဲလား"

ကျွန်တော်က-

"ဆန်ဒရာဆိုတဲ့ အဲဒီမိန်းကလေးက ကိုယ့်အတွက် ဘာမှမဟုတ်ပါဘူး၊ ကိုယ်က သူ့ကို အကူအညီပေးလိုက်လို့ သူက ကျေးဇူးတင်နေတာပဲ ရှိပါတယ်"

အယ်လိန်းသည် စကားမပြောပါ။ ကျွန်တော့်ကိုသာ နာကျင်သော၊ ညှိုးမှောင်သော မျက်လုံးအစုံဖြင့် ကြည့်နေ၏။ ထိုမျက်လုံးအစုံထဲမှာပင် တစ်စုံတရာကမူ ကျွန်တော်၏စကားများကို ယုံကြည်ချင်နေပုံရ၏။



ကျွန်တော်သည် လက်တစ်ဘက်ဆန့်တန်း၍ အယ်လိန်းရှိရာ တိုးသွားသည်။

အယ်လိန်းသည် နောက်သို့ တွန့်ကနဲ ဆုတ်သွား၏။

ကျွန်တော်က-

"ကိုယ့်ကို မင်းမချစ်ဘူးလို့ တစ်ခွန်းပဲ ပြောလိုက်ပါ၊ ကိုယ်ပြန်သွားပါ့မယ်"

"သွားပါတော့ရှင်၊ ကျွန်မကို ထားခဲ့ပါတော့"

အယ်လိန်းသည် ခါးသီးတင်းမာသော လေသံဖြင့် ပြော၏။

ကျွန်တော်က-

"မသွားနိုင်ဘူး အယ်လိန်း၊ မင်းဟာ ကိုယ့်အတွက် အရာရာခပ်သိမ်းပဲ၊ ကိုယ် မင်းကို ဒီအတိုင်းမထားခဲ့နိုင်ဘူး၊ မင်းက ကိုယ့်ကိုမချစ်ဘူးလို့ပြောမှ ကိုယ်သွားမယ်"

အယ်လိန်းသည် မြေအပြင်ကို ငုံ့ကြည့်၏။

"ကျွန်မ ရှင့်ကိုမချစ်ဘူး"

အယ်လိန်း၏လေသံမှာ ပျော့ပျော့ကလေး ဖြစ်ပါသည်။

ကျွန်တော်က အယ်လိန်းကိုကြည့်၍-

"လွန်ခဲ့တဲ့ လေးငါးရက်ကပဲ မင်း ကိုယ့်ကိုချစ်တယ်လို့ ပြောခဲ့တယ်၊ မင်း ကိုယ့်မျက်လုံးတွေကို တည့်တည့်ကြည့်ပြီး ကိုယ့်ကို အသည်းနှလုံးတစ်ခုလုံး ပုံပြီးချစ်တယ်လို့ ပြောခဲ့တယ်၊ မင်းဘဝမှာ ဘယ်သူမှ ကိုယ့်လောက် မင်းကိုချစ်နိုင်တဲ့လူ ပြန်ချစ်လို့ရတဲ့လူ မရှိဘူးလို့ ပြောခဲ့တယ်"

ကျွန်တော်သည် နောက်ထပ်စကားများပြောရန် အားယူလိုက်ပြီးမှ-

"အခု ကျုပ်ကို တည့်တည့်ကြည့်ပြီး စောစောကပြောခဲ့တာတွေဟာ ညာခဲ့တာလို့ ပြောပါ၊ ကနေ့ ကိုယ့်ကိုမချစ်တော့ဘူးလို့ ပြောပါ၊ မင်းအတွက် အချစ်ဆိုတာ နေ့တစ်မျိုး ညတစ်မျိုး ပြောင်းလို့ရတယ်လို့ ပြောလိုက်ပါ၊ အဲဒီအခါကျယင် ကိုယ်ယုံပါ့မယ်"

တဖြည်းဖြည်းချင်း အယ်လိန်းမျက်နှာသည် မော့လာပြီး ကျွန်တော့်မျက်နှာနှင့် ဆိုင်၍ကြည့်ပါသည်။ အယ်လိန်း၏နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်နေ၏။ အယ်လိန်းက-

"ကျွန်. . . ကျွန်. . . မ. . ."

အယ်လိန်းသည် စကားပြော၍ မထွက်တော့ပါ။

ကျွန်တော်က လက်နှစ်ဘက်ကို ဆန့်တန်းပေးလိုက်သည်နှင့် အယ်လိန်း [illegible] ကျွန်တော့်ရင်ခွင်ထဲသို့ ပြေးဝင်လာပါသည်။ ကျွန်တော့်ရင်ခွင်မှာ [illegible] နေပါသည်။ ခါးသီးသော ရှိုက်သံများကြောင့် သူမ၏ ကိုယ်လုံးကလေး [illegible] သည်။ သူမ၏ငိုယင်းရှိုက်ယင်း ဗလုံးဗထွေးပြောကြားနေသော [illegible]

www.burmeseclassic.com

www.burmeseclassic.com



မသဲကွဲလှပါ။

အယ်လိန်းက-

"အဲဒီ. . . ရှင့်ရုံးခန်းမှာတုန်းက အဲဟို. . . မိန်းကလေးက ကျွန်မ၊ ပြီးတော့ ကျွန်မနေရာက. . . ရှင့်ရဲ့မိန်းမ. . .၊ အဲဒီခဏ ချက်ချင်းလေးမှာပဲ ကျွန်မ. . . သိပ် ရှက်သွားလိုက်တာ၊ အဲဒါ သိပ်မှားတာပဲ. . . သိပ်. . . သိပ်ကိုမှားတာပဲ"

ကျွန်တော်သည် အယ်လိန်း၏ကိုယ်လုံးကလေးကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပါသည်။ အယ်လိန်း၏ ဆံပင်များက ကျွန်တော့်နှုတ်ခမ်းကို ပွတ်သပ်သလို ဖြစ်နေပါသည်။ ကျွန်တော့်မျက်ဝန်းအစုံမှာ ဘယ်အချိန်က ဘယ်လိုကျလာမှန်းမသိသော မျက်ရည်များသည် အယ်လိန်းဆံပင်များပေါ်သို့ ကျနေပါသည်။

ကျွန်တော်က-

"အယ်လိန်းရယ်. . . အယ်လိန်းရယ်. . . မငိုပါနဲ့ကွယ်"

အယ်လိန်း၏နှုတ်ခမ်းများသည် ကျွန်တော့်နှုတ်ခမ်းများပေါ်သို့ အတင်းဖိကပ် လာပါသည်။ ပြီးမှ ငိုကြွေးယင်း-

"ဘရက်ဒ်. . . ဘရက်ဒ်. . . ရယ်. . . ကျွန်မ ရှင့်ကို သိပ် သိပ်ချစ်ပါတယ်"

အယ်လိန်းသည် ပြောလိုက် ငိုလိုက် နမ်းလိုက် လုပ်ပါသည်။ ကျွန်တော့်ပါးစပ် ထဲတွင် အယ်လိန်း၏မျက်ရည်၊ ကျွန်တော်၏ မျက်ရည်များကြောင့် ငန်ပျပျအရသာ ရပါသည်။

အယ်လိန်းက-

"ကျွန်မ ရှင့်ဆီက နောက်တစ်ခါ ထွက်မပြေးပါရစေနဲ့ ဘရက်ဒ်ရယ်၊ ကျွန်မ ကို ပစ်မသွားပါနဲ့ အချစ်ရယ်. . ."

"ဒါမှပေါ့ အချစ်ရယ်. . ."

ကျွန်တော့်ရင်ထဲမှာ ကျေနပ်အားရ သွားပါသည်။ ကျွန်တော်က မျက်စိမှိတ် လိုက်ပြီး-

"ကိုယ် ဘယ်တော့မှ ပစ်မသွားပါဘူး အချစ်ရယ်. . ."

□□□

## အခန်း (၃၀)

သည်စနေ တနင်္ဂနွေနေ့များမှာ နာရီကိုလွှင့်ပစ်၍ ရနိုင်ပါ၏။ အချိန်သည် ဘာအဓိပ္ပာယ်မှမရှိ။ သည်ရက်ကလေးမှာမှဖြစ်လာခဲ့သော ပျားရည်ဆမ်းခရီးပင် ဖြစ် ပါသည်။ အကောင်အထည် မပေါ်လာသော အိပ်မက်ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ဦး သားသည် တခြားဘယ်သူနဲ့မှမတွေ့အောင် နေကြပါသည်။ သတိရသောအခါ စားမြဲ မောသောအခါ အိပ်ကြပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် ကျွန်တော်တို့ဘဝများကို ကန့်လန့်ကာချထား ပြီး တစ်ယောက်နှင့်တစ်ယောက် အတူရှိကြခြင်းကိုသာပဲ အသိအမှတ်ပြုထားကြပါသည်။ ဘာမဟုတ်သည့် အသေးအဖွဲကလေးများကိုလည်း ကျွန်တော်တို့နှစ်ယောက် သဘော ကျပြီး ရယ်မောကြပါသည်။ နေ့တဓူဝ ပြုလုပ်ရသည့် ကိစ္စများဖြစ်သော ရေချိုးခြင်း၊ မုတ်ဆိတ်ရိတ်ခြင်း၊ အဝတ်အစားလဲခြင်း၊ ကော်ဖီအိုးတည်ခြင်း၊ ပေါင်မုန့်[illegible] စသည်စသည်တို့အားလုံးသည် ကျွန်တော်တို့၏ သီးခြားကိုယ်ပိုင် [illegible] ကျွန်တော်တို့ ချမ်းမြေ့ကြည်နူးသလို ဖန်တီးလုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။

သို့သော် လူသားတို့ ဖန်တီးပြုလုပ်ထားသည့် အရာ[illegible] အတိုင်း နိဂုံးကမ္ပတ်သို့ ရောက်ရှိလာပါတော့သည်။ ကျွန်တော်တို့ [illegible] သည့် အချိန်ထက် နည်းနည်းကလေး ပိုစောတာပဲ ဖြစ်ပါသည်။ သို့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာမည်ဆိုခြင်းကို ကျွန်တော်တို့နှစ်ယောက်စလုံး သိပါသည်။ ပါးစပ်မှ ဖွင့်၍ မပြောသည့်တိုင် ရင်ထဲမှ သိနေကြပြီးဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ယောက် ထိုအကြောင်းကို ပြောကြမည်လုပ်နေချိန်တွင် တယ်လီဖုန်းသံက မြည်လာပါသည်။ ကျွန်တော်တို့၏ ရက်တို ချစ်အိပ်မက်ကလေးသည် ဆပ်ပြာပူဖောင်းသဖွယ် ပေါက်ကွဲပျက်စီးသွားခဲ့ပြီ ဖြစ်ပါ၏။

ကျွန်တော်သည် မီးလင်းဖိုရှေ့ ကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်နေချိန် ဖြစ်ပါ၏။ မီးလင်းဖိုမှ အပူငွေ့သည် အပျင်းထူနေသော ကျွန်တော့်တစ်ကိုယ်လုံးကို လွှမ်းခြုံ၍နေပါသည်။ အယ်လိန်းသည် ရေပန်းနှင့် ရေချိုးပြီးစီးရာမှ အခန်းထဲဝင်လာပြီး ကျွန်တော့်ကို လှည့်ပတ်လျှောက်နေ၏။ ကျွန်တော်သည် အယ်လိန်းလောက် ရေပန်းဖြင့် ရေချိုးခြင်းကို ခင်မင်သူကို တစ်ခါမှ မတွေ့ဖူးခဲ့။ ငါးမိနစ်တစ်ခါ ရေဝင်ချိုးနိုင်သူ ဖြစ်ပါသည်။

မီးလင်းဖိုမှ မီးရောင်သည် အယ်လိန်း၏ကိုယ်မှာ ပတ်ထားသော မျက်နှာသုတ်ပုဝါအောက်ဘက်မှ ခြေသလုံးသားများကို ဖွန်းပက်ဝင်းလက်နေသည်။ ကျွန်တော်သည် ကြမ်းပေါ်မှာလှိမ့်၍ အယ်လိန်း၏ခြေထောက်ကို ဖမ်းဆွဲသည်။ အယ်လိန်းသည် ကျွန်တော့်နံဘေးသို့ ရယ်မောယင်း ပြိုလဲကျလာ၏။ ကျွန်တော်ကိုယ်တိုင်လည်း အယ်လိန်းနှင့်အတူ ရယ်မောမိပါသည်။ တစ်ချိန်ထဲ၌ အယ်လိန်းကိုယ်ပေါ်မှာ ခြုံပတ်ထားသော မျက်နှာသုတ်ပုဝါကို ဆွဲလုယူပါသည်။ အယ်လိန်းက ပြန်၍လုပါသည်။ သို့သော် အားသိပ်ထည့်ပုံမရပါ။

အယ်လိန်း ကျွန်တော့်ကိုကြည့်လိုက်သော မျက်လုံးများမှာ တည်ငြိမ်လွန်းလှပါသည်။ ကျွန်တော်က အယ်လိန်း၏နှုတ်ကို နမ်းပါသည်။ အယ်လိန်းက ခဏမျှပြုံးလိုက်ပြီး အယ်လိန်း၏မျက်လုံးများသည် ပြန်လည်တည်ငြိမ်သွားပြန်ပါသည်။ အယ်လိန်းပြောလိုက်သော စကားလေသံထဲမှာလည်း ဤနှစ်ရက်ကလေးအတွင်း ပထမဆုံးအကြိမ် ဝေဒနာအရိပ်အငွေ့များ ပါဝင်၍လာပါသည်။ အယ်လိန်းက-

"ဘရက်ဒ်၊ ကျွန်မတို့နှစ်ယောက် ဘာတွေဖြစ်နိုင်သလဲ ဘရက်ဒ်"

အယ်လိန်းမေးလိုက်သော မေးခွန်းမှာ တရားမျှတ နည်းလမ်းကျသော အမေးစကားဖြစ်ပါသည်။ သို့သော် ကျွန်တော့်တစ်ကိုယ်လုံးကိုမူ အေးစက်ထုံကျင်၍ သွားစေပါ၏။ အယ်လိန်းတွင် ဤမေးခွန်းကို မေးပိုင်ခွင့်ရှိသည်။ ကျွန်တော်ကသာ တစ်ခါမှ တွေ့တွေ့ဆိုင်ဆိုင် ဤမေးခွန်းနှင့် ရင်မဆိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်က-

"ကိုယ်လဲမသိဘူး"

အယ်လိန်းက အခြေအနေမှန်ကို ထောက်ပြသောအနေဖြင့်-

"ကျွန်မတို့ ဒီလိုချည့်ပဲ ဘစ်သက်လုံးနေသွားလို့ ဘယ်ဖြစ်ပါ့မလဲ"



ကျွန်တော်က နောက်စစနှင့်-

"ဒီလိုနေတော့ ဘာဖြစ်လဲ၊ ကိုယ့်အတွက်တော့ သိပ်ကောင်းနေတာပဲ"

ကျွန်တော်၏ဟာသကို အယ်လိန်းက ဂရုမစိုက်ဘဲ တလေးတနက်ဆက်၍-

"ရှင်လဲ ကျွန်တဲ့ဘဝတစ်လျှောက်လုံးကို လူတွေနဲ့မတွေ့အောင် ရှောင်ပုန်းပြီးနေလို့ ဘယ်ဖြစ်မလဲ၊ အနေးနဲ့အမြန် ဒီအိမ်ကနေ အပြင်လောကထဲကို ထွက်ရမှာပဲ၊ ရှင်တော့ ဘယ်လိုခံစားရမိသလဲ မသိဘူး၊ ကျွန်မတော့ ဘယ်လိုမှ စဉ်းစားမရဘူး"

ကျွန်တော်သည် စီးကရက်တစ်လိပ် မီးညှိရှိုက်ဖွာလိုက်ပြီး မီးခိုးများကို မှုတ်ထုတ်လိုက်ပါသည်။ နောက် အယ်လိန်း၏ နှုတ်ခမ်းလွှာအကြားမှာ ထည့်ပေးလိုက်ပါသည်။ ကျွန်တော့်အဖြေမှာလည်း အသည်းနှလုံးထဲမှ လာသည့်အဖြေ ဖြစ်ပါ၏။

"ဟုတ်တယ်၊ ကိုယ်လဲ လုံးဝသဘောမကျဘူး"

အယ်လိန်း၏ မျက်လုံးများသည် ကျွန်တော့်ကို အကဲခတ် ကြည့်ရှုနေပါ၏။ သူမက-

"ဒါဆိုယင် ကျွန်မတို့ ဘာလုပ်ကြမလဲဟင်"

ကျွန်တော်သည် အယ်လိန်း၏စကားကို ပြန်မဖြေမီ အချိန်အကြာကြီးယူ၍ စဉ်းစားပါသည်။ သည်စနေတနင်္ဂနွေရက်ကလေး နှစ်ရက်မှာ ပွဲပြီးမီးသေလုပ်၍ မဖြစ်နိုင်သော အလုပ်မဟုတ်ပါ။ သည်တစ်ကြိမ်ကား တကယ်လက်တွေ့ ဆောင်ရွက်ရမည့်အဖြစ် ဖြစ်ပါသည်။ ကျွန်တော်သည် အယ်လိန်း၏ ဆံယဉ်စများကို လက်ဖြင့်ထိုးဖွယင်း-

"ကိုယ်တို့နှစ်ယောက်စလုံး လုပ်စရာရှိတာက နည်းလမ်းတစ်ခုပဲ ရှိတယ် အဲဒါကတော့ လက်ထပ်ကြဖို့ပဲ"

အယ်လိန်း၏လေသံမှာ တိုးတိတ်လွန်းပြီး အနည်းငယ် တုန်ခါနေပါသည်။ သူမက-

"ရှင် အဲဒီလိုဖြစ်စေချင်တာ သေချာရဲ့လားဟင်"

ကျွန်တော်သည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်၏။

"သေချာပါတယ်"

အယ်လိန်းသည် ကျွန်တော့်ကို ဆက်လက်စူးစိုက်ကြည့်ယင်း-

"ကျွန်မလဲ ရှင်နဲ့အတူနေဖို့ဆိုတာ လောကကြီးမှာ အဖြစ်ချင်ဆုံး ဆန္ဒပဲပဲ ဒါပေမယ့် ရှင့်ရဲ့ဇနီး၊ ရှင့်ရဲ့ကလေးတွေကိုစ္စ ဘယ်လိုလုပ်ကြမလဲဟင်"

ကျွန်တော့်ရင်ထဲ၌ ဝေဒနာ နာကျင်မှုများ စတင်ပေါ်ပေါက်၍ လာပါတော့သည်။ ကျွန်တော်သည် အကြောင်းအရာပေါင်းစုံကို စဉ်းစားခဲ့ပါသည်။ သို့သော် ကျွန်တော့်ဇနီးသားစုအကြောင်းကို မစဉ်းစားခဲ့။ ယခုမှ ကျွန်တော်သည် မိမိတစ်ကိုယ်တော်ခံစားမှုများကိုသာ စဉ်းစားခဲ့ကြောင်း တွေ့သိရပါ၏။ ကျွန်တော်က အယ်လိန်းမျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ာည့်တည့်ကြည့်၍-

"ကိုယ် ဒီကိုလာခဲ့တာဟာ တကယ်ကျတော့ မင်းကို လာပြီးရှာခဲ့တာမဟုတ် ဲ ကိုယ့်ကိုယ်ကိုယ် လာပြီးရှာခဲ့တာဖြစ်နေပြီ"

ကျွန်တော့်ခေါင်းထဲတွင် ကျွန်တော် မက်ဘရက်ဒီဆီ သွားမတွေ့မီ နံနက်ခင်း ာ မာဂီ ပြောကြားခဲ့သော စကားများကို ပြန်လည်အမှတ်ရလာပါသည်။ ယခုတော့ ာဂီသည် ကျွန်တော်က အဖြေရှာမတွေ့မီ ကြိုတင်၍ အဖြေရနေခဲ့သူပါကလား။

ကျွန်တော်က-

"မာဂီဟာ ကိုယ် မင်းအပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာကို သိပြီး ား ဖြစ်နေပုံရတယ် အယ်လိန်း၊ ဟိုတစ်နေ့က ပစ်စဘတ်မသွားခင် ဘာပြောသလဲဆို တာ့ လောကကြီးမှာ ဘယ်သူမှ အာမခံချက် အတိအကျမရှိကြပါဘူးလို့ ပြောခဲ့တယ် လ၊ မာဂီသိနေပြီလို့ ယူဆပါတယ်"

အယ်လိန်းသည် ကျွန်တော့်ရင်ခွင်ကို ခေါင်းမှီ၍ တင်ပါသည်။ သူမက-

"အဲဒါက ရှင့်ဇနီးရဲ့ ခံစားမှုပဲထားပါတော့၊ ရှင့်ကလေးတွေကကော"

ကျွန်တော်က-

"သူတို့လဲ ကလေးတွေ မဟုတ်ကြတော့ပါဘူး။ သူတို့လဲ အရွယ်ရောက်ကုန် ကြပါပြီ၊ ဖျင်နီတာ (၁၆) နှစ်ရှိပြီ၊ ဘရက်ဒ်ကဆိုယင် (၁၉) နှစ်ပြည့်ခါနီးပြီ၊ သူတို့လဲ လာကအကြောင်း၊ ဘဝအကြောင်း သိတန်လောက်ပါပြီ၊ သူတို့လဲ နားလည်နိုင်ကြမှာ ါ သူတို့ကိုယ်တိုင်လဲ သူတို့ကိုယ်သူတို့ ထိန်းကျောင်းနိုင်တဲ့ အရွယ်တွေ ရောက်နေကြပါ ါ

အယ်လိန်းက တွေးတွေးဆဆဖြင့်-

"တကယ်လို့ သူတို့က ရှင်လုပ်မှာ မကျေနပ်ဘူး၊ သဘောမတူဘူး၊ ရှင်နဲ့ ပတ်သက်ချင်တော့ဘူးဆိုယင် ရှင့်စိတ်ထဲမှာ ဘယ်လိုခံစားရမလဲဟင်၊ ခဏတဖြုတ် တာ့ ထားပါတော့၊ အတော်ကြာလာယင် သူတို့တတွေဆီက လုယူခဲ့သလိုဖြစ်တဲ့ ျွန်မတို့ ရှင် မုန်းလာနိုင်တယ်နော်"

အယ်လိန်း၏အသံမှာ ကျွန်တော့်ရင်ခွင်မှာ တိုးကပ်နေလွန်းသဖြင့် သဲ့သဲ့သာ ကြားရပါသည်၊

ကျွန်တော့်လည်ချောင်းထဲတွင်လည်း တစ်ဆို့ဆို့ကြီးဖြစ်နေရာ ကျွန်တော် ည် စကားကိုပင် မနည်းအသံထွက်အောင် ပြောရ၏။

"အဲ . . . အဲဒီလိုဖြစ်မှာ မဟုတ်ပါဘူးကွယ်"

အယ်လိန်းက လက်မခံသေးဘဲ-

"ဒါပေမယ့် ဖြစ်လာနိုင်တယ်နော်၊ ဖြစ်ဖူးတဲ့ အစဉ်အလာတွေလဲ ရှိတယ်"



ကျွန်တော်သည် ထိုအကြောင်း ထိုအဖြစ်ကို စဉ်းစား၍ပင် မနေချင်ပါ၊ သို့ဖြင့်-

"အဲဒီလိုဖြစ်လာဖို့ အကြောင်းဆုံလာတော့မှပဲ ကိုယ်ရင်ဆိုင်မယ်ကွာ"

အယ်လိန်းသည် စကားကုန်သေးပုံမပေါ်ပါ။

"ပြီးတော့ ငွေရေးကြေးရေးကိစ္စကလဲ ရှိသေးတယ်"

ကျွန်တော်က လျှင်မြန်စွာပင်-

"ငွေရေးကြေးရေးက ဘာကိစ္စရှိမှာလဲ"

ကျွန်တော့်ရင်ထဲမှာ ဖြတ်ကနဲ သံသယစိတ် ပေါ်လာပါသည်။ သို့သော် အယ်လိန်း၏အဖြေက ထိုသံသယကို ဖျက်ချေပစ်လိုက်ပါ၏။

အယ်လိန်းက-

"ကွာရှင်းပြတ်စဲတယ်ဆိုတာလဲ ငွေကုန်ရတာပဲ၊ ကျွန်မ ရှင့်စိတ်ကို သိပါတယ်၊ ရှင်ဟာ ဘယ်နည်းနဲ့ဖြစ်ဖြစ် မာဂီအပေါ် တရားမျှတမှုအရှိဆုံးဖြစ်အောင် ကြိုးစားမှာပဲ၊ မာဂီလိုချင်သမျှ အားလုံးပေးလိုက်မှာပဲ၊ အဲဒီလို ပေးလိုက်မှလဲ တကယ်တော့ တရားမျှတ မှုရှိမှာကိုး၊ မာဂီဟာ ရှင်နဲ့အတူ နေခဲ့ရတဲ့နှစ်တွေ၊ ကြုံလာသမျှ အခက်အခဲတွေကို အတူရင်ဆိုင်ခဲ့ရတာတွေကြောင့် ပြည့်ပြည့်ဝဝ ရသင့်ရထိုက်ပါတယ်၊ ဒါပေမယ့် နောက် နောင်အချိန်တွေကျတော့ ရှင့်စိတ်ထဲမယ် ကျွန်မကြောင့်သာ အဲဒီလို မာဂီကို ငွေတွေ အားလုံး ပေးလိုက်ရတယ်ဆိုပြီး ဖြစ်ပေါ်လာနိုင်သေးတယ်"

ကျွန်တော်က-

"ကိုယ့်ဘဝကို စခဲ့တုန်းက ဘာမှရှိတာမဟုတ်ဘူး၊ ကိုယ့်အတွက်တော့ ဘာမှ မရှိတာနဲ့ ရှေ့ဆက်သွားဖို့လဲ အိုကေပဲ"

ကျွန်တော်က အယ်လိန်းကို ပြုံးပြပြီး-

"အယ်လိန်းက ဘယ်လိုမှ မအောက်မေ့ဘူးဆိုယင် ပြောတာပါ"

အယ်လိန်းက ကျွန်တော့်လက်ကို တင်းတင်းဆုပ်လိုက်ပြီး-

"ကျွန်မက ငွေရေးကြေးရေးကို ဂရုမစိုက်ပါဘူး၊ ကျွန်မက ရှင့်ကိုပဲ ဂရုစိုက် တာ၊ ဘယ်လိုပဲဖြစ်ဖြစ် ရှင်စိတ်ချမ်းသာတာကိုပဲ လိုချင်တာပါ၊ ရှင် စိတ်မချမ်းမသာ ဖြစ်နေမှာကိုပဲ စိုးရိမ်တာပါ"

ကျွန်တော်က အယ်လိန်းလက်ကလေးကို နမ်းလိုက်ပြီး-

"အယ်လိန်းက ကိုယ့်ကို စိတ်ချမ်းသာစေမှာပါကွာ"

အယ်လိန်းသည် ကျွန်တော့်မျက်နှာကို ဆွဲယူ၍နမ်းပါသည်၊

"ကျွန်မ ကြိုးစားမှာပါ"

အယ်လိန်းသည် ကတိစကားပေးနေခြင်း ဖြစ်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နောက်သို့မှီလိုက်ပြီး-

"မနက်ဖြန်ကျယင် ကိုယ် မာဂီကိုပြောမယ်"

အယ်လိန်းသည် တွေသွား၏။

"ခဏလောက်စောင့်လိုက်ယင် မကောင်းဘူးလားဟင်၊ ရှင့်စိတ်ထဲမှာ ပိုပြီး သေချာသွားရအောင်"

ကျွန်တော်က ယုံကြည်စိတ်ချမှုအပြည့်ဖြင့်-

"ကိုယ် အခုသေချာနေပြီပဲ၊ အချိန်ဆွဲထားလို့ ဘာထူးမှာလဲ၊ ပိုပြီး ဆိုးလာစရာပဲ ရှိတယ်"

အယ်လိန်းက-

"ရှင် သူ့ကို ဘာပြောမှာလဲဟင်"

ကျွန်တော်က တစ်စုံတရာ ပြောမည်ပြုလိုက်၏။ သို့သော် အယ်လိန်းသည် ကျွန်တော့်နှုတ်ခမ်းကို လက်ချောင်းကလေးနှင့် လာပိတ်ရာ ကျွန်တော် အသံထွက်မလာနိုင်တော့။

အယ်လိန်းက-

"ဟင့်အင်း၊ ကျွန်မကို ဘာမှမပြောနဲ့တော့၊ ကျွန်မ မကြားချင်ဘူး၊ ရှင်ပြောမယ့်စကားဟာ အိမ်ထောင်ရှင် မိန်းမတိုင်းရဲ့ အသည်းနှလုံးထဲမှာ ကျိတ်ပြီးကြောက်ရွံ့ စိုးရိမ်နေတဲ့၊ ထမင်းလုံးတစ္ဆေခြောက်သလို ခံစားနေရတဲ့ စကားကိုပြောမှာပဲ၊ တစ်နေ့နေ့ကျယင် ကိုယ့်ခင်ပွန်း ကိုယ့်ယောကျ်ားဟာ ကိုယ့်ကိုမချစ်တော့ဘူး၊ မခင်တော့ဘူးဆိုတဲ့ စကားပဲလေ"

အယ်လိန်းသည် စကားကို ခဏရပ်လိုက်၏။ ပြီးမှ-

"ရှင် သူ့ကို ဘာတွေပြောမလဲဆိုတာ ကျွန်မ နားမထောင်ဝံ့ဘူး၊ တစ်ခုပဲရှိတယ်၊ ကျွန်မကိုတော့ ကတိတစ်ခုပေးပါလား ဒါလင်ရယ်. . ."

အယ်လိန်းသည် ကျွန်တော်၏မျက်လုံးများကို တလေးတနက်ကြီး စူးစိုက်၍ ကြည့်ပါသည်။

ကျွန်တော်က-

"ဘာများလဲ အချစ်ရယ်. . ."

အယ်လိန်းက လေသံတိုးတိုးလေးဖြင့်-

"မာဂီကို နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံပြောဆိုပါနော်၊ ကျွန်မကိုတော့ သနားပါ၊ မာဂီကို ပြောလိုက်တဲ့ စကားမျိုးတွေကို ကျွန်မကိုတော့ မပြောလိုက်ပါနဲ့နော်"

"စိတ်ချပါ အချစ်ရယ်၊ ကိုယ် ကတိပေးပါတယ်"



ကျွန်တော်သည် အယ်လိန်း၏နဖူးပြင်ကလေးကို နမ်းလိုက်ပါသည်။

အယ်လိန်းက-

"ကျွန်မကို ရှင် ဘယ်တော့မှ ငြီးငွေ့မသွားပါနဲ့နော် ဘရက်ဒ်"

"ဘယ်တော့မှ မဖြစ်စေရပါဘူးကွယ်"

ထိုစဉ်မှာ တယ်လီဖုန်းမြည်လာခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ဦးသား လန့်ပြီး ခွာလိုက်ကြပါသည်။ ဤအကြိမ်သည် ကျွန်တော်တို့နှစ်ဦး ဤနေရာမှာရှိစဉ်အတွင်း ပထမဆုံးမြည်လာသော တယ်လီဖုန်းသံ ဖြစ်ပါသည်။ အယ်လိန်းသည် ကျွန်တော့်ကို လှမ်းကြည့်လိုက်ပါသည်။

"ဘယ်သူများ ဆက်တာပါလိမ့်၊ ဘယ်သူမှ ကျွန်မ ဒီစနေတနင်္ဂနွေမှာ ဒီအိမ်ပြန်လာမယ်ဆိုတာကို မသိဘူး"

ကျွန်တော်က အယ်လိန်းကို ပြုံးပြ၍-

"အဲဒါကိုသိချင်ယင် ဖုန်းကိုကိုင်ကြည့်ဖို့ ရှိတာပဲ"

အယ်လိန်းသည် လှဲနေရာမှထပြီး ဖုန်းခွက်ကို ကိုင်လိုက်၏။

"ဟယ်လို. . ."

တယ်လီဖုန်းခွက်ထဲမှ တစ်စုံတရာသော အသံများ မြည်လာပုံရပါသည်။ အယ်လိန်းမျက်နှာပေါ်တွင်လည်း ထူးခြားဆန်းပြားသော မျက်နှာထား ဖြစ်ပေါ်လာပါသည်။ အယ်လိန်းအသံမှာ အေးစက်၍ ဝေးလံခေါင်သီလွန်း၍ လာပါသည်။

"ရှင်. . . ကျွန်မ သူ့ကို မတွေ့မိပါဘူး"

အယ်လိန်းသည် ကျွန်တော့်ကို လှမ်းကြည့်ပါသည်။

တယ်လီဖုန်းထဲမှ အသံတချို့ ဆက်၍မြည်ပါသည်။

အယ်လိန်းသည် တယ်လီဖုန်းနားထောင်ရင်း မျက်လုံးအစုံ ပြူးကျယ်၍လာပါသည်။ နာကျင်သော ဝေဒနာအရိပ်များ အယ်လိန်း၏ မျက်လုံးအစုံ၌ ထင်ဟပ်၍လာပါသည်။ ထိုဝေဒနာမျက်လုံးများကို အယ်လိန်းနှင့် ပထမဆုံးအကြိမ် တွေ့ရစဉ်က တွေ့ဖူးပါသည်။

အယ်လိန်းသည် မျက်လုံးအစုံကို ပိတ်လိုက်ပါသည်။

အယ်လိန်း၏ ကိုယ်ခန္ဓာကလေးမှာ လေတိမ်းလိုက်သလို ယိမ်းနွဲ့၍ သွားပါသည်။

ကျွန်တော်သည် ခုန်ထလိုက်ပြီး အယ်လိန်း လဲပြိုမသွားစေရန် အယ်လိန်း ခါးလေးကို သိုင်းဖက်ထိန်းလိုက်ပါသည်။ အယ်လိန်း နားနားကိုကပ်၍ တိုးတိုးလေးဖြင့်-

"ဘာဖြစ်သွားတာလဲဟင်"

အယ်လိန်းမျက်နှာပေါ်၌ နာကျင်သော မျက်နှာထား ပေါ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အယ်လိန်းက-

"ကိစ္စမရှိပါဘူး မစ္စတာဂိုဝန်"

အယ်လိန်းအသံမှာ ထုံထိုင်း၍နေပါသည်။

အယ်လိန်းသည် ဖုန်းခွက်ကို ဆက်၍-

"သူ ဒီမှာရှိပါတယ်၊ သူနဲ့ပြောပါနော်"

အယ်လိန်းသည် ဖုန်းခွက်ကို ကျွန်တော့်အား လှမ်းပေးပါသည်။

မစ္စတာဂိုဝန်ဆိုပါလား။

တစ်ဘက်မှ စကားပြောနေသူမှာ ဖေဖေပါကလား။

ကျွန်တော်သည် ဖုန်းခွက်ကို လှမ်းယူလိုက်ပြီး-

"ဖေဖေ"

ကျွန်တော်သည် ဖုန်းခွက်ကို ကျွန်တော့်ကိုပေးခဲ့ပြီး ကျွန်တော်နှင့်ဝေးရာသို့ ကျောခိုင်းလျှောက်သွားသော အယ်လိန်းကို လှမ်းကြည့်လိုက်ပါသည်။

ဖုန်းခွက်ထဲမှ ဖေဖေ့အသံက-

"မာဂီက မင်းကိုလိုက်ရှာ ပြောခိုင်းတာပါ သား၊ မင်းရဲ့သားကြီး သိပ်ပြီးတော့ နေမကောင်းဖြစ်နေတယ်၊ မာဂီ သားကြီးဆီကို လေယာဉ်ပျံနဲ့ လိုက်သွားလေရဲ့"

ကျွန်တော်နင်းထားသော ကြမ်းပြင်တစ်ခုလုံးမှာ လျှောင်တုန်ဟီးလိုက်သည့်နှယ် ခါယမ်း၍သွားပါသည်။

ကျွန်တော်က-

"ဘာဖြစ်တာလဲ ဖေဖေ"

"ပိုလီယိုဖြစ်တာပဲ သား၊ သားကြီး ဆေးရုံတင်လိုက်ရပြီ၊ မာဂီကတော့ ဖေဖေတို့အားလုံး ဘုရားသခင်ထံမှာ ဆုတောင်းကြပါတဲ့"

ကျွန်တော်သည် ရုတ်တရက် ဘာစကားမှ ပြောမထွက်တော့ပါ။

ဖေဖေ့အသံသည် ဖုန်းထဲမှ စိတ်လှုပ်ရှားစွာဖြင့် ပေါ်လာပါသည်။

"ဘရက်ဒ် . . . ဘရက်ဒ်"

ကျွန်တော်က အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး-

"ကျွန်တော် ရှိပါတယ် ဖေဖေ၊ မာဂီ ဘယ်တုန်းက လိုက်သွားတာလဲ"

"ဒီနေ့ နေ့ခင်းကပဲ သား၊ မာဂီက မင်းကိုတွေ့အောင်ရှာပြောပါဆိုလို့"

"သမီးဂျင်နီကော ဖေဖေ"

ဖုန်းထဲမှာ ကယောက်ကယက်အသံများ ကြားရပါသည်။

"ကျွန်မ ဒီမှာရှိပါတယ် ဖေဖေ"

ဂျင်နီ၏အသံကလေး ဖုန်းထဲမှာ ပေါ်လာပါသည်။

ဖေဖေ့အသံက-

"ဖုန်းခွက်ကိုပေးစမ်း ကောင်မလေး"

ဂျင်နီသည် အပေါ်ထပ် တယ်လီဖုန်းတစ်လုံးမှ နားထောင်နေရာမှ ဝင်ပြော လိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်က ဖေဖေ့အား-

"ရပါတယ် ဖေဖေ၊ နေပါစေ"

တကယ်တော့လည်း ဂျင်နီတစ်ယောက် ဤကိစ္စကို အနေးနှင့်အမြန် သိသွားမည်သာ ဖြစ်ပါသည်။ ကျွန်တော်က သမီးလေးအား-

"သမီး ဘယ့်နှယ်နေသလဲဟင်"

သမီးသည် တစ်ဘက်မှ ဖုန်းခွက်ကိုင်ရင်း ငိုကြွေးလိုက်ရာ ငိုသံများသည် ဖုန်းခွက်မှတစ်ဆင့် ကျွန်တော့်နားထဲသို့ ဝင်လာပါသည်။

ကျွန်တော်က ညင်သာစွာဖြင့်-

"တိတ်ပါ သမီးရယ်၊ ငိုနေလို့ ဘာမှအကြောင်းမထူးပါဘူး၊ ဖေဖေ ခုချက်ချင်း လိုက်သွားပြီး ဘာလုပ်နိုင်သလဲဆိုတာတွေကို လုပ်ကိုင်လိုက်ပါ့မယ်"

"တကယ်လား ဖေဖေ"

သမီးလေးအသံမှာ ယုံကြည်မှုရှိလာပုံရပါသည်၊ ပြီးမှ-

"ဖေဖေ သမီးတို့ကို ပစ်မပြေးပါဘူးနော်"

ကျွန်တော်သည် မျက်လုံးအစုံကို ပိတ်လိုက်ပါသည်။

"မပစ်ပါဘူး သမီးရယ်၊ တဲ တဲ သမီး ဖုန်းချပြီး အိပ်တော့နော်၊ ဖေဖေ သမီးဘိုးဘိုးနဲ့ စကားပြောလိုက်ဦးမယ်"

သမီး၏အသံမှာ လန်းဆန်း၍လာပါသည်။

"ဂွတ်နိုက်ဖေဖေ"

"ဂွတ်နိုက် သမီးလေး"

ဖုန်းထဲမှ ခလောက်ခလက်မြည်သံ ကြားရပြန်ပါသည်။

ကျွန်တော်က-

"ဖေဖေလား"

"အေး ဟုတ်တယ်သား"

"ကျွန်တော် ခုပဲ လိုက်သွားလိုက်ပါ့မယ် ဖေဖေ၊ မာဂီတို့ ဖေဖေ ဘာမှာခဲ့သေးလဲ"

"ဘာမှ မှာစရာမရှိပါဘူး သားရယ်၊ ဖေဖေတို့ ဘုရားသခင်ထံမှာ ဆုတောင်းနေတယ်လို့ပဲ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဖုန်းခွက်ကို ချလိုက်ပါသည်။

ကျွန်တော့်ပါးစပ်တွင် ခါးသီးသောအရသာများ ပေါ်ပေါက်လာပါသည်။

မာဂီသည် ကျွန်တော့်ဆီကို ဖုန်းမဆက်ပါ။ အကြောင်းမှန်ကို မာဂီသိသောကြောင့်ပင် ဖြစ်ပါသည်။

ဖေဖေသည် ကျွန်တော့်ကိုရှာ၍ ဖုန်းဆက်ပါသည်။ အကြောင်းမှာ ဖေဖေသည် ဖုန်းဆက်ရမည်ကို သိသောကြောင့် ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုယ် မသိနားမလည်ဘဲ အရူးတစ်ယောက်လို ပြုမူနေသူက ကျွန်တော်ဆိုသည့် အကောင်တစ်ကောင်တည်းပဲ ဖြစ်ပါသည်။

ကျွန်တော်သည် အယ်လိန်းရှိရာသို့ လျှောက်သွားပါသည်။

"အယ်လိန်း ကြားတယ်နော်"

အယ်လိန်းသည် ခေါင်းညိတ်ပြလိုက်ပြီး-

"ကျွန်မ ရှင့်ကို လေဆိပ်လိုက်ပို့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် အယ်လိန်း"

ကျွန်တော်သည် ရေချိုးခန်းဘက်ထွက်ယင်း ရှူးကြောင်ကြောင်ဖြင့်-

"ကိုယ် အဝတ်အစား လဲရဦးမလား"

အယ်လိန်းသည် ဘာမှပြန်မဖြေပါ။ အိပ်ခန်းဘက်သို့ ထွက်သွားပါသည်။ ခဏအကြာတွင် အဝတ်အစားလဲပြီး ပြန်ထွက်လာပါသည်။

ကျွန်တော်သည် မှန်ရှေ့မှာရပ်၍ နက္ကတိုင်ကိုချည်ပါသည်။ နက္ကတိုင်သည် အချိုးမကျပါ။ သည်တစ်ကြိမ်တော့ ကျွန်တော်သည် နက္ကတိုင် အချိုးကျခြင်း မကျခြင်းကို ဂရုမစိုက်တော့ပါ။

အယ်လိန်း၏ မျက်နှာပေါ်တွင် သနားကြင်နာခြင်းများ ပြည့်လျှမ်းနေပါသည်။

"ကျွန်မ စိတ်မကောင်းပါဘူး ဘရက်ဒ်ရယ်"

ကျွန်တော်က-

"ဒီလိုရောဂါမျိုးဆိုတာ စောစောစီးစီးသိရယင် ကုလို့ရတယ်လို့ ပြောကြပါတယ်၊ သိပ်ပြီး ဘာမှမဖြစ်နိုင်ပါဘူး"

အယ်လိန်းက ခေါင်းညိတ်၍-

"ဟုတ်ပါတယ်၊ ခုတော့ ဆေးပညာကလဲ တော်တော်တိုးတက်လာပါပြီ၊ ဟိုတုန်းက ကျွန်မတို့တုန်းကသာ. . ."

အယ်လိန်းသည် စကားဆုံးအောင် မပြောလိုက်နိုင်တော့ပါ။ သူ့ခင်ပွန်းနှင့် ကလေးများ ပိုလီယိုနှင့် ဆုံးပါးခဲ့ရသော အတိတ်ဝေဒနာသည် ပြန်ပေါ်လာပုံရပါသည်။ အယ်လိန်း၏ မျက်လုံးအစုံထဲမှာ နာကျင်မှုအရိပ်များ ထိုးလာပြန်ပါသည်။



"ဒါလင်ရယ်. . ."

ကျွန်တော်သည် အယ်လိန်းကို ဆွဲယူပွေ့လိုက်ပါသည်။

အယ်လိန်းက ကျွန်တော့်ကိုတွန်းဖယ်ရင်း-

"မြန်မြန်သွားကြပါစို့ ဘရက်ဒ်ရယ်"

❑

လေယာဉ်ပျံပေါ်သို့မတက်မီ ကျွန်တော်က အယ်လိန်းကို နမ်းယင်း-

"ကိုယ် အယ်လိန်းဆီကို ဖုန်းဆက်လိုက်ပါ့မယ်"

အယ်လိန်းသည် ကျွန်တော့်မျက်နှာကိုကြည့်ယင်း-

"ကျွန်မကတော့ ကျိန်နာပါပဲ၊ ကျွန်မချစ်တဲ့လူတိုင်းကို ကံမကောင်း ဒုက္ခရောက်စေတဲ့သူပါပဲ"

ကျွန်တော်က-

"အဲဒီလိုမပြောနဲ့လေ၊ အယ်လိန်းမှာ အပြစ်မရှိပါဘူး"

အယ်လိန်းသည် ကျွန်တော့်ကို မျက်လုံးပြူးကြည့်ပြီး-

"ကျွန်မတော့ မသိတတ်နိုင်တော့ပါဘူး"

"အယ်လိန်း"

ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ် ဝေဖန်သောအရိပ်အချို့ အယ်လိန်းမျက်လုံးထဲမှာ လျှော့ပါးသွားပါသည်။ အယ်လိန်းက-

"သူ နေကောင်းပါစေလို့ ကျွန်မ ဆုတောင်းပါတယ်ရှင်"

အယ်လိန်းသည် ချာကနဲလှည့်ပြီး ကားရှိရာသို့ ပြန်ပြေးသွားပါသည်။ ကျွန်တော်သည် လေယာဉ်ပျံပေါ်သို့ တက်ခဲ့ပြီး ပြတင်းပေါက်နံဘေးခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ကျွန်တော်သည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်ပါသည်။ သို့သော် အယ်လိန်းကို မမြင်ရပါ။ လေယာဉ်စက်နှိုးသံကို ကြားရပါသည်။ ကျွန်တော်သည် ခေါင်းငုံ့ချလိုက်ပြီး လက်နှစ်ဘက်နှင့် ခေါင်းကို အုပ်လိုက်ပါသည်။ အကယ်၍ အပြစ်တစ်စုံတရာရှိခဲ့ပါက အယ်လိန်း၏အပြစ် မဟုတ်နိုင်ပါ။ ကျွန်တော့်အပြစ်ပဲ ဖြစ်ပါသည်။

ဖခင်တစ်ယောက်၏အပြစ်ကို သူတို့ ဘယ်လိုများ အမည်ပညတ် သတ်မှတ်ကြပါလိမ့်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဆေးရုံကြီးရှိ ညှော်သည်လက်ခံသော စားပွဲမှာထိုင်နေသည့် အပြာရောင်ယူနီဖောင်းဝတ် သူနာပြုဆရာမလေးကို ကျွန်တော့်နာမည်ပေးလိုက်ချိန်တွင် ညသန်းခေါင်တိုင်ခါနီးပြီ ဖြစ်ပါ၏။

သူနာပြုဆရာမလေးက သူမရှေ့မှာရှိသော လူနာစာရင်းဖိုင်ကို လှန်လှောစစ်ဆေးနေချိန်တွင် ကျွန်တော်သည် ဝတ်လာသော အပေါ်ကုတ်အင်္ကျီကို ချွတ်လိုက်ပါသည်။ အပြင်ဘက် တံခါးပေါက်ကြီးမှတစ်ဆင့် လေဆိပ်မှ ကျွန်တော်စီးလာသော တက္ကစီကားကို လှမ်းမြင်ရပါသည်။

မီးခိုးရောင်ဝတ် သီလရှင်တစ်ပါးသည် စားပွဲအနားမှ ဖြတ်သွားရာ သူနာပြုဆရာမလေးက-

"စစ္စတာ အင်ဂျယ်လီကာ"

ဟု လှမ်းခေါ်လိုက်ပါသည်။

သူနာပြုဆရာမလေးက ကျွန်တော်နှင့် သီလရှင်တို့အား မိတ်ဆက်ပေးသည့်အနေဖြင့်-

"ဒါကတော့ မစ္စတာဂိုဝန်ပါ။ သူ့ကို နံပါတ် (၈၂၂) ကို ခေါ်သွားပါလား ဆရာလေး၊ အဲဒီမှာ သူ့သားရှိပါတယ်"



သီလရှင်လေး၏မျက်နှာမှာ နူးညံ့လှပါသည်။ သီလရှင်လေးက-

"ဆရာလေးနောက်က လိုက်ခဲ့ပါ"

ကျွန်တော်တို့သည် ကိုယ်တိုင်မောင်းနှင်ရသော ဓာတ်လှေကားရှိရာသို့ ထွက်လာခဲ့ပါသည်။ သီလရှင်လေးက-

"ဒီမှာ ညဆယ်နာရီကျော်ရင် ဓာတ်လှေကားမောင်းတဲ့လူတွေက ပြန်ပါတယ်"

ကျွန်တော်တို့နှစ်ဦး ဓာတ်လှေကားထဲ ရောက်သည်နှင့် ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်ပါသည်။

ကျွန်တော်တို့သည် ရှစ်ထပ်တွင်ရပ်၍ ဓာတ်လှေကားထဲမှ ထွက်ခဲ့ပြီး စင်္ကြံအတိုင်း လျှောက်ခဲ့ကြပါသည်။ ခန်းမကျယ်ကြီး၏ ဟိုဘက်တွင် နောက်ထပ်စင်္ကြံတစ်ခုအတိုင်း လျှောက်ရပြန်ပါသည်။ ဟိုဘက်ထိပ်တွင် အခန်းတစ်ခန်းထိပ် ခုံတန်းရှည်ကလေးပေါ်၌ သေးငယ်သော ကိုယ်ခန္ဓာလေးတစ်ခု လဲလျောင်းနေသည်ကို လှမ်းမြင်ရပါသည်။

ကျွန်တော်သည် လိုက်ပြသော သီလရှင်လေးကို ထားခဲ့ပြီး အပြေးအလွှားထွက်လာခဲ့ကာ ပါးစပ်မှလည်း-

"မာဂီ. . ."

ဟု အော်ခေါ်လိုက်မိပါသည်။

မာဂီသည် ခေါင်းထောင်၍ကြည့်ပါသည်။

မာဂီ၏မျက်နှာပေါ်တွင် သောကရိပ်များ၊ နွမ်းနယ်မှုရိပ်များ လွှမ်းမိုးလျက်ရှိပါသည်။

"ဘရက်ဒ်. . . ဘရက်ဒ်. . . ရှင်ရောက်လာတယ်နော်"

မာဂီ၏အသံမှာ တစ်နေ့လုံး ငိုကြွေးထားသည့် အသံမျိုးဖြစ်ကြောင်း ကျွန်တော် သိပါသည်။ မာဂီတစ်ကိုယ်လုံးသည် ယိမ်းထိုးသွားလေရာ ကျွန်တော်သာ သိမ်း၍ဖမ်းမထားလိုက်ပါက လဲပြိုသွားတော့မည် ဖြစ်ပါသည်။ ကျွန်တော်က-

"သားလေး ဘယ့်နှယ်နေသလဲဟင်"

မာဂီသည် စတင်ငိုကြွေးပါတော့သည်၊ ပြီးမှ ရှိုက်ငိုယင်း-

"ကျွန်မလဲ မပြောတတ်တော့ဘူး၊ ဆရာဝန်တွေကတော့ တစ်ခုခုပြောဖို့ အချိန်စောပါသေးတယ်တဲ့၊ သားလေးဟာ အကျဉ်းအကျပ်ထဲ မရောက်သေးပါဘူးတဲ့"

မာဂီသည် ကျွန်တော့်ကို မော့၍ကြည့်ပါသည်။ မာဂီ၏ ညိုမှောင်သောမျက်လုံးအစုံကိုမြင်ရ၍ အယ်လိန်းကို ပြေး၍သတိရမိပါသည်။ မာဂီ၏ မျက်လုံးများထဲတွင် အယ်လိန်း၏ မျက်လုံးများထဲမှာကဲ့သို့ ဝေဒနာအရိပ်များ ပြည့်လျှမ်း၍နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မာဂီ၏မျက်လုံးကို ရင်ဆိုင်ကြည့်ရန် မဝံ့ရဲပါ။ ကျွန်တော်သည် ပိတ်ထားသည့် အခန်းတံခါးကို ကြည့်လိုက်ပြီး-

"ကိုယ်တို့ သားလေးကို ကြည့်လို့ရမလား"

မာဂီက-

"ညသန်းခေါင်မှာ အသာလေး ချောင်းကြည့်လို့ရမယ် ပြောတာပဲ"

"ခု ဆယ့်နှစ်နာရီ ထိုးတော့မှာပဲလေ"

ကျွန်တော်သည် ပြောပြောဆိုဆို အနားသို့ရောက်နေပြီဖြစ်သော သီလရှင်လေးအား ဘယ့်နှယ့်လဲဟူသော သဘောဖြင့် ကြည့်လိုက်ပါသည်။

မယ်သီလရှင်ကလေးက-

"ဆရာဝန်ကြီးကို ပြောကြည့်ပါ့မယ်"

ပြောပြောဆိုဆိုပင် သီလရှင်ကလေးသည် ခန်းမကျယ်ကြီးဘက်သို့ ထွက်သွားပျောက်ကွယ်သွားပါသည်။

ကျွန်တော်က မာဂီကို ထိန်းထားရာမှ-

"မာဂီ၊ ထိုင်လိုက်ဦးလေ"

ကျွန်တော်သည် မာဂီကို ထိုင်ခုံရှည်ပေါ်သို့ တွဲ၍သွားပြီး ထိုင်ခိုင်းလိုက်ပါသည်။

မာဂီ၏မျက်နှာမှာ ဖြူလျော်၍ ချွေးကျနေပါသည်။ ကျွန်တော်သည် စီးကရက်တစ်လိပ်မီးညှိလိုက်ပြီး မာဂီ့နှုတ်ခမ်းမှာ တပ်ပေးလိုက်ပါသည်။ မာဂီက စိတ်လှုပ်ရှားစွာဖြင့် စီးကရက်ကို ရှိုက်ဖွာသည်။

ကျွန်တော်က-

"မာဂီ၊ တစ်ခုခုစားရဲ့လားဟင်"

မာဂီက ခေါင်းခါ၍ပြပါသည်။

"ကျွန်မ မစားနိုင်ပါဘူး၊ စားချင်စိတ်လဲ မရှိပါဘူး"

ခန်းမကျယ်ကြီးဆီမှ ခြေသံများ ကြားရပါသည်။ မော့ကြည့်လိုက်ရာ သီလရှင်အင်ဂျယ်လီကာနှင့် ဆရာဝန်တစ်ဦးတို့ဖြစ်ကြောင်း တွေ့ရပါသည်။ ဆရာဝန်က-

"တလေးကို ခုကြည့်လို့ရပါတယ်၊ ဒါပေမယ့် တစ်မိနစ်ပဲ ကြည့်ရမယ်နော်"

ဆရာဝန်သည် ကျွန်တော်တို့ကို ညင်သာစွာ ပြောဆိုခွင့်ပေးပြီး တံခါးကိုဖွင့်ပေးပါသည်။

ကျွန်တော်တို့သည် ဖွင့်ပေးသောတံခါးမှ အထဲသို့ ဝင်လိုက်ကြပါသည်။ သားလေးကို မြင်လိုက်ရသောအခါ မာဂီ အသက်မရှူဘဲ ရပ်သွားသလို ဖြစ်သွားပါသည်။ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားသော မာဂီ၏လက်များသည် တင်းကနဲ ဖြစ်သွားပါသည်။



သားကြီး၏တစ်ကိုယ်လုံးမှာ သံမဏိအိမ်ကြီးထဲမှာ ရောက်နေပါသည်။ ခေါင်းပိုင်းကလေးသာ မြင်ရ၏။ သား၏ အနက်ရောင်ဆံပင်များမှာ ချွေးများကြောင့် နက်ပြောင်အရောင်ထွက်နေပါသည်။ သား၏မျက်လုံးအစုံမှာ ပိတ်လျက်သားမြင်နေရပြီး မျက်နှာကလေးကမူ ဖြူဖတ်ဖြူရော် နိုင်လွန်းလှပါသည်။ အနက်ရောင်ပိုက်ပြွန်တစ်ခုသည် သားနှာခေါင်းထဲမှာ ထိုးသွင်းထားပြီး ပြွန်၏အခြားဘက်မှာ အောက်စီဂျင်ဘူးနှင့်ဆက်ထားပါသည်။ သားအသက်ရှူပုံမှာ ပင်ပန်းအားယူပုံရလွန်းပါသည်။

မာဂီသည် သားကိုကိုင်ကြည့်ရန် ရှေ့သို့တိုးသွားပါသည်။ သို့သော် ဆရာဝန်က တားယင်း တီးတိုးလေသံဖြင့်-

"ကလေးကို သွားပြီးမနှောင့်ယှက်ပါနဲ့ခင်ဗျာ၊ အနားယူနေတာပါ၊ သူမှာ အနားရဖို့၊ ခွန်အားယူဖို့ အလွန်လိုပါတယ်"

မာဂီသည် ငူငူကြီး ရပ်နေပါသည်။ ကျွန်တော့်လက်ကို တင်းတင်းဆုပ်ပြီး သားလေးကို အတူရပ်၍ ကြည့်နေပါသည်။ မာဂီ၏နှုတ်ခမ်းမှာ တရွရွ တလှုပ်လှုပ်ဖြင့် သားလေးကို စကားလှမ်းပြောနေဟန် ရှိပါသည်။ အသံကမူ ထွက်၍မလာပါ။

ကျွန်တော်သည် သားကို အသေအချာ ကြည့်ပါသည်။ သားကြီးကား ကျွန်တော့်သွေးသား ဖြစ်ပါသည်။ သား၏ဝေဒနာကို ကျွန်တော် မျှဝေခံစားနေရပါသည်။ ဤသားကြီးကား ကျွန်တော့်အသွေးအသားမှ ပေါက်ဖွားလာသည့် ကောင်ကြီးဖြစ်ပါသည်။ ယခုတော့ ပက်လက်ကလေး ကူကယ်မဲ့စွာ လဲလျောင်း၍နေပါသည်။ သားကြီး၏ဝေဒနာကို ကျွန်တော်က သက်သာအောင် မျှဝေခံ၍မရနိုင်ဘဲ ဖြစ်နေပါသည်။

ကျွန်တော့်စိတ်ထဲတွင် သားကြီးကျောင်းမသွားမီ နောက်ဆုံးဆုံလိုက်ရသောရက်ကို အမှတ်ရလာပါသည်။ ကျွန်တော်က သူ၏အလုံးအပေါက်မှာ သေးလွန်း၍ဘောလုံးအသင်းထဲတော့ ပါနိုင်မည်မထင်ကြောင်း၊ သို့သော် အရပ်ကောင်းလှသူဖြစ်၍ ဘတ်စကက်ဘော ကစားလျှင်တော့ ဖြစ်နိုင်ကြောင်း၊ ဘတ်စကတ်ဘော ကစားနည်းမှာပို၍အန္တရာယ်ကင်းပြီး တကယ်ထူးချွန်ပါက လောင်းကစားသမားများထံမှ ငွေဝင်ကောင်းသည့် ကစားသမား ဖြစ်လာနိုင်ကြောင်း စ,မိပါသည်။

သားကြီး ဘာပြန်ပြောသည်ကိုတော့ ကျွန်တော် မမှတ်မိတော့ပါ၊ သို့သော် သားကြီးမျက်နှာပျက်သွားပြီး ထိုသို့စ,ခြင်းကို မနှစ်မြို့ကြောင်းကိုတော့ ကျွန်တော်မှတ်မိပါသည်။

ယခုတော့ သားကြီးသည် သံအိမ်ကြီးတစ်လုံးထဲမှာ အထည့်ခံနေရပြီး စက်တစ်ခုက သူ့အတွက် အသက်ရှူပေးနေရပါသည်။ အကြောင်းမှာ သူ့ခန္ဓာကိုယ်မှာ ခနိုင်တော့သောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သားလေး။

ကျွန်တော်သည် ဤသားကလေး ငိုကြွေးသောအခါ ကျွန်တော်ကချီပြီး လမ်းလျှောက်ခဲ့ရဖူးပါသည်။ အတော်ကြီး အာပြဲတဲ့အကောင်၊ အဆုတ်အားက ကောင်းလိုက်တာဟု ကျွန်တော်က ညည်းမိဖူးပါသည်။ ယခုတော့ ကျွန်တော် မညည်းနိုင်တော့ပါ။ သားလေး၏ ခန္ဓာကိုယ်မှာ ဘာတစ်ခုမှ သန်စွမ်းပုံမရတော့ပါ။ ကျွန်တော်ကိုယ်တိုင်လည်း သူ့အတွက် အသက်ရှူပေး၍မရပါ။ စက်ကြီးတစ်ခုက သားအတွက် အသက်ရှူပေးနေရပါသည်။ စက်ကြီးမှာ ဆေးရုံမီးရောင်အောက်တွင် ဖြူဖြူထင်းထင်းကြီး ပေါ်နေပါသည်။

ဆရာဝန်က ကျွန်တော်တို့အား-

"အပြင်ထွက်ကြပါစို့ ခင်ဗျာ"

ကျွန်တော်သည် မာဂီအား လှမ်းကြည့်လိုက်ပါသည်။ မာဂီသည် သားလေးကို လှမ်း၍နှုတ်ဆက်အနမ်း ပေးပါသည်။ ကျွန်တော်က မာဂီလက်ကို ကိုင်တွယ်ပြီး ဆရာဝန်နောက်မှ လိုက်ပါ၍ အခန်းထဲမှ ထွက်လိုက်ရပါသည်။ အခန်းတံခါးသည် ကျွန်တော်တို့နောက်ဘက်မှာ အသံမမြည်ဘဲ ပိတ်သွားလေ၏။

ကျွန်တော်က ဆရာဝန်အား-

"ကျွန်တော်တို့ ဘယ်တော့မှား အခြေအနေ သိရနိုင်ပါမလဲခင်ဗျာ"

ဆရာဝန်က ပခုံးတွန့်၍ပြ၏။

"မပြောတတ်သေးဘူး မစ္စတာဂိုဝန်၊ ကလေးဟာ ကျဉ်းထဲကျပ်ထဲ အခြေအနေ မရောက်သေးဘူး၊ တစ်ပတ်အတွင်း ရောက်မလား၊ တစ်နာရီအတွင်း ရောက်မလားလဲ မသိနိုင်သေးဘူး မှန်းဆဖို့ဆိုတာ ခက်ပါတယ်"

"ကျွန်တော်တို့သား တစ်သက်လုံး ဖြစ်သွားမှာလားဟင်"

"အဲဒါလဲ မပြောနိုင်သေးဘူးခင်ဗျ၊ တကယ့်အခြေအနေကို ကျွန်တော်တို့ ကြုံတွေ့စစ်ဆေးလိုက်ရပြီးမှ ရောဂါဟာ ဘယ်လောက်အထိ ဆိုးရွားတယ်ဆိုတဲ့ ဖက်မြစ်အမှန်ကို သိရမှာပဲ၊ ခုနေမှာတော့ ကျွန်တော်တို့ပြောနိုင်တာ တစ်ခုပဲရှိပါတယ်"

"ဘာများပါလိမ့် ဒေါက်တာ"

"ကျွန်တော်တို့တတွေဟာ အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင် ကုသပေးနေကြတယ် ဆိုတာပါပဲ၊ ပူပင်သောက မဖြစ်ကြပါနဲ့၊ ဘာမှလဲ ဝင်ပါဖို့ မကြိုးစားကြပါနဲ့ ဝင်ပါတဲ့အတွက် အထောက်အကူမဖြစ်တဲ့အပြင် ကိုယ်တိုင်တောင် နေထိုင်မကောင်း ဖြစ်သွားနိုင်ပါတယ်"

ဆရာဝန်သည် မာဂီဘက်လှည့်၍ ညင်သာစွာဖြင့်-

"အစ်မကြီးကတော့ ဒီမှာရောက်နေတာ ကြာလှပြီ၊ ခဏတဖြုတ် နားလိုက်ပါဦး"



မာဂီသည် လက်ခုံဖြင့် မျက်လုံးကိုပွတ်လိုက်ပြီး-

"ကျွန်မ မပင်ပန်းပါဘူး"

ဆရာဝန်က ကျွန်တော့်ဘက်လှည့်၍-

"အစ်မကြီးကို အနားယူပါစေဦး မစ္စတာဂိုဝန်၊ ခင်ဗျားတို့သားလေးကို မနက်ရှစ်နာရီကျမှ တစ်ခါကြည့်လို့ရမှာပါ၊ ကဲ ကဲ ဂွတ်နိုက်"

ပြောပြောဆိုဆို ဆရာဝန်သည် လှည့်၍ထွက်သွားပါသည်။

ကျွန်တော်တို့သည် ဆရာဝန်ထွက်သွားသည်ကို နောက်မှကြည့်ကျန်ရစ်ကြပါသည်။ နောက် ကျွန်တော်က မာဂီဘက်လှည့်၍-

"ဆရာဝန်ပြောသွားတာ ကြားတယ်မဟုတ်လား"

မာဂီက ခေါင်းညိတ်ပြ၏။

ကျွန်တော်က-

"ကဲ ဒါဆိုလာ၊ မင်း ဘယ်ဟိုတယ်မှာ တို့တည်းဖို့ စီစဉ်ထားလဲ"

မာဂီက ထုံထုံထိုင်းထိုင်းဖြင့်-

"ကျွန်မ အဲဒါတွေ ဘာမှလုပ်မထားဘူး၊ လေဆိပ်တနေ ဒီကိုတန်းပြီးလာခဲ့တာ"

သီလရှင် အင်ဂျယ်လီကာက ဝင်၍-

"အောက်ထပ်မှာ လူကြီးမင်းတို့သုံးနိုင်တဲ့ တယ်လီဖုန်းရှိပါတယ်၊ အဲဒီကနေပြီး တည်းဖို့ ဟိုတယ်တွေဘာတွေ စီစဉ်လို့ရပါတယ်"

ကျွန်တော်သည် သီလရှင်လေးကို ကျေးဇူးတင်စကား ပြောလိုက်၏။

ပြီးမှ မာဂီဘက်လှည့်၍-

"အဝတ်အစားအိတ်တွေက ဘယ်မှာလဲ"

"ဧည့်ကြိုစားပွဲမှာ"

ကျွန်တော်တို့သည် ဓာတ်လှေကားရှိရာသို့ တဖြည်းဖြည်းချင်း လျှောက်ခဲ့ကြပါသည်။ ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းခဲ့ပြီးမှ ဧည့်ကြိုစားပွဲသို့ လာခဲ့ကြပါသည်။ အတူပါလာသော သီလရှင်လေးက-

"အများသုံးဖုန်းက စင်္ကြံထပ်မှာရှိပါတယ်"

ကျွန်တော်သည် အများသုံးဖုန်းမှတစ်ဆင့် ဟိုတယ်တစ်ခုမှာတည်းရန် စီစဉ်ပြီး အငှားကားတစ်စီး စီစဉ်ပေးပါရန် ပြောကြားလိုက်ပါသည်။ ကျွန်တော် ဧည့်ကြိုစားပွဲသို့ ရောက်သောအခါ မာဂီကို မတွေ့ရတော့။ ကျွန်တော်က ဧည့်ကြိုစားပွဲမှ သူနာပြုဆရာမလေးကို ကြည့်၍-

www.burmeseclassic.com

"ကျွန်တော့်ဇနီးရောခင်ဗျ"

သူနာပြုဆရာမလေးသည် ဖတ်လက်စ မဂ္ဂဇင်းကိုကျော်၍ ကျွန်တော့်ကို ကြည့်လိုက်ပြီး-

"ဆရာလေး အင်ဂျယ်လီကာနဲ့ ဘုရားကျောင်းဘက် သွားတယ်ထင်ပါတယ်ရှင့်"

ဆရာမသည် လက်ဖြင့်လည်း ညွှန်ပြသည်။ ပါးစပ်မှလည်း ဆက်၍-

"မာတ်လေ့ကားရဲ့ ဟိုဘက်ကအခန်းပါ၊ ပထမဆုံး ညာဘက်က တံခါးပေါက်ပါပဲ"

ကျွန်တော်သည် ဆရာမလေးညွှန်ပြသော အခန်းထဲသို့ ဝင်လိုက်ပါသည်။ အခန်းမှာ ဆုတောင်းပတ္ထနာပြုသော ဘုရားကျောင်းခန်း ခပ်သေးသေးလေးသာ ဖြစ်ပါ၏။ အမိုးမှာ ချိတ်ဆွဲထားသော ဖယောင်းတိုင်မီးပဒေသာကြောင့် တစ်ခန်းလုံးမှာ ရွှေရောင်ဝင်းပလျက် ရှိပါသည်။ ကျွန်တော်သည် တံခါးဝမှာ ခဏရပ်၍ အထဲကို ကြည့်လိုက်၏။ မာဂီနှင့် သီလရှင်လေးတို့သည် ဝတ်ပြုရာ ခုံတန်း၌ ဒူးထောက်ဝတ်ပြုနေကြသည်ကို မြင်ရသည်။ ကျွန်တော်သည် ခုံတန်းများအလယ်မှ လမ်းကလေးအတိုင်း လျှောက်သွားလိုက်ပြီး မာဂီနံဘေးမှာဝင်ပြီး ဒူးထောက်ထိုင်ချလိုက်ပါသည်။

ကျွန်တော်သည် မာဂီကို ကြည့်လိုက်၏။

မာဂီ၏လက်အစုံမှာ ဝတ်ပြုရာတန်းပေါ်တွင် ဆုပ်တင်ထားလျက်ရှိပြီး မာဂီ၏နဖူးမှာ လက်ချောင်းကလေးများပေါ်သို့ တင်ထား၏။ မာဂီ၏ မျက်လုံးအစုံမှာ ပိတ်လျက်ရှိပြီး မာဂီ၏ နှုတ်ခမ်းကလေးများကမူ ဝတ်ပြုစာများ ရွတ်ဆိုနေပါသည်။ မာဂီသည် မျက်လုံးမှိတ်၍ ဘုရားစာရွတ်ခါ ဝတ်ပြုနေရသော်လည်း ကျွန်တော် အနားမှာရောက်လာကြောင်း သိပါသည်။ ဝတ်ပြုရာမှ ကျွန်တော့်ဘက်သို့ နည်းနည်းကလေးတိုး၍ လာပါသည်။

□□□

## အခန်း (၃၂)

ကျွန်တော်သည် ခေါင်းအုံးပေါ်သို့ ငြိမ်သက်စွာ လဲလျောင်းယင်း အိပ်နေလျက်သားနှင့် ငိုနေသော မာဂီ၏ငိုသံကို နားထောင်၍နေပါသည်။ ကျွန်တော့်အတွက် အိပ်ပျော်ခြင်းက မဖြစ်နိုင်တော့ပါ။ မာဂီတစ်ယောက် ခြေကုန်လက်ပန်းကျပြီး အိပ်ပျော်၍မသွားမီ ပြောကြားခဲ့သောစကားများကို ထပ်ပြန်တလဲလဲ ကြားယောင်၍ နေမိပါသည်။

မာဂီက ငိုကြွေးရင်း-

"ကျွန်မ သိပ်ကြောက်တာပဲ ဘရက်ဒ်ရယ်"

"သားလေး ကောင်းသွားမှာပါ"

ကျွန်တော့်က ကိုယ်တိုင်ခံစားသည်ထက် ပိုမိုယုံကြည်စိတ်ချသည့်လေသံဖြင့် ပြောလိုက်ပါသည်။ ကျွန်တော်ကိုယ်တိုင်ကမူ လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်နေပါသည်။

မာဂီက ငိုယင်း-

"ဘုရားသခင် ကယ်မ,တော်မူပါ၊ ကျွန်တော်မျိုးမ သားကလေးပါ အဆုံးရှုံးမခံနိုင်ပါဘူး အရှင်ဘုရား"

မာဂီ၏စကားကို ထောက်ရှု၍ မာဂီသိနေပြီဆိုသည်ကို ကျွန်တော် အပ်အပ်သေချာသွားပါတော့သည်။ သို့တိုင် ကျွန်တော်သည် ဘာစကားမှ မပြောနိုင်ပါ။ နှစ်သိမ့်

www.burmeseclassic.com



စကားလုံးပေါင်းများစွာသည် ကျွန်တော့်နှုတ်ခမ်းသို့ ရောက်လာပါသည်။ သို့သော် ကျွန်တော့်အကြောင်းနှင့် ပတ်သက်၍က ဘာမှမပြောနိုင်ခြင်း မရှိပါ။ နောင်တစ်ချိန်ချိန်၊ တစ်နေရာရာမှာတော့ ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။ ယခုတော့ မဖြစ်နိုင်ပါ။

ကျွန်တော်သည် အယ်လိန်းအကြောင်းကို တွေးမိသွားပါသည်။ ယခုတော့ အယ်လိန်း ဘာဆိုလိုခဲ့သည်ဆိုကြောင်းကို သိနားလည်ခဲ့ပြီ ဖြစ်ပါသည်။ သက်ရှိထင်ရှားရှိနေကြသူများသည် မိမိအလှည့်ကို စောင့်ဆိုင်းနေကြသူများသာ ဖြစ်ပါ၏။ ယခုတော့ အယ်လိန်းက ကျွန်တော် ဘယ်လိုခံစားနေရပါသနည်းဟု ဘာကြောင့်မေးမြန်းခဲ့သည်ကို သိနားလည်ခဲ့ရပြီ ဖြစ်ပါ၏။

မာဂီက အိပ်ပျော်လျက်မှ တိုးတိတ်စွာ ရှိုက်ငိုလျက်ရှိပါ၏။ မာဂီ့အပေါ်၌ ရှေးယခင်က မပေါ်ပေါက်ခဲ့ဖူးသည့် ကြင်နာချစ်ခင်စိတ်များ တဖွားဖွားပေါ်၍ လာပါသည်။ ကျွန်တော်သည် မာဂီ့ပခုံးအောက်မှ လက်လျှို၍ မာဂီ၏ခေါင်းကလေးကို ကျွန်တော့်ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပါသည်။

မာဂီသည် ကျွန်တော့်ရင်ခွင်ထဲ၌ ကလေးငယ်တစ်ဦးပမာ နူးညံ့သိမ်မွေ့စွာ မှေးအိပ်လျက်ရှိပါသည်။ သူမ၏ရှိုက်သံများသည်လည်း တဖြည်းဖြည်း လျော့ပါး၍လာပါသည်။ မာဂီ၏အသက်ရှူသံမှာလည်း သက်တောင့်သက်သာ ဖြစ်၍လာပါသည်။ ကျွန်တော်သည် ထိုအနေအထားအတိုင်း ညအမှောင်ကုန်ဆုံး၍ နေ့အလင်းရောင်များ ပြတင်းပေါက်မှ ဝင်ရောက်လာမည်ကို စောင့်ဆိုင်းနေလိုက်ပါသည်။

❑

ကျွန်တော်တို့သည် သားလေး၏ ရောဂါအခြေအနေ အဖြေကို တစ်ပတ်ကြာမျှ စောင့်ဆိုင်းနေကြရပါသည်။ တစ်ခုသောနံနက် ကျွန်တော်တို့ ဆေးရုံတွင်းသို့ ဝင်လိုက်သောအခါ အားလုံး၏မျက်နှာများသည် ပြုံးရွှင်နေကြသည်ကို တွေ့ရပါသည်။ သီလရှင်မလေး အင်ဂျယ်လီကာ၊ ဓည့်ကြိုသူနာပြုဆရာမလေး၊ ဓာတ်လှေကားမောင်းသမား၊ အစောင့်များ အားလုံးအားလုံးသည် အခါတိုင်း အခါတိုင်း သူတို့၏ အလုပ်တာဝန်များကို ထမ်းဆောင်နေယင်း မျက်နှာထားတင်းတင်းကြီး ရှိသူများသည် ယခုအခါ အားလုံး ကျွန်တော်တို့ကို ပြုံး၍ကြိုဆိုနေကြပါသည်။

ဆရာဝန်သည် သူ၏ရုံးခန်းထဲမှ ခန်းမကျယ်ကြီးထဲသို့ ထွက်၍လာပါသည်။ သူ၏ လက်နှစ်ဘက်လုံးမှာ ရှေ့သို့ဆန့်တန်း၍ ထားပါသည်။ ကျွန်တော်က လက်တစ်ဘက်ကို ကိုင်လိုက်ပြီး မာဂီက တခြားတစ်ဘက်ကို ကိုင်လိုက်ပါသည်။

ဆရာဝန်က ပြုံးရွှင်စွာဖြင့်-



"အားလုံး ပြီးဆုံးသွားပါပြီ၊ ခင်ဗျားတို့သားလေး နေကောင်းသွားပါပြီ ခဏတဖြုတ် အနားယူလိုက်ပြီးယင် သားလေးဟာ ပကတိ နေကောင်းသွားတော့မှာပါ"

ကျွန်တော်နှင့် မာဂီတို့မှာ စကားမပြောနိုင်ကြပါ၊ မျက်ရည်အပြည့်မှတ်လုံးများနှင့် တစ်ဦးကိုတစ်ဦး ကြည့်၍ပဲ နေမိကြပါသည်။ ကျွန်တော်တို့နှစ်ဦးသား အားငယ်နေကြသောလက်များဖြင့် တစ်ဦးနှင့်တစ်ဦးဆုပ်ကိုင်၍ ဆရာဝန်လေးနောက်မှ ဘရက်ဒ်၏အခန်းသို့ လိုက်ပါ၍သွားကြပါသည်။

သားကြီးဘရက်ဒ်မှာ အိပ်ရာထဲမှာ လဲလျောင်းလျက်ရှိပါသည်။ သူ၏ခေါင်းမှာ ခေါင်းအုံးပေါ်၌ ခပ်မြင့်မြင့်ကလေး တင်နေပါသည်၊ သူ၏အနေအထားမှာ တံခါးပေါက်ကို မျက်နှာမူလျက်ရှိပြီး သူ့နံဘေးတွင် သံမဏိအသက်ရှူစက်ကြီး ရှိနေပါသည်။ ကျွန်တော်နှင့် မာဂီတို့သည် ပြိုင်တူလိုလိုပင် သား၏ကုတင်နံဘေးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး သားလေးကို ငိုကြွေးယင်း နမ်းလိုက်ကြပါသည်။

နောက်ဆုံး၌ သားလေးသည် ကျွန်တော်တို့ကို ပြုံး၍ပြပါသည်။ သူ၏ထုံးစံအတိုင်း အပြုံးမျိုးပဲ ဖြစ်ပါသည်။ သို့သော် အနည်းငယ် အားလျော့သော အပြုံးလေးဖြစ်ပါသည်။ သူ၏နံဘေးမှ သံမဏိအသက်ရှူစက်ကြီးကို လက်ညှိုးထိုးပြပြီး အခါတိုင်းကဲ့သို့သော အားမာန်အပြည့်ဖြင့်-

"ဒါကြီးကို တစ်နေရာရာ လွှင့်ပစ်လိုက်ကြစမ်းပါဗျာ"

❑

ကျွန်တော်သည် လေဆိပ်မှ ရုံးခန်းသို့ တိုက်ရိုက်သွားပါသည်။ ဖေဖေတာ မာဂီနှင့် သားကြီးတို့ကို အိမ်သို့တောက်လျှောက်ခေါ်၍ သွားပါသည်။ ကျွန်တော် ရုံးသို့ ရောက်သွားချိန်မှာ ကိုးနာရီမထိုးသေး၍ ရုံးခန်းတစ်ခုလုံးတွင် ဘယ်သူမှ မရောက်သေးဘဲ ဖြစ်နေပါသည်။ ကျွန်တော်သည် ကျွန်တော့်ဘာသာ ပြုံးလိုက်ပါ၏။ ကျွန်တော့်ဘွင် နောက်ကျကျန်ရစ်သော အလုပ်ပေါင်းများစွာ ရှိနေပါ၏။ ကျွန်တော်သည် ကျွန်တော့်ရုံးခန်းထဲသို့ ဝင်လိုက်ပြီး စားပွဲပေါ်မှ စာရွက်စာတမ်းများကို စတင်လှန်လှော စစ်ဆေးလိုက်ပါတော့သည်။

ဘော့လက်ဗီသည် အတော်လုပ်ရည်ကိုင်ရည်ရှိသူ ဖြစ်ပါသည်။ သူသည် ကျွန်တော်မရှိခိုက် ကျွန်တော်၏တာဝန်များကို ကောင်းစွာလုပ်ဆောင်ခဲ့ပါ၏။ ကျွန်တော်နှင့် မက်ဘရက်ဒီတို့ အိုကေဖြစ်သွားပြီဆိုသည့် သတင်းဖြစ်ပေါ်လာပြီးနောက် ကောက်သည်ဟောင်းများ ပြန်၍ဆက်သွယ်လာကြပါသည်။ ဘော့သည် ကောက်သည်ဟောင်းအားလုံးကို ပြန်၍လက်ခံပါသည်။ သို့သော် နှုန်းထားမှာ အားလုံးပို၍မြင့်မားစွာ လက်ခံပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘော့စိတ်ထဲတွင် ကျွန်တော်တို့လုပ်ငန်းကို ပစ်ခွာသွားသူများကို ဒဏ်တပ်ရမည်ဟု ခံယူထားဟန်တူပါသည်။

ကျွန်တော်သည် အလုပ်တွင် နစ်မျောနေရာမှ သတိရပြီး ခေါင်းမော့လိုက်ချိန်တွင် ဆယ်နာရီထိုးခါနီးပြီ ဖြစ်နေပါ၏။ ရုံးသူရုံးသားတွေ ဘယ်ရောက်နေကြပါလိမ့်။ ကျွန်တော်သည် အခန်းချင်းဆက်သွယ်သည့် ခလုတ်ကို နှိပ်လိုက်ပါသည်။

အပြင်ဘက်မှ မစ်ကီက ထိတ်လန့်တကြားအသံဖြင့်-

"ဘရက်ဒ် ရှင်ရောက်နေပြီ ဟုတ်လား"

"တစ္ဆေခြောက်နေတာ မဟုတ်ဘူးဟေ့"

ကျွန်တော်က ဇာတ်မင်းသားဆန်ဆန် အော်၍ပြောလိုက်ပါသည်။

သည်တွင် ရုံးလုလင်မှအစ ရုံးဝန်ထမ်းအားလုံးသည် ကျွန်တော့်ရုံးခန်းထဲသို့ ဝင်ရောက်လာကြပြီး ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ကြပါသည်။ သူတို့အားလုံးသည် ကျွန်တော့်အတွက် ဝမ်းသာအားရဖြစ်နေကြပုံ ရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ချမ်းသာ၍ နေပါသည်။ အစစအရာရာသည် အဆင်ပြေချောမောတော့မည် ဖြစ်ပါသည်။

ရုံးသူရုံးသားများ ထွက်သွားကြချိန်တွင် ဘော့က နောက်ချန်၍ နေခဲ့ပါသည်။ သူက-

"ကျွန်တော်တို့ သံမဏိလုပ်ငန်းရှင်များ အစည်းအရုံးနဲ့ (၁၂) နာရီခွဲမှာ နေ့လယ်စာစားဖို့ ရှိပါတယ်"

ကျွန်တော်က-

"**OK** လေ"

ဘော့က-

"သူတို့ရဲ့ရှေ့နေကြီးက နေ့လယ်စာ စားသောက်ပြီးယင် ခင်ဗျားရဲ့စားပွဲပေါ်မှာ သဘောတူစာချုပ် ရောက်လာပါစေမယ်လို့ ပြောပါတယ်"

ကျွန်တော်က သူ့ကိုမော့ကြည့်ပြီး-

"ဘော့ မောင်ရင်သာမရှိယင် ကျုပ်တော့ ဘာတောင်လုပ်ရမှန်းသိမှာ မဟုတ်တော့ပါဘူး"

ဘော့က ကျွန်တော့်ကို ပြုံးပြပြီး-

"ကျွန်တော်လဲ ခင်ဗျားလိုပဲ ခံစားရတာပဲဗျ။ ခင်ဗျားမရှိယင် ကျွန်တော် ဘာလုပ်ရမှန်း သိမယ့်မထင်ဘူး၊ ရယ်စရာ မကောင်းဘူးလားဟင်"

"ကောင်းပါ့ဗျာ၊ ဒါပေမယ့် နိပ်တယ်"

ပြောယင်း ကျွန်တော်က အသံထွက်၍ ရယ်မောလိုက်ပါသည်။



ဘော့သည် သူ့အခန်းသို့ ပြန်၍သွားပါသည်။ နံနက်ပိုင်း လုပ်စရာအလုပ်များကို အားလုံး လုပ်ကိုင်ကြရပါသည်။ နေ့လယ်စာ အချိန်မတိုင်မီ မစ်ကီသည် ကျွန်တော့်အခန်းထဲသို့ အထုပ်ကြီးတစ်ထုပ်ကိုင်၍ ဝင်လာပါသည်။

မစ်ကီက ၎င်းအထုပ်ကို ကျွန်တော့်စားပွဲပေါ် လာတင်ယင်း-

"ကြူရီရာဆိုင်က ဒီအထုပ် ရှင့်ဆီပို့လိုက်တယ်"

ကျွန်တော်သည် ထိုအထုပ်ကို ကြည့်လိုက်ပါသည်။ ရုတ်တရက် ကျွန်တော့်စိတ်ထဲမှာ မမှတ်မိပါ။ သည်နောက်တော့ မှတ်မိ၍သွားပါသည်။ မနက်ဖြန်ကား ကျွန်တော်တို့လင်မယား၏ မင်္ဂလာနှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ ကြည့်စမ်း- တစ်လနီးဝါးဆိုသည့်အချိန်သည် ဘာမှမကြာလိုက်ပါကလား။ ကျွန်တော်တစ်ယောက် ဂျင်နီကို ကျောင်းလိုက်ပို့စဉ် ဂျင်နီက ကျွန်တော့်စိတ်ထဲကို ဆူးငြောင့်ကလေး ထည့်ပေးထားခဲ့သည်မှာ ဘာလိုလိုနှင့် တစ်လနီးပါးရှိခဲ့ပြီ မဟုတ်ပါလား။ ထိုကာလအတွင်း အဖြစ်အပျက်ပေါင်းများစွာသည် ဖြစ်ပျက်ခဲ့ပြီဖြစ်ပါ၏။

ကျွန်တော်က မစ်ကီအား-

"ကားထဲကို သွားထည့်ထားလိုက်ပါကွာ"

မစ်ကီသည် အထုပ်ကိုယူ၍ ရုံးခန်းထဲမှ ထွက်သွားပါသည်။ မစ်ကီထွက်သွားပြီး နောက်ဘက်တွင် ရုံးတံခါးသည် ပိတ်၍သွားပါသည်။ ထိုပစ္စည်းထုပ်ကို ကျွန်တော် ဝင်၍မှာကြားခဲ့သော နံနက်ခင်းတွင် ကျွန်တော် အယ်လိန်းကို ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ဖုန်းအော်ပရေတာအား အယ်လိန်း၏ဖုန်းနံပါတ်ပေးပြီး ဆက်သွယ်မည်ပြုခိုက် ဘော့လက်ဗီ၏ခေါင်းသည် အခန်းထဲသို့ ပြူဝင်လာပါသည်။ သူက-

"မြန်မြန်လုပ်ဗျို့၊ ခင်ဗျားနဲ့ ကော်မတီဝင်လူကြီးတွေ ပထမဆုံး တရားဝင်တွေ့ဆုံပွဲမှာ နောက်မကျစေချင်ဘူး မဟုတ်လား"

ကျွန်တော်သည် လက်ထဲမှာကိုင်လျက်သား ဖြစ်နေသော ဖုန်းခွက်ကိုချလိုက်ပြီး ထိုင်ရာမှ ထလိုက်ပါသည်။ နေ့လယ်စာစားအပြီးတွင်မှ ကျွန်တော် အယ်လိန်းထံ ဖုန်းဆက်ပါတော့မည်။ ကျွန်တော်သည် ဦးထုပ်နှင့် အပေါ်ကုတ်အင်္ကျီကိုယူ၍ တံခါးရှိရာသို့ ထွက်လာခဲ့ပါသည်။

ထိုအချိန်က အယ်လိန်းတစ်ယောက် လွန်ခဲ့သော (၁၂) နာရီလောက်တုန်းက သေဆုံးခဲ့ပြီဆိုခြင်းကို ကျွန်တော်မသိသေး။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အစကို နိဂုံးအဖြစ်နှင့်

ကျွန်တော့်ခေါင်းတစ်ခုလုံးမှာ အုံ့မှိုင်းကိုက်ခဲနေပြီး မျက်လုံးအစုံမှာလည်း မကျနိုင်သော မျက်ရည်များကြောင့် ပူလောင်မီးတောက်၍ နေပါသည်။ ကျွန်တော်သည် ပြတင်းပေါက်မှ အပြင်ဘက်သို့ ဘယ်လောက်ကြာကြာကြီးထိုင်၍ ကြည့်နေခဲ့သည်ကို မပြောတတ်ပါ၊ သို့သော် အဖြေကား မရခဲ့။

အခန်းချင်းဆက်သွယ်သည့် မြည်သံသည် ထွက်ပေါ်လာပါ၏။ ကျွန်တော်သည် နွမ်းလျစွာ စားပွဲရှိရာသို့ လျှောက်လာခဲ့ပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်ပါသည်။

ကျွန်တော်က-

"ပြော မစ်ကီ"

မစ်ကီက-

"ဆန်ဒရာဝဲလ်လေ့စ် ရှင်နဲ့တွေ့ဖို့လာပါတယ်"

ကျွန်တော်သည် ရုတ်တရက် တွေဝေ၍သွားပါသည်။ ကျွန်တော်၏ စားပွဲပေါ်မှနာရီသည် ခြောက်နာရီထိုးလုနေပြီ ဖြစ်ပါ၏။ နောက်ဆုံးမှ ကျွန်တော်သည် ဝုံးဖြတ်ချက်ချလိုက်ပြီး-

"အထဲကိုလွှတ်လိုက်လေ"

ကျွန်တော်သည် ထိုင်ရာမှထလိုက်ချိန်တွင် ရုံးခန်းတံခါးပွင့်သွားပြီး ဆန်ဒရာ



အခန်းထဲသို့ ဝင်လာပါသည်။ ဆန်ဒရာကို သန့်စွမ်းမြဲ လှပဆဲ၊ ဖွံ့ဖြိုးဆဲ၊ အားမာန်ပြည့်ဆဲပင် တွေ့ရပါ၏။ ဘဝ၏ အခြေခံအားမာန်တို့သည် ဆန်ဒရာ၏ကိုယ်ထဲတွင် ပြည့်ပြည့်ဝဝကြီး ရှိနေပုံရပါသည်။ သည်ကမ္ဘာလောကကြီးတွင် ဘယ်အရာမှ သူမကို ဖျက်ဆီးအောင် ဖျက်ဆီးနိုင်မည်မဟုတ်ပါ။ ထိုအချက်ကို ကျွန်တော် ခိုင်ခိုင်မာမာကြီး ဆိုနိုင်ပါသည်။ ဆန်ဒရာသည် အယ်လိန်းနှင့် ဘာမှမတူအောင် ခြားနားလှပါသည်။

ဆန်ဒရာသည် သူမ၏ မျက်လုံးပြာကြီးများနှင့် ကျွန်တော့်ကို ကြည့်လိုက်ပြီး-

"ဟဲလို ဘရက်ဒ်"

ဟု နှုတ်ဆက်စကားကို တိုးတိတ်ငြင်သာစွာ ဆိုပါသည်၊ သို့သော် တံခါးဝမှာ သည်အတိုင်းရပ်၍ပဲ နေပါသည်။

ကျွန်တော်က ကြင်နာစွာဖြင့်-

"ဆင်ဒီ၊ လာ အထဲဝင်ခဲ့လေ"

ဆန်ဒရာသည် အခန်းထဲသို့ တဖြည်းဖြည်း လျှောက်ဝင်လာပါသည်။

"နေကောင်းရဲ့လားဟင်"

ကျွန်တော်က နွမ်းလျစွာဖြင့်-

"ကောင်းပါတယ်"

ဆန်ဒရာက-

"ရှင့်ကလေး သက်သာသွားတာ ကြားရလို့ ဝမ်းသာပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ်"

ကျွန်တော့်စိတ်ထဲတွင်မူ သားနေကောင်းသည့်သတင်းကို ဆန်ဒရာ ဘယ်လိုများ ကြားသိသွားပါလိမ့်ဟု တွေးတောမရဘဲ ဖြစ်နေပါသည်။ သို့သော် စကားအရာအားဖြင့်-

"ဘာကိစ္စ ဒီကိုရောက်လာရတာလဲ"

ဆန်ဒရာက-

"ရှင့်ဖို့ ကျွန်မ စာတစ်စောင်လာပို့တာ"

ကျွန်တော်-

"မစ္စတာဘရက်ဒီဆီကလား"

ဆန်ဒရာသည် ခေါင်းခါပြယင်း-

"မဟုတ်ပါဘူး"

ကျွန်တော်သည် မသိနားမလည်နိုင်တော့၍ ဘယ်သူ့ဆီကပါလိမ့်ဟူသော အကြည့်ဖြင့် ဆန်ဒရာကို ကြည့်လိုက်ပါသည်။

ဆန်ဒရာက-

"မစ္စက်ရှိုင်လာဆီကပါ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မို့ ထိုစကားလုံးသည် ကျွန်တော့်အသိစိတ်ထဲသို့ ထွင်းဖောက်ဝင်ရောက်လာနိုင်ခြင်း မရှိပါ။ ထိုနောက်ကား ကျွန်တော့်အသိစိတ် ဦးနှောက်ထဲတွင် ...ကွဲသလိုဖြစ်ပေါ်သွားစေပါသည်။

ကျွန်တော်က အူကြောင်ကြောင်ဖြင့်-

"ဟင် မစ္စက်ရှိုင်လာဆီက သူ. . . သူ"

ဆန်ဒရာက တည်ငြိမ်စွာဖြင့်-

"ကျွန်မသိပြီးပါပြီ၊ ဒီမနက်ပဲ ဒီသတင်းကို ကျွန်မတို့ ကြားရပါတယ်၊ မစ္စတာ...ရက်ဒီလဲ သိပ်ပြီး စိတ်မကောင်းဖြစ်နေပါတယ်"

ကျွန်တော်က သိလိုစိတ်ဖြင့်-

"သူ့ဆီက ဘယ်လိုလုပ်ပြီး စာရတာလဲဟင်၊ သူနဲ့တွေ့လို့လား"

ဆန်ဒရာသည် ခေါင်းခါပြလိုက်ပြီး-

"မတွေ့ရပါဘူး၊ ကနေ့မနက်ဝေတဲ့စာတွေထဲက ရတာပါ"

ဆန်ဒရာသည် လက်ထဲမှာကိုင်လာသော လက်ကိုင်အိတ်ကလေးကိုဖွင့်၍ ...ထဲမှ စာအိတ်တစ်အိတ်ကိုထုတ်ယူခါ ကျွန်တော့်အား လှမ်းပေးပါသည်။

ကျွန်တော်သည် ဆန်ဒရာ့ထံမှ လှမ်း၍ယူလိုက်ပါသည်။ စာအိတ်မှာ ဖောက်...သားဖြစ်နေ၍ ကျွန်တော်က ဆန်ဒရာ့ကို မော့ကြည့်မိပါသည်။

ဆန်ဒရာက လျင်မြန်စွာဖြင့်-

"စာအိတ်ထဲက ပထမစာက ကျွန်မဖို့ပါ၊ အထဲမှာ နောက်ထပ်စာအိတ်တစ်လုံး ...ပါသေးတယ်၊ အဲဒါမှ ရှင့်အတွက်စာပါ"

ကျွန်တော်သည် စာအိတ်ကို ဖွင့်လိုက်ပါသည်။ ကျွန်တော့်နှာခေါင်းထဲမှာ ...ဉ်ပါးနေပြီဖြစ်သော အယ်လိန်းသုံးနေကျ ရေမွှေးနံ့ပျံ့ပျံ့ကလေးသည် ဖျပ်ဖျပ်လေး ကျွန်...တော့်နှာခေါင်းထဲသို့ ဝင်ရောက်၍လာပါသည်။ ကျွန်တော်သည် မျက်စိအစုံကို မှိတ်လိုက်...ါ၏၊ ကျွန်တော့်စိတ်အာရုံတွင် အယ်လိန်းတစ်ယောက် ကျွန်တော့်ရှေ့တွင် မတ်မတ်...နေသည်ကို မြင်ရနိုင်ပါသည်။

ကျွန်တော်သည် စာအိတ်ထဲမှ နောက်ထပ်စာအိတ်တစ်အိတ်ကို ထုတ်လိုက်...ပည်။ ၎င်းစာအိတ်ကမူ ကျကျနန ပိတ်ထားပါသည်။ ကျွန်တော်သည် စာအိတ်ကို ...လိုက်ပါ၏။ နောက် ကျွန်တော်က မော့ကြည့်လိုက်ရာ ဆန်ဒရာသည် နေရာမှာပင် ...တတ်ရပ်နေဆဲရှိသည်ကို တွေ့ရသည်။

ဆန်ဒရာက အမြန်အထက်-

"ကျွန်မ အပြင်ကစောင့်နေပါ့မယ်"

ကျွန်တော်က ခေါင်းခါပြလိုက်ပြီး-



"ကိစ္စမရှိပါဘူး နေပါ"

ဆန်ဒရာသည် ဧည့်သည်များထိုင်ရန်ဖြစ်သော ဆိုဖာခုံတန်းရှည်ပေါ်သို့ သွားရောက်ထိုင်ချလိုက်ပါသည်။

ကျွန်တော်သည် ကုလားထိုင်ပေါ်သို့ ပစ်ချထိုင်လိုက်ပြီး အယ်လိန်း၏စာကို စတင်ဖတ်ရှုပါသည်။ အယ်လိန်း၏လက်ရေးမှာ သပ်ရပ်သန့်ရှင်းလှပါသည်။ စာရေးနေချိန်တွင် စိတ်လှုပ်ရှားမှုရှိကြောင်း တစ်စွန်းတစ်စမှ ရှာ၍မရပါ။ အယ်လိန်းတစ်ယောက် စာကိုရေးတော့မည်ဟု စားပွဲမှာထိုင်လိုက်ချိန်တွင် အယ်လိန်း၏စိတ်များသည် ပကတိဆုံးဖြတ်ပြီးသား ဖြစ်နေဟန်တူပါသည်။ စာ၏ရက်စွဲမှာ လွန်ခဲ့သောနှစ်ရက်က ဖြစ်ပါသည်။

ကျွန်မရဲ့ အချစ်ဆုံးဘရက်ဒ်

ရှင့်ကို လေယာဉ်ကွင်းမှာထားခဲ့ပြီး ပြန်လာကတည်းက ကျွန်မ ရှင့်အတွက် အမြဲတမ်း ဆုတောင်းခဲ့၊ စဉ်းစားခဲ့ပါတယ်၊ ကျွန်မရဲ့ အကြီးမားဆုံး မျှော်လင့်ချက်ကတော့ ရှင့်ရဲ့သားလေး ကျန်းမာလာစေဖို့ပါပဲ၊ အဲဒါဟာ တစ်လောကလုံးမှာ အရေးအကြီးဆုံး အချက်ပါပဲ။

သားလေးအကြောင်း စဉ်းစားလိုက်မိတဲ့အခါကျမှ ကျွန်မတို့နှစ်ယောက်ဟာ ဘယ်လောက်များ သေးသိမ်မိုက်မဲကြသလဲဆိုတာ သတိပြုမိတော့တယ်၊ ကျွန်မတို့နှစ်ယောက်သား ဘယ်လောက်များ တစ်ကိုယ်တောင်းဆန်လိုက်ကြသလဲဆိုတာ သိရတော့တယ်၊ ကျွန်မတို့နှစ်ယောက်စလုံးဟာ အခိုက်အတန့်ကလေးဖြစ်ပေါ်လာတဲ့ သာယာမှု၊ တပ်မက်မှုကလေးအတွက် ကျွန်မတို့ရဲ့လောက၊ ကျွန်မတို့ရဲ့ဘဝကြီးတွေကို စတေးပစ်ဖို့ အဆင်သင့် ဖြစ်နေခဲ့ကြတယ်လေ။

တကယ်တမ်း အမှန်အတိုင်းကတော့ ကျွန်မတို့နှစ်ယောက်၊ တစ်ယောက်အပေါ်မှာ တစ်ယောက်ရှိနေကြတာ သာယာမှု၊ တပ်မက်မှုကလေးပါပဲ၊ ခုတော့ ကျွန်မ သိပါပြီ၊ ပြီးတော့ တကယ့်တကယ်တမ်း ပြောရမယ်ဆိုယင် ကျွန်မမှာ ဘဝမရှိတော့ပါဘူး၊ ကျွန်မဘဝဟာ ပြီးဆုံးသွားခဲ့ပြီးသားပါ၊ အဲဒီကြားထဲက ကျွန်မဟာ ရှင့်ရဲ့ဘဝတစ်စိတ်တစ်ပိုင်းကို ငှားရမ်းရယူဖို့ ကြိုးပမ်းခဲ့တာပဲဆိုတာကိုလဲ သိပါပြီ။

ကျွန်မ ရှင့်ကို ပြောခဲ့ဖူးမယ် ထင်ပါတယ်၊ ရှင့်ကိုတွေ့...

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့ ကျွန်မစိတ်ထဲမယ် ကျွန်မရဲ့ ကွယ်လွန်သူခင်ပွန်း ဒေးဗစ်ကို အမှတ်ရစေတယ်ဆိုတဲ့ အကြောင်းလေး။ ရှင့်မှာ ဒေးဗစ်ရဲ့စိတ်ဓာတ်မျိုး အရည်အသွေးမျိုးရှိတာ တွေ့ရပါတယ်၊ အဲဒီစိတ်ဓာတ်၊ အဲဒီအရည်အသွေးကတော့ မိမိ မိသားစုအပေါ်မှာ ချစ်ခင်တယ်၊ တန်ဖိုးထားတယ်ဆိုတဲ့ အရည်အသွေးပါပဲ၊ ဒေးဗစ်ဟာ ကျွန်မနဲ့ ကျွန်မရဲ့ကလေးတွေအပေါ်မှာ ချစ်လဲချစ်ခဲ့တယ်၊ တန်ဖိုးလဲ ထားခဲ့ပါတယ်။

အဲဒီအချက်ဟာ ကျွန်မ ရှင့်အပေါ်မှာ နီးကပ်ဆွဲဆောင်လာစေခဲ့တာပါပဲ။ အဲဟိုအချိန်တုန်းကတော့ ကျွန်မလဲ မသိခဲ့ပါဘူး။

ရှင် ထွက်သွားပြီးတဲ့နောက် တစ်ယောက်တည်း အထီးကျန်ဖြစ်နေတဲ့ ကျွန်မဟာ ဒေးဗစ်နဲ့ ကလေးတွေမြှုပ်နှံခဲ့တဲ့ သင်္ချိုင်းဂူတွေရှိရာကို သွားခဲ့ပါတယ်။ အဲဒီဂူတွေနံဘေးမှာထိုင်ပြီး ကျွန်မနာမည်ကို အသင့်ရေးထိုးထားပြီးဖြစ်တဲ့ နေရာအမှတ်အသားကို ကြည့်မိပါတယ်။ အဲဒါကတော့ ဒေးဗစ်ရဲ့နံဘေးမှာပါပဲ။ ဒေးဗစ်ရဲ့ဘဝတစ်လျှောက်လုံးမှာလဲ ကျွန်မဟာ သူ့နံဘေးမှာ နေခဲ့တာပါပဲ။ အဲဒီတော့မှ ကျွန်မစိတ်ထဲမယ် ရှင်းရှင်းလင်းလင်း သိလာရပါတော့တယ်။ တကယ်လို့ ကျွန်မသာ ရှင်နဲ့အတူ နေလိုက်ယင် ကျွန်မ ဘယ်လိုလုပ်ပြီး ဒေးဗစ်ရဲ့နံဘေး၊ ကလေးတွေရဲ့အနားမှာ နေလို့ရတော့မလဲ။

ကျွန်မတို့နှစ်ယောက်ဟာ ဘယ်တော့မှ အတူနေဖို့ မဖြစ်နိုင်တော့ပါဘူး။ ကျွန်မတို့နှစ်ယောက် ဘယ်လောက်ပဲ တစ်ယောက်ကိုတစ်ယောက် တာတွယ်ကြ၊ တာတွယ်ကြ၊ အတူနေဖို့တော့ မဖြစ်နိုင်ပါဘူး။

ဒီလို ကျွန်မ တွေ့သိသွားရလို့ ကျွန်မ ရှင့်အပေါ်မှာ အချစ်လျော့သွားတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒေးဗစ်နဲ့ကလေးတွေကို ပိုချစ်တာပဲဖြစ်ပါတယ်။

ဒီတော့ ကျွန်မဟာ ရှင့်ရဲ့အချစ်ကို သစ္စာဖောက်သွားတယ်လို့များ ထင်မှတ်မမှားလိုက်ပါနဲ့နော်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကိုယ်တိုင်လဲ အဲဒီအချစ်ကို ရှင်သန်ဖွံ့ဖြိုးအောင် အစွမ်းကုန် ကြိုးစားခဲ့တာကတော့ ကျွန်မဖွင့်မပြောနိုင်လောက်



အောင်ပါပဲ၊ ဒီတော့ ကျွန်မအပေါ်မှာ ကြင်ကြင်နာနာ တွေးမြင်ပါနော်၊ ကျွန်မအတွက်လဲ ဆုမွန်ကောင်း တောင်းပေးပါ။

ချစ်လျက်

အယ်လိန်း

ကျွန်တော်၏ မျက်လုံးအစုံမှာ ဒီနေ့ကျရသော မျက်ရည်များကြောင့် ပုလောင်ကျိန်းစပ်နေသည်မှာ မှန်ပါ၏။ သို့သော် ယခုတော့ သက်သာသွားပြီ ဖြစ်ပါသည်။ ကျွန်တော်၏ နှလုံးဝိဉာဉ်ပေါ်တွင် ပိနေသော လေးလံခြင်းများသည် ထိုက်တန်သလောက် လျော့ပါးသွားပါသည်။

ကျွန်တော်သည် ထိုင်ရာမှ ထလိုက်ပါ၏။

ကျွန်တော်က အက်ကွဲသောအသံဖြင့် ဆန်ဒရာအား-

"ကျုပ်အတွက် ဒီစာကို ယူလာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆင်ဒီ"

ဆန်ဒရာသည်လည်း ထိုင်ရာမှ ထလိုက်ပါသည်။

"ကျွန်မ ဒီစာကို ယူလာမှဖြစ်မှာပေါ့၊ ရှင် သူ့ကိုချစ်တယ်ဆိုတာ ကျွန်မ သိပါတယ်"

ကျွန်တော်သည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပါသည်။

"ကျုပ် သူ့ကို ချစ်ခဲ့ပါတယ်"

ကျွန်တော်သည် အယ်လိန်းတစ်ယောက် ဘယ်လောက် စိတ်ဝေဒနာ ခံစားခဲ့ကြောင်းကို မှန်းဆ၍မရနိုင်ပါ။ ကျွန်တော် မှတ်မိနိုင်သမျှမှာ အယ်လိန်း၏ မျက်လုံးများပင် ဖြစ်ပါသည်။ အယ်လိန်း၏ မျက်လုံးများမှာ ပြာလဲ့လွန်းပါသည်။ ပြာလဲ့လွန်းသော မျက်လုံးများမှာ ဝေဒနာအရိပ်များကြောင့် ခရမ်းသွေးပင် လဲ့နေပါသည်။

ဆန်ဒရာသည် တံခါးပေါက်သို့ ရောက်နေပါသည်။

ဆန်ဒရာက-

"ကျွန်မ ပြန်မှဖြစ်မယ်၊ ကျွန်မ အိမ်ကို (၁၂) နာရီအရောက် ပြန်လာမယ်လို့ အန်တီနိုရာကို ကတိပေးထားခဲ့လို့ပါ"

"ဘယ်သူ. . အန်တီနိုရာ. . . ဟုတ်လား"

ကျွန်တော်၏ အာမေဍိတ်အမေးသံတွင် အံ့ဩမှုများ ပါဝင်၍နေပါသည်။

ဆန်ဒရာက ခေါင်းညိတ်၍ ပြုံးပါသည်။

"မစ္စတာဘာရက်ဒီက ကျွန်မကို သူ့အိမ်ခေါ်သွားပြီး အန်တီနိုရာနဲ့ တွေ့ပေးခဲ့တယ်၊ မစ္စတာဘာရက်ဒီက ကျွန်မကို သူ့သမီးရင်းတစ်ယောက်လို ခံစားရစေချင်ပါတယ်တဲ့ ကျွန်မ သူတို့နဲ့အတူ ခဏတဖြုတ်နေမလို့"

ဆန်ဒရာ့နှုတ်ခမ်းပေါ်တွင် ထူးဆန်းသော အပြုံးရိပ်ကလေး ပေါ်လာပါ

www.burmeseclassic.com



သည်၊ ပြီးမှ-

"ရှင် အဲဒီနေ့တုန်းက ဘာပြောလိုက်သလဲတော့ မသိဘူး၊ အဲဒီနေ့ကစပြီး မစ္စတာဘရက်ဒီဟာ လုံးဝပြောင်းလဲသွားတော့တာပဲ၊ ကျွန်မ သူ့ကို သဘောကျစတောင် ပြုလာပြီ၊ တကယ်တမ်းဆိုတော့ သူဟာ ပေါင်းကြည့်လို့ အကြောင်းသိယင် တကယ် သိမ်မွေ့တဲ့ လူတစ်ယောက်ပါပဲ"

"ကျုပ် ဝမ်းသာပါတယ် ဆင်ဒီ"

ကျွန်တော်သည် တံခါးပေါက်နားသွားပြီး ဆန်ဒရာ့ကို ငုံ့ကြည့်ပါသည်။

ပြီးမှ-

"မင်းဟာ သူတို့လင်မယားနှစ်ယောက်လုံးအတွက် အကောင်းဆုံးဖြစ်မှာပါ"

"ကျွန်မလဲ အဲဒီလိုပဲ မျှော်လင့်ပါတယ်"

ဆန်ဒရာသည် ပြုံး၍ ကလေးတစ်ယောက်လို သူ့ပါးပြင်ကလေးကို နမ်းဖို့ မော့ပေးပါသည်။

ကျွန်တော်က ပါးပြင်ကလေးကိုနမ်း၍-

"ဂွတ်ဘိုင် ဆင်ဒီ"

ဆင်ဒီ ထွက်သွားသောအခါ တံခါးပေါက်သည် ပြန်ပိတ်၍သွားပါသည်။

ကျွန်တော်သည် ပြတင်းပေါက်ဘက်သို့ လျှောက်လာခဲ့ပြီး ပြတင်းတံခါးများကို ဖွင့်လိုက်ပါ၏။ ကျွန်တော်သည် ပြတင်းပေါက်နားမှာ ငြိမ်သက်စွာရပ်လိုက်ပြီး အယ်လိန်း၏စာကလေးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင်ဆုပ်၍ ပြတင်းအပြင်ဘက်သို့ လွှင့်ကြဲချလိုက်ပါသည်။

ဇာတ်လမ်းသည် ပြီးဆုံးခဲ့ပြီ ဖြစ်ပါ၏။

နိဂုံးသည် ရောက်ခဲ့ပြီဖြစ်ပါ၏။

သို့သော် ဤနိဂုံးသည်ပင် အစဖြစ်ပါသည်။

ဘဝအသစ်နှင့် နားလည်မှုအသစ်သည် ကျွန်တော့်အတွက် ဖွားမြင်ခဲ့ပြီဖြစ်ပါသည်။

ကျွန်တော်သည် တခြားတခြားသော နေ့များနှင့် ဘာမှမထူးပါ။ ကျွန်တော်သည် တခြားနေ့များနည်းတူ နွေနှောင်းရာသီသည် ရင့်ကျက်မှုရာသီဖြစ်ပြီး နွေဦးရာသီအတွက် ပြန်လည်စရန် ပျိုးနေပြီဖြစ်ကြောင်းကို မသိမမြင်၊ မေ့လျော့နေသူတစ်ဦးပင် ဖြစ်ခဲ့ပါ၏။

ယခုတော့ ကျွန်တော်သည် ကြည်ကြည်လင်လင် ပီပီပြင်ပြင် မြင်လာခဲ့ပြီ ဖြစ်ပါသည်။

အချိန်နာရီတို့သည် ပြန်လည်ရွှေ့ပြောင်း၍ နောက်ပြန်မသွားနိုင်ကြောင်း



သိသွားပြီဖြစ်ပါသည်။

မာဂီ၊ ကလေးများနှင့်အတူ နေထိုင်ရှင်သန်ဖို့ နောက်ပြန်မသွားနိုင်ကြောင်း ကျွန်တော်သိသွားပြီ ဖြစ်ပါသည်။

ဘဝကို ကောင်းမွန်စွာ နေထိုင်ကြဖို့ ဖြစ်ပါသည်။

ယခုတော့ အယ်လိန်း ဘာကိုဆိုလိုမှန်း ကျွန်တော်သိသွားပါပြီ၊

သူတို့ရဲ့နံဘေးမှာ. . . ဆိုသည့် စကားလေး။

ကျွန်တော်သည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပါသည်။

အေးမြသောလေတို့သည် ကျွန်တော့်အဆုတ်ထဲသို့ ဒုတ်ဒုတ်ထိ ဝင်သွားပါသည်။ ရင်ထဲမှာ အေးမြ၍သွားပါသည်။

ရုတ်တရက်ပင် ကျွန်တော်သည် အိမ်ပြန်ရန် စိတ်အားထက်သန်၍ လာပါသည်။

ပထမဆုံး နှင်းစက်ကလေးများသည် ကျွန်တော့်အိမ်သို့ ကားမောင်းပြန်လာခိုက် ကျဆင်းနေသည်ကို တွေ့မြင်ရပါသည်။ ကျွန်တော့်အိမ်သို့ကွေ့ဝင်ဖို့ လမ်းကလေးထဲသို့ ကားမောင်းဝင်လိုက်ချိန်တွင် မှောင်စနေပြုနေပြီ ဖြစ်ပါ၏။ ကျွန်တော်သည် မော်တော်ကားကို ဂိုထောင်ရှေ့မှာရပ်ပြီး ကားထဲမှာထိုင်ယင်း ကျွန်တော့်အိမ်ကို မော့ကြည့်လိုက်ပါသည်။

ပြတင်းပေါက်အားလုံးတွင် မီးရောင်ရှိနေပါသည်။ သားကြီးဘရက်၏ အခန်းပြတင်းပေါက်တွင်လည်း မီးရောင်ရှိနေပါသည်။ ၎င်းမီးရောင်များမှ နွေးထွေးမှု ပျံ့လွင့်၍ ကျွန်တော့်ထံ ရောက်လာပါသည်။ ဖေဖေ့ကားကိုလည်း အိမ်ရှေ့မှာရပ်ထားသည်ကို မြင်ရပါသည်။

ကျွန်တော်သည် ကားပေါ်မှဆင်း၍ ဂိုထောင်တံခါးဖွင့်ပါသည်။ ဂိုထောင်တံခါး လက်ယှက်များသည် ထုံးစံအတိုင်း မြည်ပါသည်။ ကျွန်တော်သည် ကားပေါ်ပြန်တက်ပြီး ကားကိုမောင်း၍ ဂိုထောင်ထဲသွင်းပါသည်။

ထိုစဉ် ဂျင်နီ၏အသံကို ကြားရပါသည်။

"ဖေဖေ. . . ဖေဖေ လာပြီဟေ့"

ကျွန်တော် ကားအပြင်သို့ ထွက်လိုက်သောအခါ ဂျင်နီသည် ကျွန်တော့်ရင်ခွင်ထဲသို့ ပြေးဝင်လာပါသည်။ ကျွန်တော်က ဂျင်နီ့ကို နမ်းလိုက်ပြီး-

"သမီးလေး ဘယ့်နှယ်နေသေးသလဲ"

"နေ့သိပ်ကောင်းပါတယ် ဖေဖေ"

ဂျင်နီသည် လေသံတိုးတိုးဖြင့် နားနားကပ်၍-

"မေမေ့အတွက် ဖေဖေ လက်ဆောင်ယူခဲ့ဖို့ မမေ့တန်ရာပါဘူးနော် ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လို့လဲဆိုတော့ မေမေက ဖေဖေ့ဖို့ အလှဆုံး လက်ပတ်နာရီတစ်လုံး ဝယ်ထားတယ်"

ထိုသို့ပြောလိုက်ပြီး ဂျင်နီသည် သူ့ပါးစပ် သူပြန်ပိတ်ပါသည်။

"အိုး. . . သမီး ဖေဖေ့ကို ပြောလိုက်မိပြီ၊ မေမေ့ကို မပြောပါဘူးလို့ သမီး ကတိပေးထားတာ"

ကျွန်တော်သည် သမီးကို ပြုံးပြလိုက်ပါသည်။

သမီးသည် ကျွန်တော်ဝယ်လာသော လက်ဆောင်အကြောင်းကိုလည်း မာဂီ ကို ပြောဆိုထားပြီး ဖြစ်ပါလိမ့်မည်။ သမီးလေးသည် လျှို့ဝှက်မှုကို မထိန်းသိမ်းနိုင်သေး ဘဲ ဘယ်တော့မှ ထိန်းသိမ်းနိုင်ခဲ့သည် မဟုတ်ပါ။

ကျွန်တော်က ညင်သာစွာဖြင့်-

"ကိစ္စမရှိပါဘူး သမီးရယ်၊ ဖေဖေက မသိသေးချင်ဟန် ဆောင်နေပါ့မယ်"

ကျွန်တော်သည် ကားပေါ်မှ ကြွေရီယာဆိုင်တံဆိပ် ခိုတ်ပိတ်ထားသော အထုပ် ကိုယူ၍ လက်မောင်းအောက်မှာ ညှပ်လိုက်ပါသည်။ ပြီးနောက် သားအဖနှစ်ယောက် သား လက်ချင်းတွဲ ဆုပ်ကိုင်၍ အိမ်ဘက်သို့ အတူလျှောက်သွားကြပါလေ၏။

□□□

မောင်မိုးသူ

BURMESE CLASSIC .com

www.burmeseclassic.com